http://www.dhammadownload.com

နိုင်ငံတော်အစိုးရ ဓမ္မာစရိယစာမေးပွဲ

အသင်းဓမ္မာစရိယစာမေးပွဲများအတွက် အထူးထုတ်

# သီလက္ခန်အဓိပ္ပါယ်အဖြေစုံ

ရွှေမြိုင်အရှင်ပဏ္ဍိတာဘိဝံသ

အထူးစီစဉ်ပြုစုထားသည်

http://www.dhammadownload.com

၂၂၀၀

နိုင်ငံတော်အစိုးရ ဓမ္မာစရိယစာမေးပွဲ

အသင်းဓမ္မာစရိယစာမေးပွဲများအတွက် အထူးထုတ်

# သီလက္ခန်အဓိပ္ပါယ်အဖြေစုံ

ရွှေမြိုင်အရှင်ပဏ္ဍိတာဘိဝံသ
အထူးစီစဉ်ပြုစုထားသည်

http://www.dhammadownload.com

# ဝိလက္ခန်အစိပ္ပာယ်အဖြေစုံ

## ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်
၅၄/၂၀၀၁ (၆)
မျက်နှာဖုံးခွင့်ပြုချက်
၅၉/၂၀၀၂ (၆)

အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၁၀၀၀
တန်ဖိုး - (        ) ကျပ်

ကွန်ပျူတာစာစီနှင့် ထပ်ဆင့်တည်းဖြတ်သူ
ဆရာကြီး ဦးအောင်ချမ်း
(ဓမ္မာစရိယ၊ ပါဠိ၊ မြန်မာဂုဏ်ထူးဆောင်)
မိသားစုကွန်ပျူတာ၊ စစ်တောင်းလမ်း၊
မ/ဒဂုံ။ ☎ ၅၈၀၇၂၈

ပုံနှိပ်သူ
ဒေါ်သန်းသန်းအေး 'အောင်ဇမ္ဗူပုံနှိပ်တိုက်
၁၅၂၊ ၂၂-လမ်း၊ (၆)ရပ်ကွက်၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၄၁၉၃၊ ၇၀၉၁၇၈

အတွင်းဖလင်ခွဲ
**PERFECT (Ko Kyaw Kyaw)**
224, 38-Street, (Upper Block),
Kyauktada Township, Yangon.
**အဖုံးဖလင်ခွဲ**
စိုးစိုး (STAR)

ဖြန့်ချိရေး
'သစ္စာမဏ္ဍိုင်စာပေ'
ရွှေတိဂုံတောင်ဘက်မုခ်၊ ဒဂုံစာတိုက်
ရန်ကုန်မြို့။
၃၈၃၅၁၁ (လိုင်းခွဲ-၁၆၄)

ထုတ်ဝေသူ
**ဦးကျော်ဟင်း (မြ၊ ၁၉၁၀)၊**
'ယုံကြည်ချက်စာပေ'
အမှတ်(၁၁၁)၊ ၃၃-လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

စီစဉ်သူ - (ကျမ်းပြု၊ စာချ)
ရွှေမြိုင်အရှင်ပဏ္ဍိတဝံသာဘိဝံသ
ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက်၊
'ဓမ္မာလင်္ကာရကျောင်း'၊ ဗဟန်းမြို့နယ်၊
ရန်ကုန်။ ☎ ၅၅၅၄၂၂


. http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | နှာ |
|---|---|---|---|
| ၁။ | နိဒါန်းစကား | ••••• | က |
| ၂။ | နိဒါန်းဆိုင်ရာအဓိပ္ပါယ် | ••••• | ၁ |
| ၃။ | ဗြဟ္မဇာလသုတ်ဆိုင်ရာအဓိပ္ပါယ် | ••••• | ၂၃ |
| ၄။ | နိဒါန်း၊ ဗြဟ္မဇာလသုတ်ဆိုင်ရာ လေ့ကျင့်ခန်း မေးခွန်းများ | ••••• | ၉၄ |
| ၅။ | သာမညဖလသုတ်ဆိုင်ရာအဓိပ္ပါယ် | ••••• | ၉၆ |
| ၆။ | သာမညဖလသုတ်ဆိုင်ရာ လေ့ကျင့်ခန်း မေးခွန်းများ | ••••• | ၁၅၁ |
| ၇။ | အမ္ဗဋ္ဌသုတ်ဆိုင်ရာအဓိပ္ပါယ် | ••••• | ၁၅၃ |
| ၈။ | အမ္ဗဋ္ဌသုတ်ဆိုင်ရာ လေ့ကျင့်ခန်း မေးခွန်းများ | ••••• | ၂၀၈ |
| ၉။ | သောဏဒဏ္ဍသုတ်ဆိုင်ရာအဓိပ္ပါယ် | ••••• | ၂၀၉ |
| ၁၀။ | မဟာလိသုတ်ဆိုင်ရာအဓိပ္ပါယ် | ••••• | ၂၁၄ |
| ၁၁။ | ကူဋဒန္တသုတ်ဆိုင်ရာအဓိပ္ပါယ် | ••••• | ၂၁၆ |
| ၁၂။ | ဇာလိယသုတ်ဆိုင်ရာအဓိပ္ပါယ် | ••••• | ၂၁၈ |
| ၁၃။ | မဟာသီဟနာဒသုတ်ဆိုင်ရာအဓိပ္ပါယ် | ••••• | ၂၁၈ |
| ၁၄။ | ပေါဋ္ဌပါဒသုတ်ဆိုင်ရာအဓိပ္ပါယ် | ••••• | ၂၂၁ |
| ၁၅။ | သုဘသုတ်ဆိုင်ရာအဓိပ္ပါယ် | ••••• | ၂၂၂ |
| ၁၆။ | ကေဝဋ္ဋသုတ်ဆိုင်ရာအဓိပ္ပါယ် | ••••• | ၂၂၃ |
| ၁၇။ | တေဝိဇ္ဇသုတ်ဆိုင်ရာအဓိပ္ပါယ် | ••••• | ၂၂၅ |
| ၁၈။ | န. ပ. သ (ရန်ကုန်) သုတ္တန် (၁) ခေတ်လေ့လာနည်း ပို့ချချက်များ | ••• | ၂၂၆ |


**မာတိကာပြီး၏။**

http://www.dhammadownload.com



http://www.dhammadownload.com

# နိဒါန်းစကား

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## သာသနာပြုချွင်စာမေးပွဲဝင်

မြန်မာနိုင်ငံ၌ ပရိယတ္တိသာသနာတော်ကြီးအစွန့်ရှည်တည်တံ့ပြန်ပွားစေရန် နှစ်စဉ်မပျက် ကျင်းပပေးလျက်ရှိသော စာမေးပွဲများအနက် ဓမ္မာစရိယစာမေးပွဲ သည် အဓိကကျဆုံး စာမေးပွဲတစ်ပွဲ ဖြစ်သည်။

စာမေးပွဲဝင်ကြသော အရှင်မြတ်များသည် စာမေးပွဲအောင်ရုံသက်သက်မျှ သဘောမထားဘဲ ပိဋကတ်ကျမ်းဂန် ကျွမ်းကျင်လိမ္မာရေး၊ ကိုယ်ကျင့်သိက္ခာမြင့်မားရေး၊ ပါရမီရင့်သန်ကြီးမားရေး သာသနာအရှည်ခံ့ တည်တံ့ပြန့်ပွားရေးတို့ကို ရှေးရှုပြုလျက် သင်ကြားမှု ပြုသင့်ပေသည်။

ရေသာခို ဖြတ်လမ်းလိုက်သူများမှာ စာမေးပွဲအောင်သော်လည်း ခုရော နောင်ရော သံသရာဝယ် "ပလ္လဝဂ္ဂါဟီ၊ မှတ်စုမှတ်ရာ ဖွေရှာဆည်းပူး အညွန့်ကို ခူးယူလေ့ရှိသော။ ပဏ္ဍိတျံ၊ ကျမ်းဂန်စဉ်လာ မသင်ပါဘဲ ပညာဉာဏ်ခိုး ပဏ္ဍိတ်မျိုးသည်။ ဝိလမ္ဗနာ၊ ရှက်ဖွယ်" ဟု အပြစ်တင်၍ ရှေးကပင် အားပေးမှု မပြုခဲ့ပေ။

ပိဋကတ်စာပေများကို သင်ထားပြီးလျှင်လည်း စာမေးပွဲ မဖြေဆိုဘဲ မနေသင့်ပါ။ မည်မျှပင် ကျမ်းဂန်နှံ့စပ် တတ်သိပါသော်လည်း ထိုသူ၏အရည်အချင်းကို အများက လွယ်ကူစွာ လက်ခံမည် မဟုတ်ပါ။ အရည်အချင်းရှိသော်လည်း စာမေးပွဲမအောင် မြင်လျှင် အညတရစာရင်းထဲတွင် ပါဝင်၍ နောင်တန်း၌ ထိုင်နေရမည် ဖြစ်ပေသည်။ ထို့ကြောင့် သာသနာ့တာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်ရန် ရည်သန်၍ အများ လက်ခံ အသိအမှတ်ပြုသည့် မှတ်ကျောက်တင်ခံ စာမေးပွဲဝင်ဖို့ အထူးတိုက်တွန်း အပ်ပေသည်။

## စာပေဟာကွတ် ဖြည့်ကာစွက်

ဓမ္မာစရိယစာမေးပွဲ ကျင်းပခဲ့သည်မှာ နှစ်အပိုင်းအခြား ကြာမြင့်ခဲ့လေပြီ၊ ထိုသို့ ကြာမြင့်ခဲ့သည့်အားလျော်စွာ ဓမ္မာစရိယနှင့်ပတ်သက်သော စာအုပ်ပေါင်းများစွာ ပေါ်ထွက်

http://www.dhammadownload.com



ခဲ့ကြသော်လည်း သီလက္ခန် ဒုတိယနေ့ (၈) နံပါတ် သီလက္ခန်အဓိပ္ပါယ်အဖြေစုံအတွက် တစ်စုတစ်ဝေးတည်း သီးသန့်စုံလင်စွာ တစ်အုပ်တလေမျှ မပေါ်ထွက်သေးသဖြင့် ဤသီလက္ခန် အဓိပ္ပါယ်အဖြေစုံ စာအုပ်သည် ပရိယတ္တိစာပေလောက၏ ဟာကွက်တစ်ကွက်ကို ဖြည့်ဆည်းပေးရာရောက်လိမ့်မည်ဟု မျှော်လင့်ပါသည်။

## ရေးသားပုံသွင်စီအစဉ်

၁။ သီလက္ခန် (၈) နံပါတ်အတွက် ပုစ္ဆာထုတ် စည်းမျဉ်းများပါရှိခြင်း

၂။ ဆရာစဉ်ဆက် လက်ကမ်းပို့ချခဲ့သည့် သီလက္ခန်အဓိပ္ပါယ်၊ သရုပ်၊ ဆုံးဖြတ်ကျမ်းညွှန်းစသည်များပါရှိခြင်း။

၃။ ဓမ္မာစရိယတန်း၌ မေးဖူးပြီးသော ပုစ္ဆာအဖြေစုံနှင့် အညွှန်းများပါရှိခြင်း။

၄။ သီလက္ခန်ပါဠိ အဋ္ဌကထာသုတ်တိုင်း လေ့ကျင့်ခန်းပုစ္ဆာများနှင့် အညွှန်းများပါရှိခြင်း။

၅။ နိုင်ငံတော် အစိုးရ ဓမ္မာစရိယစာမေးပွဲ ၁၃၅၀–ခုနှစ်မှ ၁၃၆၄–ခုနှစ်အထိ (၁၄) နှစ်တိုင်တိုင် ပုစ္ဆာအဖြေစုံများ ထည့်သွင်းထားခြင်း။

၆။ ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ သုတ္တန် (၁) ဆိုင်ရာခေတ်လေ့လာနည်းပို့ချချက်များပါရှိခြင်း စသောအကြောင်းတို့ကြောင့် ဓမ္မာစရိယတန်းနှင့်ပတ်သက်သော စာချစာသင် စာမေးပွဲဝင် အရှင်မြတ်များအနေဖြင့် သီလက္ခန် ဒုတိယနေ့ (၈) နံပါတ်အတွက် သီလက္ခန်အဓိပ္ပါယ်နှင့်ပတ်သက်၍ အထောက်အကူအပြုဆုံး စာအုပ်ဖြစ်သည့်အပြင် စာချကထိက အရှင်မြတ်များအနေဖြင့် မှီခိုအားထားရာ လက်စွဲထားရမည့် စာအုပ်လည်း ဖြစ်ပေသည်။

ရွှေမြိုင်အရှင်ပဏ္ဍိတာဘိဝံသ
အစိုးရဓမ္မာစရိယ၊ ဝိနယပါရဂူ၊ ဝိနယဝိဒူ။
အောင်ရတနာဝင်းရော်ပရိယတ္တိစာသင်တိုက်။
အမှတ် (၂) ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

http://www.dhammadownload.com



## (၈) နံပါတ် ပုစ္ဆာထုတ်စည်းမျဉ်း

အဋ္ဌကထာ၊ ဋီကာသင်တို့၌လာသော နက်နဲခက်ခဲသော သရုပ်၊ အဓိပ္ပါယ်၊ အဆုံးအဖြတ်၊ ကျမ်းညွှန်၊ ဥပမာစတုက္က စသည်ကို မေးခြင်း။

### သီလက္ခန် နိဒါန်းဆိုင်ရာအဓိပ္ပါယ်

**မေး။** အဘယ်ကြောင့် ကရုဏာသီတလဟဒယံ ပညာပဇ္ဇောတဝိဟတမောဟတမံ ဟု ကရုဏာ ပညာနှစ်ပါးလုံးကို ပဓာနထား၍ ပဏာမပြုရပါသနည်း။

**ဖြေ။** သုတ္တန်ဒေသနာသည် ကရုဏာနှစ်ပါးစုံပြဓာန်း၏။ ဝိနည်းဒေသနာကဲ့သို့ ကရုဏာသာ ပြဓာန်းသည် မဟုတ်၊ အဘိဓမ္မာဒေသနာကဲ့သို့လည်း ပညာသာပြဓာန်းသည်မဟုတ်။ ထို့ကြောင့် သုတ္တန်ဒေသနာ၏အဖွင့် ဤအဋ္ဌကထာပဏာမ၌ မိမိရေးသားဖွင့်ဆိုလတ္တံ့သော ကျမ်းအားလျော်စွာ ကရုဏာ ပညာ နှစ်ပါးကို ပဓာနထား၍ ပဏာမပြုပါသည်။

ဤသို့ ပဏာမပြုခြင်းကား ကျမ်းပြုဆရာတို့၏ သဘောတံထွာ ဓမ္မတာပင်တည်း။

**မေး။** ဗုဒ္ဓေါပိ–၌ ဗုဒ္ဓဘေဒနှင့် ဣစာဝိပ္ပေတတ္တကိုင်း၊ ဩရသာနံ ပုတ္တာနံ ၌ ပုတ္တ၏ဘေဒနှင့်ဣစာဝိပ္ပေတတ္တကိုင်း ညွှန်ပြ၍၊ အရိယာသံဃာများကို ဩရသဟူ၍ နီတတ္တနေတတ္တအားဖြင့် ဖြစ်နိုင်ပုံကို ဖော်ပြပြီးလျှင် သံဃပဏာမဂါထာ၌သာ သီရသာပုဒ်ကို ထည့်သွင်း ရေးသားရခြင်းအကြောင်းကို ဖော်ပြခဲ့ပါ။

**ဖြေ။** (၁) သုတဗုဒ္ဓ၊ (၂) သစ္စဗုဒ္ဓ၊ (၃) ပစ္စေကဗုဒ္ဓ၊ (၄) ဗုဒ္ဓဗုဒ္ဓ လေးမျိုးရှိ၏။
**အမှာ။** သစ္စဗုဒ္ဓကို အနုဗုဒ္ဓ ဟူ၍လည်း ခေါ်ကြသေး၏။

#### ပုတ္တ၏ဘေဒကား

(၁) အတ္တဇပုတ္တ – မိမိခန္ဓာကိုယ်တွင်းမှ မိမိခန္ဓာကိုယ် အစိတ်အပိုင်းကြောင့် ဖြစ်ပေါ်လာသောသား။

(၂) ခေတ္တဇပုတ္တ – မိမိပိုင်အိပ်ယာ ကုဋင် အိမ်တွင်းစသည်၌ ဖြစ်ပေါ်လာသော သား။

http://www.dhammadownload.com



## သီလက္ခန်အခိပ္ပါယ်အဖြေစုံ

(၃) အန္တေဝါသိကပုတ္တ–အနီး၌နေ ပညာသင်ကြားနေသော တပည့်ဟူသောသား။
(၄) ဒိန္နကပုတ္တ – အပြီးအပိုင် ပေးသဖြင့် ယူ၍ မွေးစားအပ်သော သား။
[သီ၊ ဋ္ဌီ၊ သစ်၊ ၁၊ ၂၁]

ဩရသာ ဝိယာတိ ဩရသာ၊ လောကရှိ မိဘတို့၏ သားသမီးများသည် မိမိတို့၏ရင်မှ ဖြစ်ထွန်းပေါ်ပေါက်လာသောကြောင့် မိမိဟူသော မိဘတို့၏ ပစ္စည်းဥစ္စာများကို အမွေခံအဖြစ် သိမ်းဆည်းရယူနိုင်ကြသလို အရိယာသံဃာများသည်လည်း ဘုရားရှင်၏ သဒ္ဓမ္မကို ကြားနာရပြီးမှ အရိယာဇာတ်၌ ဖြစ်ပေါ်လာကြသောကြောင့် ဘုရားရှင်၏ ဥစ္စာဖြစ်သော ဝိမုတ္တိသုခ တရားရတနာတည်းဟူသော အမွေကို ခံယူရရှိနိုင်ကြသောကြောင့် သဒိသူပစာရ+နေယျတ္ထအားဖြင့် အရိယာသံဃာများကို ဩရသဟု ခေါ်နိုင်ပါသည်။ [သီ၊ ဋ္ဌီ၊ သစ်၊ ၁၊ ၂၀]

မုချတ္ထ+နီတတ္ထအားဖြင့်သော်ကား ဘုရားရှင်၏ ရင်တွင်းမှဖြစ်သော တရားဒေသနာတော် အာနုဘော်ကြောင့် အရိယာအဖြစ်သို့ သက်ဝင်ရောက်ရှိလာကြသော အရိယာပုဂ္ဂိုလ်မှန်သမျှသည် ဘုရားရှင်၏ရင်တွင်း၌ အားထုတ်မှု ဝီရိယကြောင့် ဖြစ်ပေါ်လာကြသည်ဟူ၍ ကေန်ဆိုနိုင်သည်သာ ဖြစ်သောကြောင့် အရိယာသံဃာတော်များကို မုချတ္ထ+နီတတ္ထအားဖြင့် ဩရသပုတ္တဟူ၍ပင် ဆိုနိုင်ပါသည်။

ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် ဗုဒ္ဓဓမ္မရတနာများကို သိရှိကြည်ညိုရမှုသည် သံဃရတနာနှင့်သာ ဆက်နွယ် သိရှိကြည်ညိုမှုဖြစ်ရကား အရိယာသံဃာတော်များသည် နောင်လာနောက်သားများအတွက် အလွန်ကျေးဇူးများသည်၏အဖြစ်ကို ပြလိုသောကြောင့် တတိယမြောက် သံဃပဏာမဂါထာ၌ သီရသာပုဒ်ကို ထည့်သွင်းရေးသားသည်။

**မေး။** ပညာပဇ္ဇောတဝိဟတမောဟတမံ ၌ ပညာအရနှင့် ယင်းပညာက ပယ်အပ်သော မောဟများကို ညွှန်ပြ၍၊ တမအရကို သဒ္ဒတ္ထရိုက်ထောက်ထား၍ ကောက်ပြပြီးလျှင်၊ သနာရာမရ၌ ပဓာနာပဓာနကိုငင်း၊ မာရ်နတ်နှင့် ယင်း၏ စစ်သည်များကို ဘုရားရှင်ကသာ ဖျက်ဆီးအောင်မြင်ခဲ့ပါလျက် သုဂတဿ ဩရသာနံ စသော ဂါထာ၌ အဘယ်ကြောင့် ပုတ္တာနံ မာရသေမထနာနံ ဟု ဆိုထားရကြောင်းကိုငင်း ဖော်ပြပါ။

http://www.dhammadownload.com



**ဖြေ။** ပညာ အရ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်၊ ဒေသနာဉာဏ်တော် တည်းဟူသော သုံးပါးလုံးသော ဉာဏ်တော်များကို ကောက်ယူရပါမည်။

ပညာ အရ အရဟတ္တမဂ်ဉာဏ်။ သဗ္ဗညုတဉာဏ်တော်ကို ကောက်ယူရသည့်အခိုက်၌ မိမိဟူသော ဘုရားလောင်းသန္တာန်၌ရှိသော မောဟကို သမုစ္ဆေဒပဟာန်ဖြင့် အကြွင်းမဲ့ ပယ်ဖျက်ခဲ့သည့်အတွက် မိမိတည်းဟူသော ဘုရားလောင်း၏ သန္တာန်၌ ရှိသော မောဟကို မောဟ အရ ကောက်ယူရပါမည်။

ဒေသနာဉာဏ်တော်ကို ကောက်ယူသည့်အခိုက်၌ ဝေနေယျတို့၏ သန္တာန်၌ ရှိသော မောဟကို ဒေသနာဉာဏ်ဖြင့် ဖျက်ဆီး၏ဟု အဓိပ္ပါယ်ရှိရကား မောဟ အရ ဝေနေယျတို့၏သန္တာန်၌ရှိသော မောဟကို အရကောက်ယူရပါမည်။ (ဋီ၊ သစ်)

တမ အရ မောဟစေတသိက်ကို တိုက်ရိုက်မှုချ ကောက်ယူနိုင်သော်လည်း မောဟ ဟူသော သဒ္ဒန္တရိက် (အနီးအနားရှိ သဒ္ဒါတစ်ပါး) ကို ထောက်ထား၍ အမိုက်တိုက်ကိုပင်၌ ကောက်ယူရပါမည်။

မာရ်နတ်သားနှင့် မာရ်နတ်၏ စစ်သည်များကို ဘုရားရှင်ကသာ ဖျက်ဆီး အောင်မြင်ခဲ့ပါလျက် ဤသံဃပဏာမဂါထာ၌ အရိယာသံဃာတော်များက မာရ်နတ်နှင့်မာရ်နတ်၏ စစ်သည်များကို ဖျက်ဆီး၏ ဟူ၍ ဆိုထားခြင်းမှာ မာရ်နတ်က တုန်လှုပ်ချောက်ချားအောင် ပြုလိုပ်ချောက်လှန့်ရာ၌ တုန်လှုပ်ကြောက်လန့်ခြင်း၏ အကြောင်းဖြစ်သော ကိလေသာများကို အရိယာသံဃာတော်များ ချေမှုန်းဖျက်ဆီး ပယ်ထားခဲ့ပြီးဖြစ်သောကြောင့် မာရ်နတ်နှင့်မာရ်နတ်၏ စစ်သည်များကို ဖျက်ဆီး၏ဟု ဆိုပါသည်။ မှန်၏၊ မုချအားဖြင့် မာရ်နတ်နှင့် မာရ်နတ်၏ စစ်သည်များကို ဘုရားရှင်ကဲ့သို့ ချေမှုန်းအောင်မြင်ခြင်းမျိုး မဟုတ်ပေ။ [ဋီ၊ သစ်]

**မေး။** ဒီဃာဂမကို ရှေးဦးစွာ သင်္ဂါယနာတင်ရခြင်းအကြောင်းကို ရေးပါ။

**ဖြေ။** သဒ္ဓါကို ဆောင်နိုင်သော ဂုဏ်ရှိသောကြောင့် ဒီဃာဂမကို ရှေးဦးစွာ သင်္ဂါယနာတင်ပါသည်။

**မေး။** ဂရု+ဂုရု၊ ဂတမလံ+ဝိဂတမလံ+ဝီတမလံ။ သမူဟော+သမောဟော ဟူ၍ ပါဠိ အမျိုးမျိုး ရှိတတ်ရာတွင် သင့်မြတ်မှန်ကန်ရာ ပါဠိများကို သက်ဆိုင်ရာ ယုတ္တိညွှန်ပြ၍

http://www.dhammadownload.com



## သီလက္ခန်အဓိပ္ပါယ်အဖြေစုံ

ပုဒ္ဒေါ်ပိ စသောဂါထာ၊ သုဂတဿ သြရသာနံ စသော ဂါထာတို့၌ ပိ+စေဝ တို့၏ အဓိပ္ပါယ်များကို အသီးသီး ရှင်းလင်းရေးပါ။

ဖြေ။ ဂရတိ ဥဂ္ဂစ္ဆတိ ဥဂ္ဂတော ပါကဋော ဘဝတီတိ ဂရု၊ ဂရဓာတ်ႛ ဥပစ္စည်းဖြင့် ပြီးသောကြောင့် မာဂဓဘာသာအရာ၌ ဂရု ဟူ၍သာ ရှိရပါမည်။ အကြောင်းကား – ဂါရဝေါ စ နိဝါတော စ စသော ပါဠိတော်များကို ရှု၍ အာဝုဒ္ဓိ ရောက်ရှိလာရမည့် သရသည် အ,သရသာ ဖြစ်နိုင်၍ ဥသရ မဖြစ်နိုင်သောကြောင့်တည်း။

သက္ကတဘာသာအရာ၌ကား ဥကို အာဝုဒ္ဓိရေးသော နေရာမျိုး ရှိနေသောကြောင့် ဂုရု ပါဠိမှန်ကန်သည်ဟု ဆိုနိုင်ဖြစ်နိုင်ပါသည်။ [သီ၊ ဋီ၊ သစ်၊ ၁၊ ၁၁]

ဂတမလံ+ဝိဂတမလံ+ဝီတမလံ ပါဠိသုံးချက်တွင် ဂတမလံနှင့် ဝီတမလံ ပါဠိနှစ်ချက် သင့်မြတ်ပါသည်။

အကြောင်းကား ဂမုဓာတ်သည် ဥပသာရ တစ်စုံတစ်ခုနှင့် မယှဉ်ပါသော်လည်း ဥပသာရယှဉ်လာ ရှိလာသကဲ့သို့ ဓာတ်ုနံ အနေကတ္ထတ္တာ နည်းအရ ကင်းကွာခြင်း အနက်ကို ဟောစွမ်းနိုင်သောကြောင့် ဂတမလံ ပါဠိ သင့်မြတ်သည်ဟု ဆိုသည်။ ဂတမလန္တိ ဝိဂတမလံ ဟူသော ဋီကာဟောင်းအဖွင့်ကို ရှု၍ ဆန္ဒာနုရက္ခဏအကျိုးငှာ ဝိကို ချေထားသည့်အတွက် ဂတမလံ ပါဠိသင့်မြတ်ကြောင်း နိဿယဟောင်း အမှာ အထား ရှိသည်။

ဝိရဟာဝသေန တေိ ပဝတ္တတီတိ ဝီတော၊ (ဝိ+က္က+တ) မလတော ဝီတော ဝီတမလံ၊ ဝီတံ မလံ ယဿာတိ ဝါ ဝီတမလော ဟူသော ဝိဂ္ဂဟနှင့်အညီ တရားတော်၏ ဂုဏ်ဟော မပျက်အောင် အညစ်အကြေးမှ အနက်အဓိပ္ပါယ်ကို ဟောစွမ်းနိုင်၍ သဒ္ဒယုတ္တိ+အတ္ထယုတ္တိ နှစ်ပါးစုံရှိသောကြောင့် ဝီတမလံ ပါဠိ သင့်မြတ်မှန်ကန်ပါသည်။ (ဝိ ၌ ဆန်းကြောင့် ရဿ မှတ်) ဝိဂတမလံ ပါဠိကား ဂါဿာအရာဖြစ်၍ ဆန်းပျက်မှာ စိုးသောကြောင့် မသင့်မြတ်နိုင်။

အဝယဝမေဝ သမ္ပိဏ္ဍေတွာ ဉီဟိတဗ္ဗော ဝိတက္ကေတဗ္ဗော၊ သံဉီဟနိတဗ္ဗော ဝါ သယံဋ္ဌိတဗ္ဗောတိ သမူဟော၊ သောယေဝ သမောဟော၊ ဝဓနသိလိဋ္ဌတာဒိနာ။ ဒွိဓာပိ ဟိ ပါဌော ယုဇ္ဇတိ။ (ဋီသစ်၊၁၊၁၁] စကားအရ ပါဠိနှစ်ချက်လုံးပင် သင့်သည်။

http://www.dhammadownload.com



သမူဟ+သမောဟ နှစ်ပုဒ်သည် နောက်က အပစ္စည်း၊ ဏပစ္စည်း နှောင်းသည့် အနေဖြင့် ပစ္စည်းကွဲပြားမှုကြောင့် ဝုဒ္ဓိရောက်မှု မရောက်မှုမျှသာလျှင် ကွာခြားသည်။ သဒ္ဒါအနေဖြင့် မပျက်ယွင်းနိုင်သောကြောင့် နှစ်ချက်သင့်ဟူ၍ ဋီကာသစ်ဆရာတော် ဆုံးဖြတ်တော်မူသည်။ နေရင်းအဌကထာ နိဿယဟောင်း၌ကား သမောဟံ ဟု ရှိခဲ့ပါမူ မသင့်မြတ်ဟု အမှာအထား ရှိပါသည်။

ဗုဒ္ဓေါပိ ၌ ပိသဒ္ဒါသည် ထိုင်ရာနေရာကို ရှုလျှင် အရိယာသာဝကများထက် ဘုရားရှင်က မြတ်သောကြောင့်၎င်း၊ ယင်းအမြတ်နောင် ပိသဒ္ဒါထိုင်နေသော ကြောင့်၎င်း သမ္ဘာဝနာ ပိသဒ္ဒါ ဟု ဆုံးဖြတ်မှတ်သားကြရပါမည်။

## ပေါင်းသည်းယူပုံ

အပိသဒ္ဒါဖြင့် ဤမျှလောက်သော ဂုဏ်ထူးဝိသေသရှိသည့် ဘုရားရှင်သော်မှ ပုဗ္ဗာဘိဂပဋိပဒါနှင့် မဂ်ကို ပွားများ၍ ဖိုလ်+နိဗ္ဗာန်ကို မျက်မှောက်ပြု၍ ဘုရားဖြစ် သော်မူ လာရသေးသည်။ တစ်ပါးသော သာဝကများ မိမိတို့ဆိုင်ရာ အဂ္ဂသာဝက အဖြစ်စသည်သို့ ကပ်ရောက်နိုင်မှု၌ကား ပြောစရာပင်မလို၊ ကေန်မုချဖြစ်နိုင်သည် သာတည်းဟူ၍ သမ္ဘာဝနာအဖြစ် ပေါင်းဆည်းယူပါသည်။

ရွှေရေးဆောင်နိယံ ဆရာတော်အလိုအားဖြင့် ပေါင်းဆည်း၍ ယူရာအနက်ကို ကြည့်ရှုကာ ဆုံးဖြတ်ရမည်ဖြစ်သောကြောင့် ဂရဟာ ဟူ၍သာ မှတ်သားရပါမည်။

အဌန္နမ္ပိ ၌ ပိသဒ္ဒါကို ပဒလီဋ္ဌာ ပုဒ်တို့ကို တင့်တယ်စမွဲယ်စေလိုခြင်း စသော အကြောင်းများကြောင့် အဌန္နံ ပုဒ်နောက်၌ ယှဉ်ကပ်ထားပါသည်။ အနက်ပေး သည့်အခါ၌ကား ယင်းပုဒ်အမှန်နေရမည့် အရိယာပုဒ်နောင်၌ ပြောင်းရွှေ့ထိုင်ယူကာ အနက်ယောဇနာရပါမည်။ ထိုအရိယာသံဃာပုဒ်နောင် ထိုင်လာမည့် ပိသဒ္ဒါဖြင့် ဘုရားတရားကိုသာ ရှိခိုးသည်မဟုတ်သေး၊ သံဃာတော်ကိုလည်း ရှိခိုးသေးသည် ဟူ၍ ပေါင်း၍ပြသော သမ္ပိဏ္ဍန (ဝါ) ဝုတ္တာသမုစ္စယတ္ထ အနက်အဓိပ္ပါယ်ကို မှတ်သား ရပါမည်။

သီလက္ခန်ဂဏ္ဌိဆရာတော်ကား လက်ရှိနေရာ၌ပင် အဌန္နမ္ပိ ဟု ရှိစေလိုသည်။ ''အပေင်းနောင်မှာ ပိသဒ္ဒါ ဆည်းရာအစိတ်ပေ'' ဟူသော နိယံဆရာတို့စကား

http://www.dhammadownload.com



အတိုင်း အစိတ်အစိတ်ဖြစ်သော အရိယာသံဃာတော်များကို ပေါင်းယူပါဟု အမှာ အထား ရှိသည်။

**မေး။** ယာဝ သုဘဒ္ဒပရိဗ္ဗာဇကဝိနယနာ-၌ ယာဝပုဒ်၏ ဖြစ်သင့်သော အဝဓိကိုင်း, ပထမ+ပဥ္စမ၊ သံဂီတိ+သံဂီတိတို့တွင် သင့်ရာပါဠိကိုင်း အကြောင်းပြ ညွှန်ပြ၍၊ သုဘဒ် ရဟန်းကြီးသည် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် အပြစ်မဆိုဘဲ ပရိနိဗ္ဗာန်စံဝင် ပြီးကာမှ ဘာကြောင့် အပြစ်ဆိုကြောင်း ရှင်းပြ၍၊ သင်္ဂါယနာခြောက် တန် တင်ပြီးခဲ့ရာ၌ အကြီးအမှူး ဦးစီးနာယက ထေရ်များနှင့် သက်ဆိုင်ရာ သင်္ဂါယနာ များကို သံဂါယနာတင်ရာဌာနနှင့် တွဲဖက်ဖော်ပြခဲ့ပါ။

**ဖြေ။** မရိယာဒါအဝဓိ, အဘိဝိဓိအဝဓိ နှစ်မျိုးတွင် ဤ၌ ယာဝသဒ္ဒါသည် ဘုရားရှင်က သုဘဒ်ပရိဗိုဇ်ကြီးကို သောတာပန်ဖြစ်သည်တိုင်အောင် ဆုံးမညွှန်ကြားသွား သည့်အတွက် သုဘဒ်ပရိဗိုဇ်ကို ဆုံးမခြင်းတည်းဟူသော ဝိနယနကြိယာကို အတွင်း သွင်း၍ ယူရမည်ဖြစ်သောကြောင့် အဘိဝိဓိအဝဓိဖြစ်ပါသည်။ (ဋီ၊သစ်၊ ၁၊ ၃၇။)

ပထမ+ပဥ္စမ-ပါဠိနှစ်ချက်တွင် - ပုထသ ပုထု ပထာ မော ဝါ-ကစ္စည်း သုတ်ကို ထောက်ဆလျှင် ဒုန္တဇနှင့် ပထမဟု ရှိရပါမည်၊ ပဥ္စစရာ အမိမာ-ဟူ သော [မောဂ်၊ ၇။၁၃၃] သုတ်ကို ထောက်ဆလျှင် မုဒ္ဓဇ ဥ-အက္ခရာနှင့် ပဥ္စမဟု ရှိရပါမည်။ ထို့ကြောင့် ပထမ+ပဥ္စမ ဟူသော ပါဠိနှစ်ချက်လုံး အသင့်အမှန်ချည်းသာ မှတ်ပါ။

သံဂီတိ+သံဂီတိ - ပါဠိနှစ်ချက်တွင် သဗ္ဗတ္ထ ဂေ ဂီ-သုတ်ကို ထောက်၍ သံဂီတိဟု ဒီဃနှင့် ရှိသောပါဠိသာ သင့်မြတ်မှန်ကန်ပါသည်။

သုဘဒ်တောထွက် ရဟန်းအိုကြီးသည် သုမုတ္တာ မယံ စသော စကားများကို ဆိုခြင်းအကြောင်းကား- ဘုရားရှင် ပရိနိဗ္ဗာန် မဝင်စံမီ ရှေးကာလ၌ ဘုရားရှင် အပေါ်၌ ရန်ငြိုးဖွဲ့ခဲ့ခြင်းကြောင့်တည်း။

ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်၌ ဘုရားရှင်အား သုဘဒ်ရဟန်းအိုကြီးက အပြစ် မပြောဆိုခြင်းမှာ - ''ဘုရားရှင်သည် မြင့်မြတ်သော သာကီဝင်မင်းမျိုးမှ ရဟန်းပြုလာသော ယောက်ျားကောင်း ယောက်ျားမြတ် ဖြစ်ရကား ဘုရားရှင်

http://www.dhammadownload.com



သက်တော်ထင်ရှားရှိစဉ်၌ အပြစ်ဆိုခဲ့မိပါက မိမိကိုသာ ပြန်၍ခြိမ်းချောက်ကာ ကြောက်လန့်အောင် ပြုလိမ့်မည်'' ဟု ကြံစီခဲ့ဖူးသောကြောင့်တည်း။ ထို့ကြောင့် ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီးကာမှ သုဘဒ္ဒ မယံ-စသော စကားများကို ပြောဆိုရလာခြင်း ဖြစ်ပါသည်။ [ဋီ၊ သစ်၊ ၁၊ ၄၆]

## သံဂါယနာတင် ထေရ်အရှင်များ

* ကသ်-ယ-မောဂ်-န-ဦးညေယျ-ပဥ္စထေရ်မဟာ။
ညောင်ရေဝတ-နိဿောက-သတ္တသူရိယာ
(သင်္ဂါယနာခြောက်တန်နှင့် ယထာက္ကမ ယူပါ။)

(၁) ပထမသံဂါယနာကို အရှင်မဟာကဿပထေရ်အမှူးရှိသော ရဟန္တာ (၅၀၀) တို့ သံဂါယနာတင်ခဲ့ကြသည်။ (ရာဇဂဟ)

(၂) ဒုတိယမြောက်သံဂါယနာကို အရှင်မဟာယသထေရ်အမှူးရှိသော ရဟန္တာ (၇၀၀)တို့ သံဂါယနာတင်ခဲ့ကြသည်။ (ဝေသာလီ)

(၃) တတိယမြောက်သံဂါယနာကို အရှင်မဟာမောဂ္ဂလိပုတ္တတိဿမဟာထေရ် အမှူးရှိသော ရဟန္တာများ သံဂါယနာတင်ခဲ့ကြသည်။ (ပါဋလိပုတ္တ)

(၄) စတုတ္ထမြောက်သံဂါယနာကို အရှင်နာဂထေရ် အမှူးရှိသော ရဟန္တာများ သံဂါယနာ တင်ခဲ့ကြသည်။ (လင်္ကာဒီပ-မာတုလဇနပဒ)

(၅) ပဥ္စမမြောက်သံဂါယနာကို မြန်မာပြည်၌ ဦးညေယျဓမ္မ အမှူးရှိသော ရဟန်းတော်များ သံဂါယနာတင်ခဲ့ကြသည်။ (မန္တလေး)

(၆) ဆဋ္ဌမမြောက်သံဂါယနာကို ပထမပိုင်း ညောင်ရမ်းဆရာတော် ဦးရေဝတ၊ ဒုတိယပိုင်း မစိုးရိမ် ဆရာတော် ဦးသူရိယတို့ အမှူးရှိသော ရဟန်းတော်များ မြန်မာပြည်၌ပင် သံဂါယနာတင်ခဲ့ကြသည်။ (ရန်ကုန်)

**မေး။** သီလသည် သာသနာတော်၏ အစဖြစ်ရခြင်းအကြောင်းကို ရေးပါ။

**ဖြေ။** သာသနာတော်၌ အလုံးစုံသောဂုဏ်တို့သည် သီလလျှင် တည်ရာအကြောင်းရှိသောကြောင့် သီလသည် သာသနာတော်၏အစ ဖြစ်ပါသည်။

http://www.dhammadownload.com



## သီလက္ခန်အဓိပ္ပါယ်အဖြေစုံ

**မေး။** သီလက္ခန္ဓဝဂ္ဂကို ရှေးဦးစွာ ဆိုရခြင်းအကြောင်းကို ရေးပါ။

**ဖြေ။** သီလက္ခန္ဓဝဂ္ဂကျမ်းသည်လည်း သီလကထာကိုသာ များသောအားဖြင့် ဆိုထားရာ ဖြစ်သောကြောင့် ဆိုပါသည်။

**မေး။** ဗြဟ္မဇာလသုတ်ကို ရှေးဦးစွာ ဟောရခြင်းအကြောင်းကို ရေးပါ။

**ဖြေ။** သုတ္တန်ပိဋကတ်သည် မိစ္ဆာဒိဋ္ဌိတို့ကို ဖြေရှင်းသောကထာဖြစ်သောကြောင့် အကြွင်းအကျန် မရှိစေမူ၍ မိစ္ဆာဒိဋ္ဌိတို့ကို ကောင်းစွာဝေဖန်ပြသောကြောင့် ဗြဟ္မဇာလသုတ်ကို ရှေးဦးစွာ ဆိုပါသည်။

**မေး။** ဓမ္မစက္ကပ္ပဝတ္တနသုတ်ကို အစပြု၍ ဆိုရခြင်းအကြောင်းကို ရေးပါ။

**ဖြေ။** ဝေနေယျတို့၏ မဂ်ဖိုလ်ရခြင်း၏ အကြောင်းဖြစ်၍ဖြစ်သော အပြုအမူကြိယာသည်သာ မုချအားဖြင့် ဗုဒ္ဓကိစ္စမည်သည်ကို ပြလိုသောကြောင့် ဓမ္မစကြာတရားဟောခြင်းကို အစပြု၍ ဆိုပါသည်။

**မေး။** ပဌမသင်္ဂါယနာတင်ရခြင်း၏ အကြောင်းအချက်အလက်များကို ပြည့်စုံစွာဖော်ပြပါ။

**ဖြေ။** (၁) ရဟန်းဂေါတမသည် "ဤအမှုကား အပ်၏၊ ဤအမှုကား မအပ်"ဟု ငါတို့အား ချုပ်ချယ်၏။ ယခုအခါ ငါတို့သည် ပြုလုပ်လိုသည်ကို ပြုလုပ်ကုန်အံ့ဟု သုဘဒ် ရဟန်းအိုကြီး ပြောကြားသောစကားကို အောက်မေ့၍၎င်း၊

(၂) ဤကဲ့သို့သော သံဃာအစည်း အဝေးကို ရခဲ့သောကြောင့်၎င်း၊ ဤအကြောင်းနှစ်ချက်ကြောင့် ပဌမသင်္ဂါယနာတင်ရခြင်း ဖြစ်ပါသည်။

**မေး။** အရှင်အာနန္ဒာအား အဘယ့်ကြောင့် သုတ္တဂေယျ စသည် မျက်ကွယ်မရှိကြောင်းကို ရေးပါ။

**ဖြေ။** နှုတ်တက်ရေး ကျက်ထားသောကြောင့် မျက်ကွယ် မရှိပါ။

**မေး။** သဘာဝပရိစ္ဆိန္နတ္တာ–၌ သဘာဝအရ မည်သောတရားကို ဖော်ထုတ်၍ ရာဇာ၊ ဘိရာဇာဝယ် "ပါဒယောဂကြိယာယောဂ ဥပသဂ္ဂါ" ဟူသော ပရိဘာသာနှင့်အညီ ဤနေရာ၌ ကြိယာနှင့်မယှဉ်ရကား အဘယ်လျှင် အဘယ်အနက်ကို ဟောနိုင်ပါမည်နည်း ရှင်းလင်းဖြေဆိုခဲ့ပါ။

http://www.dhammadownload.com



ဖြေ။ သဘာဝပရိစ္ဆန္နတ္တာ–၌ ဖုသနသဘော, ဝေဒယိတသဘောသည် သဘာဝ မည်သောတရား ဖြစ်ပါသည်။ ရာဇာဘိရာဇာဝယ် အဘိသဒ္ဒါသည် ကြိယာနှင့် မယှဉ်သော်လည်း ပူဇော်ခြင်းကြိယာကို ပြတတ်ရကား ထိုကြိယာတို့နှင့်ယှဉ်ကုန်သော မင်းဒြပ်တို့၌လည်း ဖြစ်သောကြောင့် ဟောနိုင်ပါသည်။

မေး။ တယောပိ ဝိနယာဒယော ဉာယျာ–၌ ပိသဒ္ဒါ၏ အနက်ကို ဖော်ပြ၍ ထိုပိသဒ္ဒါဖြင့် သိစေအပ်သော အနက်အဓိပ္ပါယ်ကို ရှင်းလင်းပြီးလျှင် ယံ ပနေတ္ထ အဝိသိဋ္ဌံ–၌ ဝိသိဋ္ဌ မည်သောတရား၊ အဝိသိဋ္ဌမည်သော တရားတို့ကို အကြောင်းပြ၍ ရှင်းလင်းခဲ့ပါ။

ဖြေ။ တယောပိ၌ ပိသဒ္ဒါသည် အဝယဝသမ္ပိဏ္ဍနအနက် ရှိသည်။ ထိုသမ္ပိဏ္ဍနအနက် ရှိသော ပိသဒ္ဒါဖြင့် ဝိနယစသော သဒ္ဒါသုံးခုအပေါင်းမှာသာ ပိဋကမည်သည်မဟုတ်။ တစ်ခုခုသော ဝိနယစသော သဒ္ဒါတို့သည်လည်း ပိဋကမည်၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။ ယံ ပနေတ္ထ အဝိသိဋ္ဌံ–၌ ဝိနယစသော သဒ္ဒါသုံးခုတို့သည် အချင်းချင်း တစ်ခုနှင့်တစ်ခုမဆက်ဆံကြသောကြောင့် ဝိသိဋ္ဌမည်၏။ ပိဋကသဒ္ဒါသည် ဝိနယစသော သဒ္ဒါသုံးခုလုံးနှင့် ဆက်ဆံသောကြောင့် အဝိသိဋ္ဌ မည်၏။

မေး။ ဒီဃနိကာယော–ပုဒ်၌ ရသင့်သော နည်းဥပစာရတို့ကို ဖော်ပြပါ။

ဖြေ။ အရှည်ဂုဏ်၏ ဒီဃအမည်ကို ဂုဏီဖြစ်သော သုတ်တို့၌ တင်စားသောကြောင့် ဂုဏူပစာ+အဝိနာဘာဝနည်း။ (ဂုဏောပစာရေန ဟူသော သီဋီသစ်အလိုတည်း)
**(တစ်နည်း)** ရှည်သောသုတ်တို့နှင့် နိကာယကို မပြားဘဲ ပြားသကဲ့သို့ ဒီဃနိကာယော ဟု ဆိုသောကြောင့် အဘေဒဘေဒူပစာ+အဘေဒနည်း။

မေး။ ပါပုဏာတိ ယထာ ဘိက္ခု–၌ အခြားပုဂ္ဂိုလ်များရှိပါလျက် ဘိက္ခုဟူသော ပါဠ်ဖြင့် ရဟန်းကို ညွှန်ပြရခြင်းအကြောင်းကို ရှင်းလင်း၍ အာဏာရဟော–၌ ဘဂဝတာဝယ် မြတ်စွာဘုရားကို အာဏာရဟော ဟူသော ထိုဂုဏ်ပုဒ်ဖြင့် ထုတ်၍ ဆိုရခြင်းအကြောင်းကိုလည်း ရေးပြီးလျှင် ပိဋကသုံးပုံနှင့်ဒေသနာ၊ သာသန၊ ကထာ၊ သိက္ခာ၊ ပဟာန တို့ကို တွဲစပ်ဖြေဆိုပါ။

ဖြေ။ ပါပုဏာတိ ယထာ ဘိက္ခု–၌ ဘိက္ခုဟု ညွှန်ပြခြင်းမှာ – ရဟန်းသည် ကြီးကျယ်သောတရား, မြင့်မြတ်သောတရားတို့ကို အနီး၌ အခါခပ်သိမ်း ထားတတ်သည်၏

http://www.dhammadownload.com



အဖြစ်ကြောင့်၄င်း၊ ဆုံးမအပ်သည့်အားလျော်စွာ ကောင်းစွာကျင့်ခြင်းဖြင့် တရား၌ ဆောက်တည်ခြင်းရှိသည်၏အဖြစ်ကြောင့်၄င်း၊ ဤနေရာ၌ ဘိက္ခု ဟူသော ပါဠ်ဖြင့် ရဟန်းကိုသာ ညွှန်ပြရပါသည်။

## အာဏာရဟောဟု ဝိသေသန မ, ရခြင်းအကြောင်း

မြတ်စွာဘုရားသည် အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်စွာသိတတ်သော ကြောင့်၄င်း၊ ကြီးမားသော မဟာကရုဏာရှိသည်၏အဖြစ်ကြောင့်၄င်း၊ မဖောက်မပြန် အစီးအပွား ဥပဒေသကို ပြုတတ်သည်၏အဖြစ်ဖြင့် အတိုင်းအရှည်နှင့်ယှဉ်သော စကားတော်ရှိသည်၏ အဖြစ်ကြောင့်၄င်း အာဏာရဟော ဟူသော ဝိသေသနပုဒ်ဖြင့် မြတ်စွာဘုရားကို ဂုဏ်ပြုရပါသည်။

## အာဏာဗာဟုလ္လတော ဟု ဆိုရခြင်းအကြောင်း

ဝေါဟာရတရား၊ ပရမတ္ထတရားတို့၏ ပိဋကတ်၌ ဖြစ်ခြင်းကြောင့် --- ဆိုပါသည်။ ထိုအာဏာဗာဟုလ္လတော-သဒ္ဒါဖြင့် ယေဘုယျနည်းကို ညွှန်ပြပါသည်။

## ပိဋက(၃) ပုံနှင့် ဒေသနာ၊ သာသန၊ ကထာ၊ သိက္ခာ၊ ပဟာန်တို့တွဲစပ်ပုံ

၁။ ဝိနည်းသည် အာဏာဒေသနာ။
သုတ္တန်သည် ဝေါဟာရဒေသနာ။
အဘိဓမ္မာသည် ပရမတ္ထဒေသနာ။

၂။ ဝိနည်းသည် ယထာပရာဓသာသနာ။
သုတ္တန်သည် ယထာနုလောမသာသနာ။
အဘိဓမ္မာသည် ယထာဓမ္မသာသနာ။

၃။ ဝိနည်းသည် သံဝရာသံဝရကထာ။
သုတ္တန်သည် ဒိဋ္ဌိဝိနိဝေဌနကထာ။
အဘိဓမ္မာသည် နာမရူပပရိစ္ဆေဒကထာ။

http://www.dhammadownload.com



၄။ ဝိနည်းသည် အဓိသီလသိက္ခာ။
သုတ္တန်သည် အဓိစိတ္တသိက္ခာ။
အဘိဓမ္မာသည် အဓိပညာသိက္ခာ။

၅။ ဝိနည်းသည် ဝီတိက္ကမပဟာန်။
သုတ္တန်သည် ပရိယုဋ္ဌာနပဟာန်။
အဘိဓမ္မာသည် အနုသယပဟာန်။

**မေး။** ယထာဓမ္မံ-၌ ဓမ္မသဒ္ဒါသည် အဘယ်အနက်ကို ဟောပါသနည်း။ ယင်းဓမ္မသဒ္ဒါဖြင့် အဘယ်ကို ယူရမည်ဟု ညွှန်ပြ၍ ဓမ္မာဘိလာပေါဝယ် အဘိလာပအရ သဒ္ဒါကိုသာ ယူရမည်လော၊ အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

**ဖြေ။** ဓမ္မသဒ္ဒါသည် သဘာဝအနက်ကို ဟော၏။ ယင်းဓမ္မသဒ္ဒါဖြင့် အကြောင်းအကျိုး အလုံးစုံကို သိမ်းယူရပါမည်။

အဘိလာပအရ သဒ္ဒါကိုသာ မယူရပါ။ အဘိလာပသည် သဒ္ဒကို ဟောအပ်သော်လည်း ထိုသဒ္ဒါအားလျော်သော ပညတ်ကိုလည်း ကာရဏူပစာအားဖြင့် ဟောအပ်သည် ဖြစ်သောကြောင့် အဘိလာပအရ သဒ္ဒါကိုသာ မယူရဘဲ ပညတ်ကိုလည်း ယူရပါမည်။

**မေး။** အလဂဒ္ဒူပမာ ပရိယတ္တိစာသင်ခြင်း၌ ကောင်းသော သင်ယူခြင်း၊ မကောင်းသော သင်ယူခြင်းကို အဘယ်၌ ထည့်သွင်းယူရမည်ဟု ဖြေဆိုပြီးလျှင် ဟတ္ထ၊ ဗာဟ၊ အင်္ဂ၊ ပစ္စင်္ဂ သဒ္ဒါတို့ဖြင့် ယူရမည့်နေရာတို့ကို ဆရာနည်းရသမျှ ညွှန်ပြခဲ့ပါ။

**ဖြေ။** ပါရိသေသနည်းအားဖြင့် ဆိုထားသောကြောင့် မကောင်းသော သင်ယူခြင်းကို အလဂဒ္ဒူပမာ ဟု ဆိုပါသည်။ ကောင်းသော သင်ယူခြင်းကို နိဿရဏ၊ ဘဏ္ဍာဂါရိက သင်ယူခြင်းမျိုး၌ ထည့်သွင်းရမည်။

လက်ကောက်ဝတ်မှစ၍ လက်ဖျားတိုင်အောင် အရပ်သည် ဟတ္ထ၊ လက်ဖျားနှင့် တကွသော ကြွင်းသောအရပ်သည် ဗာဟ၊ ဟတ္ထ ဗာဟမှ ကြွင်းသော ကိုယ်အင်္ဂါ အစိတ်အပိုင်းသည် အင်္ဂပစ္စင်္ဂ မည်၏။

http://www.dhammadownload.com



မှတ်သားဖွယ်။ ဥပါရမ္မာဟေတု-၌ အာဒိသဒ္ဒါဖြင့် က္ကတိဝါဒပ္ပမောက္ခ စသော အကြောင်းကို ယူရမည်။

မေး။ ဒီဃနိကာယော-၌ ဒီဃသဒ္ဒါဖြင့် အဘယ်ကို ယူရမည်ကို ထုတ်ပြပြီး ပဝေဏီပါလန အကျိုး၄ါ သံကမ္မိ၊ သမ္မကမ္မိ၊ သမ္မဝေဓိ (၃) ခုတို့၏ အထူးကိုလည်း ရေးသားခဲ့ပါ။

ဖြေ။ ဒီဃနိကာယော-၌ ဒီဃသဒ္ဒါဖြင့် ဂုဏ္ဍပစာအားဖြင့်၎င်း၊ တဒ္ဒိတ်၏အစွမ်းဖြင့်၎င်း၊ ရှည်သော အတိုင်းအရှည်ရှိသော သုတ်တို့ကိုသာ ယူရမည်။ အရှည်ဂုဏ်ကို မယူရ။

ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ပဝေဏီပါလနအကျိုးငှာ ပရိယတ္တိသင်ယူသော်လည်း ဘဝကန္တာရမှ မလွန်မြောက်သေးသောကြောင့် ဘဏ္ဍာဂါရိကပရိယတ္တိမမည်၊ နိဿရဏတ္ထသာ မည်ပါသည်။

+ အထက်ထက်တက်၍ ကောင်းစွာလှုပ်ခြင်းသည် သံကမ္မိ။
+ အထက်အောက် သက်၍သက်၍ ကောင်းစွာအပြားအားဖြင့် လှုပ်ခြင်းသည် သမ္မကမ္မိ။
+ အရပ်လေးမျက်နှာတို့၌ ဖြန့်၍တက်ခြင်းသည် သမ္မဝေဓိ၊

(တစ်နည်း) အရှေ့အနောက်နှစ်စုံ နိမ့်တုံမြင့်တုံ လှုပ်ခြင်းသည် သံကမ္မိ။
တောင်မြောက်နှစ်စုံ နိမ့်တုံမြင့်တုံ လှုပ်ခြင်းသည် သမ္မကမ္မိ။
အနားအလယ် နှစ်သွယ်အစုံ နိမ့်တုံမြင့်တုံ လှုပ်ခြင်းသည် သမ္မဝေဓိ။

မြတ်စွာဘုရား ဓာတ်တော်များ ဝေဖန်ရာနေ့ = နယုန်လဆန်း (၅) ရက်နေ့။

မေး။ သုဘဒ္ဒေန ဝုမ္မပဗ္ဗဇိတေန-၌ သုဘဒ္ဒအရကို ဖော်ပြပါ။

ဖြေ။ အာတုမရွာသား, လူဖြစ်စဉ်အခါက ဆတ္တာသည်လုပ်ဖူးသော ဝုမ္မပဗ္ဗဇိတ ရဟန်းကြီးကို ယူရပါသည်။ သုဘဒ္ဒပရိဗိုဇ်ကို မယူရပါ။

မေး။ အလံ အာဝုသော မာသောစိတ္ထ စသောစကားကို ဆိုရခြင်းအကြောင်းကို ရေးပါ။

ဖြေ။ အလံ အာဝုသော မာသောစိတ္ထ စသော စကားတို့ကို မြတ်စွာဘုရားအပေါ် ရန်ငြိုးထားခဲ့ခြင်းကြောင့် ပြောဆိုခြင်း ဖြစ်ပါသည်။

မေး။ ဝုတ္တာဝစနမနုဿရန္တော-၌ အနုဿရအရကို ဖော်ပြပါ။

http://www.dhammadownload.com



**ဖြေ။** တရားသဘောကို ကြံစည်တွေးတောသည်၏အစွမ်းဖြင့် ဖြစ်သော သဟောတ္တပ္ပ ဉာဏ်လျှင် တရားကိုယ်ရှိသော ဓမ္မသံဝေဂ၏ အစွမ်းဖြင့်ဖြစ်သော အောက်မေ့ခြင်းကို ယူရပါသည်။ အမျက်ထွက်ခြင်း ကောဓ စသည်တို့၏ အစွမ်းဖြင့်ဖြစ်သော အောက်မေ့ ခြင်းကို မယူရပါ။

**မေး။** ဒေသိတော ပညတ္တော–၌ ဒေသိတ, ပညတ္တတို့၏ အထူးကို ရေးပါ။

**ဖြေ။** သုတ်အဘိဓမ္မာတရားတော်ကို သိစေခြင်းသည် ဒေသိတမည်၏။

အပြားအားဖြင့် ဝေနေယျတို့သန္တာန်၌ ထားခြင်းသည် ပညတ္တမည်၏။

**(တစ်နည်း)** ဝိနည်းတရားတော်ကို သိစေခြင်းသည် ဒေသိတမည်၏။

အပြားအားဖြင့် မရောယှက်စေမူ၍ ထားခြင်းသည် ပညတ္တမည်၏။

ဤသို့ ထူးပါသည်။

## ပိဋကသုံးပုံ ဘုရားအရာ၌ တည်ရှိနေပုံ

**ဝိနည်းပိဋကတော်သည်** ''ဤအမှုကိစ္စကို သင်တို့ပြုရမည်၊ ဤအမှုကိစ္စကို သင်ကို့ မပြုရ''ဟူ၍ ပြုသင့် မပြုသင့်သော အမှုကိစ္စကို ခွဲခြားဝေဖန်သောအားဖြင့် အမြဲဆုံးမနေခြင်းကြောင့် ဘုရားအရာ၌ တည်ပါသည်။

**သုတ္တန်ပိဋကတော်သည်** ထိုထိုသတ္တဝါတို့သန္တာန်၌ရှိနေသော စရိုက်တရား အားလျော်စွာ မှန်ကန်သော အကျင့်တရားဖြင့် အမြဲဆုံးမနေခြင်းကြောင့် ဘုရား အရာ၌ တည်ပါသည်။

**အဘိဓမ္မာပိဋကတ်တော်သည်** ခန္ဓာစသည်တို့ကို ဝေဖန်ပိုင်းခြားသောအားဖြင့် သိသင့်သိထိုက်သော သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိနိုင်အောင် ဆောင်ရွက် တတ်သောကြောင့် ဘုရားအရာ၌ တည်ပါသည်။

**မေး။** အရှင်အာနန္ဒာကို သေက္ခဟု ဆိုရခြင်းအကြောင်းကို ရေးပါ။

**ဖြေ။** မပြီးဆုံးသေးသော သိက္ခာရှိသောကြောင့်၎င်း၊ ထိုသိက္ခာ၌ စွဲမြဲစွာ သက်ဝင်အပ်သော ကြောင့်၎င်း သေက္ခဟု ဆိုပါသည်။

**မေး။** ''အပစ္စက္ခံ နာမ နတ္ထိ'' ဟူသော ရှေးစကားနှင့် ''ဒွေ သဟာယာနိ ဘိက္ခုတော'' ဟူသော နောက်စကားရပ်တို့ မဆန့်ကျင်အောင် နှီးနှော၍ ဖြေဆိုပါ။

http://www.dhammadownload.com



## သီလက္ခန်အခါပွဲယ်အဖြေစုံ

ဖြေ။ ဒွေ သဟာယာနိ ဘိက္ခုတော = အရှင်သာရိပုတ္တရာထံမှ ဓမ္မက္ခန္ဓာ နှစ်ထောင် သင်ယူသည်ဟု ဆိုသော်လည်း မြတ်စွာဘုရား၏အထံတော်၌ သင်ယူသည်ပင် မည်ကောင်းသောကြောင့် အပစ္စက္ခံ နာမ နတ္ထိ = မျက်ကွယ်သင်ယူသည် မည်သည် မရှိ ဟူသော ရှေးစကားနှင့် မဆန့်ကျင်ပါ။ မှန်၏ သာဝကဘာသိတသုတ်ကိုလည်း ဗုဒ္ဓဘာသိတ ဟူ၍ ဆိုအပ်၏။

မေး။ တထာဂတဿ ဘာတာ အရ ဇေဋ္ဌကဘာတာ ကနိဋ္ဌဘာတာ နှစ်မျိုးရှိရာ အဘယ်ကို ယူရမည်ကို ဤဘာဏကဆရာတို့အလိုကျ ပြဆိုဆုံးဖြတ်ပါ။

ဖြေ။ တထာဂတဿ ဘာတာ အရ ကနိဋ္ဌဘာတာကို ယူရပါသည်။ ဘုရားရှင်နှင့်အာနန္ဒာ သည် ဖွားဖက်တော်ဖြစ်၍ အရွယ်တူပင်ဖြစ်သည်။ သို့ရာတွင် အာနန္ဒာသည် ဘထွေး တော် အငယ်ဆုံး အမိတောဒန၏ သားဖြစ်သောကြောင့် ဘာတာ အရ ကနိဋ္ဌ ဘာတာကိုသာ ယူရမည်ဟု ဒီဃဘာဏကဆရာများ ဆုံးဖြတ်ကြပါသည်။

မေး။ ရှင်မဟာကဿပမထေရ်သည် ရှင်အာနန္ဒာထေရ်ကို အဘယ်ကြောင့် ''ဤသတို့ သားငယ်သည် အတိုင်းအရှည်ကို မသိ'' (နဝါယံ ကုမာရကော မတ္တမညာသိ) ဟု ကြိမ်းမောင်းပြောဆိုခြင်းအကြောင်းကို ရေးပါ။

ဖြေ။ အရှင်အာနန္ဒာမထေရ်၏ ရဟန်းငယ်ပရိသတ်တို့ အများအပြား လူထွက်ကြ သောကြောင့်၎င်း၊ အရှင်အာနန္ဒာသည် ဣန္ဒြေစောင့်စည်းထိန်းသိမ်းမှုလည်း မရှိ သောဇဉ်၌လည်း အတိုင်းအရှည်ပမာဏကိုလည်း နားမလည်သော ရဟန်းငယ် ကလေးများနှင့် ခရီးလျှောက်သွားနေရကား ကလေးနှင့်တူ၏ဟု ဆိုသင့်သော ကြောင့်၎င်း ''နဝါယံ ကုမာရကော မတ္တမညာသိ'' ဟု ပြောဆိုပါသည်။

မေး။ ဂန္ဓကုဋိံ ဝန္ဒိတွာ ဟု ဆိုရခြင်းအကြောင်းကို ရေးပါ။

ဖြေ။ မြတ်စွာဘုရား သီတင်းသုံးတော်မူအပ်ပြီးသော ဂန္ဓကုဋီသည် ပရိဘောဂစေတီ ထိုက်သောကြောင့်ဟု ဆိုပါသည်။

မေး။ ကိဉ္စာပိ သေက္ခော ဟူသော စကားကို ဆိုရခြင်းအကြောင်းကို ရေးပါ။

ဖြေ။ ကိဉ္စာပိ သေက္ခော ဟူသော စကားကို အသေက္ခတို့ကိုသာ ရွေးချယ်အပ်သည်၏ အဖြစ်ကြောင့် ဆိုအပ်၏။ သေက္ခပုဂ္ဂိုလ်တို့ အဂတိလိုက်သည်ကို ချီးပင့်သောအားဖြင့် ဆိုအပ်သည် မဟုတ်။

http://www.dhammadownload.com



ဝိသဘာဂပုဂ္ဂလော (သုဘဒ္ဒသဒိသော) (၄–၆) ၌ ဝိသဘာဂပုဂ္ဂလ အရ သုဘဒ္ဒ ရဟန်းကြီးနှင့်တူသော ပုဂ္ဂိုလ်ကို ယူရပါသည်။

## ဥတ္တိဒုတိယေန၌ ကြားသိစေပုံ

သာဓုကီဠန (၇)ရက်၊ အဂ္ဂိစျာပန (၇)ရက်၊ ဓာတုပူဇာ (၇)ရက်အားဖြင့် ၂၁–ရက်မြောက်သောနေ့၌ ဤကမ္မဝါစာကို ကြားသိစေပါသည်။

**မေး**။ သာဓုကီဠနဟု ဆိုရခြင်းအကြောင်းကို ပြည့်စုံစွာ ရေးပါ။

**ဖြေ**။ သံဝေဂဝတ္ထု (သံဝေဂဉာဏ်၏ ဇာတိစသောအကြောင်း) ကို ပြောဆို၍ အနိစ္စ လက္ခဏာနှင့် စပ်လျဉ်းသော ဂီတတို့ကို သီဆို၍ ပူဇော်ခြင်းအစွမ်းဖြင့် မြူးပျော်ကြ ခြင်းကြောင့် ကောင်းသော ပျော်မြူးခြင်းသည် ''သာဓုကီဠန''မည်၏။

(**တစ်နည်း**) မိမိသူတစ်ပါး အစီးအပွားကို ပြီးစေတတ်သောကြောင့် သာဓုမည်၏ ဟု ဆိုအပ်သော သူတော်ကောင်းတို့၏ သံဝေဂဝတ္ထုကို ပြောဆို၍ မြူးပျော်ခြင်းကို ''သာဓုကီဠန''ဟု ဆိုပါသည်။

**မေး**။ အဘယ်ကို ဝိသဂန္ဓဟု ခေါ်ဆိုပါသနည်း။

**ဖြေ**။ အကျိုးမဲ့ကို ဖြစ်စေတတ်၍ အဆိပ်နှင့်တူသောကြောင့် ကိလေသာကို ဝိသဟု ခေါ်ပါသည်။ ရဟန္တာအဖြစ်မှ တစ်ပါးသောအဖြစ်ဟု ဆိုအပ်သော သတ္တိမှာ ထိုဝိသဟု ဆိုအပ်သော ကိလေသာ၏ အနံ့ပင်တည်း။

**မေး**။ သံဝေဂံ အာပဇ္ဇိ (၄–၁၀) ၌ သံဝေဂအရကို ဖော်ပြပါ။

**ဖြေ**။ သဟောတ္တပ္ပဉာဏ်နှင့် ယှဉ်သော ဓမ္မသံဝေဂကိုသာ ယူရပါသည်။ ဒေါသနှင့် ယှဉ်သော ဘယသံဝေဂကို မယူရပါ။ အကြောင်းကား ဒေါသနှင့်ယှဉ်သော ဘယ သံဝေဂသည် အရှင်အာနန္ဒာ၏ ရဟန္တာအဖြစ်သို့ ရောက်ဖို့ရန် စင်စစ်အကြောင်း အထောက်အပံ့ မဖြစ်နိုင်သောကြောင့်တည်း။

**မေး**။ ဓမ္မစက္ခုံ ဟောတု–၌ ဓမ္မအရကို ဖော်ပြပါ။

**ဖြေ**။ ဒေသနာဉာဏ် ပဋိဝေဓဉာဏ်နှစ်ပါးကို ယူရပါသည်။ ထိုနှစ်ပါးဖြင့်သာလျှင် သင်္ဂါယနာတင်ခြင်းကိစ္စ ပြီးစီးနိုင်သောကြောင့် ဖြစ်ပါသည်။

http://www.dhammadownload.com



# သီလက္ခန်အခိပ္ပါယ်အဖြေစုံ

မေး။ အာသဝေဟိ ဟု ဆိုရခြင်းအကြောင်းကို ရေးပါ။

ဖြေ။ အာသဝေဟိ ဟု ဆိုခြင်းသည် ဥပလက္ခဏမျှသာတည်း၊ စင်စစ်အလုံးစုံသော ကိလေသာ၊ အလုံးစုံသော ပါပဓမ္မတို့မှလည်း လွတ်သည်ပင် မှတ်ယူရပါမည်။

မေး။ စိတ္တံ ဝိမုစ္စိ–၌ စိတ္တအရကို ဖော်ပြပါ။

ဖြေ။ စိတ္တံ ဝိမုစ္စိ–၌ စိတ္တအရ အရဟတ္တမဂ်ခဏ၌ လွတ်ဆဲ အရဟတ္တဖိုလ်ခဏ၌ လွတ်ပြီးသောစိတ်ကို ယူရပါသည်။

မေး။ အရှင်အာနန္ဒာ ရဟန္တာဖြစ်ရာ နေ့, ရက်, သင်္ဂါယနာတင်ရာနေ့ တို့ကို အတိအကျ ဖော်ပြပါ။

ဖြေ။ ဝါခေါင်လပြည့်အထွက် လေးရက် ကြာသပတေးနေ့ အရှင်အာနန္ဒာ ရဟန္တာဖြစ်သည်။ အထွက်ငါးရက် သောကြာနေ့ သင်္ဂါယနာတင်သည်။

မေး။ ဝိနယလည်း ဓမ္မမည်ပါလျက် အဘယ်နည်းအားဖြင့် ''အဝသေသံ ဗုဒ္ဓဝစနံ ဓမ္မော''ဟု ဖွင့်ဆိုသည်ကို ရှင်းလင်းဆုံးဖြတ်ပါ။

ဖြေ။ ဝိနယသဒ္ဒါ၏ အနီးကျရာ (ဝိနယဟူသော သဒ္ဒန္တရိက်)၌ ဘိန္နာဓိကရဏအဖြစ်ဖြင့် ယှဉ်သော ဓမ္မသဒ္ဒါသည် ''ပုညဉာဏသမ္ဘာရ, ဂေါဗလီဗဒ္ဒ''တို့ကဲ့သို့ ဝိနည်းပါဠိ၏ ဆန့်ကျင်ဘက်ဖြစ်သော ပါဠိကိုသာ ပြနိုင်ရကား ''ပုညဉာဏသမ္ဘာရနည်း ဂေါဗလီ ဗဒ္ဒနည်း'' အဝသေသံ ဗုဒ္ဓဝစနံ ဓမ္မော ဟု ဖွင့်ဆိုပါသည်။

**(တစ်နည်း)** ဓမ္မဝိနယ၌ တွဲနေရသော ဓမ္မသဒ္ဒါသည် ပုညဉာဏသမ္ဘာရနည်း, ဂေါဗလီဗဒ္ဒနည်းအားဖြင့် ဝိနယအနက်မှ ကြွင်းသောသုတ် အဘိဓမ္မာကိုသာ ဟောရ တော့သည်။

မေး။ အနေကဇာတိသံသာရံ ဂါထာကို ပဌမဗုဒ္ဓဝစနဟု ဖွင့်ဆိုရခြင်းအကြောင်းကို ရေးပါ။

ဖြေ။ အနေကဇာတိသံသာရံ–ဂါထာကို မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်နှင့်နီးစွာသော အကြောင်းဖြစ်သော အရဟတ္တဖိုလ် ရောက်သည်ကို ဆင်ခြင်တော်မူရာအခါ ပစ္စဝေက္ခဏာဉာဏ် (၁၉)တန်၏ အခြားမဲ့၌ ရွတ်ဆိုတော်မူအပ်သောကြောင့် ပဌမဗုဒ္ဓဝစန ဟု ဆိုရသည်။ ဘုရားရှင်အားလုံး မစွန့်အပ်သော ဥဒါန်းဟု ဆိုသည်။ (ဓမ္မပဒဘာဏကထေရ်တို့အလို)

http://www.dhammadownload.com



စိတ်တော်ဖြင့်ဖြစ်သော တရားတို့တွင် အစဆုံးဂါထာ = အနေကဇာတိသံသာရံ စသော နှစ်ဂါထာ နှုတ်တော်ဖြင့် ရွတ်ဆိုအပ်သော တရားတို့တွင် အစဆုံးဂါထာ ယဒါ ဟဝေ ပါတုဘဝန္တိ ဂါထာ (ခန္ဓကဘာဏကထေရ်တို့အလို)

မေး။ ဓမ္မပဒဘာဏကတို့ကား အနေကဇာတိသံသာရံ စသော ဂါထာသည် ပဌမဗုဒ္ဓဝစန မည်၏။ ခန္ဓကဘာဏကတို့ကား ယဒါ ဟဝေ ပါတုဘဝန္တိ စသော ဥဒါန်းဂါထာသာ ပဌမ ဗုဒ္ဓဝစန မည်၏။ ဤကဲ့သို့ "အယူဝါဒ" အဆိုကွဲရာ၌ ညီညွတ်အောင် ညှိနှိုင်းပြခဲ့ပါ။

ဖြေ။ အနေကဇာတိဂါထာကို သဗ္ဗညုတဉာဏ်၏အကြောင်းဖြစ်သော အရဟတ္တမဂ်, ဖိုလ်ကို အပရာဇိတပလ္လင်ထက်ဝယ် ဆင်ခြင်တော်မူသဖြင့် ကျေနပ်ဝီသတိ ပစ္စဝေက္ခဏာဉာဏ်၏ အခြားမဲ့၌ နှလုံးသွင်းတော်မူသည်။ ထို့ကြောင့် ဓမ္မပဒဘာဏက ဆရာတို့က "ပဌမဗုဒ္ဓဝစန"ဟု ယူသည်။ ခန္ဓဘာဏကတို့ကား ယဒါ ဟဝေ ပါတု ဘဝန္တိ စသော ဥဒါန်းလာ ဂါထာကိုသာ ပဌမဗုဒ္ဓဝစန ဟု ယူသည်။

ဓမ္မပဒဘာဏကတို့ ဂါထာကား မနသာဝဏ္ဏာပိတဖြစ်၍ မဟာဇနအား ဥပကာရ မဖြစ်၊ ငါတို့ဂါထာသာ ဝစီဘေဒဒေသိတဖြစ်၍ ဥပကာရဖြစ်ရကား "ပဌမဖြစ်သည်"ဟု ခန္ဓကဘာဏကတို့ ဆိုကုန်သည်။ ဒေသနာ၏ ဥပကာရ အနုပကာရဖြစ်ခြင်းသည် လက္ခဏာ မဟုတ်။ ရှေးဦးစွာ မနသာဝဝဏ္ဏာပိတဖြစ်ရကား ငါတို့ဂါထာသာ "ပဌမဖြစ်သည်"ဟု ဓမ္မပဒဘာဏကတို့ ဆိုကုန်သည်။ မနသာ ဝဝဏ္ဏာပိတဓမ္မတွင် အနေကဇာတိဂါထာသည် ပဌမ ဝါစာယ ဝဝဏ္ဏာပိတဓမ္မတွင် ယဒါ ဟဝေ ပါတုဘဝန္တိ ဂါထာသည် ပဌမ၊ ဤသို့ယူလျှင် ဝါဒနှစ်မျိုးလုံးပင် သင့်မြတ်ပါသည်။

မေး။ ဒဠှီကမ္မသိထိလကရဏပ္ပယောဇနာ ဝယ်မည်သည့်သိက္ခာပုဒ်၌ ဒဠှီကမ္မပယောဇန ဖြစ်၍ မည်သည့်သိက္ခာပုဒ်၌ သိထိလကရဏပယောဇနဖြစ်သည်ကို ရှင်းပြပါ။

ဖြေ။ ဒဠှီကမ္မသိထိလကရဏပ္ပယောဇနာ ၌ အနုပညတ်သည် လောကဝဇ္ဇသိက္ခာပုဒ်တို့၌ ဒဠှီကမ္မပယောဇန ဖြစ်သည်။ ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်တို့၌ သိထိလကရဏပ္ပယောဇန ဖြစ်သည်။

http://www.dhammadownload.com





**မေး။** အယံ ဝိနယော ဝိနယောတိ အက္ခာတော–တို့၌ ဝိနယသဒ္ဒါနှစ်ခုတို့၏ အထူးကို ရေးပါ။

**ဖြေ။** အယံ ဝိနယော–၌ ဝိနယသဒ္ဒါသည် အတ္ထပညတ်သညီပါဠိဒြပ်ဟောတည်း။ ဝိနယောတိ အက္ခာတော–၌ ဝိနယသဒ္ဒါကား သဒ္ဒပညတ်သညာဂုဏ်ဟောတည်း။ ဤသို့ ထူးပါသည်။

**မေး။** အတ္တတ္တပရတ္တာဒိဘေဒေ–ဝယ် သုတ်၌ အတ္တတ္တပရတ္တဖြစ်ပုံကို ရေး၍ အာဒိအရ ကိုလည်း ဖော်ပြပါ။

**ဖြေ။** ဗြဟ္မဇာလသုတ်ကို သရဇ္ဈာယ်ခြင်း၊ နာယူခြင်း၊ ပို့ချခြင်း၊ ကြံစည်ခြင်း၊ ဟောခြင်း ပြုသောသူအား ထိုသုတ်သည် ချီးမြှောက်အပ်သည်ဖြစ်၍ သီလစသောအကျိုး ဖြစ်ပါသည်။ ထိုသူသည် တစ်ပါးသောပုဂ္ဂိုလ်အား သင်ကြားပို့ချခဲ့သော ပရတ္ထလည်း ဖြစ်ပါသည်။

အာဒိအရ – ဒိဋ္ဌဓမ္မိကတ္ထ၊ သမ္ပရာယိကတ္ထ၊ လောကိယတ္ထ၊ လောကုတ္တရတ္ထ စသည်ကို ယူရပါမည်။

**မေး။** ဒန္တခိစိတံ ဗီဇနံ ဂဟေတွာ ဟု ဆိုရခြင်း၏ အကြောင်းကို ရေးပါ။

**ဖြေ။** ဓမ္မကထိကပုဂ္ဂိုလ်တို့သည် ပရိသတ်အလယ်၌ မိမိတို့၏ ဖောက်ပြန်ခြင်းစသည်တို့ကို ဖုံးကွယ်လိုသောကြောင့် ယပ်ဝန်းကို ကိုင်ဆောင်ရခြင်း ဖြစ်ပါသည်။

**မေး။** သုဝုတ္တာ စေတ္ထ အတ္ထာဟု ဆိုရခြင်းအကြောင်းကို ရေးပါ။

**ဖြေ။** သုတ်၌ကား အာဏာတရားသဘောသည် ဝေနေယျတို့၏အလိုသို့ အစဉ်လိုက်၏။ ဝိနည်းအဘိဓမ္မာတို့ကဲ့သို့ ဝေနေယျတို့၏အလိုသည် အာဏာတရားသဘော၌ အစဉ် လိုက်သည် မဟုတ်သောကြောင့် သုတ္တန်ဒေသနာသည် ဝေနေယျတို့၏ ကေန် အကျိုးကို ရခြင်းကို ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် ... ဟု ဆိုပါသည်။

**မေး။** သဿတိံ ဖလံ ပသဝတိ၊ ခေနံ ဝိယ သီရံ ပဋ္ဌရာပေတိ–၌ သုတ္တန်ပိဋကာ၏ ကောက်ပင်၊ နွားမနှင့်တူပုံကို ပမာပမေ နှိုးနှော၍ ဖြေဆိုပါ။

**ဖြေ။** သဿမိံ ဖလံ ပသဝတိ, ၌ ပမာ, ပမေ (ဥပမာ, ဥပမေယျ) နှိုးနှောပုံ ကောက်ပင်မည်သည် စိုက်ပျိုးဆဲစသော ခဏ၌ အသီး မသီးသေး။ အစဉ်အတိုင်း

http://www.dhammadownload.com



သုမ်သင်ခြင်း စသည်တို့၏ အစွမ်းဖြင့် နှစ်လသုံးလစသည် ကာလခြားမှသာလျှင် အသီး သီးသကဲ့သို့ ဤသုတ်သည်လည်း နာဆဲ၊ သင်ဆဲစသော ခဏ၌ အကျိုး မပြီးသေး။ အစဉ်အတိုင်း ကျင့်ခြင်းအစရှိသည်၏အစွမ်းဖြင့် ကာလခြားမှသာလျှင် အကျိုးပြီး၏။ (ဤကား သဿမိဝ ဖလံ ပသဝတိ-၌ ပမာ, ပမေ နှီးနှောပုံတည်း)။

**ဓေနု ဝိယ ခီရံ ပဋ္ဌရာပေတိ-၌ ပမာ, ပမေ (ဥပမာ, ဥပမေယျ) နှီးနှောပုံ**

နွားမသည် သင့်လျော်သောအခါ၌ နွားငယ်ကို နို့စို့စေပြီး နို့ညှစ်ကုန်သော အကြောင်း ပြည့်စုံကုန်သော သူတို့အားသာလျှင် နို့ရည်ကို ယိုစေ၏။ အခါမဟုတ်ရာ၌ (ဝါ) သားငယ် မမွေးသောအခါ၌ငင်း ဦးချိုစသည်တို့ကို ကိုင်၍ ညှစ်ကုန်သော အကြောင်း မပြည့်စုံကုန်သော သူတို့အားငင်း နို့ရည်ကို မယိုစေသကဲ့သို့ ဤသုတ္တန် သည်လည်း သံသရာမှ လွတ်မြောက်လိုခြင်း နိဿရဏစသည်ဖြင့် နာခြင်း၊ ဆောင်ခြင်း အစရှိသည်တို့ကို ပြုကုန်သော အကြောင်းဥပါယ်နှင့် ပြည့်စုံကုန်သော သူတို့အားသာ သီလစသော အကျိုးကို ပြီးစေယိုစေတတ်၏။ (ဤကား ဓေနု ဝိယ ခီရံ ပဋ္ဌရာပေတိ၌ ပမာ, ပမေနှီးနှောပုံတည်း)။

**မေး။** သာသနာ့ဝယ် ဣရိယာပုတ်လေးပါးနှင့် ကင်း၍ ရဟန္တာဖြစ်သော ပုဂ္ဂိုလ်၏ အမည်ကို ဖော်ပြပါ။

**ဖြေ။** အရှင်အာနန္ဒာထေရ်ဖြစ်သည်။

**မေး။** စာပေသင်ကြားနည်း သုံးမျိုးကို ရေး၍ ပုထုဇဉ်အရိယာပုဂ္ဂိုလ်တို့အလိုက် ဖြစ်သည့် အားလျော်စွာ တွဲစပ်ဖော်ပြပါ။

**ဖြေ။ ပိဋကတ်ကျမ်းဂန်လာ စာသင်နည်း(၃) မျိုး**

၁။ အလဂဒ္ဒူပမာ = မြွေဖမ်းခြင်းလျှင် ဥပမာရှိသော သင်ယူခြင်း၊
၂။ နိဿရဏတ္ထာ = သံသရာမှ ထွက်မြောက်ခြင်းအကျိုးငှာ သင်ယူခြင်း၊
၃။ ဘဏ္ဍာဂါရိက = ဘဏ္ဍာစိုးကဲ့သို့ သင်ယူခြင်းတို့တည်း။

**ပုဂ္ဂိုလ်နှင့်ပရိယတ္တိ တွဲစပ်ပုံ**

ပုထုဇဉ်ပုဂ္ဂိုလ်အား အလဂဒ္ဒူပမာနှင်နိဿရဏာနှစ်မျိုး ရ၏။

http://www.dhammadownload.com



## သီလက္ခန်အခိပ္ပါယ်အဖြေစုံ

သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်အား နိဿရဏတ္ထာသာ ရ၏

ရဟန္တာပုဂ္ဂိုလ်အား ဘဏ္ဍာဂါရိကပရိယတ္တိသာ ရ၏။

**မေး။** ပရိယတ္တိဘာဇနတ္ထတော–၌ တောပစ္စည်း၏အနက်အကြောင်းပြ ဆိုးဖြတ်ပါ။

**ဖြေ။** ''ပရိယတ္တိဘ္ဘာဇနတ္ထတော၊ သင်ယူအပ်သော ပါဠိဟူသောအနက် တည်ရာဟူသော အနက်အားဖြင့် (ဝါ) အနက်ရှိ၏ ဟူ၍'' ဟု အနက်ပေးသော (ပခုက္က။ ၁၂၄။ (ဘာသာဋီကာ၊ ၁၁၂။ မအူသျ၊ ၁၆၄) တို့အလို တောပစ္စည်းသည် ကြိယာဝိသေသနတ္ထ+အာကာရတ္ထ ဖြစ်ပါသည်။ ''ပရိယတ္တိဘာဇနတ္ထတော၊ သင်ယူအပ် သောအနက် တည်ရာဖြစ်သောအနက် ကြောင့်ဟူ၍ ပေးသော (နေရင်းနိသျ၊ ၆၉ အလို) တောပစ္စည်းသည် ဟေတွတ္ထဖြစ်သည်။ (သီ၊ ဋီသစ်၊ ၉၆) အဖွင့်ကို ထောက်လျှင် တောပစ္စည်းသည် ကာရဏတ္ထ၊ ဝိသေသနတ္ထ၊ အာကာရတ္ထ ဖြစ်သည်။

**မေး။** ဒေသနာ၊ သာသနာ၊ ကထာ သုံးမျိုးတို့၏ အထူးကို ဖော်ပြပါ။

**ဖြေ။** ဒေသကနှင့်စပ်သော အာဏာဝေါဟာရ ပရမတ်ဖြင့် ပြခြင်း သိစေခြင်းသည် ဒေသနာမည်၏။

ဘာသိတဗ္ဗပုဂ္ဂိုလ်နှင့်စပ်သော ယထာပရာဓ ယထာနုလောမ ယထာဓမ္မ၏ အဖြစ်ဖြင့် ဆုံးမခြင်းသည် သာသနာမည်၏။

ကထာတဗ္ဗဖြစ်သော သံဝရာသံဝရ ဒိဋ္ဌိဝိနိဝေဌ နာမရူပပရိစ္ဆေဒအနက်ကို ဟောခြင်းသည် ကထာမည်၏။

**အကျဉ်းအားဖြင့်**– ဒေသက ဖြစ်သော မြတ်စွာဘုရားကို ငဲ့၍ ပိဋကတ်သုံးပုံသည် ဒေသနာမည်၏။ ဘာသိတဗ္ဗပုဂ္ဂိုလ်၏အစွမ်းဖြင့် သာသနာမည်၏။ ကထေတဗ္ဗ အတ္ထ၏အစွမ်းဖြင့် ကထာမည်၏။ ဤသို့ ထူးသည်။

**မေး။** ကေမေကသ္မိံ စေတ္ထ စတုဗ္ဗိဓောပိ ဓမ္မတ္ထဒေသနာ ပဋိဝေဓ ဂမ္ဘီရဘာဝေါ–၌ ဓမ္မနှင့်ဒေသနာတို့၏ အထူးကို ဖော်ပြပါ။

**ဖြေ။** ထိုထိုအနက်တို့ကို သိစေသည်၏အစွမ်းဖြင့် ထင်ရှားသည်လည်းဖြစ်သော သင်ယူခြင်း စသည်၏အစွမ်းဖြင့် မဟောမီ ရှေ့အဖို့၌ မှတ်သားအပ်ပြီးလည်းဖြစ်သော ပရမတ္ထ သဒ္ဒါအစဉ်သည် ဓမ္မမည်၏။

http://www.dhammadownload.com



နောင်အခါ၌ သူတစ်ပါးတို့ကို သိစေခြင်းငှာ ဖြစ်စေအပ်, ပြောအပ်သော ထိုသိစေလိုရင်းအနက်အဓိပ္ပါယ်ကို ပြတတ်သော ပရမတ္ထသဒ္ဒါသည် ဒေသနာမည်၏။ (တစ်နည်း) ပါဠိတော်သဒ္ဒါအစဉ်ကို ဖြစ်စေတတ်သော စိတ္တုပ္ပါဒ်သည် ဒေသနာမည်၏။ ဤသို့ ထူးပါသည်။

## ကေမေကာသိမ္ဗဋ္ဌေတ္ထ စတုဗ္ဗိဓောပိ-၌ ပိသဒ္ဒါအနက်

စတုဗ္ဗိဓောပိ-၌ ပိသဒ္ဒါသည် အဝယဝသမ္ပိဏ္ဍနတ္ထ။ သက်သက် လေးပါး၏သာ ဂမ္ဘီရဘာဝဖြစ်သည် မဟုတ်၊ စင်စစ်ကား တစ်ပါးပါး၏လည်း ဂမ္ဘီရဘာဝဖြစ်၏ဟု ပေါင်းဆည်းပါသည်။

## ပါဠိအဓိပ္ပါယ်

အမြွတ်ဆုံးဖြစ်ကုန်သော သီလစသောအနက်တို့ကို သိစေတတ်သော ကြောင့်၎င်း၊ သဘာဝနိရုတ္တိဖြစ်သောကြောင့်၎င်း၊ ဘုရားအစရှိသည်တို့ ဟောအပ်သောကြောင့်၎င်း၊ မြတ်ကုန်သော စကားတို့၏အစဉ်ကို ''ပါဠိ''ဟု ဆိုပါသည်။

## ယထာဓမ္မံ-၌ ဓမ္မသဒ္ဒါဖြင့် သိမ်းယူနိုင်ပုံ

ယထာဓမ္မံ-၌ ဓမ္မသဒ္ဒါသည် ဟေတု (အကြောင်း) ဟေတုဖလ (အကျိုး) အလုံးစုံကို သိမ်းယူနိုင်ပါသည်။ အကြောင်းကား ဓမ္မသဒ္ဒါသည် သဘာဝကို ဟော၍ ပရိယတ္တိဟေတု စသည်ကို မဟောသောကြောင့်တည်း။

လောကိယလောကုတ္တရော-ပါဌ်ဖြင့် အဘိသမယပ္ပဘေဒကို ပြသည်။

ဝိသယတော အသမ္မောဟတော ပါဌ်ဖြင့် အဘိသမယာကာရကို ပြသည်။

ဓမ္မေသု အတ္ထေသု ပညတ္တီသု ပါဌ်ဖြင့် အာရမ္မဏကို ပြသည်။

အတ္ထာနုရူပံ ဓမ္မာနုရူပံ ပညတ္တိပထာနုရူပံ ပါဌ်ဖြင့် သဘာဝကို ပြသည်။

**မေး။** ပရိယတ္တိဘေဒံ သမ္ပတ္တိံ ဝိပ္ပတ္တိဉ္စာပိ ယံ ယဟိံ-၌ သမ္ပတ္တိ၊ ဝိပတ္တိသို့ ရောက်ပုံကို ရေးခဲ့ပါ။

http://www.dhammadownload.com



ဖြေ။ သမ္ပတ္တိသို့ ရောက်ပုံ

ဝိနည်း၌ ကောင်းစွာကျင့်သော ရဟန်းသည် သီလ၏ပြည့်စုံခြင်းကို အမှီပြု၍ ဝိဇ္ဇာသုံးပါးသို့ ရောက်သည်။

သုတ္တန်၌ ကောင်းစွာကျင့်သော ရဟန်းသည် သမာဓိ၏ပြည့်စုံခြင်းကို အမှီပြု၍ အဘိညာဉ်ခြောက်ပါးသို့ ရောက်သည်။

အဘိဓမ္မာ၌ ကောင်းစွာကျင့်သော ရဟန်းသည် ပညာ၏ပြည့်စုံခြင်းကို အမှီပြု၍ ပဋိသမ္ဘိဒါလေးပါးသို့ ရောက်သည်။ ဤသို့ ပိဋကတ်သုံးပုံ၌ ကောင်းစွာကျင့်သော ရဟန်းသည် အစဉ်အတိုင်း ဝိဇ္ဇာသုံးပါး, အဘိညာဉ်ခြောက်ပါး, ပဋိသမ္ဘိဒါလေးပါး ဟူသော အပြားရှိသော ပြည့်စုံခြင်းသို့ ရောက်သည်။ (ဤကား သမ္ပတ္တိဖြစ်ပုံတည်း)

## ဝိပတ္တိသို့ရောက်ပုံ

ဝိနည်း၌ မကောင်းသဖြင့် ကျင့်သော ရဟန်းသည် သီလမရှိသည်၏အဖြစ်သို့ ရောက်သည်။

သုတ္တန်၌ မကောင်း (ပ) ရဟန်းသည် မှားသော အယူရှိသည်၏အဖြစ်သို့ ရောက်သည်။

အဘိဓမ္မာ၌ မကောင်း (ပ) ရဟန်းသည် စိတ်၏ပျံ့လွင့်ခြင်းသို့ ရောက်သည်။ ဤသို့ ပိဋကတ်သုံးပုံ၌ မကောင်းသဖြင့် ကျင့်သော ရဟန်းသည် အစဉ်အတိုင်း ဒုဿီလဘာဝ မိစ္ဆာဒိဋ္ဌိကာ စိတ္တက္ခေပ ဟူသော အပြားရှိသော ဝိပ္ပတ္တိသို့ ရောက်သည်။ (ဤကား ဝိပ္ပတ္တိရောက်ပုံတည်း)

## လောကတော ဟု ဆိုပုံ

ပေါဏိကနိကာယော စိက္ခလ္လိကနိကာယော ဟူသော ပုံစံသည် ပိဋကတ်သုံးပုံ၌ မရှိ။ (လောကီကျမ်းများ၌သာ ရှိသည်)။ ထို့ကြောင့် ''လောကတော'' ဟု ဆိုသည်။

မေး။ အဘယ်ကြောင့် အဘယ်တို့ကို သာဓကာနိ ဟု ဆိုသနည်း။ ယင်းပါဠိ၌ သာသနတော သာဓကေ၊ လောကတော သာဓကေတို့ကို ဖော်ပြပါ။

ဖြေ။ အလိုရှိအပ်သောအနက်ကို ပြီးစေတတ်သောကြောင့် ပြယုဂ်ဥဒါဟရဏ်တို့ကို ''သာဓကေ''ဟု ဆိုပါသည်။

http://www.dhammadownload.com



နာဟံ ဘိက္ခဝေ ။ပ။ တိရစ္ဆာနဂတာ ပါဏာ တိုင်အောင်ကား သာသနာတော်ကျမ်းလာ သာဓကတည်း။ ပေါဏိကနိကာယော၊ စိက္ခလ္လိကနိကာယော ကား လောကမှ လာသော သာဓကတည်း။ ဤသို့ ထူးပါသည်။

**မေး။** စတ္တာရိမာနိ အစိန္တေယျာနိ–၌ စတ္တာရိသရုပ်နှင့်ယင်းလေးပါးကို ကြံစည်သောသူအား မကောင်းကျိုးကို ဖြစ်စေပုံကိုလည်း ဖြေဆိုပါ။

**ဖြေ။** ၁။ ဗုဒ္ဓဝိသယ၊ ၂။ ဈာနဝိသယ၊ ၃။ ကမ္မဝိပါက၊ ၄။ လောကစိန္တာ၊

ငင်းလေးပါးကို ကြံစည်သူသည် ကုသိုလ်စသော ကောင်းကျိုးကို မဖြစ်စေဘဲ ရူးသွပ်ခြင်း၊ မရူးလျှင်လည်း စိတ်ဆင်းရဲခြင်း ဟူသော မကောင်းကျိုးကိုသာ ဖြစ်စေပါသည်။

**မေး။** ပထမသင်္ဂါယနာတင်ရာ၌ အရှင်အာနန္ဒာကို မရွေးချယ်လျှင်လည်း မဖြစ်နိုင်ကြောင်း၊ ရွေးချယ်လျှင်လည်း မဖြစ်နိုင်ကြောင်းတို့ကို အသီးသီးဖော်ပြပါ။

**ဖြေ။** အရှင်အာနန္ဒာသည် မြတ်စွာဘုရားဟောကြားထားသော သုတ္တဂေယျစသည်ကို မျက်မှောက်မပြုအပ်သည် မရှိ။ ထို့ကြောင့် သူနှင့်ကင်း၍ သင်္ဂါယနာမတင်နိုင်ပါ၊ သို့ရာတွင် သူသည် သေက္ခပုဂ္ဂိုလ်သာ ဖြစ်နေသောကြောင့် သူ့ကို ရွေးချယ်လို့လည်း မဖြစ်နိုင်ပါ။

**နိဒါန်းဆိုင်ရာအစိပ္ပါယ်ပြီး၏။**

*******

## ဗြဟ္မဇာလသုတ်ဆိုင်ရာ အစိပ္ပာယ်

### အရှင်အာနန္ဒာရရှိသော ဧတဒဂ် (၅)တန်ကို ပါဠိ + မြန်မာတွဲစပ်ပုံ

၁။ ဗဟုဿုတ = ဗဟုသုတရှိသူတို့တွင် အမြတ်ဆုံး။

၂။ ဂတိမန္တ = ပညာလွန်ကဲသူတို့တွင် အမြတ်ဆုံး။

၃။ သတိမန္တ = သတိလွန်ကဲသူတို့တွင် အမြတ်ဆုံး။

၄။ ဓိတိမန္တ = လုံ့လဝီရိယရှိသူတို့တွင် အမြတ်ဆုံး။

၅။ ဥပဋ္ဌာက = လုပ်ကျွေးတတ်သူတို့တွင် အမြတ်ဆုံး။

http://www.dhammadownload.com



# သီလက္ခန်အခိပ္ပါယ်အဖြေစုံ

**မေသဒ္ဒါအနက် (၃)မျိုး**

မေသဒ္ဒါသည် (၁) မယာ = (ကရိဏ်း) အနက်၊
(၂) မယံ = (သမ္ပဒါန်) အနက်၊
(၃) မမ = (သာမိ) အနက်။

**မေး။** ဂါထာဘိဂီတံ–၌ မေသဒ္ဒါသည် အဘယ်ကြောင့် မယာအနက်ကို ဟောကြောင်း ရှင်းလင်းဖြေဆိုပါ။

**ဖြေ။** ဂါထာဘိဂီတံ–၌ အဘိဂီတံပုဒ်သည် အဝုတ္တကတ္တားအနက်ကို ငဲ့သောကြောင့် မယာအနက်ကို ဟောပါသည်။

ဧဝံ မေ သုတံ–၌ မေသဒ္ဒါသည် ကမ္မဘာဝသာဓန မယာအနက်၊ မမအနက် နှစ်မျိုးကို ဟောရာ၌ သုတသဒ္ဒါသည် ကမ္မသာဓန၊ ဘာဝသာဓနတို့၏အစွမ်းဖြင့် အဓိပ္ပါယ်နှစ်မျိုးရှိသော ပုဒ်ဖြစ်သောကြောင့် မယာ သုတံ၊ မမ သုတံ ဟူသော အနက်နှစ်မျိုးသာ ဖြစ်သင့်ပါသည်။

**မေး။** နိယကဇ္ဈတ္တအစဉ်၏အစွမ်းဖြင့် တစ်ခုသော အနက်၌သာလျှင် မေသဒ္ဒါ ထင်ပါလျက် အဘယ်ကို ရည်၍ သုံးပါးသောအနက်တို့၌ ထင်၏။ (တီသု အတ္ထေသု ဒိဿတိ) ဟု ဆိုပါသနည်း။

**ဖြေ။** နိယကဇ္ဈတ္တအစဉ်၏အစွမ်းဖြင့် တစ်ခုသော အနက်၌သာလျှင် မေသဒ္ဒါ ထင်ပါသော်လည်း ကရိဏ်း၊ သမ္ပဒါန်၊ သာမိအနက်ကို ညွှန်းပြခြင်းဖြင့် ထင်ရှားရှိသော ဝိဘတ်ကို ရည်၍ သုံးပါးသော အနက်တို့၌ ထင်၏။ (တီသု အတ္ထေသု ဒိဿတိ) ဟု ဆိုပါသည်။

**မေး။** အရှင်အာနန္ဒာမှတစ်ပါး အခြားရဟန်းတို့သည်လည်း ပြုစုလုပ်ကျွေးကြပါလျက် အရှင်အာနန္ဒာတစ်ပါးတည်းသာ ဥပဋ္ဌာကတေဒဂ် ရရှိခြင်းအကြောင်းကို ဖြေပါ။

**ဖြေ။** အရှင်အာနန္ဒာမှတစ်ပါး အခြားသော ရဟန်းတို့သည် ဘုရားရှင်ကို ပြုစုလုပ်ကျွေးကြပါသော်လည်း ထိုအခြားသော ရဟန်းတို့သည် ဘုရားရှင်စိတ်ကျေနပ်လောက်အောင် မပြုစု မလုပ်ကျွေးနိုင်ကြပါ။ အရှင်အနန္ဒာသည်ကား ဥပဋ္ဌာကအလုပ်အကျွေး ရာထူးကို ရသည့်နေ့မှစ၍ အားထုတ်အပ်သော ဝီရိယရှိသည်ဖြစ်၍ ဘုရားရှင် စိတ်ကျေနပ်လောက်အောင် ပြုစုလုပ်ကျွေးနိုင်ပါသည်။ ထို့ကြောင့် ဥပဋ္ဌာက

http://www.dhammadownload.com



ရဟန်းတို့တွင် အရှင်အာနန္ဒာသည်သာ အသာလွန်ဆုံး ဥပဋ္ဌာကတေဒဂ်ကို ရရှိပါသည်။

မေး။ သဗ္ဗသမ္ပတ္တိယာ ဝုစ္စမာနော–၌ သဗ္ဗသမ္ပတ္တိသရုပ်ကို ထုတ်ပြပါ။

ဖြေ။ အတ္တသမ္ပတ္တိ၊ ဗျဥ္ဇနသမ္ပတ္တိ၊ ဒေသကသမ္ပတ္တိ၊ ပယောဇနသမ္ပတ္တိ စသည်တို့ဖြစ်ပါသည်။

မေး။ အဝိက္ခေပဖြင့် သပ္ပုရိသူပနိဿယပြီးစီးပုံ မပြဆိုခြင်းအကြောင်းကို ရေးပါ။

ဖြေ။ စိတ်ပျံ့လွင့်သောပုဂ္ဂိုလ်၏ သူတော်သူမြတ်တို့ကို မှီခိုဆည်းကပ်ခြင်း ဟူသော သပ္ပုရိသူပနိဿယ၏ မရှိခြင်းမှာ လောကမျက်မြင်အားဖြင့် ထင်ရှားနေသောကြောင့် အဝိက္ခေပဖြင့် သပ္ပုရိသူပနိဿယပြီးစီးပြည့်စုံပုံကို အထူးမဆိုတော့ပါ။

မေး။ မည်သို့ဆိုလျှင် ''ဗဟု စ ဝတ္တဗ္ဗံ ဟောတိ'' ဖြစ်သည်ကို ပေါ်လွင်အောင် ဝိနိစ္ဆယချပါ။

ဖြေ။ ကာလပြားသလောက် ဆိုအပ်သည်၏အဖြစ်ကြောင့် ''ဗဟု စ ဝတ္တဗ္ဗံ ဟောတိ'' ဖြစ်သည်။ ရှင်းဦးအံ့၊ ပြဟ္မဇာလသုတ်ဟောသော ကာလက တခြား၊ သာမညဖလသုတ် ဟောသော ကာလက တခြား။ ဤသို့စသည်ဖြင့် ကာလဘေဒ များနေသည်၏အဖြစ်ကြောင့် ''ဗဟု စ ဝတ္တဗ္ဗံ ဟောတိ''ဖြစ်၏။

**နှတ်လူတို့၌ ထင်ရှားသော ကာလများ**

၁။ မြတ်စွာဘုရား ပဋိသန္ဓေနေတော်မူရာအခါ၊
၂။ ဖွားမြင်တော်မူရာအခါ၊
၃။ သံဝေဂရတော်မူရာအခါ၊
၄။ တောထွက်တော်မူရာအခါ၊
၅။ ဒုက္ကရစရိယာကျင့်တော်မူရာအခါ၊
၆။ မာရ်နတ်ကို အောင်မြင်တော်မူရာအခါ၊
၇။ သစ္စာလေးပါးထိုးထွင်း၍ သိတော်မူရာအခါ၊
၈။ ဈာန် မဂ် ဖိုလ်၊ သမာပတ်တို့ဖြင့် ချမ်းချမ်းသာသာ နေတော်မူရာအခါ၊
၉။ တရားဟောတော်မူရာအခါ၊
၁၀။ ပရိနိဗ္ဗာန်စံတော်မူရာအခါ စသည်တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



## ကောသာလကဟု အမည်ရပုံ

နောင်အခါ၌ ဘုန်းတန်ခိုးကြီးသော ပေါဋ္ဌပါဒပရိဗိုဇ်ကို အကြောင်းပြု၍ ဇရပ်များစွာ ရှိသော်လည်း အစပဌမ၌ ဇရပ်တစ်ဆောင်သာရှိသောကြောင့် ထိုပဌမနာမည်တွင် နေရကား အတွင်းရှိ၍ ဘူတပုဗ္ဗဂတိကနည်းအားဖြင့် ''ကောသာလက''ဟုပင် အမည်ရသည်။

## ခဏာသမဝါယဟေတုသခ်ီတသဿ–၌ ခဏာအရ

ရပ်ပြစ်ရှစ်ပါးမှလွတ်သော ဗုဒ္ဓုပ္ပါဒနဝမက္ခဏာကိုယူရပါသည်။ သမ္ဘတ္တိစက်လေးပါးကို တစ်ပေါင်းတည်းပြု၍ ကုသိုလ်ဖြစ်ရန် အခွင့်အခါဟု သိအပ်၏။

## ဘုရားရှင်သည်သာ သတ္တဝါအားလုံးတို့၏ အမြတ်ဆုံး ဂါရဝဋ္ဌာနဖြစ်ပုံ

မြတ်စွာဘုရားသည် ဥပမာမပြုနိုင်လောက်အောင် အစွမ်းသတ္တိရှိသော သီလစသော ဂုဏ်တော်အထူးနှင့် ပြည့်စုံတော်မူသောကြောင့်၎င်း၊ အလုံးစုံသော ကျေးဇူးမဲ့ကို ပယ်ရှားခြင်း ရှေ့သွားရှိသည်ဖြစ်၍ အကြွင်းမရှိအောင် စီးပွားချမ်းသာကို ဆောင်သော ကာယပယောဂ၊ ဝစီပယောဂ၊ မနောပယောဂ၏ ပြည့်စုံခြင်းအားဖြင့် သတ္တဝါအပေါင်း ကျေးဇူးဥပကာရကို စင်စစ်ပြုတော်မူလေ့ရှိသောကြောင့်၎င်း၊ အနန္တလောကဓာတ်၌ အနန္တသတ္တဝါတို့၏ အမြတ်ဆုံး ''ဂါရဝဋ္ဌာန'' ဖြစ်တော်မူပါသည်။

## ဂရုံ လောကေ ''ဘဂဝါ''တိ ဝဒန္တိ–ဖြင့် ပြသောအဓိပ္ပါယ်

လောကေသဒ္ဒါဖြင့် သက်သက် သာသနာတော်၌သာ ဆရာကို ''ဘဂဝါ'' ခေါ်ဆိုရိုးရှိကုန်သည် မဟုတ်သေး၊ လောက၌လည်း ဆရာကို ကျော်ကြားထီးတန္တြ အလေးဂရု ပြုအပ်သော အနက်ကြောင့် ဘဂဝါဟု ခေါ်ဆိုရိုးရှိကြကုန်၏ ဟူသော သင်္ကေတသိဒ္ဓိကို ပြပါသည်။

ပေါရာဏောဟိပိ–၌ ပေါရာဏာအရ အဋ္ဌကထာဆရာများကို ယူရမည်။

**မေး။** ဘိက္ခုသံဃေန–၌ သံဃအရ အံရိယ၊ အနရိယ သံဃာတို့တွင် အဘယ်သံဃာကို ယူသင့်သည်ဟု အကြောင်းပြဖြေဆိုပါ။

http://www.dhammadownload.com



ဖြေ။ သိက္ခာသံဃအရ အရိယ၊ အနရိယ သံဃာတို့တွင် အရိယာသံဃာကိုသာ ယူရပါမည်။

အကြောင်းကား – အပ္ပိစ္ဆတာဒိဂုဏာသမန္နာဂတတ္တာဟု အဋ္ဌကထာဆိုသောကြောင့်၎င်း၊ သီဠီသစ်၌လည်း အပ္ပိစ္ဆတာကို နိလ္လောဘတာ (လောဘ မရှိ)ဟု ဖွင့်သောကြောင့်၎င်း၊ အပ္ပိစ္ဆတာ၊ နည်းသောအလိုရှိ၏ ဟု သဒ္ဒါကား အကြွင်းရှိသော သာဝသေသပင်ဖြစ်သော်လည်း အနက်ကား အပ္ပိစ္ဆ၊ လောဘမရှိဟု နိရဝသေသ ဖြစ်သောကြောင့်၎င်း၊ အာစရိယဓမ္မပါလမထေရ်၏ အလိုအားဖြင့် အပ္ပသဒ္ဒါ၏ အပ္ပါဗာဓတေဋ္ဌ သဥ္ဇာနာမိ–၌ကဲ့သို့ သဘာဝအနက်ဟော၏အဖြစ်ကြောင့်၎င်း နိလ္လောဘဖြစ်သော အရိယာသံဃာကိုသာ ယူရပါမည်။

မေး။ အတ္တူဒ္ဓါရပြရာ၌ အန္တရိကသဒ္ဒါ၊ အန္တရသဒ္ဒါတို့ကို ဆိုခြင်းအကြောင်းကို ရေးပါ။

ဖြေ။ အန္တရိကသဒ္ဒါ၊ အန္တရသဒ္ဒါတို့ဖြင့် အန္တရာသဒ္ဒါ၏ အနက်တူဖြစ်သောကြောင့်၎င်း၊ အန္တရိက၌ ဣကပစ္စည်း သွတ္တအနက်၌ သက်သောကြောင့်၎င်း၊ အတ္တူဒ္ဓါရပြရာ၌ အန္တရိကသဒ္ဒါ အန္တရသဒ္ဒါတို့ကို ဆိုရပါသည်။

## အပိစာယံ ဘိက္ခဝေ တပေါဒါ ဒွိန္နံ မဟာနိရယာနံ အန္တရိကာယ အာဂစ္ဆတိ–၌ မှတ်သားဖွယ် အဓိပ္ပါယ်

တပေါဒါမြစ်မှစ၍ ဖြစ်ခဲ့ရာသည် အောက်နဂါးပြည်တည်း။ ထိုနေရာ၌ ရေကန်သည် အလွန်ကြည်လင်အေးမြ၏။ ထိုသို့ မူလအစက ကောင်းမွန်ပြည့်စုံပါသော်လည်း အထက်သို့ တက်လာသောအခါ ရာဇဂြိုဟ်ပြည် ပတ်ပတ်လည်၌ရှိသော လောဟကုမ္ဘီငရဲကြီးနှစ်လုံး၏ အကြားမှစီး၍ တက်ခဲ့ရသောကြောင့် ရေပူရှိသော တပေါဒါမြစ်အဖြစ်ဖြင့် တည်ရှိရလေသည်။

ဒွိန္နံ မဟာနိရယာနံ တို့၏ သန္နာယဘာသိတကား – လောဟကုမ္ဘီငရဲဖြစ်သည်။

မေး။ ဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ = ဟူသော ပါဠိရပ်တို့ဖြင့် မည်သည့်သမ္ပတ္တိကို ပြပါသနည်း။ အသီးသီး ဖြေဆိုပါ။

ဖြေ။ ဝံ ဟူသော ပါဠိရပ်ဖြင့် ဒေသနာသမ္ပတ္တိ (ဒေသနာဝစီဘေဒသဒ္ဒ)၏ ပြည့်စုံခြင်းကို ညွှန်ပြပါသည်။

မေ. သုတံ–ဖြင့် သာဝကသမ္ပတ္တိ (ကြားနာသောသူ)၏ ပြည့်စုံခြင်းကို ပြပါသည်။

ဘဂဝါ–ဖြင့် ဒေသကသမ္ပတ္တိ (တရားဟောသောပုဂ္ဂိုလ်)၏ ပြည့်စုံခြင်းကို ပြပါသည်။

http://www.dhammadownload.com



**မေး။** အဘယ်ကို အဗ္ဗါနမဂ္ဂဟု ခေါ်နိုင်ပါသနည်း။ ရာဇဂဟာနှင့်နာဠန္ဒာသည် အဘယ်မျှ ဝေးပါသနည်း။

**ဖြေ။** ယူဇနာဝက်မျှဝေးသော ခရီးသည်ပင် အဗ္ဗါနမဂ္ဂ မည်ပါသည်။ ရာဇဂြိုဟ်နှင့် နာဠန္ဒာသည် တစ်ယူဇနာ ဝေးကွာပါသည်။

**မေး။** အန္တရာသဒ္ဒါတစ်ခုသာ ယှဉ်လျက် အနက်အားဖြင့် နှစ်ကြိမ်ယောဇနာရခြင်း၏ အကြောင်းကို ရေးပါ။

**ဖြေ။** တစ်ခုသောပုဒ်၏လည်း အာဝုတ္တိစသော နည်းအားဖြင့် အနက်အများအပြား ပြီးစီးသောကြောင့် အန္တရာသဒ္ဒါတစ်ခုနှင့်သာ ယှဉ်သော်လည်း အနက်အားဖြင့် နှစ်ကြိမ် ယောဇနာရပါသည်။

## အဓွန့်ရှည်သောခရီးသို့ ကြွတော်မူရခြင်းအကြောင်း

မြတ်စွာဘုရားသည် ဗြဟ္မဇာလသုတ်ကို ဟောတော်မူလိုသောကြောင့်ဖြစ်သည်။

အဗ္ဗါနအရ – ခရီးအဓွန့်၊ ကာလအဓွန့် နှစ်မျိုးတို့တွင် မဂ္ဂသဒ္ဒါကို ထောက်၍ ခရီးအဓွန့်ကို ယူရမည်။

**မေး။** အဗုယောဇနာ–၌ အဗုယောဇနဟူသည် အဘယ်နည်း။ အဘယ့်ကြောင့် အဗ္ဗါန မဂ္ဂပဋိပန္နောဟု ဆိုသနည်း။

**ဖြေ။** ခရီးနှစ်ဂါဝုတ်မျှတည်း။ ဤ၌ကား လေးဂါဝုတ်ပမာဏသည် တစ်ယူဇနာသာ ဖြစ်၏။ ထို့ကြောင့် ''အဗ္ဗါနမဂ္ဂပဋိပန္နော''ဟု ဆိုပါသည်။

အပ္ပိစ္ဆတာဒိ၌ အာဒိသဒ္ဒါဖြင့်–သန္တုဋ္ဌိတာ၊ ပဝိဝေကတာ၊ ဝီရိယာရမ္ဘတာ စသည်ကို ယူရပါသည်။

ဒိဋ္ဌိသီလသာမညေန–၌ ဒိဋ္ဌိအရ သမ္မာဒိဋ္ဌိကို ယူရပါသည်။

သီလအရ သမ္မာဝါစာ,သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဟူသော သီလကို ရပါသည်။

## ဒိဋ္ဌိသီလသာမည၌ ပုထုဇဉ်ရဟန်းများပါဝင်ခွင့် ရှိ,မရှိ ယုတ္တိပြ၍ ဆုံးဖြတ်ပုံ

ယထာရူပါယ ဒိဋ္ဌိယာ ဒိဋ္ဌိသာမညဂတော ဝိဟရတိ၊ တထာရူပေသု သီလေသု သီလသာမညဂတော ဝိဟရတိ''ဟု ဆိုသောကြောင့် ဒိဋ္ဌိသာမည၌ ပုထုဇဉ် ရဟန်းများ ပါဝင်ခွင့် ရှိသည်။

http://www.dhammadownload.com



ယထာရူပါယ ဒိဋ္ဌိယာ ဒိဋ္ဌိသာမညဂတော ဝိဟရတိ၊ တထာရူပေသု သီလေသု သီလသာမညဂတော ဝိဟရတိ–ဟု ဆိုသောကြောင့် ပုထုဇဉ်ရဟန်းတို့ကိုလည်း အယူ သီလတူမျှသည်၏အဖြစ်ဖြင့် ပေါင်းအပ်သည်၏အဖြစ်ကို ရအပ်၏

## ခေါသဒ္ဒါအနက်နှင့် အဓိပ္ပါယ်

ခေါကာရော ပဒသန္ဓိကရော (ပ) ဝုတ္တော ဝါကျအဖွင့်အလို ခေါအတွက် အနက်ပေးဖွယ် မလို၊ ရှေ့ပုဒ် နောက်ပုဒ်တို့ကို ပြည့်စေတတ်သော ပဒပူရဏမျှသာ ဋီကာတို့၌ကား အသောသိ ၌ ခေါကဲ့သို့ ပဒပူရဏအနက်အပြင် အဝဓာရဏအနက် ကိုလည်း ဖွင့်ကြသေး၏။ ထိုအလို ''ဟောတိ ခေါ၊ ဖြစ်သည်သာ''ဟု ပေး၍ ထိုခေါသဒ္ဒါဖြင့် ''ခရီးသွားဖို့ကိစ္စ၌ တစ်စုံတစ်ခု အနှောင့်အယှက် မရှိပါ။

**မေး။** ပုဂ္ဂလသမ္ဗန္ဓနအနက်ရှိသော ပိသဒ္ဒါ၏ သမ္ဗန္ဓနာကာရကို ဖော်ပြ၍ ခေါသဒ္ဒါကို အဝဓာရဏတ္တကြံသော် ဖြစ်သင့်သောအဓိပ္ပါယ်ကို ရေးပါ။

**ဖြေ။** ပိသဒ္ဒါ၏ သမ္ဗန္ဓနာကာရကား သက်သက်မြတ်စွာဘုရားသည်သာ ရဟန်း အပေါင်းနှင့်တကွ အဓွန့်ရှည်သော ခရီးသို့ ကြွသွားသည် မဟုတ်သေး၊ စင်စစ် သုပ္ပိယပရိဗိုဇ်သည်လည်း ဗြဟ္မဒတ်လုလင်နှင့်တကွ အဓွန့်ရှည်သော ခရီးသို့ သွားသတည်းဟု ပုဂ္ဂိုလ်ကို ပေါင်းပါသည်။

ခေါသဒ္ဒါကို အဝဓာရဏတ္တကြံသော် သုပ္ပိယပရိဗိုဇ်သည်လည်း အဓွန့်ရှည်သော ခရီးသို့ သွားသည်သာလျှင်တည်း။ ယင်းသုပ္ပိယပရိဗိုဇ်၏ ခရီးသွားခြင်း၌ တစ်စုံ တစ်ခုသော အန္တရာယ်သည်မဖြစ် ဤသို့သော အဓိပ္ပါယ်ဖြစ်သင့်ပါသည်။

## ယဒါ တဒါ ပါဌ်ဖြင့် ပြအပ်သောအဓိပ္ပါယ်

မြတ်စွာဘုရားနှင့် သုပ္ပိယပရိဗိုဇ်တို့ ခရီးသွားရာ၌ အချိန်ကာလပြိုင်တူကျနေ ကြောင်းကို ပြသည်။

**မေး။** ဒေဝဒူတမည်ခြင်းအကြောင်းကို ဖော်ပြ၍ ဒေဝဒူတသရုပ်ကိုလည်း ဖော်ပြပါ။

**ဖြေ။** သေမင်း၏တမန်ဖြစ်သောကြောင့်၎င်း၊ (နိသျအလို) ဒေဝါ ဝိယ ဒူတာ၊ ဒေဝဒူတာ– ဝိသုဒ္ဓိနတ်နှင့်တူသော တမန်ဖြစ်သောကြောင့်၎င်း၊

http://www.dhammadownload.com



ဒေဝါနံ ဝိသုဒ္ဓိ, ဒေဝါနံ ဒူတာ ဒေဝဒူတာ–ဝိသုဒ္ဓိနတ်တို့၏ တမန်ဖြစ်သော ကြောင်ငှင်း ဒေဝဒူတ မည်ပါသည်။

**ဒေဝဒူတသရုပ်**

(၁) ဒဟရကုမာရ = သူငယ်၊
(၂) ဇရာဇိဏ္ဏသတ္တ = သူအို၊
(၃) ဂိလာန = သူနာ၊
(၄) ကမ္မကာရဏာ = ညှဉ်းပန်းနှိပ်စက်မှု (ကံကြမ္မာ)
(၅) ကမ္မကာရဏိက = ညှဉ်းပန်းနှိပ်စက်မှုကို ပြုတတ်သော ပါးကွက် အာဏာသား။
(၆) မတသတ္တ = သူသေ။

**တရုဏအမည်ရသောသူ၏ အသက်အရွယ် အပိုင်းအခြား ခွဲခြားပုံ**

ဖွားမြင်သည်မှစ၍ ၁၆–နှစ်အရွယ် (၁၆–နှစ်အတွင်း) တိုင်အောင် ဗာလ (သူငယ်) ဟု ခေါ်ပါသည်။ ၁၆–နှစ်မှစ၍ အသက် ၂၀–နှစ်အရွယ်တိုင်အောင် ''တရုဏ'' (လုလင်ပျို) ဟု ခေါ်ပါသည်။

**လောကီကျမ်းအလို** ။ ။၁၂–နှစ်မှစ၍ အိုမင်းရင့်ရော်ခြင်း၊ ဇရာအပိုင်းသို့ မရောက် သေးသမျှကို ''တရုဏ''ဟု ခေါ်သည်။

**မေး**။ မာဏဝသဒ္ဒါ၏ အတ္ထုဒ္ဓါရတို့ကို သာမညဝိသေသအားဖြင့် ခွဲခြားပြပါ။

**ဖြေ**။ မာဏဝသဒ္ဒါသည် သတ္တ၊ စောရ၊ တရုဏ အနက်သုံးမျိုးကို ဟောသည်။ သတ္တောကား သာမညအတ္ထုဒ္ဓါရ။ စောရော, တရုဏောကား – ဝိသေသ အတ္ထုဒ္ဓါရတည်း။

အနေကဝိဓေန ကာရဏေန–၌ ကာရဏသဒ္ဒါသည် ကွဲရဲ့ခြင်း မဟုတ် မမှန်သောကြောင့် ကာရဏပတိရူပ [ကာရဏအတု] သာဖြစ်၍ ကေသကာရဏ (ကာရဏအစစ်) မဟုတ်ပါ။

**မေး**။ ရတနာသုံးပါးကို ကဲ့ရဲ့သော ဆရာသုပ္ပိယအပေါ် တပည့်ဗြဟ္မဒတ်၏ ကရုဏာဖြစ်ပုံ, သံဝေဂဖြစ်ပုံတို့ကို ဖြေဆိုပါ။

http://www.dhammadownload.com



ဖြေ။ ငါတို့ဆရာ သုပ္ပိယသည် မသုံးသပ်ထိုက်သော အရိယူပဝါဒကံကို သုံးသပ်ဘိ၏။ မနင်းကျော်ထိုက်သော အရိယုပဝါဒကံကို နင်းကျော်ဘိ၏။ ထိုသို့သော ဤဆရာသည် မီးကို မျိုသူ၊ သံလျက်သွားကို လက်ဖြင့် သုံးသပ်သူ၊ မြင်းမိုရ်တောင်ကို လက်သီးဖြင့် ဖောက်ခွဲလိုသူ၊ ကြမ်းတမ်းသော လွှသွားကို ပုတ်ခတ်ကစားသူ၊ မုန်ယိုနေသော ဆင်ကြမ်းကို လက်ဖြင့် ကိုင်သူတို့ကဲ့သို့ ချီးမွမ်းထိုက်သော ရတနာသုံးပါးကို ကဲ့ရဲ့ပြောဆိုခြင်းကြောင့် စီးပွားမဲ့ပျက်စီးခြင်းသို့ ရောက်ရှာပေတော့မည်။

မေး။ သုပ္ပိယပရိဗုဇ်သည် များစွာသော အကြောင်းဖြင့် မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကိုဆိုရာ၌ သုပ္ပိယဆိုသော အကြောင်း (ကာရဏ) သည် အဘယ်ကာရဏမျိုး ဖြစ်ပါသနည်း၊ ဖြေဆိုပါ။

ဖြေ။ သုပ္ပိယဆိုသောအကြောင်း (ကာရဏ)သည် ကာရဏပတိရူပကအကြောင်းအရာမျှသာ ဖြစ်ပါသည်။ ထို့ကြောင့် အဋ္ဌကထာဆရာသည် ''အကာရဏမေဝ ကာရဏတော ဝတွာ''ဟု ဆိုပါသည်။

မေး။ အပရာမသိတဗ္ဗကံ ပရာမသတိ၊ အနက္ကမိတဗ္ဗကံ အက္ကမတိ-၌ အပရာမသိတဗ္ဗကံ၊ အနက္ကမိတဗ္ဗကံအရကို ဖော်ပြပါ။

ဖြေ။ အပရာမသိတဗ္ဗကံ၊ အနက္ကမိတဗ္ဗကံအရကား အရိယာပုဂ္ဂိုလ်တို့ကို စွပ်စွဲကဲ့ရဲ့ခြင်း အရိယူပဝါဒကံသာတည်း။

မေး။ ဗြဟ္မဒတ်လုလင်သည် ဆရာဖြစ်သော သုပ္ပိယပရိဗိုဇ်ကဲ့သို့ ဘုရား စသည်တို့အား အဘယ့်ကြောင့် မစွပ်စွဲ မကဲ့ရဲ့ပါသနည်း။

ဖြေ။ ဗြဟ္မဒတ်လုလင်သည် ပညာရှိသဘောရှိသောကြောင့် သုပ္ပိယပရိဗိုဇ်ကဲ့သို့ ဘုရား စသည်တို့အား မစွပ်စွဲ မကဲ့ရဲ့ပါ။

**ပုန ဣတရော အဝဏ္ဏံ၊ ဣတရော ဝဏ္ဏန္တိဟူသော ဝါကျကို ဆိုရပုံ**

ဆရာ တပည့်နှစ်ဦးတို့ဝါဒကွဲပြားကြောင်း ပြဆိုရာ၌ တစ်ကြိမ်သာ ဆန့်ကျင်ဘက်စကား ဆိုသည်ဟု ညွှန်ပြသလို ဖြစ်နေ၏။

''ဥဇုဝိပစ္စနီကဝါဒါ''ဟု ဆိုသောကြောင့် အကြိမ်များစွာသာလျှင် ဆန့်ကျင်ဘက်စကား ဆိုကြကုန်၏ဟု အဓိပ္ပါယ်အထူး ထွက်လာသည်။ ထိုအဓိပ္ပါယ်အထူးကို သိစေလို၍ ယင်းဝါကျကို ဆက်မိန့်ပါသည်။

http://www.dhammadownload.com



## သီလက္ခန်အခ်ိပ္ပါယ်အဖြေနှံ့

ကြိယာပဓာနဒုဗန္ဓနေန ဟူသော ဝိသေသနဖြင့် သမ္မာပဋိပတ္တိအနုဗန္ဓနကို ကန့်သည်။ သွားခြင်း ကြိယာပုဒ်ဖြင့်သာ အစဉ်လိုက်ကြသည်အခါ ဘုရားနှင့် သံဃာတော်များ ကျင့်တော်မူသကဲ့သို့ကား ကောင်းသောအကျင့်အားဖြင့် အစဉ်မလိုက်နိုင်ကြပါဟူလို။

## ကေစိအဆိုမသင့်

မြတ်စွာဘုရား၏ ဆန့်ကျင်ခြင်း လိုက်လျောခြင်းရှိသည်၏အဖြစ်ကို စူးစမ်းခြင်း အကျိုးငှါ သုပ္ပိယပရိဗိုဇ်နှင့်ဗြဟ္မဒတ်လုလင်တို့က ကဲ့ရဲ့ပြစ်တင်ခြင်းနှင့် ဂုဏ်ကျေးဇူးကို ပြောဆိုကြပါသည်။ ''မာရ်နတ်ပူးဝင်ခံကြရ၍ ပြောဆိုကုန်၏''ဟု ကေစိဆရာတို့က ဆိုကြပါသည်။ အဋ္ဌကထာနှင့်ဖြောင့်ဖြောင့်ဆန့်ကျင်နေသောကြောင့် ကေစိအဆို မသင့်။

## အနုသယဝါဒ-၌ အာဒိသဒ္ဒါ၏ အာဒိဝန္တဖော်ပြပုံ

အာဒိသဒ္ဒါ၏ အာဒိဝန္တကား အာကာရပရိဝိတက္က = မိမိကိုယ်တိုင်အကြောင်းကို ကြံခြင်း၊ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ = မိမိဉာဏ်အမြင်ဖြင့် ရှုဆင်ခြင်၍ နှစ်သက်ခြင်းတို့တည်း။

အမ္ဗလဋ္ဌိကာဟူသည် ရွာတံခါး၏အနီး၌ နုပျိုသောသရက်ပင်ရှိသော ရွာတစ်ရွာ၏ အမည်ဖြစ်သည်။

ရာဇာဂါရက ဟူသည် ဝေဿဝဏ်နတ်မင်း၏ နတ်ကွန်းဖြစ်သည်။

## သုပ္ပိယပရိဗိုဇ် နားနေရခြင်း လိုရင်းအဓိပ္ပါယ်

ရဟန်းဂေါတမ၏ အာနုဘော်တော်ကြောင့် ဘေးရန်မရှိခြင်းအကျိုးငှါ ယခုအခါ ဥယျာဉ်၌ တစ်ညအိပ်၍ နက်ဖန်မှ သွားတော့မည်။

**မေး။** ဝိနည်းဒေသနာ၌ သုံးယောက်သော ရဟန်းတို့ကို သမ္ဗဟုလာ၊ ထို့ထက်ပိုလွန်သော ရဟန်းတို့ကို သံဃာဟု ဆိုရာ၌ အကြောင်းသွင်း၍ ဖြေရှင်းခဲ့ပါ။

**ဖြေ။** **သမ္ဗဟုလာဟု ဆိုရပုံ** – အယုတ်ဆုံးအပိုင်းအခြားအားဖြင့် စတုဝဂ္ဂသံဃာသည်သာလျှင် ဝိနည်းကံကို ပြုသင့်ပြုထိုက်သည်၏အဖြစ်ကြောင့် သုံးပါးကို သမ္ဗဟုလာဟု ဆိုပါသည်။ ထိုထက် ပိုလွန်သောရဟန်းတို့ကို သံဃာဟု ဝိနည်းဒေသနာ၌ ဆိုပါသည်

http://www.dhammadownload.com



ဇာယော ဇနာ ဟူသည် ဥပလက္ခဏာနည်းဖြင့် ဆိုထားခြင်းဖြစ်သောကြောင့် နှစ်ပါးသော ရဟန်းတို့ကိုလည်း သမ္မဟုလာ ဟူ၍ပင် ဆိုရသည်။

## ဣာမ ပန နိသီဒနသာလာ ''မဏ္ဍလမာဠော''တိ ဝုစ္စတိ ပါဌ်ဖြင့် ပြအပ်သော အဓိပ္ပါယ်

ယင်းဝါကျဖြင့် အကြင်ဇရပ်၌ ဆည်းကပ်ခြင်းမျှကို ပြုလုပ်ကုန်၏။ တစ်ညဥ့် နှစ်ညဥ့် စသည်အစွမ်းဖြင့် နေထိုင်ခြင်းကို မပြုကုန်။ ဤပြဟ္မဇာလသုတ် မဏ္ဍလ မာဠ၌ကား ထိုကဲ့သို့ပြုအပ်သော သာမန်ထိုင်နေစရာဇရပ်သာတည်းဟု ပြပါသည်။

## အနုတ္တရံ သမ္မာသမ္ဗောဓိ ခေါ်ဆိုပုံ

အရဟတ္တမဂ်ဉာဏ်လျှင်နီးစွာသော အကြောင်းရှိသော သဗ္ဗညုတဉာဏ်တော်ကို ၎င်း၊ သဗ္ဗညုတဉာဏ်တော်၏ နီးစွာသောကြောင့်ဖြစ်သော အရဟတ္တ မဂ်ဉာဏ်တော် ကို၎င်း ''အနုတ္တရသမ္မာသမ္ဗောဓိ'' ဟု ခေါ်ပါသည်။ ရာဇာဘိသိက်သည် မင်းအား တစ်လောကလုံး အစိုးရခြင်းကို ပေးသကဲ့သို့ ထို''သမ္မာသမ္ဗောဓိ''သည် ဘုရားရှင် တို့အား သဗ္ဗဂုဏသမ္ပတ္တိကို ပေး၏။ ထို့ကြောင့် ''အနုတ္တရံသမ္မာသမ္ဗောဓိ''ဟု ဆိုရပါသည်။

ဟံသာဝဋ္ဋကစ္ဆန္ဒ၏ အမည်တမျိုး သုပဏ္ဏဝဋ္ဋက်စ္ဆဒနတည်း။

**အရိနံ ဟတတ္တာ၌ အရိနံ အရ** – ကိလေသာတည်းဟူသော ရန်သူ၊ (တစ်နည်း) မာရ်ငါးပါးတည်းဟူသော ရန်သူ၊ (တစ်နည်း) သာသနာတော်၏ ဆန့်ကျင်ဘက်ဖြစ်သော အညတိတ္ထိယ တည်းဟူသော ရန်သူတို့ကို ယူရသည်။

## နာနာဓိမုတ္တိကတာဟု ဆိုရခြင်းအကြောင်း

ပါဠိတော်၌ ဟီနပဏီတအပြားအားဖြင့် အဓိမုတ္တိနှစ်မျိုးအကြောင်းကို ဆိုသော် လည်း ပြစ်ပုံအခြင်းအရာ၏အစွမ်းဖြင့် များသောအပြားဖြင့် ကွဲပြားကုန်သောကြောင့် နာနာဓိမုတ္တိကတာဟု ဆိုသည်။

http://www.dhammadownload.com



## ဝိဝိတ္တာသနေ ဝိတိနာမေတွာ ဟု ဆိုထားပုံ

ဖလသမာပတ်ဝင်စားတော်မူခြင်းသည် ဝိဝေကသို့ ညွတ်ကိုင်းသောကြောင့် မဟုတ်။ သူတစ်ပါးတို့၏ မြင်အပ်သော အယူသို့ အတူလိုက်ခြင်းအကျိုးငှါ ဝင်စားတော်မူပါသည်။

**မေး။** မြတ်စွာဘုရား၏ ရောင်ခြည်တော်ကို ပြရာ၌ အသီတိဟတ္ထပမာဏော (အတောင်ရှစ်ဆယ်) ဟုငင်း ဗျာမပ္ပဘာ (တစ်လံ) ဟုငင်း၊ အဆိုအသီးသီးရှိကြရာ စကားနှစ်ရပ် မဆန့်ကျင်အောင် နှီးနှောဖြေဆိုပါ။

**ဖြေ။** ဃနီဘူတရောင်ခြည်တော်ကို ရည်၍ အသီတိဟတ္ထပမာဏော ပဒေသေဟု ဆိုသည်၊ ဃနရောင်ခြည်တော်မူကား တစ်လံမျှရှိရကား ယင်းစကားနှစ်ရပ် မဆန့်ကျင်ပါ။ မှန်၏၊ ဃနရောင်ခြည်တော်ဟူသည် ကိုယ်တော်နှင့်တစ်စပ်တည်းဖြစ်သော ရောင်ခြည်တော်တည်း၊ ဃနီဘူတရောင်ခြည်တော်ဟူသည် ထိုဃနရောင်ခြည်တော်၏ အလင်းရောင်တည်း။ ဥပမာ–မီးခြစ်ဆံ မီးတောက်နှင့် အလင်းရောင်ကဲ့သို့တည်း။ ဃနရောင်ခြည်သည် မီးခြစ်ဆံမီး၏ မီးတောက်နှင့် တူ၍ ဃနီဘူတရောင်ခြည်သည် မီးခြစ်ဆံမီးတောက်မှ အလင်းနှင့် တူပေသည်။

## ''ပညတ္တေ အာသနေ နိသီဒိ''ဟု ဆိုရပုံ

ဤစည်းဝေးရာဇရပ်၌ အများအတွက် ခေတ္တသုံးစွဲဘို့ထားသောနေရာ ရှိ၏။ ထိုထိုင်နေရာကို ခါ၍ ခင်ပြီးလျှင် ဘုရားရှင်နေရာတော်ကို ဝန်းရံလျက် ရဟန်းတို့သည် မြတ်စွာဘုရား၏ အဓိမုတ္တိဉာဏ်ကို အကြောင်းပြု၍ ဂုဏ်ကို ချီးမွမ်းကုန်လျက် ထိုင်နေကြကုန်၏။ ထိုထိုင်နေရာအခင်းကို ရည်ရွယ်၍ ''ပညတ္တေ အာသနေ နိသီဒိ''ဟု ဆိုပါသည်။

**မေး။** ပညတ္တေ အာသနေ နိသီဒိ–၌ ရဟန်းတို့တွင် ခင်းစရာအင်းပျဉ်စသည် မရှိသော် အဘာယ်အရာဝတ္ထုကို ခင်းရမည်နည်း။

**ဖြေ။** ရဟန်းတို့သည် ခင်းစရာအင်းပျဉ်စသည် မရှိခဲ့သော် သစ်ရွက်ဟောင်းတို့ကို စုပုံ၍ ထိုသစ်ရွက်ဟောင်းပေါ်၌ ပံ့သကူသင်္ကန်းကို ဖြန့်ခင်းရမည်။

http://www.dhammadownload.com



## ''ဇာနန္တော၀''ဟု မိန့်ရခြင်းအကြောင်း

''ကာမံ သံခိယမ္ဓံ ဝိဒိတွာ''ဟု ပါဠိတော်၌ ဆိုသောကြောင့် ဘုရားရှင်သည် ထိုရဟန်းတို့ ပြောဆိုအပ်သော စကားကို သိတော်မူပြီးဖြစ်ကြောင်း ထင်ရှား၏။ ထို့ကြောင့် ''ဇာနန္တော၀''ဟု မိန့်ရခြင်းဖြစ်ပါသည်။

ကထာဝတ္ထုမရှိလျှင်–အထက်အထက်၌ ဟောထိုက်သောစကားထူး အဆက်ဆက် မပေါ်ထွက်နိုင်သောကြောင့် ကထာသမုဋ္ဌာပနအကျိုးငှာ မေးတော်မူပါသည်။

မေး။ ဓမ္မနေတ္တိ–၌ ဓမ္မအရ အဘယ်ဓမ္မကို ယူရမည်နည်း။ အကြောင်းပြဖြေဆိုပါ။

ဖြေ။ ဓမ္မနေတ္တိ–၌ ဓမ္မအရ – ဆယ်ပါးသော ဓမ္မတို့တွင် ပရိယတ္တိဓမ္မကို ယူရပါသည်။ အကြောင်းကား ပရိယတ္တိဓမ္မသည်သာလျှင် သဒ္ဓမ္မသို့ ဆောင်တတ်သော သကတ် အနက်ကြောင့်တည်း။

မေး။ ဟတ္ထတလေ ထပိတံ အာမလကံ ဝိယ–၌ အာမလက ဝိယ ပုဒ်ကို ရှစ်ရှားသီးကဲ့သို့ ဟု အနက်သမ္ဗန်ရာ သင့်/မသင့် အကြောင်းချင့်၍ ဆိုးဖြတ်ပါ။

ဖြေ။ အာမလကံ ဝိယ ပုဒ်ကို ရှစ်ရှားသီးကဲ့သို့ဟု အနက်သမ္ဗန်ရန် မသင့်ပါ။ အကြောင်းကား နတ္ထိ မလံ ဧတဿာတိ အမလံ၊ အမလံယေ၀ အာမလကံပြု၍ အညစ်အကြေးကင်းသော ပတ္တမြားကို ယူသင့်သောကြောင့်တည်း။

မေး။ သဗ္ဗဓမ္မာနံ ဗုဒ္ဓတ္တာဟု ဆိုရာ သဗ္ဗညုတဉာဏ်သည် တစ်ကြိမ်တည်း၊ အလုံးစုံသော အာရုံကို သိသလော၊ အစဉ်အတိုင်း အာရုံတစ်မျိုးစီကို အာရုံပြု၍ သိပါသလော ဖြေဆိုခဲ့ပါ။

ဖြေ။ သဗ္ဗညုတဉာဏ်သည် တစ်ပေါင်းတည်းပင်ဖြစ်စေ၊ တသီးတခြားပင်ဖြစ်စေ၊ အစဉ်အတိုင်းပင်ဖြစ်စေ အလိုရှိသလို အလုံးစုံသော တရားတို့ကို သိနိုင်ပါသည်။ အကြောင်းကား အစိန္တေယျဉာဏ်ဖြစ်သောကြောင့်တည်း။

### စတုဝေသာရဇ္ဇဝသေန–၌ ဝေသာရဇ္ဇဉာဏ်သရုပ်

အန္တရာယိကဓမ္မ၊ နိယျာနိကဓမ္မ၊ အာသဝက္ခယ၊ သဗ္ဗညုတကို့တည်း။

http://www.dhammadownload.com



# သီလက္ခန်အစီပွါယ်အဖြေစုံ

## မြတ်စွာဘုရား နံနက်စောစောထ၍ မျက်နှာသစ်ခြင်း စသော ကိုယ်လက်သုတ်သင်ခြင်း အမှုကို ပြုရခြင်းအကြောင်း

အလုပ်အကျွေးတို့ကို ချီးမြှောက်လိုသောကြောင့်၎င်း၊ သဒ္ဓါရှိသော ဒါယကာဖြစ်လိုသော ကြောင့်လည်းကောင်း၊ ယင်းသို့ ကိုယ်လက်သုတ်သင်ခြင်းအမှုကို ပြုတော်မူပါသည်။

**မေး။** ဘုရားရှင်၏ မျက်နှာတော်၌ မကောင်းသောအနံ့စသော အပြစ်ရှိ၍ ကိုယ်လက် သုတ်သင်ရပါသလော။

**ဖြေ။** မကောင်းသော အနံ့စသော အပြစ်ဒေါသရှိသောကြောင့် ယင်းသို့ ကိုယ်လက် သုတ်သင် ခြင်းအမှုကို ပြုသည်မဟုတ်ပါ။ မှန်၏။ ကမ္ဘာများစွာက ဆည်းပူးခဲ့သော ပုညသမ္ဘာရကြောင့် ဖြစ်သော မြတ်စွာဘုရား၏ မျက်နှာတော်မြတ်သည် ဒုဂ္ဂန္ဓစသော အပြစ်ဒေါသမတင် ကင်းစင်သည်သာတည်း။

**မေး။** မြတ်စွာဘုရားခြေတော်ချရာ၌ မြေညီညွတ်ခြင်း တန်ခိုးပြာဋိဟာဖြစ်၏ဟု ဆိုရာ အခြားဖြစ်သင့်သော ပြာဋိဟာတို့ကို ဖော်ပြ၍ ပဒုမပုပ္ဖါနိ ဝါ ပါဒေ သမ္ပဋိစ္ဆန္တိ-၌ ဝိကပ်အနက်ရှိသော ဝါသဒ္ဒါဖြင့် သိစေအပ်သော အဓိပ္ပါယ်ကို ဖော်ပြပါ။

**ဖြေ။** ''သမာဝ ဘူမိ ဟောတိ'' မြေညီညွတ်ခြင်းဖြစ်၏ဟူသော အဋ္ဌကထာစကားသည် နိဒဿနမျှသာဖြစ်ရကား မြတ်စွာဘုရားခြေတော်ချရာ၌ ကျောက်စရစ်၊ အိုးခြမ်း၊ ဆူးငြောင့်၊ ရွှံ့ညွှန်စသည်တို့ ဖဲရှောင်ခြင်း၊ ကင်းရှင်းခြင်း တန်ခိုးပြာဋိဟာတို့လည်း ဖြစ်ပါသည်။

**ဖြေ။** ဗြဟ္မဒတ်လုလင်မှ ကြွင်းသောသုပ္ပိယ၏ ပရိသတ်တို့အား ဒေသနာနှင့်မစပ်သည် ဖြစ်၍ အကျိုးမရှိသောကြောင့် ယင်းပရိသတ်တို့ကို နိဒါန်းပါဠိ၌ မတင်။ ဗြဟ္မဒတ် လုလင်ကိုသာ ဗြဟ္မဇာလသုတ်ဒေသနာနှင့် စပ်သည်ဖြစ်၍ အကျိုးရှိသောကြောင့် နိဒါန်းပါဠိတော်၌ တင်ပါသည်။

မှန်၏၊ ဗြဟ္မဒတ်လုလင်၏ ချီးမွမ်းခြင်းကို အကြောင်းပြု၍ သီလသုံးပါးဖြင့် တန်ဆာဆင်အပ်သော ဗြဟ္မဇာလသုတ်ကို ဟောတော်မူပါသည်။

**မေး။** ကေစိ ပဗ္ဗဇိတွာ အဂ္ဂဖလေ အရဟတ္တေ (ဌ၊ ၄၆) ၌ ပဗ္ဗဇိတွာဟု ထည့်ဆိုခြင်းဖြင့် ရဟန်းမှသာ အရဟတ္တဖိုလ်ကို ရနိုင်သည်။ လူဝတ်ကြောင်ပုဂ္ဂိုလ် အရဟတ္တဖိုလ်ကို မရနိုင်ဟု ဆိုလိုပါသလော။ အဘယ်ကို ပြလို၍ ပဗ္ဗဇိတွာသဒ္ဒါ ထည့်ဆိုပါသနည်း။

http://www.dhammadownload.com



ဖြေ။ ကေစိ ပဗ္ဗဇိတွာ အဂ္ဂဖလေ အရဟတ္တေ–၌ ပဗ္ဗဇိတွာသဒ္ဒါ ထည့်ဆိုခြင်းသည် ရဟန်းဖြစ်ပြီးမှသာလျှင် အရဟတ္တဖိုလ်ကို ရနိုင်၏၊ ရဟန္တာဖြစ်နိုင်၏၊ လူဝတ်ကြောင် ပုဂ္ဂိုလ်တို့ အရဟတ္တဖိုလ်ကို မရနိုင်ဟု ဆိုလိုသည် မဟုတ်ပါ။ အရဟတ္တဖိုလ်သို့ ရောက်သူများ၏ အသွင်အပြင်သည် ရဟန်းအသွင်အပြင်သို့ ရောက်လာသည် ဟူသော အဓိပ္ပါယ်ကို ပြလို၍ ပဗ္ဗဇိတွာသဒ္ဒါ ထည့်ဆိုခြင်းဖြစ်သည်။

ဤစကားအရ – လူဝတ်ကြောင်ပုဂ္ဂိုလ်တို့လည်း အရဟတ္တဖိုလ်သို့ ရောက်နိုင်၏၊ ရဟန္တာဖြစ်နိုင်၏။ သို့ရာတွင် လူအဖြစ်ဖြင့် အရဟတတတ္တဖိုလ်သို့ ရောက်သူသည် အရဟတ္တဖိုလ်သို့ ရောက်သည့်နေ့၌ပင် ရဟန်းသော်လည်း ပြုရမည်။ ပရိနိဗ္ဗာန် သော်လည်း စံရမည်။ လူ့အသွင်အပြင်ဖြင့်ကား မတည်နေနိုင်။ ဤသို့ဖြစ်ရခြင်းကား အရဟတ္တဖိုလ်၏ အပြစ်ဒေါသ မဟုတ်။ လူအသွင်အပြင်၏ အားနည်းယုတ်ညံ့ခြင်း ဟူသော အပြစ်ဒေါသကြောင့် ဖြစ်သည်။

မေး။ အဘယ့်ကြောင့် သုပ္ပိယပရိဗိုဇ်သည် ရတနာသုံးပါး၏ ကျေးဇူးမဲ့ကဲ့ရဲ့စကားကို ဆိုပါသနည်း ဖြေဆိုပါ။

ဖြေ။ သုပ္ပိယပရိဗိုဇ်သည် လာဘ်အရိုအသေပြုခြင်းမှ ယုတ်အံ့သည်ကို ကြောက်သော ကြောင့်၄င်း၊ အသင်းအပင်းမှ ယုတ်အံ့သည်ကို ကြောက်သောကြောင့်၄င်း၊ အမြဲ မြတ်စွာဘုရားကို ငြူစူ၏။ ထို့ကြောင့် ကျေးဇူးမဲ့ကို ဆိုပါသည်။

မေး။ တေနုပသင်္ကမိ–၌ ဥပသင်္ကမနဘေဒကို ထုတ်ပြ၍ ဤနေရာ၌ ယူရမည့် ဥပသင်္ကမန ကိုလည်း ညွှန်ပြပါ။

ဖြေ။ တေနုပသင်္ကမိ–၌ ဥပသင်္ကမနဘေဒသည် (၁) သွားဆဲဂမန၊ (၂) သွားပြီး၍ ရောက်ခြင်း ဥပဂမန ဟု နှစ်မျိုးရှိရာ ဤနေရာ၌ ဥပသင်္ကမနအရ သွားပြီး၍ ရောက်ခြင်း ဥပဂမနကို ယူရမည်။

မေး။ ပညတ္တေ အာသနေ နိသီဒိ–ဟူသော စကားအရ အဘယ်သူခင်း၍ အဘယ် သို့သော နေရာမျိုးကို ယူရမည်ဟု ရေးပြီးလျှင် ဘုရားရှင်နေရာတော်ကို ရဟန်း တော်များ ခင်းထားပုံ အစီအရင်ကို သိသာရုံမျှ ရေးခဲ့ပါ။

http://www.dhammadownload.com

(၃၈) **သီလက္ခန်အစိပ္ပါယ်အဖြေစုံ**

**ဖြေ။** ပညတ္တော အာသနေ နိသီဒိ စကားအရ– ဘုရားရှင်၏နေရာကို ရဟန်းတော်တို့ ခင်းပါသည်။ နေရာမှာ မင်း၏နေရာဖြစ်ပါသည်။ ဗုဒ္ဓကာလေ ကိရ စသော (၅၊၄၉) ကို ဖော်ထုတ်ရေးပါလေ။

**မေး။** တေန အန္တရာယော–၌ မည်သည့်အန္တရာယ်ကို ယူရမည်ဟု အကြောင်းပြ၍ ဖြေဆိုပါ။

**ဖြေ။** တေန အန္တရာယော–၌ ပဋမဇ္ဈာနာဒီနံ အန္တရာယောဟု အဋ္ဌကထာဖွင့်ဆိုသောကြောင့် ပဋမစျာန်စသည်တို့၏အန္တရာယ်ကို ယူရမည်။

**မေး။** ဝသီဘော်ငါးပါး သရုပ်ကို ဖော်ပြပါ။

**ဖြေ။** ၁။ အာဝဇ္ဇနဝသီဘော်၊ ၂။ သမာပဇ္ဇနဝသီဘော်၊ ၃။ အဓိဋ္ဌာနဝသီဘော်၊ ၄။ ဝုဋ္ဌာနဝသီဘော်၊ ၅။ ပစ္စဝေက္ခဏာဝသီဘော်။

**မေး။** တထ၊ ဓမ္မ၊ အဝိတထ၊ အနညထ တို့၏ ထူးခြားချက်ကို ဖော်ပြပါ။

**ဖြေ။** မဖောက်မပြန်သော သဘောရှိသောကြောင့် သစ္စာလေးပါးတရားတို့သည် တထ မည်၏။ သစ္စာလေးပါးတရားတို့သည်ပင် မဖောက်မပြန်သောသဘောရှိသောကြောင့် ဓမ္မမည်၏။ မယုံမှားသောသဘောရှိသောကြောင့် အဝိတထမည်၏။ တစ်ပါးသော အခြင်းအရာမှ ကင်းသောကြောင့် အနညထမည်၏။

**မေး။** ခန္ဓာကိုယ်ကြီးသော သတ္တဝါတို့၌ အဘယ့်ကြောင့် အပြစ်ကြီးပါသနည်း။

**ဖြေ။** ပယောဂများခြင်း၊ ဝတ္ထုကြီးခြင်းကြောင့် ခန္ဓာကိုယ်ကြီးသော သတ္တဝါတို့၌ အပြစ်ကြီးသည်။ စေတနာအားကြီးသောကြောင့် ဖြစ်သည်။

**မေး။** သဒ္ဒါဒေယျာနိ၌ သဒ္ဒါ၏ဌာနတို့ကို ဖော်ပြပါ။

**ဖြေ။** (၁) ကမ္မ၊ (၂) ကမ္မဖလ၊ (၃) ဣဓလောက၊ (၄) ပရလောက တို့ ဖြစ်ပါသည်။

**မေး။** ပရိယတ္တိနှင့်ဒေသနာတို့၏ ထူးခြားချက်ကို ဖော်ပြပါ။

**ဖြေ။** ဝိနည်းစသော အပြားအားဖြင့် ပြားသော စိတ်ဖြင့် မှတ်သားအပ်သော ပါဠိအစဉ်သည် ပရိယတ္တိမည်၏။ ထိုပါဠိအစဉ်ကို စိတ်ဖြင့်မှတ်သား၍ ပွားများခြင်းသည် ဒေသနာ မည်၏။ ဤသို့ ထူးသည်။

**မေး။** ဝံ မေ သုတံ စသော နိဒါန်းစကားကို ထည့်သွင်း၍ သင်္ဂါယနာတင်ရခြင်း အကြောင်းကို ရေးပါ။

http://www.dhammadownload.com



ဖြေ။ ယှုလွယ်စေခြင်းအကျိုးငှာ တင်ပါသည်။ (တစ်နည်း) ဒေသနာတော်ကြာမြင့်စွာ တည်ပါစေခြင်းအကျိုးငှာရင်း၊ ဒေသနာတော်၌ မတွေဝေစေခြင်းငှာရင်း၊ သဒ္ဓါတရား တိုးပွားပါစေခြင်းငှာရင်း၊ သတ္ထုသမ္ပတ္တိကို ပြခြင်းငှာလည်းကောင်း၊ သာသနသမ္ပဒါကို ပြခြင်းငှာရင်း၊ သတ္ထုပမာဏကို ပြသဖြင့် သာသနာတော်၏ ပမာဏကို ပြခြင်းငှာရင်း ဧဝံ မေ သုတံ စသော နိဒါန်းစကားကို ထည့်သွင်း၍ သင်္ဂါယနာတင်ပါသည်။

မေး။ ဥပဇ္ဈာနသာလာနှင့်နိသီဒနသာလာတို့၏ တူပုံ/ထူးပုံကို ဖော်ပြပါ။

ဖြေ။ အထွတ်တစ်ခုသာ တပ်၍ တိုင်အစဉ်ကို ထက်ဝန်းကျင် ဝန်းရံသောအားဖြင့် ဆောက်လုပ်ပုံခြင်းကား တူကြသည်။

ဥပဇ္ဈာနသာလာ ဟူသည် – ဆည်းကပ်ခစားစည်းဝေးရာ ဌာနမျှသာ ဖြစ်၍ တစ်ညဥ့်နှစ်ညဥ့် စသည် တည်းခို၍ နေထိုင်ရာမဟုတ်သော ဇရပ်ကို ဆိုလိုပါသည်။

နိသီဒနသာလာ ဟူသည် – ဆည်းကပ်ခစားစည်းဝေးရာ ဌာနလည်းဖြစ်၍ တစ်ညဥ့်နှစ်ညဥ့်စသည် တည်းခိုနေထိုင်ရာလည်းဖြစ်သော ဇရပ်ကို ဆိုလိုပါသည်။ ဤသို့ အသုံးဝင်ပုံ အသုံးပြုပုံခြင်း ထူးပါသည်။

မေး။ ဒသဗလဉာဏ်နှင့် သဗ္ဗညုတဉာဏ်တို့၏ ထူးခြားပုံကို ရေးပါ။

ဖြေ။ ဒသဗလဉာဏ်သည် မိမိ၏ ကိစ္စကိုသာ သိသည်။
သဗ္ဗညုတဉာဏ်သည်ကား ဒသဗလဉာဏ်ကိစ္စကိုလည်း သိသည်။ ထိုမှတစ်ပါး ကြွင်းသောကိစ္စကိုလည်းသိသည်။ ဤသို့ထူးသည်။

မေး။ ယေန မဏ္ဍလမာဠော တေနုပသင်္ကမိ–ဟူသော ပါဠိတော်၌ ယေန တေန ဝယ် နာဝိဘတ်၏ ကရဏတ္ထ ဘုမ္မတ္ထမှတစ်ပါး အခြားဖြစ်နိုင်သော အနက်ကို ဖော်ပြ၍ ယင်းအနက်အားလျော်စွာ ပါဠိတော်ကို အနက်ပြန်ဆိုခဲ့ပါ။

ဖြေ။ ယေန တေန–၌ နာဝိဘတ်များသည် အဋ္ဌကထာတိုက်ရိုက်လာသည်။ ကရဏတ္ထ, ဘုမ္မတ္ထမှတစ်ပါး ဟေတွတ္ထ၌လည်း သက်နိုင်ပါသည်။ ယင်းသို့ နာဝိဘတ်ကို ဟေတွတ္ထ၌ သက်ခိုက် ''ယေန ကာရဏေန၊ အကြင်အကြောင်းကြောင့်။ ''ဘဂဝတာ၊ သည်။ သော မဏ္ဍလမာဠော၊ ထိုစည်းဝေးရာဇရပ်သို့။ ဥပသင်္ကမိတဗ္ဗော၊ ချဉ်းကပ်အပ်၏။ တေန ကာရဏေန၊ ကြောင့်။ ဥပသင်္ကမိ၊ ချဉ်းကပ် တော်မူပြီ''ဟု အနက်ပြန်ဆိုရမည်။

http://www.dhammadownload.com



မေး။ ကာရဏာ ပဋိက္ကိတ္တာမေဝ (၅-၅၂) ဝယ် အဘယ်ကို ရည်ရွယ်၍ ပါဠိတော်၌ ''န ကရဏီယာ''ဟု ဟောတော်မူပါသနည်း။

ဖြေ။ အာဃာတစသည်တို့၏ ဖြစ်ဖို့အကြောင်းတို့ကို ပေါင်းစုစေခြင်းကို ဤ၌ ကာရဏာဟု ဆိုအပ်၏။ ထိုကာရဏာသည် အနက်အဓိပ္ပါယ်အားဖြင့် အာဃာတစသည်ကို မိမိသန္တာန်၌ ဖြစ်စေခြင်းသာတည်း။ ထိုသို့ မဖြစ်စေခြင်းကို ရည်ရွယ်၍ ပါဠိတော်၌ ''န ကရဏီယာ''ဟု ဟောတော်မူအပ်၏။

တသ္မာ ဝါ အဝဏ္ဏေတုမေ့ ဘဝေယျာထ စေ၊ ယဒိ ဘဝေယျာထာတိ အတ္ထော။ (၅၊ ၅၂)

## အထက်ပါ ဝါကျတို့၌ ပါသော စေနှင့်ယဒိ ဝဒန္တိဝါဒ

စေ ပါရှိရာဝယ် ကြိယာ၏ နောက်၌ထား၍ ယဒိဟု ရှိရာ၌ ကြိယာ၏ ရှေ့က ထားရိုးရှိကြောင်းကို သိစေလို၍ ''အဿထ စေ၊ ယဒိ ဘဝေယျာထ''ဟု ထားသည်။

## ''ပဌမဇ္ဈာနာဒီနံ အန္တရာယော''ဟု ဆိုရခြင်းအကြောင်း

ပါဠိတော်၌ အန္တရာယောဟု သာမညဆိုသော်လည်း ရဟန်းတော်များဖြစ်၍ ရဟန်း တရားအထူးတို့၏အန္တရာယ်ဟု အရာအားလျော်စွာ အနက်ကို သိအပ်သောကြောင့်၎င်း၊ သိအပ်သောအနက်ရှိသော သဒ္ဒါ၏ပြယုဂ်၌ အလိုအတိုင်းဖြစ်နိုင်သောကြောင့်၎င်း၊ ''ပဌမဇ္ဈာနာဒီနံ အန္တရာယော'' ဟု ဆိုပါသည်။

## အပိန တုမှေ့ ပရေသံ စသော စကားကို မိန့်ဆိုရခြင်းအကြောင်း

မနောပဒေါသသည် ကာလကြာမြင့်မှဖြစ်မည့် ဟိတသုခ၏ အန္တရာယ်ကိုသာ ပြုတတ်သည် မဟုတ်သေး၊ ထိုမနောပဒေါသဖြစ်ရာခဏ၌ ဖြစ်ထိုက်သော ဟိတသုခကိုလည်း အန္တရာယ်ပြုတတ်သည်သာဟု ဒုတိယနည်း အပြစ်ပြပုံထက် ခိုင်မြဲစွာ အပြစ်ပြလို၍ ''အပိန တုမှေ့ ပရေသံ'' စသော စကားကို မိန့်ဆိုရပါသည်။

## သဗ္ဗညုဖြစ်ပုံ

ငါတို့ဘုရားသည် မဖောက်မပြန် မှန်သောတရားကို ဟောတော်မူနိုင်သောကြောင့် သဗ္ဗညုအစစ်ဖြစ်၏။

http://www.dhammadownload.com



## သွာက္ခာတဓမ္မဖြစ်ပုံ

တရားတော်သည် ကေန်ဝဋ္ဋဒုက္ခမှ ထွက်မြောက်တတ်သောကြောင့် သွာက္ခာတဓမ္မ ဖြစ်၏။

## သုပ္ပဋိပန္နဖြစ်ပုံ

အရိယာသံဃာတော်သည် ကိလေသာတို့မှ ကင်းသောကြောင့် သုပ္ပဋိပ္ပန္နသံဃာ ဖြစ်၏။

**မေး။** တသ္မိံ ဝါ အဝဏ္ဏေ–၌ အာဓာရတ္ထဖြစ်သင့်၊ မဖြစ်သင့် အကြောင်းပြဆုံးဖြတ်ပါ။

**ဖြေ။** တသ္မိံ ဝါ အဝဏ္ဏေ–၌ အာဓာရတ္ထ မဖြစ်သင့်ပါ။ (နိမိတ္တတ္ထနှင့် ဘာဝလက္ခဏတ္ထသာ ဖြစ်သင့်ပါသည်) အကြောင်းကား ကောပနှင့် ဒေါမနဿတို့သည် ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို ပြောဆိုသော ပုဂ္ဂိုလ်တို့နှင့်သာစပ်၍ ဖြစ်သင့်သည့်အတွက် ကျေးဇူးမဲ့ ကဲ့ရဲ့စကားတို့သည် ကောပနှင့် ဒေါမနဿတို့၏ တည်ရာမဖြစ်သင့်သောကြောင့် တည်း။

**မေး။** မနောပဒေါသ ဒုတိယနည်း၊ တတိယနည်းတို့၏ အန္တရာယ်ပြုပုံအထူးကို ရေးပါ။

**ဒုတိယနည်း** မနောပဒေါသသည် ကာလကြာမြင့်မှ ဖြစ်မည့် ဟိတသုခ၏ အန္တရာယ်ကို ပြုတတ်သည်။

**တတိယနည်း** မနောပဒေါသကား ထိုမနောပဒေါသဖြစ်ရာခဏ၌ ဖြစ်ထိုက်သော ဟိတသုခ၏ အန္တရာယ်ကို ပြုတတ်ပါသည်။ ဤသို့ ထူးပါသည်။

## တာဒီလက္ခဏာ၌ တာဒီအဓိပ္ပါယ်

လာဘစသော ဣဋ္ဌဖြစ်သော လောကဓမ်လေးပါးကိုလည်း အလာဘစသော အနိဋ္ဌလောကဓံကဲ့သို့ ရှုတတ်သူကို ''တာဒီ''ဟုခေါ်သည်။ (တစ်နည်း) ဣဋ္ဌကို အနိဋ္ဌကဲ့သို့ရှုခြင်း အနိဋ္ဌကို ဣဋ္ဌကဲ့သို့ရှုခြင်းသဘောကို ''တာဒီ''ဟုခေါ်ပါသည်။

## တာဒီလက္ခဏာ၌ တာဒီသရုပ်ကား

(၁) ဣဋ္ဌာနိဋ္ဌေတာဒီ၊ (၂) စတ္တာဝီတိတာဒီ၊ (၃) တိဏ္ဏာဝီတိတာဒီ။
(၄) မုတ္တာဝီတိတာဒီ၊ (၅) တံနိဒ္ဒေသာတာဒီ ဤငါးပါးတည်း။

ဤ၌ အလိုရှိအပ်သော တာဒီကား ဣဋ္ဌာနိဋ္ဌေတာဒီတည်း။

http://www.dhammadownload.com



## ဓမ္မနေတ္တိ (တရားဥပဒေသ)ကို ထားတော်မူပုံ

မဏ္ဍလာမာဠ၌ စည်းဝေးကြသော ရဟန်းတို့အား ဥပ္ပိလာပိတ ပီတိသောမနဿ မဖြစ်ကြပါ။ သို့သော် နောင်လာနောက်သားတို့၏ ဤသို့ ချီးမွမ်းခံရသောအခါ အကုသိုလ်ဖြစ်မည့်အရေးကို ကြိုတင်၍ တားမြစ်တော်မူလိုသောကြောင့် ထားတော်မူသည်။

ဣတာပိ၌ ပိသဒ္ဒါသည် အယမ္ပိ ပါရာဇိကော စသည်၌ကဲ့သို့ အဝဏ္ဏာဘူမိကို ငဲ့သောကြောင့် သမုစ္စယတ္ထ ဖြစ်သည်။

**မေး။** မမံ ဝါ ဘိက္ခဝေ စသည်တို့ကို ပါဠိတော်၌ တိုက်ရိုက်မဟောရခြင်းအကြောင်း ရေးပါ။

**ဖြေ။** ဘုရားဟောတော်မူချိန်တုန်းက ယင်းဝါရဖြင့် သိစေရမည့်ပုဂ္ဂိုလ်မရှိသောကြောင့် ဟောတော်မမူပါ။ (တစ်နည်း) ထိုအချိန်က မဏ္ဍလမာဠ၌ စည်းဝေးကြသော ရဟန်းတို့သည် ထိုအဓိပ္ပါယ်ကို နားလည်ကြပြီးဖြစ်သောကြောင့် ဟောတော်မမူပါ။

**မေး။** တိသန္ဓိံ ပလ္လင်္ကံ အာဘုဇိတွာ စတုရင်္ဂသမန္နာဂတံ မေတ္တကမ္မဋ္ဌာနံ ပုဗ္ဗင်္ဂမံ ကတွာ ဝီရိယာဓိဋ္ဌာနံ အဓိဋ္ဌာယ စုဒ္ဒသ ဟတ္ထပလ္လင်္ကံဝရဂတော၌ တိသန္ဓိသရုပ်၊ စတုရင်္ဂ သရုပ်တို့ကို ဖော်ပြပါ။

**ဖြေ။** တိသန္ဓိသရုပ်ကား – (၁) ခါးဆက်ရိုးနှင့်တင်သားရိုးစပ်ခြင်း၊ (၂) ကျောက်ကုန်းရိုး အချင်းချင်းဆက်ခြင်း၊ (၃) လည်ကုပ်ရိုးနှင့်ဦးခေါင်းရိုးဆက်ခြင်း။ (နေရင်းသျှ )

(တစ်နည်း) (၁) လက်ျာပေါင်ရိုးနှင့်လက်ျာ မြင်းခေါင်းရိုးစပ်ခြင်း၊ (၂) လက်ဝဲပေါင်ရိုးနှင့် လက်ဝဲမြင်းခေါင်းရိုးစပ်ခြင်း၊ (၃) ပေါင်ရင်းရိုးနှင့် ခါးရိုးစပ်ခြင်း၊ (ဋီသစ်)

(တစ်နည်း) (၁) ပေါင်ရင်းရိုးနှစ်ခုဆုံရာ၌ ထောင့်တစ်ခု၊ (၂) လက်ျာပေါင်နှင့် လက်ျာသလုံးမြင်းခေါင်းဆုံရာ၌ထောင့်တစ်ခု၊ (၃) လက်ဝဲပေါင်နှင့် လက်ဝဲ သလုံးမြင်းခေါင်းဆုံရာ၌ ထောင့်တခု။ (ဋီသစ်)

မှတ်ချက်။ ။တင်ပလင်ခွေထိုင်ကြည့်လျှင် ထောင့်သုံးခုကို တွေ့ရမည်။ ဤအလို သန္ဓိသဒ္ဒါ ကောဏ (ထောင့်) ဟောဟု မှတ်။

http://www.dhammadownload.com



**စတုရင်္ဂသရုပ်ကား** (၁) အတ္တာ – မိမိကိုယ်၊
(၂) မိတ္တော – အဆွေခင်ပွန်း၊
(၃) မဇ္ဈတ္တာ၊ – အလယ်အလတ် ရှုထိုက်သူ၊
(၄) ဝေရီ – ရန်သူတို့တည်း။

**မှတ်ချက်။** ။ဤကား စတုရင်္ဂသမန္နာဂတံ–ပုဒ်ကို မေတ္တာကမ္မဋ္ဌာနပုဒ်၌ စပ်ခိုက် ဤလေးပါးတို့၌ အမျှဖြစ်ခြင်း၏အစွမ်းဖြင့် အင်္ဂါလေးပါးနှင့် ပြည့်စုံသော ကမ္မဋ္ဌာန်းဟု ဆိုလိုသည်။

(တစ်နည်း) (၁) အရေကြွင်းစေ၊ (၂) အကြောကြွင်းစေ၊ (၃) အရိုးကြွင်းစေ၊ (၄) ကိုယ်၌ အသားအသွေးများ ခြောက်ခန်းစေ။

**မှတ်ချက်။** ။ဤကား စတုရင်္ဂသမန္နာဂတံ ပုဒ်ကို ဝီရိယာဓိဋ္ဌာနံ ၌ စပ်ခိုက် ဤအင်္ဂါလေးပါးနှင့်ပြည့်စုံသော ဝီရိယကို ဆောက်တည်ခြင်းဟု ဆိုလိုသည်။

## ကဲ့ရဲ့ချီးမွမ်း၊ လူ့ထုံးတမ်း

သူတစ်ပါးတို့က အပြစ်ပြောကြသော်လည်း ဒေါသ၊ ဒေါမနဿဖြစ်လျက် မကြောက်နှင့်၊ ချီးမြှောက်ကြသော်လည်း၊ ပီတိသောမနဿတကြွကြွဖြစ်လျက် မမြောက်နှင့်။ မိမိအလိုကိုသာ တရားနှင့်လျော်အောင် လုပ်ရမည်ဟု မှတ်ပါ။

**မေး။** ပုထုဇဉ်သရုပ်ကို အဓိပ္ပာယ်နှင့်တကွ ထုတ်ပြပါ။

**ဖြေ။** ပုထုဇဉ်သည် ''အန္ဓပုထုဇဉ်၊ ကလျာဏပုထုဇဉ်'' ဟု နှစ်မျိုးပြပါသည်။ ထိုတွင် ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာစသည်တို့၌ သင်ယူခြင်း၊ မေးမြန်းခြင်း၊ ကြားနာခြင်း၊ ဆောင်ထားခြင်း၊ ဆင်ခြင်ခြင်းမရှိသော ပုထုဇဉ်သည် အန္ဓပုထုဇဉ်ဖြစ်ပါသည်။ ခန္ဓာ အာယတနဓာတ် (၅) ရှိသော ပုထုဇဉ်သည် ကလျာဏပုထုဇဉ် ဖြစ်ပါသည်။

**မေး။** နိက္ခမ္မ အရ၊ ဂေဟသိတ ဝယ် ဂေဟအရကို ဖြေဆိုပါ။

**ဖြေ။** နိက္ခမ္မအရ ကာမမှထွက်မြောက်ကြောင်းဖြစ်သော ကုသိုလ်တရားကို ရသည်။ ဂေဟအရ အိမ်၌နေသူ လူတို့၏ အလေ့အကျင့်ဖြစ်သော ကာမဂုဏ်ကို ယူသည်။

http://www.dhammadownload.com



**မေး။** ဘုရားရှင်သက်တော်ထင်ရှားရှိစဉ် အရှင်ဆန္နထေရ် တရားထူးမရခြင်းနှင့်အရှင်ဆန္နကို တရားထူးရစေသော ဗြဟ္မဒဏ်အကြောင်းကိုလည်း ရှင်းပြပါ။

**ဖြေ။** ဘုရား၌ငြင်း၊ တရားတော်၌ငြင်းဖြစ်သော ဂေဟာသိတပေမ ရှိနေသောကြောင့် ဘုရားရှင်ထင်ရှားရှိစဉ် အရှင်ဆန္နထေရ်တရားထူးမရခြင်းဖြစ်ပါသည်။

ဗြဟ္မဒဏ် ဟူသည်ကား ဆန္နကို စိတ်ရှိတိုင်း ဆိုပါစေ၊ မဆိုမဆုံးမကြကုန်လင့်၊ စကားမပြောကြကုန်လင့်ဟု ကတိကဝတ် ပြု၍နေစေခြင်းတည်း။

**မေး။** စတုပါရိသုဒ္ဓိသီလတို့တွင် ဗြဟ္မဇာလသုတ္တန်၌ ဟောတော်မူသော သီလနှင့် မဟောသောသီလတို့ကို အကြောင်းပြဖြေဆိုပါ။

**ဖြေ။** သီလလေးမျိုးရှိသည့်တွင် ဗြဟ္မဇာလသုတ်၌ ပါတိမောက္ခသံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ နှစ်ပါးကိုသာ ဟောတော်မူလေသည်။ **အကြောင်းကား** – ပစ္စယသန္နိဿိတသီလနှင့် ဣန္ဒြိယသံဝရသီလတို့သည် ပါတိမောက္ခသံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလတို့ကဲ့သို့ ပုထုဇဉ်အားလုံးတို့၌ ထင်ရှားသော (နားလည်သော) သီလမဟုတ်သောကြောင့်တည်း။

**မေး။** အန္တရာယ်ကို ပြုရာ၌ သောမနဿလည်း ပြုနိုင်ပါလျက် ပီတိကိုသာ ယူထားရခြင်းအကြောင်းကို ရေးပါ။

**ဖြေ။** ပီတိဖြစ်လေသမျှ သောမနဿလည်း မကင်းသည့်အတွက် ပီတိကို ယူလိုက်လျှင် သောမနဿကိုလည်း ယူပြီးဖြစ်သောကြောင့်တည်း။

**(တစ်နည်း)** သောမနဿ၏ မိုဝဲထိုက်၊ မမိုဝဲထိုက်နှစ်မျိုးရှိကြောင်းကို သုတ္တန်ပါဠိတော်တို့၌ တိုက်ရိုက်ဟောပြီးဖြစ်သောကြောင့် မမိုဝဲထိုက်သော သောမနဿ၏ အန္တရာယ်ပြုနိုင်ကြောင်းမှာ ထင်ရှားပြီးဖြစ်ရကား၊ မထင်ရှားသော ပီတိကိုသာ ယူထားပါသည်။

တရားဟောတော်မူရာ၌ ထိုတတိယဝါရဖြင့် သိစေထိုက်သော ပုဂ္ဂိုလ်မရှိသောကြောင့် တတိယဝါရပါဠိတော်၌ မလာ။

ပါဠိတော်၌ တိုက်ရိုက်မလာသော်လည်း ထိုတတိယဝါရအနက်ဖြစ်သင့်သောကြောင့် အနက်အဓိပ္ပါယ်အားဖြင့် ရသင့်သည်သာ၊

http://www.dhammadownload.com



ဥပမာ ကထာဝတ္ထုပါဠိတော်သည် ဘုရားဟောတော်မူစဉ်က အကျဉ်းမျှသာ ဖြစ်သော်လည်း အကျယ်ရသင့်သောကြောင့် တတိယသင်္ဂါယနာတင်သောအခါ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်သည် အကျယ်ချဲ့ထွင်သကဲ့သို့တည်း။

မေး။ ဗြဟ္မဇာလသုတ်ကို အဘယ်သုတ္တနိက္ခေပမျိုး၌ အဘယ်ကြောင့် သွင်းရခြင်း အကြောင်းကို ရေးပါ။

ဖြေ။ ဗြဟ္မဒတ်လုလင်၏ ချီးမွမ်းခြင်း၊ သုပ္ပိယပရိဗိုဇ်၏ ကဲ့ရဲ့ခြင်းကြောင့် ဤသုတ်ကို ဟောရကား အဋ္ဌုပ္ပတ္တိကသုတ္တနိက္ခေပ၌ သွင်းရပါမည်။

မေး။ မြတ်စွာဘုရား၏ ပါရမီတော်အာနုဘော်ကြောင့် အကျိုးမဲ့စကားလုံး တစ်လုံးမျှကိုလည်း မိန့်တော်မူခြင်းမရှိပါဘဲလျက် အဘယ့်ကြောင့် မတ္တာသဒ္ဒါအနက်မဲ့ဟု ဆိုသနည်း။ ရှင်းလင်းဖြေဆိုခဲ့ပါ။

ဖြေ။ သီလမတ္တကံ-၌ သီလဟူသောပုဒ်သည် ဟောအပ်သောအနက်ကိုပင် အထူးပြုခြင်း၏ အစွမ်းဖြင့် ထိုသီလပုဒ်က ဟောအပ်သောအနက်ကို မတ္တာသဒ္ဒါက ဟောသည်သာ၊ ထိုသို့ ဟောသော်လည်း မတ္တာသဒ္ဒါနှင့်ကင်း၍ သီလပုဒ်ဖြင့်ပင် အနက်ကို သိနိုင်သောကြောင့် မတ္တာသဒ္ဒါ အနက်မဲ့ဟု ဆိုပါသည်။

မေး။ သီလမတ္တကံ-၌ အနက်မရှိသော မတ္တာပုဒ်ကို အဘယ်အကျိုးငှာ ဘုရားဟောတော်မူပါသနည်း။

ဖြေ။ ပုဒ်တစ်ပါးသည် ဟောအပ်သောအနက်ကို အထူးပြုခြင်းငှာငှင်း၊ ဝေနေယျတို့ သိလွယ်စေခြင်းငှာငှင်း၊ (ဝါ) သီလံဟု ဟောက မသိမူ၍ သီလမတ္တကံဟု ဟောသော် သိစွမ်းနိုင်သော ဝေနေယျတို့ သိလွယ်စေသောအကျိုးငှာငှင်း မတ္တာဟူသော အနက်မရှိသော ပုဒ်ကို ဟောတော်မူ၏။

မေး။ အာဝဇ္ဇန်းပရိကမ် အဓိဋ္ဌာန်စိတ်တို့ အသီးသီးဖြစ်လာရခြင်းအကြောင်းကို ရေးပါ။

ဖြေ။ စိတ်အကြိမ်ထူးကုန်သည်၏အဖြစ်ကြောင့် အာဝဇ္ဇန်းပရိကမ်စိတ်တို့သည် အသီးသီး သာလျှင် ဖြစ်ကြကုန်၏။

ကသိုဏ်းအာရုံထူးကုန်သည်၏အဖြစ်ကြောင့် အဓိဋ္ဌာန်စိတ်တို့သည်လည်း အသီးသီးသာလျှင် ဖြစ်ကြကုန်၏။

http://www.dhammadownload.com



ပရိကမ်အရ – အာဝဇ္ဇန်း၏အဆုံး၌ သုံးကြိမ်ဖြစ်သော ဇောတို့ကို ယူရပါသည်။

မေး။ ဥဂ္ဂဟပရိပုစ္ဆာသဝနဓာရဏာပစ္စဝေက္ခဏာနိ–၌ ပုဒ်အသီးသီးတို့၏ အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ ပါဠိကို နှုတ်တက်ရအောင်သင်ယူခြင်းသည် ''ဥဂ္ဂဟ''မည်၏။ ပါဠိ၏ အနက် အဓိပ္ပါယ်ကို အဖန်ဖန်မေးခြင်းသည် ''**ပရိပုစ္ဆာ**''မည်၏။ အဋ္ဌကထာအဖွင့် အနေအားဖြင့် အနက်အဓိပ္ပါယ်ကို သောတဒ္ဒါရနှင့်စပ်အောင်ပြုခြင်း (နာကြားခြင်း) သည် ''**သဝန**''မည်၏။ သဒ္ဒါတို့ကို မှန်ကန်စွာ ထားခြင်းအနက်တို့ကို မှန်ကန်စွာ သိခြင်းအားဖြင့် ပါဠိတော်ကို အာဂုမ်နှုတ်တက် ဆောင်ရွက်ခြင်းသည် **ဓာရဏ**မည်၏။ ဤသို့ကြားနာ ဆောင်ရွက် လေ့ကျက်အပ်ပြီးသော တရားတို့ကို ကြံစည်ခြင်း၊ စိတ်ဖြင့် အဖန်ဖန်ရှုခြင်းသည် **ပစ္စဝေက္ခဏာ** မည်၏။

မေး။ တိဏသန္ထာရံ သန္ထရိတွာ တိသန္ဓိပလ္လင်္ကံ အာဘုဇိတွာ (ပ) စုဒ္ဒသဟတ္ထ ပလ္လင်္ကဝရ ဂတော ဟူသော (ဋ္ဌ၊၅၈) စကား၌ ပလ္လင်္က၏ (၁၄ ) တောင်ပမာဏကို အမြင့်+ အကျယ် နှစ်မျိုးတွင် အဘယ်ကို ယူသင့်ပါသနည်း။ ယုတ္တိပြ၍ ဆုံးဖြတ်ပါ။

ဖြေ။ စုဒ္ဒသအရ (၁၄) တောင်အမြင့်ကို မယူသင့်။ (၁၄) တောင်အကျယ်အပြန့်ကို ယူသင့် ပါသည်။

တိဏသန္ထာရံ သန္ထရိတွာ ဟူသော ဤအဋ္ဌကထာစကားရပ်နှင့် တိဏာနိ သန္ထရိတွာ (ပ) ပုရတ္ထိမာဘိမုခေါ နိသီဒိတွာ ဟူသော ဓမ္မပဒ (ဋ္ဌ၊ ၅၄) အဋ္ဌသာလိနီ အဋ္ဌကထာ (၇၇) တို့ကို ထောက်၍ ထိုမြက်ရှစ်ဆုပ်တို့သည် ယှဉ်အပ်သော ကောင်းမှု၏ အာနုဘော်ကြောင့် (၁၄) တောင် ကျယ်ပြန့်သော ပလ္လင်၏အဖြစ်ဖြင့် ဖြစ်ကုန်၏။ (၁၄) တောင်အမြင့်ကား မသင့်၊ အကယ်၍ (၁၄)တောင်အမြင့် ယူသော် ကောင်းကင်၌ မြောက်ချီ၍ မြက်အခင်းကို ခင်း၏။ မြေ၌ မခင်းဟူသော မလိုအပ် သော အနက်ရောက်ရာသောကြောင့်တည်း။

မေး။ ပါရမီ၊ ဥပပါရမီ၊ ပရမတ္ထပါရမီတို့၏ အထူးကို ရေးပါ။

ဖြေ။ အင်္ဂါကြီးငယ်ကို စွန့်ခြင်းသည် **ပါရမီ** မည်၏။
ကိုယ်မှအပဖြစ်သော ဘဏ္ဍာကို စွန့်ခြင်းသည် **ဥပပါရမီ** မည်၏။
အသက်ကို စွန့်ခြင်းသည် **ပရမတ္ထပါရမီ** မည်၏။ (ဤကား ဗုဒ္ဓဝံသအဋ္ဌကထာအလို)

http://www.dhammadownload.com



(တစ်နည်း) ကိုယ်မှအပဖြစ်သော ဘဏ္ဍာကို စွန့်ခြင်းသည် **ဒါနပါရမီ** မည်၏။
အင်္ဂါကြီးငယ်ကို စွန့်ခြင်းသည် **ဒါနဥပပါရမီ** မည်၏။
မိမိအသက်ကို စွန့်ခြင်းသည် **ဒါနပရမတ္ထပါရမီ** မည်၏။
(ဤကား ဇာတကအဋ္ဌကထာနိဒါန်းအလို)

(တစ်နည်း) သားမယားဥစ္စာစသော အဆောက်အဦးကို စွန့်ခြင်းသည် **ဒါနပါရမီ** မည်၏။

မိမိအင်္ဂါကြီးငယ်ကို စွန့်ခြင်းသည် **ဒါနဥပပါရမီ** မည်၏။

မိမိအသက်ကို စွန့်ခြင်းသည် **ဒါနပရမတ္ထပါရမီ** မည်၏။ (ဤကား သီလက္ခန်၊ အင်္ဂုတ္တိုရ်ဋီကာအလို) ပခုက္ကူသီလက္ခန်နိဿယသစ် ၃၄၃၊ ၃၄၄-တို့၌ အကျယ်ရှု)

## ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော-၌ ပဟာယနှင့်ပဋိဝိရတိ အထူး

ပါဏာတိပါတစေတနာဟု ဆိုအပ်သော ဒုဿီလျစေတနာကို (သဟဇာတပစ္စည်းဖြစ်သော သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာသတိ၊ သမာသမာဓိဟူသော မဂ်အစိတ်ဖြင့်) ပယ်ခြင်းသည် ပဟာယမည်၏။ ပယ်အပ်ပြီးရာအခါမှစ၍ ထိုဒုဿီလျစေတနာမှ (သဟဇာတပစ္စယုပ္ပန်ဖြစ်သော သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဟူသော မဂ်စိတ်ဖြင့် စင်စစ်) ရှောင်ကြဉ်တော်မူခြင်းသည် ပဋိဝိရတိ မည်၏။ ဤသို့ထူးပါသည်။

## တိဏ္ဏံ မာရာနံ

ကိလေသမာရ်၊ အဘိသင်္ခါရမာရ်၊ ဒေဝပုတ္တမာရ်သုံးပါးကို မုချအောင်မြင်တော်မူပြီးဖြစ်၍ ''တိဏ္ဏံ မာရာနံ''ဟု ဆိုသည်။ ခန္ဓမာရ်၊ မစ္စုမာရ်တို့ကိုလည်း ပရိယာယ်အားဖြင့် အောင်မြင်တော်မူပြီးဖြစ်ပါသည်။

## ပဌမဗောဓိစသည်ဖြင့် ခွဲခြားပုံ

ဝါတော် (၄၅) ဝါကို သုံးပိုင်းပိုင်း၍ ပဌမ (၁၅) ဝါကို ပဌမဗောဓိစသည်ဖြင့် ခွဲကြ၏။ ဝေရဉ္ဇကဏ္ဍ၌ကား ဝါ (၂၀) ကို ပဌမဗောဓိဟု ဆို၏။ ထိုအဆို၌ကား

http://www.dhammadownload.com



''ပဌမဗောဓိက ဝါ (၂၀) အတွင်းဝယ် ပါဝင်သောကြောင့်ဟု ဆိုဟန်တူ၏'' ဟု ကျမ်းညှိကြသည်။

ပရမတ္ထတော ဇီဝိတိန္ဒြိယံ-၌ ဇီဝိတအရ - ရုပ်ဇီဝိတိန္ဒြေ၊ နာမ်ဇီဝိတိန္ဒြေ နှစ်ပါးလုံးကို ယူရသည်။ အကြောင်းကား - ရုပ်ဇီဝိတိန္ဒြေကို ဖျက်ဆီးလျှင် နာမ် ဇီဝိတိန္ဒြေသည် လည်း ရုပ်ဇီဝိတိန္ဒြေနှင့် ဆက်စပ်နေသဖြင့် ပျက်စီးရသောကြောင့်တည်း။

## ပါဏသ္မ အတိပါတော-၌ ပါဏသ္မ ဟု ကေဝုစ်ညွှန်ပြရခြင်းအကြောင်း

သတ္တဝါတို့၏အဖြစ်ဖြင့် တူသောကြောင့် (တစ်နည်း) သဒ္ဒဝိဒူတို့အလို ဇာတိ ပေက္ခဒဗ္ဗာပေက္ခအစွမ်းဖြင့် အဆိုကွဲပြားခြင်းမျှသာ၊ အနက်အားဖြင့် တူသောကြောင့် ပါဏသ္မဟု ကေဝုစ်ဖြင့် ညွှန်ပြပါသည်။

## ဘိက္ခုသံဃာ၏ အစွမ်းဖြင့်လည်း ပြသင့်ပုံ

ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော သမဏာသ္မ ဂေါတမသ္မ သာဝကသံဃော နိဟိတဒဏ္ဍော နိဟိတသတ္ထော ဟူ၍ အကျယ်ပြ ထိုက်၏။

**မေး။** ဗြဟ္မဒတ်လုလင်သည် ဘုရားရှင်၏ ဂုဏ်ကျေးဇူးကိုသာ မဟုတ်၊ တရားတော်၏ ဂုဏ်ကိုလည်း ပြောဆိုပါလျက် သံဃာတော်၏ဂုဏ်ကို သီးခြား ထုတ်မပြရခြင်း၏ အကြောင်းကို ရေးခဲ့ပါ။

**ဖြေ။** တရားဟူသမျှ ဘုရားမှစ၍ ဖြစ်ရသောကြောင့်၎င်း၊ အရိယာသံဃာ၌ တည်ရ သောကြောင့်၎င်း (တရားတော်ကြောင့် ဘုရားရှင်နှင့်သံဃာတော်လည်း ပါဏာတိ ပါတမှ ရှောင်ကြဉ်နိုင်သည့်အတွက်) တရားတော်၏ဂုဏ်မှာ ထင်ရှားပြီးဖြစ်သော ကြောင့်၎င်း ဘုရားနှင့်သံဃာဂုဏ်ကိုပြလျှင် တရားတော်၏ဂုဏ်ကိုလည်း ပြပြီးဖြစ် ရကား သီးခြားထုတ်မပြပါ။

**မေး။** အဒိန္နာဒါနံ ပဟာယ သမဏော ဂေါတမော ဒိန္နာဒါယီ ဒိန္နပါဋိကင်္ခီ-၌ ဒိန္နာဒါယီနှင့် ဒိန္နပါဋိကင်္ခီတို့၏ အထူးကို ရေးပါ။

**ဖြေ။** ဒိန္နာဒါယီ ပါဌ်ဖြင့် (ပစ္စည်းဥစ္စာနှင့်စပ်၍) ကာယပယောဂ၊ ဝစီပယောဂအားဖြင့် စင်ကြယ်သည်၏အဖြစ်ကို ပြသည်။

http://www.dhammadownload.com



ဒိန္နပါဠိအဋ္ဌကထာ-ပါဌ်ဖြင့် အာသယ (အလိုအဇ္ဈာသယ)အားဖြင့် စင်ကြယ်သည်၏ အဖြစ်ကို ပြသည်။ ဤသို့ ထူးပါသည်။

မေး။ နိဟိတဒဏ္ဍော နိဟိတသတ္ထောတိ-၌ ဒဏ္ဍအရနှင့်သတ္ထအရတို့ကို ခွဲခြားပြပါ။

ဖြေ။ ဒဏ္ဍ အရ မဇ္ဈိမပုရိသ၏ လေးတောင်ပမာဏရှိသော ဒုတ်ကို ယူရ၏။ သတ္ထ အရ မဇ္ဈိမပုရိသ၏ လေးတောင်ပမာဏရှိသော ဒုတ်မှ ကြွင်းသော ဆောက်ပုတ်၊ သန်လျက် စသည်တို့ကို ယူရပါသည်။

မေး။ ဘုရားရှင်သည် မကောင်းမှုမှ ကြောက်လန့်တော်မူသည်ဖြစ်ပါလျက် ပါဠိတော်၌ လဇ္ဇီ ဒယာပန္နောဟု ရှက်ခြင်းလဇ္ဇာကိုသာ ဟော၍ ကြောက်လန့်ခြင်း ဩတ္တပ္ပကို အဘယ့်ကြောင့် မဟောသည်ကို ရှင်းပြပါ။

ဖြေ။ ဘုရားရှင်တို့သည် ဓမ္မကို အလေးဂရုပြုတော်မူကြသည်၏အဖြစ်ဖြင့် ဓမ္မသည်လည်း မိမိနှင့်စပ်၍ဖြစ်သောကြောင့် အတ္တာဓိပတိဖြစ်သော ဟိရီကိုသာ ဟောတော်မူသည်။ လောကာဓိပတိဖြစ်သော ဩတ္တပ္ပကို ဟောတော်မမူ။ (တစ်နည်း) လဇ္ဇာဖြင့် ဩတ္တပ္ပကိုလည်း ဟောပြီးဖြစ်သောကြောင့် ဟိရီနှင့်ဩတ္တပ္ပနှစ်ပါးလုံးကိုပင် ဟောအပ်ပါသည်။

**အဒဏ္ဍရဟော-၌ ဒဏ္ဍသရုပ်ကား ၁။ ဓနဒဏ္ဍ၊ ၂။ ရာဇဒဏ္ဍ တို့ ဖြစ်ကြ၏။**

### ဟီနပရသန္တက + ပဏီတ ပရသန္တက ခွဲခြားပုံ

ငယ်သည်၏အဖြစ်၊ တန်ဖိုးနည်းသည်၏အဖြစ် စသည်တို့၏အစွမ်းဖြင့် ဖြစ်သော သူတစ်ပါးဥစ္စာသည် ဟီနပရသန္တက မည်၏။

ကြီးသည်၏အဖြစ်၊ တန်ဖိုးများသည်၏အဖြစ် စသည်တို့၏အစွမ်းဖြင့် ဖြစ်သော သူတစ်ပါး၏ဥစ္စာသည် ပဏီတပရသန္တက မည်၏။

မေး။ အဒိန္နာဒါန ပယောဂခြောက်ပါးတွင် ဝိဇ္ဇာပယောဂနှင့်ဣဒ္ဓိပယောဂတို့၏ အဓိပ္ပါယ် ထူးခြားပုံကို ရေးပါ။

ဖြေ။ မန္တန်စုတ်ခြင်းဖြင့် သူတစ်ပါးဥစ္စာကို ယူဆောင်ခြင်းသည် ဝိဇ္ဇာပယောဂတည်း။ မန္တန်မပါဘဲ ကာယ, ဝစီပယောဂဖြင့် တန်ခိုးကို အသုံးပြု၍ ယူဆောင်ခြင်းသည် ဣဒ္ဓိပယောဂတည်း။ ဤသို့ ထူးပါသည်။

http://www.dhammadownload.com



မေး။ '' မနောပဒေါသိက ''ဟု ခေါ်ဆိုအပ်သော နတ်တို့သည် မည်သည့်နတ်ဘုံ၌ ဖြစ်သော နတ်မျိုးဖြစ်သည်ကိုင်၊ မည်သို့ပျက်စီးကြသည်ကိုင် တိတိကျကျ ဆုံးဖြတ်ပါ။ (အစိုးရ)

ဖြေ။ ''မနောပဒေါသိက''ဟု ခေါ်ဆိုအပ်သော နတ်တို့သည် စတုမဟာရာဇ် နတ်ဘုံ၌ ဖြစ်သော နတ်မျိုးဖြစ်သည်။ (အဋ္ဌကထာ၊ ၁၀၅)

ယင်းမနောပဒေါသိကနတ်တို့သည် အချင်းချင်းပြစ်မှားသော စိတ်ရှိကုန်သည် ဖြစ်၍ ပင်ပန်းသောကိုယ်၊ ပင်ပန်းသောစိတ် ရှိကြကုန်၏။ ဤသို့ အမျက်ဒေါသနှင့် ယှဉ်သော စိတ်ကြောင့် ပျက်စီးကြရပါသည်။ (ပါဠိတော်၊ ၁၉)

မေး။ ပါဏာတိပါတစိရတိစသော သီလများကို ဤဗြဟ္မဇာလသုတ်၌ သိက္ခာပုဒ်ဟု နာမည်တပ်၍ ဟောတော်မမူအပ်သည်ဖြစ်ပါလျက် အဘယ့်ကြောင့် ပဌမသိက္ခာပဒေဟု ဆိုသနည်း။

ဖြေ။ အခြားသောသုတ်ပုဒ်၊ ဝိနည်း၊ အဘိဓမ္မာတို့၌ သိက္ခာပုဒ်ဟု အခေါ်အဝေါ်ရှိသောကြောင့် ဤ၌လည်း သိက္ခာပဒဟု ခေါ်ထားသည်။ မှန်၏။ ဤပါဏာတိပါတဝိရတိနှင့် စေတနာတို့သည် အဓိသီလသိက္ခာပုဒ်တို့၏ တည်ရာဖြစ်သောကြောင့်ငင်၊ ထိုသိက္ခာပုဒ်တို့တွင် သိက္ခာတစ်ခုဖြစ်သောကြောင့်ငင် သိက္ခာပဒဟု အဋ္ဌကထာဆရာ သုံးစွဲထားသည်။

မေး။ ''လဇ္ဇီ ဒယာပန္နော''ဟု အထူးဟောတော်မမူခြင်းအကြောင်းကို ရေးပါ။

ဖြေ။ ဤသိက္ခာပုဒ်၌ ''လဇ္ဇီ ဒယာပန္နော''ပုဒ်ကို မဆိုအပ်သော်လည်း အဓိကာရနည်း အစွမ်းအားဖြင့်ငင်၊ အဓိပ္ပါယ်အားဖြင့်ငင် ဆိုအပ်သည်သာဟု မှတ်ထိုက်၏။ မှန်၏၊ လဇ္ဇာစသည်တို့သည် ပါဏာတိပါတကို ပယ်ခြင်း၏ ထူးသောအကြောင်းဖြစ်သကဲ့သို့ အဒိန္နာဒါနကို ပယ်ခြင်း၏လည်း ထူးသောအကြောင်းဖြစ်သည်။ (တစ်နည်း) သုစိဘူတေန ပါဠိဖြင့် ဟိရိဩတ္တပ္ပတို့နှင့် ပြည့်စုံစေခြင်းကိုင်၊ အဟိရိကစသည်တို့ကို ပယ်ခြင်းကိုင်၊ ပြဆိုပြီးဖြစ်သောကြောင့် ''လဇ္ဇီ ဒယာပန္နော''ဟု အထူးဟော တော်မမူ။

မေး။ မေထုနသံယောဂ ခေါ် မေထုန်ငယ် (၇)ပါး သရုပ်ကို ရေတွက်ပြပါ။

http://www.dhammadownload.com



ဖြေ။ (၁) မာတုဂါမ၏ ခြေဆုပ်လက်နယ်မှု ရေချိုးပေးမှု ချေးပွတ်ပေးမှုကို သာယာမှု၊
(၂) မာတုဂါမနှင့် အတူတကွ စကားပြော၍ ရယ်မောနေမှု၊
(၃) မျက်နှာချင်းဆိုင်၍ စူးစိုက်စွာ ကြည့်မှု၊
(၄) မာတုဂါမ၏ စကားပြောသံ၊ ရယ်မောသံ၊ သီချင်းဆိုသံ၊ ငိုသံကို နံရံဟိုဘက်ကွယ်ရာမှ သာယာသော အားဖြင့် နားထောင်မှု၊
(၅) မာတုဂါမနှင့်အတူ ပြောဆိုခဲ့ ရယ်မောခဲ့ဘူးသည်ကို တွေး၍ သာယာမှု၊
(၆) ကာမဂုဏ်ငါးပါးနှင့် ပြည့်စုံနေကြသော လူ၀တ်ကြောင်များကို အားကျမှု၊
(၇) ယခုကျင့်နေရသော ဗြဟ္မစရိယအကျင့်ဖြင့် နောင်ဘ၀၌ ထင်ရှားသော နတ်သားတစ်ယောက် ဖြစ်ဖို့ရန် တောင့်တမှု။

မေး။ ပါဠိတော်၌ ''ဝိရတော မေထုနာ''ဟုသာ မဟောဘဲ ''ဝိရတော မေထုနာ ဂါမဓမ္မာ''ဟု ဟောတော်မူခြင်းအကြောင်းကို ရေးပါ။

ဖြေ။ ဘုရားရှင်သည် မေထုန်မှသာ ကြဉ်သည်မဟုတ်၊ မေထုနသံယောဂဟူသော မေထုန်ငယ်(၇) ပါးမှလည်း ကြဉ်၏ဟု ပြလိုသောကြောင့် ဟောတော်မူသည်။

မေး။ အဋ္ဌကထာသု ပန အနာဂတတ္တာ ဝိမံသိတ္ဝာ ဂဟေတဗ္ဗာဟု ဆိုရခြင်းအကြောင်းကို ရေးပါ။

ဖြေ။ အတ္တနောမတိ၏ အလုံးစုံသော သုတ္တ၊ သုတ္တာနုလောမ၊ အာစရိယဝါဒတို့အောက် အားနည်းသည်၏အဖြစ်ကြောင့်၎င်း၊ ရှေးဆရာတို့ကို လေးစားသောအားဖြင့် မိမိကိုယ်ကို မမြှောက်ပင့်လိုသောကြောင့်၎င်း ''ဝိမံသိတ္ဝာ ဂဟေတဗ္ဗာ''ဟု ဆိုပါသည်။

အမှာ။ ။ ဝိမံသိတ္ဝာ ဂဟေတဗ္ဗာ တွေ့တိုင်း ဤနည်းအတိုင်း မှတ်ပါ။

မေး။ ဇီဝိတဟေတုပိ–၌ ပိသဒ္ဒါဖြင့် ပေါင်းအပ်သော သမ္ဗာဝနာဝါကျကို ဖော်ပြပြီး (၈) ဝါကျပါ တဿ ၌ တသဒ္ဒါ၏ စွဲရာအနက်ကိုလည်း ရေးခဲ့ပါ။

ဖြေ။ ဇီဝိတဟေတုပိ–၌ ပိသဒ္ဒါဖြင့် ပေါင်းဆည်းအပ်သော သမ္ဘာဝနာ ဝါကျကား ''ပဂေဝ အညဟေတု'' ဖြစ်သည်။ (ဋီသစ်၊ ၁၊ ၃၃၇)

တဿ မုသာဝါဒေန ပါဠ်၌ဝယ် တဿ ၌ တသဒ္ဒါ၏ စွဲရာအနက်ကား တဿ ပုရိသဿ၊ ထိုယောက်ျား၏။ (ပစ္စက္ခ၊ နိသျ)

http://www.dhammadownload.com



## မုသာဝါဒ ဖြစ် မဖြစ် အဆုံးအဖြတ်

မိမိဥစ္စာကို မပေးလို၍ မရှိဟု ပြောခြင်း၌၎င်း၊ ပုရဏကထာနည်းဖြင့် စကားပို စကားလျှံ (ဆီတွေ မြစ်ကြီးလိုစီးနေ၏ စသည်) ပြောဆိုခြင်း၌၎င်း မုသာဝါဒမဖြစ်၊ သူတစ်ပါး အသိမှားစေလိုသော ဝိသံဝါဒနစိတ်ရှိ မုသာဝါဒဖြစ်သည်။ ထိုစကား မျိုးပြောကြားရုံဖြင့်ကား မုသာဝါဒ မဖြစ်ပါ။

## ဟလိဒ္ဒိရာဂ စသည်ဖြင့် ဥပမာပြုရခြင်းအကြောင်း

ဟလိဒ္ဒိရာဂေါ စသော ဥပမာများသည် ပုဂ္ဂိုလ်၏ဥပမာ မဟုတ်၊ စကား၏ ဥပမာ များတည်း။ ဟလိဒ္ဒိရာဂစသည်တို့သည် မတည်မြဲသော သဘောရှိကုန်သော ကြောင့် ဥပမာပြုရခြင်းဖြစ်ပါသည်။

မေး။ ''ဝိသူကံ ပဋ္ဌာဏီဘူတံ ဒဿနန္တိ ဝိသူကဒဿနံ''ဟူ၍ ဒဿနံကိုသာ ဆိုပါလျက် အဘယ်သို့သော နည်းဖြင့် နားထောင်ခြင်းအနက် ထည့်သွင်းဆိုအပ်ပါသနည်း။ ''နစ္စာဒီနံ ဂီတသဝနအရာ၌ အပ်, မအပ် ဆုံးဖြတ်ပါ။

ဖြေ။ ဝိရူပေကသေသနည်းဖြင့် သဝနံ ကိုလည်း ဒဿန၌ ထည့်သွင်းယူရသည်။ (တစ်နည်း) စက္ခုဝိညာဏ်စသော ဝိညာဏ်ငါးပါးလုံးပင် အာလောစန (မိမိဆိုင်ရာအာရုံကို ထင်စွာပြုခြင်း သိမြင်ခြင်း) သဘောရှိသောကြောင့် ဒဿနဖြင့် သဝနကြိယာကိုလည်း သွင်းယူနိုင်သည်။ ထို့ကြောင့် သိက္ခာပုဒ်၌ ဒဿန ဟူ၍သာ ဟောတော်မူသည်။

မေး။ ပိသုဏဝါစာ ဝိရတီသီလကို ပြဆိုရာ၌ ဘိန္နာနံ သန္ဓာတာနှင့်သဟိတာနံ အနုပ္ပဒါတာ တို့၏ အဓိပ္ပါယ်ကို အဌကထာအာဘော်ကျအောင် ရှင်းပြပါ။

ဖြေ။ တစ်စုံတစ်ခုသောအကြောင်းကြောင့် ကွဲပြားနေသော မိတ်ဆွေနှစ်ယောက် ဥပဇ္ဈာယ်တူသူ နှစ်ယောက်စသည်တို့တွင် တစ်ဦးထံ ချဉ်းကပ်၍ ''ဤကဲ့သို့ ဆွေကြီး မျိုးကြီး၌ ဖြစ်ကုန်သော အသင်မိတ်ဆွေနှစ်ယောက်တို့အား ဗဟုသုတရှိကုန်သော အသင်ဥပဇ္ဈာယ်တူနှစ်ယောက် စသည်တို့အား ဤသို့ ကွဲပြားရန်မသင့်''ဟု ပြောဆို၍ စေ့စပ်မှု ပြုတော်မူပါသည်။ (ဘိန္နာနံ သန္ဓာတာ အဓိပ္ပါယ်)

လူနှစ်ယောက် ညီညွတ်နေသည်တို့ကို မြင်ရ၍ ''ဤသို့ ဆွေကြီး မျိုးကြီး၌ ဖြစ်သော ဤသို့ သီလစသောဂုဏ်နှင့် ပြည့်စုံသော သင်တို့အား ညီညွတ်ခြင်းသည်

http://www.dhammadownload.com



လျှောက်ပတ်ပါပေ၏''ဟု စသည် ပြောဆို၍ နိုင်မြဲအောင် ပြုတော်မူပါသည်။ (သဟိတာနံ အနုပ္ပဒိတာ အဓိပ္ပါယ်)

**မေး။** မုသာဝါလက္ခဏာ (၄)ပါးကို ဖော်ပြပါ။

**ဖြေ။** (၁) သူတစ်ပါးအသိ မှားစေလိုခြင်း၊ (၂) ကာယပယောဂ ဝစီပယောဂကို ပြုခြင်း၊ (၃) မိမိက အမှားဟု သိစေလိုသည့်အတိုင်း သူတစ်ပါးက အမှားကို သိခြင်း၊ (၄) မှန်သော ဝတ္ထုကို မမှန်ဟု သိစေလိုခြင်း။

**မေး။** အပ္ပမတ္တကံဟု ဟောက ပြီးကောင်းပါလျက် ဩရမတ္တကံဟူသော ဝေဝုစ်ကို ဆိုရခြင်း အကြောင်းကို ရေးပါ။

**ဖြေ။** ဝေဝုစ်ဖြင့် မဆိုသော် သဒ္ဒါ၏ များစွာသော အနက်ဖြစ်သင့်သောကြောင့်၎င်း ဝေဝုစ်ဖြင့်ဆိုသော် ထူးသောအနက်ကို သိစေတတ်သောကြောင့်၎င်း ဝေဝုစ်ဖြင့် ဘုရားဟောပါသည်။

**မှတ်ချက်။** ဤ၌ သင့်လျော်ရုံမျှသာ ဖြေသည်။ ဋီကာသစ်၌ အကြောင်းများစွာ ရှိသေး၏။

**မေး။** များစွာသော သုတ်တို့ဖြင့် ရတနာသုံးပါး၌ ဖြစ်သော ပီတိသောမနဿကို ချီးမွမ်း ပါလျက် ဤသုတ်၌ ပီတိသောမနဿဖြင့် ဈာန်စသည်တို့၏ အန္တရာယ်ဖြစ်၏ဟု ဟောတော်မူရခြင်းအကြောင်းနှင့် သီလကို အပ္ပမတ္တကံ ဩရမတ္တကံ ဟု ဟောတော်မူ ရခြင်းအကြောင်းကိုလည်း ဖော်ပြပါ။

**ဖြေ။** မြတ်စွာဘုရား ချီးမွမ်းသော ပီတိသောမနဿကား ကာမမှ ထွက်မြောက်ကြောင်း ကုသိုလ်၌မှီသော (နေက္ခမ္မနိဿိတ) ပီတိသောမနဿတည်း။ ဤသုတ်၌ အာနန္ဒော သောမနဿံ စသည်ဖြင့် ဟောသော ပီတိသောမနဿကား ကာမဂုဏ်ငါးပါးတည်း ဟူသော အိမ်ကိုမှီ၍ဖြစ်သော (ဂေဟဿိတ) ပီတိသောမနဿတည်း။ ထို့ကြောင့် မြတ်စွာဘုရားက ဤဂေဟဿိတကို ရည်ရွယ်၍ ဈာန်စသည်တို့၏ အန္တရာယ်ဟု ဟောတော်မူပါသည်။

သီလသည် သမာဓိ ပညာတို့ကို မထောက်ဆ မနှိုင်းယှဉ်လျှင် ကြီးမြတ် (မဟန္တဖြစ်) သည်ကား မှန်၏။ သို့သော် သမာဓိ ပညာတို့ကို ထောက်ဆ၍ ဤသုတ်၌ သီလကို အပ္ပမတ္တကံ စသည်ဖြင့် ဟောသည်။

http://www.dhammadownload.com



မေး။ သုတ်တို့သည် ရာထောင်မက များစွာရှိကြပါလျက် အဘယ့်ကြောင့် စတ္တာရော ဟိ သုတ္တနိက္ခေပါဟု အဋ္ဌကထာဆရာ ဆိုပါသနည်း။

ဖြေ။ သုတ်တို့သည် ရာထောင်မက များလှကုန်သော်လည်း သံကိလေသဘာဂိယ စသော သာသနပဋ္ဌာနနည်းဖြင့် ၁၆-ပါးအပြားရှိသည်၏အဖြစ်ကို မလွန်နိုင်သကဲ့သို့ ထို့အတူ အတ္တဇ္ဈာသယ စသော သုတ္တနိက္ခေပလေးမျိုးကိုလည်း မလွန်နိုင်ကြကုန်။ (ဝါ) သုတ္တနိက္ခေပလေးမျိုး၌ အကျုံးဝင်ကြ၏။ ထို့ကြောင့် အဋ္ဌကထာဆရာ ဆိုပါသည်။

## ဒွိန္နံ့ မိတ္တာနံ-၌ မှတ်သားဖွယ်

ဒွိန္နံ့ မိတ္တာနံ-၌ နိဒ္ဓါရဏနည်းအားဖြင့် ဒွိန္နံဟု ဆိုသည်။ နှစ်ယောက်သာမက အများကိုလည်း စေ့စပ်နိုင်သောကြောင့်တည်း။

မေး။ ဖရုသံ ကရောတိ၊ သယမ္ပိ ဖရုသာ ဟူ၍ ဖရုသဝါစာကိုသာ ဆိုထားရခြင်း အကြောင်းကို အသီးသီး ဖော်ပြပါ။

ဖြေ။ ဖရုသဝါစာသည် ချစ်မြတ်နိုးမှု သိနေဟမရှိခြင်းကြောင့် ဖရုသံ ကရောတိဟု ဆိုသည်။ ဖရုသဝါစာသည် ဒေါမနဿကဖြစ်စေအပ်သောကြောင့် (ဝါ) ဒေါမနဿ ကြောင့် ဖြစ်လာသောကြောင့် သဘာဝအားဖြင့် ကြမ်းတမ်းသည့်အတွက် သယမ္ပိ ဖရုသာဟု ဆိုသည်။

မေး။ ဖရုသစေတနာဟုသာ မဆိုဘဲ ကေန္တဖရုသစေတနာဟု ကေန္တသဒ္ဒါ ထည့်ရခြင်း အကြောင်းကို ရေးပါ။

ဖြေ။ ဝါသနာအလိုက် နှုတ်ထွက်ကြမ်းရှုမှုကို ဆိုလိုသည်မဟုတ်ဘဲ တကယ့်ဒေါသဖြင့် ပြောဆိုအပ်သော ဖရုသဝါစာကိုသာ ယူစေလိုသောကြောင့် ဆိုရခြင်း ဖြစ်ပါသည်။

မေး။ မမ္မစ္ဆေဒကော-၌ မမ္မသဒ္ဒ၏ မုချအနက်၊ ဤ၌ လိုအပ်သော ဥပစာအနက်နှင့်တကွ မမ္မစ္ဆေဒက၌ ဆေဒကပုဒ်အနက်ကိုလည်း ရေးခဲ့ပါ။

ဖြေ။ မုချအနက် - ပျက်သော ဆိုးဝါးသော အနာ (အနာပျက်၊ အနာဆွေး အနာဟောင်း) ဖြစ်ပါသည်။

ဤ၌ လိုအပ်သော ဥပစာနက်ကား အင်္ဂါသဝတ္ထု (၁၀)ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



မဟ္မစ္ဆေဒကဉ္ဈ ဆေဒကပုဒ်အနက် – အလွန်နာကျည်းဖွယ်ကောင်းသော အင်္ဂောသဝတ္ထု (၁၀)ပါးဖြင့် သူတစ်ပါးအား ထိပါးပုတ်ခတ်ဆဲရေးခြင်း (ဝါ) ဆဲရေးကြောင်း ကာယပယောဂ၊ ဝစီပယောဂကို ''ဆေဒက''ဟု ဆိုပါသည်။

မေး။ ပုရေ သံဝမုနာရီ ဝိယ သုကုမာရာတိပိ ပေါရီ –၌ ဖြစ်နိုင်သော ဥပမာစတုက္ကကို ထုတ်ပြပါ။

ဖြေ။ မြို့ကြီး၌ မွေးဖွားကြီးပြင်းသော မိန်းမသည် နှိုင်းယှဉ်ကြောင်းဖြစ်သောကြောင့် ဥပမာနမည်၏။ အနှိုင်းယှဉ်ခံ ပြေပြစ်သည့် စကားဒြပ်သည် နှိုင်းယှဉ်အပ် နှိုင်းယှဉ်ခံရသောကြောင့် ဥပမေယျမည်၏။ ဝိယသဒ္ဒါသည် ဥပမာနကို ထွန်းပြတတ်သောကြောင့် ဥပမာနဇောတကမည်၏။ မြို့ကြီး၌ မွေးဖွားကြီးပြင်းလာသည့် မိန်းမသည် နူးညံ့သိမ်မွေ့သကဲ့သို့ စကားဒြပ်၏ မကြမ်းတမ်းဘဲ နူးညံ့သိမ်မွေ့ရကား နူးညံ့သိမ်မွေ့ခြင်းတူသော အခြင်းအရာ အာကာရသည် ဥပမာ မည်၏။ (ဤကား စတုက္ကတည်း)

မေး။ ပုရသဒ္ဒါသည် နဂရသဒ္ဒါ၏ ပရိယာယ်မျှသာ ဖြစ်ပါလျက် (ခ) ဝါကျ၌ ပုရသနဂရဝါသီနံဟု ဖွင့်ဆိုယားခြင်းအကြောင်းကို ရှင်းပြခဲ့ပါ။

ဖြေ။ ပုရသဒ္ဒါသည် နဂရသဒ္ဒါ၏ ပရိယာယ်မျှသာဖြစ်သော်လည်း ပုရဿ–၌ ပုရသဒ္ဒါကား ''ဂါမော အာဂတော''စသည်တို့၌ကဲ့သို့ သဟစရဏနည်း၏အစွမ်းဖြင့် မြို့နေသူလူများကိုလည်း ဟောနိုင်သာကြောင့် ဖွင့်ဆိုထားပါသည်။

မေး။ အတ္ထဝါဒီ–၌ အတ္ထအရကို ဖော်ပြ၍ ဓမ္မဝါဒီဟု ဆိုခြင်းနှင့်ဓမ္မအရကိုလည်း ဖော်ပြပါ။

ဖြေ။ အတ္ထဝါဒီ–၌ အတ္ထအရ ဒိဋ္ဌဓမ္မိကတ္ထ၊ သမ္ပရာယိကတ္ထတို့ကို ယူရ၏။

အစီးအပွားရှိသော စကားကို ပြောသောပုဂ္ဂိုလ်သည်လည်း လောကီစီးပွားရေးတရားကိုသာ မပြောသင့်၊ လောကုတ္တရာနှင့်ဆိုင်သော တရားကိုလည်း ဟောသင့်၏။ ထို့ကြောင့် ''ဓမ္မဝါဒီ''ဟု ဆိုပါသည်။

ဓမ္မအရ – လောကုတ္တရာတရားကို ယူရပါသည်။

မေး။ ဝိနယဝါဒီ–၌ ဝိနယအရကို ဖော်ပြ၍ သံဝရဝိနယသရုပ်နှင့် ပဟာနဝိနယသရုပ်တို့ကို ထုတ်ပြပါ။

ဖြေ။ ဝိနယဝါဒီ–၌ ဝိနယအရ သံဝရဝိနည်း၊ ပဟာနဝိနည်းကို ယူရပါသည်။

http://www.dhammadownload.com



## သံဝရဝိနယသရုပ်

(၁) ပါတိမောက္ခသံဝရ၊ (၂) သတိသံဝရ၊ (၃) ဉာဏသံဝရ၊
(၄) ခန္တီသံဝရ၊ (၅) ဝီရိယသံဝရ တို့တည်း။

## ပဟာနဝိနယသရုပ်

(၁) တဒင်္ဂပ္ပဟာန၊ (၂) ဝိက္ခမ္ဘနပ္ပဟာန၊ (၃) သမုစ္ဆေဒပ္ပဟာန၊
(၄) ပဋိပ္ပဿဒ္ဓိပ္ပဟာန၊ (၅) နိဿရဏပ္ပဟာနတို့တည်း။

## သ–၏ ကာရီသဒ္ဒါများနှင့် သ သဒ္ဒါဟောနိုင်သော အနက်များ

**(ဆောင်)** သန္တသဟ၊ သမာနနှင့်၊ ပသတ္ထပါ၊ လေးဖြာကာရီ၊ အတ္တနီယ၊ အတ္တအဆွေ၊ ခေတ္တေရက္ခိသည် သ–ဟောဆိုက်၏။ (ကေက္ခရကောသနီယံ)။

## ဒေသနာကောသလ္လဉာဏ် ရှိသည်ဟု ဆိုထိုက်ပုံ

သင့်လျော်သောအခါ၌ ဟောခြင်း၊ ဥပမာပြ၍ (အကြောင်းပြ၍) ဟောခြင်း၊ အဆုံးအပိုင်းအခြားရှိအောင် ဟောခြင်း၊ အနက်အဓိပ္ပါယ်နှင့်ပြည့်စုံအောင် (ရည်ရွယ်ရင်းအနက် အဓိပ္ပါယ်မလွတ်အောင်) ဟောခြင်း၊ ဤသို့ ဟောခြင်းဖြင့် ပြည့်စုံအောင် ဟောနိုင်မှ ''ဒေသနာကောသလ္လဉာဏ် ရှိသည်''ဟု ဆိုထိုက်၏။

**မေး။** ဗီဇဂါမ်ဟူသည် အဘယ်နည်း၊ ဆုံးဖြတ်ပြခဲ့ပါ။

**ဖြေ။** အပင်မှ ခွာအပ်ပြီးသော တစ်ဖန်ပေါက်ရောက်ခြင်းငှါ စွမ်းနိုင်သော မျိုးစေ့ကို ဗီဇဂါမ်ဟု ခေါ်ပါသည်။ (ဝါ) မူလဗီဇ၊ ခန္ဓဗီဇ၊ ဖလဗီဇ၊ အဂ္ဂဗီဇ၊ ဗီဇဗီဇ – ဤငါးမျိုးကို ဗီဇဂါမ်ဟု ခေါ်သည်။

## ဗီဇဂါမ် ဘူတဂါမ်တို့၏အထူး

အပင်မှ ခွါအပ်ပြီးသော တစ်ဖန်ပေါက်ရောက်ခြင်းငှါ စွမ်းနိုင်သော မျိုးစေ့အပေါင်းကို ဗီဇဂါမ်ဟု ခေါ်သည်။ အပင်မှ မခွါအပ်သေး၊ မခြောက်သေးသောအမြစ်စသည်ကို ''ဘူတဂါမ်'' ဟု ခေါ်သည်။ ဤသို့ ထူးပါသည်။

http://www.dhammadownload.com



## ဆွမ်းစားချိန်ကာလ

ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့၏ အလေ့အကျက်ဖြစ်သောကြောင့် အရုဏ်တက်သည်မှ မွန်းတည့်အတွင်းသည် ဆွမ်းစားချိန်ကာလ မည်၏။

**မေး။** ဘောဇနာနိ–၌ ဘောဇနအရကို ဖော်ပြပါ။

**ဖြေ။** ယာမကာလိကစသည်တို့ကို ခွင့်ပြုတော်မူသောကြောင့်၎င်း၊ ဝိကာလ ဘောဇန သဒ္ဒါ၏ ယာဝကာလိကဘောဇဉ်၌သာ ထင်ရှားသောကြောင့်၎င်း ယာဝကာလိကကို ယူရပါသည်။

**မေး။** ပါဠိတော်၌ ကေဘတ္တိကောဟုသာ ဟောက လိုအပ်သောအနက် ပြီးကောင်းပါလျက် အဘယ့်ကြောင့် ရတ္တူပရတော ဝိရတော ဝိကာလဘောဇနာ ပုဒ်တို့ကို ဟောပါသနည်း။

**ဖြေ။** တစ်နေ့တွင် တစ်ကြိမ်သာ စားခြင်းကြောင့် ကေဘတ္တိကမည်၏ဟု ဆိုသော် တစ်ကြိမ်သာ ညဥ့်၌ စားလျှင်လည်း ကေဘတ္တိကပင် မည်ရာ၏ ဟူသော စောဒနာကို တားမြစ်လိုသောကြောင့် ''ရတ္တူပရတော'' ပုဒ်ကို ဆိုပါသည်။

## ဝိရတော ဝိကာလဘောဇနာဟု ဆိုရခြင်းအကြောင်း

ကေဘတ္တိက (တစ်ထပ်စားသည်) ရတ္တူပရတ (ညဥ့်စာမှ ရှောင်သည်) ဟု ဆိုထားလျှင် နေ့လွဲညနေချမ်းအခါ တစ်ထပ်သာ စားလျှင်လည်း ကေဘတ္တိက မည်ရာ၏ဟူသော ယုံမှားသင်္ကာကို နစ်စေခြင်းငှါ ''ဝိရတော ဝိကာလဘောဇနာ'' ဟု ဆိုပါသည်။

**မေး။** မြတ်စွာဘုရားသည် မည်သည့်အခါမှစ၍ ဝိကာလဘောဇနာကို ရှောင်ကြဉ်ခဲ့ပါသနည်း။

**ဖြေ။** မြတ်စွာဘုရားသည် ဘုရားဖြစ်မှသာ ဝိကာလဘောဇနာကို ရှောင်ကြဉ်သည်မဟုတ်၊ အနောမာမြစ်ကမ်းနား၌ ရဟန်းပြုသောနေ့မှစ၍ ရှောင်ကြဉ်ခဲ့ပါသည်။

**မေး။** ကပ္ပဲသဘင် ကြည့်ရှုနားထောင်ခြင်းသည် ဒုစရိုက်အကျင့်မဟုတ်ပါဘဲလျက် အဘယ့်ကြောင့် အဋ္ဌကထာဆရာသည် ''သာသနာတော်အား မလျော်''ဟု ဖွင့်ဆိုပါသနည်း။ ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com



ဖြေ။ ကပွဲသဘင်ကြည့်ရှုနားထောင်ခြင်းသည် ဒုစရိုက်အကျင့်မဟုတ်သော်လည်း ဆန္ဒရာဂနှင့်တကွဖြစ်သောကြောင့် ''သဗ္ဗပါပဿ အကရဏံ'' စသောနည်းဖြင့် ဖြစ်သောဘုရားရှင်၏ သာသနာတော်ကို မလျော်စေပါ။ ထိုသို့မလျော်ရုံသာမက ဆန့်ကျင်ဘက် စိတ်ကျင်သဖွယ် ဖြစ်ရပါသည်။ ထို့ကြောင့် ''သာသနာတော်အား မလျော်''ဟု အဋ္ဌကထာဆရာ ဖွင့်ဆိုပါသည်။

ဝိသူကဘူတာ ဒဿနာ စ ပါဠိဖြင့် အဝိသူကဖြစ်သော ဂီတကို နားထောင်ခြင်းကား တစ်ရံတစ်ခါ အပ်၏ဟု ပြပါသည်။ ထို့ကြောင့် တရားနှင့်စပ်ယှဉ်စေကာမူ ဂီတသည် မအပ်၊ ဂီတနှင့် စပ်ယှဉ်သော တရားကား အပ်၏ဟု ခုဒ္ဒကပါဌအဋ္ဌကထာ၌ ဆိုသည်။

မေး။ သစ်ပင်များ၌ အသက်မရှိကြောင်း ထင်ရှားပါလျက် ထိုသစ်ပင်များကို ဖျက်ဆီးမှ ရှောင်ကြဉ်ခြင်းကို အဘယ်ကြောင့် လိုလားအပ်ပါသနည်း။

ဖြေ။ သစ်ပင်တို့ကို မခုတ်မဖြတ်ခြင်းသည် ရဟန်းတို့အား လျောက်ပတ်သော အကျင့်ဖြစ်သောကြောင့်၎င်း၊ ထိုသစ်ပင်ကို မှီနေသော သတ္တဝါကို သနားစောင့်ရှောက်လိုသောကြောင့်၎င်း၊ သစ်ပင်များ ဖျက်ဆီးမှုမှ ရှောင်ခြင်းကို လိုလားရပေသည်။

မေး။ ''နိကတီတိ ယောဂဝသေန ဝါ မာယာဝသေန ဝါ အပါမင်္ဂ ပါမင်္ဂန္တိ အမဏိန္တိ မဏိန္တိ အသုဝဏ္ဏံ သုဝဏ္ဏန္တိ ကတွာ ပတိရူပကေန ဝဥ္စနံ (ဌ ၇၈)'' ဟူသော စကား၌ ယောဂနှင့်မာယာတို့၏ လှည့်စားပုံ ခြားနားချက်ကို ရေးခဲ့ပါ။

ဖြေ။ မန္တန်စုတ်ခြင်းစသော ပယောဂ၏အစွမ်းဖြင့် လှည့်စားမှုကို ပယောဂဖြင့် လှည့်စားခြင်းဟု ခေါ်သည်။ မန္တန်စုတ်မှုကို ကြည့်၍ မဟုတ်သည်ကို ဟုတ်သောအခြင်းအရာအားဖြင့် သိစေသော မျက်စိကို တွေဝေစေတတ်သော မာယာ၏ အစွမ်းဖြင့် လှည့်စားမှုကို မာယာဖြင့် လှည့်စားခြင်းဟု ခေါ်ပါသည်။ ဤသို့ ထူးပါသည်။

''**သန္နိဓိဒေယျာနိ ဘောဇနာနိ ဘုဉ္ဇိတွာ**'' ပါဠိတော်၌ ဘောဇနာနိ ဟူသည် ပဓာန၊ နိဒဿန၊ ဥပလက္ခဏနည်းအားဖြင့် ဒေသနာကို ဦးခေါင်းတပ်၍ ဟောခြင်းမျှသာ ဖြစ်သောကြောင့် ဘောဇနာနိ အရ ပစ္စည်းလေးပါးကို ကောက်ရမည်ဟု ဆိုလိုရင်း ဖြစ်ပါသည်။

http://www.dhammadownload.com



မေး။ ဣတ္တိကုမာရီ ဒါသီဒါသ စသောပုဒ်များသည် လူဇာတ်တစ်ခုတည်းဖြစ်၍ တစ်ခုခုကို အလျှုမခံကောင်းဟု ဆိုလျှင် ပြီးကောင်းပါလျက် ဣတ္ထိကုမာရိကပဋိဂ္ဂဟဏာ ဒါသီဒါသပဋိဂ္ဂဟဏာ ဟူ၍ အဘယ့်ကြောင့် အသီးသီး ဝေဖန်ခွဲခြား၍ ဟောကြားထားပါသနည်း။

ဖြေ။ ဣတ္ထိကုမာရိကာစသော ပုဒ်တို့သည် လူဇာတ်အားဖြင့် အလျှုမခံကောင်းကုန်သည်၏ အဖြစ်ဖြင့် တူညီကြသော်လည်း ရဟန်းတို့သည် အလျှုမခံအပ်သော ဝတ္ထု-ာနေဖြင့် ထူးသော အဖြစ်ကို ထင်စွာပြခြင်းအကျိုးငှါ (ဝါ) ထင်စွာပြလိုသောကြောင့် ဣတ္ထိ (ပ) ဏာ ဟူ၍ အသီးသီး ခွဲခြား၍ ဟောတော်မူပါသည်။

ဝါပိတဉာကာဒီနိပိ–၌ အာဒိသဒ္ဒါဖြင့် လေးထောင့်ကန်၊ ရေတွင်း စသည်တို့ကို ယူရပါသည်။

မေး။ ဟိမဝိပရာမောသနှင့်ဂုမ္ဗဝိပရာမောသတို့၏ အထူးကို ရေးပါ။

ဖြေ။ ဆီးနှင်းဖြင့် ဖုံးလွှမ်းလျက် ခရီးသွားလူအပေါင်းကို အထူးအားဖြင့် ထက်ဝန်းကျင်မှ ပြင်းစွာလုယက် ဖျက်ဆီးခြင်းသည် ဟိမဝိပရာမောသမည်၏။

ချုံဖြင့် ဖုံးလွှမ်းလျက် ခရီးသွားလူအပေါင်းကို အထူးအားဖြင့် ထက်ဝန်းကျင်မှ ပြင်းစွာလုယက်ဖျက်ဆီးခြင်းသည် ဂုမ္ဗဝိပရာမောသ မည်၏။

## အစိပ္ပါယ်မှတ်သားဖွယ်

စူဠသီလ၌ သိက္ခာပုဒ် (၂၆) ပါး ရှိသည်။ ငယ်သောကြောင့် စူဠသီလခေါ်သည် မဟုတ်။ ယေဘုယျအားဖြင့် သိက္ခာပုဒ်တို့ကို မဝေဖန်အပ်သောကြောင့် စူဠသီလဟု ခေါ်သည်။ ဒေသနာအကျဉ်းကို စူဠ၊ မကျဉ်းမကျယ်ကို မဇ္ဈိမ၊ အကျယ်ကို မဟာဟု ခေါ်သည်။ သိက္ခာပုဒ်အနည်းအများ စသော ဓမ္မ၏အစွမ်းဖြင့် ယင်းသို့ ခေါ်သည် မဟုတ်။

မေး။ ကပ္ပိယကုဋိ၌ များစွာထားပါလျက် သန္နိဓိမဖြစ်ခြင်း အကြောင်းသွင်း၍ ရှင်းခဲ့ပါ။

ဖြေ။ ကပ္ပိယကုဋိ၌ အန္တောဝုတ္ထ၊ အန္တောပက္ကကို ခွင့်ပြုအပ်သောကြောင့် များစွာထားသော်လည်း သန္နိဓိ မဖြစ်ပါ။

http://www.dhammadownload.com



## ဥက္ကာကျခြင်းအဓိပ္ပါယ်

လေထုတို့အဟုန်ဖြင့် အချင်းချင်း ထိခတ်ရာ မီးရောင်ကဲ့သို့ အရောင်ဖြစ်ပေါ်၍ ကောင်းကင်မှ ကျခြင်းကို ဥက္ကာကျသည်ဟု ခေါ်သည်။

## ကပ္ပိယကုဋ္ဌိခေါ်ပုံ

သမ္မုတိကုဋ္ဌိစသော ကျောင်းလေးမျိုးနှင့် နေစရာမဟုတ်သော ဆွမ်းစားကျောင်း ဥပုသ်ကျောင်းဆောင်စသည်ကို ဝိနည်းအလိုအားဖြင့် ''ကပ္ပိယကုဋ္ဌိ''ဟု ဆိုသည် ယင်းကျောင်းငါးမျိုးကို ရည်ရွယ်၍ ကပ္ပိယကုဋ္ဌိယံ စသည်ဖြင့် အဋ္ဌကထာ၌ ခေါ်သည်။

**မေး။** ဝိနယဝသေန၊ သလ္လေခတို့၌ ဝိနယအရ, သလ္လေခအရ တို့ကို ဖော်ပြပါ။

**ဖြေ။** ဝိနယအရ ဝိနည်းပါဠိတော်ကိုသာ မယူဘဲ ဝိနည်းပါဠိတော်၌လာသော ကျင့်ထုံး တိုင်အောင် ဌာနူပစာရအားဖြင့် ယူပါသည်။
(တစ်နည်း) ကိုယ်နှုတ်နှစ်ပါး ဆုံးမမှုအကျင့်ကို ယူရပါသည်။
အကြောင်းကား သုတ္တန္တနည်း ပဋိပတ်ကို သီးခြားယူပြီးဖြစ်သောကြောင့်တည်း။
သလ္လေခအရ ဝိနည်းအကျင့်ကို သီးခြားယူပြီးဖြစ်သောကြောင့် သုတ္တန္တနည်း ပဋိပတ်ကို ယူရပါသည်။

## ဘုဥ္စိတုံ ဝဋ္ဋတိအဓိပ္ပါယ်

ထိုသာမဏေတို့၏ ဥစ္စာကိုလည်း ဝိဿာသဂ္ဂါဟစသည်တို့၏ အစွမ်းဖြင့် စားခြင်းငှါ အပ်ပါသည်။

ဂုဠပိဏ္ဍ – ထိုတင်လဲခဲကို ထန်းသီးမှည့်ပမာဏ ရှိ၏ ဟု သာရတ္ထ၌ ဆို၏။

**မေး။** ဥစ္စာသယန၊ မဟာသယနတို့၏ အထူးကို ရေးပါ။

**ဖြေ။** ပမာဏထက်လွန်သော ညောင်စောင်းအင်းပျဉ်ကို ''ဥစ္စာသယန''ဟု ခေါ်၏။ မအပ်သော အခင်းကို ''မဟာသယန''ဟု ခေါ်၏။ ဤသို့ ထူးပါသည်။

### ဥဘတောလောဟိတကူပဓာနံ–၌ ဥပဓာနသရုပ်

၁။ သီသူပဓာန = ခေါင်းအုံး။ ၂။ ပါဒူပဓာန = ခြေအုံးတည်း။

http://www.dhammadownload.com



နံပါးနှစ်ဘက်တို့၌ နီသောခေါင်းအုံး၊ ပဒုမ္မာကြာအဆင်းရှိသော ခေါင်းအုံး၊ ရက်ပုံချုပ်ပုံ ဆန်းကြယ်သော ခေါင်းအုံးများသည် ဦးခေါင်းပမာဏရှိလျှင် အပ်၏။ ပမာဏလွန်လျှင် မအပ်။

အမိဝမ်းမှ ထွက်ခဲ့ရသော ကလေးတို့၏ ကိုယ်အနံ့သည် (၁၂)နှစ် အရွယ်ရောက်မှ ပျောက်သည်။

## အင်္ဂကျမ်းနှင့်အင်္ဂဝိဇ္ဇာကျမ်း အထူး

လက်ခြေစသည်တို့တွင် ဤသို့သဘောရှိသော အင်္ဂါနှင့် ပြည့်စုံသူသည် အသက်ရှည်၏၊ အခြံအရံများ၏၊ စသည်ဖြင့် ပြဆိုသောကျမ်းကို ''အင်္ဂကျမ်း''ဟု ခေါ်၏။

လက်ချောင်းရိုး၊ ခြေချောင်းရိုးစသည်တို့ကို ရှု၍ မန္တန်စုတ်ပြီးလျှင် ''ဤသူကား အမျိုးကောင်းသားဖြစ်၏၊ ဤသူကား မဖြစ်၊ ဤသူကား ဘုန်းကျက်သရေနှင့် ပြည့်စုံသူတည်း။ ဤသူကား မပြည့်စုံ စသည်ဖြင့် ဟောကြား ပြောဆိုသော ကျမ်းကို ''အင်္ဂဝိဇ္ဇာကျမ်း'' ဟု ခေါ်၏။ ဤသို့ ထူးပါသည်။

## အင်္ဂကျမ်းနှင့်လက္ခဏာကျမ်း အထူး

အင်္ဂါပြည့်စုံမှု အင်္ဂါချို့ယွင်းမှုကို ပြဆိုကာမျှဖြစ်သော ကျမ်းသည် ''အင်္ဂကျမ်း'' မည်၏။ တန်ခိုးအာနုဘော်ကြီးမားသည်၏အဖြစ်စသည်ကို ပြီးစေတတ်သော လက္ခဏာ အထူးပြဆိုသော ကျမ်းသည် လက္ခဏာကျမ်း မည်၏။ ဤသို့ ထူးသည်။

## တူလိကာ၌ ထူလသရုပ်

၁။ ရုက္ခတူလ = လက်ပန်ပင်စသည်မှ ဖြစ်သော သစ်ပင်လဲ။

၂။ လတာတူလ = နွယ်ပင်မှဖြစ်သော နွယ်လဲ။

၃။ ပေါဋ္ဋကီတူလ = ဖောင်းခါးမြက် ရှင်မွေးလွှန်းမြက်မှ ဖြစ်သောလဲ။

## ပလ္လင်္ကသရုပ်နှင့်အဓိပ္ပါယ်

၁။ ထိုင်ရာနေရာကုဋ္ဋင် ညောင်စောင်းဟူသော နိသီဒိတဗ္ဗာသနပလ္လင်ဟု ခေါ်သည့် ပလ္လင်္ကတစ်မျိုး၊

http://www.dhammadownload.com



၂။ အပရာဇိတပလ္လင်ဟု ခေါ်ဝေါ်အပ်သော ပလ္လက်တစ်မျိုး၊
၃။ ပေါင်တို့ကို ဖွဲ့ခွေခြင်း၏အစွမ်းဖြင့် ထိုင်နေခြင်းဟူသော ဦရုဗဒ္ဓါသနပလ္လင်ဟု ခေါ်သည့် ပလ္လက်တစ်မျိုး၊

ဤနေရာ၌ နိသိဒိတဗ္ဗာသနပလ္လင်ကို ယူရပါသည်။

အကြောင်းကား ဥစ္စာသယနမဟာသယနံ အနုယုတ္တာ ဝိဟရန္တိ ဟူသော ပါဠိတော်၌ ထိုင်ရာနေရာဖြစ်သော ဥစ္စာသယန မဟာသယနသရုပ်ကို ထုတ်ပြသော နေရာဖြစ်သောကြောင့်တည်း။

## ကုဟနဝတ္ထု (၃) မျိုး ပါဠိ+မြန်မာ တွဲစပ်ပုံ

၁။ သာမန္တဇပ္ပန = အရိယာတို့နှင့်ဆိုင်သော အနီးအပါးစကားကို ပြောခြင်း။
၂။ ဣရိယာပထသန္နိဿိတ = အရိယာထင်အောင် ငြိမ်သက်စွာ သွားခြင်းစသော ဣရိယာပုတ်ကို ပြုခြင်း။
၃။ ပစ္စယပဋိသေဝန = ခြိုးခြံသည့်အနေဖြင့် အလှူမခံသေးဘဲ နောက်အကောင်း အမွန်လှူသောအခါမှ လူတို့ကို ချီးမြှောက်လို၍ အလှူခံရသည့်အနေဖြင့် ခံယူခြင်း ဤသို့ပြုခြင်းများသည် လူတို့က တအံ့တသြ ချီးမွမ်းမှု၏။ တည်ရာ အကြောင်း ဖြစ်သောကြောင့် ကုဟနဝတ္ထု ဖြစ်၏။

**မေး။** သဗ္ဗညုတဉာဏ်သည် များစွာသောအာရုံကို အာရုံပြု၏ ဟု ဆိုရာ တစ်ကြိမ်တည်းဖြင့် များစွာသော အာရုံကို အာရုံပြုပါသလော၊ ဖြေဆိုပါ။

**ဖြေ။** သဗ္ဗညုတဉာဏ်သည် များစွာသောအာရုံကို အာရုံပြု၏ဟု ဆိုရာ တစ်ကြိမ်တည်းဖြင့် များစွာသော အာရုံကို အာရုံပြုသည် မဟုတ်။ အထပ်ထပ်ဖြစ်ခြင်း၏ အစွမ်းဖြင့်သာလျှင် များစွာသော အာရုံကို အာရုံပြုပါသည်။

**မေး။** ကာဝေယျံ ၌ ကဗျာတတ်သိ ပညာရှိ (၄) မျိုးတို့ကို အဋ္ဌကထာကျမ်းလာအတိုင်း ပါဠိ+မြန်မာ နှစ်ဘာသာဖြင့် တွဲစပ်ဖော်ပြပါ။

**ဖြေ။** ၁။ စိန္တာကဝိ = ကြံစည်ခြင်းအားဖြင့် ကဗျာကို ဖွဲ့ဆိုတတ်သော ပညာရှိကို ခေါ်ပါသည်။
၂။ သုတကဝိ = ကြားအပ်သော အကြောင်းအရာအားဖြင့် ကဗျာကို ဖွဲ့ဆိုတတ်သော ပညာရှိကို ခေါ်ပါသည်။

http://www.dhammadownload.com



၃။ အတ္တကဝိ = အနက်အဓိပ္ပါယ်အားဖြင့် ကဗျာကို ဖွဲ့ဆိုတတ်သော ပညာရှိကို ခေါ်ပါသည်။

၄။ ပဋိဘာနကဝိ= ရှေးရှေးက ထင်လာသော ဉာဏ်ပညာဖြင့် ကဗျာကို ဖွဲ့ဆို တတ်သော ပညာရှိကို ခေါ်ပါသည်။

## အာဝါဟနှင့်ဝိဝါဟ အထူး

ဤသတို့သားသို့ မည်သည့်နက္ခတ်ဖြင့် ထိုအမျိုးမှ မည်သည့်သတိုးသမီးကို ဆောင်ကြဟု သတို့သမီးရတနာ မင်္ဂလာကို ဆောင်ကြောင်း နေ့ကောင်း၊ ရက်သာရွေးခြင်း အတတ်ကို ''အာဝါဟ''ဟု ခေါ်သည်။

မည်သည့်သတို့သားအား မည်သည့်နက္ခတ်ဖြင့် ဤသတို့သမီးကို ပေးလိုက်ကြ၊ သတို့သမီး ကြီးပွားလတ္တံ့ဟု သမီးပေးကြောင်း နေ့ကောင်းရက်သာရွေးခြင်းအတတ်ကို ''ဝိဝါဟ''ဟု ခေါ်သည်။ ဤသို့ ထူးပါသည်။

## သံဝရဏ ဝိဝရဏတို့၏ အဓိပ္ပါယ်

သမီးခင်ပွန်းကွဲပြီးနောက် ပြန်၍စောင့်ရှောက်ခြင်း ပြန်ပေါင်းခြင်းကို သံဝရဏဟု ခေါ်၏။ စောင့်ရှောက်လွတ်ကင်း ကွာရှင်းကြကြောင်း နေ့ကောင်းရက် သတ်မှတ် ရွေးပေးခြင်းကို ဝိဝရဏ ဟုခေါ်သည်။

## သံကိရဏ ဝိကိရဏတို့၏ အဓိပ္ပါယ်

ဥစ္စာကို စုပေါင်းကြောင်း နေ့ကောင်းရက်သာ ရွေးပေးခြင်း ထိုသို့ရက်ရွေးပေး ခြင်းသည် ဥစ္စာကို စုပေါင်းစေခြင်းဖြစ်သောကြောင့် သံကိရဏ မည်၏။

သံကိရဏ (စုပေါင်းခြင်း) ၏ ပြောင်းပြန်ဖြစ်သောကြောင့် ကြဲဖြန့်ခြင်း၊ (အတိုး ပေးခြင်း) သည် ဝိကိရဏ မည်၏။

**မေး။** ဝိနည်းအဋ္ဌကထာ၌ ကိုယ်ဝန်ပျက်စီးကြောင်းသည် နှစ်ပါးသာ လာရှိပါလျက် ဤအဋ္ဌကထာ၌ ကိုယ်ဝန်ပျက်စီးကြောင်း သုံးပါးဆိုထားရခြင်း၏အကြောင်းကို ကျမ်းဂန် အချင်းချင်းညှိနှိုင်း၍ ရှင်းပြခဲ့ပါ။

http://www.dhammadownload.com



ဖြေ။ ဝိနည်းအဋ္ဌကထာ၌ ကိုယ်ဝန်ပျက်စီးခြင်းအကြောင်း နှစ်ပါးဆိုထားခြင်းမှာ လေကြောင့် ကိုယ်ဝန်ပျက်စီးရာ၌လည်း အတိတ်အကုသိုလ်ကံအကြောင်းတရားသည် ကေန်မုချ ပါဝင်လျက်ရှိ၏။ ပိုးကြောင့် ကိုယ်ဝန်ပျက်စီးရာ၌လည်း အတိတ် အကုသိုလ်ကံ အကြောင်းတရားသည် ကေန်မုချ ပါမြဲဖြစ်၏။ အတိတ်အကုသိုလ်ကံ နှင့်ကား ကင်း၍ မပျက်စီးနိုင်။ ဤသို့သော အဓိပ္ပါယ်ဖြင့် ဝိနည်းအဋ္ဌကထာ၌ လေ၊ ပိုးဟူသော အကြောင်းနှစ်ပါးကိုသာ ကိုယ်ဝန်ပျက်စီးကြောင်းဟူ၍ ဆိုခြင်း ဖြစ်သည်။

ဤအဋ္ဌကထာ၌ကား လေကြောင့်ပျက်စီးမှု, ပိုးကြောင့်ပျက်စီးမှု နှစ်ပါးစုံတို့၌ အတိတ်အကုသိုလ်ကံက အကျိုးပေးခွင့် မရနိုင်။ အတိတ်အကုသိုလ်ကံ အကျိုး ပေးသည့်အခါ၌လည်း လေနှင့်ပိုးတို့ကို လုံးဝငဲ့ကွက်မှု မရှိ။ ထို့ကြောင့် အတိတ် အကုသိုလ်ကံကို သီးခြားအကြောင်းတစ်ခုအနေဖြင့် ယူ၍ လေ၊ ပိုး၊ ကံ ဟု ကိုယ်ဝန်ပျက်စီးကြောင်း သုံးပါးကို ဆိုထားခြင်း ဖြစ်သည်။

မေး။ ကိုယ်ဝန်ပျက်စီးခြင်းအကြောင်းကို ဤအဋ္ဌကထာ၌ သုံးချက်၊ ဝိနည်းအဋ္ဌကထာ တတိယပါရာဇိက ဝိနီတဝတ္ထု (၆၄)၌ နှစ်ချက်ပြဆိုသဖြင့် အဋ္ဌကထာခြင်း အဆို ကွဲပြားလျက်ရှိရာ မဆန့်ကျင်အောင် ရှင်းပြခဲ့ပါ။

ဖြေ။ လေ၊ ပိုးငယ်တို့ကြောင့် ကိုယ်ဝန်သူငယ်ပျက်စီးသည်ရှိသော် ရှေးအကုသိုလ်ကံသည် အခွင့်ကို မပြုအပ်၊ ထိုလေ၊ ပိုးငယ်တည်းဟူသော အကြောင်းကြောင့်သာလျှင် အကုသိုလ်ကံသည် အကျိုးကို ဖြစ်စေ၏။ လေ၊ ပိုးငယ်တို့ကြောင့် ကိုယ်ဝန် ပျက်စီးရာ၌ အကုသိုလ်ကံသည် ရှေးသွားမဟုတ်၊ အကုသိုလ်ကံသည် နောက်အားဖြင့် အကျိုးပေးရသည်။ ကိုယ်တိုင် အကုသိုလ်ကံသည် အခွင့်ကို ပြုအပ်သည်ရှိသော်ကား စင်စစ် လေ၊ ပိုးငယ်တို့ကို မငဲ့ချေ။ အကုသိုလ်ကံသည် ရှေးသွားအားဖြင့် အကျိုး ပေးသည်။ ထို့ကြောင့် ဤသီလက္ခန်အဋ္ဌကထာ၌ ကံကို သီးခြား အကြောင်းတစ်ခု အဖြစ်ဖြင့် ယူ၍ ကိုယ်ဝန် ပျက်စီးခြင်းအကြောင်းသုံးပါးဟု ဆိုသည်။

ဝိနည်းအဋ္ဌကထာ၌ကား လေ၊ ပိုးငယ်တို့ကြောင့် ကိုယ်ဝန်ပျက်စီး သည်ရှိသော် ကံကို ကြည့်၍ မပျက်စီးသောကြောင့် ကံကို သီးခြား အကြောင်းတစ်ခုအဖြစ်ဖြင့်

http://www.dhammadownload.com



မယူဘဲ လေပိုးငယ်ဟု ဆိုအပ်သော အကြောင်းနှစ်ပါးကိုသာ ပြဆိုပါသည်။ ဤသို့လျှင် အဋ္ဌကထာ အချင်းချင်း မဆန့်ကျင်ဘဲ ညီညွတ်နေပါသည်။

**မေး။** ဂမ္ဘီရာစသည်ဖြင့် မြတ်စွာဘုရားချီးမွမ်းတော်မူအပ်သော ဓမ္မကို ဖော်ပြ၍ ယင်း ဓမ္မာကို ဗဟုဝုစ်ဖြင့် ဟောထားရာ၌ အကြောင်းအထောက်အထားကိုလည်း အဋ္ဌကထာလာ အတိုင်းရေးခဲ့ပါ။

**ဖြေ။** မြတ်စွာဘုရား ချီးမွမ်းတော်မူအပ်သော ဓမ္မအရကား သဗ္ဗညုတဉာဏ်တော်တည်း။

## ဓမ္မာ ဟု ဗဟုဝုစ်ဖြင့် ဟောတော်မူခြင်းအကြောင်း

ယင်းသဗ္ဗညုတဉာဏ်တော်ကို မဟာကြိယာဉာဏသမ္ပယုတ် လေးခုတို့၌ ရအပ် ရကား များစွာသော စိတ်တို့နှင့် ယှဉ်သောကြောင့် ''ဓမ္မာ''ဟု ဗဟုဝုစ်ဖြင့် ဟော တော်မူပါသည်။ သဗ္ဗညုတဉာဏ်၏ အာရုံမဟုတ်သော တရားမည်သည် မရှိရကား များစွာသော အာရုံရှိသည်၏အဖြစ်ကြောင့်လည်း ''ဓမ္မာ''ဟု ဗဟုဝုစ်ဖြင့် ဟော တော်မူပါသည်။

အထောက်သာဓက - အတီတံ သဗ္ဗံ ဇာနာတီတိ သဗ္ဗညုတဉာဏံ။ တတ္ထ အာဝရဏံ နတ္ထီတိ အနာဝရဏဉာဏံ စသော ပဋိသမ္ဘိဒါမဂ်ပါဠိတော် ဖြစ်ပါသည်။

**မေး။** ကိုယ်ဝန်ပျက်ကြောင်းများနှင့် ပျက်ခဲ့သော် မပျက်အောင် ပြုလုပ်ပုံများကို ဖြေဆိုပါ။

**ဖြေ။** ကိုယ်ဝန်ပျက်ကြောင်းများကား ၁။ လေ၊ ၂။ ပိုး၊ ၃။ ကံတို့ ဖြစ်ပါသည်။

ထိုသုံးမျိုးတွင် လေကြောင့် ကိုယ်ဝန်ပျက်ခဲ့သော် တစ်ဖန်မပျက်အောင် လေကို ငြိမ်းစေတတ်သော အေးမြသော ဆေးကို ပေးရသည်။ ပိုးကြောင့် ကိုယ်ဝန်ပျက် ခဲ့သော် ပိုးတို့ကို ကုစားမှု ပြုလုပ်ရသည်။ (ဝါ) ပိုးကျဆေး ပေးရသည်။ ကံကြောင့် ကိုယ်ဝန်ပျက်ခဲ့သော် ဘုရားရှင်တို့သော်မှလည်း မတားမြစ်နိုင်တော့ပါ။

**မေး။** (က) ဝါကျ၌ က္လတိသဒ္ဒါ၏ အတ္ထုဒ္ဓါရကို ထုတ်ပြ၍ က္လတိ ပုထုစိတ္တသမာယောဂတော (ပ) ကထေတိ-၌ က္လတိသဒ္ဒါနှစ်တို့၏ ဤ၌ အလိုရှိအပ်သော အဓိပ္ပာယ်တို့ကိုလည်း ဖော်ပြပါ။

http://www.dhammadownload.com



ဖြေ။ ဣတိသဒ္ဒါ၏ အတ္ထုဒ္ဒါရ

ဣတိ ဟေတု ပကာရေသု၊ အာဒိမှိစာဝဓာရဏော။
နိဒဿနေ ပဒတ္ထဿ၊ ဝိပလ္လာသေ သမာပနေ။ (အဘိဓာန်)

ဣတိပုထုစိတ္တသမာယောဂတော (ပ) ကတောတိ ဣတိသဒ္ဒါဖြစ်နိုင်သော အနက်

ရှေ့ဣတိသဒ္ဒါသည် ဟေတုအနက်၊ နောက် ဣတိကား ပရိသမာပနအနက် ဖြစ်သည်။

သာဝကပါရမီဉာဏ်အရ – သာဝကတို့၏ ပါရမီ (၁၀) ပါးကို ဖြည့်ကျင့်ခြင်းကြောင့် ဖြစ်သော ဝိဇ္ဇာ (၃)ပါး၊ အဘိညာဉ် (၆) ပါး၊ ပဋိသမ္ဘိဒါ (၄) ပါးကို ယူရပါသည်။ (ဋီသစ်)

## ပါရမီသရုပ်+ပါရမီ (၁၀) ပါး

ဒါနံ သီလဉ္စ နေက္ခမ္မံ၊ ပညာဝီရိယေန ပဉ္စမံ။
ခန္တိ သစ္စာ အဓိဋ္ဌာနံ၊ မေတ္တုပေက္ခာတိ တေ ဒသ။

မေး။ ဗုဒ္ဓါနုဉ္စ စတ္တာရိ ဌာနာနိ ပတွာ ဂစ္ဆိတံ မဟန္တံ ဟောတိ၊ ဉာဏံ အနုပဝိသတိ–၌ စတ္တာရိသရုပ်ကို ဖော်ပြပါ။

ဖြေ။ ၁။ ဝိနယပညတ္တိ = ဝိနည်းကို ပညတ်ခြင်း။
၂။ ဘူမန္တရ = တရားတို့၏ဖြစ်ရာ အခိုက်အတန့်အထူး၊ အရပ်အထူး (ဘုံအထူး)။
၃။ ပစ္စယာကာရ = ဟေတုစသော ပစ္စည်းတို့၏ ကျေးဇူးပြုပုံ အခြင်းအရာ ရှိသော ပဋိစ္စသမုပ္ပါဒ်။
၄။ သမယန္တရ = မိစ္ဆာအယူအမျိုးမျိုး (တစ်နည်း) ဗုဒ္ဓအယူမှ တစ်ပါးသော မိစ္ဆာအယူ။

## ကြုံးဝါးရာ ဌာန ခေါ်ပုံ

ဤလေးပါးသို့ ရောက်လျှင် ဘုရားရှင်တို့ ကြုံးဝါးတော်မူသောကြောင့် ယင်းလေးပါးကို ဘုရားရှင်တို့ ကြုံးဝါးခြင်း၏ အကြောင်းလေးပါးဟု ခေါ်ပါသည်။

http://www.dhammadownload.com



**မေး။** တတ္ထ သန္တိတိ အတ္ထိ (၄၊ ၉၅) ၌ ပါရှိသော အတ္ထိသဒ္ဒါသည် နာမ် အတ္ထိ၊ အာချာတ်အတ္ထိ နိပါတ်အတ္ထိတို့တွင် အဘယ်အတ္ထိ ဖြစ်ပါသနည်း။ ကေဝုစ်၊ ဗဟုဝုစ်တို့တွင် အဘယ်ဝုစ်ဖြစ်ပါသနည်း။ ယုတ္တိပြလျက် ဆုံးဖြတ်ခဲ့ပါ။

**ဖြေ။** တတ္ထ သန္တိတိ အတ္ထိ၌ ပါရှိသော အတ္ထိသဒ္ဒါသည် နာမ်အတ္ထိ၊ အာချာတ်အတ္ထိ၊ နိပါတ်အတ္ထိတို့တွင် ''အတ္ထိ ဣမသ္မိံ ကာယေ ကေသာ'' စသော (၃၂) ကောဋ္ဌာသ ပါဠိ၌ကဲ့သို့ နိပါတ်အတ္ထိ ဖြစ်ပါသည်။ သန္တိပုဒ်နှင့် တူသောအနက်ရှိ၍ ဗဟုဝုစ် ဖြစ်ပါသည်။

**ယုတ္တိ။** ။အတ္ထီတိ စ သန္တိပဒေန သမာနတ္ထော ပုထုဝစနဝိသယော ကော နိပါတော၊ အတ္ထိ ဣမသ္မိံ ကာယေ ကေသာတိ အာဒီသု ဝိယ။ (ဋီသစ် ၁၊ ၃၉၀)

**မေး။** ပုဗ္ဗန္တကပ္ပေါ ဝါ တေသံ အတ္ထီတိ ပုဗ္ဗန္တကပ္ပိကာ (၄၊ ၉၅) ဣကပစ္စည်းသည် ပဟုရ၊ ပသံသ စသော အနက်များစွာတို့တွင် မည်သည့်အနက်၌ ဖြစ်သည်ကို ဖော်ပြ၍ သန္တိ ဘိက္ခဝေ ဧကေ သမဏဗြာဟ္မဏာ စသည်၌ သံဝိဇ္ဇမာနပရိဒီပန သန္တိသဒ္ဒါဖြင့် ပြဆိုသော အဓိပ္ပါယ်ကိုလည်း ဖော်ပြပါ။

**ဖြေ။**
၁။ ပဟုတ = အများဟူသောအနက်၊
၂။ ပသံသာ = ချီးမွမ်းခြင်းဟူသောအနက်၊
၃။ နိန္ဒာ = ကဲ့ရဲ့ခြင်းဟူသောအနက်၊
၄။ အတိသယ = လွန်ကဲခြင်းဟူသောအနက်၊
၅။ နိစ္စယောဂ = အမြဲယှဉ်ခြင်းဟူသောအနက်၊
၆။ သံသဂ္ဂ = ရောနှောခြင်းဟူသော အနက်တို့ဖြစ်သည်။

ဤနေရာ၌ ဣကပစ္စည်းသည် နိစ္စယောဂ–(မိစ္ဆာအယူရှိသူတို့၏ သန္တာန်ဝယ် အမြဲယှဉ်နေခြင်း) အနက်၌ ဖြစ်သည်။

**မေး။** ''သန္တိ ဘိက္ခဝေ ဧကေ သမဏဗြာဟ္မဏာ စသည်၌ သံဝိဇ္ဇမာနပရိဒီပနသန္တိ သဒ္ဒါ''ဖြင့် ပြဆိုသော အဓိပ္ပါယ်ကိုလည်း ဖော်ပြပါ။

**ဖြေ။** ထင်ရှားရှိခြင်းကို ပြသော သန္တိဟူသော ပစ္စုပ္ပန်ကြိယာဖြင့် မိစ္ဆာအယူရှိသူတို့၏ အဆက်မပြတ် ထင်ရှားရှိနေကြောင်းကိုဋ၊ မိစ္ဆာအယူရှိသူတို့၏ မိစ္ဆာအယူ

http://www.dhammadownload.com



လျှော့သွားနိုင်ခြင်း၊ အချို့လုံးဝကင်းရှင်းခြင်း အကျိုးရှိကြောင်းကိုင်၊ ဒေသနာတော်၏ ဒဏ္ဍာရီမဟုတ်ဘဲ မချွတ်မကန် အမှန်၏အဖြစ်ကိုငင်း တရားမင်းဘုရားရှင် ပြတော်မူပါသည်။

## ဘိက္ခဝေ၊ ဘိက္ခဝေါ၊ အာဝုသော၊ အာယသ္မာ အသုံးပြုပုံ

'ဘုရားရှင်တို့သာ ''ဘိက္ခဝေ၊ ဘိက္ခဝေါ'' ဟု ခေါ်တော်မူ၏။ သာဝကတို့ အချင်းချင်း မခေါ်ကြပါ။ သာဝကတို့ကား ''အာဝုသော၊ အာယသ္မာ'' စသည်ဖြင့် ဆက်ဆံပြောဆိုကြသည်။ (ဋီသစ်၊ ၃၉၀)

မေး။ အန္တောတိ (ပ) ကောဋ္ဌာသေသု ဒိဿတိ (ဋ္ဌ၊ ၉၆) ဝါကျ ကောဋ္ဌာသေသု၌ ကျေပျောက်နေသောသဒ္ဒါကို ဖော်ထုတ်ပြ၍ ယင်းဖြင့် သိစေအပ်သော အနက် အဓိပ္ပါယ်များကိုလည်း ဖော်ပြပါ။

ဖြေ။ ကောဋ္ဌာသေသု-၌ ကောဋ္ဌာသာဒီသုဟု ရှိသင့်လျက် အာဒိသဒ္ဒါကျေနေသည်။ ယင်း အာဒိသဒ္ဒါသည် ပဒပူရဏ၊ သမီပ၊ ဥမ္မင္ဂစသော အနက်တို့၌လည်း အန္တသဒ္ဒါ ဖြစ်သေး၏ ဟူ၍ ပြသည်။

ချဲ့ဦးအံ့၊ (ဝါ) ထင်ရှားစေဦးအံ့၊ ဣဃ် တာဝ သုတ္တန္တေ ဝါ စသော ပါဠိပုံစံတို့၌ အန္တသဒ္ဒါသည် အနက်အထူးမထွက်၊ ပဒပူရဏမတ္တဖြစ်သည်။ ဂါမန္တသေနာသနံ စသော ပါဠိပုံစံတို့၌ အန္တသဒ္ဒါသည် သမီပအနက်၌ ဖြစ်သည်။ ကာမသုခလ္လိကာနုယောဂေါ ကောဘ အန္တာစသော ပါဠိပုံစံတို့၌ အန္တသဒ္ဒါသည် ဥမ္မင္ဂအနက်၌ ဖြစ်သည်။ ဤသို့သော အဓိပ္ပါယ်ကို ကောဋ္ဌာသေသု၌ ကျေနေသော အာဒိဖြင့် ပြသည်။

တစ်နည်းအားဖြင့် အာဒိသဒ္ဒါ အကျေမကြံဘဲ ကေဒေသူပစာ၊ ဥပလက္ခဏ, နိဒဿနနည်းဖြင့်သော်လည်း ယင်းအနက်တို့ကို သိမ်းယူနိုင်သည်။

## သဗ္ဗပစ္စယသင်္ခယော ဟိ ဒုက္ခဿ ပရဘောဂေါ ကောဋီတိ ဝုစ္စတိ ဝါကျဖြင့် ပြအပ်သော အဓိပ္ပါယ်

အလုံးစုံသော အကြောင်းတရားတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သောကြောင့် အသင်္ခတနိဗ္ဗာန်သည် သင်္ခတဖြစ်သော ဝဋ္ဋဆင်းရဲ ဒုက္ခ၏အဆုံး၌ ဖြစ်၏။ ထို့ကြောင့်

http://www.dhammadownload.com



သေဝဏ္ဏော ဒုက္ခသ–ပါဠိ၌ ပရဘာဂအနက်သည်သာလျှင် သင့်လျော်၏ ဟူသော အဓိပ္ပါယ်ကို ပြသည်။

**မေး။** မနသိကာရအပြားကို တရားကိုယ်နှင့်တကွ တွဲစပ်ဖော်ပြပြီးလျှင် က္လာဓိပ္ပေတ ကိုလည်း ဖော်ပြပါ။

**ဖြေ။** ၁။ အာရမ္မဏပဋိပါဒက = မနသိကာရစေတသိက်။

၂။ ဝီထိပဋိပါဒက = ပဉ္စဒွါရာဝဇ္ဇန်း။

၃။ ဇဝနပဋိပါဒက = မနောဒွါရာဝဇ္ဇန်း။

၄။ ယောနိသောမနသိကာရ = (သမ္မာမနသိကာရ) ဉာဏ်စေတသိက်။

ဤနေရာ၌ကား က္လာဓိပ္ပေတ မနသိကာရကား ယောနိသော မနသိကာရ (သမ္မာမနသိကာရ) ဟု ဆိုအပ်သော ဉာဏ်ကို ယူရပါသည်။

**မေး။** သမ္မာမနသိကာရော ဟူသော ပါဌ်ဖြင့် အဘယ်ကြောင့် ဉာဏ်ကို ယူရပါသနည်း။

**ဖြေ။** ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်အရာဌာနဟူသော ပကရဏနည်းအားဖြင့် သမ္မာမနသိကာရအရ ဉာဏ်ကို ယူပါသည်။

## က္လမသ္မိံ ဌာနေ ပါဌ်ဖြင့် ပြအပ်သော အဓိပ္ပါယ်

က္လမသ္မိံ ဌာနေ ပါဌ်ဖြင့် သဒ္ဒန္တရသန္နိဓာနနည်းစသည်ဖြင့် သဒ္ဒါသည် ထူးခြားသော အရာရှိသကဲ့သို့ ဤနေရာ၌လည်း ပုဗ္ဗေနိဝါသအဘိညာဏ် အရာဌာန ပကရဏ၏အစွမ်းဖြင့်လည်း သမ္မာမနသိကာရသဒ္ဒါသည် ဉာဏ်ကိုအရ ကောက်ယူရခြင်းဟု ဆိုအပ်သော ထူးခြားသော အရာရှိသည်၏အဖြစ်ကို ပြပါသည်။

## ဝေမာဟ ပါဠိတော်ကို ဝေံ ဝဒတိဟု ဝတ္တမာန်ဝိဘတ်ဖြင့် ဖွင့်ဆိုရခြင်းအကြောင်း

ပြောဆိုခြင်းကြိယာ၏ မပြတ်ဖြစ်သည်၏အဖြစ်ဖြင့် အခါခပ်သိမ်း ယခုတိုင် ပုဗ္ဗန္တကပ္ပိက သဿတဝါဒ ထင်ရှားရှိသည်၏အဖြစ်ကို ပြလိုသောကြောင့် ဝေံ ဝဒတိ ဟု ဝတ္တမာန်ဝိဘတ်ဖြင့် ဖွင့်ဆိုရပါသည်။

http://www.dhammadownload.com



### ဈာနာဒီနံ ပုဒ်၏ သဒ္ဒါ ယ ဘာသိတကား

စျာန်ရသော စျာနလာဘီပုဂ္ဂိုလ်အား အထူးအားဖြင့် စျာန်တရားတို့သည် ရှေ့ရှုထင်ခြင်းသို့ ရောက်ကုန်၏။ ထိုစျာန်တရားတို့ကို အဦးပြုသဖြင့် ကြွင်းကုန်သော သမ္ပယုတ် တရားတို့သည်လည်း ရှေးရှုထင်ခြင်းသို့ ရောက်ကုန်၏ ဟူသော ဤအနက်အစိပ္ပါယ်ကို ရည်ရွယ်၍ ဈာနာဒီနံ ဟူ၍ ဆိုပါသည်။

### ဈာနာနုဘာဝသမ္ပန္နောပုဒ် ၌ ဈာနာနုဘာဝအရကား

စျာန် သမာဓိ၏ တင့်တယ်စမွယ်ခြင်းဟု ဆိုအပ်သော လောကီအဘိညာဉ်ကို ရပါသည်။

မေး။ ကူဋဋ္ဌော သေိကဋ္ဌာယိဋ္ဌိတော ပုဒ်တို့ဖြင့် အသီးသီးပြအပ်သော အစိပ္ပါယ်ကို ရေးပါ။

ဖြေ။ ကူဋဋ္ဌော ပါဠ်ဖြင့် အတ္တလောက၏ မြဲသည်၏အဖြစ်ကို ပြ၏။
သေိကဋ္ဌာယိဋ္ဌိတော ပါဠ်ဖြင့် တံခါးတိုင်သည် လေမုန်တိုင်းစသည်ကြောင့် ယိမ်းယိုင်ဖောက်ပြန်မှု မရှိသကဲ့သို့ ဖောက်ပြန်မှုမရှိခြင်းကို ပြ၏။ ထို့ကြောင့် ထိုနှစ်ပုဒ်လုံးဖြင့်ပင် အတ္တလောကဟု စွဲလမ်းအပ်သော အတ္တ၏ ပျက်စီးခြင်း မရှိပုံကို ပြသည်။

### ဝေ ံ တိပ္ပဘေဒ ံ ဝီရိယံ ၌ ဝီရိယသုံးမျိုး ခွဲခြား၍ ဟောခြင်းအကြောင်း

၁။ အာတပ္ပဝီရိယသည် အစစွာ အားထုတ်သည်မှစ၍ ဉပစာရအခိုက်တိုင်အောင်သော ဝီရိယဖြစ်၏။

၂။ ပဓာနဝီရိယသည် အပ္ပနာစျာန်အခိုက်၌ဖြစ်သော ဝီရိယဖြစ်၏။

၃။ အနုယောဂဝီရိယမှာ စျာန်ရပြီးနောက် အဘိညာဉ်ရောက်အောင် စိတ်ကို ဆုံးမကြောင်း ဝီရိယတည်း။

ထို့ကြောင့် ဝီရိယသုံးမျိုး ခွဲခြား၍ ဟောတော်မူပါသည်။

မေး။ ကပ္ပသဋ္ဌေပိ ၌ ပိသဒ္ဒါ၏အနက်နှင့် ယင်းပိသဒ္ဒါဖြင့် ပြအပ်သော အစိပ္ပါယ် ဝိနယ ကပ္ပါဒီသု၌ အာဒိသဒ္ဒါဖြင့် ပြအပ်သော အစိပ္ပါယ်တို့ကိုလည်း ဖော်ပြပါ။

ဖြေ။ ကပ္ပသဋ္ဌေပိ၌ ပိ–သဒ္ဒါ၏အနက် = သမုစ္စည်းအနက် ရှိသည်။

http://www.dhammadownload.com



## ပိသဒ္ဒါဖြင့် ပြအပ်သော အဓိပ္ပါယ်

ယင်းပိသဒ္ဒါဖြင့် အန္တသဒ္ဒါသည်သာလျှင် အန္တ အဗ္ဗုန္တရ စသော အနက်များစွာကို ဟောကြားသည် မဟုတ်သေး။ ကပ္ပသဒ္ဒါသည်လည်း အာယုကပ် လေသကပ် အစရှိသော အနက်များစွာကို ဟောကြားသေး၏ ဟူသော အဓိပ္ပါယ်ကို ပြပါသည်။

## ဝိနယကပ္ပါဒီသု ၌ အာဒိသဒ္ဒါဖြင့် ပြအပ်သော အဓိပ္ပါယ်

ဝိနယကပ္ပါဒီသု ၌ အာဒိသဒ္ဒါဖြင့် ကပ္ပသဒ္ဒါသည် မဟာကပ္ပ သမန္တဘာဝ ကိလေသ ကာမဝိတက္က ကာယပညတ္တိ သဒိသဘာဝ စသောအနက်တို့၌လည်း ဖြစ်၏ ဟူသော အဓိပ္ပါယ်ကို ပြပါသည်။

**မေး။** သဿတော ဝါဒေါ ဟု ဝါဒကို သဿတ ဟူ၍ ဆိုထားခြင်းကို အကြောင်းသွင်း၍ ရှင်းလင်းပြပါ။

**ဖြေ။** သဿတော ဝါဒေါ တေသန္တိ-၌ သဿတောဝါဒေါ-အယူဝါဒကို မြဲ၏ဟူ၍ ဆိုထားခြင်းမှာ မုချအားဖြင့် ဆိုထားခြင်း မဟုတ်၊ သဿတနှင့် သဟစရိတ ဖြစ်သောကြောင့် ကုန္တာ ပစရန္တိ စသည်၌ကဲ့သို့ သဟစရဏနည်း+ဌာန္ယူပစာအားဖြင့် ဆိုထားခြင်း ဖြစ်သည်။

(ဌာနီဖြစ်သော မိစ္ဆာအယူဝါဒ၏ သဿတော ဝါဒေါ ဟူသောအမည်ကို ဌာန ဖြစ်သော အတ္တလောက၌ တင်စား၍ ဌာနဖြစ်သော အတ္တလောကကို သဿတော ဝါဒေါဟု ဌာန္ယူပစာရအားဖြင့် ဆိုထားခြင်း ဖြစ်သည်။)

**မေး။** ဤသဿတဝါဒ၌ မည်သည့်စကားရပ်သည် သုန္ဒရဖြစ်၍ မည်သည့်စကားရပ်သည် အသုန္ဒရဖြစ်သည်ကို ညွှန်ပြပြီးလျှင် အတ္တနော ဝါဒံ ဘိန္ဒတိ၏ နာမလာဘဟိတ် ကိုလည်း ဖော်ပြပါ။

**ဖြေ။** သဿတဝါဒ၌ တေ စ သတ္တာ သန္ဓာဝန္တိ သံသရန္တိ စဝန္တိ ဥပပဇ္ဇန္တိ ဟူသော စကားရပ်သည် သုန္ဒရဖြစ်သည်။ သဿတော အတ္တာ စ လောကော စ စသော စကားရပ်သည် အသုန္ဒရ ဖြစ်သည်။

အတ္တနော ဝါဒံ ဘိန္ဒတိ၏ ဟိတ်ကား (ဝါ) မိမိအယူဝါဒကို မိမိကိုယ်တိုင်ပင် ဖျက်ဆီး၏ ဟု ဆိုရခြင်းအကြောင်းကား – သဿတဝါဒီမိစ္ဆာအယူသည် မြဲမြံခိုင်ခန့် တည်တန့်မှု မရှိသောကြောင့်တည်း။

http://www.dhammadownload.com



(တစ်နည်း) ခေါက်တုံ့ခေါက်ပြန် ထပ်ကာထပ်ကာ ကျင်လည်ပြေးသွား၏ အစရှိသော စကားကို ပြီးစေတတ်သော မမြဲသော အနိစ္စသဘောတရားနှင့် ရှေး၌ မိမိကိုယ်တိုင် ဝန်ခံပြောဆိုခဲ့သော သဿတအယူဝါဒတို့ ဖြောင့်ဖြောင့်ပင် ဆန့်ကျင်နေသောကြောင့်တည်း။ (**အမှာ။** ရှေးနည်းကား အဋ္ဌကထာဝါဒ။ နောက်နည်းကား သီဋ္ဌိသစ်ဝါဒ ဖြစ်သည်ဟု မှတ်)။

မေး။ ''ဣဒံ ဘိက္ခဝေ ပဉ္စမံ ဌာနံ''၌ ဌာနသဒ္ဒါ၏ ဘေဒနှင့် ဣစာဓိပ္ပေတတ္ထကို ကောက်ပြပါ။

ဖြေ။ ပဉ္စမံ ဌာနံ ၌ ဌာနသဒ္ဒါ အကြောင်းဟော ဖြစ်သည်။ ယင်းအကြောင်းတို့သည် (၁) သမ္ပာပကအကြောင်း၊ (၂) နိဗ္ဗတ္တကအကြောင်း၊ (၃) ဉာပကအကြောင်းဟု သုံးမျိုးရှိသည်။

ထိုသုံးမျိုးတို့တွင် ရောက်စေတတ်အကြောင်းသည် သမ္ပာပကအကြောင်း မည်၏။ ဖြစ်စေတတ်သောအကြောင်းသည် နိဗ္ဗတ္တကအကြောင်း မည်၏။ သိစေတတ်သောအကြောင်းသည် ဉာပကအကြောင်းမည်၏။ ထိုတွင် ဤနေရာ၌ ဉာပကအကြောင်းကို ယူရမည်။

မေး။ န တဘော ဥဒ္ဓံ ၌ ထက်မြက်သော ဉာဏ်ပညာရှိသော တိတ္ထိပုဂ္ဂိုလ်သည် အဘယ့်ကြောင့် လေးဆယ်ကုန်သော သံဝဋ္ဋကပ်၊ ဝိဝဋ္ဋကပ်တို့ကို မအောက်မေ့နိုင်သနည်း။

ဖြေ။ ထိုတိတ္ထိပုဂ္ဂိုလ်တို့၏ အားနည်းသော ပညာရှိသည်၏အဖြစ်ကြောင့် မအောက်မေ့နိုင်ပါ။ မှန်၏ ထိုတိတ္ထိပုဂ္ဂိုလ်တို့၏ပညာသည် နာမ်ရုပ်တို့ကို ပိုင်းခြားသိမြင်ခြင်းမှ ကင်းသောကြောင့် အားနည်းသော ပညာဖြစ်ရပါသည်။

**စတုဟိ ဝတ္ထုဟိ (၅၄-၉၈)၌ ဝတ္ထု (၄)ပါး သရုပ်**

၁။ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ကို ရ၍ ဘဝအသိန်းမျှကို အောက်မေ့နိုင်ပြီးလျှင် အတ္တလောကကို မြဲ၏ဟု ယူသောသူ။

၂။ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ကို ရ၍ ဆယ်ပါးကုန်သော သံဝဋ္ဋ ဝိဝဋ္ဋကပ်တို့ကို အောက်မေ့နိုင်ပြီးလျှင် အတ္တလောကကို မြဲ၏ဟု ယူသောသူ။

http://www.dhammadownload.com



၃။ ပုဗ္ဗေ (ပ) ၍ လေးဆယ်ကုန်သော သံဝဋ္ဋ ဝိဝဋ္ဋကပ်တို့ကို .... သူ။

၄။ အဖန်ဖန်တလဲလဲ အထူးအားဖြင့် ကြံစည်၍ အတ္တလောကကို မြဲ၏ဟု ယူဆသောသူတို့ ဖြစ်ပါသည်။

## တက္ကော ဝါ ပုဒ်၌ တက္ကော ပုဒ်အရကား

အာရုံကို ရှေ့ရှုခေါက်ခြင်း အာကောဋ္ဋနလက္ခဏာ၊ အာရုံကို ဆုံးဖြတ်ခြင်း ဝိနိစ္ဆယလက္ခဏာရှိသော မိစ္ဆာအယူ၏တည်ရာ အကြောင်းဖြစ်သော ဝိတက်ကို ရပါသည်။

## တက္ကေတွာ ဝိတက္ကေတွာ ပုဒ်၏ သန္ဓာယ ဘာသိတ

ထိုထိုပရိယာယ်ဖြင့် ကြံစည်ခြင်းကို ရည်ရွယ်၍ တက္ကေတွာ ဝိတက္ကေတွာ ပုဒ်တို့ကို ဖွင့်ဆိုပါသည်။

**မေး။** တတ္ထ စတုဗ္ဗိဓော တက္ကီ ၌ တက္ကီ (၄) မျိုးကို ပါဠိ မြန်မာနှစ်ဘာသာဖြင့် တွဲစပ်ပြပါ။

**ဖြေ။** ၁။ အနုဿုတိတက္ကီ = တဆင့်ကြားခြင်းရှိသောပုဂ္ဂိုလ်။
၂။ ဇာတိဿရတက္ကီ = ဇာတိဿရဉာဏ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်။
၃။ လာဘီတက္ကီ = ဈာန်အဘိညာဉ်ရသောပုဂ္ဂိုလ်။
၄။ သုဒ္ဓတက္ကိကတက္ကီ = သက်သက်ကြံဆ၍ ယူသောပုဂ္ဂိုလ်။

## တက္ကီ (၄) မျိုး အဓိပ္ပါယ်

၁။ ဝေဿန္တရာမင်းသည်သာလျှင် မြတ်စွာဘုရားဖြစ်လာအံ့၊ အတ္တဘောသည် မြဲ၏ဟု ကြံဆ၍ မှားသောအယူကို ယူသော ပုဂ္ဂိုလ်သည် ''အနုဿုတိတက္ကီ'' မည်၏။

၂။ နှစ်ဘဝ၊ သုံးဘဝတို့ကို အောက်မေ့၍ ငါသည် ရှေးအခါ၌ ဤအမည်ရှိသော အမျိုး၌ ဖြစ်ဖူးပြီ၊ အတ္တဘောသည် မြဲ၏ဟု ကြံဆသောပုဂ္ဂိုလ်သည် ''ဇာတိဿရတက္ကီ''မည်၏။

၃။ ဈာန်အဘိညာဉ်ကို ရသည်၏အဖြစ်ကြောင့် ယခုအခါ၌ ငါ၏အတ္တဘောသည် ချမ်းသာသကဲ့သို့ ရှေး၌လည်း ဤအတူ ချမ်းသာဖူးပြီ၊ နောင်အခါ၌လည်း

http://www.dhammadownload.com



ချမ်းသာလတ္တံ့ဟု မှားသောအယူကို ယူသော ပုဂ္ဂိုလ်သည် လာဘီတက္ကီ မည်၏။

၄။ ဤသဘောဖြစ်သော် ဤသဘောတရားသည် ဖြစ်အံ့ဟု ကြံဆကာမျှဖြင့် သာလျှင် ယူသော ပုဂ္ဂိုလ်သည် ''သုဒ္ဓတက္ကီ''မည်၏။

## သစ္ဆိကတွာ ဟု ဟောရခြင်းအကြောင်း

အာသဝက္ခယဉာဏ်ကို ရသည်ရှိသော် သဗ္ဗညုတဉာဏ်ကိုလည်း ရသည်သာ ဖြစ်သည်။ သဟာစရဏနည်းအားဖြင့် အာသဝက္ခယဉာဏ်ကို မျက်မှောက်ပြုခြင်းသည် သဗ္ဗညုတဉာဏ်ကိုလည်း မျက်မှောက်ပြုသည်မည်သောကြောင့် ဟောပါသည်။

## သာဝကပါရမီဉာဏ်အဓိပ္ပါယ်

သာဝကတို့၏ ဒါနစသော ပါရမီကြောင့်ဖြစ်သော ဉာဏ်ကို သာဝကပါရမီဉာဏ် ဟု ခေါ်ပါသည်။ ( တနည်း) ဒါနစသော ပါရမီတို့၏ ပြည့်စုံခြင်းကြောင့် သာဝက သန္တာန်၌ ဖြစ်ပေါ်လာသော ဝိဇ္ဇတ္တယ၊ ဆဠဘိညာ၊ စတုပဋိသမ္ဘိဒါ စသော ဉာဏ်ကို သာဝကပါရမီဉာဏ်ဟု ခေါ်သည်။

## ဉပ္ပါဒ၊ ပဝတ္တ၊ နိမိတ္တ သုံးပါးတို့၏ အထူး

သင်္ခါရဟူသော အကျိုးတရား၏ တစ်ဘဝမှစ၍ ဖြစ်ကြောင်းဖြစ်သော အဝိဇ္ဇာ အကြောင်းသည် ဉပ္ပါဒ မည်၏။

သင်္ခါရဟူသော အကျိုးတရား၏ တစ်ဘဝလုံး၌ ဖြစ်တည်ကြောင်းဖြစ်သော အဝိဇ္ဇာအကြောင်းသည် ပဝတ္တမည်၏။

သင်္ခါရတို့က ဝိညာဏ်အကျိုးကို ဘဝ ယောနိ ဂတိစသည်တို့၌ ပစ်ချကြောင်း ဖြစ်သော အဝိဇ္ဇာအကြောင်းသည် နိမိတ္တ မည်၏။ ဤသို့ ထူးပါသည်။

**မေး။** ခိဍ္ဍာပဒေါသိကာနတ်တို့ဟူသည် အဘယ်နတ်များဖြစ်ကြပါသနည်း။ အာဂမ၊ သဘာဝယုတ္တိပြလျက် ဆုံးဖြတ်ချက်ချပြပါ။

**ဖြေ။** ''ဒေဝါနံ ကမ္မဇတေဇော ဗလဝါ ကရဇံမန္ဒံ''ဟု ဘုရားရှင် သာမညအားဖြင့် ဟောထားသောကြောင့် ကဗဠီကာရာဟာရကို မှီ၍အသက်မွေးကုန်သော ကာမာဝစရ နတ်အားလုံးကို ခိဍ္ဍာပဒေါသိကာနတ်ဟု ခေါ်ပါသည်။ (သမာနဝါဒ)

http://www.dhammadownload.com



ပျော်ရွှင်ခြင်းဖြင့် ပျက်စီးခြင်းမျှကြောင့်သာ ခိဍ္ဍာပဒေါသိကာဟု ဆိုအပ်သော ကြောင့် နိမ္မာနရတိနတ်၊ ပရနိမ္မိတဝသဝတ္တီနတ်တို့ကိုလည်း ''ခိဍ္ဍာပဒေါသိကာ''ဟု ခေါ်ကြပါသည် (ကေစိဝါဒ)၊

**မေး။** ခိဍ္ဍာပဒေါသိကာ အရ အဘယ်နတ်တို့ကို ယူရမည်ဟု ကေစိဆရာ ဆိုပါသနည်း။ ဖြေဆိုပါ။

**ဖြေ။** ခိဍ္ဍာပဒေါသိကာ အရ နိမ္မာနရတိနတ်၊ ပရနိမ္မိတဝသဝတ္တီနတ်တို့ကို ယူရမည်ဟု ကေစိဆရာ ဆိုပါသည်။

**မှတ်ချက်။** ။ကေစိဆရာ ဟူသည် အဘယဂိရိဝါသီဂိုဏ်းဆရာတို့တည်း။

**မေး။** ကာမဂုဏ်နှစ်မျိုးကို အဋ္ဌကထာအလိုကျ အခမ်ပွဲယ်နှင့်တကွ ရေးပြပါ။

**ဖြေ။** ကာမဂုဏ်သည် မန္ဓာတုစကြာမင်း၏ ကာမဂုဏ်နှင့်တူသော လူတို့၏ ကာမဂုဏ်။ ပရနိမ္မိတဝသဝတ္တီနတ်မင်းတို့၏ ကာမဂုဏ်နှင့်တူသော နတ်တို့၏ ကာမဂုဏ်ဟု နှစ်မျိုးပြားပါသည်။

**မေး။** ဒိဋ္ဌဓမ္မနိဗ္ဗာန် ဟူသည် အဘယ်နည်း။

**ဖြေ။** လူကာမဂုဏ်၊ နတ်ကာမဂုဏ်တို့ကို ခံစားသူတို့ကို ဒိဋ္ဌဓမ္မနိဗ္ဗာန်ဟု တိတ္ထိများက ပညတ်ကြသည်။

**မေး။** သီလ သမာဓိ ပညာကို လောကီလောကုတ္တရာတို့တွင် မည်သည့်တရား၌ ထည့်သွင်း၍ ယူရပါမည်နည်း။ ဤနေရာ၌ ဝိမုတ္တိအရ ယူရမည့်တရားကို အကြောင်းပြ ဖြေဆိုပါ။

**ဖြေ။** သီလ သမာဓိ ပညာ ဟူသည် လောကီလောကုတ္တရာရောသော တရားဖြစ်ပါသည်။ ဤနေရာ၌ ဝိမုတ္တိအရကား – ယာဝ အရဟတ္တာ ဟု အရဟတ္တဖိုလ်ကို သီးခြား ဆိုထားပြီးဖြစ်သောကြောင့် အောက်၌ဖြစ်သော ဖလသမာပတ်သုံးပါးကိုသာ ယူရပါမည်။

**မေး။** နေတ္တိသဒိသတာယ ဟူသော ပါဠိဖြင့် ပြအပ်သော ဥပစာနည်းကို ဋီကာဆရာ အလိုကျ ရှင်းလင်းဖြေဆိုပါ။

http://www.dhammadownload.com



ဖြေ။ နေတ္တိသဒိသတာယ–ပုဒ်၌ အတူဖြစ်သောကြိုး၏အမည်ကို အတူရှိသော ဘဝ တဏှာ၌ တင်စား၍ အတူဖြစ်သော ဘဝတဏှာကိုလည်း နေတ္တိဟု ဆိုထား သောကြောင့် နေတ္တိဟူသော ပုဒ်သည် သဒိသူပစာ မည်ပါသည်။

မေး။ ဘုရားရှင်သည် ရှေး၌ စတူဟိ ဝတ္ထူဟိ ဟူသော သဒ္ဒါတို့ဖြင့် ဟောကြားအပ်ပါလျက် က္လဒံ ဘိက္ခဝေ ပဌမံ ဌာနံ ၌ အဘယ့်ကြောင့် ဌာနသဒ္ဒါဖြင့် ဟောကြားရပါသနည်း။

ဖြေ။ ထိုဉာပကဟိတ်ဟူသော အကြောင်းနှင့်စပ်သော ဖြစ်ခြင်းရှိသည်၏အဖြစ်ကြောင့် ထိုမိစ္ဆာဉာဏ်၏တည်ရာဖြစ်ရကား အကြောင်းကို ဝတ္ထု ဟူ၍လည်း ဆိုအပ်၏။ ထိုမိစ္ဆာဉာဏ်၏ တည်ရာဖြစ်ရကား အကြောင်းကို ဝတ္ထု ဟူ၍လည်း ဆိုအပ်၏။ ဤသို့ ဌာနအရနှင့် ဝတ္ထုအရ မကွဲပြားဘဲ အနက်အရကောက် တူသောကြောင့် ဌာနသဒ္ဒါဖြင့် ဟောကြားရပါသည်။

## အနေကဇာတိသတာသဟာဿကို ပြတော်မူခြင်းအကြောင်း

တက္ကီပုဂ္ဂိုလ်သည် အောက်မေ့ရာဘဝအမျိုးမျိုးရှိနိုင်သကဲ့သို့ မန္ဒပညပုဂ္ဂိုလ် တို့လည်း အနေကဇာတိသဟာဿကို အောက်မေ့နိုင်ခြင်း စသည်အားဖြင့် အနည်း အများ အမျိုးမျိုး ရှိနိုင်၏။ သို့ရာတွင် ''မန္ဒပညော ဟိ တိတ္ထိယော အနေက ဇာတိသတ သဟဿမတ္တံ အနုဿရတိ'' ဝါကျ၌ မန္ဒပညပုဂ္ဂိုလ်အတွက် အနေက ဇာတိသတာသဟာဿကို ဥက္ကဋ္ဌပရိစ္ဆေဒနည်းအားဖြင့် ပြတော်မူသည်။ (အနေက ဇာတိသတ သဟဿအတွင်း၌ အနေကဇာတိသဟာဿကို အောက်မေ့နိုင်သူ၊ အနေကဇာတိ သတစသော အောက်အောက်ဘဝအမျိုးမျိုးကို အောက်မေ့နိုင်သူများ လည်း ရှိပါသည်ဟူလို)။

မေး။ ဝိမံသနှစ်မျိုးကို ထုတ်ပြလျက် ဤ၌ ယူရမည့် ဝိမံသကို ညွှန်ပြပါ။

ဖြေ။ (၁) ပညာစစ်၊ (၂) ပညာတု တို့ဖြစ်ပါသည်။

ဤနေရာ၌ မိစ္ဆာအယူကို ပြရာဌာနဖြစ်သောကြောင့် ပညာတုကို ယူရပါသည်။

မေး။ ဝိမံသာ နာမ တုလနာ ရုစ္စနာ ခမနာ ဝါကျလာ သံဝဏ္ဏနာနှင့်အညီ ဝိမံသ အရ ကောက်ယူရမည့် တရားကိုယ်များကို ဋီကာသစ်လာအတိုင်း ဖော်ပြခဲ့ပါ။

(၁) တုလနာ= နှိုင်းယှဉ် (နှိုင်းချိန်) စုံစမ်းကြောင်းဖြစ်သော လောဘသဟဂုတ် စိတ္တုပ္ပါဒ်။

http://www.dhammadownload.com



(၂) ရုစ္စနာ = ကြိုက်နှစ်သက်ကြောင်းဖြစ်သော မိစ္ဆာဘိနိဝေသဟု ဆိုအပ်သော အယောနိသော မနသိကာရ။

(၃) ခမနာ = မြိန်ရှက်သက်ဝင်ကြောင်းဖြစ်သော ရှေးအဘို့၌ ဖြစ်သော မိစ္ဆာအယူ တည်းဟူသော တုန်လှုပ်ခြင်း။

**မှတ်ချက်။** တုလနာ၊ ရုစ္စနာ၊ ခမနာ တို့၏ အထူးကို မေးလျှင်လည်း အဖြေတူပင်။

**မေး။** ယထာ ဟိ ပုရိသော ယဋ္ဌိယာ ဥဒကံ ဝိမံသိတွာ ဩတရတိ။ ဝေမေဝ ယော တုလယိတွာ ရုစ္စိတွာ ခမာပေတွာ ဒိဋ္ဌိ ဂဏှာတိ။ သော ''ဝိမံသီ''တိ ဝေဒိတဗ္ဗော ဟူသော စကားရပ်၌ ဥပမာစတုက္ကထုတ်ပြပါ။

**ဖြေ။** ပုရိသော = ယောကျာ်းဒြပ်သည် ဥပမာန မည်၏။ ယော = သဿတဝါဒီပုဂ္ဂိုလ်သည် ဥပမေယျ မည်၏။ ယာဝ = ဝေမေဝ နိပါတ်များသည် ဥပမာဇောတက မည်၏။ ယောကျာ်းသည် ရေအတိမ်အနက်ကို တုတ်တောင်ဝှေးဖြင့် စုံစမ်းပြီးမှ သက်ဆင်းသကဲ့သို့ ဤစတုတ္ထမြောက် သဿတဝါဒီပုဂ္ဂိုလ်သည် စုံစမ်းနှစ်သက်သည်းခံစေပြီးမှ သဿတ မိစ္ဆာအယူကို ယူ၏ ဟူသော ဥပမာန ဥပမေယျနှစ်ပါးတို့၏ တူသော အခြင်းအရာ အာကာရသည် ဥပမာ မည်၏။

## အဋ္ဌ ဒိဋ္ဌိဌာနာနိ ၌ အဋ္ဌသရုပ်

ခန္ဓာ၊ အဝိဇ္ဇာ၊ ဖဿ၊ သညာ၊ ဝိတက္က၊ အယောနိသော မနသိကာရ၊ ပါပမိတ္တ၊ ပရတောဃောသတို့ ဖြစ်ပါသည်။

**မေး။** ဈာနမနေန (ပ) မနောမယာ ဝါကျ၌ အဘယ့်ကြောင့် အဘယ်သတ္တဝါတို့ကို မနောမယာ ဟူ၍ ဟောတော်မူအပ်ပါသနည်း။

**ဖြေ။** ယင်းဝါကျ၌ အာဟာရစသော အကြောင်းတို့နှင့် ကင်း၍ ဈာန်စိတ်ဖြင့်သာ ဖြစ်သည်၏အဖြစ်ကြောင့် ရူပါဝစရသတ္တဝါတို့ကိုသာ မနောမယာ ဟူ၍ ဟောတော်မူအပ်ပါသည်။

http://www.dhammadownload.com



## ဥပရိပြဟ္မလောကေသု ပုဒ်အရ

အာဘဿရာဘုံမှ အထက်ဖြစ်သော ပြဟ္မာဘုံတို့ကို ယူရပါမည်။ အကြောင်းကား ဤနေရာ၌ မီးဖြင့် ကမ္ဘာပျက်ခြင်းကို အလိုရှိအပ်သောကြောင့်ငှင်း၊ ပါဠိတော်၌ ''အာဘဿရသံဝတ္တနိကာ ဟောန္တိ''ဟု ဟောတော်မူခြင်းကြောင့်ငှင်းတည်း။

### အာရုပ္ပေသု ဝါ ၌ ဝါသဒ္ဒါအနက်နှင့် သိစေအပ်သောအဓိပ္ပါယ်

ဝါသဒ္ဒါကား ဝိကပ်အနက် ရှိပါသည်။ ထိုဝိကပ်အနက်ရှိသော ဝါသဒ္ဒါဖြင့် ပျက်ဆဲလောကဓာတ်တို့မှ တစ်ပါးသော လောကဓာတ်တို့၌ သတ္တဝါတို့ ဖြစ်ကြကုန်သေးသည်ဟူ၍ သိစေပါသည်။

မေး။ ကာမာဝစရ ဩပပါတိကသတ္တဝါတို့အား မနောမယာ ဟူ၍ ခေါ်နိုင်, မခေါ်နိုင် ဆုံးဖြတ်ခဲ့ပါ။

ဖြေ။ မခေါ်နိုင်ပါ။ အကြောင်းကား အဓိစိတ္တဖြစ်၍ဖြစ်သော လွန်ကဲသော ဈာန်စိတ်ကြောင့် ဖြစ်သော ရူပါဝစရသတ္တဝါတို့၌သာလျှင် (အထင်ရှဠ်အားဖြင့်) မနောမယာ ဟူ၍ ခေါ်ဝေါ်နိုင်သောကြောင့်တည်း။

အဓိစိတ္တဘူတေန အတိသယ မနသာ နိဗ္ဗတ္တာသတ္တောသုယေဝ မနောမယာ ဝေါဟာရတောတိ ဒသေန္တေန ဈာနသာတ္တေန ဝိသေသေတွာ ဈာနမနေနာတိ ဝုတ္တံ။ (ဋီသစ်)

မေး။ အမိဝမ်း၌ မနေရသော ဥပပါတ်ပဋိသန္ဓေနေရသော ကာမဘုံသားတို့အား မနောမယ အဖြစ်သို့ မရောက်ခြင်းအကြောင်းကို ရေးခဲ့ပါ။

ဖြေ။ အထက်အဖြေနှင့် တူပြီ။

မေး။ မနောမယာပုဒ်ကို မနေန နိဗ္ဗတ္တတ္တာ မနောမယာဟုသာ ဖွင့်ဆိုထိုက်ပါလျက် အဘယ်ကြောင့် ဈာနသဒ္ဒါဖြင့် အထူးပြု၍ ဈာနမနေနဟု ဖွင့်ရပါသနည်း။

ဖြေ။ (အထက်ပါ သီဋီသစ်နှင့်ပင် ဖြေပါလေ။)

မေး။ သမာဓိဈာန်စိတ်ကြောင့် ဖြစ်ရသူများကို မနောမယဟု ခေါ်လျှင် အရူပပြဟ္မာများကို လည်း မနောမယ ခေါ်သင့်၊ မသင့် အကြောင်းပြ ဆုံးဖြတ်ခဲ့ပါ။

ဖြေ။ မခေါ်သင့်ပါ။ အကြောင်းကား ထိုရူပဘုံ၌အပဖြစ်သော အကြောင်းတို့သည် ဖြစ်စေကုန်သည်၏အဖြစ်ကို ယုံမှားခြင်း၏ မရှိသဖြင့် ဈာန်စိတ်ဖြင့်သာလျှင် ဖြစ်ကုန်၏ဟူ၍

http://www.dhammadownload.com



အ၀စာရဏာအနက်ရှိ ဝေသဒ္ဒါ၌ မဖြစ်သင့်သောကြောင့်ငှင်း၊ မနောမယဟူသော ဝေါဟာရသည် ရူပါဝစရသတ္တဝါတို့၌သာလျှင် ထင်ရှားသော အထင်ရှငြီးသဒ္ဒါဖြစ်သောကြောင့်ငှင်း ဖြစ်ပါသည်။

**မေး။** ဝေဒကျမ်းကို ရွတ်ဆိုလေ့ရှိကြကုန်သော ဝေဒဝါဒီပုဂ္ဂိုလ်တို့ ကြံဆလေ့ရှိကြကုန်သော အတ္တ (၅) မျိုးကို ပါဠိ+မြန်မာ နှစ်ဘာသာတွဲစပ် ဖော်ပြခဲ့ပါ။

**ဖြေ။** ၁။ အန္နမယော = အစာကြောင့်ဖြစ်သော အတ္တ၊
၂။ ပါနမယော = အဖျော်ကြောင့်ဖြစ်သော အတ္တ၊
၃။ မနောမယော = စိတ်ကြောင့်ဖြစ်သော အတ္တ၊
၄။ အာနန္ဒမယော = နှစ်သက်ပီတိကြောင့်ဖြစ်သော အတ္တ၊
၅။ ဝိညာဏမယော = စိတ်ဝိညာဏ်ချည်းသာဖြစ်သော အတ္တတို့တည်း။

**မေး။** သံဝဋ္ဋတိ ၌ ပျက်သော ကမ္ဘာလောက၏ အပိုင်းအခြားအချိန်အခါကို ဖော်ပြပါ။

**ဖြေ။** ပျက်စီးခြင်းကို ပြုတတ်သော ကမ္ဘာပျက် မိုးကြီးရွာသည်မှစ၍ အကြင်ရွေ့လောက် အဏုမြူနှင့်တကွဖြစ်သော သင်္ခါရသည် မဖြစ်၊ ထိုရွေ့လောက် အချိန်အခါကာလကို ပျက်သော ကမ္ဘာလောကဟု ဆိုရသည်။

**မေး။** ဝိဝဋ္ဋတိတိ သဏ္ဌာတိ ဝါကျ၌ အဘယ်အချိန်အခါ ကာလကို ကမ္ဘာလောကကြီး ကောင်းစွာတည်ပြီ ဟူ၍ သတ်မှတ်နိုင်မည်နည်း၊ သတ်မှတ်ခဲ့ပါ။

**ဖြေ။** ဝိဝဋ္ဋတိ၌ ကမ္ဘာပြု မိုးကြီးရွာသည်မှစ၍ မြေကိုခံသော ရေ၊ ထိုရေကိုခံသော လေ စသည်တို့၏ ကောင်းစွာ ဖြစ်ပေါ်လာခြင်း၏အစွမ်းဖြင့် အကြင်ရွေ့လောက် လ၊ နေတို့၏ ထွက်ပေါ်လာခြင်းသည်ရှိ၏၊ ထိုရွေ့လောက် အချိန်အခါကာလကို ကမ္ဘာလောကကြီး ကောင်းစွာ တည်ပြီ ဟူ၍ သတ်မှတ်နိုင်ပါသည်။

## ပကတိနိဗ္ဗတ္တဋ္ဌာနေသုယေဝ စေတ္ထ ၌ အာစာရပုဒ်
## နှစ်ပုဒ်ထားရခြင်းအကြောင်း

ဧတ္ထ ပုဒ်ကား သာမညာစာရပုဒ်ဖြစ်၍ ပကတိနိဗ္ဗတ္တဋ္ဌာနေသု ပုဒ်ကား ဝိသေသာစာရပုဒ်ဖြစ်သည်။ ဤသို့ သာမညဋ္ဌာန ဝိသေသဋ္ဌာနကွဲပြားသောကြောင့် တစ်ဝါကျတည်း၌ အာစာရပုဒ်နှစ်ခု ထားသည်။

http://www.dhammadownload.com



## ဗြဟ္မကာယိကဘူမိ၌ ဗြဟ္မကာယိကအရ

ဗြဟ္မပါရိသဇ္ဇာ၊ ဗြဟ္မပုရောဟိတာ၊ မဟာဗြဟ္မာတို့နှင့် ထိုဗြဟ္မာတို့၏ နေရာဌာနဖြစ်သော ပဌမဈာန်သုံးဘုံတည်း။

**မေး။** အထ သတ္တာနံ (ပ) သတ္တေ္တာတိ အာဒိမာဟ ဝါကျ၌ ပဌမဈာန်ဘုံ၌ နိကန္တိတဏှာဖြစ်ရုံမျှဖြင့် ထိုဘုံ၌ ဖြစ်နိုင်/မဖြစ်နိုင် ရှင်းလင်းဖြေဆိုပါ။

**ဖြေ။** ပဌမဈာန်ဘုံ၌ နိကန္တိတဏှာဖြစ်ရုံမျှဖြင့် ထိုဘုံ၌ မဖြစ်နိုင်ပါ။ ပဌမဈာန်ကုသိုလ်ရအောင် ဈာန်အားထုတ်သောအားဖြင့် ဘာဝနာပွားရပါသေးသည်။ ထိုဈာန်ကုသိုလ်အစွမ်းကြောင့် ပဋိသန္ဓေနေလာရခြင်း ဖြစ်ပါသည်။

## သုညံ (ပ) နတ္ထိကာယ သုညံ ဝါကျဖြင့် သိစေအပ်သော အဓိပ္ပါယ်

ယင်းဝါကျဖြင့် သုညံ ဗြဟ္မဝိမာနံ ၌ သတ္တဝါရှိနေပြီးမှ စုတေပြောင်းရွှေ့သောကြောင့် ကင်းဆိတ်သည်မဟုတ်။ (ဝါ) အချို့ကုန်သော ဗိမာန်တို့သည် ထိုဗိမာန်၌ဖြစ်ကုန်သော ပိုင်ရှင်ဗြဟ္မာသတ္တဝါတို့ စုတေကာ စွန့်ပစ်အပ်သောကြောင့် ကင်းဆိတ်ကြကုန်သကဲ့သို့ ဤ၌ ကင်းဆိတ်သည်မဟုတ်။ ပင်ကိုယ်အားဖြင့် ဖြစ်ကုန်သော သတ္တဝါတို့၏ မရှိကုန်သည်၏ အဖြစ်ကြောင့် ကင်းဆိတ်သည်ဟု ကင်းဆိတ်ခြင်း၏အကြောင်းကို သိစေပါသည်။

## ပကတိနိဗ္ဗတ္တိဋ္ဌာနေသုယေဝ (ပ) နိဗ္ဗတ္တန္တိ ဝါကျဖြင့် သိစေအပ်သော အဓိပ္ပါယ်

ယင်းဝါကျဖြင့် ထိုပဌမဈာန်ဗြဟ္မာ၌ ဗြဟ္မာ့ဗိမာန်သာ ဖြစ်ပေါ်လာသည်မဟုတ်။ ထိုဗြဟ္မာ့ဗိမာန်၏ အခြံအရံဖြစ်ကုန်သော ဥယျာဉ်ပဒေသာပင် အစရှိသည်တို့လည်း ပင်ကို ဖြစ်ရာဌာနတို့၌သာလျှင် ဖြစ်ပေါ်လာကြကုန်၏ ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

အာယုပ္ပမာဏံ ၌ အာယု အရ – မုချအားဖြင့် ရုပ်ဇီဝိတ၊ နာမ်ဇီဝိတကို ယူရပါသည်။ ကာရဏူပစာအားဖြင့် အသက်ရှည်ရာကာလကို ယူရပါသည်။

http://www.dhammadownload.com



## အန္တရာဝ စဝန္တိ ၌ ဝေသဒ္ဒါဖြင့် ပြသော အဓိပ္ပါယ် (ဂဟေတဗ္ဗတ္ထစသည် ထုတ်ပုံ)

အန္တရာဝ စဝန္တိ–၌ ဝေသဒ္ဒါဖြင့် သက်တမ်းပြည့်မှကုန်မှ စုတေရခြင်းသည် နိဝတ္တေတဗ္ဗတ္ထ။ သက်တမ်းမပြည့်မီ မကုန်မီ ကြားကာလ၌ စုတေရခြင်းသည် ဂဟေတဗ္ဗတ္ထ။ အနည်းငယ်သော ကောင်းမှုကံသည် အနုညာတတ္ထဟု ပြပါသည်။

## သတ္တဝါလာခြင်း၊ တောင့်တခြင်းကို အနဘိရတိ ဆိုရခြင်းအကြောင်း

''ကေကသေ ဒီဃရတ္တံ နိဝသိတတ္တာ'' ဟူ၍ ပါဠိတော်၌ ဆိုအပ်သောကြောင့် တစ်ပါးသော သတ္တဝါလာခြင်း တောင့်တခြင်းကို အနဘိရတိဟု ဆိုပါသည်။

မေး။ ဖြဟ္မာ့ပြည်၌ ဥက္ကဏ္ဍိတမရှိခြင်းအကြောင်းကို ဖော်ပြ၍ တဏှာလေးမျိုးတွင် ဤ၌ အလိုရှိအပ်သော တဏှာကိုလည်း ဖော်ပြပါ။

## ဖြဟ္မာ့ပြည်၌ ဥက္ကဏ္ဍိတ မရှိခြင်းအကြောင်းကား

စျာန်၏အာနုဘော်ဖြင့် ပယ်အပ်ပြီးသည်၏အဖြစ်ကြောင့်တည်း။

## တဏှာ လေးပါးသရုပ်

(၁) တာသတဏှာ၊ (၂) တဏှာတဏှာ၊
(၃) ဒိဋ္ဌိတဏှာ၊ (၄) ဉာဏတဏှာ။

တဏှာ လေးပါးတွင် ဤ၌ အလိုရှိအပ်သော တဏှာများကား– တဏှာတဏှာနှင့် ဒိဋ္ဌိတဏှာနှစ်ပါးကိုသာ လိုအပ်ပါသည်။
တဏှာအရ – တဏှာဒိဋ္ဌိဟု ဆိုအပ်သော စိတ်၏ရှေ့အခိုက်အတန့်၌ ထိတ်လန့်တုန်လှုပ်ခြင်းကို ဤ၌ တဏှာဟု ဆိုသည်။

## ဘူတ ဘဗျတို့၏ အဓိပ္ပါယ်

အဏ္ဍဇ ဇလာဗုဇ သတ္တဝါတို့သည် ဥခွံအတွင်း၌ ဘဗျ (ဖြစ်ဆဲ) တို့မည်၏။ ဥခွံ ပြင်ဘက်သားအိမ်ဘက် ထွက်ရာအခါမှစ၍ ဘူတ (ဖြစ်ပြီး) တို့ မည်၏။ သံသေဒဇ သတ္တဝါတို့သည် ရှေးဦးစွာ ပဋိသန္ဓေစိတ္တက္ခဏ၌ ဘဗျတို့ မည်၏။ ဒုတိယစိတ္တက္ခဏ (ပဋိသန္ဓေနောင် ပဌမဘဝင် စိတ္တက္ခဏ) မှစ၍ ဘူတတို့မည်၏။

http://www.dhammadownload.com



ဩပပါတိက သတ္တဝါတို့သည် ပဋ္ဌမကပ္ပရိယာပုထ်၌ ဘဗ္ဗ။
ဒုတိယကပ္ပရိယာပုထ်မှ ဘူတတို့ မည်။

## သိရီဘဝနေ နက္ခတ္တံ၌ သိရီ၊ ဝိဘဝ၊ နက္ခတ္တ တို့၏ အဓိပ္ပါယ်

ခန္ဓာကိုယ်၏ လှပတင့်တယ်ခြင်း စသည်ကို သိရီဟု ခေါ်၏။
အခြွေအရံစသော စည်းစိမ်ကို ဝိဘဝဟု ခေါ်၏။
နတ်၌ နက္ခတ်မရှိ၊ ထို့ကြောင့် နက္ခတ်ပွဲလည်း မရှိ၊ လူပြည်က အခေါ်အဝေါ် အတိုင်း နတ်တို့၏ ပွဲသဘင်ကိုပင် ဥပစာတင်၍ ''နက္ခတ္တံ''ဟု ဆိုထားသည်။ (အစိုးရ)

**မေး။** ပွဲသဘင်ဟူသမျှကို ''နက္ခတ္တ''ဟု ဆိုသင့်/ မဆိုသင့် အကြောင်းသွင်းဆုံးဖြတ်၍ နတ်တို့စုတေရခြင်းအကြောင်း လေးမျိုးကိုလည်း ဖော်ပြပါ။

**ဖြေ။** များသောအားဖြင့် ပွဲသဘင်ဟူသမျှကို နက္ခတ်နှင့်ယှဉ်၍ ပြုကြသောကြောင့် နက္ခတ်နှင့် ယှဉ်သည်ဖြစ်စေ၊ မယှဉ်သည်ဖြစ်စေ ပွဲသဘင်ဟူသမျှကို နက္ခတ် သဘင်ဟု ဆိုသင့်ပါသည်။

## နတ်တို့စုတေရခြင်းအကြောင်း လေးပါး

၁။ အာယုက္ခယ၊ ၂။ ပုညက္ခယ၊
၃။ အာဟာရက္ခယ၊ ၄။ ကောပ တို့ဖြစ်ပါသည်။

**မေး။** တက္ကိပုဂ္ဂိုလ်သည် စက္ခုစသော ရုပ်တရားတို့၏ ပျက်ခြင်း ဖြစ်ခြင်းကို အဘယ့်ကြောင့် မြင်နိုင်သည်ကို ဖြေဆို၍ ပစ္စယံ ဒတွာ–၌ ပစ္စယအရကိုလည်း ဖော်ပြပါ။

**ဖြေ။** ရုပ်တရားပျက်စီးခြင်း၏ ရှန့်ရင်းကြမ်းတမ်းသည်၏အဖြစ်ကြောင့် တက္ကီပုဂ္ဂိုလ်သည် စက္ခုစသော ရုပ်တရားတို့၏ ပျက်ခြင်း ဖြစ်ခြင်းကို မြင်ပါသည်။

ပစ္စယံ ဒတွာ–၌ ပစ္စယအရ မွန်မြတ်သော ရေးကံကြောင့် ဖြစ်ရသည့်အတွက် မွန်မြတ်သည့် လေးလေးပင်ပင် ညက်ညောသော နတ်သုဓာအာဟာရကိုပင် ကြေ ကျက်စေနိုင်သောကြောင့် နတ်တို့၏ ကရဇကာယ အားနည်းနုံ့နှေးသည်။ လူတို့ကား ကမ္မဇတေဇော အားနည်း၍ ကရဇကာယ အားကောင်းသည်။

http://www.dhammadownload.com



## နတ်သုဓာ၏ ဂုဏ် (၅) ပါး

နတ်တို့၏ အာဟာရ ဟူသည် ''သုဓာ'' ပင်တည်း။ ထိုနတ်ဓာသည် –

၁။ သန္နိပမာ = ခရုသင်းကဲ့သို့ ဖွေးဖွေးဖြူ၏။

၂။ အတုလျဒဿနာ = အတုမရှိအောင် ကြည့်စရာကောင်း၏။

၃။ သုစိ = စင်ကြယ်၏။

၄။ သုဂန္ဓာ = ကောင်းသောအနံ့ရှိ၏။

၅။ ပိယရူပါ = ချစ်စရာအဆင်းရှိ၏။

## နတ်သုဓာ စားရခြင်းအကျိုး (၁၂) မျိုး

ထိုနတ်သုဓာကို စားရလျှင် (၁၂) ပါးသော အကျိုးကို ရ၏။ (၁၂) ပါးသော အကျိုးကား –

| | |
|---|---|
| ၁။ ခုဒ္ဒံ = ထမင်းဆာခြင်း၊ | ၂။ ပိပါသံ = ရေငတ်ခြင်း၊ |
| ၃။ အရတိံ = မမွေ့လျော်ခြင်း၊ | ၄။ ဒရထံ = ကိုယ်ပူခြင်း၊ |
| ၅။ ခေဒံ = ပင်ပန်းခြင်း၊ | ၆။ ကောဓ = အမျက်ထွက်ခြင်း၊ |
| ၇။ ဥပနာဟ = ရန်ငြိုးဖွဲ့ခြင်း၊ | ၈။ ဝိဝါဒ = ငြင်းခုံခြင်း၊ |
| ၉။ ပေသုန = ချောပစ်ကုန်းတိုက်ခြင်း၊ | ၁၀။ သီတ = ချမ်းအေးခြင်း၊ |
| ၁၁။ ဥဏှ = ပူအိုက်ခြင်း၊ | ၁၂။ တန္ဒိ = ပျင်းရိခြင်း၊ |

ဤသို့ (၁၂) မျိုးကို ပယ်ဖျောက်နိုင်ခြင်းအကျိုး ရှိ၏။

## နတ်သုဓာ၏ ပမာဏ

ထိုသုဓာသည် သဖန်းသီးပမာဏရှိ၏။ လက်တစ်ဆုပ်စာလောက်ကြီး၏။ ထိုနတ်သုဓာကို နတ်တို့အရေအတွက်အားဖြင့် တစ်ရက်တစ်ခါ စားကြရ၏။ အောက်အောက်နတ်များထက် အထက်အထက်နတ်များ၏ အာဟာရသည် အဆင့်ဆင့်သာလွန်၏။ လျှာပေါ်တင်လိုက်လျှင် ဆံဖျား၊ လက်သည်း၊ ခြေသည်းဖျားတိုင်အောင် တစ်ကိုယ်လုံး ပျံ့နှံ့၍ သွားလေ၏။

မေး။ နိစ္စော ဝုဝေါ သဿတော အဝိပရိဏာမဓမ္မောဟု ဖြဟ္မာကြီးဆိုခြင်း၏အကြောင်းကို အဋ္ဌကထာလာအတိုင်း ဖြေဆိုပါ။

http://www.dhammadownload.com



ခဖြ။ ရှေးဦးစွာဖြစ်သော ပြဟ္မာကြီး၏ ဖြစ်ခြင်းပျက်ခြင်းကို မမြင်ခြင်းကြောင့် ''နိစ္စော'' ဟု ဆိုပါသည်။
သေခြင်းကို မမြင်ခြင်းကြောင့် ''ဓုဝေါ''ဟု ဆိုပါသည်။
အခါခပ်သိမ်း ထင်ရှားသည်၏အဖြစ်ကြောင့် ''သဿတော'' ဟု ဆိုပါသည်။
အိုခြင်း၏အစွမ်းအားဖြင့်လည်း ဖောက်ပြန်ခြင်း၏မရှိခြင်းကြောင့် ''အဝိပရိဏာမဓမ္မော''ဟု ဆိုပါသည်။

## အမရာ ဇာတိဟုသာ မဆိုဘဲ ကော မစ္ဆဇာတိ ဟု ဆိုထားခြင်းအကြောင်း

ငစင်းဟူသော ငါးမျိုးအပေါင်းတွင် အထူးဖြစ်သော ငါးမျိုးတည်းဟု သိစေလိုသောကြောင့် ကောသဒ္ဒါထည့်၍ ''ကော မစ္ဆဇာတိ''ဟု ဆိုထားခြင်းဖြစ်သည်။

## က္လတော စိတော စ သန္တာဝတိ ၌ ''ဤဝါဒသည် ထိုမှဤမှ ပြေးသွားတတ်၏'' ဟု ဆိုရခြင်းအကြောင်း

တစ်ခုတည်းသော သဘောတရား၌ စွဲမြဲစွာ တည်နေမှု၊ စွဲမြဲစွာယူထားမှုမရှိသောကြောင့် ''က္လတော စိတောစ သန္တာဝတိ''–ထိုမှ ဤမှ ပြေးသွား၏ဟု ဆိုသည်။

## ဥဘယမ္ပိ ဝါ ၌ ဥဘယအရ ရာဂနှင့်ဒေါသနှစ်ပါးကို ယူရခြင်း၏အကြောင်းကား

ရာဂနှင့်ဆန္ဒ၊ ဒေါသနှင့်ပဋိဃတို့သည် သဒ္ဒါအားဖြင့် လေးမျိုးကွဲပြားကုန်သော်လည်း တရားကိုယ်အရအားဖြင့် မကွဲပြား၊ လောဘနှင့်ဒေါသနှစ်ပါးသာ ရသောကြောင့်တည်း။

## ရာဂ၏ ဝိဃာတမည်ခြင်းနှင့် ဒေါသ၏ ဥပါဒါန်မည်ခြင်းအကြောင်း

တဏှာရာဂသည် ထက်ဝန်းကျင်မှ ပူလောင်သည်၏အစွမ်းအားဖြင့် ပူပန်ခြင်းနှင့်တကွ ဖြစ်၍ လောဘ၏ မှီရာပုဂ္ဂိုလ်ကို (ဝါ) တဏှာရာဂဖြစ်နေသည့် ပုဂ္ဂိုလ်ကို ညှဉ်းပန်းနှိပ်စက် တတ်သောကြောင့် ဝိဃာတမည်၏။

http://www.dhammadownload.com



## ဒေါသ၏ ဥပါဒါန်မည်ခြင်းအကြောင်း

ဒေါသသည်လည်း အာရုံကို ညှဉ်းပန်းနှိပ်စက်တတ်သည့်အစွမ်းဖြင့် ပြင်းစွာ နှောင်ဖွဲ့သည်၏အဖြစ်ဖြင့် ဖြစ်လျက်ရှိရကား မိမိယူထားရာ ယင်းအာရုံကို (ဖားကို မြွေငန်းက စွဲမြဲစွာ ဖမ်းသကဲ့)သို့ စွဲမြဲစွာ ယူထားတတ်သောကြောင့် ဥပါဒါန်မည်၏

## ဒဠ္ဟဂ္ဂဟဏဝသေနဟု ဆိုခြင်းအကြောင်း

လောဘ၏ဥပါဒါန်အဖြစ်ဖြင့် ထင်ရှားပြီးဖြစ်၍ ဒေါသ၏လည်း ဥပါဒါန်အဖြစ်ကို ပြခြင်းငှာ "ဒဠ္ဟဂ္ဂဟဏဝသေန" ဟု ဆိုသည်။

## ဒေါသော ဝါ ပဋိဃော ဝါ ၌ ဒေါသ ပဋိဃ အထူး

အားနည်းသော ကောဓသည် ဒေါသမည်၏။

အားကြီးသော ကောဓသည် ပဋိဃမည်၏။ ဤသို့ ထူးပါသည်။

## ဤစတုတ္ထပုဂ္ဂိုလ်ကိုသာ "မန္ဒမောမူဟ" ဟု ဆိုခြင်းအကြောင်း

ရှေ့ပုဂ္ဂိုလ်သုံးယောက်တို့သည် မိမိ၏ ကုသိုလ်စသည်ကို မသိခြင်းကို မသိမှန်း သိကြသေး၏။ ဤစတုတ္ထပုဂ္ဂိုလ်ကား မိမိ၏မသိမှန်းကိုပင် မသိ။ ထို့ကြောင့် "မန္ဒမောမူဟ" ဟု ဆိုရသည်။ မှန်၏၊ လောက၌ မိမိ၏ မသိမှန်းကို သိသူသည် ထိုမသိခြင်းကို သိအောင် (သူတစ်ပါးထံ) မေးမြန်း၍ သိသူဖြစ်လာနိုင်သေး၏။ မိမိ၏ မသိမှန်းကိုမျှ မသိသူကား သူတစ်ပါးကို မေးတော့မည် မဟုတ်။ ထို့ကြောင့် သိသူ မဖြစ်နိုင်တော့။

**မေး**။ အဘယ်ကို ရည်ရွယ်၍ "အသညသတ္တေသု" ဟု ဗဟုဝုစ်ဖြင့် ထားပါသနည်း။

**ဖြေ**။ အသညသတ္တမည်သော သတ္တဝါအများကို ရည်ရွယ်၍ (တစ်နည်း) အခြားစကြဝဠာတို့၌လည်း အသညသတ်ဘုံတို့ ရှိကြသေးသောကြောင့် ထိုဘုံအများကို ရည်ရွယ်၍ "အသညသတ္တေသု" ဟု ဗဟုဝုစ်ထားသည်။

**မေး**။ ဈာနဝေဂေန-၌ ဈာနဝေဂအရနှင့် ပဋိသန္ဓိသညာ၌ အဘယ်ကို ခေါင်းတပ်၍ ဆိုထားပါသနည်း ဖြေဆိုပါ။

**ဖြေ**။ ဈာနဝေဂ အရ – အသညသတ်သမာပတ်သည် ပြုစီရင်အပ်သော စတုတ္ထဈာန်ကံအဟုန် (ဝါ) ပဉ္စမဈာန်ကံအဟုန်ကို ယူပါသည်။

http://www.dhammadownload.com



ပဋိသန္ဓိသညာဉ် – ပဋိသန္ဓေစိတ် စေတသိက်များကိုသာ ခေါင်းတပ်၍ ဆိုပါသည်။

## စုတိစိတ်အနန္တရသတ္တိဖြင့် ကျေးဇူးပြုပုံ

အသညသတ်ဘုံသို့ မရောက်မီ ကာမဘုံတုန်းက စုတိစိတ်သည် နာမ်အစဉ်ချင်း ဆက်စပ်နေရသော ထိုပဋိသန္ဓေအား အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။

၁မေး။ ''ယထာ နာမ ဇိယာဝေဂက္ခိတ္တော'' စသော စကားရပ်ဖြင့် ပေးလိုက်သော ဥပဒေသကို ဖော်ပြပါ။

၁ဖြေ။ ''အသညသတ် ဗြဟ္မာများသည် ရုပ်ချည်းတည်နေနိုင်၏'' ဟူသော စကားများကို ဤကျမ်း၌၎င်း၊ အခြားကျမ်းများ၌၎င်း ဆိုအပ်သော အာဂုမ်သည်သာလျှင် အသင့်ယုတ္တိ မဟုတ်သေး။ စင်စစ်သော်ကား ယထာနာမစသော စကားရပ်ဖြင့် ပြဆိုသော အကြောင်းသည်လည်း အသင့်ယုတ္တိပင်ဖြစ်သည်ဟု ပြသည်။ ထို့ကြောင့် လေးညို့အဟုန် ပစ်လွှတ်အပ်သော မြားသည် လေးညို့အဟုန်ရှိသလောက် ကောင်းကင်သို့ သွား၍တည်နေနိုင်သလို ဈာန်၏အဟုန်ဖြင့် ပစ်လွှတ်အပ်သော အသညသတ်ဗြဟ္မာသည်လည်း ဈာန်အဟုန်ရှိ သလောက်သာ အသညသတ်ဘုံ သွား၍ တည်နေနိုင်ပါသည်။

မေး။ ဖောက်ပြန်ခြင်းသဘောရှိသောကြောင့် အတ္တကို ''ရူပီ'' ဟု ဆိုလျှင် သဿတ (မြဲ၏ဟု) ယူခြင်းနှင့် မဆန့်ကျင်ပါသလော။

ဖြေ။ တိတ္ထိဆရာသည် ''အတ္တသည် မသေမီက ဝမိုတ အဝမိုတအားဖြင့် (အကျယ်၊ အကျဉ်းအားဖြင့်) ဖောက်ပြန်သော်လည်း သေပြီးနောက် မဖောက်ပြန်ပဲ မြဲ၏'' ဟု ယူသောကြောင့် သဿတဒိဋ္ဌိ၌ သွင်းနိုင်ပါသည်။

မေး။ သညီဝါဒအဖွင့်၌ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်ရသော တိတ္ထိပုဂ္ဂိုလ် တို့အဘယ်အယူကို ယူကြသည်ကို အဋ္ဌကထာနည်းကျကျရေးသားခဲ့ပါ။

ဖြေ။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ရသော တိတ္ထိတို့သည် ပုဗ္ဗန္တကပ္ပိကအယူကို ယူကြကုန်၏။ ဒိဗ္ဗစက္ခုဉာဏ် ရသောတိတ္ထိတို့သည် အပရန္တကပ္ပိကအယူကို ယူကုန်၏။

## ဧကန္တသုခီ၊ ဧကန္တဒုက္ခီ၊ သုခဒုက္ခီ၊ အဒုက္ခမသုခီ မည်ပုံ

တိကစတုက္ကဈာန်၌ဖြစ်သော ဗြဟ္မာတို့သည် ဧကန္တသုခီမည်၏။

http://www.dhammadownload.com



ငရဲဘုံ၌ဖြစ်သော ငရဲသားတို့သည် ကေဝ္လဒုက္ခီမည်၏။
လူ့ဘုံ၌ဖြစ်သော သတ္တဝါတို့သည် သုခဒုက္ခီမည်၏။ ဝေဟပ္ဖိုလ်ဘုံ၌ဖြစ်သော ဖြဟ္မာတို့သည် အဒုက္ခမသုခီမည်၏။

## ကာရဏံ ပရိယေသိတဗ္ဗံ–၌ ကာရဏအရ

ထူးသောအကြောင်း (ဝါ) မိစ္ဆာအယူဖြစ်ပေါ်လာရခြင်း၏အကြောင်းကို ယူရ၏။

**မေး။** မာတာပေတ္တိကေ–၌ ဝိဘတျတ္တကို ညွှန်ပြ၍ ရူပကာယဝသေန ဟု မဆိုဘဲ ရူပကာယသီသေန ဟု ဆိုသဖြင့် သိစေလိုရင်း အဓိပ္ပါယ်ကို ရှင်းပြပါ။

**ဖြေ။** မာတာပေတ္တိကေ–၌ ဝိဘတျတ္တကား သမ္ဗိဘတ်သည် နိမိတ်အနက်၌ သက်ထားပါသည်။

## ရူပကာယဝသေနဟု မဆိုဘဲ ရူပကာယသီသေန ဟု ဆိုခြင်းအကြောင်း

"ရူပါကာယဝသေန"ဟု မဆိုဘဲ "ရူပကာယသီသေန"ဟု ဆိုသောကြောင့် နာမ်တရားကိုလည်း အတ္တဟု ယူကြောင်းကို သိစေ၏။ ပဓာနနည်းအားဖြင့် ရူပကာယကို ခေါင်းတပ်ထားသည်။ အပဓာနနည်းအားဖြင့် နာမကာယကိုလည်း ယူပါ ဟူလို။

## သဗ္ဗင်္ဂပစ္စင်္ဂီ ၌ အင်္ဂ+ပစ္စင်္ဂ အဓိပ္ပါယ်

သဗ္ဗင်္ဂပစ္စင်္ဂီ–၌ ပစ္စင်္ဂ ကို ပတိ+အင်္ဂဟု ပုဒ်ဖြတ်။ ပတိသဒ္ဒါ ဝိသုံအနက်ဟောသည်။ ဦးခေါင်း၊ လက်၊ ခြေ၊ ကိုယ် ဟူသော အစိတ်အင်္ဂါကြီးများကို "အင်္ဂ"ဟု ခေါ်သည်။ မျက်စိ စသည်၊ လက်ချောင်း၊ ခြေချောင်း စသည်၊ ချက်၊ ဗိုက် စသည် အစိတ်အင်္ဂါငယ်ကို "ပစ္စင်္ဂ"ဟု ခေါ် သည်။

သညာနဝသေန ၌ ဣစ္ဆာဝိပ္ပေတသညာန်ကား – ယောက်ျား၏ ပုံပန်းအသွင် သညာန်တည်း။

**မေး။** အရဟတ္တဖိုလ်နှင့် အသင်္ခတဓာတ် နိဗ္ဗာန်တို့လည်း နိဗ္ဗာန်မည်ကြပါလျက် ယင်းတို့ကို မဖွင့်ပြဘဲ "ဒုက္ခူပသမနဋ္ဌ အတ္ထော" ဟုသာ ဖွင့်ဆိုရခြင်း အကြောင်းကို ဖော်ပြပါ။

http://www.dhammadownload.com



ခြေ။ ကိလေသာတို့ကို တစ်ဖန်ငြိမ်းစေတတ်သော အရဟတ္တဖိုလ်ကိုငင်း၊ အသခ်ာတဓာတ် ဟူသော နိဗ္ဗာန်ကိုငင်း၊ ထိုတိတ္ထိဆရာတို့ အာရုံမပြုနိုင်။ ထို့ကြောင့် နိဗ္ဗာန်အရ ထိုနိဗ္ဗာန်မျိုးကို မဖွင့်ဘဲ "ဒုက္ခဝူပသမန်"ဟု အဋ္ဌကထာဆရာ ဖွင့်ဆိုသည်။

## ပစ္စုပ္ပန်အတ္တဘောတစ်ခုလုံးကို ပစ္စက္ခ (ဣန္ဒြေတို့၏ ရှေ့ရှု) ဟု ဆိုရခြင်းအကြောင်း

ယခုဘဝ၌ ဖြစ်သမျှကို ဣန္ဒြေတို့က အကုန်မယူနိုင် (အာရုံမပြုနိုင်)သော်လည်း ထိုအတ္တဘောကို ရရှိသောပုဂ္ဂိုလ်မှာ တစ်ကိုယ်လုံးထင်ရှားပြီးဖြစ်သောကြောင့် စက္ခု စသော ဣန္ဒြေတို့၏ အာရုံကဲ့သို့ ဖြစ်၏။ ထို့ကြောင့် .... ဟု ဆိုနိုင်သည်။

## မာနုသကာ မန္ဒာတုကာမဂုဏာသဒိသာ ဒဋ္ဌဗ္ဗာ (ပ) ဒိဿတိ ဖြင့် ညွှန်ပြသော အဓိပ္ပါယ်-

မန္ဓာတ်စကြာမင်း၊ ဝသဝတ္တိနတ်မင်းတို့၏ ကာမဂုဏ်တို့ကို မြတ်သည်၏ အဖြစ်ကြောင့် ညွှန်ပြရခြင်းဖြစ်ပါသည်။

## ကာမာဝစရောတိ ဆကာမာဝစရဒေဝပရိယာပန္နော-၌ နတ်ကာမာဝစရကို ယူရခြင်းအကြောင်း

ကာမာဝစရောတိ ဆကာမာဝစရဒေဝပရိယာပန္နော-၌ လူ့ကာမာဝစရကို ရှုပီ အဖြစ် ယူပြီးဖြစ်သောကြောင့်ငင်း၊ မာတာပေတ္တိကသမ္ဘဝေါတို့ဖြင့် ယူပြီးဖြစ်သော ကြောင့်ငင်း၊ ဒိဗ္ဗော ဟူသော ဝိသေသနကို ထောက်၍ အခြားသော ကာမာဝစရတို့၏ မဖြစ်သင့်သောကြောင့်ငင်း၊ ပါရိသေသနည်းအားဖြင့် နတ်ကာမာဝစရကိုသာ ယူရ ပါသည်။

## ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒေ-၌ ဒိဋ္ဌဓမ္မအရ နိဗ္ဗာနအရ

ဒိဋ္ဌဓမ္မ အရ- ထိုထိုဘဝ၌ ရအပ်သော ပစ္စုပ္ပန်အတ္တဘောကို ယူရ၏။

နိဗ္ဗာန အရ - ဤပစ္စုပ္ပန်အတ္တဘော၌ (ဖြစ်သော) ဒုက္ခ၏ ငြိမ်းအေးခြင်းကို ယူရပါသည်။

http://www.dhammadownload.com



**သဠာတိအာဒိအတ္ထုတ္တယေပိ–၌ ပိသဒ္ဒါဖြင့် ပေါင်းဆည်းအပ်သောအနက်**

အတ္ထုတ္တယေပိ၌ ပိသဒ္ဒါဖြင့် အာကာရ၊ နိဂါသ၊ အဓိဋ္ဌာနအနက်တို့ကို ပေါင်းဆည်းသည်။ ပိသဒ္ဒါ အဝုတ္တသမုစ္စည်း။

**မေး။** (က) န ဟိ အာယတနာနိ ဖုသန္တိ၊

(ခ) ဖဿောဝ တံ တံ အာရမ္မဏံ ဖုသတိ–ဝါကျ၌ ဖုသနကိစ္စကို မပြီးစေနိုင်၊ ပြီးစေ နိုင်ခြင်းအကြောင်းကို ရေးပါ။

**ဖြေ။** ရုပ်တရားတို့သည် အာရုံကို မယူတတ်သည်၏အဖြစ်ကြောင့် အာယတနတို့သည် ဖုသနကိစ္စကို မပြီးစေနိုင်ပါ။ အာရုံကို မတွေ့ထိတတ်ကြပါ။ ဖဿသည် နာမ်တရား ဖြစ်၍ တစ်စိတ်တစ်ဒေသအားဖြင့် အာရုံကို မကပ်ငြိဘဲ တွေ့ထိသော အခြင်း အရာအားဖြင့် ဖြစ်၏။ ထို့ကြောင့် ဖဿသည်သာ ဖုသနကိစ္စကို ပြီးစေနိုင်ပါသည်။ အာရုံကို တွေ့ထိတတ်ပါသည်။

**မေး။** အာယတနာနိ ပန ဖဿေ ဥပနိက္ခိတ္တွာ ဒဿိတာနိ ဟူသော စကားအရ ဖဿေ ဥပနိက္ခိပန၏ အဓိပ္ပါယ်ကို ရေးပါ။

**ဖြေ။** အာယတနတို့သည် တွေ့ထိခြင်းကိစ္စ မရှိကြပါကုန်သော်လည်း (ထိုအာယတန တို့ကို) မဉ္စာ ဃောသန္တိ စသည်တို့၌ကဲ့သို့ နိဿိတဝေါဟာရဖြင့် ''ဆဟိ ဖဿာ ယတနေဟိ ဖုဿ ဖုဿ''ဟု တွေ့ထိခြင်းကိစ္စရှိသည်တို့ကို ပြ၍ပြခြင်းသည်ပင်လျှင် ''ဖဿဥပနိက္ခိပန'' မည်ပါသည်။

**မေး။** အရဟတ္တမဂ္ဂသုတ္တေန (၄–၁၁၇) ၌ သတ္တသဒ္ဒါသည် အဘယ်နည်းအားဖြင့် အဘယ်အနက်ကို ဟောပါသနည်း။

**ဖြေ။** သတ္တသဒ္ဒါသည် နပုံလိင်၌ ဖြစ်ခိုက် (၁) စားလက်နက်၊ (၂) ကျမ်းဂန်၊ (၃) သံ ဟူသော ၃နက်၊ ပုလ္လိင်၌ ဖြစ်ခိုက်၊ ကုန်သည်အပေါင်းအနက်တို့ကို ဟောနိုင် သော်လည်း ဤနေရာ၌ အရဟတ္တမဂ္ဂသဒ္ဒါတစ်ပါး ဥတ္တိန္နာ ဟူသော သဒ္ဒါတစ်ပါးတို့ကို ထောက်ဆ၍ သဒ္ဒန္တရသန္နိဓာနနည်းဖြင့် စားလက်နက်ကို ဟောပါသည်။

**(ဆောင်)** ဘုရား ဆရာ၊ ဟောသောအခါ၊ ဂိုဏ်းမှာ သတ္တာဒိ။
ကျမ်းဂန် လက်နက်၊ ဤနှစ်ချက်၊ ဟောမြွက်စိတ္တာဒိ၊
ကုန်သည်ဟောရာ၊ ပုရိသာ၊ မှတ်ပါလေကုန်ဘိ။

http://www.dhammadownload.com



## "ဒိဋ္ဌေဝ ဓာနာတိ" ဟု ဖွင့်ဆိုခြင်းအကြောင်း

သာလွန်သော သီလစသည်ကို သိခြင်းဖြင့်သာလျှင် မိစ္ဆာအယူရှိသူ၏ သိခြင်းလည်း ပြီးစီးသောကြောင့် ပါဠိ၌ မလာသော်လည်း "ဒိဋ္ဌေဝ ဓာနာတိ" ဟု ဖွင့်ဆိုပါသည်။

သီလ သမာဓိ ပညာ အရ လောကီလောကုတ္တရာ ရောနှောသော သီလ သမာဓိ ပညာကို ယူရပါသည်။

ဝိမုတ္တိအရ "ယာဝ အရဟတ္တာ" ဟု အရဟတ္တဖိုလ်ကို သီးခြားဆိုလတ္တံ့ ဖြစ်သောကြောင့် ဟေဋ္ဌိမဖလသမာပတ်ကို ယူရပါသည်။

## ဒေသနာတော်ကို အရဟတ္တဖိုလ်အထွတ်ဖြင့် ပြီးဆုံးစေပုံ

အနာဂါမ်စသော ပုဂ္ဂိုလ်တို့ သိကုန်သော်လည်း အလွန်ဆုံးသိနိုင်သော ပုဂ္ဂိုလ်မှာ ရဟန္တာဖြစ်သောကြောင့် ပါဠိတော်၌ ဘိက္ခုအရ ရဟန္တာတိုင်အောင်ယူ၍ (ရွှေအိမ်ရွှေနန်းကို ကျောက်မျက်ရတနာ အထွတ်တပ်သကဲ့သို့) ဤဒေသနာတော်ကိုလည်း အရဟတ္တဖိုလ်အထွဋ်ဖြင့် ပြီးဆုံးစေပါသည်။

## ကေဝဋ္ဋော ဝိယ ဟိ ဘဂဝါ ၌ ဆရာကေဝဋ္ဋကိုသာ ယူထားခြင်းအကြောင်း

ကေ ဥဒကေ ဝဋ္ဋတိ ပရိစရတီတိ ကေဝဋ္ဋော မစ္ဆဗန္ဓော ပါဠိတော်၌ ကေဝဋ္ဋ၏ အန္တေဝါသိလည်းပါသော်လည်း ဆရာကေဝဋ္ဋကိုယူလျှင် အန္တေဝါသိကလည်း ပါပြီးဖြစ်သောကြောင့် ဥက္ကဋ္ဌနည်းဖြင့် ဆရာကေဝဋ္ဋကိုသာ အဋ္ဌကထာ၌ ယူထားပါသည်။

## ဗြဟ္မဇာလသုတ်မည်ပုံ

မြတ်သော သဗ္ဗညုတဉာဏ်ကို ဝေဖန်ရာဖြစ်သောကြောင့် "ဗြဟ္မဇာလ" ဟု ခေါ်ပါသည်။

## ဗြဟ္မဇာလသုတ်၏ အမည်တူများမှာ

အတ္ထဇာလ၊ ဓမ္မဇာလ၊ ဒိဋ္ဌိဇာလ၊ အနုတ္တရသင်္ဂါမဝိဇယတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



## ပြဟ္မဇာလသုတ်၏ အတ္ထဇာလ၊ ဓမ္မဇာလ၊ ဒိဋ္ဌိဇာလ၊ အနုတ္တရသင်္ဂါမဝိဇယ အသီးသီးအမည်ရပုံ

ဤပြဟ္မဇာလသုတ္တန်ဒေသနာတော်၏ ပစ္စုပ္ပန်အကျိုးအစီးအပွား တမလွန်အကျိုး အစီးအပွားတို့ကို အကျယ်ဝေဖန်အပ်သော ဒေသနာဖြစ်သောကြောင့် ''**အတ္ထဇာလ**'' မည်ပါသည်။

ဤပြဟ္မဇာလသုတ္တန်ဒေသနာတော်၏ များစွာကုန်သော ပါဠိတော်တရားတို့ကို ဟောအပ်ကုန်ရာ၏အဖြစ်ကြောင့် ''**ဓမ္မဇာလ**'' အမည်ရပါသည်။

ဤပြဟ္မဇာလသုတ္တန် ဒေသနာတော်၏ (၆၂) ပါးသော မိစ္ဆာအယူတို့ကို ဝေဘန်ရာဖြစ်သောကြောင့် ''**ဒိဋ္ဌိဇာလ**'' အမည်ရပါသည်။

ဤပြဟ္မဇာလသုတ္တန်ဒေသနာတော်ကို ကြားနာရသည်ရှိသော် (ကြားနာရ၍) ဒေဝပုတ္တမာရ်၊ ခန္ဓမာရ်၊ မစ္စုမာရ်၊ ကိလေသမာရ်တို့ကို နှိမ်နင်းခြင်းငှာ စွမ်းနိုင်သောကြောင့် ''**အနုတ္တရသင်္ဂါမဝိဇယ**'' အမည်ရပါသည်။

## ပြဟ္မဇာလသုတ်ကို ဟောတော်မူရာ၌ မြေတုန်လှုပ်ရာအခါနှင့် မြေတုန်လှုပ်ရာအကြိမ်

ပြဟ္မဇာလသုတ်သည် (၆၂) ပါးသော မိစ္ဆာအယူကို ဖြေရှင်း၍ ဟောတော်မူအပ်သော သုတ်ဖြစ်သည်အားလျော်စွာ ထိုထိုမိစ္ဆာအယူကို ဖြေရှင်း၍ ပြီးဆုံးတိုင်း ပြီးဆုံးတိုင်းသောအခါသည် ပြဟ္မဇာလသုတ်ကို ဟောတော်မူရာ၌ မြေတုန်လှုပ်ရာအခါ ဖြစ်သည်။

မြေတုန်လှုပ်သော အကြိမ်ကား (၆၂) ကြိမ်ပင်ဖြစ်ပါသည်။

## နိဂ္ဂါထကတ္ထာ ဟု မိန့်ဆိုရခြင်းအကြောင်း

အမေးအဖြေ၏အဖြစ်သည် ဝေယျာကရဏမည်ခြင်း၏ အကြောင်းဖြစ်ပါသော်လည်း ထိုအကြောင်းမှာ ဂေယျမည်ခြင်း၏အကြောင်းလည်း ဖြစ်နိုင်ရကား ဂေယျနှင့်မဆက်ဆံသော သီးခြားအကြောင်းကိုသာ ပြလိုသောကြောင့် .. ဟု မိန့်သည်။

**မေး**။ ပြဟ္မဇာလသုတ်၌ အဘယ်အစွမ်းဖြင့် မြေတုန်လှုပ်သည်ကို ဖော်ပြပါ။

http://www.dhammadownload.com



ဖြေ။ ဤပြဟ္မဇာလသုတ်၌ (၆၂) ပါးသော ဒိဋ္ဌိတို့ကို ဖြေရှင်း၍ ချုပ်ပိတ်ပေါင်းနှင့် တူသော အရှုတ်အထွေး မရှိအောင်ပြု၍ ဟောတော်မူအပ်ကုန်လတ်သော် ကောင်းချီး နမော် သာဓုခေါ်ခြင်း၏အစွမ်းဖြင့် မြေတုန်လှုပ်ပါသည်။

မေး။ မဟာပထဝီမြေကြီးတုန်လှုပ်ခြင်းအကြောင်း (၈)ချက်ကို ဖော်ပြပါ။

၁။ ဓာတုက္ခောဘေန = ဓာတ်ချောက်ချားခြင်းကြောင့်။

၂။ ဣဒ္ဓိမတော အာနုဘာဝေန = တန်ခိုးရှိသူ၏ အာနုဘော်ကြောင့်။

၃။ ဗောဓိသတ္တဿ ဂဗ္ဘောက္ကန္တိယာ = ပစ္ဆိမဘဝိက ဘုရားလောင်း ပဋိသန္ဓေ နေခြင်းကြောင့်။

၄။ မာတုကုစ္ဆိတော နိက္ခမနေန = မယ်တော်ဝမ်းမှ ဘုရားလောင်းဖွားမြင် ခြင်းကြောင့်။

၅။ သမ္ဗောဓိပ္ပတ္တိယာ = ဘုရားဖြစ်တော်မူခြင်းကြောင့်။

၆။ ဓမ္မစက္ကပ္ပဝတ္တနေန = ဓမ္မစကြာသုတ်ကို ဟောတော်မူခြင်းကြောင့်။

၇။ အာယုသင်္ခါရောဿဇ္ဇနေန = အာယုသင်္ခါရကို လွှတ်တော်မူခြင်းကြောင့်။

၈။ ပရိနိဗ္ဗာနေန = ပရိနိဗ္ဗာန်စံတော်မူခြင်းကြောင့် –

ဤအကြောင်းရှစ်ချက်တို့တွင် တစ်ချက်ချက်ကြောင့် မဟာပထဝီမြေကြီး တုန်လှုပ်ပါသည်။

## သဗ္ဗဒိဋ္ဌီနံ သင်္ဂဟိတတ္တာ ပါဠ်ဖြင့် ပြအပ်သောအစိပ္ပါယ်

သဗ္ဗဒိဋ္ဌီနံ သင်္ဂဟိတတ္တာ ပါဠ်ဖြင့် မိစ္ဆာအယူဝါဒအားလုံးကို သိမ်းကျုံး ယူလိုက်ခြင်းဖြင့် ထိုမိစ္ဆာအယူဝါဒရှိသူပုဂ္ဂိုလ်တို့ကိုလည်း ဉာဏ်ပုပစာအားဖြင့် သိမ်းကျုံး ယူပြီးဖြစ်ကြောင်းကို ပြပါသည်။

## ဒသသဟဿီလောကဓာတု အကမ္ပိတ္ထ ပါဠ်ဖြင့် ပြအပ်သော အစိပ္ပါယ်

ဘုညမာနေဟူ၍ ပစ္စုပ္ပန်ကာလ၊ ပစ္စုပ္ပန်ကြိယာဖြင့် ဟောသောကြောင့် (၆၂) ပါးကုန်သော မိစ္ဆာဒိဋ္ဌိတို့ကို ဖြေရှင်း၍ ဟောတော်မူအပ်ကုန်သည်ရှိသော် ထိုမိစ္ဆာဒိဋ္ဌိ၏ အဆုံး၌ မြေကြီးတုန်လှုပ်ရကား အကြိမ်ပေါင်း (၆၂) ကြိမ် တုန်လှုပ်ပါသည်။

http://www.dhammadownload.com



မေး။ နေတ္တိသဒိသတာယ ပါဠိဖြင့် ပြအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ထိုထိုဘဝသို့ ကံက သတ္တဝါတို့ကို ဆောင်ရာဝယ် ဘဝတဏှာပါမှသာ ဆောင်နိုင်သောကြောင့် ဘဝတဏှာသည် သဒိသူပစာအားဖြင့် နေတ္တိမည်သည် ဟူသော အဓိပ္ပါယ်ကို ပြပါသည်။

မေး။ ဣမသ္မိံဥ ပန ဝေယျာကရဏသ္မိံ ဟု ဆိုရာ အဘယ့်ကြောင့် ဤသုတ်ကို ဝေယျာကရဏဟု ဆိုပါသနည်း၊ ဖော်ပြ၍ အကမ္ပိတ္တဟု ဆိုရာ အဘယ်အခါ၌ မြေတုန်လှုပ်ပါသနည်း။ သုတ်၏အဆုံး၌သာ မြေတုန်လှုပ်ပါသလော၊ ဖြေဆိုပါ။

ဖြေ။ ဤသုတ်၏ ဂါထာမဖက် စုဏ္ဏိသက်သက်၏အဖြစ်ကြောင့် (ဝါ) ဂါထာ မရှိသည်၏ အဖြစ်ကြောင့် ဤသုတ်ကို ဝေယျာကရဏဟု ဆိုပါသည်။

အကမ္ပိတ္ထဟု ဆိုရာ၌ သုတ်၏အဆုံး၌သာ မြေတုန်လှုပ်သည်မဟုတ်။ ၆၂-ပါးသော ဒိဋ္ဌိတို့ကို ဖြေရှင်း၍ ဟောတော်မူသည်ရှိသော် ထိုထိုဒိဋ္ဌိအယူ၏အဆုံး၌ မြေတုန်လှုပ်ပါသည်။ အကြောင်းကား ပါဠိတော်၌ ဣမသ္မိံဥ ပန ဝေယျာကရဏသ္မိံ ဘညမာနေဟု ဝတ္တမာန်ကာလဖြင့် ဟောတော်မူအပ်သောကြောင့်တည်း။

ဗြဟ္မဇာလသုတ် အဓိပ္ပါယ်ပြီး၏။

❖❖❖❖❖❖❖

## ဓမ္မာစရိယအောင်မြင်ရန် နည်းလမ်းမှန်

* ဓမ္မာစရိယ၊ အောင်မြင်ကြ၊ မုချနည်းလမ်းမှာ၊
* အနက်ကျေမှု၊ စည်းမျဉ်းရှု၊ တစ်ဝက်ပြေမည်သာ၊
* သဒ္ဒါပိုင်မှ၊ တစ်ဝက်ရ၊ မုချအောင်သေချာ၊
* သိုမဟုတ်လျှင်၊ စာဖြေရှင်၊ အသင်ကျရှုံးမှာ၊
* ထို့ကြောင့်သာပင်၊ သောတုရှင်၊ အစဉ်သတိပြုပါ။

http://www.dhammadownload.com



## သီလက္ခန်နိဒါန်း, ဗြဟ္မဇာလသုတ်ဆိုင်ရာ လေ့ကျင့်ခန်းပုစ္ဆာ အဖြေစုံ

- ကော သမယံ ဘဂဝါ ဟူသော စကားရပ်ဖြင့် အရှင်အာနန္ဒာမထေရ်သည် သမုဒါယတ္ထအားဖြင့် (က) အဘယ်အရာကို ပြီးစေသည်၊ (ခ) ထိုသို့ပြီးစေခြင်းကြောင့် အဘယ်အရာကို ဖြစ်စေသည်တို့ကို ဖော်ပြ၍ အဒ္ဓါနမဂ္ဂပဋိပန္နော၌ (ဂ) အဘယ်ကြောင့် (ဃ) အယုတ်ဆုံး အဘယ်မျှပမာဏရှိသောခရီးကို အဒ္ဓါနမဂ္ဂဟု ခေါ်ရသည်ကိုလည်း ဖြေဆိုခဲ့ပါ။
- ဘုရားဟော ထိုထိုသုတ်တို့၏ အစ၌ ဧဝံ မေ သုတံ စသော နိဒါန်းစကားကို အဘယ်အကျိုးငှာ သင်္ဂါယနာတင်ရာ၌ ထည့်သွင်းမိန့်ဆိုပါသနည်း၊ ဖြေဆို၍ စက္ခုနာ ရူပံ ဒိသွာ–၌ စက္ခုအရ အတ္ထုဒ္ဓါရဖြစ်သော စက္ခုခြောက်ပါးကိုလည်း တရားကိုယ်နှင့်တကွ တွဲစပ်ဖော်ပြပါ။
- က္လမေဟိ ဒွိဟိ ကာရဏေဟိ အယံ ပရိဗ္ဗာဇကော ယသ္မာ နိစ္စမ္ပိ ဘဂဝန္တံ ဥဿူယတိ၊ တသ္မာ ရတနတ္တယဿ အဝဏ္ဏမ္ပေဝ ဘာသတိ – ၌ ဒွိကာရဏကို ဖော်ပြ၍ ဤသုတ်၏ ဗြဟ္မဇာလအမည်ရခြင်းအကြောင်းကိုလည်း ဖော်ပြပါ။
- န အာနန္ဒော န သောမနဿံ န စေတသော ဥပ္ပိလာဝိတတ္တံ ကရဏီယံ ဟူသော ဒေသနာ၌ အဓိပ္ပေတပီတိသောမနဿကို ထုတ်ပြ၍ တာဒီငါးမျိုးသရုပ်နှင့် ဤ၌ လိုအပ်သော တာဒီကိုလည်း ဖော်ပြပါ။
- တစ္ဆ တထာဂတော ပဇာနာတိ၊ တတော စ ဥတ္တရိတရံ ပဇာနာတိ–၌ (က) တစ္ဆ၊ (ခ) ဥတ္တရိတရံ တို့အရ ပဇာနိတဗ္ဗတရားတို့ကို ထုတ်ပြပါ။
- ဒေသနာဘာသနကထာဘေဒံ တေသု ယထာရဟံ စသော ဂါထာအရ သုတ္တန်ပိဋကတ်၌ ဟောကြားအပ်သော (က) သိက္ခာ၊ (ခ) ပဟာန်တို့ကိုလည်း ဖြေဆိုခဲ့ပါ။
- (က) ကသ္မာ ဘဂဝါ တံ အဒ္ဓါနံ ပဋိပန္နော၊ (ခ) ကသ္မာ စ သုပ္ပိယော အနုဗန္ဓော၊ (ဂ) ကသ္မာ စ သော ရတနတ္တယဿ အဝဏ္ဏံ ဘာသတိ–ဟူသော ပုစ္ဆာ၏အဖြေကို ဖြေဆိုခဲ့ပါ။
- ဗီဇဂါမဘူတဂါမသမာရမ္ဘာ ဝိရတိသိက္ခာပုဒ် အရ အဘယ့်ကြောင့် ဗီဇဂါမ် ဘူတဂါမ်ကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်မှုကို အလိုရှိအပ်ပါသနည်း၊ ဖြေဆို၍ အပရဏ္ဏာနုဒိဋ္ဌိ (၄၄) မျိုးကိုလည်း အမည်(၅)မျိုးဖြင့် ရေတွက်ပြပါ။

http://www.dhammadownload.com



- ❖ အယံ ပန မဟာပထဝီ အပရေသုပိ အဋ္ဌသု ဌာနေသု အကမ္ပိတ္ထ–အရ အဋ္ဌ ပထဝိကမ္ပနဌာနကို ထုတ်ပြ၍ ဤပြဟ္မဇာလသုတ်၌ အဘယ်၏အစွမ်းဖြင့် မြေတုန်လှုပ်သည်ကိုလည်း ဖော်ပြပါ။
- ❖ (က) ဋ္ဌေ အာဏတ္တိကနိဿဂ္ဂိယထာဝရာပိ ပယောဂါ ယုဇ္ဇန္တိ အတ္တနောမတိ စကားကို အဋ္ဌကထာဆရာမိန့်ဆိုရခြင်းအကြောင်းကို စိစစ်ဖော်ပြ၍ ဒေဝဒူတ ငါးပါးသရုပ်ကိုလည်း ဖော်ထုတ်ခဲ့ပါ။
- ❖ (က) ပထမ မဟာသင်္ဂါယနာတင်ရန် ရှင်မဟာကဿပ တိုက်တွန်းရာ ရက်၊ (ခ) ပထမ မဟာသင်္ဂါယနာတင်ရာ အစရက်၊ (ဂ) ရှင်အာနန္ဒာ အရဟတ္တဖိုလ်တည်ရာ ရက်၊ (ဃ) ရှင်အာနန္ဒာ အရဟတ္တဖိုလ်တည်ပုံကို ဖော်ပြပါ။
- ❖ ကတမဉ္စ တံ ဘိက္ခဝေ ဟူသော ပါဠိအရာ၌ သိအပ်သော ပုစ္ဆာငါးမျိုးတို့တွင် ဘုရားရှင်အား ပုစ္ဆာ (၃) မျိုး မရှိဟု ဆိုရာ ထိုမရှိသော ပုစ္ဆာသုံးမျိုးကို အကြောင်းအသီးသီးဖြင့် ဖြေဆိုခဲ့ပါ။
- ❖ (က) ကသ္မာ သုပ္ပိယော အနုဗန္ဓော၊ (ခ) ကသ္မာ စ သော ရတနတ္တယဿ အဝဏ္ဏံ ဘာသတိ ဟူသော အမေးတို့၏ အဖြေကို ရေးသားခဲ့ပါ။
- ❖ အဘယ်တရားကို အဘယ့်ကြောင့် ဥပ္ပိလာဝိတတ္တဟု ခေါ်ပါသနည်း၊ ဖြေဆို၍ ပထမနည်းဒေသနာအားလျော်စွာ ဒုတိယနယ၌ တေန ကို တေန ဥပ္ပလာဝိတတ္တေန သောမနဿံ စ ဟု စွဲနက်ဖွင့်သင့်လျက် သောမနဿေန ဟု ဖွင့်ခြင်း၏အကြောင်းကိုလည်း စိစစ်ပြပါ။
- ❖ အဒိန္နာဒါနမှ လွန်ကျူးရောက်ရှိရာ၌ လုံ့လပြုခြင်း ခြောက်မျိုးရှိရာ ယင်းလုံ့လပြုခြင်း (၆) မျိုးသရုပ်ကို ပါဠိ+မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြပါ။
- ❖ ကော် သမယံ ဘဂဝါ ဟူသောအရာ၌ ဘုရားရှင်နှင့်စပ်၍ သိအပ်သော သာသနပါကဋ္ဌ သမယ (၁၀) ပါးကို ထုတ်ပြခဲ့ပါ။
- ❖ ပဋိသန္ဓေအားဖြင့် သတ္တဝါလေးမျိုးအပြားရှိရာတွင် အဏ္ဍဇသတ္တဝါမျိုးကို ဘဗ္ဗ+ဘူတအားဖြင့် ပိုင်းခြားပြပါ။
- ❖ အဟုဒေဝ ဘယံ အရ အမ္ဗဝနသို့ အသွား အဘယ့်ကြောင့် အဇာတသတ်မင်းအား ကြောက်ခြင်းဖြစ်ရသည်ကို သမာနဝါဒအားဖြင့် ဖြေဆို၍ သေနာသနံ ဘဇတိ–၌ သေနာသနလေးပါးကို ဖော်ပြပါ။

http://www.dhammadownload.com



❖ (က) သံဝရသီလ၌ ပါဝင်လျက် အဘိဇ္ဈာပဟာနစသော သီလကို မဟောခြင်း၊ (ခ) ရာဇကထာစသည်တို့၏ တိရစ္ဆာနကထာမည်ခြင်း၏ အကြောင်းကို ဖြေဆိုရ၍ ပြဟ္မဇာလသုတ် တိဝိဓသီလ၌ သီလကြီး (၄) ပါးတို့တွင် အဘယ်သီလကို ဟောသည်ကိုလည်း ဖော်ပြပါ။

❖ အပရန္တာနုဒိဋ္ဌိမိစ္ဆာဝါဒ (၄၄) ပါးကို အမည်(၅)မျိုးဖြင့် ရေတွက်ပြ၍ အဘယ် အရာကို ပြပြီး၍ အဘယ်အရာကို ပြလိုသောကြောင့် ဥစ္စိန္နဘဝနေတ္တိကော ဘိက္ခဝေ တထာဂတဿ ကာယော စသော ဒေသနာတော်ကို ဟောကြားတော်မူသည် ကိုလည်း ဖြေဆိုခဲ့ပါ။

❖ အထ ခေါ် အာယတိ ကုလပုတ္တာနံ ဤဒိသေသုပိ ဌာနေသု အကုသလပ္ပဝတ္တိ ပဋိသေဓေန္တော ဓမ္မနေတ္တိ ဌပေဟိ–၌ ဓမ္မနေတ္တိဝယ် ဓမ္မ အရ အဘယ်တရားကို ယူရမည်ဟု အကြောင်းနှင့်တကွ ဖော်ပြခဲ့ပါ။

❖ ဤကမ္ဘာပေါ်ဝယ် မိစ္ဆာအယူဝါဒ အမျိုးမျိုးတို့ ပေါ်ပေါက်လာရခြင်း၏ အကြောင်း ရင်းရှစ်ပါးကို ဖော်ပြခဲ့ပါ။ (အစိုးရ၊ ၅၅–ခုနှစ်) (၄၊ ၉၉၊)

**သီလက္ခန်နိဒါန်း, ပြဟ္မဇာလသုတ်ဆိုင်ရာ လေ့ကျင့်ခန်းပုစ္ဆာ ပြီး၏။**

❖❖❖❖❖❖❖❖❖

## သာမညဖလသုတ်ဆိုင်ရာအခမ်ိဳပွဲါယ်

**မေး။** ဝိရတီသုံးပါးတို့တွင် သေတုဃာတဝိရတီ၏အရ တရားကိုယ်နှင့်အာရုံကို ဖော်ပြပါ။

**ဖြေ။** သေတုဃာတဝိရတီအရ မဂ်နှင့်ယှဉ်သော ဝိရတီကို ယူရပါသည်။ ယင်းသေတု ဃာတဝိရတီ၏အာရုံကား နိဗ္ဗာန်ဖြစ်ပါသည်။

**မေး။** အဘယ့်ကြောင့် ရာဇဂဟံ–၌ ရာဇပုဒ်ကို မဟာဂေါဝိန္ဒသဒ္ဒါဖြင့် ဖွင့်ပါသနည်း၊ ရှင်းလင်းခဲ့ပါ။

**ဖြေ။** မဟာဂေါဝိန္ဒ ပုရောဟိတ်သိမ်းပိုက်အပ်သော မြို့ကိုလည်း ရေဏုမည်သော မဂဓမင်း သိမ်းပိုက်အပ်သည်ဖြစ်၏ဟူသော အနက်ဖြစ်သင့်သောကြောင့် မဟာဂေါဝိန္ဒ

http://www.dhammadownload.com



ပုရောဟိတ်ကို ရာဇဂဟံ–၌ ရာဇသဒ္ဒါဖြင့် ဖွင့်ဆိုပါသည်။ ထိုစကားမှန်၏၊ မင်းမှု ထမ်းတို့ ဆောင်ရွက်သော ကိစ္စမှန်သမျှ မင်းကသာ ပြုလုပ်သည်ပင် မည်၏။ မင်းအာဏာဖြင့်သာ ပုရောဟိတ်ပြုစီရင်နိုင်၏ ဟု လောက၌ ပြောဆိုရိုး အလေ့ အကျက် ရှိပါသည်။

မေး။ ကေစိဆရာတို့အလို မဟာဂေါဝိန္ဒဟူသည် မည်သည့်ပုဂ္ဂိုလ်မျိုးကို ဆိုပါသနည်း။

ဖြေ။ ကေစိဆရာတို့က မဟာဂေါဝိန္ဒဟူသည် ပုရောဟိတ်ပုဏ္ဏားကြီးမဟုတ်၊ အာနုဘော် ကြီးမားလှသည့် ရှေးအခါက ဘုရင်တစ်ပါးဖြစ်သည်ဟု ဆိုကြပါသည်။

မေး။ ဒိဗ္ဗဝိဟာရ၊ ဗြဟ္မဝိဟာရ၊ အရိယဝိဟာရ တို့ကို အသီးသီး အရကောက်ပြပါ။

ဖြေ။ ဒိဗ္ဗဝိဟာရ အရ ရူပါဝစရစတုတ္ထဈာန်ကို ယူရပါသည်။
ဗြဟ္မဝိဟာရ အရ ထိုစတုတ္ထဈာန်၏အစွမ်းဖြင့်ဖြစ်သော အပ္ပမညာကို ယူရပါသည်။
အရိယဝိဟာရ အရ စတုတ္ထဈာန်က အဂ္ဂဖလသမာပတ်ကို ယူရသည်။

မေး။ ဝိဟရတိ–၌ ဝိဟာရလေးပါးကို မယူဘဲ ဣရိယာပထဝိဟာရကိုသာ ယူရခြင်း အကြောင်းကို ရေးပါ။

ဖြေ။ ဝိဟရတိ–၌ ဒိဗ္ဗဝိဟာရ၊ ဗြဟ္မဝိဟာရ၊ အရိယဝိဟာရတို့သည် ဣရိယာပထ ဝိဟာရနှင့် မကင်းသည်ဖြစ်၍ ဣရိယာပထဝိဟာရကို ပြသည်ရှိသော် ထိုဒိဗ္ဗ၊ ဗြဟ္မ၊ အရိယဝိဟာရတို့လည်း အဝုတ္တသိဒ္ဓိနည်းဖြင့် ပြီးသောကြောင့် ဣရိယာ ပထဝိဟာရကိုသာ ယူ၍ အဋ္ဌကထာဆရာ ပြတော်မူပါသည်။

မေး။ မြတ်စွာဘုရားသည် တစ်ခုသော ဣရိယာပုတ်ဖြင့်သာလျှင် ကြာမြင့်စွာသော ကာလပတ်လုံးနေခြင်းငှာ (ဝါ) ဖြစ်စေခြင်းငှာ မစွမ်းနိုင်ပါဘဲလျက် အဘယ့်ကြောင့် ကော် ဣရိယာပထဗာခန်–စသော စကားကို အဋ္ဌကထာဆရာ ဆိုပါသနည်း။

ဖြေ။ မြတ်စွာဘုရားသည် တစ်ခုသော ဣရိယာပုတ်ဖြင့်သာလျှင် ကြာမြင့်စွာသော ကာလပတ်လုံး ဖြစ်ခြင်းငှာ စွမ်းနိုင်ပါသော်လည်း ''ဥပါဒိန္နကခန္ဓာကိုယ်အား ဤသို့ နာကျင်ခြင်းသဘော ရှိပေသတည်း'' ဟု သိစေလိုသောကြောင့် ''ကော် ဣရိယာပထ ဗာခန်'' စသည်ကို မိန့်ဆိုရခြင်း ဖြစ်ပါသည်။

မေး။ သတ္တဝါတို့၏ငှင်း၊ မိမိ၏ငှင်း ဝိဝိသေုခကို ဆောင်ရွက်ပုံကို ရေးပါ။

http://www.dhammadownload.com



ဖြေ။ မြတ်စွာဘုရားသည် တစ်စုံတစ်ခုသော အရပ်၌ နေတော်မူသည်ရှိသော် ဝေနေယျတို့အား တရားဟောတော်မူလျက်ငင်း အမျိုးမျိုးသော သမာပတ်တို့ဖြင့် အချိန်ကို လွန်စေတော်မူလျက်ငင်း နေတော်မူပါသည်။

မေး။ သမိပတ္ထေ ဟောတံ ဘုမ္မဝစနံ ပါဠ်ဖြင့် အဘာယ်အဓိပ္ပါယ်ကို သိစေပါသနည်း။ ဗိမ္ဗိသာရမင်းကြီးသည် ကောင်းမှုများစွာရှိသော သောတာပန်ပုဂ္ဂိုလ် ဖြစ်ပါလျက် အဘယ့်ကြောင့် စတုမဟာရာဇ်ဘုံ၌ ဝေဿဝဏ်နတ်မင်း၏ ပရိစာရက ဖြစ်ရပါသနည်း။

ဖြေ။ ဘုရားရှင်သည် သရက်ဥယျာဉ်၌သာလျှင် သီတင်းသုံးတော်မူခြင်းဖြစ်သည်။ သို့ရာတွင် ''ဂင်္ဂါယံ ဂါဝေါ စရန္တိ''၊ ''ကူပေ ဂဂ္ဂကုလံ'' ပြယုဂ်ကဲ့သို့ ဤ၌ ရာဇဂြိုဟ်မြို့၏ ထိုသရက်ဥယျာဉ်၏အနီးဖြစ်သောကြောင့် ဂေါစရဂါမ်ကို ပြခြင်းအကျိုးငှာ သတ္တမီဝိဘတ်ဖြင့် ရာဇဂဟေ ဟုလည်း ဟောတော်မူအပ်၏ ဟူသော အဓိပ္ပါယ်ကို သမိပတ္ထေ ဟောတံ ဘုမ္မဝစနံ ဖြင့် သိစေပါသည်။

ဗိမ္ဗိသာရမင်းကြီးသည် ကောင်းမှုများစွာရှိသော သောတာပန်ပုဂ္ဂိုလ်ဖြစ်သော်လည်း ထိုစတုမဟာရာဇ်နတ်ဘုံ၌ ရှေးကကြိမ်ဖန်များစွာဖြစ်ဖူးရကား ကြာမြင့်စွာ ထုံအပ်သော နိကန္တိ၏အစွမ်းဖြင့် ထိုစတုမဟာရာဇ်ဘုံ၌သာ ဝေဿဝဏ်နတ်မင်း၏ ပရိစာရကဖြစ်ရပါသည်။

မေး။ အဘာယ် သင်္ဂဟဝတ္ထုဟိ–၌ သင်္ဂဟဝတ္ထု (၄) ပါးကို ဖော်ပြ၍ သင်္ဂဟနှင့်သင်္ဂဟဝတ္ထု အဓိပ္ပါယ်ကိုလည်း ဖော်ပြပါ။

ဖြေ။ **သင်္ဂဟဝတ္ထု (၄) ပါး**

(၁) ဒါန = ပေးကမ်းခြင်း၊
(၂) ပေယျ = ချစ်ဖွယ်စကားကို ပြောခြင်း၊
(၃) အတ္ထစရိယာ = သူ့၏အကျိုးစီးပွားကို ပြုကျင့်ခြင်း၊
(၄) သမာနတ္တတာ = မိမိနှင့်တန်းတူရည်တူ ထားခြင်း။

မိမိဘက်သားဖြစ်အောင် (မိမိကို ချစ်ခင်အောင်) ချီးမြှောက်ခြင်း (သိမ်းယူခြင်း၊ သိမ်းသွင်းခြင်း) ကို ''သင်္ဂဟ'' ဟု ခေါ်၏။
ထိုသို့ ချီးမြှောက်ခြင်း၏အကြောင်း ဝတ္ထုကို ''သင်္ဂဟဝတ္ထု'' ဟု ခေါ်၏။

http://www.dhammadownload.com



### မဂဓာန် ဟု ဗဟုဝုစ်ဖြင့် ဖွင့်ဆိုထားရခြင်းအကြောင်း

ဇနပုဒ်အမည်ရသော သဒ္ဒါတို့၏ ပုံလိင်ဗဟုဝုစ်အဆုံးရှိသည်၏အဖြစ်ကြောင့် (တစ်နည်း) မဂဓမည်သော ဇနပုဒ်တစ်ခုကို ညွှန်ပြခြင်းအားဖြင့် ထိုဌ် နေသူလူအများကို ယူအပ်သောကြောင့် ''မဂဓာန်'' ဗဟုဝုစ်ထားသည်။

### သုဝဏ္ဏသတ္တကေန–၌ ရွှေမားဟု ဆိုပုံ

သံမားဖြင့် ရှင်ဘုရင်၏ လက်မောင်းကို မခွဲထိုက်သောကြောင့် ရွှေမားဟု ဆိုသည်။

### ဥဒကေန သမ္ဘိန္ဒိတွာ–၌ ရေဖြင့် ရောချ၍ တိုက်ရခြင်းအကြောင်း

ရေမရောဘဲ သွေးချည်းသက်သက် တိုက်လျှင် ကိုယ်ဝန်ဆောင်မိန်းမတို့မှာ အစာကြေခဲသောကြောင့် ရေဖြင့် ရော၍ တိုက်ရပါသည်။

သရီရံ လေဟိတွာ–၌ မိဖုရားကိုယ်တိုင် လျှာဖြင့် လျက်၍ မျှတပုံ (အရိယာတို့မည်သည်မှာ မိမိကိုယ်ကို သေအောင် မပြုကြပုံ)

မိမိ၏ လုံ့လပယောဂဖြင့် သေခြင်းမည်သည် မသင့်ဟု နှလုံးသွင်း၍ မင်းကြီးသည် စတုမဓုသုတ်လိမ်းထားအပ်သော မိဖုရား၏ ကိုယ်ကိုပင် လျှာဖြင့် လျက်၍ မျှတရှာလေသည်။ ထိုစကားမှန်၏၊ အရိယာတို့မည်သည် မိမိကိုယ်ကို သေအောင် မပြုကြကုန်။

**မေး။** ကောသလရဇ္ဇော–၌ မည်သည့် ကောသလမင်းကို ယူရမည်နည်း။

**ဖြေ။** ကောသလရဇ္ဇော–၌ ကောသလ အရ မဟာကောသလမင်းကို ယူရသည်။ ပသေနဒီကောသလမင်းနှင့် အဇာတသတ်၏ မိခင်ဝေဒေဟီတို့ မောင်နှမ အရင်းအချာ ဖြစ်ကြသည်။

**မေး။** ဗိမ္ဗိသာရမင်းကြီးအား ခြေဖဝါးခွဲ မီးကင်ခံရခြင်းအကြောင်းကို ဖြေဆိုပါ။

**ဖြေ။** ရှေးအခါက စေတီရင်ပြင်ပေါ်၌ ဖိနပ်စီးခြင်း၊ သံဃာတော်များထိုင်ရန် ခင်းထားအပ်သော သင်ဖြူးကိုလည်း ခြေမဆေးဘဲ တက်နင်းခြင်း မကောင်းမှု၏ အကျိုးဆက်ကြောင့် ခြေဖဝါးခွဲ မီးကင်ခံရခြင်း ဖြစ်ပါသည်။

**မေး။** ဗိမ္ဗိသာရမင်းကြီးသည် များစွာသော ကောင်းမှုရှိပါလျက် အဘယ့်ကြောင့် စတုမဟာရာဇ်နတ်ပြည်၌ ဇနဝသဘနတ် ဖြစ်ရပါသနည်း။

http://www.dhammadownload.com



ဖြေ။ ဗိမ္ဗိသာရမင်းသည် များစွာသော ကောင်းမှုရှိသူဖြစ်သော်လည်း ထိုစတုမဟာရာဇ် ဘုံ၌ များစွာဖြစ်ဖူးသောကြောင့် ကြာမြင့်စွာ လေ့ကျက်အပ်သော နိကန္တိ၏အစွမ်းဖြင့် ထိုနတ်ပြည်၌ပင် ဇနဝသဘနတ်သား ဖြစ်ရပါသည်။

## ဟုတ္ဝာနှင့်နိဗ္ဗတ္တတို့၏ ခြားနားချက်

ပဋိသန္ဓေ၏အစွမ်းဖြင့်ဖြစ်ခြင်းသည် ''ဟုတ္ဝာ'' မည်၏။

ပဝတ္တိ၏အစွမ်းဖြင့် ဖြစ်ခြင်းသည် နိဗ္ဗတ္တိ မည်၏။

မေး။ (ဂ) ဝါကျ၌ လာသော သီလေန အနသနေနတို့၏ အဘိဓေယျတ္ထနှင့် ဝါသဒ္ဒါဖြင့် ပြအပ်သော အဓိပ္ပါယ်ကိုလည်း ဖော်ပြပါ။

ဖြေ။ သီလေန၏ အဘိဓေယျတ္ထကား သာသနာတော်အတွင်း၌ အရိယာ ဥပုသ်တည်း။ အနသနေန၏ အဘိဓေယျတ္ထကား အစာမစားခြင်းဟု ဆိုအပ်သော သာသနာပ ဥပုသ်တည်း။

## ဝါသဒ္ဒါဖြင့် ပြအပ်သော အဓိပ္ပါယ်

ဝါသဒ္ဒါသည် အနိယမတ္ထ။ (အဝုတ္တဝိကပ္ပနတ္ထ) ထိုဝါသဒ္ဒါဖြင့် အချို့သော အဘိဏှာ စသော မနောဒုစရိုက်ကိုဝင်း၊ မောသဝဇ္ဇ (မုသာဝါဒ) စသော ဒုဿီလျ စသည်ကိုဝင်း သိမ်းယူပါသည်။

မေး။ သုဒ္ဓသုပေါသထော သဒါ ဟု ဟောရခြင်းအကြောင်းကို ရေးပါ။

ဖြေ။ သုန္ဒရိကဘာရဒွါဇပုဏ္ဏားသည် တပေါင်းလ ဥတ္တရဖဂ္ဂုဏီနက္ခတ်နှင့် ယှဉ်သော နေ့၌ ဆိပ်ကမ်းရေချိုးသူအား တစ်နှစ်ပတ်လုံး ပြုသော မကောင်းမှုများ မျောပါ လွင့်ပျောက်၏ဟု အယူရှိ၏။ ပုဏ္ဏားကို ထိုအယူမှ စင်ကြယ်စေလို၍.... ဟု ဟောတော်မူပါသည်။

မေး။ တဒဟုပေါသထေ ပန္နရသေ ၌ ဥပုသ်အပြားကို ဖော်ပြ၍ ''ပန္နရသေ'' ဟူသော ပုဒ်ကို ဆိုရခြင်းကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ဥပုသ်သည် စာတုဒ္ဒသီ၊ ပန္နရသီ၊ အဋ္ဌမီ ဟု သုံးပါးပြားပါသည်။ ထိုတွင် ကျန် နှစ်ပါးကို တားမြစ်ခြင်းငှာ ''ပန္နရသေ'' ဟူသော ပုဒ်ကို ဆိုရပါသည်။

မေး။ တန်ဆောင်မုန်းလပြည့်နေ့ကို ပုဏ္ဏမာဟု ဆိုရခြင်းအကြောင်းကို ရေးပါ။

http://www.dhammadownload.com



**ဖြေ။** တန်ဆောင်မုန်းလ၏ ပြည့်သည့်၏အဖြစ်ကြောင့်ငှင်း၊ မိုးဥတု၏ ပြည့်သည်၏ အဖြစ်ကြောင့်ငှင်း၊ တန်ဆောင်မုန်းလဖြင့် မှတ်အပ်သောနှစ်၏ ပြည့်သည်၏အဖြစ် ကြောင့်ငှင်း 'ပုဏ္ဏမာ'' ဆိုရပါသည်။

**မေး။** ပုဏ္ဏာဟု ဆိုရခြင်းအကြောင်းကို ရေးပါ။

**ဖြေ။** (၁၆) စိတ်သော ကလာတို့၏အစွမ်းဖြင့် လသည် ပြည့်သည်ဖြစ်၍ ထင်ရှားသော ကြောင့် ''ပုဏ္ဏ''ဟု ဆိုပါသည်။

**မေး။** ကောမုဒီ ၌ တဒ္ဓိတ်ဏပစ္စည်း၏ ဇောတကတ္ထကို ဖော်ပြခဲ့ပါ။

**ဖြေ။** ကောမုဒီ ၌ တဒ္ဓိတ်ဏပစ္စည်းသည် ဗဟုတ္တ–အများဟူသောအနက်၊ အတိသယ– အလွန်အကဲဟူသော အနက်များကို ထွန်းပြသည်။ (တဒ္ဓိတ်ဏပစ္စည်းသက်ရာ ဝိသယကို မေးကလည်း ''ဗဟုတ္တ၊ အတိသယဟုပင် ဖြေရမည်။)

**မေး။** ရာဇာမစ္စပရိဝုတော (ပ) ဟောတိ (၄–၁၂၈) ၌ အဇာတသတ်မင်းသည် မင်းအမတ် အပေါင်းခြံရံလျက် မြတ်သော ပြာသာဒ်ထက်ဝယ် အဘယ်အကျိုးငှါ နေပါသနည်း။ အဋ္ဌကထာဆရာ နှစ်သက်သောဝါဒဖြင့် အကျယ်ရှင်းလင်းပြပါ။

**ဖြေ။** အဇာတသတ်မင်းသည် အဖကို သတ်ရန် လုံ့လပြုသည့်နေ့မှစ၍ ''အိပ်တော့ မည်''ဟု မျက်စိမှိတ်ကာမျှ၌ပင် မျက်လုံးတို့ကို လှံတစ်ရာဖြင့် ထိုးဆွခံရသကဲ့သို့ ငိုမြည်တမ်းလျက်သာလျှင် နိုးလာသည်။ ''ဘာကြောင့် ငိုမြည်တမ်းပြီး နိုးရသလဲ''ဟု မေးလျှင် ဘာတစ်ခုကိုမျှ မပြောဆိုနိုင်။ ထို့ကြောင့် အဇာတသတ်မင်းသည် အိပ်ခြင်းကို မနှစ်သက်ရကား အိပ်ခြင်းကို ဖျောက်ခြင်းအကျိုးငှါ မင်းအမတ်အပေါင်း ခြံရံလျက် ပြာသာဒ်ထက်၌ နေပါသည်။ (ဤကား အဋ္ဌကထာနှစ်သက်သော ဝါဒတည်း။)

ဝဒန္တိဆရာတို့ကား နက္ခတ်ပွဲလမ်းသဘင်နေ့ဖြစ်သောကြောင့် နေသည်ဟု ဆိုကြသည်။ သို့ရာတွင် မင်းမျိုးဟူသည် အခါခပ်သိမ်း နက္ခတ်ပွဲလမ်းသဘင် ရှိသည်သာတည်း။ ထို့ကြောင့် အိပ်ခြင်းကို ပယ်ဖျောက်ခြင်းအကျိုးငှါ နေသည်ဟု မှတ်ရမည်။

### ပါသာဒနှင့်ကဋ္ဌာဂါရနတို့၏အထူး

ပသီဒန္တိ နယနမနာနိ အတြာတိ ပါသာဒေါ ဟူသော (ဓာန်ပြီ ၂၀၈) ဝစနတ္ထနှင့် အညီ မျက်စိနှင့်စိတ်တို့၏ ကြည်နူးဖွယ်ရာ အဆောက်အဦသည် ''ပါသာဒ''မည်၏။

http://www.dhammadownload.com



(တစ်နည်း) စတုရသော ပတိဿယဝိသေသော ပါသာဒေါ နာမ (ဓာန်ဋီ၊ ၂၀၉) နှင့်အညီ လေးထောင့်ဖြစ်သော နေထိုင်ရာအိမ်အထူးသည် "ပါသာဒ"မည်၏။ ခြင်္သေ့ရုပ်ပတာနရှိသော ရွှေဖြင့် စီခြယ်အပ်သော သီဟာသနပလ္လင်သည် ကဥ္စနာသန မည်၏။

## ပရိဟီနလာသက္ကာရော ပဥ္စ ဝတ္တုနိ ယာစိတွာ–၌ ပဥ္စဝတ္ထုသရုပ်

(၁) အရှည်ကင်စုတင်ဆောင်ရန်
(၂) ပိဏ္ဍပါတ်စုတင်ဆောင်ရန်
(၃) ပံသုကူစုတင်ဆောင်ရန်
(၄) ရုက္ခမူစုတင်ဆောင်ရန်
(၅) ငါးအမဲ မစားရန် တို့ဖြစ်ပါသည်။

## ရာဇာမစ္ဆေဟိ ၌ ရာဇအေရ

မင်းမျိုးမှ ဆင်းသက်လာသော အမတ်ကြီးများကို ယူရပါသည်။ (တစ်နည်း) လက်အောက်ခံမင်း၊ ဘုရင်ခံများကို ယူရပါသည်။

## ဝီထိနှင့်ရစ္ဆတို့၏အထူး

ရထားသွားလောက် ထုတ်ခြင်းပေါက်သော လမ်းမကြီးသည် ဝီထိမည်၏။ ရထားမသွားလောက် ထုတ်ခြင်းမပေါက်သော လမ်းငယ်သည် ရစ္ဆ။ ဤသို့ ထူးပါသည်။

## ဥဒါန်းဟု ခေါ်ပုံ

လက်ခံနားထောင်မည့်သူကို ငဲ့ကွက်ခြင်းမရှိသော ("မည်သူ့အား ပြောမည်"ဟု ရည်ရွယ်ချက်မရှိသော) သက်သက် မွန်မြတ်သော ပီတိအဟုန်ကြောင့် မိမိသဘော အားဖြင့် နှုတ်မှ အလိုလို ရုတ်တရက် ပေါ်ထွက်လာသော စကားသံကို "ဥဒါန်း"ဟု ခေါ်ဆိုရပါသည်။

မေး။ ဝိနည်းပါဠိတော်၊ အင်္ဂုတ္တိုရ်ပါဠိတော်တို့၌ စန္ဒိမသူရိယုပက္ကိလေသလေးပါး လာပါလျက် ပဥ္စဟိ ဥပက္ကိလေသေဟိ ဟု ဆိုရာ၌ မဆန့်ကျင်အောင် ဆုံးဖြတ်ပါ။

http://www.dhammadownload.com



**ဖြေ။** ပါဠိတော်ဝယ် တတိယဥပက္ကိလေသ၌ ''ရူမော ရဇော ဘိက္ခဝေ စန္ဒိမသူရိယာနံ ဥပက္ကိလေသာ''ဟု ရူမနှင့်ရဇကိုတွဲ၍ ဟောထားသောကြောင့် ဥပက္ကိလေသ လေးမျိုးသာ ဖြစ်နေသည်။ ဤအဋ္ဌကထာ၌ကား ရူမတစ်ခု၊ ရဇတစ် ခွဲ၍ ယူထား သောကြောင့် ဥပက္ကိလေသငါးမျိုး ဖြစ်နေသည်။ ထိုသို့တွဲခြင်း+ခွဲခြင်းမျှသာ ကွာခြင်းဖြစ်သောကြောင့် ပါဠိတော်နှင့် မဆန့်ကျင်ပါ။

**မေး။** သမဏံ ဝါ ဗြာဟ္မဏံ ဝါတိ စသော ဝါကျ၌ သမဏအရ၊ ဗြာဟ္မဏ အရတို့ကို ဖော်ပြပါ။

**ဖြေ။** သမဏ, ဗြာဟ္မဏအရ ''ယံ နော ပယိရုပါသတော စိတ္တံ ပသီဒေယျ'' ဟု ဆိုသောကြောင့် စိတ်ကို ကောန်ကြည်လင်စေနိုင်သော ပရမတ္ထသမဏ၊ ပရမတ္ထ ဗြာဟ္မဏ တို့ကို ယူရပါသည်။

**ဗဟုဝုစ်ဆိုအပ်ရာဌာန (ဗဟုဝုစ်ဖြင့်သုံးစွဲနိုင်သောဌာန) များ**

၁။ မိမိကိုယ်ကို မြှောက်ပင့်ဆိုရာ၌၎င်း။

၂။ အလေးအမြတ်ပြုအပ်သော အရာဌာန၌၎င်း၊ တစ်ဦးတစ်ယောက်ပင်ဖြစ်၎င်း ''ဗဟုဝုစ်''ဖြင့် သုံးစွဲနိုင်ပါသည်။

**မေး။** သာသနပစ္စတ္ထိကများက ဗုဒ္ဓဓမ္မသံဃတို့၏ ကျေးဇူးမဲ့ကို ပြောလျှင် သည်းခံ၍ နေရမည်လော၊ မည်ကဲ့သို့ ပြုကျင့်ရမည်နည်း။ သီသာရုံမျှ ဖြေဆိုပါ။

**ဖြေ။** သာသနပစ္စတ္ထိကများက ဗုဒ္ဓ ဓမ္မ သံဃာတို့၏ ကျေးဇူးမဲ့ကို ပြောဆိုလျှင် သည်းခံ၍ မနေသင့်၊ ဒေါသမထွက်ဘဲ. မဟုတ်မမှန်သည်ကို မဟုတ်မမှန်သောအားဖြင့် ဖြေရှင်းကြရမည်။

**ဖြေရှင်းပုံ** ''ဤအကြောင်းကြောင့်လည်း သင်တို့ပြောဆိုအပ်သောစကားသည် မဟုတ်ပါ။ သင်တို့ပြောဆိုအပ်သော မမှန်ကန်သော ဤသဘောတရားသည် ငါတို့၌ (အမှန်တကယ်) မရှိသည်သာတည်း။ သင်တို့ပြောဆိုအပ်သော မမှန်သော ဤ သဘောတရားသည် ငါတို့၌ (အမှန်တကယ်) ထင်ရှားမရှိသည်သာတည်း''ဟု ပြန်လည်ဖြေရှင်းရမည်။

http://www.dhammadownload.com



**ဒေါသမထွက်ဘဲ ဖြေရှင်းပုံ** ''မနောပဒေါသံ အကတွာ အဝဏ္ဏော နိဗ္ဗေဌေတဗ္ဗော'' ဟူသော အဋ္ဌကထာပါဌ်ကို ထောက်ဆ၍ ဒေါသမထွက်ဘဲ ဖြေရှင်းရမည် ဟူလို။

မေး။ ဇီဝကသည် ဩဘာသနိမိတ်ပြုမှုကို သိပါလျက် အဘယ့်ကြောင့် ဆိတ်ဆိတ်နေပါသနည်း။ သိသာရုံ ဖြေဆိုခဲ့ပါ။

ဖြေ။ မိမိစကားကို ပယ်ရှားမှုကို ဖြတ်ခြင်းအကျိုးငှါ ဆိတ်ဆိတ်နေပါသည်။

မေး။ ရာဇဂြိုဟ်မြို့တံခါးပေါက် အရေအတွက်နှင့် ပူရဏကဿပထံ၌ ရဟန်းဖြစ်သော ပုဂ္ဂိုလ်အရေအတွက်တို့ကိုလည်း ဖော်ပြပါ။

ဖြေ။ ဤအဋ္ဌကထာ (၁၃၇) အရ ရာဇဂြိုဟ်မြို့သည် တံခါးမကြီး (၃၂)ခု၊ တံခါးပေါက်ငယ် (၆၄) ခုရှိပါသည်။

ပူရဏကဿပထံ ရဟန်းပြုသော ပုဂ္ဂိုလ်အရေအတွက်မှာ (၈၀၀) ရှိပါသည်။

**ပူရဏကဿပအဝတ်မဝတ်ခြင်းအကြောင်း**

မင်္ဂလာကျွန်ဖြစ်သည်၏အဖြစ်ကြောင့် အဝတ်မဝတ်ခြင်း ဖြစ်ပါသည်။

မေး။ ကေစိဆရာတို့အလို သံဃီ၊ ဂဏီ ခေါ်သင့်/မခေါ်သင့် အကြောင်းပြ ဆုံးဖြတ်ခဲ့ပါ။

ဖြေ။ ကေစိဆရာတို့အလို မသင့်ပါ။

ကေစိဆရာတို့သည် ''ရဟန်းအပေါင်း၏အစွမ်းဖြင့် သံဃီမည်၏။ လူအပေါင်း၏အစွမ်းဖြင့် ဂဏီ''ဟု ဆိုကြပါသည်။ ယင်း ကေစိဆရာတို့၏အယူမျှသာ ဖြစ်၏။ မသင့်ပါ။ အကြောင်းကား လောကဝယ် ဂဏဋ္ဌပင် သံဃသဒ္ဒါတက်ရောက်နိုင်သောကြောင့်တည်း။

**အာစာရသိက္ခာပနဝသေန ၌ အာစာရအရ**

အစေလကအကျင့်အစရှိသော မိမိကြံဆကာမျှဖြစ်သော အကျင့်ကို ယူရပါသည်။

**တိတ္ထကရောတိ လဒ္ဓိကရော (၄၊ ၁၃၁) ၌ ''တိတ္ထ'' ဟု ခေါ်ပုံ**

ယင်းဝါကျ၌ သံသရာတည်းဟူသော ဩဃမှ ကူးမြောက်ကြောင်းဖြစ်ကုန်၏။ ဤသို့ မှားသည် ဖြစ်စေ၊ မှန်သည် ဖြစ်စေ၊ တိတ္ထဟု သမုတ်အပ်သောကြောင့် အယူဟူသမျှကို ''တိတ္ထ''ဟု ခေါ်ရပါသည်။

http://www.dhammadownload.com



အသုတဝတော–၌ ဝိဘတျတ္တ အသုတဝတော၌ ဆဋ္ဌီဝိဘတ်သည် ကတ္တား အနက်၌ ဖြစ်ပါသည်။ (သမ္မတော ၌ စပ်ရပါမည်)

မေး။ အဇာတသတ်မင်း ဘုရားရှင်ထံ သွားရာ၌ လမ်းခရီးဝယ် ကြောက်ခြင်း အကြောင်းကို ဧကေဝါဒ၊ အဋ္ဌကထာဝါဒ အသီးသီးဖြင့် ဖြေဆိုပါ။

ဖြေ။ ဧကေဆရာတို့က အဇာတသတ်မင်းသည် အမိုက်တိုက်ကြောင့် ကြောက်သည်ဟု ဆိုကြသည်။ အဋ္ဌကထာဝါဒကား အဇာတသတ်မင်းသည် အသံတိုးသည် (တိတ်ဆိတ် နေသည်)၏အဖြစ်ဖြင့် အမှီသဟဲ အကြောင်းပြု၍ ဇီဝက၌ ယုံမှားခြင်း ကြောင့် ကြောက်သည်ဟု ဆိုသည်။

## ရတ္တညျူ+စိရပဗ္ဗဇိတ ပုဒ်နှစ်ပါးတို့၏ ထူးခြားပုံ

စိရပဗ္ဗဇိတသဒ္ဒါဖြင့် ပူရဏကဿပ၏ ကြီးရင့်သော သီလသိက္ခာရှိသည်၏ အဖြစ် (သိက္ခာကြီးသည်၏အဖြစ်)ကို ပြသည်။ ရတ္တညျူသဒ္ဒါဖြင့် ထိုကြီးရင့်သော သီလသိက္ခာ၌ ကောင်းစွာသိနေ၊ အမှတ်ရနေသည်၏အဖြစ်ကို ပြသည်။ ဤသို့ ထူးပါသည်။

## ဂေါသာလာ (ပ) ဂေါသာလောတိ ဒုတိယံ နာမံ (ဋ္ဌ၊ ၁၃၁) ၌ ဂေါသာလအရ

ဂေါသာလရွာ (ပထမနည်း)၊ နွားတင်းကုပ်မှ (ဒုတိယနည်း) ဤသို့ (၂) နည်း ဖွင့်ဆိုသော်လည်း ထိုရွာ၌ မွေးဖွားသော ကလေးဟူသမျှ ''ဂေါသာလ''ဟုချည်း အမည်ရနိုင်သောကြောင့် မထူးခြား၊ နွားတင်းကုပ်၌ မွေးဖွားခြင်းသာ ထူးခြားရကား၊ နောက်နည်းသာ နာမည်ပေးဖို့သာ၍ သင့်လျော်၏။ သို့သော် ရှေးအဋ္ဌကထာ လာသော နည်းမဟုတ်သောကြောင့် ယင်းမှာ ကေစိဝါဒ မည်ပါသည်။

## ကေသကမ္ဗလ၏ ယုတ်ညံ့ခြင်းအဖြစ် (၆)မျိုး ပါဠိ+မြန်မာ တွဲစပ်ပုံ

၁။ သီတေ သီတော = အေးသော အခါအေးခြင်း၊

၂။ ဥဏှေ ဥဏှော = ပူသောအခါ ပူခြင်း၊

၃။ ဒုဗ္ဗဏ္ဏော = မကောင်းသော အဆင်းရှိခြင်း၊

၄။ ဒုဂ္ဂန္ဓော = မကောင်းသော အနံ့ရှိခြင်း၊

http://www.dhammadownload.com



၅။ ဒုက္ခသမ္ဘသော = ဆင်းရဲသော အတွေ့ရှိခြင်း၊
၆။ အပ္ပဗ္ဗော = နည်းသော အဖိုးရှိခြင်း။

**မှတ်ချက်။** ။ ဤအဋ္ဌကထာပါဠိ၌၎င်း၊ အရင်းခံအင်္ဂုတ္တရပါဠိ ၁၊၂၉၀။ ၌၎င်း၊ အပ္ပဗ္ဗောပုဒ် ကို မတွေ့ရ။ ကျန်ငါးမျိုးကိုသာ တွေ့ရသည်။ သီဋီသစ်ဆရာတို့ လက်ထက်က အပ္ပဗ္ဗော ဟူသော (အပြစ်တစ်မျိုးပြ) ပါဠိပုဒ်တစ်ခု ရှိဟန်တူ၏။ ထို့ကြောင့် ဆဟာကာရေဟိ ဟု ဋီကာသစ်၌ ဆိုခြင်းဖြစ်ပေလိမ့်မည်။

ကိလေသာအရ သံသရာ၌ နှောင်ဖွဲ့ခြင်းကိစ္စရှိသော လယ်ယာ၊ သားမယား စသည်လျှင် အာရုံရှိသော ရာဂစသော ကိလေသာကို ယူရပါသည်။

မေး။ ပကုဓကစ္စာယနဂိုဏ်းဆရာကြီး၏ "သဲပုံစေတီ"တည်ထားခြင်း၏ ရည်ရွယ် ချက်ကို အဋ္ဌကထာဆရာအလိုကျ ဖော်ပြပါ။

ဖြေ။ ပကုဓကစ္စာယနတို့သည် ပယ်အပ်ပြီးသော ရေအေးရှိပါသည်၊ ကျင်ကြီးဆေး ကြောပြုပါသော်လည်း ရေကို မသုံးပါ၊ ရေနွေးကို၎င်း၊ ပအုံးရည်ကို၎င်း ရမှသာ ပြုလုပ်ပါသည်။ မြစ်ကိုသော်၎င်း၊ လမ်းခရီး၌ ရေကိုသော်၎င်း ကျော်လွန်သည်ရှိသော် ငါ၏ သီလပျက်ပြီဟု ရည်ရွယ်၍ သဲပုံစေတီတည်ထားပါသည်။

သီတုဒကပဋိက္ခိတ္တကော သေ (ပ) ဝါလိကာထူပံ ကတွာ သီလံ အဓိဋ္ဌာယ ဂစ္ဆတိ။ [သီ၊ဋ္ဌ၊ ၁၃၂]။

မေး။ လောက၌ ထင်ရှားသော မြတ်စွာဘုရား၏ အံ့ဖွယ်ဂုဏ်တော်များကို ဖော်ပြပါ။

ဖြေ။ ၁။ မယ်တော်ဝမ်းသို့ သက်ရောက်ခြင်း၊
၂။ ဖွားမြင်တော်မူခြင်း၊
၃။ တောထွက်တော်မူခြင်း
၄။ သစ္စာလေးပါးတရား သိတော်မူခြင်း၊
၅။ ဓမ္မစကြာတရား ဟောတော်မူခြင်း၊
၆။ တန်ခိုးပြာဋိဟာ ပြတော်မူခြင်း၊
၇။ တာဝတိံသာမှ သင်္ကဿမြို့သို့ သက်ဆင်းတော်မူခြင်းတို့ ဖြစ်ပါသည်။
ယင်းအခါတို့၌ လောကဓာတ်တစ်သောင်း တုန်လှုပ်ပါသည်။

http://www.dhammadownload.com



## အံ့ဖွယ်ဂုဏ်တော်များကိုသာ ဗီဝက ပြောရခြင်းအကြောင်း

ဘုရားရှင်၏ အကျင့်ဟူသမျှသည် အခြားပုဂ္ဂိုလ်နှင့် မဆက်ဆံ၊ (လိုက်၍မမှီနိုင်)သော အံ့သြဖွယ်ချည်းသာ ဖြစ်၏။ သို့သော် မယ်တော်ဝမ်းသို့ သက်ရောက်ခြင်းစသည်တို့မှာ နတ်ပြဟ္မာနှင့်တကွသော သတ္တလောကဝယ် အလွန်ထင်ရှား၍ မည်သူမျှ မပယ်ရှားနိုင်သောကြောင့် ထိုဂုဏ်တော်များကိုသာ ဗီဝက ပြောပြလေသည်။

## ကုတ္တမ္ဘုတာချာနတ္တေ ဥပယောဂဝစနံဟု ဆိုရခြင်းအကြောင်း

တံ ခေါ ပန ဘဂဝန္တံ-၌ ဒုတိယာဝိဘတ်သည် သာမိအနက်၌ ဖြစ်သော်လည်း အပဓာနအားဖြင့် ကုတ္တမ္ဘုတာချာနတ္တကို ထွန်းပြတတ်သောကြောင့် ကုတ္တမ္ဘုတာချာနတ္တေ ဥပယောဂဝစနံ''ဟု ဆိုရပါသည်။

(အဘိသဒ္ဒါကား ပဓာနအားဖြင့် ဥဂ္ဂမနကြိယာ ဟူသော အပြားကို ထွန်းပြတတ်သောကြောင့် ကုတ္တမ္ဘုတဇောတက ဟူလို)

**မေး။** သော ဘဂဝါ၊ ကုတိပိ ဘဂဝါ-၌ တသဒ္ဒါသုံးမျိုးတွင် ဖြစ်သင့်သော တသဒ္ဒါကို ဖော်ပြ၍ ဘဂဝါနှစ်ပုဒ်၏ အထူးကိုလည်း ဆုံးဖြတ်ခဲ့ပါ။ [ဒီ၊ ဋ၊ ၁၊ ၁၃၃]

**ဖြေ။** အစွဲတင်းလင်း၊ ရှိတုံလျှင်း၊ မှတ်ရင်းပသိဒ္ဓ၊
ပုဗ္ဗဝါကျ၊ စွဲဒဗ္ဗ၊ မှတ်ကြပက္ကန္တာ၊ (လွန်ပြီးဒြပ်၊ စွဲတုံလတ်၊ ခေါ်မှတ်ပက္ကန္တာ)
ပုဗ္ဗဝါကျ၊ ကိရိယ၊ စွဲရနုဘူတာ၊ (ရှေးဝါကျက၊ ကြိယ၊ စွဲရနုဘူတာ)
ထိုတွင် ကုတိပိ သော ဘဂဝါ-၌ သော ကား ဘဂဝါဟု အစွဲတင်းလင်းရှိသောကြောင့် ပသိဒ္ဓဝိသယ ဖြစ်သည်။

## ဘဂဝါနှစ်ပုဒ်အထူး

သော ဘဂဝါ-၌ ဘဂဝါသည် မြတ်စွာဘုရား၏ အမည်ကို ကြားသော နာမဝါစက၊ နာမကိတ္တနသဒ္ဒါ ဖြစ်သည်။

ကုတိပိ ဘဂဝါ ၌ ဘဂဝါကား မြတ်စွာဘုရား၏ ဂုဏ်တော်ကို ကြားသော ဂုဏဝါစက၊ ဂုဏကိတ္တနသဒ္ဒါ ဖြစ်သည်။ ဤသို့ ထူးပါသည်။

**မေး။** ပစ္စယာဒီနံ အရပဟတ္တာ-၌ အာဒိဖြင့် ယူရမည့် အရာဝတ္ထုနှင့် အရိနံ-၌ အရိအရကိုလည်း ဖော်ပြပါ။

http://www.dhammadownload.com



ဖြေ။ ပစ္စယာဒီနံ–၌ အာဒိဖြင့် ပူဇာဝိသေသကို ယူရမည်။
အရီနံ–၌ အရိအရ သဒ္ဒါသူပစာရတ္တအားဖြင့် ကိလေသာဆယ်ပါးကို ယူရသည်။ (တစ်နည်း) မာရ်ငါးပါးလုံးကို ယူရသည်။ (တစ်နည်း) သာသနာ့ရန်စွယ် အန္တရာယ်များဖြစ်သော မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်များကို ယူရပါသည်။

မေး။ အဇာတသတ်မင်းသည် ဂုဏ်တော်ကို ကြားရရုံမျှဖြင့် အဘယ့်ကြောင့် ထိုမျှ ပီတိဖြစ်ပါသနည်း။ ရှင်းလင်းဖြေဆိုခဲ့ပါ။

ဖြေ။ အဇာတသတ်မင်းသည် ရှေးက အလွန်အကဲပြုအပ်ခဲ့သော ကောင်းမှုပါရမီ ရှိပြီးဖြစ်သောကြောင့် ဖြစ်ရပါသည်။ ထိုစကားမှန်၏၊ ပိတုဃာတကကံ ဟူသော အန္တရာယ် အစွမ်းဖြင့် ထိုမင်း၏ ပါရမီဂုဏ်တော်ရှိသော ခန္ဓာကိုယ်ကို တူးဖြိုဖျက်ဆီးအပ်၏။ အန္တရာယ်မရှိလျှင် ထိုဘဝ၌ မဂ်ဖိုလ်ရလောက်အောင် ကောင်းမှုပါရမီရှိခဲ့သူ ဖြစ်၏။

## ထာမေ ဗလဋ္ဌ အတ္ထိ ၌ ထာမနှင့်ဗလတို့၏အထူး

ထာမ ဟူသည် ဒေသနာဉာဏ်တော်အစွမ်းတည်း။
ဗလဟူသည် ဆယ်ပါးသော ဉာဏ်တော်တည်း။ ဤသို့ ထူးပါသည်။

မေး။ (၁) ဘဂဝတော တေဇော ရညော သရီရံ ဖရိ၊
(၂) အထဿ တာဝဒေဝ သကလသရီရတော သေဒါ မုစ္စိံသု။
(၃) အတ္တနော အပရာဓံ သရိတွာ မဟာဘယံ ဥပ္ပဇ္ဇိ–ဟု အဋ္ဌကထာ၌ ဆိုရာ မင်း၏ ချွေးထွက်ခြင်းသည် ဘုရား၏တေဇောကြောင့်လော၊ အပရာဓကို အောက်မေ့မိသောကြောင့်လော ဝိနိစ္ဆယချခဲ့ဂါ။

ဖြေ။ မြတ်စွာဘုရား၏ တေဇောသည် ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ၏ အကြောင်းဖြစ်သောကြောင့် မင်း၏ချွေးထွက်ခြင်းသည် ဘုရားရှင်၏ တေဇောကြောင့်ကား မဟုတ်။ အပရာဓကို အောက်မေ့မိသောကြောင့်သာ ဖြစ်ပါသည်။

## ဝိဇ္ဇမာနေသုပိ–၌ အပိ၏ ဇောတကတ္တ

မြင်းယာဉ်စသော ယာဉ်များစွာ ရှိနေပါလျက် အသုံးမပြုဘဲ ဆင်ယာဉ်ကိုသာ အသုံးပြုမည်ဖြစ်ရာ ''မြင်းယာဉ်စသော များစွာသောယာဉ်''ဟူသော အနက်ကို နှစ်သက်၍ ဆိုထားသောကြောင့် ဝိဇ္ဇမာနေသုပိ–၌ အပိသည် အရုစျတ္တ (ဂရဟတ္တ) ဇောတက ဖြစ်ပါသည်။

http://www.dhammadownload.com



မှတ်ချက်။ ။ ''လက္ခဏာနောက်ပါ၊ ပိသဒ္ဒါရှိ၊ အရုစိ'' ဟူသော တွင်းကြီး၊ နိယံ (၁၂၁)နှင့်အညီ လက္ခဏာပုဒ်နောက်ဝယ်ရှိသော ပိ+အပိသဒ္ဒါတို့ကို အရုစျွတ္တ (ဝါ) ဂရဟတ္ထကို ထွန်းသည်ဟု မှတ်ယူရမည်။

## နိဗ္ဗုတသဒ္ဒါနှစ်ခုတို့၏အထူး

နိဗ္ဗုတဿ–၌ အလုံးစုံသော ကိလေသာအပူဝေး၍ ငြိမ်းအေးခြင်းကို နိဗ္ဗုတဟု ဆိုပါသည်။

နိဗ္ဗုတေဟေဝ–၌ အပ္ပသဒ္ဒအဖြစ်ကြောင့် အသံမထွက်ငြိမ်သက်ခြင်းကို နိဗ္ဗုတဟု ဆိုပါသည်။ ဤသို့ ထူးပါသည်။

## ဆင်မယာဉ်ကိုသာ က,စေခြင်းအကြောင်း

ဆင်ယာဉ်တို့တွင်လည်း အဆိပ်အတောက်မရှိသည်ကိုသာ ယူလိုသောကြောင့် ဆင်မယာဉ်ကိုသာ က, စေပါသည်။

(တစ်နည်း) ဆင်မယာဉ်သည် ဥတ္တမဘာဝဖြစ်သောကြောင့်၎င်း၊ အပ္ပသဒ္ဒ ဖြစ်သောကြောင့်၎င်း ဆင်မယာဉ်ကိုသာ ကစေပါသည်။

မေး။ ဆင်မယာဉ်သာ ငါးရာတို့၌ မိန်းမများကိုသာ စီးရန် စီစဉ်ရာဝယ် ဆရာဇီဝက၏ နှလုံးသွင်းအာဘော်ကို ဝါဒစုံလင်စွာဖြင့် ပြောပြ၍ ဖြေဆိုပါ။

ဖြေ။ မင်း၏ ယုံမှားသင်္ကာကို နစ်စေခြင်းအကျိုးငှာ ယင်းသို့ စီစဉ်ပါသည်။ (အာစရိယ ဓမ္မပါလတ္ထေရဝါဒ)၊

(တစ်နည်း) မိန်းမတို့ကို မှီ၍ ယောကျ်ားတို့အား ဘေးရန်မည်သည်မရှိ၊ ချမ်းသာစွာ မိန်းမအပေါင်းခြံရံလျက် သွားအံ့ဟု နှလုံးသွင်း၍ ယင်းသို့ စီစဉ်ပါသည်။ (ဤကား အဋ္ဌကထာဝါဒ)

## မိန်းမအပေါင်းကို လက်နက်စွဲကိုင်စေပုံ

မိန်းမအပေါင်းခြံရံနေသော်လည်း အများကမူ လက်နက်ကိုင်ယောကျ်ားများဟု မှတ်ထင်စေလျက် ဘုရင်၏အနီး မကပ်ဝံ့အောင် မိန်းမအပေါင်းကို ယောကျ်ားအသွင် ပြင်ဆင်စေလျက် လက်နက်တို့ကို စွဲကိုင်စေပါသည်။

http://www.dhammadownload.com



**မေး။** အဇာတသတ်မင်း ဘုရားထံ သွားရောက်ကြောင်း နှုတ်မှာ သတင်းစကားပို့၍ စည်လည်စေရာ၌ ဇီဝက၏ နှလုံးသွင်းပုံ ရေးပါ။

**ဖြေ။** ''ယနေ့ အဇာတသတ်မင်းသည် မြတ်စွာဘုရား၏ အထံတော်သို့ သွားလတ္တံ့၊ ခပ်သိမ်းကုန်သော သူတို့သည် မိမိ၏စည်းစိမ်အားလျော်စွာ မင်းအား အစောင့်အရှောက်ကို ယူကြကုန်လော့''ဟု နှလုံးသွင်းပါသည်။

**မေး။** ဒွိန္နံ့ မဟာရဋ္ဌာနံ-၌ တိုင်းနှစ်တိုင်းတို့၏ အမည်ကို ဖော်ပြပါ။

**ဖြေ။** ဒွိန္နံ့ မဟာရဋ္ဌာနံ အရ အင်္ဂတိုင်းနှင့်မဂဓတိုင်းကို ယူရပါသည်။

**မေး။** အဇာတသတ်မင်းအစိုးရသော တိုင်းနိုင်ငံတို့၏ အမည်နှင့် အကျယ်အဝန်းတို့ကို ဖော်ပြပါ။

**ဖြေ။** အဇာတသတ်မင်းအစိုးရသော တိုင်းနိုင်ငံတို့၏ အမည်တို့ကား အင်္ဂတိုင်း၊ မဂဓတိုင်းတို့ပေတည်း။ အကျယ်အဝန်းကား အသီးသီး ယူဇနာ (၃၀၀) အဝန်း ရှိပါသည်။

**မေး။** အဟုဒေဝ ဘယံ-၌ ဘယသရုပ်တို့ကို တရားကိုယ်နှင့်တကွ တွဲစပ်ပြ၍ ဤ၌ လိုအပ်သော ဘယကိုလည်း ညွှန်ပြခဲ့ပါ။

**ဖြေ။**
၁။ စိတ္တုတြာသဘယ = ဒေါသစေတသိက်၊
၂။ ဉာဏဘယ = ဉာဏ်၊ အမောဟစေတသိက်၊
၃။ အာရမ္မဏဘယ = ကြောက်မက်ဖွယ် ရူပါရုံစသော အာရုံ (၆) ပါး၊
၄။ ဩတ္တပ္ပဘယ = ဩတ္တပ္ပစေတသိက် (ဝါ) ဩတ္တပ္ပနှင့်တကွဖြစ်သော ဉာဏ်။

ဤ၌ စိတ္တုတြာသဘယကို ယူရပါသည်။

**မေး။** ခုဇ္ဇာဝါမနကကိရာတာဒယော-၌ ပြအပ်သော အဓိပ္ပါယ်နှင့် အာဒိသဒ္ဒါဖြင့် ယူရမည့်အရာကိုလည်း ဖော်ပြပါ။

**ဖြေ။** ခုဇ္ဇ ဝါမနက ဖြင့် (ကုန်းသော အသွင်ရှိသူ၊ ပုကွသော အသွင်ရှိသူ) ဟု သူတို့၏ အသွင်ကို ပြ၏။ ကိရာတ ဖြင့် တောင်သူလူရိုင်းစသော အမျိုးဇာတ်ကို ပြ၏။ အာဒိဖြင့် သဝရလူမျိုး၊ အန္ဓကလူမျိုးတို့ကို ယူရ၏။ ဤသူတို့သည် နာဋကိတ္ထိတို့၏ အလုပ်အကျွေးတို့တည်း။

http://www.dhammadownload.com



**မေး။** ရဋ္ဌိယပုတ္တ ဟူသည် အဘယ်နည်း ဖြေဆိုခဲ့ပါ။

**ဖြေ။** ရဋ္ဌိယပုတ္တ ဟူသည် တိုင်းပြည်အတွင်း၌ လှည့်လည်ကုန်သော မုဆိုးတို့၏သား တို့တည်း။ (တစ်နည်း) တိုင်းပြည်နှစ်ပြည်တို့၏ အကြား၌ရှိသော အခြားတိုင်းပြည် ငယ်ကို အပိုင်စားရသော တိုင်းစားတို့၏ သားတို့တည်း။

**မေး။** အခြံအရံများစီစဉ်ပုံကို ဖော်ပြပါ။

**ဖြေ။** ထိုခေတ်၌ လက်နက်အားလုံးတွင် လေးလက်နက်သာ အဝေးသို့ အရောက်နိုင် ဆုံးတည်း။ ထို့ကြောင့် ပရိသတ်အစွန်က နေ၍ ပစ်အပ်သောမြား မင်းထံ မရောက် အောင် အခြံအရံများကို အထပ်ထပ် စီစဉ်ပါသည်။

**မေး။** ဇီဝက မင်း၏ အနားလိုက်သွားရခြင်း၏အကြောင်းကို ရေးခဲ့ပါ။

**ဖြေ။** တစ်စုံတစ်ခု ဘေးရန်ဖြစ်ခဲ့သော် အလုံးစုံသောသူတို့မှ ရှေးဦးစွာ မင်းအား အသက် ပေးလိုသာကြောင့် မင်း၏အနီးအနား လိုက်သွားပါသည်။

**မေး။** အန္ဓကာရေနာတိ ဌာေ ဝဒန္တိ-၌ ဌာေအ ရကို ဖော်ပြ၍ စတုသဋ္ဌိ ခုဒ္ဒကဗ္ဗါရာနိ အရ ရာဇဂြိုဟ်မြို့၌ တံခါးငယ် (၆၂) ပေါက်ရှိပုံကို ရှင်းပြပါ။

**ဖြေ။** ဌာေ အရ ဥတ္တရဝိဟာရဝါသီဂိုဏ်းဆရာတို့ကို ယူရပါသည်။

**စတုသဋ္ဌိ ခုဒ္ဒကဗ္ဗါရာနိ အရ ရာဇဂြိုဟ်မြို့၌ တံခါးငယ် (၆၂) ပေါက်ရှိပုံ** ရာဇဂြိုဟ်မြို့၌ တံခါးမကြီး (၃၂) ပေါက်ရှိရာ တစ်ပေါက်တစ်ပေါက်လျှင် တံခါးငယ်နှစ်ပေါက်စီ နှစ်ပေါက်စီ ခြံရံလျက်ရှိရကား စတုသဋ္ဌိ ခုဒ္ဒကဗ္ဗါရာနိ- တံခါးငယ် (၆၄) ပေါက်ရှိနေခြင်း ဖြစ်သည်။

**အမှာ။** ''စတုသဋ္ဌိ ခုဒ္ဒကဗ္ဗါရာနိ ဟု ဆိုထားပုံကို ရေးပါ''ဟု မေးလျှင်လည်း အထက်ပါအတိုင်း သင့်လျော်သလို ရေးပါလေ။

**မေး။** အဟုဒေဝ ဘယံ-၌ အဘယ်ကြောင့် အဇာတသတ်မင်း ကြောက်သည်ကို ဌာေ ဆရာတို့အလို ဖြေဆို၍ ယင်းဆရာတို့၏ အကြောင်းပြချက် ခိုင်လုံမှု ရှိ/မရှိ ရှင်းပြပါ။

**ဖြေ။** အဇာတသတ်မင်းသည် အမိုက်တိုက်ကြောင့် ကြောက်သည်ဟု ဌာေ (ဥတ္တရ ဝိဟာရဝါသီ) ဆရာတို့ ဆိုကြသည်။ ယင်းဌာေဆရာတို့၏ အကြောင်းပြချက်သည် ခိုင်လုံမှု မရှိပါ။

http://www.dhammadownload.com



## သီလက္ခန်အခ်ိပ္ပါယ်အဖြေစုံ

အကြောင်းကား အဇာတသတ်မင်း ဘုရားဖူးသွားရာ ထိုအခါ၌ မီးရှူးတို့ အရာအထောင် အသိန်း အပိုင်းအခြားမရှိ (များပြားလှ) သည်၏အဖြစ်ကြောင့်တည်း။

စင်စစ်ကား အဇာတသတ်မင်းသည် သရက်ဥယျာဉ်၏ ဆိတ်ငြိမ်သော အသံရှိ သည်၏အဖြစ်ကို မှီ၍ ဇီဝကဖြင့် ယုံမှားသင်္ကာရှိသောကြောင့် ကြောက်ပါသည်။

**မေး။** သမ္ဘ၊ ဝယသဒ္ဒါသည် အရွယ်တူ ဟူသော အနက်ကိုသာ ဟောနိုင်ပါသလော၊ အထင်ရှုဋ္ဌီနည်းအားဖြင့် ဟောနိုင်သော အနက်ကို ဥဒါဟရဏ် (ပြယုဂ်) ထုတ်ဆောင်၍ ရှင်းလင်းခဲ့ပါ။

**ဖြေ။** သမ္ဘ၊ ဝယသဒ္ဒါတို့သည် သဒ္ဒါနည်းအားဖြင့် ''အရွယ်တူ'' ကိုသာ ဟောနိုင်သော်လည်း အထင်ရှုဋ္ဌီအားဖြင့် အရွယ်မတူစေကာမူ သဟာယ်ချင်း (သူငယ်ချင်း) ဟူသမျှကိုလည်း ဟောနိုင်၏။ ''အဟံ ဝိယ ဒိဿတိတိ မာရိသော'' ဝိဂြိုဟ်အရ မာရိသ သဒ္ဒါသည် ''ငါနှင့်တူသူ ငါ့လိုစိတ်ချမ်းသာသူ'' အနက်ကို ဟောစေကာမူ ဒုက္ခရှိနေသော ငရဲသားကိုလည်း ရှုဋ္ဌီအားဖြင့် ''မာရိသ'' ဟု ခေါ်နိုင်သကဲ့သို့တည်း။

တရမာနော၀–ပါဠ်ဖြင့် ဘယေ၊ ကောဓေ ပသံသာယံ၊ တုရိတေ စသော အဘိဓာန် (၁၀၇) လာ အာမေဍိတ်စကားပြောရာ၌ တုရိတ အာမေဍိတ်တည်းဟု ပြပါသည်။

**မေး။** ဓနပါလ အမည်ရခြင်းအကြောင်းကို စုံလင်စွာ ဖြေဆိုခဲ့ပါ။

**ဖြေ။** နာဠာဂိရိဆင်ကိုပင် ''ဓနပါလ'' ဟု ခေါ်ပါသည်။ မှန်၏ ထိုဆင်ကို ဘုရားရှင်အား နှင်းသတ်ဖို့ စေလွှတ်အပ်သော်လည်း ဘုရားရှင်၏ မေတ္တာတော်ကြောင့် ယဉ်ကျေးရာ ထိုအခါ၌ မြို့သူ မြို့သားတို့က ပူဇော်အပ်သော ဥစ္စာအစုကို ရအပ်သောကြောင့် ''ဓနပါလ'' ဟူ၍ ခေါ်ဝေါ်အပ်၏။

**မေး။** ''ကုက္ကုစ္စ'' ခေါ်ပုံကို ရေးပါ။

**ဖြေ။** အသညမ–လက်ခြေကို မစောင့်စည်းခြင်း (လက်ခြေလှုပ်ခြင်း)၊ အသမ္ဘဿကိရိယာ– မဆင်မခြင် မစဉ်းစားပြုခြင်း ဟူသော အမူအရာကို ''ကုက္ကုစ္စ'' ဟု ခေါ်ပါသည်။

**မေး။** ဟတ္ထကုက္ကုစ္စံ ဝါ ပါဒကုက္ကုစ္စံ ဝါ–၌ ဝါသဒ္ဒါအနက်နှင့် ယင်းဝါသဒ္ဒါဖြင့် ပြအပ်သော အဓိပ္ပါယ်ကိုလည်း ရေးပါ။

http://www.dhammadownload.com



ဖြေ။ ယင်းပါဌ်၌ ဝါသဒ္ဒါသည် အဝုတ္တဝိကပ္ပနအနက်ရှိ၏။ ထိုဝါသဒ္ဒါဖြင့် ထိုကုက္ကုစ္စတို့မှ တစ်ပါးလည်းဖြစ်သော စက္ခု, သောတ စသော အသညမ မရှိဟူ၍ ထင်စွာပြပါသည်။

မေး။ အဇာတသတ်မင်း၏ မိမိသားအပေါ်၌ ယုံမှားသံသယဖြစ်ပုံကို အဋ္ဌကထာဖွင့်ဆိုချက်အရ ရေးပြပြီး အဖသတ်သား ငါးဆက်အမည်ကို ဖော်ပြခဲ့ပါ။ (စိုး၊ ၅၉-၃)

ဖြေ။ ''ငါ့သားတော်က မေးလိမ့်မည်၊ ငါ့ခမည်းတော်သည် ငယ်ရွယ်နုနယ်သေး၏၊ ငါ့အဖိုး ဘယ်မှာလဲ ဟု မေးခဲ့သော် 'သင့်အဖိုးကို သင့်ခမည်းတော် သတ်အပ်ပြီ' ဟူသော စကားကို ကြားရပါက ငါ့သားသည်လည်း ငါ့ကို သတ်၍ မင်းအဖြစ်ကို ပြုပေအံ့'' ဤသို့ မှတ်ထင်၍ အဇာတသတ်မင်းသည် မိမိသားအပေါ် ယုံမှားသံသယ (အကြံအစည်) ဖြစ်ပေါ်လာပါသည်။

### အဖသတ်သား ငါးဆက် (အဖသတ်မင်းငါးဆက်) အမည်

၁။ အဇာတသတ်မင်းသား၊ ၂။ ဥဒယဘဒ္ဒမင်းသား၊
၃။ မဟာမုဏ္ဍိကမင်းသား၊ ၄။ အနုရုဒ္ဓါမင်းသား၊
၅။ နာဂဒါသမင်းသား တို့ဖြစ်ပါသည်။

[''ဤမင်းတို့သည် အမျိုးအနွယ်ကို ဖြတ်တတ်သူတို့ဖြစ်၍ အကျိုးမရှိကုန်'' ဟု နှလုံးသွင်း၍ တိုင်းသူပြည်သားတို့ အမျက်ထွက်ကာ နာဂဒါသမင်းကို သတ်လိုက်ကြ၏]

မေး။ ကေမန္တံ အဋ္ဌာသိ-၌ နိသဇ္ဇဒေါသဖြစ်နိုင်သော အရပ်ဒေသများကို ဖော်ထုတ်၍ တုဏှီဘူတံဟု တစ်ကြိမ်ဆိုက ပြီးကောင်းပါလျက် တုဏှီဘူတံ တုဏှီဘူတံ ဟု နှစ်ကြိမ်ထပ်၍ ဆိုထားခြင်းအကြောင်းကိုလည်း ရှင်းပြပါ။

ဖြေ။ (၁) ဘုရားရှင်၏ နောက်ကျောဘက်တည့်တည့်အရပ်။
(၂) ဘုရားရှင်၏ ရှေ့တည့်တည့်အရပ်။
(၃) ဘုရားရှင်၏ အလွန်နီးကပ်လွန်းသောအရပ်။
(၄) ဘုရားရှင်၏ အလွန့်အလွန်ဝေးလွန်းသောအရပ်။
(၅) ဘုရားရှင်၏ လေကြေလေအောက်အရပ်။
(၆) ဘုရားရှင်၏ လေညာအရပ်။

http://www.dhammadownload.com



(၇) ဘုရားရှင်အောက် အလွန်နိမ့်လွန်းသောအရပ်။
(၈) ဘုရားရှင်ထက်မြင့်မောက်ရာအရပ်
ဤ (၈) ပါးတို့ဖြစ်ပါသည်။

ဤအပြစ်ရှစ်ပါးရှိရာ အရပ်ဒေသကို ကြဉ်၍ သင့်လျော်လျောက်ပတ်သော နေရာအရပ်၌ နေထိုင်သည်ကို ''ဧကမန္တံ အဋ္ဌာသိ'' ဟု ဆိုသည်။

**တုဏှီဘူတံ တုဏှီဘူတံ ဟု နှစ်ကြိမ်ထပ်ဆိုခြင်းအကြောင်း**

အဇာတသတ်မင်း ဖူးမြော်သည့်အခါ၌ ရဟန်းအပေါင်းဝယ် ဆိတ်ဆိတ်နေသော အဖြစ်၏ အကြွင်းမဲ့ ပျံ့နှံ့သည်၏အဖြစ်ကို ထင်ရှားပြလိုသောကြောင့် (ဝါ) ရဟန်းတိုင်း ရဟန်းတိုင်း တစ်ပါးမကျန် ဆိတ်ဆိတ်နေသည်၏အဖြစ်ကို ထင်ရှားပြလိုသော ကြောင့် ''တုဏှီဘူတံ ဘုဏှီဘူတံ'' ဟု ဝိစ္ဆာအားဖြင့် နှစ်ကြိမ်ဆိုပါသည်။

မေး။ ''အဂမာ ခေါ တွံ ယထာပေမံ'' စကား၏ အဓိပ္ပါယ်ကို ဥပမာဆောင် ထင်ရှားအောင် ရေးခဲ့ပါ။

ဖြေ။ ''မြတ်သောမင်းကြီး ဥပမာမည်သည်ကား မြင့်မောက်သောအရပ်၌ ရွာသွန်းသော မိုးရေသည် အကြင်အရပ်၌ ချိုင့်ဝှမ်းရှိ၏။ ချိုင့်ဝှမ်းရှိရာအရပ်သို့ သွားသကဲ့သို့ (တစ်နည်း) ရေအယဉ်၏လမ်းဖြင့် သွားသကဲ့သို့ ဤအတူသာလျှင် သင်သည် ရဟန်းသံဃာကို အစဉ်အတိုင်းကြည့်ရှုပြီး ချစ်ခြင်းရှိရာအရပ်သို့ သွားပြီ။ (သွားလော)'' ဟု ဆိုပါသည်။

(တဿတ္ထော – မဟာရာဇ ယထာမာမ ။ပ။ ဂတောတိ၊ (ဋ္ဌ၊ ၁၄၀) ကို မြန်မာပြန်ဖြေသည်။)

မေး။ အဘယ်ကို ရည်ရွယ်၍ မုခံ နပ္ပဟောတိ ဟု ချဲ့ထွင်၍ ဆိုရပါသနည်း။

ဖြေ။ အပြစ်ရှိသူအား စကားပြောဖို့ ခဲယဉ်းသောကြောင့် အပြစ်ရှိသော မိမိအား အနည်း ငယ်သော စကားပြောခြင်းကိုပင် ရည်ရွယ်၍ ''မုခံ နပ္ပဟောတိ''ဟု ချဲ့ထွင်၍ ဆိုပါသည်။ (တစ်နည်း) အဂမာ ခေါ တွံ မဟာရာဇ ယထာပေမံ ဟူသော စကားဖြင့် ညွှန်ပြအပ်သော ထိုအချိန်က ထိုအနက်ကို ပြသည့် အခြင်းအရာအားဖြင့် ဖြစ်သော နည်းအမျိုးမျိုးတို့ဖြင့် ဆန်းကြယ်သော မြတ်စွာဘုရား၏ ချိုမြိန်သော စကားကိုလည်း ရည်ရွယ်၍ ''မုခံ နပ္ပဟောတိ'' ဟု ချဲ့ထွင်၍ ဆိုပါသည်။

http://www.dhammadownload.com



မေး။ တသ္မာ ရဉော ဝစနာနန္တရံ–၌ ဝစနအရကို တိကျစွာ ဖော်ပြပါ။

ဖြေ။ ဣမိနာ မေ ဥပသမေန ဥဒယဘဒ္ဒေါ ကုမာရော သမန္နာဂတော ဟောတု၊ ယေနေတရဟိ ဥပသမေန ဘိက္ခုသံဃော သမန္နာဂတော–ဟူသော ဥဒါန်းစကား ပါဠိတော် ပင်ဖြစ်သည်။

မေး။ ဝိဟာရာဘိမုခေါ ပဉ္စပတိဋ္ဌိတေန ဝန္ဒိတွာ ၌ ပဉ္စပတိဋ္ဌိတဝန္ဒနာ အရကို ဖော်ပြပါ။

ဖြေ။ ခြေ၊ ဒူး၊ တတောင်၊ လက်၊ နဖူး ဟူသော ငါးပါးသော အင်္ဂါတို့ဖြင့် ရှေ့ရှုတည်၍ ရှိခိုးခြင်းသည် ပဉ္စပတိဋ္ဌိတဝန္ဒနာ မည်ပါသည်။

(ဆောင်) ခြေ လက် နဖူး၊ တတောင်ဒူးဟု၊ ငါးဦးတည်မျိုး၊ များရှိခိုး ကျမ်းကိုး သုတ်ဋီကာ။

မေး။ ဝေံ မဟာပရာဝံ နာဂမ မံ–ပါဠိ၌ အဇာတသတ်မင်းကိုယ်တိုင် ဝန်ခံထားအပ်သော အပြစ်ကြီးလေးမျိုးကို ဖော်ပြပါ။

ဖြေ။ (၁) ငါသည် မြတ်စွာဘုရား၏ မြတ်သောအလုပ်အကျွေးဖြစ်သော ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်အပ်ပြီ။

(၂) ဒေဝဒတ်မင်း၏ စကားကို နာယူ၍ လေးသမားတို့ကို စေလွှတ်အပ်ကုန်ပြီ။

(၃) နဠာဂီရိဆင်ကို လွှတ်အပ်ပြီ။

(၄) ဒေဝဒတ်သည် ငါ့ကို အမှီပြု၍ ကျောက်တုံးကို လိမ့်ချအပ်ပြီဟု ဝန်ခံအပ်ပါသည်။

မေး။ ဘဂဝါ ပဉ္စဟာကာရေဟိ (၌၊ ၁၄၀) ၌ ပဉ္စဟိ အရကို ဖော်ပြပါ။

(၁) မိမိအောက်ယုတ်သောသူ၊ (၂) မိမိနှင့်တူသောသူ၊

(၃) မိမိထက်လွန်သောသူ၊ (၄) မိမိ၏ရန်သူ၊

(၅) မိမိအကျိုးကို အလိုရှိသူ။

မေး။ န မေ ပဉ္စဝိသဇ္ဇနော ဘာရော အတ္ထိ–ပါဠိဖြင့် ပြအပ်သော အဓိပ္ပါယ်ကို ဖော်ပြပါ။

ဖြေ။ မြတ်စွာဘုရား၏ အလုံးစုံသော အာရုံတို့၌ ပိတ်ပင်ဆီးတားခြင်းမရှိသော ဉာဏ်တော်၏ ကျက်စားရာ အာရုံရှိသည်၏အဖြစ်ဖြင့် အနက်ရောက်သည်ကို ပြပါသည်။

http://www.dhammadownload.com



မေး။ ''သုတွာ ဝေဒိဿာမိ'' ဟု ဆိုရခြင်းအကြောင်းကို ရေးပါ။

ဖြေ။ ဒေသနာဉာဏ်၌သာ တည်ကြသောကြောင့် ထိုပစ္စေကဗုဒ္ဓါစသည်တို့သည် 'သုတွာ ဝေဒိဿာမိ' ဟု ဆိုကြပါသည်။

မေး။ သိပ္ပိက=အတတ်သည်တို့ကို သရုပ်ဖော်ရခြင်းအကြောင်းကို ရေးသားခဲ့ပါ။

ဖြေ။ အတတ်ဖြစ်သော သိပ္ပတို့ကို စတည်၍ လျှောက်ပါလျက် သိပ္ပိကအတတ်သည်တို့ကို သရုပ်ဖော်ရခြင်းသည် စကားကျယ်မည်ကို ရှောင်လွှဲလိုသောကြောင့် ဖြစ်ပါသည်။

မေး။ သာမညဖလံ-၌ သာမညအရနှင့်ဖလအရတို့ကို အသီးသီး ဖော်ပြပါ။

ဖြေ။ သာမည အရ အရိယာမဂ် (၄) ပါးကို ယူရပါသည်။
ဖလံ အရ အရိယာဖိုလ် (၄) ပါးကို ယူရပါသည်။

မေး။ ဆေတွာကို-'ဖြတ်၍, ပြွတ်၍' ဟု နှစ်နက်ပေးနိုင်ရာ ဤဝါကျ၌ အဘယ်အနက် သင့်မြတ်သည်ကို အကြောင်းပြ ဆုံးဖြတ်ပါ။

ဖြေ။ ပရသီသံ-ဟူသော ကံပုဒ်ကို ထောက်၍ ဆေတွာ-၌ ဆိဒိဓာတ်သည် ရုဓာဒိဂိုဏ်းဓာတ်သာ ဖြစ်သည်။ ထို့ကြောင့် ဤနေရာ၌ ''ဖြတ်၍''ဟု သမွန်သော အနက်သာ သင့်မြတ်ပါသည်။

မေး။ ပိဏ္ဍပါဒိယကာတိ-၌ ပိဏ္ဍအရနှင့် ပိဏ္ဍမိဝ-၌ ပိဏ္ဍအရတို့ကို ဖော်ပြပါ။

ဖြေ။ ပိဏ္ဍပါဒိယကာ၌ ပိဏ္ဍ အရ ပထမဝိကပ်အလို ပရသေနာသမူဟ တစ်ဖက်ရန်သူ စစ်တပ်အပေါင်းကို ယူရ၏။
ဒုတိယဝိကပ်အလို ကျပ်တည်းကျဉ်းမြောင်းသော မိမိ စစ်သားအပေါင်းကို ယူရ၏။
ပိဏ္ဍမိဝ-၌ ပိဏ္ဍအရ ထန်းသီးခိုင်ကို ယူရမည်။ (တစ်နည်း) အသားဆိုင်၊ အသားတုံးကို ယူရမည်။

မေး။ ရူပနှင့်ဝဏ္ဏတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ မိမိသည် ခံစားထိုက်သော အပြင်အာရုံသည် ရူပမည်၏။
မိမိ၏ကိုယ်ရေ အဆင်း ကောင်းခြင်းသည် ဝဏ္ဏမည်၏။ ဤသို့ ထူးပါသည်။

မေး။ အရိယဝံသ၌ အဇာတသတ်မင်း ဖိုလ်လေးပါးကို မသိခြင်းအကြောင်းကို ရေးခဲ့ပါ။

ဖြေ။ အရိယဝံသ၌ မကျွမ်းကျင်သည်၏အဖြစ်ကြောင့် အဇာတသတ်မင်း ဖိုလ်လေးပါးကို မသိပါ။

http://www.dhammadownload.com



မေး။ ရဟန်းပြုခြင်းအကျိုးကို မြတ်စွာဘုရားအား မေးလျှောက်ခြင်းအကြောင်းကို ရေးခဲ့ပါ။

ဖြေ။ 'ကျွန် လယ်သမားစသည်ဘဝမှ ရဟန်းပြုသူတို့အား လူအများထံမှ ရှိခိုးခြင်း စသည်ကို ရခြင်းသည် သန္ဒိဋ္ဌိကသာမညဖလမည်၏'ဟု ကြံ၍ အကျိုးမျှကို သိသော သမဏဗြာဟ္မဏ တစ်စုံတစ်ယောက်မျှ ရှိလေသလော ဟု စုံစမ်းလိုလျက် ပူရဏ စသည်ကို မေးလေသော် နှစ်သက်မှုမရခဲ့သောကြောင့် မြတ်စွာဘုရားကိုလည်း ဤအကြောင်းအရာကို မေးရပြန်ပါသည်။

မေး။ သမဏဗြာဟ္မဏောသု ဥဒ္ဓဂ္ဂိကံ ဒက္ခိဏံ ပတိဋ္ဌပေန္တိ သောဝဂ္ဂိယံ သုခဝိပါကံ သဂ္ဂသံဝတ္တနိကံ ဟူသော ပါဠိ (ဌ၊ ၄၈) ၌ သဂ္ဂသံဝတ္တနိကံ–ဝယ် သဂ္ဂအရကို တိကျစွာ ဖော်ပြပါ။

ဖြေ။ သဂ္ဂ အရ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ အာယု၊ ဝဏ္ဏ၊ သုခ၊ ယသ၊ အာဓိပတေယျ ဟု ဆိုအပ်သော (၁၀) ပါးသော တရားတို့ကို ယူရ၏။

မေး။ ပါဠိပဒအတ္တဗျဉ္ဇနေသု–၌ ဗျဉ္ဇနအရကို ဋီကာနှင့်အညီ ပြည့်စုံစွာ ကောက်ပြပါ။

ဖြေ။ ပါဠိဟု ဆိုအပ်သော ပုဒ်၊ အနက်တို့၌ အကျုံးဝင်နေသော အက္ခရာဟူသမျှကို ယူရ၏။ (တစ်နည်း) ပုဒ်အပေါင်းဖြစ်သော ပဒသမူဟဝါကျကို ယူရ၏။

မေး။ ရှင်ဘုရင်ကိုယ်တိုင် လျှောက်ဖို့ရန် တာဝန်ပေးတော်မူခြင်း၏အကြောင်းကို ရှင်းလင်း ဖြေဆိုပါ။

ဖြေ။ တိတ္ထိတို့၏ အဖြေစကားကို ဘုရားရှင် ကိုယ်တော်တိုင် မိန့်တော်မူလျှင် တိတ္ထိယ သာဝကတို့က ''ဘုရားရှင်ကို သမဏကောလာဟလ၊ သမဏဘဏ္ဍနတွေချည်း ပြောနေသည်''ဟု ကဲ့ရဲ့ကြမည်၊ တရားကို ရိုသေစွာ နာယူကြမည်မဟုတ်၊ ရှင် ဘုရင်ကိုယ်တိုင် ဖြေဆိုလျှောက်ထားလျှင်ကား ရှင်ဘုရင်ကို ကဲ့ရဲ့ဝံ့တော့မည် မဟုတ်သောကြောင့် ဖြစ်ပါသည်။

မေး။ ''ပညာပတိရူပက''ဟု ဆိုရခြင်းအကြောင်းကို ရေးခဲ့ပါ။

ဖြေ။ အစိမ်းဖြစ်ပါလျက် မှည့်ရောင်ဝင်းနေသော သစ်သီးများကဲ့သို့ ပညာရှိ အစစ်အမှန် မဟုတ်ပါဘဲ ပညာရှိယောင်ဆောင်နေသော (ပညာရှိတို့တွင် ပါဝင်နေသော) ပုဂ္ဂိုလ် တို့ကို ''ပညာပတိရူပက''ဟု ဆိုရပါသည်။

http://www.dhammadownload.com



**မေး။** ကရောမီတိ သညာယ–ပါဠိဖြင့် ပြအပ်သော အဓိပ္ပါယ်ကို ဖော်ပြပါ။

**ဖြေ။** ကရောမီတိ သညာယ– ပါဠိဖြင့် စေတနာနှင့်တကွ စေ့ဆော်၍ ပြုရပါသော်လည်း မကောင်းမှုကို ပြုရာမရောက်၊ စေတနာမပါမှုကား ဆိုဖွယ်ရာ မရှိဟု ပြပါသည်။

**မေး။** မကောင်းမှုပြုလုပ်ပါလျက် မကောင်းမှုကို ပြုလုပ်သည်မမည်ဟု ဆိုခြင်း၌ ပူရဏကဿပတိတ္ထိ ဆရာကြီး၏ ဆိုလိုရင်းအဓိပ္ပါယ်ကို ဝေဖန်ရှင်းပြခဲ့ပါ။

**ဖြေ။** သတ္တဝါတစ်ကောင်ကို သတ်ဖြတ်ညှဉ်းဆဲမှု ပြုလုပ်သော်လည်း မကောင်းမှုပြုသည်မမည်၊ အကုသိုလ်မဖြစ်၊ အပြစ်မရှိဟု ဆိုထားခြင်းမှာ ညှဉ်းဆဲသတ်ဖြတ်ခံရသော သတ္တဝါ၏ အတ္တသည် နိစ္စဖြစ်၍ ဖောက်ပြန်ပြောင်းလဲမှု မရှိသည်၏ အဖြစ်ကြောင့် ထိုသတ်ဖြတ်ညှဉ်းဆဲမှုကြိယာသည် ညှဉ်းဆဲသတ်ဖြတ်မှုခံရသော သတ္တဝါ၏ အတ္တဘော အပေါ်သို့ မကျရောက်နိုင်သောကြောင့်၎င်း၊ အတ္တ၏မှီရာ ခန္ဓာကိုယ်အတ္တဘောကြီးသည် စိတ် စေတနာမရှိ၊ ထင်းတုံးပမာ ဖွဲထင်းပမာသာ ဖြစ်သောကြောင့်၎င်း၊ အတ္တဘောကြီးကို သတ်ဖြတ်ညှဉ်းဆဲပါသော်လည်း မကောင်းမှု အကုသိုလ် မဖြစ်ဟူ၍ ပူရဏကဿပဆရာကြီး ကြံစည်ယူဆ ပြောဆိုနေခြင်း ဖြစ်သည်။

**မေး။** ကရောတော န ကရီယတိ ပါပံ (ဋ္ဌ၊ ၁၄၅) ၌ ဆိုလိုရင်း အဓိပ္ပါယ် (သန္ဓာယ ဘာသိတ) ကို ဖော်ပြပါ ဟူသော ပုစ္ဆာလည်း နည်းတူဖြေပါ။

**မေး။** အဘယ်ပုဂ္ဂိုလ်တို့ကို ရည်ရွယ်၍ ဟနန္တော ဟုငင်း၊ ဒဒန္တော ဟုငင်း ဆိုထားပါသနည်း။

**ဖြေ။** ဂင်္ဂါမြစ်တောင်ဘက်၌ နေကြကုန်သော လူတို့သည် အနိုင်အထက်ပြုကုန်၊ ကြမ်းတမ်းကုန်၏။ ထို (ဂင်္ဂါမြစ်တောင်ဘက်၌ နေသော) ပုဂ္ဂိုလ်တို့ကို ရည်ရွယ်၍ ''ဟနန္တော'' ဟု ဆိုသည်။

ဂင်္ဂါမြစ်မြောက်ဘက်၌ နေကြကုန်သော သတ္တဝါတို့သည် သဒ္ဓါတရားနှင့် ပြည့်စုံပြီး ဘုရား၊ တရား၊ သံဃာ ဟူသော ရတနာသုံးပါးတို့ကို ကြည်ညိုကြကုန်၏။ ထိုပုဂ္ဂိုလ်တို့ကို ရည်ရွယ်၍ ''ဒဒန္တော'' ဟု ဆိုထားပါသည်။

**မေး။** အပ္ပဋ္ဌိရူပဒေသနှင့်ပတိရူပဒေသတို့၏ အထူးကို ဖော်ပြပါ။

**ဖြေ။** ဂင်္ဂါမြစ်၏ တောင်ဘက်အရပ်သည် ''အပ္ပဋ္ဌိရူပဒေသ'' မည်၏။

http://www.dhammadownload.com



မြောက်ဘက်အရပ်သည် ပတိရူပဒေသ မည်၏။ ဤသို့ ထူးပါသည်။

**မေး။** ဥဂ္ဃဋိတညူ၊ နိက္ကုဋ္ဌိတ ၌ ကာရဏာအရကို ကျနစွာ ဖြေဆိုပါ။

**ဖြေ။** ကာရဏာအရကား ပူရဏာကဿပဆိုတိုင်း မြတ်စွာဘုရား၏အထံ၌ လျှောက်ထား နိုင်ခြင်းဖြစ်ပါသည်။

ဒမေန (ဋ္ဌ၊ ၁၄၅) ၌ ဒမ အရ ဣန္ဒြိယသံဝရ (တစ်နည်း) ဥပေါသထသီလကို ယူရ၏။

သံယမ အရ ဥပုသ်သီလမှ တစ်ပါးသော (ဥပုသ်မစောင့်ဘဲ ကျင့်ရသော) ကိုယ်နှုတ် စောင့်စည်းခြင်း ငါးပါးသီလ အာဇီဝဋ္ဌမက သီလစသည်ကို ယူရပါမည်။ သစ္စဝဇ္ဇအရ မှန်ကန်သော စကားကို ယူရ၏

**မေး။** သစ္စာဝါစာကို သီးခြား ထုတ်ပြရခြင်းအကြောင်းကို ရေးခဲ့ပါ။

**ဖြေ။** လူအများက အလွန်လေးစားအပ်သော ကောင်းမှုဟု သမုတ်ထားသောကြောင့် သစ္စဝဇ္ဇကို သီးခြားထုတ်၍ ပြထားပါသည်။ (အကုသိုလ်တရားတို့တွင် မုသာဝါဒသည် အရေးအကြီးဆုံးဖြစ်သကဲ့သို့ ကုသိုလ်တရားတို့တွင်လည်း သစ္စဝါစာသည် အလေးအပြုအပ်ဆုံးဖြစ်၏။) (ဋီ၊ သစ် ၂၊ ၃၇)

**မေး။** ပရဿ ဩဝါဒါနုသာသနီ-၌ ဩဝါဒနှင့်အနုသာသနီတို့၏ အထူးကို ဖော်ပြပါ။

**ဖြေ။** ရှေးဦးစွာ ဆုံးမခြင်းသည် ''ဩဝါဒ'' မည်၏။

နောက်ထပ် ဆုံးမသွန်သင်ခြင်းသည် ''အနုသာသနီ'' မည်၏။ ဤသို့ ထူးပါသည်။

**မှတ်ချက်။** [ဤအဖြေ၌ကား ဤသီလက္ခန်နှင့်လျော်သော ဋီကာသစ်အဖြေတည်း၊ အင်္ဂုတ္တရအဋ္ဌကထာဝါဒကို ဗဟုသုတအဖြစ်အောက်၌ ဖော်ပြလိုက်သည်။ ဤ၌ မလိုပေ]

**အင်္ဂုတ္တရ အဋ္ဌကထာလာ ဩဝါဒနှင့်အနုသာသနီအထူး**

(ဆောင်) တစ်ကြိမ်ဆုံးမ၊ ဩဝါဒ၊ ထပ်က သာသနာ (အနုသာသနီ)။
မျက်မှောက်မျက်ကွယ်၊ တစ်နည်းခြယ်၊ လဲလှယ်တစ်နည်းသာ။
ကြောင်းပေါ်၊ မပေါက်၊ ထိုနှစ်ယောက်၊ ပြနောက်တစ်နည်းသာ။

**မေး။** ''ဌပေတွာ မဟာသတ္တံ'' ဟု ဆိုရခြင်းအကြောင်းကို ရေးခဲ့ပါ။

http://www.dhammadownload.com



ဖြေ။ နောက်ဆုံးဘဝ၌ ဘုရားလောင်း၏ လောကုတ္တရာအကျိုးရမှု၌ တစ်ပါးသော ဆရာ အကူအညီမရှိသောကြောင့် လောကုတ္တရာတရားကို ရည်ရွယ်၍ ''ဌပေတွာ မဟာသတ္တံ'' ဟု ဆိုသည်။ လောကီစျာန်ရမှု၌ကား အာဠာရ၊ ဥဒကဆရာတို့ကို မှီရသေး၏။ ပစ္စေကဗုဒ္ဓါတို့လည်း တရားရရန် ဆရာအကူအညီမရှိသောကြောင့် ''မဟာသတ္တ'' အရ၌ သွင်းယူရပါသည်။

မေး။ မင်္ဂလီဂေါ်သာလဆရာကြီး၏ ဝါဒကို ပြရာ ကမ္မေ စ ဥပမုကမ္မေ စ ဟူသော စကားရပ်၌ ကမ္မနှင့်ဥပမုကမ္မ အရကို ယင်းဆရာကြီး၏ အလိုကျ ကောက်ပြပါ။

ဖြေ။ ကမ္မ အရ ကာယကံ၊ ဝစီကံကို ယူရပါသည်။
ဥပမုကမ္မ အရ မနောကံကို ယူရပါသည်။

မေး။ သာမညဖလသုတ်လာ ဆ သတ္ထာရ သရုပ်ကို အစဉ်မပျက် ရေတွက်ပြပါ။

ဖြေ။ (၁) ပူရဏကဿပ၊ (၂) မင်္ဂလီဂေါ်သာလ၊ (၃) အဇိတကေသကမ္ဗလ၊ (၄) ပကုဓကစ္စာယန၊ (၅) နိဂဏ္ဌနာဋပုတ္တ၊ (၆) သဉ္စယဗေလဋ္ဌပုတ္တ။

မေး။ ဝိပါကံ၌ ဝိပါကသရုပ်ကို ဖော်ပြပါ။

ဖြေ။ အာနိသံသဝိပါက၊ နိဿန္ဒဝိပါက၊ သဒိသဝိပါက တို့ဖြစ်ပါသည်။

မေး။ အကဋ္ဌဝိဓ အရ သရုပ်ကို ပြည့်စုံစွာ ဖော်ပြပါ။

ဖြေ။ ပထဝီကာယ၊ အာပေါကာယ၊ တေဇောကာယ၊ ဝါယောကာယ၊ သုခ၊ ဒုက္ခ၊ ဇီဝ ဤ (၇) ပါးဖြစ်သည်။
**မှတ်ချက်။** ။အကဋ္ဌ၊ အနိမ္မိတ၊ အနိမ္မာတာတို့၏ အရ (သို့မဟုတ်) သရုပ်ရေးခဲ့ပါဟု မေးလျှင်လည်း ယင်း(၇) ပါးပင်တည်း။

မေး။ နတ္ထိ ဒိန္နံ-၌ ဒိန္န အရနှင့် နတ္ထိ ဒိန္နံဟု ပယ်လိုရင်းအကြောင်းကို ဖော်ပြပါ။

ဖြေ။ ဒိန္န အရကား ပေးလှူထိုက်သော အန္နပါနစသည်ကို မှချရ၏။ ၎င်းသည် ထင်ရှားရှိသည်ဖြစ်၍ ပယ်၍ မဖြစ်။ ထို့ကြောင့် ဒိန္နအရ ဒါနဝတ္ထုကို ခေါင်းတပ်၍ ပေးလှူကြောင်း ဒါနစေတနာကို ဖလူပစာအားဖြင့် ယူပြီးလျှင် ထိုဒါနစေတနာ၏ အကျိုးကိုလည်း ကာရဏူပစာအားဖြင့် ယူရသည်။ ထိုအကျိုးကိုသာ ''နတ္ထိ ဒိန္နံ''ဟု ပယ်လိုရင်းဖြစ်ပါသည်။

မေး။ ယိဋ္ဌနှင့်ဟုတတို့၏ အထူးကို ရေးခဲ့ပါ။

http://www.dhammadownload.com



ဖြေ။ လူအားလုံးနှင့် ဆက်ဆံသော ကြီးကျယ်သော ပေးလှူပူဇော်ခြင်းသည် ''ယိဋ္ဌ'' မည်၏။

အာဂန္တုကဒါနအဖြစ် ပြုထိုက်သော ပူဇော်ခြင်းသည် ''ဟုတ''မည်၏။ ဤသို့ ထူးပါသည်။

မေး။ တိုဝိဓေန သန္တောသေန–၌ သန္တောသအဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ သမ္မာ တုဿနံ သန္တောသော ဟူသော ဝစနတ္ထနှင့်အညီ ကောင်းစွာ နှစ်သက်ခြင်း ကိုပင် ''သန္တောသ'' – (တင်းတိမ်ရောင့်ရဲခြင်း) ဟု ခေါ်ပါသည်။

မေး။ သန္တောသအပြား (၃) ပါးကို အဓိပ္ပါယ်နှင့်တကွ ရေး၍ (၁၂)ပါးပြားပုံကိုလည်း ရေးခဲ့ပါ။

ဖြေ။ (၁) ယထာလာဘသန္တောသ= ရသမျှဖြင့် အားရနှစ်သက်ခြင်း။

(၂) ယထာဗလသန္တောသ = မိမိအစွမ်းအားလျော်စွာ အားရနှစ်သက်ခြင်း၊ ရောဂါကြောင့် မသင့်မြတ်သော ဆွမ်း၊ သက်န်းကျောင်း ဆေးတို့ကို ရလျှင် ဝိနည်းကို လေးစားသူဖြစ်၍ သဘောတူသော ရဟန်း၏ အထံဝယ် ရှိသော သင့်မြတ်သော ဆွမ်းစ သည်ဖြင့် လဲ၍ မှီဝဲတခြင်းကို ဆိုသည်။

(၃) ယထာသာရုပ္ပသန္တောသ = လျောက်ပတ်သည် အားလျော်စွာ ရောင့်ရဲခြင်း၊ ကောင်းသော ဆွမ်းစသည်တို့ကို ရလျှင် ထေရ်ကြီး၊ ဆရာသမားကြီးတို့အား လှူ၍ မိမိမှာ သင့်တော် သောဆွမ်းစသည်ဖြင့် ရောင့်ရဲခြင်း၊ ဤသို့ ပစ္စည်းလေးပါးအတွက် သန္တောသ ၃ ပါးစီ ရှိရကား အားလုံး (၁၂) ပါးရှိသည်။

နိယတမိစ္ဆာဒိဋ္ဌိ သုံးမျိုးတို့တွင် တစ်မျိုးက အကျိုးပေးလျှင် ကျန်နှစ်မျိုးက အားပေးထောက်ပံ့သော အယူဖြစ်သည်။

မေး။ သဂ္ဂမ္ပိ–၌ ပိသဒ္ဒါသည် ဇောတကတ္ထအမည်ကို ဖော်ပြ၍ ယင်းပိဖြင့် ဆည်းအပ်သော အနက်ကိုလည်း ဖော်ပြပါ။

http://www.dhammadownload.com



ဖြေ။ ပိသဒ္ဒါသည် ဂရဟာဇောတက။ ထိုပိသဒ္ဒါဖြင့် မောက္ခ၏ သမ္ဘာဝနတ္ထကို ဆည်းပါသည်။

မေး။ ယောဘုယျေနသဒ္ဒါ ထည့်၍ ဆိုရခြင်းအကြောင်းကို ရေးခဲ့ပါ။

ဖြေ။ ဝဋ္ဋခါဏုကသတ္တဝါသည် အခြားမဲ့ဘဝ၌သာလျှင် အပါယ်သို့ လားခြင်းမြဲပါသည်။ နောက်နောင်သော ဘဝတို့၌ သပ္ပုရိသူပနိဿယစသော အကြောင်းကို ရ၍ ထိုအယူကို စွန့်လျှင် မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်သည်။ ထို့ကြောင့် ''ယေဘုယျေန'' သဒ္ဒါထည့်၍ ဆိုပါသည်။

မေး။ ဝဋ္ဋခါဏုကဟု ဆိုရခြင်းအကြောင်းကို ရေးခဲ့ပါ။

ဖြေ။ နိယတမိစ္ဆာဒိဋ္ဌိ အယူရှိမိလျှင် အစီစိမှ လွတ်လာပြီးသော်လည်း ဤဘဝက ရအပ်ခဲ့သော အထုံဝါသနာ (အာသေဝန) ကြောင့် ထိုအယူကို ယူတတ်သေး၏။ ဤသို့ ဆက်ကာ ဆက်ကာ ယူတတ်သောကြောင့် များသောအားဖြင့် ဘဝမှ မထနိုင်၊ သံသရာမှ မလွတ်နိုင်သောကြောင့် ဝဋ္ဋခါဏုကဟု ဆိုရပါသည်။

မေး။ စတုယာမသံဝရသံဝုတော–၌ သရုပ်ကို ပြည့်စုံစွာ ဖော်ပြပါ။

ဖြေ။ ၁။ သဗ္ဗဝါရိဝါရိတ၊ ၂။ သဗ္ဗဝါရိယုတ္တ၊
၃။ သဗ္ဗဝါရိဓုတ၊ ၄။ သဗ္ဗဝါရိဖုဋ္ဌ တို့ဖြစ်ပါသည်။

မေး။ ၁။ သဗ္ဗဝါရိယုတ္တော ၂။ သဗ္ဗဝါရိဓုတော ၃။ သဗ္ဗဝါရိဖုဋ္ဌော – အထက်ပါ သံဝဏ္ဏေသုံးပုဒ်၌ သဗ္ဗဝါရိအရ မကောင်းမှုကို တားမြစ်ပုံ သုံးမျိုးတို့၏ ထူးခြားပုံကို ဋီကာနှင့်အညီ ကျနစွာ ဖြေဆိုပါ။

ဖြေ။ သဗ္ဗဝါရိယုတ္တော ဖြင့် (ဥပုသ်စောင့်သူကဲ့သို့) မကောင်းမှုမှ တားမြစ်၏ဟူသော အထိမ်းအမှတ် လက္ခဏာမျှကိုသာ ဆိုအပ်၏။

သဗ္ဗဝါရိဓုတော ဖြင့် (ဓုတင်ဆောက်တည်၍ မကောင်းမှုတို့ကို လှုပ်ခါချခြင်းကဲ့သို့) မကောင်းမှုကို အကြွင်းမဲ့ ဆွေးမြေ့သွားအောင် လှုပ်ခါချခြင်း အထိမ်းအမှတ်ကို ဆိုအပ်၏။

သဗ္ဗဝါရိဖုဋ္ဌော ဖြင့် (အလွန်အမင်းကျင့်၍ ကိလေသာကုန်ခြင်း ရဟန္တာဖြစ်ခြင်းကဲ့သို့) မကောင်းမှုကံတွေ ကုန်ခြင်း၏ အထိမ်းအမှတ် လက္ခဏာကို ဆိုအပ်၏။

http://www.dhammadownload.com



ဤသို့ မကောင်းမှုတားမြစ်ပုံသည် အဆင့်ဆင့်ဖြစ်သောကြောင့် အချင်းချင်း ကွာခြားကြပါသည်။

ဇီဝသည် ရှိ၏၊ ယင်းဇီဝသည် ရှဲခါမြဲ၏၊ ရှဲခါ မမြဲ စသည်ဖြင့် ညစ်နွမ်းသောအယူရှိသောကြောင့် "အသုဒ္ဓလဒ္ဓိ" ဟု ဆိုရပါသည်။

ကိဋ္ဌိ သာသနာနုလောမံ ဟူသော စကားကို မကောင်းမှုကို တားမြစ်ခြင်းကို ရည်ရွယ်၍ ဆိုပါသည်။

မေး။ (ဃ+င) ဝါကျတို့၌ "ကိဋ္ဌိ သာသနာနုလောမံနှင့်အသုဒ္ဓလဒ္ဓိ" စကားနှစ်ရပ် မဆန့်ကျင်အောင် ညှိနှိုင်းပြပါ။

ဖြေ။ မကောင်းမှုကို ပယ်ရှားတားမြစ်ခြင်းဟူသော သဗ္ဗဝါရိသည် သာသနာတော်အားလျော်၏၊ သို့သော် မကောင်းမှုကို ပယ်ရာ၌လည်း "အသက် ဇီဝ၊ အတ္တကို ပယ်၏"ဟု၎င်း၊ ထိုအတ္တသည် "အချို့မြဲ၏၊ အချို့မမြဲ"ဟု၎င်း အယူရှိသောကြောင့် အသုဒ္ဓလဒ္ဓိ-မစင်ကြယ်သောအယူ ဖြစ်ရတော့သည်။ ထို့ကြောင့် အယူအားလုံးပင် မိစ္ဆာအယူချည်း ဖြစ်ကြရလေသည်။

မေး။ အသုဒ္ဓလဒ္ဓိဟု ဆိုရခြင်းအကြောင်းကို ဖော်ပြပါ။

ဖြေ။ နိဂဏ္ဌနာဋပုတ္တဝါဒ၌ သာသနာနုလောမ အယူပါဝင်နေသော်လည်း အသုဒ္ဓလဒ္ဓိဟု ဆိုခြင်းကား "အတ္တိ ဇီဝေါ၊ သော စ သိယာ နိစ္စော၊ သိယာ အနိစ္စော" ဤသို့ စသည်ဖြင့် ညစ်နွမ်းသော အယူရှိသောကြောင့်တည်း။

မေး။ အနေသနံ ပဟာယ-၌ အနေသနသရုပ် သင်္ချာမျှ ဖော်ပြ၍ အဘိရတော ပဝိဝေကေ ပါဌ်၌ ဝိဝေကသရုပ်ကို ထုတ်ပြပါ။

ဖြေ။ အနေသန သင်္ချာကား (၂) ပါးဖြစ်ပါသည်။

အဘိရတော ပဝိဝေကေ-၌ ဝိဝေကသရုပ်ကား

(၁) ကာယဝိဝေက၊ (၂) စိတ္တဝိဝေက၊ (၃) ဥပဓိဝိဝေက တို့တည်း။

မေး။ ဥပဓိဝိဝေက နိရုပဓီနံ ပုဂ္ဂလာနံ ဝိသင်္ခါရဂတာနံ (ဌ၊၁၅၂) ၌ နိရုပဓီနံ-ဝယ် ဥပဓိအရ နှင့် ဝိသင်္ခါရအရ၊ ဝိသင်္ခါရဂတအရ တို့ကို တိကျစွာ ဖြေဆိုပါ။

ဖြေ။ ဥပဓိ အရ ကိလေသုပဓိ၊ အဘိသင်္ခါရုပဓိ နှစ်ပါးကို ယူရပါသည်။

ဝိသင်္ခါရ အရ နိဗ္ဗာန်ကို ယူရ၏

ဝိသင်္ခါရဂတ အရ ရဟန္တာပုဂ္ဂိုလ်ကို ယူရပါမည်။

http://www.dhammadownload.com



မေး။ ယထာ ပန (၄၊ ၁၅၃) (ခ) ဝါကျ၌ ယထာသဒ္ဒါ၏ အနက်ကိုင်း၊ (ဂ) အမှတ်ပြ တသဒ္ဒါ၏ စွဲရာအနက်ကိုင်း ဖော်ပြပါ။

ဖြေ။ ယထာသဒ္ဒါ၏ အနက် အာကာရတ္ထ၊ ပကာရတ္ထ ဖြစ်ပါသည်။

## တံ သန္ဓာယာဟ–၌ တသဒ္ဒါ၏ စွဲရာအနက်

တသဒ္ဒါဖြင့် တံ ရက္ခံ – ထိုတရားနှင့်ယှဉ်သော အစောင့်အရှောက်ကို ဟု စွဲပါသည်။

မေး။ &ụ ၮ*ဣ္တိ နှင့်အာဝရဏာဂုတ္တိတို့၏ အထူးကို ဖော်ပြပါ။

ဖြေ။ အနာဂတ်၌ ဖြစ်လတ္တံ့သော အကျိုးမဲ့ကို မဖြစ်စေခြင်း၏အစွမ်းဖြင့် စောင့်ရှောက်ခြင်းသည် ရက္ခာဂုတ္တိ မည်၏။ ဖြစ်ဆဲပစ္စုပ္ပန်ဖြစ်သော အကျိုးမဲ့ကို တားမြစ်ခြင်း၏ အစွမ်းဖြင့် စောင့်ရှောက်ခြင်းသည် အာဝရဏာဂုတ္တိ မည်၏။ ဤသို့ ထူးပါသည်။

မေး။ ဝိဟာရသီမာယ ပါဠ်၌ ဝိဟာရသိမ် ဟူသည် အဘယ်နည်း။

ဖြေ။ ဝိဟာရသိမ် ဟူသည် ဥပစာရသိမ် လာဘသိမ်ပင်တည်း။

မေး။ ကဿကဝါရ၌ ပါဝင်သော ဂဟပတိကော ဝယ် ဂဟပတိနှင့် ဂဟပတိကတို့၏ အထူးကို ရေးပါ။

ဖြေ။ များစွာသော အိမ်တို့၏ (တစ်မျိုးလုံးရှိ အိမ်များ၏) အကြီးအမှူးဖြစ်သူသည် ဂဟပတိ မည်၏။ တစ်အိမ်တည်း၏ အကြီးအမှူးဖြစ်သူသည် ဂဟဂတိက မည်၏။ ဤသို့ ထူးပါသည်။

မေး။ ဒါသဝါရ၌ ''ဉာတိပရိဝဋ္ဋ'' သဒ္ဒါကို မဟောခြင်း၏အကြောင်းကို ဖော်ပြပါ။

ဖြေ။ ကျွန်၏စည်းစိမ်တို့သည်လည်း အရှင်သခင်ဟူသော တစ်ပါးနှင့်စပ်သည်၏ အဖြစ်ကြောင့် မိမိ၏စည်းစိမ် မမည်ကုန်သကဲ့သို့ ကျွန်၏ဆွေမျိုးတို့သည်လည်း မိမိဆွေမျိုး မမည်ကုန်သည်သာဖြစ်သောကြောင့် ဒါသဝါရ၌ ''ဉာတိပရိဝဋ္ဋ ''သဒ္ဒါကို မဟောပါ။

မေး။ ဒါသဝါရ၌ ဘောဂက္ခန္ဓသဒ္ဒါ မပြရခြင်းအကြောင်းကို ရေးသားခဲ့ပါ။

ဖြေ။ ကျွန်ဆိုသူမှာ ကိုယ့်ကိုယ်ကိုမျှ မပိုင်၊ စည်းစိမ်မှာ သာ၍ ပိုင်ဖို့ ဝေးသေး၏။ ထိုသို့ ပိုင်ရှင်မရှိသောကြောင့် ဘောဂက္ခန္ဓသဒ္ဒါကို မပြအပ်ပါ။

http://www.dhammadownload.com



မေး။ ဝစနသာဝနေ + ဝစနသဝနေ ပါဠိအားလျော်စွာ ''ဘုရားရှင်အား တရားတော်ကို နာကြားစေခြင်း၌ အဆုံးအပိုင်းအခြားမရှိခြင်း၊ အဇာတသတ်မင်းအား တရားတော်ကို နာကြားရခြင်း နာလိုသောဆန္ဒ အပိုင်းအခြားမရှိခြင်း'' တို့ကို အသီးသီး အကြောင်းပြ ဖြေဆိုပါ။

ဖြေ။ ၁။ မြတ်စွာဘုရားအား တရားတော်ကို နာစေခြင်း၌ အဆုံးအပိုင်းအခြား မရှိခြင်းကား အဆုံးအပိုင်းအခြားမရှိသော နည်းရှိသော ဒေသနာတော်ကို ဟောခြင်းငှါ စွမ်းနိုင်သော သတ္တိရှိသောကြောင့် ဖြစ်ပါသည်။

၂။ အဇာတသတ်မင်းအား တရားတော်ကို နာကြားခြင်း၌ နာကြားလိုသော အပိုင်းအခြားမရှိခြင်းကား နာစေခြင်း၌ မရောင့်ရဲသဖြင့် အလွန်အလွန် နာကြားလိုသည်၏အဖြစ်ကို ဖြစ်စေတတ်သောကြောင့် ဖြစ်ပါသည်။

မေး။ မုဒ္ဒိကာတိ ဟတ္ထမုဒ္ဒါယ ဂဏာနံ နိဿာယ ဇီဝိနော (ဌ၊ ၁၄၃) ဝယ် ဟတ္ထမုဒ္ဒါ–ပါဠိ၌ ဖြစ်သင့်သော နယူပစာရကို ဆိုရိုးကျရေးပါ။

ဖြေ။ အပေါင်းဖြစ်သော လက်ငါးချောင်းလုံး ညွှန်းခြင်း၏ ''ဟတ္ထမုဒ္ဒါယ''ဟူသော အမည်ကို အစိတ်ဖြစ်သော လက်တစ်ချောင်းချောင်းညွှန်းခြင်း၌ တင်စား၍ ဆိုထားသောကြောင့် ကေဒေသျူပစာ+ရှဋ္ဌီနည်း။

မေး။ သဝနေ ဥယျောဇေန္တော စသော ပါဠိဖြင့် ပြအပ်သော အဓိပ္ပါယ်ကို ရေးပါ။

ဖြေ။ သဝနေ ဥယျောဇေန္တော စသော ပါဠိဖြင့် သဒ္ဒါတို့သည် များစွာသော အနက်ရှိကုန်သော်လည်း ဝဒန္တုပုဂ္ဂိုလ်၏အလိုသို့ အစဉ်လိုက်ကုန်သည်ဖြစ်၍သာ ထိုထိုအနက်ကို ပြတတ်ကုန်၏ဟူသော အနက်အဓိပ္ပါယ်ကို ပြပါသည်။

မေး။ သာဓုကံ မနသိ ကရောဟိ–၌ သာဓုသဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ သာဓုသဒ္ဒါသည် ဤ၌ ဒဠှီကမ္မ အာဏတ္တိ သုန္ဒရ အနက်တို့၌ ဖြစ်ပါသည်။

မေး။ ဘုရားရှင်သည် အဇာတသတ်မင်းအား သာမညဖလကို ဟောမည်ဟု ပဋိညာဉ် ပြုရာ၌ 'ဒေသေဿာမိ' ဟု ပဋိညာဉ်မပြုဘဲ 'ဘာသိဿာမိ'' ဟုသာ ပဋိညာဉ် ပြုခြင်း အကြောင်းကို ဖြေပါ။

http://www.dhammadownload.com



ဖြေ။ သက္ကာ မဟာရာဇ–ဟူ၍ ဝန်ခံတော်မူအပ်ပြီးသော သာမညဖလဒေသနာတော်ကို အကျယ်အားဖြင့် ဟောတော်မူလတ္တံ့ဖြစ်သောကြောင့် 'ဒေသေဿာမိ'ဟု ပဋိညာဉ် မပြုမူ၍ 'ဘာသိဿာမိ' ဟု ပဋိညာဉ်ပြုပါသည်။

မေး။ ဒေသေဿာမိနှင့်ဘာသိဿာမိတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ ဒေသေဿာမိ သည် ''သံခိတ္တဒီပန'' မည်၏။ ဘာသိဿာမိ သည် ''ဝိတ္ထာရ ဒီပန'' မည်၏။

**အမှာ။** ဒေသေတိနှင့်ဘာသတိ၊ ဒေသနာနှင့်သာသနာတို့သည်လည်း နည်းတူပင် မှတ်ပါ။

မေး။ အရှင်ဝံဂီသမထေရ်၏ သိနိုင်ပုံကို ရေးခဲ့ပါ။

ဖြေ။ အရှင်ဝံဂီသမထေရ်သည် ဒေသေတိ ကို သံခိတ္တေန ဟုငင်း၊ ဘာသတိကို ဝိတ္ထာရေန ဟုငင်း၊ ဝိသေသနပြု၍ ဆိုသောကြောင့် ဒေသေဿာမိ၏ သံခိတ္တ ဒီပနသဒ္ဒါဖြစ် ကြောင်းကိုငင်း၊ ဘာသိဿာမိ၏ ဝိတ္ထာရ ဒီပနသဒ္ဒါ ဖြစ်ကြောင်းငင်း သိနိုင်ပါသည်။ ပဋိဘာနအရ ထိုထိုအခြင်းအရာအားဖြင့် ထင်လာသောအသံကို ယူရပါမည်။

မေး။ ဣဓ လောကေ–၌ လောကအရကို ဖော်ပြပါ။

ဖြေ။ လောကအရ ဇာတိခေတ် (စကြဝဠာတစ်သောင်း) ကို ယူရပါသည်။ ထိုတွင်လည်း ဤစကြဝဠာလောကကို ယူရသည်။

မေး။ ''ကတ္ထစိ သာသနံ–၌ အရကို အထောက်ပြ၍ ကောက်ပြပါ။

ဖြေ။ ပဌမော သမဏော စသော သုတ္တန္တရိက်ကို ထောက်၍ ဣဓ အရ သာသနာတော်ကို ယူရသည်။

မေး။ နတ္ထိ ဒိန္နံ၊ နတ္ထိ ယိဋ္ဌံ၊ နတ္ထိ ဟုတံ (၃) ပါးတို့၏ အထူးကို ရေးသားဖော်ပြပါ။

ဖြေ။ နတ္ထိ ဒိန္နံ ပါဠိဖြင့် အန္နပါနစသည်ကို လှူကြောင်း၊ ဒါနစေတနာ၏ အကျိုးကို ပယ်သည်။ နတ္ထိ ယိဋ္ဌံ ပါဠိဖြင့် ယဇ်ကြီးပူဇော်ကြောင်း စေတနာ၏ အကျိုးကို ပယ်ပါသည်။ နတ္ထိ ဟုတံ ပါဠိဖြင့် ယဇ်ငယ်ပူဇော်ကြောင်း စေတနာ၏ အကျိုးကို ပယ်ပါသည်။

မေး။ နိဂဏ္ဌာနှင့်အစေလကတို့၏ အထူးကို ရေးခဲ့ပါ။

http://www.dhammadownload.com



ဖြေ။ နိဂဏ္ဌတို့သည် အဝတ်တစ်ထည်ကို ဝတ်ရုံ၏။
အစေလကတို့သည် အဝတ်လုံအောင် မဝတ်ကုန်။ ဤသို့ ထူးပါသည်။

မေး။ အာဇီဝက၏ အဓိပ္ပါယ်ကို ရေးပါ။

ဖြေ။ 'ငါတို့ကတော့ အသက်မွေးဝမ်းကျောင်း စင်ကြယ်သည်'ဟု ပြောဆိုကြွားဝါလေ့ရှိသော တိတ္ထိတို့ကို ''အာဇီဝက''ဟု ခေါ်ပါသည်။

မေး။ ကဏှာပက္ခနှင့် သုက္ကပက္ခတို့၏ အဓိပ္ပါယ်ကို ဖော်ပြပါ။

ဖြေ။ ပြဿနာကို မေးရာဝယ် အဖြေအဖြစ်ဖြင့် ရထိုက်သော မိစ္ဆာအယူနှင့်စပ်သော အဖို့သည် ''ကဏှာပက္ခ''မည်၏။ ထိုကဏှာပက္ခ၏ ဆန့်ကျင်ဘက်ဖြစ်သော အထက်ပါဠိတော်၌ လာသော သီလစသော အဖို့ကို ''သုက္ကပက္ခ''ဟု ခေါ်ပါသည်။

မက္ခလိဂေါသာလသည် ကာယကံ ဝစီကံကို ကိုယ်နှုတ်စိတ် သုံးပါးလုံး ပြည့်စုံစွာ ပါသည်ဟု ယူဆပြီး ကမ္မဟု ဆိုသည်။

မနောကံကား ကိုယ်နှုတ်နှစ်မျိုးပါသောကြောင့် ကံတစ်ဝက်သာဟု ယူဆပြီး ဉပမုကမ္မ ဟု ဆိုပါသည်။ မဟာကပ်တစ်ခု၌ အသင်္ချေယျ (၄)ကပ် ရှိ၏။ ထို့တွင် သတ္တဝါတို့နေရာ အဝဋ္ဋသ္ထာယီ အသင်္ချေယျကပ်၌ အန္တရကပ်ပေါင်း (၆၄)ကပ် ရှိ၏။ ထို့တွင် (၂) ကပ်ကို မသိသောကြောင့် ဒွဋ္ဌိအန္တရကပ္ပါဟု ဆိုသည်။ ဆုတ်ကပ်တစ်ခုကို အန္တရကပ်ဟု ဆိုသည်။ (အသင်္ချေယျကပ်ကြီးအကြား၌ ဖြစ်သောကြောင့် ကပ်ငယ်ဟူလို)

မေး။ သဗ္ဗေ ဇီဝါ အရ–ကို ဖော်ပြပါ။

ဖြေ။ သလေးမုယော၊ နတ်ကောက်၊ မြက်၊ သစ်ပင်စသည်တို့သည် သန်စွမ်းကြီးမားကြသောကြောင့် မက္ခလိဂေါသာလ ဆရာကြီးသည် အသက်ရှိသည်ဟု ထင်မှတ်သဖြင့် သဗ္ဗေ ဇီဝါ အရ သလေးစပါး စသည်တို့ကို ယူရပါသည်။

မေး။ ပဉ္စင်္ဂိကာနိ တူရိယာ ၌ ပဉ္စင်္ဂိကသရုပ်ကို ဖော်ထုတ်ပြပါ။

ဖြေ။ ၁။ ကြေးဖြင့် ပြုအပ်သော တူရိယာ၊
၂။ ကြိုးဖြင့် ပြုအပ်သော တူရိယာ၊
၃။ သားရေဖြင့် ပြုအပ်သော တူရိယာ၊
၄။ ပါးစပ်ဖြင့် ပြုအပ်သောတူရိယာ၊
၅။ ဝါးလက်ခုပ်စသော တူရိယာတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



မေး။ ဘယဉာဏ် ဟူသည် အဘယ်နည်း ဖော်ပြပါ။

ဖြေ။ ခန္ဓာ (၅) ပါးကို ကြောက်စရာ ဟူ၍ သိတတ် ဆုံးဖြတ်တတ်သော ဉာဏ်ဟု ခေါ်ပါသည်။

မေး။ ပဉ္စဝဏ္ဏပီတိ သရုပ်ကို ဖော်ပြပါ။

ဖြေ။ ၁။ ခုဒ္ဒိကာ ပီတိ၊ ၂။ ခဏိကာ ပီတိ၊ ၃။ ဩက္ကန္တိကာ ပီတိ၊
၄။ ဥဗ္ဗေဂါ ပီတိ၊ ၅။ ဖရဏာ ပီတိ။

မေး။ ဂုဏ်တော်ကို ကြားရရုံမျှနှင့် ပီတိဖြစ်နိုင်ခြင်းအကြောင်းကို ရေးခဲ့ပါ။

ဖြေ။ ရှေးလွန်ခဲ့သောဘဝက အလွန်အကဲ ပြုခဲ့ဖူးသော ကောင်းမှုပါရမီရှိပြီးဖြစ်သောကြောင့် ဂုဏ်တော်ကို ကြားရရုံဖြင့် အဇာတသတ်သန္တာန်၌ ပီတိ(၅)မျိုး ဖြစ်ရခြင်း ဖြစ်ပါသည်။

မှတ်ချက်။ ထိုအဇာတသတ်မင်းသည် ပိတုဃာတကကံသာ မနှိပ်စက်လျှင် ထိုဘဝ၌ မဂ်ဖိုလ်ရလောက်အောင် ကောင်းမှုပါရမီရှိခဲ့သူ ဖြစ်ပါသည်။

မေး။ ဘုရားပွင့်ရာ မဇ္ဈိမဒေသ၏ နယ်နိမိတ် ငါးပါးတို့ကို အလျား+အနံ+အဝန်း ယူဇနာ တို့နှင့်တကွ ဖော်ပြပါ။

ဖြေ။ **မဇ္ဈိမဒေသကို နယ်နိမိတ်ငါးရပ်ဖြင့် ပိုင်းခြားသတ်မှတ်ပုံ**

၁။ အရှေ့လားသော် = ဂဇင်္ဂလနိဂုံး၏ အပြင်ဘက် အင်ကြင်းပင်၊
၂။ အရှေ့တောင်လားသော် = သလ္လဝတီမြစ်၊
၃။ တောင်လားသော် = သေတကဏ္ဏိနိဂုံး၊
၄။ အနောက်လားသော် = ထူဏပုဏ္ဏားရွာ၊
၅။ မြောက်လားသော် = ဥသိရဒ္ဓဇတောင်။

ဤနယ်နိမိတ်ငါးရပ်အတွင်းသည် မဇ္ဈိမဒေသ မည်၏။ အပြင်ဘက်သည် ပစ္စန္တရာဇ် မည်၏

**မဇ္ဈိမဒေသ အလျား + အနံ + အကျယ်အဝန်းယူဇနာ**

အလျား – ယူဇနာသုံးရာ။ အနံ – ယူဇနာနှစ်ရာ့ငါးဆယ်။ အဝန်း –ယူဇနာကိုးရာ။

http://www.dhammadownload.com



**မေး။** မဇ္ဈိမဒေသ၌ဘာ ဖြစ်နိုင်သော ပုဂ္ဂိုလ်ထူးများကို ဖော်ပြပါ။

**ဖြေ။** (၁) ဗုဒ္ဓ = ဘုရား၊
(၂) ပစ္စေကဗုဒ္ဓ = ပစ္စေကဗုဒ္ဓါ၊
(၃) အသီတိမဟာထေရ = အသီတိမဟာထေရ်၊
(၄) ဗုဒ္ဓမာတာ = ဘုရားမယ်တော်၊
(၅) ဗုဒ္ဓပိတာ = ဘုရားခမည်းတော်၊
(၆) စက္ကဝတ္တိရာဇာ = စကြာမင်း၊
(၇) သာရပ္ပတ္တ ပုဏ္ဏဂဟပတိ = သာရပ္ပတ္တ ပုဏ္ဏားသူကြွယ်တို့ ဖြစ်ပါသည်။

**မှတ်ချက်။** [သုနာပရန္တတိုင်းသားဖြစ်သော ပုဏ္ဏထေရ်သည် မဟာသာဝက တို့တွင် အကျုံးဝင်သောကြောင့် အသီတိမဟာထေရ်တို့ မဇ္ဈိမဒေသ၌ ဖြစ်ကြသည် ဟူသော အဋ္ဌကထာစကားသည် ယေဘုယျဖြစ်သည်ဟု မှတ်ပါ။]

**မေး။** ဥပ္ပဇ္ဇတိနှင့်ဥပ္ပန္နတို့၏ ခြားနားချက်ကို ပြည့်စုံစွာ ဖော်ပြပါ။

**ဖြေ။** ဘုရားဖြစ်ဖို့ရန် အလွန်နီးကပ်နေသော (ယနေ့ပင် ဘုရားဖြစ်တော့မည်ဖြစ်သော) အကျင့်ကို ပြခြင်းသည် ဥပ္ပဇ္ဇတိ (ဘုရားဖြစ်ဆဲ) မည်၏။

(တစ်နည်း) ဘုရားအဖြစ်ကို ဆောင်နိုင်သော ရဟန်းပြုတော်မူရာအခါမှစ၍ နီးကပ်သော အကျင့်ကို ပြခြင်း၏အစွမ်းဖြင့် ဆိုအပ်သောနည်း။

(တစ်နည်း) (ဝေဿန္တရာဘဝ၌ ပါရမီဖြည့်မှုသည် နောက်ဆုံးတည်း။ ထို့နောက် တုသိတာဝယ် ထိုပါရမီများပြည့်ပြီးရာအခါမှစ၍) လူ့ဘဝ၌ တောထွက်၍ ကျင့်တော်မူခြင်းကို ပြခြင်း၏အစွမ်းဖြင့် ဆိုသောနည်း။

(တစ်နည်း) ပါရမီတော်တို့ကို စတင်အားထုတ်ရာအခါမှစ၍ ဘုရားဖြစ်ဖို့ရန် အကျင့်ကို ပြခြင်း၏အစွမ်းဖြင့် ဆိုအပ်သောနည်းတည်း။

သဗ္ဗညုတဉာဏ်တော်နှင့်တကွ ဗုဒ္ဓ၏ဆိုင်ရာ ဉာဏ်တော်အားလုံးသည် အရဟတ္တမဂ်ခဏ၌ ပြည့်စုံ၏။ ထို့ကြောင့် အရဟတ္တမဂ်ခဏ၌ ''ဘုရားဖြစ်ဆဲ''ဟု ဆိုရ၏။ အရဟတ္တဖိုလ်သို့ ရောက်သောအခါ ဘုရားဖြစ်ခြင်းကိစ္စ ပြီးပြီဖြစ်သော ကြောင့် ''ဥပ္ပန္န'' (ဖြစ်ပြီးပြီ) ဟု ဆိုရသည်။ ဤသို့ ထူးပါသည်။ (သီ၊ ဘာဋီ)

http://www.dhammadownload.com



**မေး။** အလွန်နီးကပ်သော အကျင့်၌ တည်သော ဘုရားအလောင်းကို ''ဥပ္ပဇ္ဇတိ'' ဟု ဆို/မဆိုနိုင် အကြောင်းပြ ဆုံးဖြတ်ပြခဲ့ပါ။

**ဖြေ။** ဥပ္ပဇ္ဇတိဟု ဆိုနိုင်ပါသည်။ အကြောင်းကား ဘုရားဖြစ်ခြင်းကြိယာ၏ ကေန်သဘော ရှိသည်၏ အဖြစ်ကြောင့်တည်း။ (ဘုရားဖြစ်မည့်နေ့ကား ပဋိပတ်၏ထိပ်၌ တည်နေသည်ဖြစ်၍ ''ဥပ္ပဇ္ဇတိ''ဟု ဆိုကြောင်းမှာ ဆိုဖွယ်ရာပင် မရှိတော့။ )

**မေး။** ဗောဓိဉာဏ်၌ မြဲသောသူ၏ နိယတဗျာဒိတ် ရပြီးရာအခါမှစ၍ ပညာရှိတို့သည် ''ဗုဒ္ဓေါ ဥပ္ပဇ္ဇတိ''ဟု ဆိုနိုင်/မဆိုနိုင် ဆုံးဖြတ်ပုံကို ရေးပါ။

**ဖြေ။** ဆိုနိုင်ပါသည်။ အကြောင်းကား ဥပ္ပါဒသဿ ကေန္တိကတ္တာ-ဘုရားဖြစ်ဖို့ သေချာသောကြောင့်တည်း။

**မေး။** ဝသဝတ္တီနတ်ပြည်၌ သိကြားမင်းကဲ့သို့ အုပ်စိုးနေသော ဝသဝတိတ္တနတ်မင်း စသူတို့ ရှိသည်မဟုတ်ပါလော။ ထိုနတ်မင်းများဖြင့် ဝိသေသနမပြုဘဲ အဘယ့်ကြောင့် မာရ်နတ်ဖြင့် ဝိသေသနပြုရပါသနည်း။

**ဖြေ။** တိုင်းပြည်၌ သူပုန်ထသော မင်းသားသည် တိုင်းပြည်ကို မရသော်လည်း အလွန်ထင်ရှားသကဲ့သို့ ထို့အတူ မာရ်နတ်သည် အကြမ်းသမားဖြစ်ရကား သာ၍ ထင်ရှားသောကြောင့် ထိုမာရ်နတ်ဖြင့် ဝိသေသနပြု၍ ''သမာရကံ'' ဟု ဟောတော်မူပါသည်။ (သီလက္ခန် ဘာသာဋီကာ၊ ဒု၊၄၀၉)

**မေး။** အရဟတ္တဖိုလ်ခဏ၌ ဖြစ်ပြီးသည်ဖြစ်၍ တထာဂတော ဥပ္ပန္နောဟု အတိတ်ကြိယာဖြင့် မဆိုဘဲ အဘယ့်ကြောင့် ဥပ္ပဇ္ဇတိဟု ပစ္စုပ္ပန်ကြိယာဖြင့် ဆိုသနည်း။

**ဖြေ။** တထာဂတော ဥပ္ပဇ္ဇတိ-၌ အလုံးစုံသော ဝေနေယျတို့၏ ရှေးဦးစွာ ဖြစ်ပြီးသည်၏ အဖြစ်ကို ရည်ရွယ်၍ ''ဥပ္ပဇ္ဇတိ''ဟု ပစ္စုပ္ပန်ကြိယာဖြင့် ဆိုပါသည်။

**မေး။** သမာရကံ ဟု အထူးပြု၍ ဆိုရခြင်းအကြောင်းကို ရေးသားခဲ့ပါ။

**ဖြေ။** ဝသဝတ္တီနတ်ပြည်၌ မာရ်နတ်မှတစ်ပါး အခြားသော ဝသဝတ္တိမဟာရာဇာစသည်တို့သည် ရှိကြသော်လည်း မာရ်နတ်သည် သူပုန်ဓားပြကဲ့သို့ နေသောကြောင့် ထင်ရှား၏။ ထို့ကြောင့် မာရသဒ္ဒါဖြင့် အထူးပြု၍ ''သမာရကံ''ဟု ဆိုရပါသည်။

**မေး။** တံ ခေါ ပန ဘဂဝန္တံ-၌ ဣတ္ထမ္ဘူတာချာနအနက်၌ ဒုတိယာဝိဘတ်သက်ရခြင်း အကြောင်းကို ရေးခဲ့ပါ။

http://www.dhammadownload.com



ဖြေ။ ဣတ္ထမ္ဘူတာချာန ဟူသည် သမ္ဗန်အနက်ဖြစ်သော ဆဋ္ဌီဝိဘတ်သာ သက်သင့်သော်လည်း အဘိဥဂ္ဂတော–၌ အဘိကို ကမ္မပ္ပဝစနီယအမည်မှည့်၍ ထိုကမ္မပ္ပဝစနီယနှင့် ယှဉ်သောကြောင့် ကမ္မပ္ပဝစနီယယုတ္တေ သဒ္ဒဥပဒေသုတ်အရ ဣတ္ထမ္ဘူတာချာနအနက်၌ ဒုတိယာဝိဘတ်သက်ရပါသည်။

မေး။ အစေလက ပူရဏ ကဿပအမည်ရပုံကို ရေးခဲ့ပါ။

ဖြေ။ တစ်ယောက်ဖြင့် ယုတ်သော ကျွန်တစ်ရာပြည့်စေသောကြောင့် ပူရဏအမည်ရ၏။ အနွယ်အားဖြင့် ကဿပဖြစ်သောကြောင့် ကဿပအမည်ရ၏။ သူခိုး၊ ဓားပြတို့ အဝတ်ကို ချွတ်ယူသွားရာမှ ဆက်မဝတ်ဘဲ နေသောကြောင့် အစေလက အမည်ရ၏။ ဤသို့အားဖြင့် တိတ္ထိဆရာကြီးသည် အစေလက, ပူရဏ, ကဿပအမည်ရပါသည်။

မေး။ ဝစနဗျတ္တယအဓိပ္ပါယ်နှင့် ပယိရူပါသတော၌ ဝစနဗျတ္တယပြည့်စုံပုံကို ရေးသားခဲ့ပါ။

ဖြေ။ ကေဝုစ်ဖြင့် ဆိုထိုက်ရာ၌ ဗဟုဝုစ်ဖြင့် ဆိုခြင်းကို ဝစနဗျတ္တယ (ဝုစ်ပြန်ခြင်း) ဟု ခေါ်ပါသည်။ ဤ၌ (နော) သည် ဗဟုဝုစ် ပယိရူပါသတောသည် (ဂစ္ဆတော) ကဲ့သို့ ကေဝုစ်တည်း။ ဝိသေသန ဝိသေသျဖြစ်သော ထိုနှစ်ပုဒ်သည် ရုပ်ချင်းတူသင့်ပါလျက် မတူသောကြောင့် (ပယိရူပါသတော) ကို ဝစနဗျတ္တယဟု ဆိုပါသည်။

မေး။ ဥပက္ကိလေသ (၄)ပါး (တစ်နည်း) (၅) ပါးသရုပ်ကို ဖော်ပြပါ။

ဖြေ။ (၁) အဗ္ဘ = တိမ်တိုက်၊
(၂) ဓူမ = အခိုး၊
(၃) ရဇော = မြူ၊
(၄) ရာဟု = ရာဟုအသူရိန်၊
(၅) မဟိကာ = ဆီးနှင်းကို ထည့်၍ (၅) မျိုးဖြစ်သည်။ ပါဠိတော်၌ အပေါ် (၄)ပါး ဖြစ်သည်။

ဓူမအရ မီးခိုးကို မယူရ၊ အခိုးအငွေ့ကို ယူရပါသည်။ အခိုးအငွေ့ဟူသည် ရေခိုးရေငွေ့ပင် ဖြစ်ပါသည်။ ထိုရေခိုးရေငွေ့သည် တိမ်တိုက်ဖြစ်သောကြောင့် အဗ္ဘနှင့်ဓူမကို သဘောတူ ယူလျှင် (၄) မျိုးဖြစ်သည်။

မေး။ အဇာတသတ္တု အမည်ရခြင်းအကြောင်းကို ရေးပါ။

http://www.dhammadownload.com





ဖြေ။ မိဖုရားကြီးသည် ကိုယ်ဝန်ရှိစဉ်ကပင် ဗိမ္ဗိသာရမင်းကြီး၏ လက်မောင်းသွေးကို သောက်လိုသော ချင်ခြင်းဖြစ်ရကား မမွေးဖွားမီကပင် မင်းကြီး၏ ရန်သူဖြစ်သော ကြောင့် 'အဇာတသတ္တု' မည်ပါသည်။

မေး။ စေတိယင်္ဂဏ, နိသဇ္ဇန, ပညတ္တကဋ္ဋသာရကတို့ မည်ပုံကို အသီးသီး ရေးခဲ့ပါ။

ဖြေ။ ပန်းနံ့သာတို့ဖြင့် ပူဇော်ရာ စေတီ၏ မြေပြင်သည် စေတီယင်္ဂဏမည်ပါသည်။
ရဟန်းသံဃာတို့၏ ထိုင်ရာအရပ်သည် နိသဇ္ဇန မည်ပါသည်။
ရဟန်းသံဃာတို့ ထိုင်ရန် သီးသန့် ခင်းထားအပ်သော ဖျာသင်ဖြူးများကို ပညတ္တကဋ္ဋသာရကဟု ခေါ်ပါသည်။

မေး။ အမနာပမ္ပိ တံ ကထံ အဝိဝါသေတွာ–၌ အဝိဝါသန၏အကြောင်းကို ဖော်ပြပါ။

ဖြေ။ "အကယ်၍ ငါသည် သူ့ကို အော်ငေါက်၍ လည်ပင်းဆွဲကာ ထုတ်ပစ်စေလျှင် "စကားပြောသူတိုင်းကို ဘုရင်သည် ဤလိုချည်း လုပ်သည်"ဟု ကြောက်ရွံ့ကာ အခြားသူသည် ဘာမျှပြောတော့မည် မဟုတ်ဟု ကြံမိသောကြောင့် မနှစ်သက်လည်း သည်းခံနေပါသည်။

မေး။ သမီပတ္တေ ဟောတံ ဘုမ္မဝစနံ–ဖြင့် အဘယ်သို့သော စောဒနာမျိုးကို တားမြစ်ပါ သနည်း။

ဖြေ။ ရာဇဂဟေ အမ္ဗဝနေ ဟူသော ဟူသော အဓိကရဏာနှစ်ပါးသည် အဓိကရဏာ၏ အဓိကရဏာမရှိသင့်သောကြောင့် မသင့်ဟူသော စောဒနာကို တားမြစ်ပါသည်။

မေး။ သရီရံ စတုမဓုရေန မက္ခေတွာ–၌ စတုမဓုဖော်စပ်ပုံကို အာစရိယဝါဒ, မဇ္ဈိမ ဒေသ, မြန်မာနိုင်ငံအလိုက် ဖော်ပြပါ။

ဖြေ။ **အာစရိယဝါဒ စတုမဓု ဖော်စပ်ပုံ**

(၁) သပ္ပိ = ထောပတ်၊
(၂) သက္ခာရ = သကြား၊
(၃) မဓု = ပျားရည်၊
(၄) နာဠိကေရတေလ = အုန်းဆီ၊ ယင်းလေးပါးတို့ဖြင့် ဖော်စပ်သည်။

http://www.dhammadownload.com



**မဇ္ဈိမဒေသစတုမဓုဖော်စပ်ပုံ**

(၁) ဒဓိ = နို့ဝမ်း၊ ဝါ–နို့ချဉ်၊

(၂) သပ္ပိ = ထောပတ်၊

(၃) မဓု = ပျားရည်

(၄) ဖာဏိတ = တင်လဲ၊ ယင်းလေးပါးတို့ဖြင့် ဖော်စပ်သည်။

**မြန်မာနိုင်ငံ၌ စတုမဓုဖော်စပ်ပုံ**

နမ်းဆီ, ပျားရည်, ထောပတ်, တင်လဲတို့ဖြင့် ဖော်စပ်သည်။

**မေး**။ အာဝုတသုတ္တံ ဝိယ ဝိပဿနာဉာဏံ ဟုငင်း၊ အာဝုတသုတ္တံ ဝိညာဏံဟုငင်း၊ အာဝုတသုတ္တံ ဝိယ ဝိပဿနာဝိညာဏံ–ဟုငင်း ပါဌ်သုံးထွေရှိရာ သင့်ရာပါဌ်ကို အကြောင်းပြ ဆုံးဖြတ်ပါ။

**ဖြေ**။ ''အာဝုတသုတ္တံ ဝိယ ဝိပဿနာဉာဏ''န္တိ ကတ္ထစိ ပါဠော၊ ''ဣဒ္ဓ ဝိညာဏ''န္တိ ဝစနတော ပန ''ဝိညာဏ''န္တိ ပါဌောဝ သုန္ဒရတရော၊ ''ဝိပဿနာ ဝိညာဏ''န္တိ ဝါ ဘဝိတဗ္ဗံ–ဟူသော (ဋီကာသစ်၊ ၁၄၆) အဖွင့်အရ – ''အာဝုတသုတ္တံ ဝိယ ဝိညာဏံ''ဟု ရှိသော ပါဌ်သည်သာ ''ဣဒ္ဓ ဝိညာဏံ''ဟူသော ပါဠိတော် (နှာ၊ ၇၂) စကားရပ်နှင့် ညီသောကြောင့် သုန္ဒရတရဖြစ်သည်။ အာဝုတသုတ္တံ ဝိယ ဝိပဿနာ ဉာဏံဟု ရှိသောပါဌ်သည်လည်း သုန္ဒရမတ္တ ဖြစ်ပါသည်။

**မေး**။ မုဋ္ဌမှာ ဤသိကန္တိအာဒိ ဥပမာတ္တယမ္ပိ / ဥပမာမတ္တံ ယမ္ပိဟု ပါဌ်နှစ်ထွေရှိရာ သင့်ရာပါဌ်ကို အကြောင်းပြ၍ ဆုံးဖြတ်ပါ။

**ဖြေ**။ ''ဥပမာတ္တယမ္ပိ ဟိ/ ဥပမာမတ္တံ။ ယမ္ပိဟိ'' နှစ်ချက်တွင် – အယမေဝတ္ထော ပါဠိယမ္ပိ ဝိဘာဝိတောတိ အာဟ။ မုဋ္ဌမှာ ဤသိကန္တိအာဒိ ဥပမာတ္တယမ္ပိ ဟိ (လ) ဝုတ္တ'' န္တိ။ ကတ္ထစိ ပန''မုဋ္ဌမှာ ဤသိကန္တိအာဒိ ဥပမာမတ္တံ။ ယမ္ပိ ဟိ သဒိသ ဘာဝဒဿနတ္ထမေဝ ဝုတ္တန္တိ ပါဌော ဒိဿတိ။ တတ္ထ ''ဥပမာမတ္တ''န္တိ ဣမိနာ အတ္ထန္တရ ဒဿနံ နိဝတ္တေတိ။ ''ယမ္ပိ ဟိတိ အာဒိနာ ပန တဿ ဥပမာဘာဝံ သမတ္ထေတိ (သီဋီသစ်၊ ၁၄၉) ကို ထောက်၍ နှစ်ပါဌ်လုံး သင့်မြတ်သည်။

http://www.dhammadownload.com



အမှာ။ နေရင်းနိသျ+သီဂတ္တိကိုတို့၌ ဥပမာမတ္တံ။ ယမ္ပိ ဟိ ဟု ရှိသောပါဌ်ကို ပါဌ်မှန်ထား၍ အနက်ပေးကြသည်။ ပခုက္ကူ+ဘာသာဋီကာတို့၌ကား ဥပမာတ္တယမ္ပိ ဟိဟု ရှိသောပါဌ်ကို အနက်ပေး၍ ထိုပါဌ်သည်သာ သဒ္ဒယုတ္တိ အတ္ထယုတ္တိရှိ၍ ဖြောင့်မတ်သန့်ရှင်း၏ဟု ဆုံးဖြတ်ပါသည်။

**မေး။** ပရဝဇ္ဇာနုပဿိဿ ။ပ။ အာရာ သော အာသဝက္ခယာ (ဌ၊၂၀၀) ဂါထာ၌ အရာ+အာရာဟု ပါဌ်နှစ်ထွေရှိရာ သင့်ရာပါဌ်ကို အကြောင်းပြ ဆုံးဖြတ်ပါ။

**ဖြေ။** ဂါထာ၌ အရာ+အာရာ–နှစ်ချက်တွင် အရာတိ ဒူရာ ''အရာ သိဃ်ာမိ ဝါရိဇ''န္တိ အာဒီသု ဝိယာတိ ဒူရတ္တော္တာယံ နိပါတော။ ''အာရာ''တိပိ ပါဌော။ အရာ–သဒ္ဒေါ ဝိယ အာသဒ္ဒေါပိ ဒူရတ္တော္တကော နိပါတောတိ ဝေဒိတဗ္ဗော။ (သီ၊ ဋီသစ်၊ ၁၅၅) ထောက်၍ နှစ်ပါဌ်လုံး သင့်မြတ်ပါသည်။

**မေး။** ကသိဝါဏိဇ္ဇာဒိကမ္မံ+ကသိဝဏိဇ္ဇာဒိကမ္မံဟု ပါဌ်နှစ်ထွေရှိရာ သင့်ရာပါဌ်ကို အကြောင်းပြ ဖြေဆိုပါ။

**ဖြေ။** ဝါဏိဇ္ဇဥ္စ ဝဏိဇ္ဇာထ၊ ဂေါရက္ခာ ပသုပါလနံ ဟူသော (ဓာန်၊ ၄၄၆) ကို ထောက်၍ ဝါဏိဇ္ဇနှင့်ဝဏိဇ္ဇသည် ကုန်သွယ်အနက် ဟောရာ၌ ပရိယာယ်ဖြစ်သောကြောင့် နှစ်ပါဌ် ◌ာင့်သည်။

**မေး။** သရဏာဂတ္တ ပေဟိ–၌ သရဏာဂတ္တံ+သရဏာဂတ္တံဟု ပါဌ်နှစ်ထွေရှိရာ သင့်ရာပါဌ်ကို အကြောင်း◌ြ့ဖြေဆိုပါ။

**ဖြေ။** သရဏာဂတ္တံ+◌ာရဏာဂတ္တံ–နှစ်ချက်တွင် သရဏာယ ပရာယဏာယဟူသော (ဋီ၊သစ်၊ ဒု–၁၇၅) ကို ထောက်၍ သရဏာဂတ္တံ–၌ တ္တံသည် စတုတ္ထီကေဝုစ် သဝိဘတ်၏ ကာရိယဖြစ်ကြောင်း ထင်ရှားသည်။ ထို့ကြောင့် သရဏာဂတ္တံဟု ရှိသောပါဌ်သာ သင့်ပါသည်။

**မေး။** အဃဿ တာတာ (ဌ၊ ၂၀၄) ၌ ပါသော အဃဿ–၌ သဝိဘတ်သည် အဘယ် အနက်၌ ဖြစ်ကြောင်းကို ယုတ္တိပြ ဆုံးဖြတ်ပါ။

**ဖြေ။** အဃဿာတိ နိဿက္ကေ သာမိဝစနံ ဟု (ဋီသစ်၊ ၁၇၀) ဖွင့်ဆိုသောကြောင့် အဃဿ–၌ သဝိဘတ်သည် အပါဒါန်အနက်၌ သက်ပါသည်။

http://www.dhammadownload.com



ရက္ခဏတ္တ အနက်ရှိသော (တာတာ–၌) တာ–ဓာတ်၏အယှဉ်ဖြစ်သောကြောင့် အဃဿ–၌ သဝိဘတ်သည် အပါဒါန်အနက်၌ သက်ပါသည်။

**မေး။** (ဌ၊ ၂၀၁) ကတံ ကရဏီယန္တိ ။ပ။ ကိစ္စံ နိဋ္ဌိတံ။ ၌နိဋ္ဌိတံ+နိဋ္ဌာပိတံ–ဟု ပါဌ်နှစ်ထွေရှိရာတွင် မည်သည့်ပါဌ်သင့်ကြောင်း အကြောင်းထောက်၍ ဆုံးဖြတ်ပါ။

**ဖြေ။** နိဋ္ဌိတံ+နိဋ္ဌာပိတံ–နှစ်ချက်တွင် ကတံ၌ ကရဓာတ်၊ စရိယံ၌ စရဓာတ်တို့သည် သကမ္မကဓာတ်များဖြစ်ကြသည်။ သကမ္မကဓာတ်များကို အကမ္မကဓာတ်များဖြင့် ဖွင့်ပြရာ၌ အကမ္မကဓာတ်နောင် ကာရိုက်ပစ္စည်းပေးမှ မူလ သကမ္မကဓာတ်၏အနက်ကို မှီသောကြောင့် နိဋ္ဌာပိတံဟု ကာရိုက်ပစ္စည်းနှင့် ရှိသောပါဌ်သာ သင့်သည်။ နိဋ္ဌိတံကား မသင့်။

**မေး။** အာဂန္တုကပုရှိသော ဝိယ (ဌ၊ ၁၇၄) ၌ အာဂန္တုကနှစ်မျိုးကို အဓိပ္ပါယ်နှင့်တကွ ဖော်ပြ၍ ဤ၌ ယူရမည့်အာဂန္တုကကိုလည်း ညွှန်ပြပါ။

**ဖြေ။** (၁) မကြာမကြာ လာတတ်သောကြောင့် အလေ့အကျင့်ရပြီးသော ဧည့်သည်ကို ''အတိထိ, အာဂန္တုက'' ခေါ်ပါသည်။

(၂) အလေ့အကျင့်မရှိသေးသော ယခုမှ ရောက်လာသော ဧည့်သည်ကို ''အဗ္ဘာဂတအာဂန္တုက''ဟု ခေါ်ပါသည်။ ထိုတွင် ဤ၌ အဗ္ဘာဂတအာဂန္တုကကို ယူရမည်။

**မေး။** ဟန္ဒာတိ ဝဝဿဂ္ဂတ္ထေ နိပါတော–၌ ဝဝဿဂ္ဂတ္ထေ+ဝစသဂ္ဂတ္ထေ+ဝစသာယတ္ထေ, ဝစသာယတ္ထေပါဌ် အမျိုးမျိုးရှိရာ သင့်ရာပါဌ်ကို အကြောင်းပြ ဆုံးဖြတ်ပါ။

**ဖြေ။** ဝစသာယတ္ထေတိ ဝစသာအာယတ္ထေ။ ဝါစာပဋိဗန္ဓတ္ထေတိ ဝဒန္တိ၊ တံ ''သော ဟီ''တိ အာဒိနာ ဝိရုဒ္ဓံ ဝိယ ဒိဿတိ။ (သီ၊ ဋီ၊ သစ်၊ ၁၉၄) ကို ထောက်၍ ဝဒန္တိဝါဒ ယူဆသော ဝစသာယတ္ထေပါဌ်သည် သော ဟိ ဂမနဝစသာယံ–ဟူသော နောက်ဝါကျ စကားရပ်နှင့် ဆန့်ကျင်နေသောကြောင့် ဝစသာယတ္ထေ–ဟု ရှိသောပါဌ် မသင့်ပါ။

ဝစသာယတ္ထေတိ ပန ဝါစာပရိယောသာနတ္ထေတိ အတ္ထော ယုတ္တော ဩသာနကရဏတ္ထဿ သာသဒ္ဒဿ ဝသေန အာယသဒ္ဒနိပ္ဖတ္တိတော ယထာ ''ဒါယော''တိ။ ဟူသော သီလက္ခန်ဋီကာသစ်ကို ထောက်၍ ဒါယော၌ အာကို အာယပြု၍ ပြီးသကဲ့သို့ ဝစသာယတ္ထေဟု ရုပ်ပြီးသောကြောင့်၎င်း၊ ပခုက္ကူ+

http://www.dhammadownload.com



ဘာသာဋီကာတို့၌လည်း ယင်းပါဌ်ကိုပင် ပါဌ်မှန်အဖြစ် ဆုံးဖြတ်ကြသောကြောင့်ရင်း ဝစသာယတ္တေဟု ရှိသောပါဌ် သင့်သည်။

ဝေ ဟန္ဒက္လစ္စေတေဝ ဝဿဂ္ဂတ္တေ ဟူသော နီတိသုတ္တ (နှာ-၃၉၀) ကို ထောက်၍ ဝဝဿဂ္ဂတ္တေပါဌ်လည်း သင့်ပါသည်။

ဟန္ဒသဒ္ဒဥ္စ စောဒနတ္တေ, ဝစသဂ္ဂတ္တေ စ ဣစ္ဆန္တိ ။ပ။ ဝစသဂ္ဂေါ စ နာမ ဝါစာဝိဿဇ္ဇနံ၊ တဥ္စ ဝါစာပရိယောသာနမေဝါတိ ဒဋ္ဌဗ္ဗံ-ဟူသော (သီဋီသစ်၊ နှာ၊ ၁၉၄) ကို ထောက်၍ ဟန္ဒသဒ္ဒါသည် တိုက်တွန်းခြင်း = စောဒနာအနက်, စကားကို စွန့်လွှတ်ခြင်း ဝစသဂ္ဂအနက်၌ ဖြစ်၏။ ထိုတွင် ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ'' စသော ပါဠိရပ်၌ ဟန္ဒသဒ္ဒါသည် စောဒနတ္တ၌ ဖြစ်သည်။ ''ဟန္ဒ ဒါနိ အပါယာမိ''စသော ပါဠိရပ်၌ ဝစသဂ္ဂတ္တ၌ ဖြစ်၏။ ဝစသဂ္ဂမည်သည်လည်း စကားကို စွန့်လွှတ်ခြင်း = ဝါစာ ဝိဿဇ္ဇနာပင်တည်း။ ဝါစာဝိဿဇ္ဇနာဟူသည်လည်း စကားကို ပြီးဆုံးစေခြင်း=ဝါစာပရိယောသာနပင်တည်း။ ထို့ကြောင့် ဝစသဂ္ဂတ္တေသည် ဝစသာယတ္တေနှင့် အဓိပ္ပါယ်တူသောကြောင့် ဝစသဂ္ဂတ္တေ-ဟုရှိသောပါဌ်လည်း သင့်ပါသည်။ (သီဋီသစ်၊ ၂၊ ၁၈၄)

မေး။ (သီ၊ ဌ၊ ၁၅၃) ရက္ခာဝရဏဂုတ္တိ+ရက္ခာဝရနဂုတ္တိ ပါဌ်နှစ်ထွေရှိရာ သင့်ရာ ပါဌ်ကို သဒ္ဒနယပြ ဆုံးဖြတ်ပါ။

ဖြေ။ ရက္ခာဝရဏဂုတ္တိ+ရက္ခာဝရနဂုတ္တိ (၂)ချက်တွင် ရက္ခာဝရဏ၌ အာဝရဏကား- အာရှေးရှိသော ဝရ+ယုပစ္စည်းဖြစ်သည်။ ကာရန္တေဓာတ်နောင် ယုပစ္စည်း၏ ကာရိယ အနမှ န-ကို ဏပြန်ရမည်ဟူသော (ရဟာဒိတောဏ သုတ်လာသဒ္ဒါ စည်းကမ်းအရ) ယုကို အနပြု၊ နကို ဏပြန်၍ ရုပ်ပြီးသောကြောင့် ရက္ခာဝရဏဂုတ္တိဟု မုဒ္ဓဇဏနှင့် ရှိသော ပါဌ်သာ သင့်သည်။ ရက္ခာဝရနဂုတ္တိကား မသင့်။

မေး။ ဦရုဗဒ္ဓါသနံ-ဟုရင်း၊ ဥရုဗဒ္ဓါသနံ-ဟုရင်း၊ အာဘုဇိတွာဟုရင်း၊ အာဘုဥ္ဇိတွာဟုရင်း ရှိကြရာ သင့်ရာပါဌ်ကို အကြောင်းပြ ဆုံးဖြတ်ပါ

ဖြေ။ ဦရုဗဒ္ဓါသနံ+ဥရုဗဒ္ဓါသနံ ပါဌ်နှစ်ချက်တွင်''ဦရုသတ္ထိ ပုမေ''ဟူသော အဘိဓာန်ကို ထောက်၍ ဦရုသဒ္ဒါက သာလျှင် ပေါင်ဟူသော အနက်ကို ဟောစွမ်းနိုင်သောကြောင့်

http://www.dhammadownload.com



ၸင်း၊ ''အရန္တိ အနေနာတဥ်ိရ၊ အရ–ဂမနေ ဥ၊ အသု''ဟု ဋ္ဌီမိန့်ဆိုရကား အရဓာတ်+ဥပစ္စည်း။ အရဋ္ဌ အကို ဦပြု၍ ဦရဟု ရုပ်ပြီးသောကြောင့်ၸင်း ဦရုဗဒ္ဓါသနံဟု ဒီဃနှင့်ရှိသောပါဠိသာ သင့်သည်။ ဥရုဗဒ္ဓါသနံဟု ရဿနှင့်ရှိသောပါဠိကား မသင့်ပါ။

အာဘုဇိတွာ+အာဘုဥ္ဇိတွာပါဠိနှစ်ချက်တွင် အာဘုဇိတွာ ဗန္ဓိတွာ ဟူသော အဋ္ဌကထာအဖွင့်အရ အာဘုဇိတွာ၌ ဘုဇဓာတ်သည် ဤနေရာ၌ ဗန္ဓနတ္ထ (သို့) ကောဋိလ္လတ္ထဟု သိရ၏။ ''ဘုဇောရုတဏ္ဍာဘင္ဂေသု၊ ဘူကောဋိလ္လေ''ဟူသော ဓာတွတ္ထသင်္ဂဟ (၂၅၁) အရ ဘုဇဓာတ်သည် ဗန္ဓန (သို့) ကောဋိလ္လအနက် ဟောရာ၌ ဘူဝါဒိဂိုဏ်း တစ်မျိုးသာ ဖြစ်သင့်သောကြောင့်ၸင်း၊ အာဘုဇိတွာ စ ယထာ ပလ္လင်္ကံဝသေန နိသဇ္ဇာ ဟောတိ၊ တထာ ဥဘော ပါဒေ အာဘုဂ္ဂေ သမိဥ္ဇိတေ ကတွာ–ဟု သီဋ္ဌီသစ်ကို ထောက်သော ကြောင့်ၸင်း၊ အာဘုဇန တာဏ ဘဉ္ဇန အနက်ဟောရာ၌ ရုဓာဒိ ဂဏိကဓာတ်ဖြစ်သည်။ ဤနေရာ၌ ယင်းတာဏ– ဘဉ္ဇနအနက်ကို မလိုအပ်သောကြောင့် အာဘုဥ္ဇိတွာဟု ရုဓာဒိဂဏိကဓာတ်နှင့် ရှိသောပါဠိ မသင့်ပါ။

**မေး။** ဘတ္တဥ္ဇ ဟူသောပါဠိကို ထောက်၍ န ရုစ္စေယျ–၌ ဖြစ်သင့်သော အနက်ကို ဆုံးဖြတ်ပါ။

**ဖြေ။** ဘတ္တဥ္စသ ဟူသော ပါဠိတော်၌ အသ ဟူသော ကတ္တားပါဠိကို မြင်ရသောကြောင့် န ရုစ္စေယျ သည် ကမ္မတ္တကြိယာပုဒ် ဖြစ်သင့်ပါသည်။

**မေး။** ပူရဏကဿပသည် သလေး, မုယော, နတ်ကောက်စသည်တို့၌ အသက်ရှိ၏ဟု အဘယ့်ကြောင့် ယူပါသနည်း။

**ဖြေ။** သလေး, မုယော, နက်ကောက်စသည်တို့၌ ပေါက်ရောက် ကြီးပွားစည်ပင်တတ် သည်၏အဖြစ်ကြောင့် (အညွန့်၊ အရွက်၊ အသီးစသည်တို့ ဖြစ်သည်ကိုပင်) အသက် ရှိသည်ဟု ယူပါသည်။ (၄)

**မေး။** ရက္ခာဝရဏဂုတ္တိ–၌ ရက္ခာဂုတ္တိ, အာဝရဏဂုတ္တိတို့၏ သဘောသွား ခြားနားဟန်ကို ဖော်ပြပါ။

http://www.dhammadownload.com



ဖြေ။ ရက္ခာဂုတ္တိ ဟူသည် အနာဂတ်၌ ဖြစ်လတ္တံ့သော အကျိုးမဲ့ကို မဖြစ်စေခြင်း၏ အစွမ်းဖြင့် စောင့်ရှောက်ခြင်းတည်း။

အာဝရဏာဂုတ္တိ ဟူသည် ဖြစ်ဆဲပစ္စုပ္ပန်ဖြစ်သော အကျိုးမဲ့ကို တားမြစ်ခြင်း၏ စွမ်းဖြင့် စောင့်ရှောက်ခြင်းတည်း။ ဤသို့ သဘောသွား ခြားနားကြပါသည်။

မေး။ သာဝုကံ သာဂူတိ ကေတ္တမေတံ ပါဠ်ဖြင့် နစ်စေအပ်သော စောဒနာကို ဖော်ပြပါ။

ဖြေ။ သာဝုကံ–စသော ပါဠ်ဖြင့် အယဉ္ဟိ သာဝုသဒ္ဒေါ အာယာစနေ (လ) ဒဠှီကမ္မာဒီသု ဒိဿတိ ဟု သာဝုကံ မနသိ ကရောဟိ–ပါဠ်၌ သာဝုသဒ္ဒါ၏ အတ္ထုဒ္ဒါရကို မဆိုသင့်၊ သာဝုကသဒ္ဒါ၏ အတ္ထုဒ္ဒါရကိုသာ ဆိုသင့်သည်မဟုတ်လော ဟူသော စောဒနာကို နစ်စေပါသည်။ မှန်၏။ သာဝုသဒ္ဒါ, သာဝုကသဒ္ဒါတို့ကား အနက်အထူးရကား သာဝုသဒ္ဒါဖြင့် အတ္ထုဒ္ဒါရကို ဆိုသင့်၏။ ဟူလို။

မေး။ ''သမာရကသဒ္ဒါ''ဖြင့် ပြသော အဓိပ္ပါယ်ကို ရေးပါ။

ဖြေ။ နတ်ပြည် (၆)ထပ်ရှိ နတ်လောကသည် မာရ်နတ်က အထူးအာဏာပြလျှင် မာရ်နတ် အလိုသို့ လိုက်ရသောကြောင့် သမာရကသဒ္ဒါဖြင့် နတ်ပြည် ၆–ထပ်ရှိ ကာမာဝစရ နတ်အပေါင်းကို ယူရပါသည်။ မှန်၏။ နတ်ပြည် ၆–ထပ်သည် မာရ်နတ်၏ သူပုန်စားပြကဲ့သို့ အလိုကျဖြစ်ရာအရပ်တည်း။

မေး။ ''ဝသဝတ္တိ'' ဟု ဆိုရခြင်းအကြောင်းကို ရေးပါ။

ဖြေ။ ဆကာမာဝစရိဿရော ဟူ၍သာ ဆိုအပ်သော် သိကြားမင်း၊ သုယာမနတ်မင်း စသည်တို့ကိုလည်း မာရ်နတ်က အစိုးရသည် ဟူသော ယုံမှားသင်္ကာကို တားမြစ်ခြင်းငှါ ''ဝသဝတ္တိ''ဟု ဆိုရပါသည်။ ထိုနတ်များကို ပူးဝင်ခြင်း၊ သူပုန်စားပြကဲ့သို့ အာဏာပြခြင်းအားဖြင့် အလိုလိုက်စေနိုင်သော အစိုးရခြင်းတည်း။ မာရ်နတ်သည် သူ၏နေရာ ပရနိမ္မိတဝသဝတ္တိနတ်ပြည်၌သော်မှ အစိုးမရပေ။

မေး။ (ခ) ဝါကျ ပဠှဟိ ပဒေဟိ အရ ဖော်ပြ၍ (ဆ) ဝါကျအနုမာနာဒိပဋိက္ခေပေါ–၌ အာဒိဖြင့် ယူရမည့်အရာတို့ကို ရှင်းလင်းညွှန်ပြပါ။

ဖြေ။ (ခ) ဝါကျ ပဠှဟိ ပဒေဟိအရ သဒေဝကံ၊ သမာရကံ၊ သဗြဟ္မကံ၊ သဿမဏ ဗြာဟ္မဏိ၊ သဒေဝမနုဿံ ဤငါးပုဒ် ဖြစ်သည်။

http://www.dhammadownload.com



(ဆ) ဝါကျ အနုမာနာဒိ၌ အာဒိဖြင့်တွ

ဥပမာန၊ အတ္ထာပတ္တိ၊ သဒ္ဒန္တရသန္နိဓာန၊ သမ္ဘဝယောဂ၊ ဝိပ္ပယောဂ၊ သဟာစရဏ အစရှိသော အကြောင်းအမြွက်ဖြင့် သိစေခြင်းကို ပေါင်းယူရသည်။

တေန အနုမာနာဒိပဋိက္ခေပေါ ကတော ပကာသေတိ-ဤဝါကျ၌ အလုံးစုံသော အရာတို့၌ အတားအဆီး အပိတ်အပင်မရှိသော သဗ္ဗညုတဉာဏ်တော်၏ ကျက်စားရာ ဖြစ်သောကြောင့် ဘုရားရှင်တို့သည် အလုံးစုံသော တရားတို့ကို ပစ္စက္ခသာ သိတော်မူကြပါသည်။

မေး။ အနုတ္တရံ ဝိဝေကသုခံ ဖလသမာပတ္တိ-ပါဠိ၌ ပိသဒ္ဒါဖြင့် ပေါင်းယူအပ်သော အနက်ကို ဖော်ပြပါ။

ဖြေ။ ပိသဒ္ဒါဖြင့် ဖလသမာပတ်ဝင်စားနေစဉ်အတွင်း၌လည်း တစ်ရံတစ်ခါ ဘုရားရှင်သည် တရားဟောတော်မူ၏ ဟူသော အနက်ကို ပေါင်း၏။ (ဘုရားရှင်သည် တရားဟောနေစဉ် ပရိသတ်သာဓုခေါ်နေချိန်၌၎င်း၊ ကြားနာပြီး တရားစဉ်းစားနေချိန်၌၎င်း ဖလသမာပတ်ဝင်စားတော်မူ၏။ သမာပတ်မှထ၍ တရားကို ဆက်လက်ဟောတော်မူ၏။

မေး။ အဘယ်ပုဂ္ဂိုလ်၏အစွမ်းအားဖြင့် အပ္ပံ ဝါ ဗဟုံ ဝါ ဒေသေန္တော ဟု ဟောတော်မူခြင်းကို ရေးခဲ့ပါ။

ဖြေ။ ဥဃဋိတညူပုဂ္ဂိုလ်၏အစွမ်းဖြင့် အနည်းကို ''အပ္ပံ ဝါ''ဟု ဟောတော်မူပါသည်။ ဝိပဉ္စိတညူ၊ နေယျပုဂ္ဂိုလ်တို့၏အစွမ်းဖြင့် အများကို ''ဗဟုံ ဝါ''ဟု ဟောတော်မူပါသည်။

မေး။ သာမညဲ, မဂ္ဂ, နိဗ္ဗာနသဒ္ဒါတို့ဖြင့် သိမ်းကျုံး၍ ယူနိုင်ပုံကို ရေးခဲ့ပါ။

ဖြေ။ သာမညအရ ယူရပုံ သာမညအားဖြင့်ကား သီလသဒ္ဒါဖြင့် သီလနှင့်ဆက်သွယ်သော သသမ္ဘာရသီလကို (အဆောက်အဦ အဆက်အသွယ်နှင့်တကွဖြစ်သော သီလကို) ယူရမည်။

မဂ္ဂသဒ္ဒါဖြင့်လည်း သသမ္ဘာရမဂ္ဂကို (မဂ်ကို ရကြောင်းအဆောက်အဦအင်္ဂါနှင့်တကွမဂ်ကို ရကြောင်း ဒါန, သီလ စသော သမ္ဘာရနှင့်တကွ ဖြစ်သော နိဗ္ဗာန်ကို)

http://www.dhammadownload.com



ယူရမည်။ ''ဤသို့ ယူမှသာ ဒေသနာတော်၏ အနက်အားလုံးကို သိမ်းကျုံးနိုင်မည်''ဟူလို။

ဝိသေသပြု၍ဆိုရပုံ သီလ, မဂ်, နိဗ္ဗာန် ဟူသော ဝိသေသအနက်ကိုသာ ဆိုရခြင်းမှာလည်း ပဋိပတ်သာသနာတော်၏ ပြည့်စုံမှုဝယ် သီလက အရင်းခံဖြစ်သော ကြောင့်၎င်း၊ မဂ်ကအလယ်ဖြစ်သော ကြောင့်၎င်း၊ နိဗ္ဗာန်က အဆုံးဖြစ်သောကြောင့်၎င်း၊ အာဒိကလျာဏ စသည့်၌ ဤသုံးပါးကိုသာ အထူးအားဖြင့် ဆိုရပါသည်။

**မေး။** ပရိပုဏ္ဏန္တိ အနူနာဓိကဝစနံ၌ အနူနနှင့်အနဓိက၏အဖြစ်ကို အဘယ့်အကြောင်းဖြင့် သိအပ်၊ သိနိုင်ပါသနည်း။

**ဖြေ။** အကြောင်းအကျိုးငါ့ ဟောတော်မူအပ်၏။ ထိုအကျိုးကို ပြီးစေတတ်သောကြောင့် ''အနူန''အဖြစ်ကို သိအပ်၏။ ထိုဟောအပ်သောအကျိုး၏ ဆန့်ကျင်ဘက်ဖြစ်သော မဟောအပ်သောအကျိုးကို မပြီးစေတတ်သောကြောင့် အနဓိကအဖြစ်ကို သိအပ်၏။

**မေး။** အနူနာဓိကဝစနံ-၌ ဦန+အနူန+အဓိက+အနဓိကဒေသနာအားဖြင့် ခွဲခြားပါ။

**ဖြေ။** ရည်ရွယ်အပ်သော အနက်အဓိပ္ပါယ်၏ မပြည့်မစုံဖြစ်နေခြင်းကို ''လျော့ ဦန''ဟု ဆို၏။ ထိုသို့အလျော့မရှိသည်ကို ''အနူနဒေသနာ''ဟု ဆိုရသည်။ ထိုရည်ရွယ်အပ်သော အနက်အဓိပ္ပါယ်၏ ဆန့်ကျင်ဘက်အနက် အဓိပ္ပါယ်ပါနေခြင်းကို ''အဓိက'' ဟု ဆိုရ၏။ ထိုသို့ မပါခြင်းကို ''အနဓိကဒေသနာ'' ဟု ဆိုရသည်။

(တစ်နည်း) ဤဒေသနာနှင့် ဆိုင်ရာဖြစ်သော ဖြူစင်သော ကောင်းမြတ်သော အနက်အဓိပ္ပါယ်ကျန်နေသေးလျှင် ထည့်သွင်းကပ်ဆောင်ရပေလိမ့်မည်။ ဒေသနာတော်အတွင်း၌ ညစ်ညမ်းသော အနက်အဓိပ္ပါယ်ပါနေလျှင်လည်း ထိုအနက်ကို စွန့်ပယ်ရပေလိမ့်မည်။ ထိုသို့ ထည့်သွင်းဖွယ်မရှိသောကြောင့် အနူနဒေသနာဖြစ်၏ ထိုသို့ စွန့်ပစ်စရာ မရှိသောကြောင့်လည်း အနဓိကဒေသနာ ဖြစ်သည်။

**မေး။** ဗြဟ္မစရိယံ ပကာသေတိ-၌ ဣတ္ထမ္ဘူတ ဗြဟ္မစရိယအရ တရားကို ဖော်ပြပါ။

**ဖြေ။** ဗြဟ္မစရိယအရ သိက္ခာသုံးပါးအပေါင်းဖြင့် သိမ်းယူအပ်သော ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓအားဖြင့် အလုံးစုံသော သာသနာတော်ကို ယူရပါသည်။

**မေး။** မာနနှင့်ဒပ္ပတို့၏ အထူးကို ရေးခဲ့ပါ။

**ဖြေ။** အားနည်းသော ထောင်လွှားခြင်းသည် ''မာန'' မည်၏။ အားကြီးသော ထောင်လွှားခြင်းသည် ''ဒပ္ပ'' မည်၏။ ဤသို့ ထူးပါသည်။

http://www.dhammadownload.com



မေး။ နိဟတမာနတ္တာဟု ဆိုရခြင်းအကြောင်းကို ရေးခဲ့ပါ။

ဖြေ။ မာနကို ဝေးစွာ ကောင်းကောင်းပယ်ရှားအပ်သူအားသာ သမ္မာပဋိပတ်ဖြစ်သင့်၏။ မာနကြီးသူအား မဖြစ်သင့်။ ထို့ကြောင့် ''နိဟတမာနတ္တာ''ဟု ဆိုပါသည်။

မေး။ သာသနာ၌ တည်ရာကို မုချအားဖြင့် ဖော်ပြပါ။

ဖြေ။ သီလသာ ဖြစ်ပါသည်။ (တစ်နည်း) သစ္စာတရားကို ထိုးထွင်းသိခြင်းဟူသော လောကုတ္တရာသည် မုချအားဖြင့် တည်ရာဖြစ်ပါသည်။

မေး။ ဒွေ ဇာယမ္ပတိကာ-၌ ''ဒွေ'' ဟု ဝိသေသနပြုရခြင်းအကြောင်းကို ရေးခဲ့ပါ။

ဖြေ။ ''ဇာယမ္ပတိကာ''ဟု ဆိုလျှင် မယားနှင့်လင်နှစ်ယောက်ဟု သိသာသော်လည်း အချို့သောယောက်ျား၌ မယားအများ ရှိတတ်သေး၏။ ထိုသူတို့တွင် မယားတစ်ယောက်သာရှိသူသော်မှ ဃရာဝါသသည် ကျဉ်းမြောင်းသေး၏။ မယားအများရှိသူမှာ ပြောဖွယ်ရာပင် မလိုဟု ပြလို၍ ''ဒွေ''ဟု ဝိသေသနပြုရပါသည်။

မေး။ သကိဉ္စနပလိဗောဓဋ္ဌေန-၌ ကိဉ္စနနှင့်ပလိဗောဓတို့၏ အထူးကို ဖော်ပြပါ။

ဖြေ။ ဖိစီးနှိပ်စက် ကန့်ကွက်တားမြစ်တတ်သော ရာဂစသော အန္တရာယ်သည် ''ကိဉ္စန'' မည်၏။ ထက်ဝန်းကျင်မှ ပိတ်ပင်နှောင့်ယှက် ကန့်ကွက်တားမြစ်တတ်သော လယ်ယာ ကိုင်းကျွန်းစသော အန္တရာယ်သည် ''ပလိဗောဓ''မည်၏။ ဤသို့ ထူးပါသည်။

မေး။ ခတ္တိယ, ဗြာဟ္မဏ ဟီနဇစ္စတို့ကို ဘုရားရှင်မညွှန်းခြင်းအကြောင်းကို ရေးခဲ့ပါ။

ဖြေ။ မင်းမျိုးသည် ဇာတ်ကို မှီ၍ မာနကြီးတတ်၏။ ပုဏ္ဏားမျိုးသည် ဗေဒင်ကို မှီ၍ မာနကြီးတတ်၏။ ဟီနဇစ္စသည် ဇာတ်ယုတ်ညံ့သောကြောင့် သီလ၌ တည်ခြင်းငှါ မစွမ်းနိုင်။ ထို့ကြောင့် --- ခြင်းဖြစ်ပါသည်။

မေး။ သမ္ဗာဓော ဃရာဝါသောတိ ။ပ။ ဃရာဝါသော သမ္ဗာဓောယေဝ ဝါကျလာဆောင်၍ သိအပ်သော နေယျတ္ထအဓိပ္ပါယ်ကို ရေးသားခဲ့ပါ။

ဖြေ။ အထက်ပါ ဝါကျတစ်ခုလုံးဖြင့် အိမ်ယာတည်ထောင် လူတို့ဘောင်၌ နေရခြင်းသည် ကျဉ်းမြောင်း၏ဟု ဆိုသဖြင့် ရဟန်းဘောင်၌ နေရခြင်းသည် ကိဉ္စနပလိဗောဓ မရှိသောကြောင့် ကျယ်ဝန်း၏ဟူသော အဓိပ္ပါယ်ကို ဆောင်၍ သိအပ်ပါသည်။

http://www.dhammadownload.com



ယင်းဝါကျ၌ ဒွေ–ဖြင့် မယားတစ်ယောက်ရှိသူအဖို့ပင် ကျဉ်းမြောင်းသေး၏။ မယားများစွာရှိသူ အဖို့မှာမူကား ဆိုဖွယ်ရာ မရှိ၊ သာ၍ ကျဉ်းမြောင်းသည်သာ ဟူသော အဓိပ္ပါယ်ကို ဆောင်၍ သိအပ်ပါသည်။

**မေး။** အိမ်ယာထောင်သူ လူ့အဖြစ်သည် အဘယ့်ကြောင့် ကျဉ်းမြောင်း၍ ရှင်ရဟန်း အဖြစ်က အဘယ့်ကြောင့် လွင်ပြင်ကျယ်နှင့် တူသည်ကို ယုတ္တိပြ၍ ဖြေဆိုခဲ့ပါ။

**ဖြေ။** အတောင် (၆၀) ရှိသော အိမ်၌ဖြစ်စေ လင်မယားနှစ်ယောက်တို့၏အကြား ယူဇနာ (၁၀၀) ခြားသော အရပ်၌ဖြစ်စေ လင်မယားနှစ်ယောက်တို့အတူ နေကြရစေကာမူ ထိုလင်မယားတို့အား ဖိစီးနှိပ်စက်တတ်သော ရာဂစသော အန္တရာယ်၊ ထက်ဝန်းကျင်မှ နှိပ်စက်တတ်သော လယ်ယာကိုင်းကျွန်း စသော အန္တရာယ်နှင့်တကွ ဖြစ်သော အနက်သဘောကြောင့် အိမ်ယာထောင်သူ လူ၏အဖြစ်သည် ကျဉ်းမြောင်းပါသည်။ ရှင်ရဟန်းသည် ပိတ်အပ်ပြီးသော တံခါးမ လေသောက်ပြူတင်းတံခါးရွက်ရှိကုန်သော ဖုံးကွယ်အပ်ကုန်ပြီးသော စုလစ်မွန်းချွန် အထွဋ်မှတပ်သော ကျောင်းရတနာပြာသာဒ် နတ်ဗိမာန် စသည်တို့၌ နေပင်နေရစေကာမူ ကပ်ငြိနှောင်ဖွဲ့ခြင်း မရှိ။ ထို့ကြောင့် ရှင်ရဟန်းအဖြစ်သည် လွင်ပြင်ကျယ်နှင့်တူပါသည်။

(တစ်နည်း) ကုသိုလ်ပြုခြင်းငှါ (အလိုရှိတိုင်း) အခွင့်အလမ်း မရှိခြင်းကြောင့် အိမ်ယာထောင်သူ လူ၏အဖြစ်သည် ကျဉ်းမြောင်းပါသည်။ ကုသိုလ်ပြုခြင်းငှါ အလိုရှိတိုင်း အခွင့်အလမ်းရှိခြင်းကြောင့် ရှင်ရဟန်းအဖြစ်သည် လွင်ပြင်ကျယ်နှင့် တူပါသည်။

**မေး။** ရဇောပထောတိ ရာဂ . ။ပ။ ယံ ဝတ္တံ။ အာဂမနပထောတိပိ ဝဒန္တိ–ဝါကျတို့၌ ပြအပ်သော အနက်အဓိပ္ပါယ်ကို ဖော်ပြပါ။

**ဖြေ။** ရာဂအစရှိသည်တို့၏ လာရာလမ်းကြောင်း၏အဖြစ်သည်လည်း ရာဂမြူအစ ရှိသည်တို့၏ ထရာအရပ်ပေတည်း။ ထို့ကြောင့် သံဝဏ္ဏနာနှစ်ခုလုံး အနက်အဓိပ္ပါယ် တူ၍ သဒ္ဒါမျှသာ ထူးပါသည်။

**မေး။** အပ္ပံ ဝါ ဘောဂက္ခန္ဓံ ပဟာယ စသည်၌ စည်းစိမ်နှင့်ဆွေမျိုး အပ္ပ+မဟာတို့၏ ယူပုံအထူးကို ဖော်ပြပါ။

**ဖြေ။** အသပြာတစ်ထောင်အောက် ယုတ်လျော့သော စည်းစိမ်ဥစ္စာသည် ''အပ္ပ''မည်၏။ အသပြာတစ်ထောင်မှစ၍ အထက်သည်''မဟာ''မည်၏။ ဆွေမျိုးဆက်နှစ်ဆယ်

http://www.dhammadownload.com



အောက်သည် ''အပ္ပ''မည်၏။ နှစ်ဆယ်မှစ၍ အထက်သည် ''မဟာ''မည်၏။ ဤသို့ ထူးပါသည်။

မေး။ အာစာရဂေါစရသမ္ပန္နော–၌ ဂေါစရသရုပ် (ဆွမ်းမခံကောင်းသော အရပ်)ကို ဖော်ပြပါ။

ဖြေ။ (၁) ပြည့်တန်ဆာမ၊ (၂) လင်သေမုဆိုးမ၊ (၃) အရွယ်လွန်၍ လင်မရသော မိန်းမ၊ (၄) ရဟန်းမိန်းမ (ဘိက္ခုနီမ)၊ (၅) ပဏ္ဍုက် တို့တည်း။

မေး။ ဉပ္ပတ္တိဒွါရဒဿနတ္ထံ–၌ ဒွါရအရ ကောက်ပြပါ။

ဖြေ။ ဒွါရအရ ကာယဝိညတ်၊ ဝစီဝိညတ်ကို ယူရပါသည်။

မေး။ အနာစာရနှင့်အာစာရတို့၏ အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ ဒါယကာ ဒါယိကာမတို့အား ဝါးပေးခြင်း၊ အိမ်မိုးမှုစသည်ပြုဖို့ရန် ဆောင်ရွက်ပေးခြင်း စသော ကုလဒူသနအမှုကို အနာစာရဟု ဆို၍ ထိုအမှုများကို မပြုဘဲ ဝိနည်းတော်နှင့်အညီ ပြုကျင့်ခြင်းကို အာစာရဟု ဆိုပါသည်။

မေး။ အာစာရသီလနှင့်ဂေါစရသီလတို့၏ အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ အာစာရသီလဟူသည်ကား ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရတို့ဖြင့် အကုသိုလ်တရားတို့မှ ရှောင်ကြဉ်သော သီလတည်း။ ဂေါစရသီလဟူသည်ကား ပြည့်တန်ဆာမ၊ လင်သေမုဆိုးမ၊ အရွယ်လွန်၍ လင်မရသော မိန်းမ၊ ရဟန်းမိန်းမ၊ ပဏ္ဍုက်၊ ဤဂေါစရငါးပါးတို့ကို ကြဉ်၍ ဆောက်တည်သော သီလတည်း။

မေး။ အာစာရဂေါစရသမ္ပန္နဂ္ဂဟဏေနေဝ–၌ သမ္ပန္နသဒ္ဒါကို ထည့်၍ အဓိပ္ပါယ်ယူရခြင်း အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ အာစာရဂေါစရဂ္ဂဟဏေနေဝ–၌ အာစာရဂေါစရသမ္ပန္နဂ္ဂဟဏေနေဝ ဟု သမ္ပန္နသဒ္ဒါ ထည့်၍ အဓိပ္ပါယ်ယူရမည်။ အကြောင်းကား သမ္ပန္နသဒ္ဒါ မပါဘဲ အာစာရဂေါစရသဒ္ဒါသက်သက်မျှဖြင့် ကုသိုလ် ကာယကံ၊ ဝစီကံတို့ကို ယူမှုမဖြစ်နိုင်သောကြောင့်တည်း။

သာဓကကား ကုသလေ ကာယကမ္မဝစီကမ္မေ ဂဟိတေပိ ဟူသော အဋ္ဌကထာ ပါဠိ ဖြစ်သည်

http://www.dhammadownload.com



**သမထာမုဏ္ဍိကပုတ္တသုတ္တန္တဝဏ္ဏနာ ဝါ–၌ ဝါသဒ္ဒါအနက် –**

ယင်းဝါကျ၌ ဝါသဒ္ဒါကား သုတ္တန်တစ်ပါးဖြင့် နှီးနှောခြင်းဟု ဆိုအပ်သော အတ္ထန္တရဝိကပ်အနက် ရှိသည်။

ကာယကမ္မဝစီကမ္မေန ။ပ။ ဝုတ္တံ (၄–၁၆၃) ၌ သိဒ္ဓေ သတိပိ ပုနာရမ္ဘော နိယမာယ ဝါ ဟောတိ အတ္ထန္တရဝိညာပနာယ ဝါ–ဟု ပရိဘာသာ ရှိ၏။ ဤ၌ကား ပရိသုဒ္ဓါဇီဝေါဟုချည်း ဟောတော်မူလျှင် အာဇီဝပါရိသုဒ္ဓိသီလ ဖြစ်ကြောင်းပြီးနိုင်ပါလျက် ကာယကမ္မဝစီကမ္မေန သမန္နာဂတော ကုသလေနဟု ဟောတော်မူခြင်းသည် အာဇီဝပါရိသုဒ္ဓိသီလ၏ ကာယဒွါရ၌ ဖြစ်ပုံ ပြရခြင်းဟူသော အနက်အစိပ္ပါယ် တစ်မျိုးကို သိစေရခြင်းအကျိုး ရှိပါသည်။

**မေး။** မဟာအဋ္ဌကထာယမ္ပိ ဣဒမ္ပိ–၌ အပိသဒ္ဒါ၏ ပေါင်းအပ်သော သီလကိုလည်း ဖော်ပြပါ။

**ဖြေ။** ဣဒမ္ပိ–၌ အပိသဒ္ဒါသည် အဒိန္နာဒါနဝေရမဏီစသော အခြားသော သီလတို့ကို ပေါင်းပါသည်။

**မေး။** ပါဠိတော်၌ ''ဣဒမ္ပိ''ဟု အပိသဒ္ဒါထည့်၍ မဆိုရခြင်းအကြောင်းကို ရေးခဲ့ပါ။

**ဖြေ။** မဟာသီလအဆုံး၌ အပေါင်းမှ ထုတ်စရာအနက် မရှိသောကြောင့် ပဌမာဝိဘတ် အနက်၌သာ ဖြစ်သင့်ရကား ''ဣဒံ အဿ'' ဟု ဆိုပါသည်။ ထို့ကြောင့်ပင် ပါဠိတော်၌ ''ဣဒမ္ပိ''ဟု အပိသဒ္ဒါ မဆိုပါ။

**မေး။** ဣန္ဒြိယသံဝရကထာ စက္ခုနာ ရူပံ ဒိသွာ–၌ စက္ခုအပြားကို တရားကိုယ်နှင့်တကွ ဖော်ပြ၍ ဣဓာဓိပ္ပေတစက္ခုကိုလည်း ဖြေဆိုပါ။

**ဖြေ။** စက္ခုသရုပ်နှင့်တရားကိုယ် တွဲစပ်ပုံ

(၁) ဗုဒ္ဓစက္ခု = အာသယာနုသယဉာဏ်၊ ဣန္ဒြိယပရောပရိယတ္တဉာဏ်၊
(၂) သမန္တစက္ခု = သဗ္ဗညုတဉာဏ်၊
(၃) ဓမ္မစက္ခု = အောက်မဂ်သုံးပါးဉာဏ်၊
(၄) ပညာစက္ခု = ပုဗ္ဗေနိဝါသဉာဏ်၊
(၅) ဒိဗ္ဗစက္ခု = ဒိဗ္ဗစက္ခုအဘိညာဏ်
(၆) ပသာဒစက္ခု = စက္ခုပသာဒရုပ်။

http://www.dhammadownload.com



ဤ စက္ခုနာ ရူပံ ဒိသွာ–၌ က္လာစိပ္ပေတစက္ခုကား ပသာဒစက္ခုတည်း။

အသံဝရ မူလာနိဘာယာနိ၌ ဘာယအရ – အတ္တာနုဝါဒဘေး၊ ပရာနုဝါဒဘေး၊ ဒဏ္ဍဘေး စသည်တို့ကို ယူရပါမည်။

မေး။ စက္ခုသဒ္ဒါ စက္ခုဝိညာဏ်၌လည်း ဖြစ်နိုင်ပုံကို သာဓကဆောင်၍ ရေးခဲ့ပါ။

ဖြေ။ စက္ခုသဒ္ဒါသည် ပသာဒစက္ခု၏နာမဖြင့် စက္ခုဝိညာဏ်ဟူသောအနက်၌ ဖြစ်၏။ စက္ခုသဒ္ဒါသည် မုချအားဖြင့် ပသာဒစက္ခု၌သာ ဖြစ်၏။ ပရိယာယ်အားဖြင့် မှီရာ စက္ခုပသာဒ၏ နာမည်ဖြင့် နိဿိတကို ဆိုအပ်သောကြောင့် "မဋ္ဌာ ဥက္ကုဋ္ဌိံ ကရောန္တိ" ကဲ့သို့ စက္ခုဝိညာဏ်၌လည်း ဖြစ်၏။

မေး။ ခတ္တိယာဘိသိက်အင်္ဂါ (၃) ပါးကို ရေတွက်ပြပါ။

ဖြေ။ ၁။ ယထာဝိဓာနဝိဟိတေန ပါဠ်ဖြင့် ရှေးမင်းအဆက်ဆက်တို့ လေ့ကျက်အပ်သော အစီအရင်နှင့် ပြည့်စုံသည်၏အဖြစ်ဟူသော အင်္ဂါတစ်ပါးကို ပြ၏။

၂။ ခတ္တိယာဘိသေကေန ပါဠ်ဖြင့် မင်း၏အဖြစ်ကို ဆောင်တတ်သည်၏အဖြစ်ဟူသော အင်္ဂါတစ်ပါးကို ပြ၏။

၃။ မုဒ္ဓနိအဝသိတ္တော ပါဠ်ဖြင့် ထိပ်ထက်၌ ရေစင်ဖြင့် သွန်းလောင်းအပ်သည်၏အဖြစ်ဟူသော အင်္ဂါတစ်ပါးကို ပြ၏။

ဤခတ္တိယာဘိသိက် အင်္ဂါ(၃)ပါးဖြင့် သွန်းလောင်းအပ်သော မင်းတို့၏ အာနုဘော်သည် ပြည့်စုံနိုင်၏။

မေး။ ပဋ္ဌဝိဓစေတောခိလဝိနိဗန္ဓစိတ္တော (ပ္ပ၊ ၁၆၉) ၌ ပဋ္ဌဝိဓစေတောခိလ, ပဋ္ဌဝိဓစေတောဝိနိဗန္ဓတို့၏ သရုပ်ကို ဖော်ပြပါ။

ဖြေ။ **ပဋ္ဌဝိဓစေတောခိလသရုပ်ကား**

(၁) ဗုဒ္ဓေ ဝိစိကိစ္ဆာ၊ (၂) ဓမ္မေ ဝိစိကိစ္ဆာ၊ (၃) သံဃေ ဝိစိကိစ္ဆာ၊
(၄) သိက္ခာယ ဝိစိကိစ္ဆာ၊ (၅) သဗြဟ္မစာရီသု ကောပ တို့ဖြစ်ပါသည်။

**ပဋ္ဌဝိဓစေတောဝိနိဗန္ဓသရုပ်ကား**

(၁) ကာမအဝီတရာဂ၊ (၂) ကာယအဝီတရာဂ၊ (၃) ရူပအဝီတရာဂ၊
(၄) သုခါနုယောဂ၊ (၅) ဒေဝပတ္ထနာ တို့ဖြစ်ပါသည်။

http://www.dhammadownload.com



**မေး။** သမ္ဗဇာနံ ကာရီ ဟောတိ-၌ သမ္ပဇဉ်အပြား (၄) မျိုးကို ဖော်ပြပါ။

**ဖြေ။** (၁) သာတ္ထကသမ္ပဇဉ်၊ (၂) သပ္ပါယသမ္ပဇဉ်၊
(၃) ဂေါစရသမ္ပဇဉ်၊ (၄) အသမ္မောဟသမ္ပဇဉ်။

**အမှာ။** အကျယ်ကို (ဌ၊ ၁၆၆) တို့၌ ရှု။

**မေး။** ဒွေ ကထာ နာမ န ကထိတပုဗ္ဗော ဟု ဆိုထားပုံကို ရေးခဲ့ပါ။

**ဖြေ။** ရှင်ပြုသောနေ့မှစ၍ ရဟန်းတို့ခေါ်ကြောင်းစကားအလိုသို့ လိုက်နာပြုကျင့်သော စကား၊ အလိုသို့ မလိုက်နာမပြုကျင့် (ခေါ်သည်ကို ပြန်မထူး) သော စကားနှစ်မျိုးကို ''ဒွေ ကထာ'' ဟု ခေါ်ပါသည်။ ထိုတွင် လိုက်နာပြုကျင့်သော စကားကို ပြောဖူး၍ ခေါ်သည်ကို ပြန်မထူးသော ဒုတိယစကားကို မပြောဖူးလေ။

**မေး။** သပ္ပါယသမ္ပဇဉ်ဖြစ်အောင် ကျင့်ဆောင်ပုံကို ရေးခဲ့ပါ။

**ဖြေ။** လူစည်ကားရာ ဘုရားပွဲများ၌ ဣဋ္ဌာရုံနှင့် တွေ့လျှင် လောဘဖြစ်တတ်သည်။ အနိဋ္ဌာရုံနှင့် တွေ့လျှင် ဒေါသဖြစ်တတ်သည်။ မညီမမျှ ကြည့်ရှုလျှင် မောဟဖြစ်တတ်သည်။ ကာယသံသဂ္ဂအာပတ်သို့လည်း ရောက်တတ်သည်။ အသက်, သာသနဗြဟ္မစရိယ၏ အန္တရာယ်သော်လည်း ဖြစ်တတ်သည်။ ဤသို့ ဖြစ်လသော် ထိုဘုရားပွဲ အရပ်သည် အသပ္ပါယ မလျောက်ပတ်ပါ။ ဆိုခဲ့ပြီး အန္တရာယ်မဖြစ်လျှင် သပ္ပါယ-လျောက်ပတ်၏။ ထိုသို့ သပ္ပါယသမ္ပဇဉ်ဖြစ်အောင် ကျင့်ဆောင်ရပါမည်။

**မေး။** နိဝတ္တိယမာနောပိ-၌ ပိသဒ္ဒါအနက်ကို ဖော်ပြပါ။

**ဖြေ။** ယင်းပါဠိ၌ ပိသဒ္ဒါသည် လာစဉ်က ခရီးဦးကြိုဆိုပုံကို ပေါင်းခြင်းသမ္ပိဏ္ဍန အနက်ရှိ၏။ ရောက်လာစဉ်က ခရီးဦးကြိုဆိုရုံသာမက ပြန်တော့လည်း လိုက်ပို့ကြသည်ဟူလို။ နိဝတ္တိယမာနောပိ-ပြန်နစ်, ပြန်သော်လည်းဟု အနက်ယောဇနာရမည်။

**မေး။** စိတ်နှစ်ပါးပြိုင်၍ မဖြစ်နိုင်ပုံကို ရေးခဲ့ပါ။

**ဖြေ။** စိတ်ဟူသမျှ နှစ်ပါးပြိုင်၍ ဖြစ်လေ့မရှိ၊ ရှေ့စိတ်ချုပ်ပြီးမှ (ထိုစိတ်၏ အနန္တရသတ္တိစသည်ဖြင့် ကျေးဇူးပြုချက်အရ) သင့်လျော်သော နောက်စိတ်တစ်ပါး ဖြစ်လာရသည်။

**မေး။** ကဋ္ဌစ္ဆုနှင့်ဒဗ္ဗိတို့၏ အထူးကို ရေးခဲ့ပါ။

**ဖြေ။** ဘောဇဉ်စသည်ကို အတွင်း၌ပြု၍ ယူကြောင်း ယောက်ချို (ဇွန်း) သည် ''ကဋ္ဌစ္ဆု'' မည်၏။ ထိုဘောဇဉ် စသည်ကို ထုတ်ဆောင်ခြင်းစသည်ကို ပြုကြောင်း ယောက်မသည် ''ဒဗ္ဗိ''မည်၏။ ဤသို့ ထူးပါသည်။

http://www.dhammadownload.com



**မေး။** (ဂ) ဝါကျ၌ ဩလောကိတ+ဥလ္လောကိတ+အပလောကိတ တို့ကို အဘယ့်ကြောင့် မယူသနည်း စုံလင်စွာ ဖော်ပြပါ။

**ဖြေ။** သမဏအသာရုပ္ပဖြစ်သောကြောင့် ဩလောကိတစသော သုံးမျိုးတို့ကို မယူရပါ။ (တစ်နည်း) တံမြက်လှည်းခြင်းစသည်၌ ဩလောကိတ၊ ဗိတာန်မျက်နှာကြက်ကို သုတ်သင်ခြင်းစသည်၌ ဥလ္လောကိတ၊ နောက်မှလာသော ဘေးရန်ကို ရှောင်လွှဲခြင်း စသည်၌ အပလောကိတဖြစ်သင့်ရကား ဥပလက္ခဏနည်းအားဖြင့် အာလောကိတ၊ ဝိလောကိတကို ယူသဖြင့် ဩလောကိတ စသော သုံးမျိုးတို့ကိုလည်း ယူပြီးဖြစ်သော ကြောင့် ယင်းဩလောကိတ စသော သုံးမျိုးတို့ကို သီးခြား မယူရခြင်း ဖြစ်ပါသည်။

**မေး။** ဒုပဋ္ဋံကို ဆိုရခြင်းအကြောင်းကို ရေးသားဖြေဆိုပါ။

**ဖြေ။** ဒုပဋ္ဋံကို နိဒဿနနည်း၊ ကေဒေသူပစာနည်းအားဖြင့် ဆိုထားခြင်းဖြစ်ပါသည်။ အကြောင်းကား အငွေ့များသော ဂိုဒေါင်စသည်၌ ကြာမြင့်စွာ ထားအပ်သည်ဖြစ်၍ နည်းနည်းဆွေးနေသော အဝတ်များကို သင်္ကန်းချုပ်ရာ၌ လေးထပ်သင်္ကန်းကြီး၊ နှစ်ထပ် ကေသီ၊ နှစ်ထပ်သင်းပိုင် ချုပ်နိုင်၏။ ပံသုကူအဝတ်ဖြစ်မူ အလိုရှိသလောက် ထပ်နိုင်၏ဟု ဘုရားရှင်ခွင့်ပြုတော်မူသောကြောင့် ဖြစ်ပါသည်။

**မေး။** အဂ္ဂဠာဒိဒါနေန-၌ "အဂ္ဂဠ" မည်ပုံနှင့် အာဒိအရကိုလည်း ဖော်ပြပါ။

**ဖြေ။** ရှိနေသော အဝတ်အသားကို ထုတ်နုတ်၍ ထိုအပေါက်နေရာ၌ ငြိကပ်စေအပ်သော အဝတ်အပိုင်းသည် အဂ္ဂဠ (အဖာ) မည်၏။ အာဒိဖြင့် တုန္နကမ္မ-စုတ်နေသဖြင့် အပ်ချုပ်ရမှု စသည်တို့ကို ယူရ၏။

**တထာအနက်**

တထာသဒ္ဒါသည် အသပ္ပါယမေဝကို ငင်သော အနုကမုနတ္ထတည်း။

**မေး။** ပဋ္ဋုဏ္ဏဒုကူလာဒိဘေဒံ-၌ ပဋ္ဋုဏ္ဏနှင့် ဒုကူလတို့၏ အထူးကို ဖော်ပြ၍ ဒုကူလာ ဒိဘေဒံ၌ အာဒိဖြင့် ယူရမည့်အရာကို ဖော်ပြပါ။

**ဖြေ။** ပဋ္ဋုဏ္ဏတိုင်း၌ဖြစ်သော ပိုးချည်အဝတ်သည် "ပဋ္ဋုဏ္ဏ" မည်၏။ ဝါချည်ဖြင့် အထူးရက်အပ်သော ဘွဲ့ဖြူအဝတ်သည် "ဒုကူလ" မည်၏။ အာဒိဖြင့် ကောသေယျ၊ ကမ္ဗလစသော အနုလောမကပ္ပိယစီဝရကို ယူရ၏။

http://www.dhammadownload.com



**မေး။** နိဝါသန္တရာယကရံ-ဖြင့် အန္တရာယ်ပြုတတ်သည်ဟု ဆိုရခြင်းအကြောင်းကို ရေးပါ။

**ဖြေ။** နိဝါသန္တရာယကရံ-ဖြင့် ဗြဟ္မစရိယန္တရာယ် တစ်စိတ်တစ်ဒေသကို ဆို၏။ ခိုးသူစသည်တို့နှင့် ဆက်ဆံသောကြောင့် အန္တရာယ်ပြုတတ်သည်ဟု ဆိုပါသည်။

**မေး။** မဏိဝဏ္ဏပတ္တော ပန လောဘနီယော-ပါဌ်ဖြင့် ပြအပ်သော အဓိပ္ပါယ်ကို ဖြေဆိုပါ။

**ဖြေ။** ယင်းပါဌ်ဖြင့် ''ပတ္တမြားအဆင်းနှင့်တူသော အဆင်းရှိသော ထိုသပိတ်သည် ဝိနည်းပရိယာယ်အားဖြင့် အပ်သည်။ သို့ရာတွင် သုတ္တန်ပရိယာယ်အားဖြင့် ထိုပတ္တမြားအဆင်းနှင့်တူသော အဆင်းရှိသော သပိတ်သည် အန္တရာယ်ကို ပြုတတ်သောကြောင့် အသပ္ပါယဖြစ်၏ ဟူသော အဓိပ္ပါယ်ကို ပြပါသည်။

**မေး။** ဉာဏ်သာမညဖလသုတ်၌ သမ္မဇည (၄)ပါးလုံး ရခြင်း၏အကြောင်းကို ရေးခဲ့ပါ။

**ဖြေ။** ဉာဏ်သာမညဖလသုတ်ဒေသနာတော်၌ ရဟန်းအဖြစ်၏အကျိုးထူးကို ပြခြင်းလျှင် ပြဓာန်းခြင်းရှိသောကြောင့် (ဝါ) ဉာဏ်သာမညဖလသုတ် ဒေသနာတော်၏ ရဟန်းအဖြစ်၏အကျိုးထူးကို ပြသော ဒေသနာတော်ဖြစ်သောကြောင့် ဉာဏ်သုတ်၌ သမ္မဇညလေးပါးလုံးကို ရခြင်းဖြစ်ပါသည်။

**မေး။** သတိသမ္ပယုတ္တဿေဝ-ဖြင့် ပြအပ်သော အဓိပ္ပါယ်ကို ဖော်ပြပါ။

**ဖြေ။** သတိ ။ပ။ ဿေဝ ဟူသောပါဌ်ဖြင့် ''သမ္မဇည၏သိခြင်းကိစ္စအားဖြင့် ပြဋ္ဌာန်းသည်၏အဖြစ်ကို ယူအပ်သကဲ့သို့ ထို့အတူ သတိ၏လည်း အောက်မေ့ခြင်းကိစ္စအားဖြင့် ပြဋ္ဌာန်းသည်၏အဖြစ်ကို ယူအပ်၏'' ဟူသော အနက်အဓိပ္ပါယ်ကို ပြပါသည်။ ထိုသတိသမ္ပယုတ္တဿေဝ-ဟူသောပုဒ်သည် သတိ၏သမ္မဇညနှင့် အတူတကွ ဖြစ်ကာမျှကို ပြကြောင်းဖြစ်သောပုဒ်ကား မဟုတ်။

**မေး။** ''သတော သမ္ပဇာနော''ဟု တွဲစပ်ဟောရခြင်း၏ အကြောင်းကို ဖြေဆိုပါ။

**ဖြေ။** ဉာဏ်သည် သတိနှင့်ကင်း၍ တစ်ခါတစ်ရံမျှ ဖြစ်ခြင်းသဘောမရှိသောကြောင့် (ဉာဏ်ယှဉ်ရာ စိတ်တိုင်း၌ သတိယှဉ်သည်သာ ဖြစ်သောကြောင့်) သတော သမ္ပဇာနောဟု သတိနှင့်သမ္မဇညကို တွဲစပ်၍ ဟောတော်မူပါသည်။ သတော သမ္ပဇာနော အဘိက္ကမတိ-ဟူသော ဝိဘင်းပါဠိဖြင့် သမ္ပဇာနသည် ပဓာနဖြစ်သကဲ့သို့ သတိသည်လည်း ပဓာနဖြစ်သည်ဟု ထင်ရှားပြပါသည်။ (ဋီသစ်)

http://www.dhammadownload.com



**မေး။** ကာယပရိဟာရိယနှင့်ကုစ္ဆိပရိဟာရိယတို့၏ အထူးကို ရေးသားခဲ့ပါ။

**ဖြေ။** ကိုယ်၏အပြင်ပကိုစွဲ၍ ကိုယ်အား ကျေးဇူးများသော ပစ္စည်းကို ''ကာယပရိဟာရိယ'' ဟု ခေါ်၏။ စားသောက်ခြင်း အစွမ်းဖြင့် ကိုယ်တည်တံ့ရန် ကျေးဇူးများသောပစ္စည်းကို ''ကုစ္ဆိပရိဟာရိယ''ဟု ခေါ်၏။ ဤသို့ ထူးပါသည်။ (ဋီသစ်၊ ၂၊ ၁၁၅)

**မေး။** အဘယ်ကို မဒဟတ္ထိဟု ခေါ်ပါသနည်း။

**ဖြေ။** မျက်စိ၊ နား၊ အင်္ဂါ ဇာတ်သုံးပါး အပြားအားဖြင့် မုန်ယိုသော ဆင်ကို မဒဟတ္ထိဟု ဆိုပါသည်။

**မေး။** ပရိဿယ (၂) မျိုး၊ ဘေးရန်နှစ်မျိုးတို့၏ အထူးကို ရေးခဲ့ပါ။

**ဖြေ။** ၁။ သီဟဗျဂ္ဃ စသော ဗာဟိရကာယစိတ္တဘေးရန်၊

၂။ ကာမစ္ဆန္ဒစသော အဇ္ဈတ္တိကကာယစိတ္တဘေးရန်၊ ဤသို့ ထူးပါသည်။

**မေး။** အဘယ်ကို သဟိတာဟု ခေါ်ပါသနည်း။

**ဖြေ။** အပြင်ရန်ပေါ်လာသောအခါ အဓိဝါသနခန္တီဖြင့် သည်းခံသူကို ''သဟိတာ''ဟု ခေါ်သည်။ (တစ်နည်း) ဝီရိယစသော တရားတို့ဖြင့် ထိုအပြင်ရန်အတွင်းရန်တို့ကို ပယ်ရှားနိုင်သူကို ''သဟိတာ''ဟု ခေါ်သည်။

**မေး။** အဘယ်ကို ခဂ္ဂဝိသာဏကပ္ပဟု ခေါ်ပါသနည်း။

**ဖြေ။** ကျွဲလောက်ပမာဏရှိ၍ ဦးချိုတစ်ချောင်းသာရှိသော ကြံ့သတ္တဝါကို ''ခဂ္ဂ''ဟု ခေါ်၏။ တစ်ပါးတည်း နေလေ့ရှိသည်၏အဖြစ်ကြောင့် ကြံ့၏တစ်ချောင်းတည်းသော ဦးချိုနှင့် တူသည်ကို ''ခဂ္ဂဝိသာဏ''ဟု ဆိုပါသည်။

**မေး။** သေယျထာပိ မဟာရာဇ သကုဏော ဟုသော ဟောလျှင် ပြီးကောင်းပါလျက် ''ပက္ခီ'' ဟူသော ဝိသေသန ထည့်သွင်းဟောကြားရခြင်းအကြောင်းကို ဖြေဆိုပါ။

**ဖြေ။** လေစသည်တိုက်ခတ်မှုကြောင့် အတောင်ကျိုးသောငှက်၊ အလွန်ငယ်သေး၍ အတောင်မပေါက်သေးသော ငှက်တို့ကို တားမြစ်ပိတ်ပင်၍ ဤနေရာ၌ ကောင်းကင်ဝယ် ပျံသွားနိုင်သော အတောင်ရှိသည့်ငှက်ကိုသာ အလိုရှိအပ်၏ ဟူသော အနက်ထူး အဓိပ္ပါယ်အထူးကို ပြလိုသောကြောင့် ''ပက္ခီ ဟူသော ဗျဝစ္ဆေဒကဝိသေသနပုဒ်''ကို ထည့်သွင်း၍ ဟောကြားခဲ့ပါသည်။

**မေး။** ကာဠကနှင့်တိလကတို့၏ အထူးကို ရေးခဲ့ပါ။

**ဖြေ။** ပညတ်တော်ကို လွန်ကျူးခြင်းဟု ဆိုအပ်သော ရှန့်ရင်းသော အပြစ်သည် အမဲကွက်နှင့် တူသောကြောင့် "ကာဠက" မည်၏။ ဖောက်ပြန်မှားယွင်း ကျူးလွန်ခြင်းဟု ဆိုအပ်သော သိမ်မွေ့သော အပြစ်သည် "တိလက" မည်၏။ ဤသို့ ထူးပါသည်။

**မေး။** အရိယဘူမိမည်ပုံကို ရေးပါ။

**ဖြေ။** လောကုတ္တရာဘူမိသည် "အရိယဘူမိ" မည်၏။

**မေး။** သဒ္ဒနှင့်နိဂ္ဃောသတို့၏ အထူးကို ရေးခဲ့ပါ။

**ဖြေ။** ချာန်က အသံဟူသော ဆူးဖြောင့်ရှိသဖြင့် အသံကြားလျှင် ဈာန်မှ ထရသည်၏အဖြစ်ကြောင့် ဝိဝိတ္တ (သုည) ကို လူသံ၊ မြို့ရွာ တွန်သံမရှိခြင်းဟု သိအပ်ပါသည်။ လူတို့၏ ပကတိပြောရိုးအသံကို "သဒ္ဒ"ဟု ခေါ်ပါသည်။ မြို့ရွာတို့မှ စုပေါင်းပြောဆိုအပ်သော အသံ (မြို့ရွာတွန်သံ) ကို "နိဂ္ဃောသ"ဟု ခေါ်ပါသည်။

**မေး။** နီဝရဏကထာ၌ ပါသော (ဣမေ စတ္တာရော ပစ္စယာ နတ္ထိ) ၌ စတ္တာရောသရုပ်ကို ဖော်ပြပါ။

**ဖြေ။** ၁။ သီလက္ခန္ဓသမန္နာဂတ။ ၂။ ဣန္ဒြိယသံဝရသမန္နာဂတ။ ၃။ သတိသမ္ပဇညသမန္နာဂတ၊ ၄။ သန္တုဋ္ဌိတသမန္နာဂတတို့ ဖြစ်ပါသည်။

**မေး။** ပရိက္ခရာ (၈)ပါးသရုပ် ရေတွက်ပြပါ။

**ဖြေ။** သင်းပိုင်၊ ကိုယ်ရုံ၊ ဒုကုဋ်၊ ခါးပန်းကြိုး၊ သပိတ်၊ အပ်၊ ပဲခွပ် (သင်ဓုန်းဓား)၊ ရေစစ်။ **မှတ်ချက်** "ပဲခွပ်" ဟူသည်မှာ "သင်ဓုန်းဓား"ဟု သိပါ။

**မေး။** တိဝိဓသီလေန-၌ သီလသရုပ်ကို ဖော်ပြပါ။

**ဖြေ။** ၁။ စူဠသီလ၊ ၂။ မဇ္ဈိမသီလ၊ ၃။ မဟာသီလ - ပေါင်း (၃) မျိုး ဖြစ်ပါသည်။

**မေး။** ကာယကမ္မဝစီကမ္မေန သမန္နာဂတော-ကို ထပ်၍ ဘုရားဟောတော်မူခြင်းအကြောင်းကို ရေးခဲ့ပါ။

**ဖြေ။** အာဇီဝပါရိသုဒ္ဓိသီလဖြစ်ရာဒွါရကို ပြခြင်းဟူသော အနက်အထူးကို သိစေလိုသောကြောင့် ထပ်၍ ဟောတော်မူပါသည်။

**မေး။** သဗ္ဗနိရောဌဗျဉ္ဇနာနှင့် သဗ္ဗဝိသိဋ္ဌဗျဉ္ဇနာအဓိပ္ပါယ်ကို ရေးခဲ့ပါ။

http://www.dhammadownload.com



ဖြေ။ အထက်အောက်နှုတ်ခမ်းတို့ကို မထိစေဘဲ ဌာန်၊ ကရိုဏ်းတို့ကို ဖွင့်၍ ရွတ်ဆို အပ်သောကြောင့် ဝိမုတ္တအသံချည်းရှိသော ဒေသနာကို သဗ္ဗနိရောဋ္ဌဗျဉ္ဇနာဟု ခေါ်ပါသည်။ သဒ္ဒါအားလုံး ဝိသဇ္ဇနီသံပါနေသောကြောင့် အားလုံးလွှတ်အပ်သော အသံရှိသော ဒေသနာကို သဗ္ဗဝိသိဋ္ဌဗျဉ္ဇနာဟု ခေါ်ပါသည်။

မေး။ ဂါထာတစ်ခုကို အာဒိ၊ မဇ္ဈ၊ အန္တ ခွဲပြခဲ့ပါ။

ဖြေ။ ဂါထာ၏ ပဌမပါဒသည် အာဒိ မည်၏။
ဂါထာ၏ ဒု၊ တ ပါဒသည် မဇ္ဈ မည်၏။
ဂါထာ၏ စတုတ္ထပါဒသည် အန္တ မည်၏။

မေး။ အောက်ဖော်ပြပါ တို့ကို ရေးသားခဲ့ပါ။
(က) သာသနာတော်၏အစ၊ (ခ) သာသနာတော်အလယ်၊ (ဂ) သာသနာ၏အဆုံး။

ဖြေ။ (က) သာသနာတော်၏ အစကား သီလ, သမာဓိ, ပညာ။
(ခ) သာသနာတော်၏ အလယ်ကား အရိယမဂ်။
(ဂ) သာသနာတော်၏အဆုံးကား ဖိုလ်၊ နိဗ္ဗာန်။

မေး။ အာဏတ္တိနှင့်အာယာစနတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ အာဏာရှိသောသူ၏ တိုက်တွန်းခြင်းသည် အာဏတ္တိ မည်၏။ အာဏာမရှိသော သူ၏ တိုက်တွန်းခြင်းသည် အာယာစန မည်၏။ ဤသို့ ထူးပါသည်။

မေး။ နီဝရဏတရားငါးပါးနှင့် ဘုရားရှင်ပြသော ဥပမာငါးမျိုးကို အကျဉ်းချုံး၍ လိုရင်း ရှင်းပြပါ။

ဖြေ။ ကာမစ္ဆန္ဒနီဝရဏနှင့် ကြွေးမြီတူ၏။
ဗျာပါဒနီဝရဏနှင့် သည်းခြေပျက်ရောဂါတူ၏။
ထိနမိဒ္ဓနီဝရဏနှင့် နှောင်အိမ်တူ၏။
ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏနှင့် ကျွန်အဖြစ်တူ၏။
ဝိစိကိစ္ဆာနီဝရဏနှင့် အဝွန့်ရှည်သော ခရီးတူ၏။

**အကြွင်းမထားကောင်းသော တရား (၅) မျိုး**

ဆောင်။ ရောဂါအကြွင်း၊ ကြွေးအကြွင်းနှင့် မီးကြွင်းတစ်ဖန်၊ ရန်ကြွင်းမှန်၊ ကျန်လျှင် မကောင်းတည်း။

http://www.dhammadownload.com





**မေး။** (ဌ၊ ၁၇၈) ၌ ဘိက္ခုနီနံ ဝသေန အာဂတံ ဟူသော စကားရပ်ကို ဝိနည်းဒေသနာလာ တောကျောင်းကို အရညဟု ခေါ်ဆိုလိုသောကြောင့် ထည့်သွင်းရေးထားခဲ့ပါသလော၊ ကျနစွာရှင်းပြ၍ ယင်းဝါကျ၌ အရညအရ ယူရမည့်တောကို အကြောင်းနှင့်တကွ ဖြေဆိုပါ။

**ဖြေ။** ဘိက္ခုနီနံ ဝသေန အာဂတံ ဟူသော စကားရပ်ကို ထည့်ဆိုထားခြင်းသည် ဝိနည်းဒေသနာလာသော ကျောင်းကို အရညဟု ခေါ်ဆိုလိုသောကြောင့် ထည့်ဆိုခြင်းမဟုတ်။ ဝိနည်းပါဠိတော်၌ ''နိက္ခမိတွာ ဗဟိ ဣန္ဒခီလာ သဗ္ဗမေတံ အရညံ''ဟူ၍ အဘိဓမ္မာစျာနဝိဘင်းလာ စကားရပ်နှင့် ထပ်တူဟောကြားထားချက် ရှိသေး၏ဟူ၍ သိရှိနိုင်ရန် သာလျှင် ရည်ရွယ်၍ ဘိက္ခုနီနံ ဝသေန အာဂတံ ဟူသော စကားရပ်ကို ထည့်ဆိုထားခြင်းဖြစ်သည်။ ဝိနည်းသုတ္တန်ဒေသနာတော်များသည် ဥပစာရပရိယာယ်မျှသာဖြစ်၍ အဘိဓမ္မာဒေသနာတော်သည်သာ မုချ၊ နိပ္ပရိယာယ ဒေသနာတော်ဖြစ်သောကြောင့် အဘိဓမ္မာဒေသနာတော်လာ တောကိုသာ ဤဝါကျ၌ အရည အရ ယူရပါသည်။

**မေး။** သေနာသနလေးမျိုးကို အသီးသီး သရုပ်များနှင့်တွဲစပ် ဖော်ပြပါ။

**ဖြေ။**
၁။ ဝိဟာရသေနာသန = ဝိဟာရ၊ အမုယောဂ၊ ပါသာဒ၊ ဟမ္မိယ၊ ဂုဟာ။
၂။ မဥ္စပီဌသေနာသန = မဥ္စ၊ ပီဌ၊ ဘိသိ၊ ဗိမ္ဗောဟန။
၃။ သန္ထတသေနာသန = စိမိလိကာ၊ ဓမ္မခဏ္ဍော၊ တိဏသန္ထာရ၊ ပဏ္ဏသန္ထာရ။
၄။ ဩကာသသေနာသန = ရဟန်းတို့ ဝင်ရာထိုင်ရာအရပ်စသည်။

**မေး။** ဥမင်္ဂသဒိသံ၊ မဟာဝိဝရံ ဟူသော ပါဠိနှစ်ချက်ကို သံဝဏ္ဏနာများနှင့် ဆက်စပ်၍ မည်ကဲ့သို့ ယူရမည်ကို ရှင်းပြပါ။

**ဖြေ။** တောင်တစ်လုံးတည်း၌ဖြစ်သော ကျယ်စွာသော အခေါင်းအပေါက်သည်သာလျှင် အထက်၌ မိုးအပ်သော အမိုးရှိသောကြောင့် ဥမင်သဖွယ်ဖြစ်သည်။ အတွင်း၌ လိုဏ်သဖွယ်လည်းဖြစ်သည်။ ထို့ကြောင့် ဥမင်္ဂသဒိသံ ဟူသော ပါဠိကို ကေသိယေဝ ဟူသော အာစာရတစ်ပုဒ်တည်းနှင့်သာလျှင် ဆက်စပ်၍ အဓိပ္ပါယ်ယူရမည်။

http://www.dhammadownload.com



တောင်နှစ်လုံးတို့၏ အကြားအရပ်ဖြစ်သော ကျယ်စွာသော အခေါင်းပေါက်သည့် အထက်၌ တစ်စုံတစ်ခုသော အမိုးအကာမရှိသောကြောင့် ဥမင်သဖွယ်လည်းမဖြစ်။ လိုဏ်ခေါင်းနှင့်လည်းမတူ။ ထို့ကြောင့် ဥမင္ဂသဒိသံဟူသော ပါဠိကို ဒွိန္နံ ပဗ္ဗတာနံ အန္တရံ ဟူသော ပါဠိရပ်နှင့် ဆက်စပ်၍ အဓိပ္ပါယ်မယူ။ မဟာဝိဝရံ–ပါဠိကား ဒွိန္နံ ပဗ္ဗတာနံ အန္တရံ ဟူသော ပါဠိ၊ ကေသို့ယေ၀ ဟူသောပါဠိ ဤပါဠိနှစ်ရပ်လုံးတို့နှင့်ပင် (အတ္ထယုတ္တိ ရှိသောကြောင့်) ဆက်စပ်၍ အဓိပ္ပါယ် ယူရသည်။

**မေး။** အဓိဝစနန္တိအာဒိ (ဌ၊ ၁၈၈) ၌ အာဒိဖြင့် ယူရမည့် ပါဠိသေသတို့ကို ဖော်ပြ၍ ဂစ္ဆဂုမ္ဗာဒီနမ္ပိ–ဖြင့် ပြအပ်သော အဓိပ္ပါယ်ကိုလည်း ရှင်းပြပါ။

**ဖြေ။** အဓိဝစနန္တိအာဒိ (ဌ၊ ၁၈၈) ၌ အာဒိသဒ္ဒါဖြင့် "ဝနပတ္ထန္တိ **ဝနဃနမေတံ** သေနာသနံ အဓိဝစနံ၊ ဝနပတ္ထန္တိ ဘီသနကာနမေတံ၊ ဝနပတ္ထန္တိ သလောမဟံသာနမေတံ၊ ဝနပတ္ထန္တိ ပရိယန္တာနမေတံ၊ ဝနပတ္ထန္တိ မနုဿူပစာရာနမေတံ သေနာသနံ အဓိဝစနံ" ဟူသော (ဝိဘင်းပါဠိတော်) ပါဠိသေသတို့ကို ယူရပါသည်။
ဂစ္ဆဂုမ္ဗာဒီနမ္ပိ၌ပိ ကား – သမ္ပိဏ္ဍနအနက်၊ အဝုတ္တသမုစ္စည်းအနက်ရှိသည်။ ယင်းပိသဒ္ဒါ ဖြင့် ရှေး၌ဆိုခဲ့ပြီးသော ပထမနည်းလာ အနက်အဓိပ္ပါယ်ကို ပေါင်းဆည်းသည်။

**မေး။** ပလ္လင်္ကန္တိ သမန္တတော ဦရုဗဒ္ဓါသနံ (ဌ၊ ၁၈၈) ၌ ယူရမည့်အနက်ကို အတ္ထာပတ္တိနည်းဖြင့် ဝိနိစ္ဆယချပြီးလျှင် ဥဇုံ ကာယံ–၌ ကာယအရ ဥပရိမကာယကိုသာ ဖွင့်ဆိုရခြင်းအကြောင်းကိုလည်း ရေးပြပါ။

**ဖြေ။** အတ္ထာပတ္တိနည်းအားဖြင့် ဦရုဗဒ္ဓါသနပလ္လင်္ကဟူသော အနက်ယူရသည်။ နိသီဒိတဗ္ဗပလ္လင်္ကဟူသော အနက်ကို မယူရ။ ဥဇုံ ကာယံ–၌ ကာယအရ အောက်ပိုင်းဖြစ်သော ကိုယ်ကို အဖြောင့်မဟုတ်ဘဲ ထားခြင်းကို ထိုင်ခြင်းအနက်ဟော နိသီဒတိ–သဒ္ဒါဖြင့်ပင် သိစေအပ်ပြီးဖြစ်သောကြောင့် ဥပရိမကာယကို ယူရပါသည်။ (ဋီသစ်)

**မေး။** ပလ္လင်္ကသရုပ်ကို ဖော်ပြ၍ ဣာခါဝိပ္ပေတပလ္လင်္ကကိုလည်း ဖော်ပြပါ။

**ဖြေ။** (၁) ပေါင်တို့ကို ဖွဲ့ခြင်း၏အစွမ်းဖြင့် ထိုင်ခြင်းဟု ဆိုအပ်သော ဦရုဗဒ္ဓါသနပလ္လင်္က။
(၂) သားရဲရုပ်တို့ဖြင့် ပြုအပ်သောနေရာဟူသော နိသီဒိတဗ္ဗပလ္လင်္က နှစ်မျိုးတို့တည်း။

http://www.dhammadownload.com



က္လာခါဝိပ္ပေတပလ္လက်ကား ဥဒိရုဗဒ္ဓါသနပလ္လက် ဖြစ်ပါသည်။

**မေး။** လုဇ္ဇတီတိ လောကော = ပျက်တတ်သောကြောင့် လောကဆိုလျှင် လောကုတ္တရာခန္ဓာသည်ကိုလည်း ဘင်ခဏ၌ ပျက်တတ်ရကား လောကအမည် ရသင့်သည်မဟုတ်ပါလော။

**ဖြေ။** အနိစ္စာနုပဿနာဖြင့် ပျက်တတ်သောကြောင့် လောကကိုသာ ယူထိုက်၏။ ထိုသို့ယူခြင်းမှ ကင်းကုန်သောကြောင့် လောကုတ္တရာခန္ဓာတို့သည် လောကအမည် မရသင့်ပါ။ (ပုထုဇဉ်တို့၏ တေဘူမကတရားကို နိစ္စဟူသော အယူကို တားမြစ်ဖို့ရာ လောကပျက်သောတရားဟု တမင်္ဂလာနာမည်တင်ရ၏။ လောကုတ္တရာတရားကား အရိယာတို့ အာရုံဖြစ်၍ ယင်းတရားကို မပျက်ဟု အရိယာတို့က အယူမရှိသောကြောင့် လောကဟု ပြောဆိုနေဖွယ်မလိုရကား လောက ဟူသော အမည်ကို မရနိုင်ပါ။)

**မေး။** လုဇ္ဇနပလုဇ္ဇနဋ္ဌေန–ဟုငှင်း၊ လုဇ္ဇနပလုဇ္ဇနဋ္ဌေဟုငှင်း ပါဠ်နှစ်ထွေ ရှိရာ သင့်ရာပါဠ်ကို သဒ္ဒယုတ္တိပြ၍ ဆုံးဖြတ်ပါ။

**ဖြေ။** လုဇ္ဇနပလုဇ္ဇနဋ္ဌေန+လုစ္စနပလုစ္စနဋ္ဌေန (၂) ချက်တွင် –လုစ္စနဋ္ဌေနာတိ ဘိဇ္ဇနဋ္ဌေန ဟူသော (သီဋီသစ်၊ ၁၂၅)ကို ထောက်၍ လောကကား လုစခါတ်+ဏပစ္စည်းဖြင့် ရုပ်ပြီးသောကြောင့်ငှင်း၊ အာစရိယေဟိပိ လုစ္စနပလုစ္စနဋ္ဌာနာတိ ပါဠ္ဌမေဝ ဥလ္လိင်္ဂေတွာ တထာ အတ္တော ဝုတ္တော သိယာ ဟု ယင်းဋီကာသစ်၌ ဆိုသောကြောင့်ငှင်း ဋီကာသစ်အလို လုစ္စနပလုစ္စနဋ္ဌေန သင့်ပါသည်။

ဘာသာဋီကာ၌ "လောက၌ လုဇဓာက်+ဏပစ္စည်း၊ လုဇ္ဇတီတိ လောကောဟုပြု၊ လုဇ္ဇနပလုဇ္ဇနဋ္ဌေန–ကို အသင့်ဟု ဆုံးဖြတ်သည်။ လုစ–ဓာတ်သည် စကိုကပြုရန် လွယ်ကူသောကြောင့် ရုပ်ပြီးကောင်းသော်လည်း ဓာတ်ကျမ်းတို့၌ မတွေ့ရ" ဟု မှာထားသည်။

ဝိက္ခမ္ဘနဝသေန ပဟီနတ္တာ–ဤစကားသည် သဒိသူပစာစကားဖြစ်၏။ ဈာန်ကို မရသေးသောကြောင့် အစစ်အမှန် ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်နိုင်သေးသည် မဟုတ်ပါ။

http://www.dhammadownload.com



**မေး။** အာဗာဓိကနှင့်ဒုက္ခိတတို့၏အထူးကို ဖော်ပြပါ။

**ဖြေ။** အာဗာဓဟု ဆိုအပ်သော မူလအနာရောဂါရှိသူကို ''အာဗာဓိက''ဟု ခေါ်၏။ ထိုအနာရောဂါကြောင့် ဆက်ကာဆက်ကာ လွန်စွာဖြစ်သော ဆင်းရဲဒုက္ခရှိသူကို ''ဒုက္ခိတ''ဟု ခေါ်၏။ ဤသို့ ထူးပါသည်။

**မေး။** သော ဟိ ''အဏ္ဏဏောမှိ''တိ ။ပ။ အဓိဂစ္ဆတိ (ဌ၊ ၁၈၉) ၌ ယထာလာဘနည်းဖြင့် ယူရမည့်အဓိပ္ပါယ်ကို ရှင်းပြပါ။

**ဖြေ။** ယင်းဝါကျ၌ ပါမောဇ္ဇသောမနဿ နှစ်ပါးစုံကို ရခြင်း၏အကြောင်းကို ထုတ်ပြရာဝယ် ''ငါ့မှာ ကြွေးမြီမရှိ'' ဟု ဆင်ခြင်သုံးသပ်မိခြင်းဟူသော အကြောင်းတစ်မျိုးကိုသာ ထုတ်ပြသည်။

**ယထာလာဘနည်းဖြင့်။** ငါသည် ကြွေးမြီဟူသော ပလိဗောဓမှ ကင်းစင်လွတ်မြောက်ပြီဟု ဆင်ခြင်သုံးသပ်မိသော ကြောင့် ဗလဝပါမောဇ္ဇကို ရသည်။ ငါ့မှာ အသက်မွေးဖို့ရန် အရင်းအနှီး ပစ္စည်းဥစ္စာ ကျန်သေး၏ဟု ဆင်ခြင်သုံးသပ်မိသောကြောင့် သောမနဿကို ရသည်။ ဤသို့ ခွဲခြားကာ ယူရမည်။

**မေး။** ဈာနသုခါဒိဘေဒံ သာသနရသံ-၌ သာသနာရသဆိုသည်မှာ အဘယ်ပါနည်း။ ဖြေဆိုပါ။

**ဖြေ။** ဈာနသုခါဒိဘေဒံ သာသနရသံ ဟူသော အဋ္ဌကထာစကားအရ ဈာန်ချမ်းသာစသည်ကို သာသနရသ ဟု ခေါ်သည်။

**မေး။** ဥပရိဝိသေသဒဿနတ္ထံ-၌ ဥပရိဝိသေသအရနှင့် ပဘေဒဒဿနတ္ထံ-၌ ပဘေဒအရတို့ကို ဖြေဆိုပါ။

**ဖြေ။** ဥပစာရသမာဓိ၊ ပဌမဈာနာဒိသမာဓိတို့မှ အထက်ဖြစ်သော ပထမဒုတိယဈာနာဒိဝိသေသကို ယူရ၏။ ပဘေဒဒဿနတ္ထံ-၌ ပဘေဒအရ ဒုတိယဈာနာဒိဝိဘာဂ၊ ပဋ္ဌမာဘိညာဒိဝိဘာဂ၏ အထူးအပြားကို ယူရမည်။

**မေး။** နေက္ခမ္မသုခေန-၌ နေက္ခမ္မသုခအရကို အကြောင်းနှင့်တကွ ဖော်ပြပါ။

**ဖြေ။** နေက္ခမ္မသုခအရ ဥပစာရ၊ အပ္ပနာသုခနှစ်ပါးလုံးကို ယူရ၏။ အကြောင်းကား ကိလေသာနီဝရဏပက္ခမှ ထွက်မြောက်သည်၏အဖြစ်ကြောင့်၎င်း၊ ပထမဈာန်ပက္ခ၌ ယှဉ်သောကြောင့်၎င်း ယင်းနှစ်ပါးစုံကို ယူရပါသည်။

http://www.dhammadownload.com



## သီလက္ခန်အခိပ္ပါယ်အဖြေစုံ

မေး။ ဣလဝမေဝ ကာယံ–၌ ရူပကာယကို ယူရခြင်းအကြောင်းကို ရေးခဲ့ပါ။

ဖြေ။ ရူပကာယ၏သာ အဘိသန္ဓနစသော ကြိယာအား လျော်ကပ်သောကြောင့် ရူပကာယကိုသာ ယူရပါသည်။

မေး။ ကရဲဇကာယံ–၌ ကရဇအရကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ အဏ္ဍဇ၊ ဇလာဗုဇ၏အစွမ်းဖြင့် ဂဗ္ဘသေယျကကာယကို ယူရ၏။ ဩပပါတိက ဝ Ho 'Z ဝ ဣ္ဆ ဝါတို့လည်း သမာဓိကို ရနိုင်ပါသော်လည်း ဂဗ္ဘသေယျက သတ္တဝါတို့က များသောကြောင့်၎င်း၊ ထင်ရှားသောကြောင့်၎င်း ထိုဂဗ္ဘသေယျက သတ္တဝါကိုသာ ပြတော်မူပါသည်။

မေး။ ဒက္ခောတိ ဆေကော ။ပ။ ပယောဇေတုဉ္စ သန္ဒေတုံ စ (ဌာ၊ ၁၉၅)၌ စွမ်းနိုင်သည်၏အဖြစ်ကို သိနိုင်ပုံကို ရေးခဲ့ပါ။

ဖြေ။ ယင်းဝါကျ၌ ကျွမ်းကျင်သည်၏အဖြစ်ကို ''ကံသထာလေ နှာနီယစုဏ္ဏာနိ အာကိရိတွာ'' စသော သဒ္ဒန္တရိက်ကို ထောက်၍၎င်း၊ နှာပက နှာပကန္တေဝါသီတို့ကို ပြရာ ပကရဏအားဖြင့်၎င်း ဆပ်ပြာမှုန့်တို့ကို ပြုခြင်း၊ ယှဉ်စပ်ခြင်း၊ အခဲပြုခြင်း၌ စွမ်းနိုင်သည်၏အဖြစ်ဖြင့် သိနိုင်ပါသည်။

မေး။။ သီတံ ဓာရံ (အေးမြစင်ကြယ်ပုံ) ကို အကြောင်းပြ ဖြေဆိုပါ။

ဖြေ။ လှုပ်ချောက်ချားခြင်းမရှိသောကြောင့် (တစ်နည်း) ဟောင်းသော သစ်ရွက်၊ မြက်၊ ထင်းစသည် ရောပွမ်းခြင်းမရှိသောကြောင့် အေးမြစင်ကြယ်ပါသည်။

မေး။ ဣဒုတိယစျာန် ချမ်းသာ၏ ဥပမာ၌ ဥဗ္ဘိဒေါဒက ရေအိုင်ကိုသာ ယူ၍ အခြား ရေအိုင်ကို မယူခြင်းသည် အဘယ်အပြစ်ကြောင့် ဖြစ်ပါသနည်း၊ အဋ္ဌကထာလာတိုင်း ဖြေဆိုခဲ့ပါ။

ဖြေ။ ဟေဋ္ဌာ ဥဂ္ဂစ္ဆနဉဒကဥ္ဆိ ။ပ။ တေန အပုဗ္ဗောကာသော နာမ န ဟောတီတိ (ဌာ၊ ၁၉၅) ကို မြန်မာပြန်ရုံပင် ဖြစ်သည်။

မေး။ ပဒုမနှင့်ပုဏ္ဍရိကတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ တစ်ရာ၊ တစ်ရာထက်မက ပွင့်ချပ်ရှိသောကြာသည် ''ပဒုမ''မည်၏။ တစ်ရာ အောက်ယုတ်လျော့သော ပွင့်ချပ်များသော ဖြူသောအဆင်းရှိသော ကြာသည်

http://www.dhammadownload.com



''ပဒုမ'' မည်၏။ နီသော အဆင်းရှိသော ကြာသည် ''ပုဏ္ဍရိက''မည်၏။ (ဤကား သာသနဝေါဟာရတည်း)

လောက၌ကား နီသောကြာကို ''ပဒုမ''မည်၏ ဖြူသောကြာကို ''ပုဏ္ဍရိက'' မည်၏ဟု ပြောင်းပြန်ဆိုပါသည်။

**မေး။** ယံကိဉ္စိ ဥပ္ပလံ ဥပ္ပလမေဝ ဟုသာ ဖွင့်ဆိုရခြင်းအကြောင်းကို ရေးခဲ့ပါ။

**ဖြေ။** ဥပ္ပလသဒ္ဒါသည် သာမညနာမည်၏အစွမ်းအားဖြင့် အလုံးစုံသောကြာမျိုးတို့၌ ဖြစ်ခြင်းကြောင့် ''ယံကိဉ္စိ ဥပ္ပလံ ဥပ္ပလမေဝ'' ဟုသာ ဆိုပါသည်။ (ဋီသစ်၊ ၂၊ ၁၃၉)

**မေး။** ပွင့်ချပ်တစ်ရာထက် ပိုလွန်သောကြာကို ပဒုမ္မာကြာ၌ ထည့်သွင်း ရေတွက်ရခြင်း အကြောင်းကို ရေးခဲ့ပါ။

**ဖြေ။** သတပတ္တံ ပဒုမံ-၌ သတသဒ္ဒါသည် ''သတဂ္ဃသတရံသီသူရိယော'' စသည်၌ကဲ့သို့ အရာမက များပြားခြင်း အနက်ဟော ဗဟုသဒ္ဒါ၏ ပရိယာယ်ဖြစ်၍ အနေက သချာဖြစ်နေသောကြောင့် ထည့်သွင်းရေတွက်ရခြင်း ဖြစ်ပါသည်။

**မေး။** ဦနသတပတ္တံ ပုဏ္ဍရိကံ, သတပတ္တပဒုမံ-တို့၌ ပါသော သတသဒ္ဒါ (၂)ခုတို့၏ အထူးကို ရေးခဲ့ပါ။

**ဖြေ။** ဦနသတပတ္တံ ပုဏ္ဍရိကံ-၌ သတသဒ္ဒါသည် တစ်ရာဟူသော အနက်ကို ဟောသည်။ သတပတ္တပဒုမံ-၌ သတသဒ္ဒါသည် တစ်ရာမက များပြားခြင်းအနက် (ဗဟုတ္တ) ကို ဟောသည်။ ဤသို့ ထူးပါသည်။

ပဒုမ ပုဏ္ဍရိကတို့ကို သီးခြားယူလတ္တံ့ဖြစ်သောကြောင့် ပါရိသေသနည်း အားဖြင့် အခြားကြာများကိုသာ ဥပ္ပလဟု ခေါ်၏။ ထိုဥပ္ပလကြာသည် ကြာဖြူ ကြာနီ၊ ကြာညိုဟု သုံးမျိုးရှိ၏။

**မေး။** စတုက္ကနည်း၌ စတုတ္ထဈာန်သည် ဥပေက္ခာ၊ ကေဂ္ဂတာနှင့်သာယှဉ်၍ သာတလက္ခဏာ ရှိသော သုခဝေဒနာ မရှိဘဲလျက် အဋ္ဌကထာ၌ စတုတ္ထဇ္ဈာနသုခံ စတုတ္ထဇ္ဈာန သုခေန ဟူ၍ အဘယ့်ကြောင့် ရေးသားဖွင့်ဆိုပါသနည်း။ ရှင်းလင်းပြပါ။

**ဖြေ။** စတုက္ကနည်း စတုတ္ထဈာန်၌ သာတလက္ခဏာရှိသော သုခဝေဒနာသည် ကေန်မုချ မရှိပါသော်လည်း ယင်းစတုတ္ထဈာန်၌ ယှဉ်နေရှိနေသည့် ဥပေက္ခာဝေဒနာသည်

http://www.dhammadownload.com



ငြိမ်းအေးသော သဘောရှိသောကြောင့် သုခဝေဒနာ၌ ထည့်သွင်းရေတွက်အပ်ရကား ဥပေက္ခာဝေဒနာကို သုခဝေဒနာဟူ၍ပင် ဆိုသင့်၊ ဆိုထိုက်ပါသည်။ ထို့ကြောင့် စတုတ္ထဈာနသုခံ စတုတ္ထဈာနသုခေန ဟူ၍ အဋ္ဌကထာဆရာ ရေးသားဖွင့်ဆိုထားခြင်း ဖြစ်ပါသည်။

**မေး။** ဝတ္ထဖြင့် အဝတ်ကြောင့် ကိုယ်ငွေ့ဖြန့်ရပုံကို ယူခြင်းအကြောင်းကို ရေးခဲ့ပါ။

**ဖြေ။** စင်ကြယ်သောအဝတ်ဖြင့် အလုံးစုံသောကိုယ်အား အနွေးငွေ့ဖြန့်ခြင်း မဖြစ်သင့်သော ကြောင့်ငှင်း၊ ဥပမေယျနှင့် မသင့်လျော်သောကြောင့်ငှင်း ကာယဖြင့် ကိုယ်ကို ခြုံထားသော အဝတ်ကိုယူ၍ ဝတ္ထဖြင့် ထိုအဝတ်ကြောင့် ကိုယ်ငွေ့ဖြန့်ရပုံကို ယူရပါသည်။ မှန်၏။ ဤဥပမာကို နေယျတ္ထနည်းအားဖြင့် ဟောတော်မူအပ်၏။

**မေး။** စတုတ္ထဈာနသုခ အရ သုခဝေဒနာ (ဥပေက္ခာဝေဒနာ) ကို ယူရခြင်းအကြောင်းကို ရေးခဲ့ပါ။

**ဖြေ။** ပရိသုဒ္ဓေန စေတသာ ဟု စိတ်ကို နာမည်တပ်ခဲ့သော်လည်း ထိုစိတ်ဖြင့် စတုတ္ထ ဈာန်စိတ်နှင့် ယှဉ်သော သုခဝေဒနာကို (တစ်နည်း) ဥပေက္ခာဝေဒနာကိုပင် (အလွန် ငြိမ်သက်သောကြောင့်) ယူရပါသည်။

**မေး။** အရူပဈာန်တို့ကိုလည်း မရလျက် မဟောဘဲ ရူပစတုတ္ထဈာန်၌သာ တန့်ရပ်တော်မူ ပါသနည်း။ ရှင်းလင်းပြခဲ့ပါ။

**ဖြေ။** အလုံးစုံသော အဘိညာဉ်တို့သည် အထူးအားဖြင့် ရူပါဝစရစတုတ္ထဈာန်လျှင် အခြေခံရှိသောကြောင့် သာဝသေသပါဌ်ပြု၍ ဟောတော်မူရခြင်းဖြစ်ပါသည်။ ထိုအဘိညာဉ်တို့၏ ထိုစတုတ္ထဈာန်ဟူသော အခြေခံရှိကုန်သည်၏အဖြစ်ကို သိစေခြင်းငှာ ရူပါဝစရစတုတ္ထ ဈာန်၌ တန့်ရပ်၍ ဒေသနာပြုတော်မူပါသည်။ အရူပဈာန်တို့ကို ဤနေရာ၌ မယှဉ်စေထိုက် (အသုံးမပြုထိုက်) သောကြောင့် မဟောခြင်းကား မဟုတ်ပါ။

**မေး။** စုဒ္ဒသဟာကာရေဟိ-၌ စုဒ္ဒသသရုပ်ကို ဖော်ပြပါ။

**ဖြေ။**
၁။ ကသိဏာနုလောမတော၊
၂။ ကသိဏပဋိလောမတော၊
၃။ ကသိဏာနုလောမပဋိလောမတော၊
၄။ ဈာနာနုလောမတော၊
၅။ ဈာနပဋိလောမတော၊
၆။ ဈာနာနုလောမပဋိလောမတော၊

http://www.dhammadownload.com



| | | | |
|---|---|---|---|
| ၇။ | ဈာနနုက္ကန္တိကတော၊ | ၈။ | ကသိဏုက္ကန္တိကတော၊ |
| ၉။ | ဈာနကသိဏုက္ကန္တိကတော၊ | ၁၀။ | အင်္ဂသင်္ကန္တိတော၊ |
| ၁၁။ | အာရမ္မဏသင်္ကန္တိတော၊ | ၁၂။ | အင်္ဂါရမ္မဏသင်္ကန္တိတော၊ |
| ၁၃။ | အင်္ဂဝဝတ္ထာနတော၊ | ၁၄။ | အာရမ္မဏဝဝတ္ထာနတော။ |

**မေး။** ရတနာပေါင်းမြောက်မြားစွာ ရှိပါလျက် ဤဝိပဿနာခဏ်း၌ လောကူပမာကို ပြရာဝယ် မဏိဝေဠုရိယ ခေါ်သည့် ပတ္တမြားရတနာကိုသာ ဥပမာအားဖြင့် ဘုရားရှင် ဟောကြားထားခြင်းအကြောင်းကို ဖော်ပြပါ။

**ဖြေ။** စကြဝတေးမင်းတို့ သုံးဆောင်ထိုက်သည့် အလွန်မွန်မြတ်လှသော ရတနာဖြစ်သော ကြောင့် ပတ္တမြားရတနာကိုသာလျှင် ပါဠိတော်၌ ဥပမာနအဖြစ်ဖြင့် ထုတ်ဆောင်၍ ဘုရားရှင်ဟောတော်မူပါသည်။

**မေး။** ဥပမာသံသန္ဒနံ ဝေဒိတဗ္ဗံ–၌ ဥပမာ+ဥပမေယျနှီးနှော၍ ဖြေဆိုပါ။

**ဖြေ။** ပတ္တမြားနှင့် ကရဇကာယ၊ ထိုသီအပ်သောချည်နှင့် ဝိပဿနာဉာဏ်၊ မျက်စိရှိသော ယောကျ်ားနှင့် ဝိပဿနာဉာဏ်ရသော ရဟန်း၊ ပတ္တမြားထင်ရှားဖြစ်ရာအခါနှင့် စတုမဟာဘူတိကကာယ ထင်ရှားဖြစ်ရာအခါကို မှတ်သားရာ၏။

**မေး။** ဘယဝိနောဒနဟေတုသမ္ပာဒနတ္ထမ္ပိ–၌ ဘယဝိနောဒနဟေတုတရားကို တိကျ မှန်ကန်စွာ ကောက်ပြပါ။

**ဖြေ။** ဘယဝိနောဒနဟေတု နာမ ဝိပဿနာဉာဏေန ကတသမ္ဘာသနတော ဟူသော (သီဋီသစ်၊ ၁၄၈) အဖွင့်နှင့် အညီ ဘယဝိနောဒနဟေတု အရ ဘေးကို ပယ်ဖျက်ခြင်း၏ အကြောင်းဖြစ်သော ပြုအပ်ပြီးသော သမ္ဘာသနရှိသည်၏အဖြစ်ကြောင့် ဆိုအပ်သော ဝိပဿနာဉာဏ်ကို ယူရမည်။ ယင်းဝိပဿနာဉာဏ်ပြုသည် သိခါပ္ပတ္တ ဝိပဿနာဉာဏ်ဖြစ်သော ဂေါတြဘုဉာဏ်ပင် ဖြစ်သည်။

**မေး။** မဂ္ဂဉာဏနန္တရံ–၌ မဂ္ဂအရကို အကြောင်းပြ ကောက်ပြပါ။

**ဖြေ။** မဂ္ဂဉာဏနန္တရံ–၌ မဂ္ဂအရ အရဟတ္တမဂ်ကိုသာ ယူရပါသည်။ အကြောင်းကား အရဟတ္တမဂ်သည်သာလျှင် အဘိညာဉ်၌ အကျုံးဝင်သောကြောင့်ရှင်း၊ အဘိညာဉ်နှင့် စပ်သဖြင့် စောဒနာဖြစ်သင့်သောကြောင့်ရှင်းတည်း။

http://www.dhammadownload.com



**မေး။** မဂ္ဂညာဏာနုန္တရ အရကို အကြောင်းပြ ဖြေဆိုပါ။

**ဖြေ။** မဂ္ဂညာဏာနန္တရ အရ သိခါပတ္တဝိပဿနာဖြစ်သော ဂေါတြဘုဉာဏ်ကို ယူရပါသည်။ အကြောင်းကား ထိုဂေါတြဘုဉာဏ်သည်သာလျှင် အရဟတ္တမဂ်၏ငင်း၊ အလုံးစုံသော မဂ်ဖိုလ်၏ငင်း အခြားမဲ့၌ ဖြစ်သောကြောင့်တည်း။

**မေး။** မနေန နိဗ္ဗတ္တံ–၌ မနအရကို အကြောင်းနှင့်တကွ ဖြေဆိုပါ။

**ဖြေ။** မနေန နိဗ္ဗတ္တံ ၌ မနအရ အဘိညာဉ်စိတ် (ဝါ) အဓိဋ္ဌာန်စိတ်ကို ယူရပါသည်။ အကြောင်းကား အဘိညာဉ်ဝီထိဖြစ်မှ ထိုနိမ္မိတရုပ်ပေါ်လာသောကြောင့်ငင်း၊ ထိုနိမ္မိတရုပ်ပေါ်လာဖို့ အဓိဋ္ဌာန်ဝီထိလည်း ဖြစ်ရသောကြောင့်ငင်း ထိုနှစ်မျိုးလုံး သင့်လျော်ပါသည်။

**မေး။** သဏ္ဌာနဝသေန အဝိကလိန္ဒြိယံ–ပါဌ်ဖြင့် မှတ်အပ်သော အဓိပ္ပါယ်နှင့် သဏ္ဌာန အရကိုလည်း ဖော်ပြပါ။

**ဖြေ။** သဏ္ဌာနဝသေန အဝိကလိန္ဒြိယံ–ပါဌ်ဖြင့် ကြာရွက်စသည်နှင့် တူသော ပုံသဏ္ဌာန်မျှကို ယူရပါမည်။ ရူပါရုံစသည်ကို ထိခိုက်ခြင်းငှာထိုက်သော ပသာဒစသော ဣန္ဒြေကို မယူရပါ။

**မေး။** မြွေ၏ မိမိဇာတိရုပ်ကို မစွန့်ရာ အခါငါးပါးကို ဖော်ပြပါ။

**ဖြေ။** (၁) ပဋိသန္ဓေနေသောအခါ၊

(၂) သေသောအခါ၊

(၃) လွတ်လွတ်အိပ်ပျော်သောအခါ၊

(၄) ဇာတ်တူသူနှင့် မေထုန်မှီဝဲသောအခါ၊

(၅) အရေလဲသောအခါ–

ဤအခါငါးပါး၌ မြွေသည် မိမိ၏ဇာတိရုပ်ကို မစွန့်ပါ။ တန်ခိုးရှိသော နတ်နဂါးတို့သော်မှလည်း ဇာတိရုပ်ကို မစွန့်နိုင်ကြ ဟူလို။

(ဆောင်) နေ သေ အိပ် မှီ၊ ပယ်စွန့်ပြီ၊ ဇာတ်သည် မြွေသတ္တာ။

**မေး။** ကရဏ္ဍာတိ က္လဒမ္ပိ အဟိကဥ္စုကဿ နာမံ၊ န ဝိလီဝကရဏ္ဍဿ–ဝါကျ၌ အဟိကဥ္စုကကိုသာ ယူ၍ ဝိလီဝကရဏ္ဍကို မယူရခြင်းအကြောင်းအရင်းကို ယုတ္တိသွင်း၍ ရှင်းလင်းဖြေဆိုပါ။

http://www.dhammadownload.com



ဖြေ။ ဝိလိင်ကရဏ္ဍသည် အဟိနှင့်မတူသောကြောင့်၎င်း၊ ဤကဏ္ဍဖိဝိဓကထာ၌ သဒိသ သဘောကို ပြခြင်းငှါ ဥပမာသုံးရပ်ကို ဟောတော်မူသောကြောင့်၎င်း ဝိလိင်ကရဏ္ဍကို မယူရပါ။

မေး။ သီသေ သာဋကံ ကတွာ–၌ ဦးခေါင်းပေါ်၌ အဝတ်ကို တင်၍ သွား၏ဟု ဆိုရာဝယ် ဖြစ်သင့်သော အကြောင်းတရားများကို ရေးသားဖြေဆိုပါ။

ဖြေ။ လေခတ်ခြင်း၊ နေပူခြင်းစသော ဘေးကို တားမြစ်ခြင်းငှါ (ဝါ) တားမြစ်ခြင်းဟူသော အကြောင်းကြောင့် ဦးခေါင်းပေါ်၌ အဝတ်ကို တင်၍ သွားရပါသည်။

ဥပမာပြည့်စုံခြင်းကြောင့် ဥပမေယျပြည့်စုံခြင်းအကျိုးရှိ၏။ အလိုရှိအပ်သော ဥပမေယျအနက်ဇာကိုသာ နားလည်စေခြင်းအကျိုးရှိ၏။ အကြောင်း ဥဒါဟရဏ်၊ ဝိသေသန၊ ဝိသေသျစသည်တို့နှင့် ပြည့်စုံသော စကားကြောင့် ပညာရှင်များ၏ လေးစားနှစ်သက်ခြင်းကို ဖြစ်စေနိုင်၏။ ထို့ကြောင့် ကျမ်းဆရာတို့သည် ထိုအားလုံးကို ပြည့်ပြည့်စုံစုံ ပြလေ့ရှိပါသည်။

မေး။ ဒီဏာ ဇာတိ (၄၊၂၀၁) ၌ ရဟန္တာတို့ ဇာတိကုန်ခြင်းကို အဘယ်ပုံအဘယ်နည်းဖြင့် သိပါသနည်း။ (အစိုးရ ၅၂–ခုနှစ်)

ဖြေ။ မဂ်ကို ပွားများအပ်ပြီးဖြစ်သောကြောင့် ကေဝေါကာရ၊ စတုဝေါကာရ၊ ပဉ္စဝေါကာရ ဘဝတို့၌ ခန္ဓာတစ်ပါး၊ လေးပါး၊ ငါးပါးပြားသော ဇာတိသည် နောင်အခါ ဖြစ်ခြင်းသဘော မရှိသည်၏အဖြစ်သို့ ရောက်သောအားဖြင့် ကုန်ပါသည်။ (အနာဂတ် ဇာတိကို ကုန်စေရာ ရောက်သည် ဟူလို)

မေး။ အဇာတသတ်မင်းအား ဘုရားရှင်ဟောကြားညွှန်ပြအပ်သော ဉာဏ် (၁၀) ပါးနှင့် ထိုဉာဏ်တို့တွင် အစဖြစ်သောဉာဏ်၏ အာရုံသရုပ်ကို အဋ္ဌကထာအလိုကျအောင် ဖြေဆိုခဲ့ပါ။

ဖြေ။ ဉာဏ် (၁၀) ပါးကား

| | | | |
|---|---|---|---|
| (၁) | ဝိပဿနာဉာဏ်၊ | (၂) | မနောမယဉာဏ်၊ |
| (၃) | ဣဒ္ဓိဝိဓဉာဏ်၊ | (၄) | ဒိဗ္ဗသောတဉာဏ်၊ |
| (၅) | စေတောပရိယဉာဏ်၊ | (၆) | ပုဗ္ဗေနိဝါသဉာဏ်၊ |
| (၇) | ဒိဗ္ဗစက္ခုဉာဏ်၊ | (၈) | အနာဂတံသဉာဏ်၊ |

http://www.dhammadownload.com



(၉) ယထာကမ္မူပဂဉာဏ်၊ (၁၀) အာသဝက္ခယဉာဏ်တို့တည်း။

ဝိပဿနာဉာဏ်သည် ကာမာဝစရမဟဂ္ဂုက်၊ အတိတ် အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓတို့၏ အစွမ်းအားဖြင့် (၇) ပါး အပြားရှိ၏။

မေး။ ဉာဏ် (၁၀) ပါးတို့တွင် မနောမယဉာဏ်နှင့် အာသဝက္ခယဉာဏ်တို့၏ အာရုံတို့ကို ဖော်ပြပါ။

ဖြေ။ မနောမယဉာဏ် (ဣဒ္ဓိဝိဓဉာဏ်) သည် ဖန်ဆင်းအပ်သော ရူပါယတနမျှကို သာလျှင် အာရုံပြု၏။ ထို့ကြောင့် ကာမာဝစရ ပစ္စုပ္ပန်ဖြစ်သော ဗဟိဒ္ဓတရားကို အာရုံပြု၏။ အာသဝက္ခယဉာဏ်သည် အပ္ပမာဏဖြစ်သော ဗဟိဒ္ဓပညတ်တရားကို အာရုံပြု၏။

မေး။ ပါဠိတော်၌ ယုဝါ (လုလင်ပျို) ဟု ဝိသေသနပြုရခြင်းအကြောင်း ရေးခဲ့ပါ။

ဖြေ။ ဒဟာရအရ နုနယ်သော ပက်လက်အိပ်နေရသော ကလေးငယ်ကို ယူမည်စိုးသော ကြောင့် ပြုပါသည်။

မေး။ မုခဒေါသပုဒ်နှင့် စပ်သော သီဋီကာသစ် ဖွင့်ဆိုချက်များကို ရှင်းလင်းဖော်ပြပါ။

ဖြေ။ ဤပုဒ်သည် မျက်နှာ၌ထင်ရှားသော အဒေါသကိုလည်း အလိုရှိအပ်သောကြောင့် ဥပလက္ခဏနည်းမျှသာတည်း။ (တစ်နည်း) မုခဒေါသကဲ့သို့ မုခအဒေါသ၌လည်း အသရကို ချေလျှင် မုခဒေါသဟု ဖြစ်၏။ ထို့ကြောင့် သာမညနိဒ္ဒေသနည်း၊ ကေဒေသနည်းအားဖြင့် မုခဒေါသအရ မျက်နှာ၌ အပြစ်ကိုငင်း၊ အပြစ်မရှိကိုငင်း ယူရပါသည်။ (တစ်နည်း) မုခဒေါသောပိဟု ဆိုလိုလျက် အပိသဒ္ဒါအကြေကြဲ၍ ထိုအပိဖြင့် မုခအဒေါသကို ဆည်းပါသည်။ သရာဂ သဒေါသ စသော မကောင်းသော စိတ်သည် မုခဒေါသနှင့် တူ၏။ ဝီတရာဂ,ဝီတဒေါသ စသော ကောင်းသော စိတ်သည် မုခအဒေါသနှင့်တူ၏။

မေး။ ဣဒ္ဓ ဒေသနာသုခတ္တမေဝ ဝုတ္တံ၌ ဒေသနာသုခတ္တ အဓိပ္ပါယ်ကို ပြပါ။

ဖြေ။ ဟောကြားခြင်းငှာငင်း၊ ကြားနာရသူပုဂ္ဂိုလ်တို့သိစေခြင်းငှာငင်း၊ လွယ်ကူသော အကျိုးသည် ''ဒေသနာသုခတ္တ'' မည်၏

မေး။ ဝိပဿကပုဂ္ဂိုလ်၏ အပြားအားဖြင့် ပြားသော ဝိပဿနာ (၃)ပါး သရုပ်ကို ဖော်ပြခဲ့ပါ။

http://www.dhammadownload.com



ဖြေ။ ဝိပဿနာသည် ဝိပဿကပုဂ္ဂိုလ်အပြားဖြင့်
(၁) မဟာဗောဓိသတ္တဝိပဿနာ (–ဘုရားလောင်းတို့၏ဝိပဿနာ)။
(၂) ပစ္စေကဗောဓိသတ္တဝိပဿနာ (–ပစ္စေကဗုဒ္ဓါတို့၏ဝိပဿနာ)။
(၃) သာဝကဝိပဿနာ (–သာဝကတို့၏ဝိပဿနာ) ဟူ၍ သုံးပါးအပြားရှိ၏။
ထိုတွင် မဟာဗောဓိသတ္တဝိပဿနာနှင့် ပစ္စေကဗောဓိသတ္တဝိပဿနာ တို့သည် စိန္တာမယဉာဏ်နှင့် ဆက်စပ်လျက် ပဒေသပဒေသ (သူတစ်ပါးတို့ ညွှန်ပြခြင်း ရှိသော) ဉာဏ် ဖြစ်၏။

မေး။ အာသဝါနံ ခယော သမဏော – ၌ အာသဝါနံ ခယအရ နိဗ္ဗာန်နှင့်မဂ်နှစ်ပါးစလုံးကို ကောက်ယူရခြင်းအကြောင်းကို ဖော်ပြပါ။

ဖြေ။ နိဗ္ဗာန်ကို အာရုံမပြုမူ၍ မဂ်ဖြင့် အာသဝေါတရားတို့ကို ပယ်ခြင်းမည်သည် မဖြစ်နိုင်ရကား အရဟတ္တမဂ်နှင့်နိဗ္ဗာန်တို့သည် အဝိနာဘာဝနည်းဖြင့် မကွေမကွာ ဖြစ်နေသောကြောင့် ... ခယအရ မဂ်နှင့်နိဗ္ဗာန်နှစ်ပါးစုံကို ယူရပါသည်။

မေး။ အဘယ်ကို ပြလို၍ သရသလက္ခဏပဋိဝေဓေန ဟူသော ကြိယာဝိသေသနပုဒ်ကို ထည့်ဖွင့်ရသည်ကို ရှင်းလင်းပြပါ။

ဖြေ။ ပါဠိတော်၌ ယထာဘူတံဇာနာတိ ဟု ရှိ၏။ ဒုက္ခသစ္စာ၏ သဘောလက္ခဏာကို ထိုးထွင်း၍ သိမှသာ ''ယထာဘူတ သိ'' ဟု ဆိုနိုင်ကြောင်းကို ပြလို၍ ''သရသ လက္ခဏ ပဋိဝေဓေန''ဟူသော ကြိယာဝိသေသနပုဒ်ထည့်၍ ဖွင့်ပါသည်။ (ဘာဋီ။ ၂၀၅။ ဋီသစ်)

မေး။ စိတ္တံ အဘိနီဟရတိ–၌ စိတ္တအရကို ဖော်ပြပါ။

ဖြေ။ စိတ္တံ အဘိနီဟရတိ–၌ စိတ္တအရ ဝိပဿနာစိတ်ကိုယူရမည်။

မေး။ ဘာဇန, သေဝန, ပယိရုပါသနတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ ကိုးကွယ်လိုသဖြင့် ဆည်းကပ်ခြင်းသည် ဘာဇနမည်၏။ အနီး၌ ကျင်လည်ခြင်း သည် သေဝန မည်၏။ ဝတ်ကြီး ဝတ်ငယ်ပြုခြင်းဖြင့် လုပ်ကျွေးခြင်းသည် ပယိရုပါသန မည်၏။ ဤသို့ ထူးပါသည်။

မေး။ ဓမ္မဥ္စ ဘိက္ခုသံဃဥ္စ–၌ ဓမ္မအရကို မုချ+ဥပစာအားဖြင့် ခွဲခြား၍ စုံလင်စွာ ကောက်ပြခဲ့ပါ။

http://www.dhammadownload.com



# သီလက္ခန်အခမ်ဳပ္ပါယ်အဖြေစ္မ်ိဳး

ဖြေ။ ဓမ္မဥ္စ ဘိက္ခုသံဃဥ္စ–၌ ဓမ္မအရ မုချအားဖြင့် အရိယမဂ်နှင့်နိဗ္ဗာန်ကို ယူရ၏။ ဖလူပစာအားဖြင့် ပရိယတ္တိဓမ္မကို ယူရ၏။ ကာရဏူပစာအားဖြင့် အရိယဖိုလ်ကို ယူရ၏။

မေး။ ရာဂဝိရာဂမနေဇ–ဂါထာ၌ လာသော ရာဂ+နှင့် ဇေတို့၏ ခြားနားဟန်ကို ဖော်ပြပါ။

ဖြေ။ အရဟတ္တမဂ်သည် သမုစ္ဆေဒပဟာနသတ္တိဖြင့် ပယ်သတ်အပ်သော တဏှာသည် ''ရာဂ''မည်၏။ အရဟတ္တဖိုလ်သည် ပဋိပဿမ္ဘနသတ္တိဖြင့် ငြိမ်းစေအပ်ပြီးသော တဏှာသည် ''ဇေ'' မည်ပါသည်။ ဤသို့ ပဟာနအားဖြင့် ခြားနားကြပါသည်။

မေး။ အောက်ပါ ပါဌ်တို့ဖြင့် ပြအပ်သောပုဂ္ဂိုလ် အသီးသီးကို ဖော်ပြပါ။

(က) အဓိဂတမဂ္ဂေ သစ္ဆိကတနိရောဓေ၊ (ခ) ယထာနုသိဋ္ဌံ ပဋိပဇ္ဇမာနေ။

ဖြေ။ (က) ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့ကို ယူရ၏။

(ခ) မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့ကို ယူရ၏။

ကလျာဏပုထုဇဉ်ကိုလည်း ဆုံးမသည့်အတိုင်း ကျင့်သူဟု ဆိုအပ်သော်လည်း မဂ္ဂနိယာမသို့ သက်ရောက်ခြင်းမရှိသောကြောင့် မုချအားဖြင့် မဂ္ဂဋ္ဌာန်ကိုသာ ယူရသည်။

မေး။ ဓမ္မစက္ကုန္တိ ဓမ္မေသု ဝါ စက္ခုံ၊ ဓမ္မမယံ ဝါ စက္ခုံ–၌ ဓမ္မအရနှင့်စက္ခုအရ တို့ကို အသီးသီး ကောက်ပြပါ။

ဖြေ။ ဓမ္မေသု စက္ခုံ–၌ ဓမ္မအရ သစ္စာလေးပါး။

စက္ခုအရ သောတာပတ္တိမဂ်။

(တစ်နည်း) ဓမ္မအရကား သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ် ဟူသော အောက်မဂ်သုံးပါး။ စက္ခုအရ သောတာပတ္တိမဂ်ရ၏။ ဓမ္မမယံ ဝါ စက္ခုံ–၌ ဓမ္မအရ သမထဝိပဿနာတရား။ စက္ခုအရ သောတာပတ္တိမဂ် ရ၏။

(တစ်နည်း) ဓမ္မအရ သီလက္ခန္ဓ၊ သမာဓိက္ခန္ဓ၊ ပညာက္ခန္ဓ သုံးပါးရ၏။ စက္ခု အရလည်း သီလက္ခန္ဓ၊ သမာဓိက္ခန္ဓ ပညာက္ခန္ဓ သုံးပါး။

မေး။ ပရိယတ္တိနှင့်ဖိုလ်တရားတို့၏ ဥပစာအားဖြင့် ဓမ္မအမည် ရခြင်းအကြောင်းကို ဖြေဆို ခဲ့ပါ။

http://www.dhammadownload.com



ဖြေ။ (၁) ဗိုလ်သည် မဂ်ဖြင့် အကြွင်းမဲ့ပယ်သတ်အပ်ပြီးသော ကိလေသာတို့ကို တစ်ဖန်ငြိမ်းစေခြင်း၊ ပဋိပ္ပဿဒ္ဓိပဟာန ကိစ္စရှိရကား မဂ်အားလျော်စွာ ဖြစ်သောကြောင့် ကာရဏူပစာအားဖြင့် ဓမ္မမည်ပါသည်။

(၂) ပရိယတ္တိသည် နိယျာနဓမ္မဟုဆိုအပ်သော မဂ်ကိုရခြင်း၏ အကြောင်း ဖြစ်သောကြောင့် ဖလူပစာအားဖြင့် ဓမ္မမည်ပါသည်။

မေး။ ဓမ္မဒသာ ၌ ဓမ္မအရကို တိကျစွာ ကောက်ပြပါ။

ဖြေ။ ဓမ္မအရ စတုသစ္စဓမ္မ၊ (တစ်နည်း) နိဗ္ဗာနဓမ္မ၊ (တစ်နည်း) အရိယသစ္စ ဓမ္မကို ယူရပါသည်။

မေး။ သရဏဂတာနံ ။ပ။ ဝိနာသေတီတိ အတ္ထော (၃၊ ၂၀၅) ဝါကျ၌ သံကိလေသကို ယူသကဲ့သို့ ဝေါဒါနကို သီးခြားမယူခြင်းအကြောင်းကို ဖော်ပြပါ။

ဖြေ။ သံကိလေသကို ယူလိုက်လျှင် ဝေါဒါနကိုလည်း ယူအပ်ပြီးဖြစ်သောကြောင့် ယင်းဝါကျ၌ ဝေါဒါနကို သီးခြားမယူခြင်း ဖြစ်သည်။ မှန်၏၊ အညာဏစသော အကြင်အကြောင်းတို့သည် သံကိလေသ၏ အကြောင်းများ ဖြစ်ကြ၏။ ထိုအကြောင်း တို့ကို အချင်းခပ်သိမ်း မဖြစ်စေခြင်း၊ ဖြစ်ပြန်လျှင် ပယ်ခြင်းအားဖြင့် သရဏဂုံ၏ စင်ကြယ်မှု ဝေါဒါန ဖြစ်သည်။

မေး။ ဘယံ၊ သန္တာသံ၊ ဒုက္ခံ သုံးပုဒ်တို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ ဘယံ အရ ဝဋ်ဘေးကို ယူရ၏။
သန္တာသံ အရ စိတ္တုတြာသ – စိတ်၏ထိတ်လန့် ခြင်းကို ယူရ၏။
ဒုက္ခံ အရ ကာယိကဒုက္ခကို ယူရ၏။ ဤသို့ ထူးပါသည်။

မေး။ ''ယော စ သရဏံ ဂစ္ဆာမိ ဟု'' ကတ္တားပါ၍ထည့်ဆိုရခြင်းအကြောင်းကို ရေးသားခဲ့ပါ။

ဖြေ။ ကိုးကွယ်တတ်သူ ကတ္တားမရှိလျှင် သရဏဂုံ၏လည်း မဖြစ်နိုင်သောကြောင့် ဆိုသည်။

မေး။ စည်းစိမ်ဥစ္စာကို (၄) စုခွဲ၍ ချွေချွေတာတာ သုံးစွဲနည်းကို ဘုရားရှင်ဟောကြား လမ်းညွှန်ထားသည့်အတိုင်း ရေးသားခဲ့ပါ။

ဖြေ။ စည်းစိမ်များကို လေးစုလေးပုံ ခွဲခြားဝေဖန်၍ တစ်ပုံဖြင့် စားဝတ်နေရေး သုံးစွဲရ၏။ နှစ်ပုံတို့ဖြင့် လယ်ယာလုပ်ငန်း ကူးသန်းရောင်းဝယ်ရန် သုံးစွဲရ၏။

http://www.dhammadownload.com



စတုတ္ထ အပုံတစ်ပုံကိုကား ဘေးရန်ပေါ်လာလျှင် သုံးစွဲရန် သိမ်းဆည်းထားရ၏။ (စားဝတ်နေရေး သုံးစွဲရန် အပုံမှ ရဟန်းတို့အား ပေးလှူခြင်း၊ တောင်းရမ်းသူတို့ အားပေးကမ်းခြင်း ဟူသော ဒါနမှု၊ ရက်ကန်းလက်ခစသည် ပေးခြင်းတို့ကိုလည်း ပြုရမည်။)

**မေး။** ကမ္မံ ပယောဇယေနှင့် အာပဒါတို့၏ အထူးကို ဖော်ပြပါ။

**ဖြေ။** လယ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းအမှုသည် ''ကမ္မံ ပယောဇယေ'' မည်၏။ မင်းစသော ရန်သူမျိုးငါးပါးသည် အာပဒါ မည်၏။ ဤသို့ ထူးပါသည်။

**မေး။** အတတ်သင်ပေးသော တိတ္ထိကို ဆရာဟူသောအမှတ်ဖြင့် ရှိခိုးသောပုဂ္ဂိုလ်, မင်းကို ကြောက်သည်၏အစွမ်းအားဖြင့် ရှိခိုးသော ပုဂ္ဂိုလ်တို့အား သရဏဂုံပျက်/ မပျက်ဆုံးဖြတ်ခဲ့ပါ။ (အစိုးရ ခုနှစ်)

**ဖြေ။** အတတ်သင်ပေးသော တိတ္ထိကို ဆရာဟူသောအမှတ်ဖြင့် ရှိခိုးသောပုဂ္ဂိုလ်၊ မင်းကို ကြောက်သည်၏အစွမ်းအားဖြင့် ရှိခိုးသောပုဂ္ဂိုလ်တို့အား သရဏဂုံ မပျက်ပါ။ **သာဓက။** ယံကိဉ္စိ သိပ္ပသိက္ခာပကံ တိတ္ထိယမ္ပိ ''အာစရိယော မေ အယ'' န္တိ ဝန္ဒတောပိ န ဘိဇ္ဇတိ

**မေး။** သရဏဂုံအပြားနှစ်မျိုးကို ရေးသားခဲ့ပါ။

**ဖြေ။** (၁) လောကုတ္တရာသရဏဂုံ၊ (၂) လောကီသရဏဂုံအားဖြင့် နှစ်မျိုးရှိ၏။ ထိုတွင် လောကုတ္တရာသရဏဂုံသည် အရိယာမဂ်ခဏ၌ ပြီးစီးပါသည်။

**မေး။** လောကီသရဏဂုံအပြား (၄) ပါးကို အဓိပ္ပါယ်နှင့်တကွ ရေးပါ။

**ဖြေ။** (၁) မိမိကို အပ်နှင်းကြောင်းဖြစ်သော ဒိဋ္ဌိဇုကမ္မဟု ဆိုအပ်သော အတ္တသန္နိယျာတန သရဏဂုံ၊

(၂) ရတနာတို့၏ အပေါင်းဟူသော မြတ်သော လဲလျောင်းရာရှိသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာဖြစ်သော ဒိဋ္ဌိဇုကမ္မဟု ဆိုအပ်သော တပ္ပရာယဏ သရဏဂုံ၊

(၃) တပည့်၏အဖြစ်သို့ ကပ်ရောက်ကြောင်းဖြစ်သော ဒိဋ္ဌိဇုကမ္မဟု ဆိုအပ်သော သိဿဘာဝူပဂမန သရဏဂုံ၊

(၄) မြတ်သော ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီမှု အရိုသေပြုမှုကို ကျရောက်စေကြောင်းဖြစ်သော ဒိဋ္ဌိဇုကမ္မဟု ဆိုအပ်သော ပဏိပါတန သရဏဂုံ တို့ဖြစ်ပါသည်။ (ဋ္ဌ၊ ၂၀၆)

http://www.dhammadownload.com



မေး။ သရဏဂမနုပက္ကိလေသသမုစ္ဆေဒေန ဟု ဆိုရခြင်းအကြောင်းကို ရေးခဲ့ပါ။

ဖြေ။ မဂ်လေးပါးဟု ဆိုအပ်သော သစ္စာလေးပါးကို ရခြင်းသည်ပင် လောကုတ္တရာ သရဏဂုံ မည်၏။ ဤသို့ လောကုတ္တရာသရဏဂုံနှင့် မဂ်ဉာဏ်တို့၏ အထူးမရှိသော ကြောင့် သရဏ ။ပ။ န ဟု ဆိုခြင်းဖြစ်သည်။

မေး။ သရဏဂမနပ္ပဘေဒကို ပြရာဌာနဖြစ်ပါလျက် သရဏဂုံမပျက်စီးမှုကိုပါ အဘယ့် ကြောင့် ထည့်သွင်းပြဆိုထားသည်ကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဆိုအပ်ခဲ့ပြီးသော သရဏဂုံအပြားကို ဝေဖန်မှုနှင့် စပ်သောအားဖြင့် သရဏဂုံ မပျက်စီးပုံကိုလည်း ပြဖို့ရန် လွယ်ကူသောကြောင့် သရဏဂုံမပျက်စီးမှုကိုလည်း ထည့်သွင်းပြဆိုထားခြင်း ဖြစ်ပါသည်။

မေး။ အဋ္ဌာနမေတံ ဘိက္ခဝေ ယံ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော မာတရံ ဇီဝိတာ ဝေါရောပေယျ ဟူသော စကားကို ဆိုရခြင်းအကြောင်းကို ရေးသားခဲ့ပါ။

ဖြေ။ ဒိဋ္ဌိသမ္ပန္န (မဂ်ပညာနှင့်ပြည့်စုံသော) ပုဂ္ဂိုလ်သည် မိမိ အသက်ဟူသော အကြောင်း ကြောင့်လည်း မိခင်ရင်းကို မသတ်သော်လည်း ပုထုဇဉ်အဖြစ်၏ မဟာသာဝဇ္ဇ အပြစ်ကြီးမားသည်၏အဖြစ်ကို ပြခြင်းငှာရင်း အရိယာအဖြစ်၏ ဗလဝ အားကောင်း သည်၏အဖြစ်ကို ထင်ရှားပြခြင်းငှာရင်း ယင်းစကားကိုဆိုရခြင်းဖြစ်ပါသည်။

မေး။ လောကိယသရဏဂမနံ ။ပ။ ဉာဏာဒီဟိ သံကိလိဿတိ (၄၊ ၂၀၉) ၌ အညာဏ၊ သံသယ၊ မိစ္ဆာဉာဏတို့၏ အဓိပ္ပါယ်နှင့် အာဒိ၏ အာဒိဝန်အရကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ရတနာသုံးပါး၏ ဂုဏ်တော်ကို လုံးဝမသိခြင်း၊ ထိုရတနာသုံးပါး၌ ပြင်းစွာတွေဝေ ခြင်းသည် ''အညာဏ'' မည်၏။ ဘုရားဟုတ်လေသလော၊ မဟုတ်လေသလောဟု ယုံမှားခြင်းသည် ''သံသယ'' မည်၏။ ရတနာသုံးပါး၏ အရဟံစသော ဂုဏ်တို့ကို ဂုဏ်တော်မဟုတ်ဟု ကြံဆခြင်းဖြင့် ဖောက်ပြန်သောအားဖြင့် ယူခြင်းသည် ''မိစ္ဆာ ဉာဏ'' မည်၏။

အာဒိဖြင့် ရတနာသုံးပါးကို မရိုသေခြင်း အနာဒရ၊ မလေးစားခြင်း အဂါရဝ စသည် တို့ကို ယူရမည်။

မေး။ အဘယ်အင်္ဂါရပ်များနှင့် ပြည့်စုံသူကို ဥပါသကရတနာဟု ခေါ်ပါသနည်း။ အဋ္ဌ ကထာလာသည့်အတိုင်း ကျနစွာ ဖြေဆိုပါ။

http://www.dhammadownload.com



ဖြေ။ (၁) သဒ္ဓေါ ဟောတိ = သဒ္ဓါတရားရှိခြင်း။
(၂) သီလဝါ ဟောတိ = သီလရှိခြင်း။
(၃) န ကောတူဟလမင်္ဂလိကော ဟောတိ = အထူးအဆန်းဖြစ်သော ဒိဋ္ဌ၊ သုတ၊ မုတကို မင်္ဂလာဟု အယူမရှိခြင်း။
(၄) ကမ္မံ ပစ္စေတိ၊ နော မင်္ဂလံ = ကံကို ယုံကြည်၏၊ ဒိဋ္ဌ၊ သုတ၊ မုတ မင်္ဂလာကို မယုံကြည်။
(၅) န ဣတော ဗဟိဒ္ဓါ ဒက္ခိဏေယျံ ဂဝေသတိ၊ ဣဓ ပုဗ္ဗကာရံ ကရောတိ = ဤဘုရားသဗ္ဗညုသာသနာမှ ပြင်ပ၌လည်း အလှူခံထိုက်သောပုဂ္ဂိုလ်ကို မရှာမှီး။ ထိုသာသနာ့ပြင်ပ၌ ရှေးဦးစွာ ပြုအပ်သော ဒါန၊ မာနန စသော အမှုကို ပြု၏။ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသူကို ဥပါသက ရတနာဟု ခေါ်ပါသည်။

မေး။ ဥပါသကစဏ္ဍာလ ဖြစ်ကြောင်းအင်္ဂါများကို ပါဠိ+မြန်မာ နှစ်ဘာသာဖြင့် တွဲစပ် ဖော်ပြခဲ့ပါ။

ဖြေ။ (၁) အဿဒ္ဓေါ = သဒ္ဓါတရားမရှိ။
(၂) ဒုဿီလော ဟောတိ= သီလမရှိ။
(၃) ကောတူဟလမင်္ဂလိကော ဟောတိ = အထူးအဆန်းဖြစ်သော ဒိဋ္ဌ၊ သုတ၊ မုတ မင်္ဂလာကို ယုံကြည်၏။ ကံကို မယုံကြည်။
(၄) မင်္ဂလံ ပစ္စေတိ၊ နော ကမ္မံ = ဒိဋ္ဌ၊ သုတ၊ မုတ မင်္ဂလာကို ယုံကြည်၏။ ကံကို မယုံကြည်။
(၅) ဣတော စ ဗဟိဒ္ဓါ ဒက္ခိဏေယျံ ပရိယေသတိ၊ တတ္ထ စ ပုဗ္ဗကာရံ ကရောတိ = ဤဘုရားသဗ္ဗညု သာသနာမှ ပြင်ပ၌လည်း အလှူခံထိုက်သော ပုဂ္ဂိုလ်ကို ရှာမှီးရုံသာမက ထိုသာသနာပြင်ပ၌ ရှေးဦးစွာ ပြုအပ်သော ဒါန၊ မာနန စသော အမှုကို ပြု၏။

မေး။ ပဋ္ဌမာ ဘိက္ခဝေ ဝါဏိဇ္ဇာ ဥပါသကေန အကရဏီယာ–၌ ဥပသကာတို့ မပြုထိုက်သော ကူးသန်းရောင်းဝယ်ခြင်း (၅) မျိုးကို အကြောင်းနှင့်တကွ ဖော်ပြပါ။

http://www.dhammadownload.com



ဖြေ။ (၁) သတ္တာဝါဏိဇ္ဇာ = လက်နက်ကူးသန်း ရောင်းဝယ်ခြင်း၊
(၂) သတ္တာဝါဏိဇ္ဇာ = လူသတ္တဝါ ရောင်းဝယ်ခြင်း၊
(၃) မံသဝါဏိဇ္ဇာ၊ = တိရစ္ဆာန်မွေးမြူ၍ အသား ရောင်းဝယ်ခြင်း၊
(၄) မဇ္ဇဝါဏိဇ္ဇာ = သေရည် အရက်ရောင်းဝယ်ခြင်း၊
(၅) ဝိသဝါဏိဇ္ဇာ = အဆိပ်ကူးသန်း ရောင်းဝယ်ခြင်းတို့ ဖြစ်သည်။
(၁) လက်နက်ကို = သူတစ်ပါးနှိပ်စက်ကြောင်းဖြစ်သောကြောင့်၊
(၂) လူကို = ကျွန်အဖြစ်ကို ပြုရာရောက်သောကြောင့်၊
(၃) အသားကို = သတ်ခြင်း၏အကြောင်းဖြစ်သောကြောင့်၊
(၄) သေရည်အရက်ကို = ကုသိုလ်ကောင်းမှု၌ မေ့လျော့ကြောင်းဖြစ်သောကြောင့်၊
(၅) အဆိပ်ကို သူတစ်ပါးကို သတ်ဖြတ်ကြောင်းဖြစ်သောကြောင့် မပြုထိုက်။

**မေး။** ဓမ္မိကံ ဓမ္မရာဇာနံ-၌ ဓမ္မအရ၊ ဓမ္မေနေဝ-၌ ဓမ္မအရတို့ကို ဖော်ပြပါ။

**ဖြေ။** ဓမ္မိကံ ဓမ္မရာဇာနံ-၌ ဓမ္မအရ မင်းကျင့်တရား (၁၀) ပါးကို ယူရပါသည်။

**ရာဇဓမ္မ (၁၀) ပါးသရုပ်**

ဒါနံ သီလံ ပရိစ္စာဂံ၊ အဇ္ဇဝံ မဒ္ဒဝံ တပံ။
အက္ကောဓံ အဝိဟိံသဉ္စ၊ ခန္တိ စ အဝိရောဓနံ။ (ဇာ၊ ၂၊ ၉၄၊ မဟာဟံသဇာတ်)

ဓမ္မေနေဝ-၌ ဓမ္မအရ ကုသလဓမ္မကို ယူရ၏။

**မေး။** ပါဏုပေတံ-၌ ပါဏအရကို ဖော်ပြပါ။

**ဖြေ။** ''ယာဝ မေ ဇီဝိတံ ပဝတ္တတိ'' ကို ထောက်၍ ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေသာ ဖြစ်ပါသည်။

**မေး။** ယထာဓမ္မံ ပဋိကရောတိ-၌ ယထာဓမ္မံအရနှင့် ယထာဓမ္မပဋိကရဏအစိပ္ပါယ်ကို ရေးပါ။

**ဖြေ။** ယထာဓမ္မံ-၌ ဓမ္မဟူသည် သူတော်ကောင်းတို့၏ အလေ့အကျင့်ဖြစ်သော ကုသိုလ်တရားတည်း။ ပြုအပ်ပြီးသောအပြစ်ကို သည်းခံစေခြင်း (ဝါ) တောင်းပန်ခြင်းသည် ''ယထာဓမ္မပဋိကရဏ''မည်၏။

http://www.dhammadownload.com



**မေး။** ပုဂ္ဂလဓိဋ္ဌာန်ဒေသနာတော်ကို ဟောတော်မူရခြင်းအကြောင်းကို ရေးခဲ့ပါ။

**ဖြေ။** ဒေသနာတော်ကို တင့်တယ်စမ္ပယ်စေလိုသော သဗ္ဗညုတဉာဏ်၏အစွမ်းကြောင့်၎င်း၊ ဝေနေယျဖြွဲ့သသယ၏အစွမ်းကြောင့်၎င်း ပုဂ္ဂလဓိဋ္ဌာန် ဒေသနာတော်ကို ဟောတော်မူပါသည်။

**မေး။** ဒေသနာ (၄) မျိုးကို ဖော်ပြပါ။

**ဖြေ။** (၁) ပုဂ္ဂလာဓိဋ္ဌာန ဓမ္မဒေသနာ၊ (၂) ပုဂ္ဂလာဓိဋ္ဌာန ပုဂ္ဂလဒေသနာ၊
(၃) ဓမ္မာဓိဋ္ဌာန ပုဂ္ဂလဒေသနာ၊ (၄) ဓမ္မာဓိဋ္ဌာန ဓမ္မဒေသနာ၊

**မေး။** ဗဟုကိစ္စာ ဗဟုကရဏီယာ–၌ ကိစ္စနှင့်ကရဏီယတို့၏ အထူးကို ဖော်ပြပါ။

**ဖြေ။** မပြုမနေရ ကေန်ပြုရမည့် အလုပ်သည် ''ကိစ္စ'' မည်၏။ ပြုသင့်လျှင် ပြုရမည့် အလုပ်သည် ''ကရဏီယ'' မည်၏။ ဤသို့ ထူးပါသည်။

**မေး။** သာမညဖလသုတ်တရားတော်ကို ကြားနာရသဖြင့် အဇာတသတ်မင်းရရှိအပ်သော ဒိဋ္ဌဓမ္မအကျိုး/သမ္ပရာယိက အကျိုးများကို ဖော်ပြပါ။

**ဖြေ။** **ဒိဋ္ဌဓမ္မအကျိုးကား**

အိပ်ပျော်ခြင်းကို ရခြင်း၊ ရတနာသုံးပါးတို့အား ပူဇော်သက္ကာရပြုရခြင်း၊ ပုထုဇဉ်တို့၏ ဉစ္စာဖြစ်သော လွန်ကဲသော သဒ္ဓါတရားနှင့် ပြည့်စုံခြင်း အကျိုးတရားတို့ ဖြစ်ပါသည်။

**သမ္ပရာယိကအကျိုးကား**

အနုစ်ခြောက်သောင်းမျှဖြင့် လောဟကုမ္ဘီငရဲမှ လွတ်မြောက်နိုင်ခြင်း၊ ဝိဇိတာဝီမည်သော ပစ္စေကဗုဒ္ဓါဖြစ်၍ ပရိနိဗ္ဗာန်စံဝင်ရမည်ဖြစ်ခြင်းအကျိုးတို့ ဖြစ်ပါသည်။ ထိုမျှလောက် မကြီးကျယ်သော အကျိုးများမှာ မရေမတွက်နိုင်အောင်ပင် များပြားလှပါသည်။

**မေး။** ပစ္စေကဗုဒ္ဓါဟူသည် မည်ကဲ့သို့သော ပုဂ္ဂိုလ်ဖြစ်သည်ကို ဥပမာဆောင်၍ ရှင်းလင်းဖြေဆိုခဲ့ပါ။

**ဖြေ။** ပစ္စေကဗုဒ္ဓါဟူသည် အသီးအခြား တစ်ပါးတည်းသာ သစ္စာလေးပါးကို သိသော ဘုရားတည်း။ (သမ္မာသမ္ဗုဒ္ဓဘုရားကဲ့သို့ သူတစ်ပါးကို မသိစေနိုင်ဟူလို)။ ပစ္စေကဗုဒ္ဓါတို့သည် အတ္တရသကိုသာ ထိုးထွင်း၍ သိတော်မူကြ၏။ **ဓမ္မသရ** (နာမပညတ်)

http://www.dhammadownload.com



တို့ကို ထိုးထွင်းမသိကြကုန်။ လူအသည် သူမြင်အပ်သော အိပ်မက်ကို သူတပါးအား ပြန်၍ မပြောနိုင်သကဲ့သို့၎င်း၊ မှဆိုးသည် မြို့၌ သာယာသော ဟင်း၏အရသာကို ပြန်၍ မပြောနိုင်သကဲ့သို့၎င်းဖြစ်ပါသည်။

**မေး။** ခတော ဥပဟတော–၌ တူးဖြိုအပ် ဖျက်ဆီးအပ်သောတရားကို မှန်ကန်စွာဖော်ပြ၍ ယင်းနှစ်ပုဒ်ဖြင့် ပြအပ်သော ဒဿနကိုလည်း အကြောင်းပြဖြေဆိုခဲ့ပါ။

**ဖြေ။** ခတော ဥပဟတော–၌ တူးဖြိုဖျက်ဆီးအပ်သော တရားကား ဤပစ္စုပ္ပန်ဘဝ၌ အကျိုးပေးလတ္တံ့သော မိမိ (အဇာတသတ်မင်း) ၏ ရှေးဘဝက ပြုခဲ့ပြီးသော ကုသိုလ် မူလများဖြစ်ပါသည်။

ခတော ဥပဟတော နှစ်ပုဒ်သည် ပရိယာယ်တူဖြစ်သောကြောင့် ယင်းနှစ်ပုဒ်ဖြင့် ပြအပ်သော ဒဿနတ္တကား ကမ္မပရာဓဖြစ်သည်။ ဤနေရာ၌ ကမ္မာပရာဓဟူသည် ပိတုဃာတကကံ ဟူသော အပြစ်ပင်တည်း။

**မေး။** အဇာတသတ်မင်းသည် အဖသတ်သောကံကြောင့် မည်သည့်ငရဲ၌ မည်မျှလောက် ခံရ၍ နောင်အခါ မည်ကဲ့သို့သော ပုဂ္ဂိုလ်ဖြစ်ရမည်ကို ဆုံးဖြတ်ခဲ့ပါ။

**ဖြေ။** အဇာတသတ်မင်းသည် အဖသတ်ကံကြောင့် လောဟကုမ္ဘီငရဲ၌ နှစ်ပေါင်းခြောက်သောင်းခံရ၍ နောင်အခါ ဝိဇိတာဝီမည်သော ပစ္စေကဗုဒ္ဓါ ဖြစ်ရပါမည်။

**သာမညဖလသုတ်ဆိုင်ရာ သဘောအစိပ္ပါယ် ပြီး၏။**

*******

## သာမညဖလသုတ်ဆိုင်ရာ လေ့ကျင့်ခန်းပုစ္ဆာ

* အဟုဒေဝ ဘယံ–၌ ''ဘယ''၏ ဘေဒကိုင်း၊ ဤ၌ လိုအပ်သော ဘယကို၎င်း ထုတ်ဖော်ပြခဲ့ပါ။

* အဇာတသတ်မင်းကို ဘုရားရှင်ထံပို့ရာ၌ ဇီဝကသည် အဘယ့်ကြောင့် မြင်းယာဉ် စသည်တို့ကို မသုံးဘဲ ဆင်ယာဉ်ကိုသာ သုံးပါသနည်း။ အဋ္ဌကထာလာသည့်အတိုင်း ရေးသားခဲ့ပါ။

http://www.dhammadownload.com



# သီလက္ခန်အခိပ္ပါယ်အဖြေနဲ့

* ''ဒီဏာ ဇာတိ''၌ ရဟန္တာတို့ဇာတိကုန်ခြင်းကို အဘယ်ပုံ အဘယ်နည်းဖြင့် သိပါသနည်း။

* ''သတော သမ္ပဇာနော''ဟု သတိသမ္ပဇညတို့ကို အဘိဓမ္မာဗျာပါဒနီဝရဏာပွဟာန ကထာ–တို့၌ ဟောတော်မမူဘဲ ထိနမိဒ္ဓနီဝရဏာပွဟာနကထာ၌သာ ဟောတော်မူ ရခြင်း၏ အကြောင်းကို ဖော်ပြခဲ့ပါ။

* သာမညဖလသုတ်တော်ကို အဘယ်အရပ်ဒေသ, ဘယ်နေ့, ဘယ်အချိန်ဝယ် ဘယ် အကြောင်းကြောင့် အဘယ်(ပုဂ္ဂိုလ်)အား ဟောကြားတော်မူသည်ကို ဖြေဆိုပါ။

* အဇာတသတ်မင်း၏ ပါပမိတ္တသံသဂ္ဂကြောင့် မဟာပရာဓဖြစ်ပုံကို ဖော်ပြ၍ ကဟံ ပန သမ္ဘ–ဟူသော အဇာတသတ်မင်း၏ အမေးစကား၌ သမာနဝါဒ မဟာ ဝိဟာရဝါသီတို့၏ အကြောင်းပြချက်ကိုလည်း ထုတ်ပြပါ။

* အဟုဒေဝ ဘယံ–၌ အဘယ့်ကြောင့် အဇာတသတ်မင်းကြောက်သည်ကို (က) ကေဝါဒ၊ (ခ) သကဝါဒ နှစ်နည်းပြ၍ ဖြေဆိုခဲ့ပါ။

* သကိဥ္စနပလိဗောဓဋ္ဌေန ဟူသော အကြောင်းမှတစ်ပါး ဃရာဝါသ၏ သမ္ဗာဓ ဖြစ်ရခြင်းအကြောင်းကို ဖော်ပြ၍ ကိဥ္စနနှင့်ဗလိဗောဓတို့၏ အထူးကိုလည်း ရေးခဲ့ပါ။

* ဣဒံ ခေါ မဟာရာဇ သန္ဒိဋ္ဌိကံ သာမညဖလ–ံ၌ မုချဖြစ်သော (က) သာမည၊ (ခ) သာမညဖလတို့ကို ထုတ်ပြ၍ သမ္ဗာဓော ဃရာဝါသော–၌ ဃရာဝါသ၏ သမ္ဗာဓဖြစ်ရခြင်းအကြောင်းကိုလည်း ဖော်ပြပါ။

* အဟုဒေဝ ဘယံ အရ အမ္ဗဝနသို့အသွား အဘယ့်ကြောင့် အဇာတသတ်မင်းအား ကြောက်ခြင်းဖြစ်ရသည်ကို သမာနဝါဒအားဖြင့် ဖြေဆို၍ သေနာသနံ ဘဇတိ–၌ သေနာသနလေးပါးကို ဖော်ပြပါ။

* (က) သရဏ၊ (ခ) သရဏာဂမနတို့၏ သရူပတ္တကို ကောက်ပြ၍ လောကိယသရဏာ ဂမနပ္ပဘေဒကိုလည်း ထုတ်ပြပါ။

* (က) သရဏ၊ (ခ) သရဏာဂမနတို့၏ အရကို ဖော်ပြ၍ လောကီသရဏာဂုံအပြား လေးပါး၏ သရုပ်ကိုလည်း ထုတ်ပြခဲ့ပါ။

http://www.dhammadownload.com



* အတတ်ပညာသင်ပေးသည့် တိတ္တိဆရာကြီးကို ဆရာဟူသော အမှတ်ဖြင့် ရှိခိုးသော် သရဏဂုံဆောက်တည်ထားသည့် ဒါယကာအား သရဏဂုံပျက်/မပျက် ကျမ်းလာ အထောက်အထားပြ ဆုံးဖြတ်ပါ။

* သမ္မာဓော ဃရာဝါသော ရဇပထော အရ ဃရာဝါသ၏ (က) သမ္မာဓဖြစ်ပုံ၊ (ခ) ရဇပထ ဖြစ်ပုံကို အဋ္ဌကထာအဖွင့်နှင့်အညီ နှစ်နည်းဖြေဆိုပါ။

* ဇီဝက၏ ဇီဝကဟူ၍၎င်း၊ ''ကောမာရဘစ္စ''ဟူ၍၎င်း အမည်ရပုံကို ဖော်ပြပါ။

* သာမညဖလကို ပြရာဝယ် ကဿကဝါရ၌ ဘောဂက္ခန္ဓသဒ္ဒါကို ပြသကဲ့သို့ ဒါသဝါရ၌ ဘောဂက္ခန္ဓသဒ္ဒါ မပြရခြင်းအကြောင်းကို ဖော်ပြပါ။

* ထိနနှင့် မိဒ္ဓတို့၏ အထူးကို ဖော်ပြပါ။

* သန္တောသ ၁၂ မျိုးကို စနစ်တကျ ပြည့်စုံစွာ ရေတွက်ပြပါ။

* ရာဇာ တဿ သရီရံ လေဟိတ္တွာ ယာပေတိ–၌ မင်းသည် မိဖုရား၏ ကိုယ်ကို လျက်သည်ဟု ဆိုရာ သောတာပန်ဖြစ်၍ ဂတိမြဲပြီးသော ဗိမ္ဗိသာရမင်းသည် သေဘေးကို ကြောက်၍လည်း ဤသို့ ပြုပါသလော၊ ဖြေဆိုပါ။

* ''ကုမာရေန ဘတော'' ဟူသော သာဓျစကားနှင့် ''ကုမာရေန ပေါသာပိတော'' ဟူသော သာဓကစကား နှစ်ရပ်တို့ကို ဆက်စပ်မိအောင် ကျမ်းညွှန်၍ ဆုံးဖြတ်ပြခဲ့ပါ။

**သာမညဖလသုတ်ဆိုင်ရာ လေ့ကျင့်ခန်းမေးခွန်း ပြီး၏။**

********

## အမ္ဗဋ္ဌသုတ်ဆိုင်ရာအခိပ္ပါယ်

မေး။ တစ်ခုတည်းသာဖြစ်သော ဇနပုဒ်ကို ''ကောသလေသု''ဟူ၍ အဘယ့်ကြောင့် ဗဟုဝုစ်ဖြင့် ဆိုရပါသနည်း။

ဖြေ။ **''ကောသလေသု''ဟု ဗဟုဝုစ်ဖြင့် ဆိုရခြင်းအကြောင်း**

(ဌာနီနိဿိတ–မင်းသားတို့၏ များသည်၏အဖြစ်ကို ဌာနနိဿယ ဇနပုဒ်၌ တင်စားကြောင်း) ရုဠှီသဒ္ဒါဖြစ်သောကြောင့် ''ကောသလေသု''ဟု ဗဟုဝုစ်ဖြင့် ဆိုပါသည်။

http://www.dhammadownload.com



# သီလက္ခန်အဓိပ္ပါယ်အဖြေစုံ

**မေး။** ရှုဦးသဒ္ဒေနည်း ရှုဦးအဓိပ္ပါယ်ကို ရေးခဲ့ပါ။

**ဖြေ။** နိဿိတဌာနီဖြစ်သော မင်းသားတို့၌ ယှဉ်အပ်သော ဗဟုဝစ်ဝိဘတ်ကို (ဝါ) များသည်၏အဖြစ်ကို နိဿယဌာနဖြစ်သော ဇနပုဒ်၌ တင်စားခြင်းသည် ဤအရာ၌ ရှုဦးမည်၏။

**မေး။** တုရိတစာရိကာ၊ အတုရိတစာရိကာတို့၏ သဘောအဓိပ္ပါယ်ကို အဋ္ဌကထာလာ အတိုင်း ဖြေဆိုခဲ့ပါ။

**ဖြေ။** ဝေးသောအရပ်၌လည်း သစ္စာ(၄) ပါးကို သိထိုက်ပုဂ္ဂိုလ်ကို မြင်၍ ထိုပုဂ္ဂိုလ်ကို သစ္စာလေးပါး သိစေခြင်းအကျိုးငှါ အဆောတလျင် ရှောင်တခင် ကြွသွားခြင်းသည် တုရိတစာရိကမည်၏။

ရွာနိဂုံးအားဖြင့် နေ့စဉ် တစ်ယူဇနာ နှစ်ယူဇနာ၏အစွမ်းဖြင့် ဆွမ်းခံလှည့် လည်လျက် လောကကို ချီးမြှောက်ရန်အတွက် ကြွခြင်းသည် အတုရိကစာရိက မည်၏။

**မေး။** အတုရိတစာရိကာ၏ အဝန်းသုံးမျိုး အတိုင်းအတာပမာဏနှင့်အချိန်ကာလကို ဖော်ပြပါ။

**ဖြေ။** (၁) မဟာမဏ္ဍလ = ယူဇနာကိုးရာ၊ ကိုးလ ကြာသည်။
(၂) မဇ္ဈိမမဏ္ဍလ = ယူဇနာခြောက်ရာ၊ ရှစ်လ ကြာသည်။
(၃) အန္တောမဏ္ဍလ = ယူဇနာသုံးရာ၊ ခုနှစ်လ, ခြောက်လ, ငါးလ, လေးလ ကြာသည်။

မဇ္ဈိမဒေသအတွင်း၌သာ ဘုရားရှင်သည် အတုရိတစာရိကာဖြင့် လှည့်လည် တော်မူ၏။ ပစ္စန္တရစ်အရပ်၌ကား အကြောင်းကိစ္စရှိ၍ ကြွတော်မူရလျှင် တုရိတ စာရိကာဖြင့်သာ ကြွတော်မူ၏။ ထိုပစ္စန္တရစ်အရပ်၌ အရဏ်လည်း တက်စေတော်မမူ။

**မေး။** သမထနှင့်ဝိပဿနာ ခွဲခြားဖြေဆိုခဲ့ပါ။

**ဖြေ။** တရုဏသမထ အရ ဥပစာရသမာဓိကို ရ၏။
တရုဏဝိပဿနာ အရ သင်္ခါရပရိစ္ဆေဒဉာဏ်၊ ကင်္ခါဝိတရဏဉာဏ်၊ သမ္မသန ဉာဏ်၊ မဂ္ဂါမဂ္ဂဉာဏ်လေးပါးကို ယူရ၏။

http://www.dhammadownload.com



မေး။ အဘယ်ကို ခန္ဓာဝါရဟု ဆိုပါသနည်း။ ဖြေဆိုခဲ့ပါ။

ဖြေ။ သစ်တုံး၊ ထန်းတုံး ကျောက်အုဋ်စသော အတုံးအခဲတို့ကို ပတ်ဝန်းကျင်ကာရံရာဖြစ်သော တပ်မြို့ကို ''ခန္ဓာဝါရ'' ဟု ခေါ်သည်။ ဤနေရာ၌ကား ဓမ္မရာဇာ၏ သီတင်းသုံး တော်မူရာဖြစ်၍ ထိုတပ်မြို့ကဲ့သို့ လုံခြုံသော သီလတော်ကို သဒ္ဒါသူပစာရအားဖြင့် ''ခန္ဓာဝါရ'' ဟု ခေါ်ပါသည်။

မေး။. ဣတ္ထာနဂ်လေ ။ပ။ ဝိဟာရေန ဝိဟရတိ (ဌ၊ ၂၁၇)၌ သီလ၊ သမာဓိ၊ ပညာတို့ကို ယူထားရခြင်းအကြောင်းကို ဖော်ပြပါ။

ဖြေ။ တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရား၏ အကျင့်ပဋိပတ်တော်ဟူသမျှသည် အဓမ္မကို အကုန်အစင် နှိမ်နင်းခြင်းသာ အရေးအကြီးဆုံးရှိ၏။ ထိုအကျင့်ပဋိပတ်တော်ဟူသည်လည်း သီလ၊ သမာဓိ၊ ပညာအစွမ်းဖြင့် သုံးပါးသာတည်း။ ထို့ကြောင့် ၎င်းဝါကျ၌ ယင်းသုံးပါးကို ယူထားခြင်းဖြစ်ပါသည်။

မေး။ သဗ္ဗညုတညာဏပဒံ+သဗ္ဗညုတညာဏသရံ ဟု ပါဌ်နှစ်ထွေရှိရာ သင့်ရာပါဌ်ကို အကြောင်းပြ ဆုံးဖြတ်ပါ။

ဖြေ။ သဗ္ဗညုတညာဏပဒံ + သဗ္ဗညုတညာဏသရံ နှစ်ချက်တွင် –
သဗ္ဗညုတညာဏသရံ သဗ္ဗညုတညာဏ်တည်းဟူသော စိန်သွားတတ်သောမြှားကို။ ပရိဝတ္တယမာနော၊ ထက်ဝန်းကျင်မှ ပြန်လှန်စေတော်မူလျက်။
(တစ်နည်း) သဗ္ဗညုတညာဏပဒံ၊ သဗ္ဗညုတညာဏ်တည်းဟူသော ဇယမန္တန်ကို။ (ဝါ) သဗ္ဗညုတညာဏ်တည်း ဟူသော အောင်မန္တန်ကို၊ ပရိဝတ္တယမာနော၊ ပြန်လှန်စေတော်မူလျက်။ (ဝါ) စုပ်တော်မူလျက်။ (ပခုက္ကူသျှ၊ ၃၂၇)
သဗ္ဗညုတညာဏပဒန္တိ သဗ္ဗညုတညာဏသခ်ီတံ ဇယမန္တပဒံ။ ပရိဝတ္တယမာနောတိ ပရိဇပ္ပမာနော။ သဗ္ဗညုတညာဏသရန္တိပိ ပါဌော၊ သဗ္ဗညုတညာဏဝဇိရဂ္ဂသရံ အပရာပရံ သမ္မရိဝတ္တယမာနောတိ အတ္တော (ဋီသစ်၊ ၂၊ ၂၀၈) အထက်ပါ သီဋီသစ်, ပခုက္ကူနိသျတို့ကို ထောက်၍ နှစ်ပါဌ်သင့် ဟူလို။

မေး။ ပေါက္ခရသာတိပုဏ္ဏား၏ ကိုယ်၊ ဦးခေါင်း စသော ရုပ်ရည်ရူပကာယ၏ လှပတင့်တယ် ကျက်သရေရှိပုံကို အဋ္ဌကထာလာသည့်အတိုင်း ဖြေဆိုပါ။

ဖြေ။ (၁) ပေါက္ခရသာတိပုဏ္ဏား၏ ခန္ဓာကိုယ်သည် ပဒုမ္မာကြာဖြူနှင့် နတ်ပြည်၌ စိုက်ထူအပ်သော ငွေတုရိဏ်တိုင်နှင့် တူ၏။

http://www.dhammadownload.com



(၂) ဦးခေါင်း၌ ဆံပင်သည် ကုန္တနီလာ ပတ္တမြားညိုနှင့် တူ၏။
(၃) မုတ်ဆိတ်ကျင်စွယ်သည် လဝန်း၌ တစ်ရံတစ်ခါ ပေါ်ထွက်လာသော မိုယ်းတိမ်အရေးနှင့် တူ၏။
(၄) မျက်လုံးသည် ကြာညိုပန်းနှင့် တူ၏။
(၅) နှာတံသည် ငွေကျည်တောက်နှင့် တူ၏။
(၆) ခြေဖဝါး၊ လက်ဖဝါး၊ အပြင်ခံတွင်းပေါက် (နှုတ်ခမ်း) တို့သည် ချိပ်ရည်ဖြင့် ပရိကမ် ပြုထားသည်နှင့်တူ၍ တင့်တယ်၏။

ဤသို့အားဖြင့် ပေါက္ခရသာတိပုဏ္ဏား၏ ခန္ဓာကိုယ်၊ ဦးခေါင်းစသော ရုပ်ရည် ရူပကာယသည် လှပတင့်တယ်ကျက်သရေ ရှိပါသည်။ (တသာ ကိရ ။ ပ ။ ဝေမေသာ သသီရိကော။ (ဋ၊ ၂၁၇)

မေး။ အဘယ့်ကြောင့် အဘယ်ကို မန္တန်ဟု ခေါ်ပါသနည်း။

ဖြေ။ လုံခြုံစွာ ရွတ်ဆိုအပ်သောကြောင့် ဣရုဝေဒ စသည်တို့ကို မန္တ (မန္တန်)ဟု ခေါ်ဆို ရပါသည်။

မေး။ ဣဒမေဝ ဟိ ဇာတိဗြာဟ္မဏာနံ နိရုတ္တိဝစနံ-၌ ဣဒမေဝ ဝယ် ဝေသဒ္ဒါ၏ နိဝတ္တေတဗ္ဗကို ဖော်ပြပါ။

ဖြေ။ ဗြဟ္မုနာ ဇာတော ဗြာဟ္မဏော စသော ဝစနတ္တ ဖြစ်ပါသည်။
(သာရတ္ထဋီကာ၌ ဗြာဟ္မတော ဇာတော ဗြဟ္မဏောဟု ရှိ၏။)

မေး။ ပဏ္ဍိတနှင့်ဗျတ္တတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ ပဋိသန္ဓေပညာဟု ဆိုအပ်သော သဘာဝပညာရှိသူသည် ''ပဏ္ဍိတ'' မည်၏။ ထိုထိုပြုဖွယ်ကိစ္စတို့၌၎င်း၊ ဝေဒကျမ်းစာတို့၌၎င်း၊ ထက်မြက်သော ပညာရှိသူသည် ''ဗျတ္တ''မည်၏။ ဤသို့ ထူးသည်။

မေး။ သောယေဝတ္ထော-ပါဠိ၌ဖြင့် ပြအပ်သော ဗျတိရေကိုဖော်ပြပါ။

ဖြေ။ ဘူမိဘာဂသမ္ပတ္တိ, ဥပကရဏသမ္ပတ္တိ, မနုဿသမ္ပတ္တိ ဟူသော သမ္ပတ္တိသုံးမျိုးဖြင့် (မြတ်သော) ဥက္ကဋ္ဌဂုဏ်နှင့် ယှဉ်ခြင်းကြောင့် ထိုမြို့သည် ''ဥက္ကဋ္ဌ'' မည်၏ဟု အပရေဆရာတို့ ဆိုကြပါသည်။ သောယေဝတ္ထော-ဖြင့် ယင်းအပရေဝါဒကို ဗျတိရေကအားဖြင့် ပြပါသည်။

http://www.dhammadownload.com



မေး။ (က) ဥက္ကဋ္ဌံ အဇ္ဈာဝသတီတိ ဥက္ကဋ္ဌနာမကေ နဂရေ ဝသတိ၊ (ခ) အဘိဘဝိတွာ ဝါ အာဝသတိ (ဋ္ဌ၊၂၁၈) တတ္ထ လက္ခဏံ သဒ္ဒသတ္ထတော ပရိယေသိတဗ္ဗံ အရ "ဥက္ကဋ္ဌံ"၌ ဒုတိယာ ကေဝုစ် အံဝိဘတ် သက်ထားပုံကို ရေးခဲ့ပါ။

ဖြေ။ (က) ဝါကျအဖွင့်အရ အဓိသဒ္ဒါ (ဥပသာရ)၊ အာသဒ္ဒါ (ဥပသဒ္ဒ)ပုဒ်တို့ ဥပသဂ္ဂမတ္တာတွေတ္ထာနုဝတ္တကဖြစ်သော် တတိယာသတ္တမီနဋ္ဌ-သုတ်ဖြင့် အဓိ+အာရှေ့ရှိသော ဝသဓာတ်၏ ယှဉ်ရာ သတ္တမီအနက်၌ ဒုတိယာဝိဘတ် သက်ပါသည်။

(ခ) ဝါကျအဖွင့်အရ အဓိသဒ္ဒါသည် ဣဿရိယတ္ထ (အဘိဘဝနတ္ထ)၊ အာသဒ္ဒါသည် မရိယာဒအနက် ဟောခိုက် ကမ္မပ္ပဝစနီယယုတ္တေ သုတ်ဖြင့် (အဓိ, အာ-ဟူသော) ကမ္မပ္ပဝစနီယအယှဉ်၌ ဒုတိယာဝိဘတ်သက်သည်။

မေး။ ပေါက္ခရဏီနှင့် တဠာကတို့၏ အဓိပ္ပါယ်ထူးခြားမှုကို ဖော်ပြပါ။

ဖြေ။ တူးဖော်၍ ပြုလုပ်ထားအပ်သော ရေကန်သည် "ပေါက္ခရဏီ" မည်၏။ အထက်မှ လာသော ရေကို ကာဆီး၍ (ဝါ) ကန်ဘောင်ကန်သင်းဖွဲ့၍ ပြုလုပ်ထားအပ်သော ရေကန်သည် "တဠာက"မည်၏။ ဤသို့ ထူးပါသည်။

မေး။ ရာဇဒါယံ-၌ ပေါက္ခရသာတိသည် ကောသလမင်း၏ သားမဟုတ်ပါဘဲလျက် ပေါက္ခရသာတိအား ဥက္ကဋ္ဌမြို့ကို ပေးရာ၌ ဘာကြောင့် "မင်း၏ အမွေဥစ္စာဖြစ်၍ ဖြစ်သည်ဟု"ဆိုထားသည်ကို ရှင်းပြပါ။

ဖြေ။ ရညော ဒါယဘူတံ (မင်း၏ အမွေဥစ္စာဖြစ်၍ဖြစ်သည်) ဟု ဆိုထားရခြင်းအကြောင်းမှာ ပေါက္ခရသာတိသည် ကောသလမင်း၏ သားမဟုတ်ငြားသော်လည်း သားမြေးမြစ် အစဉ်အဆက်တိုင် အမျိုး၏ဥစ္စာ၏အဖြစ်ဖြင့် ကောသလမင်းထံမှ ရအပ်သောဥစ္စာ ဖြစ်သောကြောင့် "ရညော ဒါယဘူတံ=မင်း၏အမွေဥစ္စာဖြစ်၍ ဖြစ်သည်"ဟု ဆိုထား ပါသည်။

## ရညာ ဟုတွာ ဘုဉ္ဇိတဗ္ဗံ-၌ ဟုတွာ ထည့်ရခြင်းအကြောင်း

ရညာ ဘုဉ္ဇိတဗ္ဗံ ဟုသာ ဆိုအပ်သည်ရှိသော် ဤ၌ အလိုရှိအပ်သော အနက်အဓိပ္ပါယ် မထင်ရှားသောကြောင့် "ဟုတွာ" သဒ္ဒါ ထည့်ဆိုသည်။ မှန်၏။ ထိုသူသည် မင်းမျိုးမှ လာသူမဟုတ်သော်လည်း မင်းလိုသုံးဆောင် ခွင့်ရနိုင်ပေ၏။

http://www.dhammadownload.com



ပဗ္ဗတာဒီသု ၌ အာဒိဖြင့် ရွာတံခါး၀၊ တောအုပ် အ၀င်၀ စသည်တို့ကို ယူရသည်။

မေး။ သေတစ္ဆတ္တာသဒ္ဒါဖြင့် ပြအပ်သော အဓိပ္ပါယ်ကို အကြောင်းပြ၍ ဖော်ပြပါ။

ဖြေ။ ထီးဖြူသာ အဦးပဓာနဖြစ်သောကြောင့် သေတစ္ဆတ္တာသဒ္ဒါဖြင့် ကြွင်းသော မင်းမြှောက်တန်ဆာများကိုလည်း ယူရပါသည်။

မေး။ ဆေဇ္ဇနှင့်ဘေဇ္ဇတို့၏ ထူးခြားပုံကို ဖော်ပြပါ။

ဖြေ။ ခန္ဓာကိုယ်အား ကြိမ်ဒဏ်စသည် ပေးခြင်း သရီရဒဏ္ဍသည် ''ဆေဇ္ဇ'' မည်၏။ ငွေကြေး ဒဏ်ဆောင်ခြင်း ဓနဒဏ္ဍာဒိဘေဒသည် ''ဘေဇ္ဇ''မည်၏။ (တစ်နည်း) လက်ခြေစသည်ကို ဖြတ်ခြင်းသည် ''ဆေဇ္ဇ'' မည်၏။ ပါးကို ဖောက်ခြင်းသည် ''ဘေဇ္ဇ'' မည်၏ (နေရင်းနိသျ) ဤသို့ ထူးပါသည်။

မေး။ တိဏ္ဏံ ဝေဒါနံ ပါရဂူ–၌ အဘယ့်ကြောင့် အာထဗ္ဗဏဗေဒင်ကို မယူပါသနည်း။ အကြောင်းပြဖြေဆိုပါ။

ဖြေ။ အာထဗ္ဗဏဗေဒင်သည် သူတစ်ပါးတို့ကို သတ်ဖြတ်ညှဉ်းဆဲမှုကို ပြုတတ်ရကား သူတော်ကောင်းတို့ မသုံးဆောင်ထိုက်သောကြောင့် တိဏ္ဏံ ဝေဒါနံ–၌ အာထဗ္ဗဏ ဗေဒင်ကို မယူရခြင်း ဖြစ်ပါသည်။

မေး။ တိဏ္ဏံ ဝေဒါနံ–၌ တိဏ္ဏအရကို ဖော်ပြပါ။

ဖြေ။ တိဏ္ဏံ ဝေဒါနံ–၌ တိဏ္ဏံ အရ ဣရု၊ ယဇု၊ သာမတို့ကို ယူရပါသည်။

မေး။ အဘယ်ကို မန္တဓရဟု ခေါ်ပါသနည်း။

ဖြေ။ သင်ယူအပ်ပြီးသော မန္တန် (ဝေဒ) တို့ကို မပျောက်ပျက်အောင် (မေ့မသွားအောင်) စာပြန်သလို ပြန်သောအားဖြင့် နှုတ်တက်စေပြီးလျှင် စိတ်နှလုံး၌ ဆောင်ထားနိုင်သူကို ''မန္တဓရ''ဟု ခေါ်ပါသည်။

မေး။ သောတဒ္ဓါရံ ။ပ။ အညာသိ (ဋ္ဌ၊ ၂၁၉) ၌ သ၀နအရကို အကြောင်းပြဖော်ပြပါ။

ဖြေ။ သမဏော ခလု ဘော ဂေါတမော စသည်ဖြင့် ဆိုအပ်သော အနက်ကို ရအပ် သိအပ်သောကြောင့် သောတဒ္ဓါရသို့ အစဉ်လိုက်နေသော သုဒ္ဓမနောဒွါရဝီထိဖြင့် သိခြင်းကိုသာ ဤ၌ သ၀နအရ ယူရသည်။ ထိုအနက်ကို မရအပ် မသိအပ်သော ကြောင့် သောတဒ္ဓါရဝီထိအစွမ်းဖြင့် ကြားကာမျှကို မယူရ။

မေး။ ပဒပူရဏမတ္တေ နိပါတောဟု ဆိုရခြင်းအကြောင်းကို ဖော်ပြပါ။

http://www.dhammadownload.com



ဖြေ။ ပဒပူရဏာမတ္တေ–၌ မတ္တသဒ္ဒါ ဝေဒအနက်ဟော၊ ထိုမတ္တဖြင့် ပဒပူရဏာမှ တစ်ပါး အခြားအနက်ထူး မရှိဟု ပြပါသည်။ အသောသိဟု ဆိုသဖြင့် (အခြားအနက်ကို ပယ်ရှားနိုင်သော) အညတ္ထာပေါဟနနည်းအားဖြင့်၎င်း၊ ''သဗ္ဗဝါကျံ သာဝဓာရဏံ'' ဟူသော ပရိဘာသာအားဖြင့်၎င်း ကြားသိဖို့ရန် အန္တရာယ်တစ်စုံ တစ်ရာမရှိဟူသော အနက်ကို သိအပ်သောကြောင့် ''ပဒပူရဏာမတ္တေ နိပါတော''ဟု ဆိုသည်။ ဝါကျ တိုင်း၌ အဝဓာရဏာအနက်ကို တိုက်ရိုက်ပြနိုင်သောပုဒ်ရှိလျှင် ထိုပုဒ်က အဝဓာရဏာ အနက်ကို တိုက်ရိုက် ပြမှသာ၍ ထင်ရှားသောကြောင့် ''အဝဓာရဏာတ္တေ'' ဟူသော ပဋ္ဌမဝိကပ်ကို ဆိုသည်။

အဝဓာရဏတ္ထ ခေါ် သဒ္ဒါ၏ ဂဟေတဗ္ဗတ္ထ – အသောသိ ဝေ၊

နိဝတ္တေတဗ္ဗတ္ထ – နာသ ကောစိ သဝနန္တရာယော အဟောသိ။

မေး။ သမိတ္တပါပ၏ ဖြစ်သင့်သော အဓိပ္ပါယ်ကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ သမိတပါပ အရ ဝါသနာနှင့်တကွ ကိလေသာတို့ကို စင်စစ်အကြွင်းမဲ့ ငြိမ်းစေခြင်း ကိုသာ ယူရ၏။ ယင်းသို့ ယူမှသာ ဗာဟိရကဖြစ်သော ရသေ့၊ ဝီတရာဂဖြစ်သော သေက္ခ၊ အသေက္ခတို့၏ ပါပကို ငြိမ်းစေခြင်းမှ (ဝါ) ထက် သဗ္ဗညုဘုရား၏ ပါပကို ငြိမ်းစေခြင်းကို ထိုက်သည်အားလျော်စွာ အထူးပြုအပ်သည်။

မေး။ ဘုရားရှင်သည် မကောင်းမှု အကုသိုလ်တို့ကို မည်ကဲ့သို့ ငြိမ်းစေမှုမျိုးကို ''သမိတ ပါပ''ဟူ၍ ဆိုကြောင်း သဘာဝယုတ္တိ, အာဂမယုတ္တိတို့ဖြင့် ဖြေဆိုပါ။

ဖြေ။ သမိတပါပတ္တာ သမဏော–၌ ကေနစင်စစ် အကြွင်းအကျန်မရှိအောင် ဝါသနာနှင့် တကွ အကုသိုလ်မှန်သမျှကို ငြိမ်းစေမှုမျိုးကိုသာ သမိတပါပ ဟူ၍ မှတ်ယူရမည်။ ဤသို့ ယူမှသာလျှင် ဗာဟိရက ဝီတရာဂ သေက္ခပုဂ္ဂိုလ်တို့၏ အကုသိုလ်ငြိမ်းစေမှု မျိုးထက် ဘုရားရှင်၏ အကုသိုလ်မှန်သမျှ ငြိမ်းစေမှုမျိုးက ထိုက်သည့်အားလျော်စွာ ထူးခြားကွဲပြား လာမည်ဖြစ်သည်။ (ဤကား သဘာဝယုတ္တိတည်း)

ထို့ကြောင့်ပင် ဘဂဝါ စ အနုတ္တရေန အရိယမဂ္ဂေန သမိတပါပေါ ဟူ၍ အဋ္ဌကထာ၌ ဖွင့်ခြင်းဖြစ်သည်။ (ဤကား အာဂမယုတ္တိတည်း)။

မေး။ ဂေါသဒ္ဒါ၏ အတ္ထုဒ္ဓါရနှင့် အတ္ထုဒ္ဓေသကို ဖော်ပြပါ။

http://www.dhammadownload.com



ဖြေ။ (ဆောင်) စကား နွား မြေ ကလြေ့ ရေ နေပညာရောင်
ဂေါသဒ္ဒါနက်၊ ဤရှစ်ချက်၊ နှုတ်တက် အရဆောင်၊
နွားဟော ထီပုံး၊ ကျန်နက်ပုံး၊ မြတ်ထုံးသတိဆောင်။
ဤ၌ကား စကား (သဒ္ဒါ)၊ ပညာ (အသိဉာဏ်) အနက်များကို ဟော၏

မေး။ ဘောဟူသော ပုဒ်နှင့် ပိယသမုဒါဟာရအဖြစ်ဖြင့် တူသော အာလုပ်ပုဒ်တို့ကို ဖော်ပြပါ။

ဖြေ။ အာဝုသော၊ ဒေဝါနံပိယ တို့ဖြစ်သည်။

မေး။ အတ္တာဝဟံ သုခါဝဟံ တို့၌ အတ္တသုခ သရုပ် (၃) မျိုးကို ဖော်ပြပါ။

ဖြေ။ ဒိဋ္ဌဓမ္မိက ချမ်းသာ၊ သမ္ပရာယိက ချမ်းသာ၊ ပရမတ္ထ ချမ်းသာအားဖြင့် (၃)ပါး အပြား ရှိ၏။ အတ္တော စေတ္ထ ဒိဋ္ဌဓမ္မိကသမ္ပရာယိကပရမတ္ထဝသေန တိဝိဓံ ဟိတံ၊ သုခမ္ပိ တထေဝ တိဝိဓံ သုခံ။

မေး။ တတိယံ အက္ခရံ နိဗ္ဗတ္တံ–၌ အဘယ်အရာကို ထောက်ဆ၍ သုံးခုမြောက် သော နာမည်ဖြစ်၏ ဟု ဆိုထားကြောင်းကို ရှင်းပြပါ။

ဖြေ။ ပါပကေ အကုသလေ ဓမ္မေ ဝါဟေန္တီတိ ခေါ် ဝါသေဋ္ဌ ဗြာဟ္မဏာ ဗြာဟ္မဏာတွေဝ ပဌမံ အက္ခရံ ဥပနိဗ္ဗတ္တံ ဟူသော သုတ်ပါထေယျ ဗြာဟ္မဏ မဏ္ဍလသုတ်လာ ပဌမဖြစ်သော နာမည်ကို ထောက်၍၎င်း၊ အရညာယတနေ ပဏ္ဏကုဋီသု ဈာယန္တီတိ၊ ဈာယန္တိ ခေါ် ဝါသေဋ္ဌ ဈာယကာ ဈာယကာတွေဝ ဒုတိယံ အက္ခရံ ဥပနိဗ္ဗတ္တံ ဟူသော ဒုတိယမြောက် နာမည်ကို ထောက်၍၎င်း၊ ဤသီလက္ခန်အဋ္ဌကထာ၌ တတိယံ အက္ခရံ ဥပနိဗ္ဗတ္တံ ဟူ၍ အဇ္ဈာယကော ဟူသော နာမည်ကို သုံးခုမြောက် နာမည်ဟု ဆိုထားခြင်းဖြစ်ပါသည်။

မေး။ အန္ဒဝယော + အနဝယော + အနဝယော–ဟု ပါဠိသုံးမျိုးရှိရာ အကြောင်း ယုတ္တိပြ အမှန်ဆုံးဖြတ်ပါ။

ဖြေ။ အနဝယော + အနွဝယော + အနဝယော ၃ ချက်တွင်
အဝယော န ဟောတိ ဟူသော ဤအဋ္ဌကထာ (အဝယော န ဟောတီတိ ဝုတ္တံ ဟောတိ) ဝါကျအဖွင့်ကို ထောက်၍ န+အဝယော အနဝယော ဟု ဝစနတ္ထပြုသင့် သောကြောင့်၎င်း၊ ပါရာဇိကဏ်အဋ္ဌကထာ၊ ၁၊ ၂၄၉ ၌ အနဝယောတိ အန

http://www.dhammadownload.com



အဝယော၊ သန္ဓိဝသေန ဥကာရလောပေါဟု ဆိုထားရကား အနု+အဝယော–ဟု ပုဒ်ဖြတ်၍ သန္ဓိ၏ အစွမ်းဖြင့် ဥ–အက္ခရာကို ချေ၍ အနဝယောဟုပင် ပြီးသော ကြောင့်ရင်း အနဝယော ဟု ရှိသော ပါဌ်သာ သင့်ပါသည်။ (ကျန်ပါဌ်များ မသင့်ပါ)

**မေး။** ယထာရူပေါ သော ဘဝံ ဂေါတမောဟု ဆိုရခြင်းအကြောင်းကို ရေးခဲ့ပါ။

**ဖြေ။** ယထာရူပါ တေ ဘဝန္တော အရဟန္တော ဟု မဆိုဘဲ ယထာရူပေါ သော ဘဝံ ဂေါတမော ဟု ဆိုရခြင်းသည် မြတ်စွာဘုရားဌသာ ဂရုဂါရဝ၏ အစွမ်းအားဖြင့် ''တထာရူပါနံ အရဟတံ'' ဟူ၍ ဗဟုဝုစ်ဖြင့် ညွှန်ပြအပ်သည်၏အဖြစ်ကို သိစေခြင်း အကျိုးရှိ၏။

**မေး။** ယထာဘုစ္စ ။ပ အရဟံ ပါဌ်ဖြင့် ပြအပ်သော အဓိပ္ပါယ်ကို ဖော်ပြပါ။

**ဖြေ။** ယထာဘုစ္စ ။ပ။ အရဟံ–ပါဌ်ဖြင့် ဓမ္မပ္ပမာဏ လူခပ္ပမာဏဖြင့် သတ္တဝါတို့၏ ကြည်ညိုခြင်းကို ဆောင်သည့်အဖြစ်ကို ပြပါသည်။ (ရဟန္တာအဖြစ်သည် ထိုသူတို့၏ သာထိုက်သည်အားလျော်စွာ အာရုံဖြစ်သောကြောင့်တည်း။) အဝိနာဘာဝနည်း အားဖြင့် ရူပပ္ပမာဏ ဃောသပ္ပမာဏဖြင့် သတ္တဝါတို့၏ ကြည်ညိုခြင်းကို ဆောင်တတ်သည်၏ အဖြစ်ကို ပြပါသည်။

**မေး။** ဒဿနမ္ပိ ၌ ပိသဒ္ဒါအနက်ကို ပြည့်စုံစွာ ဖော်ပြပါ။

**ဖြေ။** ဒဿနမ္ပိ–၌ ပိ (အပိ) သဒ္ဒါသည် အနည်းနောင် ထိုင်သောကြောင့် ဂရဟာ ဇောတကဖြစ်သည်၊ ဖူးမြင်ရခြင်း သာမန်ကိစ္စလေးမျှပင် ကောင်း၏၊ ထို့ထက်အလွန် ပြဿနာမေးခြင်း၊ တရားနာခြင်းစသော အထက်ကိစ္စ များမှာမူ ဆိုဖွယ်ရာ မရှိဟူသော သမ္ဘာဝနာအနက်ကို ဆည်းပါသည်။

**မေး။** ကေနစိ ပါရိဇုညေန၌ ပါရိဇုည–၄–မျိုးကို ဖော်ပြပါ။

**ဖြေ။** ၁။ ဇရာပါရိဇုည၊ ၂။ ဗျာဓိပါရိဇုည၊ ၃။ ဘောဂပါရိဇုည၊ ၄။ ဉာတိပါရိဇုည တို့ဖြစ်ပါသည်။

**မေး။** မဟာပုရိသ ဗုဒ္ဓစသည်တို့၏ လက္ခဏာကို ပြသောကျမ်းအမည်ကို ဖော်ပြ၍ မန္တန် ပေါင်းမည်မျှရှိသနည်း။ သင်္ချာမျှ ရေးခဲ့ပါ။

**ဖြေ။** တစ်သောင်းနှစ်ထောင်ဂါထာအတိုင်း အရှည်ရှိသော မဟာပုရိသလက္ခဏာ ကျမ်းဖြစ်ပါသည်။ ထိုမဟာပုရိသလက္ခဏာကျမ်း၌ မန္တန်ပေါင်း (၁၁၆) ဂါထာအတိုင်း အရှည်ရှိပါသည်။

http://www.dhammadownload.com



မေး။ အဘယ်ကို ရည်ရွယ်၍ ဗဟူ ဇနာ ဟု ဆိုထားပါသနည်း။ ဖြေဆို၍ ကေစွအရကို လည်း ဖော်ပြခဲ့ပါ။

ဖြေ။ ပူရဏကဿပ စသည်တို့ကို ရည်ရွယ်၍ ဗဟူ ဇနာ ဟု ဆိုသည်။ ကေစွ အရ ခတိယစသောဇာတ်နှင့် ပြည့်စုံသူ (၆) လူအပေါင်းက သမုတ်အပ်သော ပုဂ္ဂိုလ်ကို ရ၏။

### ဂရု ဟောတိ

ထိုဆည်းကပ်မိရာ ဆရာ့အထံမှ မိမိကိုလွတ်စေ၍ ခွါသွားဖို့မျှသည်ပင် ခဲယဉ်းလှ၏။ ထိုထက်အလွန် ထိုသူကို တစ်စုံတစ်ခုပြုနိုင်ဖို့ အရေးမှာ သာ၍ဝေး တော့၏။

### အနတ္ထောပိ ဥပ္ပဇ္ဇတိ

ထိုဖဲခွါခဲ့ရုံသာမက ကဲ့ရဲ့ရခြင်း၊ ချုပ်ချယ်ခံရခြင်း၊ စော်ကားခံရခြင်း စသော စီးပွားမဲ့များလည်း ဖြစ်တတ်ချေ၏။

မေး။ ဝေံ ဝုတေ ကိရ နံ ဥပဇ္ဈာယေ–၌ ဆရာကို အဘယ့်ကြောင့် ဥပဇ္ဈာယဟု ခေါ်ပါ သနည်း။

ဖြေ။ သာသနာပအခါ၌ ဆရာကို ဥပဇ္ဈာယ်ဟု ခေါ်ဝေါ်သုံးနှုန်းသောကြောင့် ဆရာကို ဥပဇ္ဈာယ်ဟု ခေါ်၏။

ပုဏ္ဏားတို့၌ သိက္ခာတင်ပေးသော ဆရာကို ''ဥပဇ္ဈာယ်''ဟု ခေါ်၏။

မေး။ မန္တေသုတိ တိသု ဝေဒေသု ဟု အသီးသီး ဖွင့်ဆိုထားရခြင်းအကြောင်းကို ရေးခဲ့ပါ။

ဖြေ။ မန္တေသုတိ တိသု ဝေဒေသု၌ ဝေဒသည် မန္တ ဗြဟ္မ ကပ္ပအားဖြင့် သုံးမျိုးရှိ၏။ ထိုသုံးမျိုးတွင် မန္တသာ အရင်းမူလ ပဓာနဖြစ်သောကြောင့်၎င်း၊ ဗြဟ္မကပ္ပတို့သည် လည်း ထိုမန္တကို မှီခြင်းဖြင့်သာဖြစ်၍ မန္တကို ယူလိုက်လျှင် ဗြဟ္မဝေဒ ကပ္ပဝေဒ တို့ကိုလည်း ယူပြီးဖြစ်သောကြောင့်၎င်း ''မန္တေသု''ဟု ဆိုပါသည်။ တိသု ဝေဒေသု အရကား ဣရု၊ ယဇု၊ သာမ ဟူသော ဗေဒင်သုံးပုံတို့တည်း။ ထိုသုံးပုံကိုပင် မန္တဟု ဆိုထား၏။ ထို့ကြောင့် မန္တေသုကို တိသု ဝေဒေသု ဟု ဖွင့်သည်။

http://www.dhammadownload.com



**မေး။** ပဏိဓိ+ပနိဓိဟုငင်း၊ အဂါရံ+အာဂါရံဟုငင်း၊ ပါဌ်နှစ်ထွေရှိရာ သင့်ရာပါဌ်ကို ယုတိပြ၍ ဆုံးဖြတ်ပါ။

**ဖြေ။** ပ–ရှေး + နိရှေး + ဓာ–ဓာတ် + က္က–ပစ္စည်း တထနရာန် ဋ္ဌဏာလာ (ဟူသော မောဂ္ဂလ္လာန်၊ နိရုတ္တိဒီပနီ၊ သုတ်၊ ၄၅) သုတ်ဖြင့် န–ကို ဏပြု၍ ရုပ်ပြီးသော‌ကြောင့် ငင်း၊ ပတ္ထနာ ပဏိဓာနဋ္ဌ ပုရိသေ ပဏိဓီရိတော။ ဓာန်။ ၄၂၆။ ဌာ–ဂတိနိဝတ္တိယံ။ ပနိပုဗ္ဗော ပတ္တနာယံ၊ ယု၊ ဏတ္တံ။ ဓတ္တံ၊ က္ကမှိ ပဏိဓိ ဟူသော ဓာန်ဋီ၊ သူစိတို့ကို ထောက်၍ ပ–ရှေး+နိ–ရှေး ဌာဓာတ်၊ က္ကပစ္စည်း နကို ဏပြု။ ဌကို ဓပြု၍ ရုပ်ပြီးသောကြောင့်ငင်း ပဏိဓိဟု မုဒ္ဒဇ–ဏနှင့်ရှိသော ပါဌ်သာ သင့်ပါသည်။

## အဂါရံ+အာဂါရံ အဆုံးဖြတ်

န ဂစ္ဆန္တီတိ အဂါ။ ထမ္ဘာဒယော။ တေ ရာတိ ဂဏှာတီတိ အဂါရံ။ ရဿဿ ဒီဃတ္တေ အာဂါရံ ဟူသော ဓာန်ဋီ (၂ဝ၆) ကို ထောက်၍ နှစ်ချက်သင့်ပါသည်။

**မေး။** ပဏိဓိ သမာဒါန ဉာဏ ကရုဏာပုဒ်တို့ကို အဋ္ဌကထာအလိုကျ အတ္ထဝိနိစ္ဆယချခဲ့ပါ။

**ဖြေ။** ဘုရားဆုကို ပန်ဆင်ခြင်း တောင့်တခြင်းသည် ''ပဏိဓိ''မည်၏
ပါရမီတို့ကို ကောင်းစွာ ဆောက်တည်ခြင်းသည် ''သမာဒါန''မည်၏
ကမ္မဿကတာ အစရှိသော ဉာဏ်သည် ''ဉာဏ''မည်၏
ကရုဏာ သဒ္ဓါ သီလစသည်သည် ''ကရုဏာဒိ'' မည်၏။
ကရုဏာဒိ၌ အာဒိဖြင့် ခတ္တိယ ဗြာဟ္မဏအစရှိသော ဇာတ်၊ ကောဏ္ဍည ဂေါတမ အစရှိသော အနွယ်၊ သာကိယ ကောလိယအစရှိသော ကုလပဒေသတို့ကို ယူရ၏။
(တစ်နည်း) ကရုဏာဒိ၌ အာဒိဖြင့် သဒ္ဓါ၊ သီလ၊ ခန္တီ၊ မေတ္တာ၊ သစ္စာ၊ အဓိဋ္ဌာန ဟူသော ပါရမီဂုဏ်တော်တို့ကို ယူရ၏။

**မေး။** န တေဟေဝ ဗုဒ္ဓေါ ဟောတိ၊ ဇာတိသာမညတော–၌ မြတ်စွာဘုရား၏လက္ခဏာနှင့် စကြာမင်း၏လက္ခဏာ တူပုံ+ထူးပုံကို ထင်ရှားစွာ ဖော်ပြပါ။

**ဖြေ။** ဘုရားရှင်၏လက္ခဏာတို့သည် –
(၁) သုဝိသဒ – အလွန်သန့်ရှင်း၏။
(၂) သုပရိဗျတ္တ – အလွန်ထင်ရှား၏။

http://www.dhammadownload.com



(၃) ပရိပုဏ္ဏာ – ပြည့်ပြည့်စုံစုံလည်း ရှိကုန်၏။

စကြာမင်း၏လက္ခဏာတို့သည်ကား၊ ယင်းဂုဏ်သုံးပါး မရှိကြကုန်။ ဤသို့ ထူးပါသည်။

**တူပုံ** စကြာဝတေးမင်း၌၎င်း၊ ဘုရားဖြစ်မည့်ပုဂ္ဂိုလ်၌၎င်း၊ နိဂြောဓ ပရိမဏ္ဍလလက္ခဏာ ပါရှိခြင်းဟူသော အမျိုးဇာတ်အားဖြင့် တူကြပါသည်။

**မေး။** (က) ဝါကျ၌ ပုဗ္ဗေ အရ ယူရမည့်ကာလကို ပိုင်းခြား၍ (ခ) ဝါကျ၌ အနုက္ကမေန အန္တအရ မဟာပုရိသလက္ခဏာတို့သည် အဘယ်အကြောင်းကြောင့် အဘယ်သို့ အစဉ်အတိုင်း ကွယ်ပျောက်ကုန်သည်ကိုလည်း ဖြေပါ။ (အစိုးရ၊ ၅၇)

**ဖြေ။** (က) မြတ်စွာဘုရားပွင့်တော်မူလတ္တံ့ဟု ဆိုအပ်သော ကာလမှစ၍ မြတ်စွာ ဘုရား၏ သက်တော်ထင်ရှားရှိတော်မူရာ ကာလတိုင်အောင်သော ကာလတို့ကို ပုဗ္ဗေဟု ဆိုပါသည်။

(ခ) ပုဏ္ဏားတို့၏ ဆောင်နိုင်ဉာဏ်မရှိသည်၏အဖြစ်ကြောင့်။

(ဂ) တစ်ဂါထာ နှစ်ဂါထာ အစရှိသည်တို့၏အစွမ်းဖြင့် အစဉ်အတိုင်း ကွယ်ပျောက်ကုန်ပါသည်။

**မေး။** စတုအစ္ဆရိယဓမ္မသရုပ်ကို ဖော်ပြပါ။

**ဖြေ။** ၁။ အဘိရူပတာ – အလွန်အဆင်းလှပခြင်းနှင့် ပြည့်စုံခြင်း၊

၂။ ဒီဃာယုကတာ – အသက်ရှည်ခြင်း၊

၃။ အပ္ပါဗာဓတာ – အနာမရှိခြင်း (အနာကင်းခြင်း)၊

၄။ ဗြာဟ္မဏဂဟပတိကာနံ ပိယမနာပတာ – ချစ်ဖွယ်နှစ်လိုဖွယ်သော စကားကို ဆိုခြင်း။

**(ဆောင်)** လှပသက်ရှည်၊ နာကွင်းကွေလျက်၊ ချစ်ပေလူများ၊ ပေါင်းလေးပါး၊ မှတ်သား အစ္ဆရိ။ (ပါ–နှင့်အညီ)

**(တစ်နည်း:)** စန္ဒကူးနံ့၊ ကြာညိုနံ့ကို၊ သင်းပျံ့ကြိုင်လှိုင်၊ သန်လျက်ကိုင်ထား။ နတ်သားလေးယောက်၊ စောင့်ရှောက်အစဉ်၊ ကောင်းကင်၌သွား၊ ပေါင်း လေးပါး၊ မှတ်သားအစ္ဆရိ။ (စေတိယဇာတ်)

http://www.dhammadownload.com



(တစ်နည်း) လှပဘိတောင်း၊ ဝမ်းမီးကောင်း၏၊ အပေါင်းလူရှင်၊ ဖူးမြင်မဝ၊
အာကာသ၌ ထိုမှဤသွား၊ ပေါင်းလေးပါး၊ မှတ်သားအစ္စရိ။
(အနာဂတဝံသအဖွင့်)

**မေး။** စတုသမ္ပတ္တိစက္ကသရုပ်ကို ဖော်ပြပါ။

**ဖြေ။** ၁။ ပတိရူပဒေသဝါသ – သင့်လျော်သောအရပ်၌ နေခြင်း၊

၂။ သပ္ပုရိသူပနိဿယ – သူတော်ကောင်းကို မှီဝဲခြင်း၊

၃။ အတ္တသမ္မာပဏိဓိ – စိတ်ကောင်းထားခြင်း၊

၄။ ပုဗ္ဗေစ ကတပုညတာ – ရှေးကုသိုလ်ရှိခြင်း။

**မေး။** ရဋ္ဌနတော၌ ရဋ္ဌနမည်ပုံနှင့် ရာဇာ မည်ပုံတို့ကို ရေးခဲ့ပါ။

**ဖြေ။** တစ်သက် ဝမ်းမြောက်ခြင်းကို ဖြစ်စေခြင်းသည် ရဋ္ဌန မည်၏။ သင်္ဂဟဝတ္ထုလေးပါးတို့ဖြင့် သတ္တဝါအပေါင်းတို့ကို နှစ်သက်ဝမ်းမြောက်စေတတ်သောကြောင့် ရာဇာ မည်၏။ သင်္ဂဟဝတ္ထုလေးပါးတို့ဖြင့် မချီးမြှောက်သော မင်းတို့ကား ရှင်ဘုရင်အားဖြင့် ရာဇာ မည်၏။

**မေး။** ''စက္ကရတနံ ဝတ္တေတိ''ဟု ဆိုရခြင်းအကြောင်းကို ရေးသားခဲ့ပါ။

**ဖြေ။** စကြာရတနာကား လက်တစ်သစ်နှစ်သစ်မျှ ကောင်းကင်သို့ တက်သွားသည်၊ စကြဝတေးမင်းသည် ကိုယ်ရုံတင်၍ လက်ဝဲလက်ဖြင့် ရွှေကရားကို မြှောက်ချီ၍ လက်ယာလက်ဖြင့် စကြာရတနာကို ''အရှင်စကြာရတနာ ဖြစ်ပါလော, အရှင်စကြာရတနာ အောင်ပါလော'' ဟု ရေဖြင့် သွန်းလောင်းလိုက်သော် စကြာရတနာသည် ကောင်းကင်သို့ တက်သွားသည်။ ထို့ကြောင့် ''စက္ကရတနံ ဝတ္တေကိ'' ဟု ဆိုခြင်း ဖြစ်ပါသည်။

**မေး။** ဓမ္မေန ရဇ္ဇံ ၌ ဓမ္မအရ ဖော်ပြပါ။

**ဖြေ။** ဓမ္မေန ရဇ္ဇံ ၌ ဓမ္မအရ တရားနည်းလမ်း၊ (ဝါ) ကုသလဓမ္မကို ယူရပါသည်။

**မေး။** စတုဒီပဝိဘူသိတာယဟု မဆိုဘဲ စတုဗ္ဗိဓဒီပဝိဘူသိတာယဟု အဘယ့်ကြောင့် ဝိသေဒ္ဒါထည့်ဆိုသနည်း ဖြေဆိုပါ။

**ဖြေ။** စတုဒီပဟု မဆိုဘဲ ဝိသေဒ္ဒါထည့်၍ စတုဗ္ဗိဓဒီပဟု ဆိုခြင်းသည် –

http://www.dhammadownload.com



အသီးသီးငါးရာစီသော ကျွန်းငယ်တို့ကိုပါ စတုဒီပအရ၌ သွင်းယူရခြင်းအကျိုး ရှိပါသည်။ အကြောင်းကား သဒ္ဒါအပိုအလွန်ဖြင့် အနက်အပိုအလွန်ကို သိအပ်, သိနိုင်သောကြောင့်၎င်း၊ ကောဋ္ဌာသအနက်ဟော ဝိသေဒ္ဒါဖြင့်တူသော အဖို့ရှိသော ကျွန်းငယ် ငါးရာတို့ကိုလည်း ကျွန်းကြီးလေးကျွန်း၌သာလျှင် သိမ်းယူခြင်းအကျိုးငှာ ဝိသေဒ္ဒါ ထည့်ဆိုပါသည်။

မေး။ ကောပါဒိ၌ အာဒိသဒ္ဒါဖြင့် သိမ်းယူအပ်သော အရာကို ဖော်ပြပါ။

ဖြေ။ ကောပါဒိ၌ အာဒိသဒ္ဒါဖြင့် ကာမ, မောဟ, မာန မဒ စသည်ကို သိမ်းယူရ၏။

မေး။ သဗ္ဗရာဇာနော ဝိဇေတိ ဟု ဖွင့်ဆိုရခြင်းအကြောင်းကို ရေးခဲ့ပါ။

ဖြေ။ စကြာမင်းအား ဘက်ပြိုင်တိုက်ခိုက်မည့်ရန်သူ မရှိပါသော်လည်း စစ်တိုက်၍ အောင်ရမည့်ကိစ္စ အားလုံးပြီးပြီးအဖြစ်ကို ပြလိုသောကြောင့် ''သဗ္ဗရာဇာနော ဝိဇေတိ'' ဟု ဖွင့်ဆိုသည်။

မေး။ ဓမ္မေန စရတိတိ ဓမ္မိကော ဝါကျ၌ ''သဒ္ဒတ္ထပရတ္ထေ'' ဟု ကံပုဒ်ထည့်ရခြင်း အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ ယင်းဝါကျ၌ ''က္လဒံ နာမ စရတိ'' ဟု မဆိုအပ်သော်လည်း သာမညဇောတနာသည် ဝိသေသ၌ တည်သောကြောင့်၎င်း၊ ဝိသေသဖြင့် အလိုရှိသူသည်လည်း ဝိသေသကို ယှဉ်စပ်အပ်သောကြောင့်၎င်း၊ ''သဒ္ဒတ္ထပရတ္ထေ''ဟု ကံပုဒ်ထည့် ရပါသည်။

ပဒေသသ၊ တစ်စိတ်တစ်ချို့ကို။ အဂ္ဂဟဏေ သတိ၊ ခွဲခြား၍ ယူခြင်းမရှိသော်။ ဂဟေတဗ္ဗသ၊ ယူထိုက်သော အနက်၏။ နိပ္ပဒေသတာ၊ အားလုံး၏အဖြစ်ကို။ ဝိညာယတိ၊ ၏။ ယထာ၊ ကား။ ဒိက္ခိတော၊ ဦးပြည်းခေါင်းတုံးသည်၊ န ဒဒါတိ၊ မပေးတတ်'' ဟူရာ၌ ''ကာဆိုဘာမျှ မပေးတတ်'' ဟု အဓိပ္ပါယ်မှတ်ရသကဲ့သို့တည်း။

မေး။ ဝီရင်္ဂရူပါပုဒ်အရ သမာနနှင့် ကေစိဝါဒအရ ထူးခြားပုံကို ဖော်ပြပါ။

ဖြေ။ သိကြားမင်း၏ စစ်သည်နတ်သားတို့၏ ကိုယ်နှင့်တူသော ကိုယ်ရှိကြကုန်သော စကြဝတေးမင်း၏ သားတော်များကို ''ဝီရင်္ဂရူပါ''ဟု ဆိုသည်။ (ဤကား သာရ သမာသကျမ်းပြု ကေစိဆရာတို့အလိုတည်း။)

**(တစ်နည်း)** ရဲရင့်သူတို့၏ အကြောင်းဖြစ်သော ဝီရိယသည် ဖြစ်စေအပ်သော (ဝီရိယကြောင့် ဖြစ်သော) ကိုယ်ရှိကုန်သကဲ့သို့ဖြစ်ကုန်သော စကြဝတေးမင်း၏

http://www.dhammadownload.com



သားတော်များကို (ဝါ) ဝီရိယသာလျှင်ဖြစ်သော (ဝီရိယအတိပြီးသော) ကိုယ်ရှိ ကုန်သကဲ့သို့ ဖြစ်ကုန်သော စကြဝတေးမင်း၏ သားတော်များကို ''ဝီရင်္ဂရူပါ''ဟု ဆိုသည်။ (ဤကား သမာနဝါဒတည်း)။

**မေး။** အဘယ်ကို သိစေလို၍ ဝိယသဒ္ဒါကို ထည့်ဆိုထားပါသနည်း။

**ဖြေ။** ဝီရိယသည် စင်စစ် ကိုယ်ရှိသည်မဟုတ်ဟု သိစေလို၍ ''ဝိယ''သဒ္ဒါကို ဆိုသည်။

**မေး။** အဒဏ္ဍေန အသတ္ထေန ဓမ္မေန ၌ ဒဏ္ဍသရုပ်နှင့် ဓမ္မအရကို ဖော်ပြပါ။

**ဖြေ။** အဒဏ္ဍေန အသတ္ထေန ဓမ္မေန ၌ ဒဏ္ဍသရုပ် -

၁။ ဓနဒဏ္ဍ၊ ၂။ သတ္ထဒဏ္ဍ၊

ဓမ္မအရ ပါဏော န ဟန္တဗ္ဗော စသော ငါးပါးသီလတရားကို ယူရ၏။

**(တစ်နည်း)** ဓမ္မအရ ပြုအပ်ဆည်းပူးအပ်ပြီးသော မိမိ၏ကုသိုလ်ဓမ္မကို ယူရ၏။

**မေး။** ဗုဒ္ဓတ္တဟေတုဘူတာ + ဗုဒ္ဓဟေတုဘူတာပါဌ်နှစ်ထွေရှိရာ ယုတ္တိပါဌ်ကို အကြောင်းပြ ဆုံးဖြတ်ပါ။

**ဖြေ။** ဗုဒ္ဓတ္တဟေတုဘူတာ + ဗုဒ္ဓဟေတုဘူတာနှစ်ချက်တွင် -

သဝါသနသဗ္ဗကိလေသပ္ပဟာနပုဗ္ဗကတ္တာ ဗုဒ္ဓဘာဝဿ ဗုဒ္ဓတ္တဟေတုဘူတာ ဝိဝဋ္ဋစ္ဆဒတာ ဝုတ္တာယ။ (ဋီသစ်-၂၄၃)

ဗုဒ္ဓဟေတုဘူတာ= သဗ္ဗညုတဉာဏ်၏ အကြောင်းဖြစ်၍ဖြစ်သော (နေရင်း၊ ၂၈၆)

ဗုဒ္ဓဟေတုဘူတာ= ဘုရားအဖြစ်၏ အကြောင်းဖြစ်၍ဖြစ်သော (ပခုက္က။ ၃၅၇)

ဗုဒ္ဓဟေတုဘူတာ= ဗုဒ္ဓအဖြစ်၏ အကြောင်းဖြစ်၍ဖြစ်သော (ဘာဋီ-၃၄၄)

(ဋီသစ်နှင့် ဘာသာဋီကာတို့အလို ဗုဒ္ဓတ္တဟေတုဘူတာပါဌ် သင့်သည်။နေရင်း ပခုက္ကူနိဿျတို့အလို ဗုဒ္ဓဟေတုဘူတာ သင့်သည်။)

## ဗုဒ္ဓတ္တဟေတုဘူတာဟု ထည့်ဆိုရခြင်းအကြောင်း

ဝါသနာနှင့်တကွ အလုံးစုံသော ကိလေသာတို့ကို ပယ်ခြင်း၏ ရှေ့သွားဖြစ်သောကြောင့် (ဝါ) ပယ်ခြင်းလျှင် ပြစာန်းခြင်းရှိသောကြောင့် ဗုဒ္ဓတ္တဟေတုဘူတာဟု ထည့်ဖွင့်သည်။

http://www.dhammadownload.com



## မိစ္ဆာဒိဋ္ဌိကို ဒုစရိုက်တရားမှ သီးခြားပြရခြင်းအကြောင်း

ဆဒနသရုပ်ခုနှစ်ပါးတွင် ဒုစ္စရိတအရ၌ မနောဒုစရိုက်နှင့်တကွ စရိုက်အားလုံး ပါဝင်သော်လည်း မိစ္ဆာဒိဋ္ဌိသည် အထူးသဖြင့် သတ္တဝါတို့ကို (ဝါ) သတ္တဝါတို့၏ အသိဉာဏ်ကို ဖုံးလွှမ်းတတ်သောကြောင့်၎င်း၊ အပြစ်ကြီးသောကြောင့်၎င်း၊ ဒုစရိုက်တရားမှ သီးခြားပြသည်။

**မေး။** မောဟနှင့်အဝိဇ္ဇာ နှစ်မျိုးခွဲခြားရခြင်းအကြောင်းကို ရေးသားခဲ့ပါ။

**ဖြေ။** မောဟနှင့် အဝိဇ္ဇာသည် တရားကိုယ်တူသော်လည်း မောဟက ဖုံးလွှမ်းခြင်း၊ အဝိဇ္ဇာက မသိအောင် ပြုခြင်းဟု အခြင်းအရာကွဲပြားသောကြောင့် နှစ်မျိုးခွဲခြား ပြသည်။

**မေး။** ဝိဇ္ဇာစရဏာသမ္ပဒါယ စတ္တာရိ အပါယ မုခါနိ ဘဝန္တိ ၌ အပါယမုခ (၄) ပါးကို သိသာရုံ ထုတ်ပြ၍ တဿ ရာဇာ ပသေနဒိကောသလော သမ္မုခီဘာဝမ္ပိ န ဒဒါတိ အရ ပေါက္ခရသာတိပုဏ္ဏားအား ပသေနဒီကောသလမင်း၏ မျက်မှောက် တွေ့ခွင့် မပေးခြင်း၏ အကြောင်းကိုလည်း ဖော်ပြပါ။

**ဖြေ။** (၁) ပဝတ္တဖလဘောဇနိကာ = အလိုလိုကြွေကျသော သစ်သီးကို စားရသော ရသေ့၏အဖြစ်။

(၂) ကန္ဒမူလဖလဘောဇနိကာ = သစ်ဖု သစ်မြစ်ကို စားသောရသေ့၏အဖြစ်။

(၃) အဂ္ဂျာဂါရိကာ = မီးကို လုပ်ကျွေးသောရသေ့၏အဖြစ်။

(၄) အာဂါရိကာ = ရေဖြင့် လုပ်ကျွေးပူဇော်၍ ခရီးဆုံ၌ နေသော ရသေ့၏အဖြစ်။

**မေး။** စတုအပါယ မုခကထာ၌ ရသေ့ ရဟန်း၏ အဖြစ်သည် သာသနာတော်၏ ပျက်စီး ကြောင်း ဖြစ်၏ ဟူရာ၌ ဘုရားရှင်၏ သန္ဓာယဘာသိတကို အဋ္ဌကထာအတိုင်း ဖော်ပြပါ။

**ဖြေ။** ယသ္မာ ဂစ္ဆန္တံ ဂစ္ဆန္တံ သာသနံ တာပသ ပဗ္ဗဇ္ဇာသေန ဩသက္ကိဿတိ ။ပ။ သာသနဿ ဝိနာသမုခန္တိ အာဟ။ (ဋ၊ ၂၄၀၊ ၁) မြန်မာပြန်ရေးလေ။

http://www.dhammadownload.com



## ပေါက္ခရသာတိပုဏ္ဏားအား ပသေနဒီကောသလမင်း၏ မျက်မှောက်တွေ့ခွင့် မပေးခြင်း၏အကြောင်း

(၁) ပေါက္ခရသာတိပုဏ္ဏားသည် သမ္မုခါဝဋ္ဋနိမာယာအတတ်ကို တတ်၏။ ယင်းအတတ်ဖြင့် အလိုရှိသောပစ္စည်းကို ပိုင်ရှင်ထံမှ တောင်းယူတတ်သောကြောင့်၎င်း၊

(၂) မင်းကြီးနှင့် ပေါက္ခရသာတိပုဏ္ဏားတို့ ရင်းနှီးကြသည်ကို မနာလိုသူများက "ပုဏ္ဏားမှာ ခရသင်းဖြူနာရှိသည်၊ ကိုယ်လက်တွေ့ထိနှီးနှောခြင်းဖြင့် ရောဂါကူးစက်တတ်သည်" ဟု ဂုံးတိုက်ထားသောကြောင့်၎င်း မျက်မှောက်တွေ့ခွင့် မပေးခြင်းဖြစ်ပါသည်။

**မေး။** ဝဋ္ဋကင်းခြင်း၊ ကိလေသာ အမိုးကင်းခြင်းကြောင့် ဘုရားရှင်ရရှိသော အကျိုးကို အဋ္ဌကထာလာအတိုင်း အသီးသီး ဖော်ပြပါ။

**ဖြေ။** ဝဋ္ဋကင်းခြင်းကြောင့် အရဟံ–ပူဇော်အထူးကို ခံတော်မူထိုက်ပါသည်။ ကိလေသာ အမိုက်ကင်းခြင်းကြောင့် သမ္မာသမ္ဗုဒ္ဓေါ–မဖောက်မပြန် ကိုယ်တော်တိုင် အလုံးစုံသော တရားတို့ကို သိတော်မူပါသည်။

**မေး။** ရူပဇာတိ၌ ထင်ရှားပြကြောင်း အပဒေသ (၄)မျိုးကို ဖော်ပြပါ။

**ဖြေ။** ရူပဇာတိစသည်ဖြင့် ပါကဋ္ဋဟူသည်– ရုပ်အဆင်း၊ ဇာတ်၊ မန္တန်၊ အမျိုးတို့ဖြင့် ထင်ရှားစေခြင်း ဖြစ်ပါသည်။

**မေး။** ယာယ စ ၌ "စသဒ္ဒါ" တို့၏ ဇောတကတ္ထများကို အကြောင်းပြ ဆုံးဖြတ်ပြခဲ့ပါ။

**ဖြေ။** ယာယ စ ၌ စသဒ္ဒါကား၊ ဘဂဝတာ သဒ္ဓိံ သမ္မောဒိသု–ပုဒ်၏ အဖွင့်မှတစ်ပါး သမ္မောဒနီယံ ဟူသော ပုဒ်တစ်ပါး၏ အဖွင့်သံဝဏ္ဏနာ ဟူသော အဖို့တစ်ပါးကို ထွန်းပြသောကြောင့် ပက္ခန္တရဇောတကဖြစ်ပါသည်။

**မေး။** ဘောတော စ ဂေါတမဿ, သာဝကာနဥ္စ ၌ စသဒ္ဒါနှစ်လုံး၏ ဇောတကတ္ထကို ဖော်ပြပါ။

**ဖြေ။** ဘောတော စ ဂေါတမဿ, သာဝကာနဥ္စ–၌ စသဒ္ဒါနှစ်လုံးကား အပြန်အလှန်အချင်းချင်း ဆည်းသောကြောင့် အညမညသမုစ္စယဇောတက ဖြစ်ပါသည်။

http://www.dhammadownload.com



မေး။ သမ္မောဒိတုံ ယုတ္တဘာ၀တော စ–၌ စသဒ္ဒါ၏ ဇောတကတ္ထကို ဖော်ပြခဲ့ပါ။

ဖြေ။ သမ္မောဒိတုံ ယုတ္တဘာ၀တော စ–၌ စသဒ္ဒါကား
ပီတိပါမောဇ္ဇသင်္ခါတသမ္မောဒဇနနတော ဟူသော ဆိုခဲ့ပြီးဟိတ်ကိုပင် ဆည်းသော ကြောင့် ၀ုတ္တသမုစ္စယဇောတကဖြစ်ပါသည်။

မေး။ ပီတိနှင့်ပါမောဇ္ဇတို့၏ အထူးကို ဖော်ပြပါ။

ဖြေ။ အားကြီးသော ပီတိသည် ပီတိ မည်၏။
အားနည်းသော ပီတိသည် ပါမောဇ္ဇ မည်၏။ ဤသို့ ထူးပါသည်။

မေး။ သီတောဒကံ ၀ိယ ဥဏှောဒကေန (၄–၂၂၅) ၌ အဘယ်ပုဂ္ဂိုလ်သည် သီတောဒက နှင့်တူ၍ အဘယ်ပုဂ္ဂိုလ်သည် ဥဏှောဒကနှင့် တူပါသနည်း။ အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ကိလေသာအပူ ငြိမ်းအေးပြီးဖြစ်သောကြောင့် မြတ်စွာဘုရားသည် သီတောဒကနှင့် တူ၏။ ကိလေသာအပူ မငြိမ်းအေးသေးသောကြောင့် လုလင်တို့သည် ဥဏှောဒကနှင့် တူ၏။

မေး။ အဇ္ဇတဂ္ဂေ ပါဏုပေတံ–၌ အဇ္ဇတဂ္ဂေ+အဇ္ဇဒဂ္ဂေ ပါဌ်နှစ်ထွေရှိရာ သင့်ရာပါဌ်ကို အကြောင်းပြ၍ တိကျစွာ ဆုံးဖြတ်ပါ။

ဖြေ။ အဇ္ဇတဂ္ဂေတိ အဇ္ဇတံ အာဒိံ ကတ္វာတိ ၀ေမေတ္ထ အတ္ထော ၀េဒိတဗ္ဗော၊ အဇ္ဇဒဂ္ဂေတိ ၀ါ ပါဌော၊ ဒကာရော ပဒသန္ဓိကရော၊ အဇ္ဇ အဂ္ဂံ ကတ္វာတိ အတ္ထော။ (၄၊၂၁၀၊) ကို ထောက်ဖြေပါလေ။

မေး။ ၀ိဟာရောတိ ဂန္ဓကုဋိ ၌ သန္ဓာယဘာသိတကို ဖော်ပြခဲ့ပါ။

ဖြေ။ ၀ိဟာရောဟု သာမညဆိုသော်လည်း ''သာမည၀စနီယဿ ၀ိသေသေ အ၀ဋ္ဌာနတော ၀ိသေသတ္ထိနာ စ ၀ိသေသော ပယောဇီယတေ'' ဟူသော ပရိဘာသာ နှင့်အညီ ပကရဏ (အရာ) အားလျော်စွာ ''ဂန္ဓကုဋိ''ဟူသော ၀ိသေသနကို ယူနိုင်၏။ ဤစကားမျိုးကို ''သန္ဓာယ ဘာသိတစကား'' ဆိုသည်။ ''ပစ္စက္ခ ဘာသိတ တိုက်ရိုက်ဆိုအပ်သော စကားမဟုတ်'' ဟူလို၊ နည်းအားဖြင့်ကား နေယျတ္ထနည်းတည်း။

http://www.dhammadownload.com



**မေး။** သိန္ဒုဝါရကို နိရုဏ္ဍိဟု ဆိုပါသနည်း။

**ဖြေ။** သိန္ဒုဝါရဟူသည် အပွင့်ဖြူပွင့်သော သစ်ပင်တစ်မျိုး (ရေအုန္ဒပင်) တည်း။ ယင်းအပင်ကို နိရုဏ္ဍိဟူ၍လည်း ဆိုကြပါသည်။

**မေး။** အာကောဋ္ဌေဟိ–၌ ဒွါရကောဋ္ဌနဝတ် (တံခါးခေါက်ခြင်း၏ ကျင့်ဝတ်) ကို ဖော်ပြခဲ့ပါ။

**ဖြေ။** သံကောက်ပေါက်၏ အနီး၌ ခေါက်ရပါသည်။ (အကျဉ်း)

အကျယ်ကား တံခါးကို အလွန်အထက်ကျသော အရပ်၌ ဘီလူးနတ်စသူတို့ ခေါက်ကြ၏။ အလွန်အောက်ကျသော အရပ်၌ ကျောက်ရှည်မျိုးတို့သည် (ကျောကုန်းရှည်သော အမျိုးဇာတ်ရှိသော မြွေနဂါးတို့သည်) ခေါက်ကုန်၏။ အလွန် အထက်လည်းကျ၊ အောက်လည်းကျအောင် မခေါက်မူ၍ အလယ်၌ သံကောက်အပေါက်၏ အနီး၌ ခေါက်ရာ၏။ ဤသို့အားဖြင့် သံကောက်ပေါက်အနီး၌ ခေါက်ရခြင်းသည် တံခါးခေါက်ခြင်း၏ ကျင့်ဝတ်တည်းဟူသော အစိပ္ပါယ်ကို ပြပါသည်။

**မေး။** အလိုလို တံခါးပွင့်ရခြင်းအကြောင်းကို ရေးခဲ့ပါ။

**ဖြေ။** လက်ကို ဆန့်တန်းတော်မူခြင်းကြောင့် (၄) ပါရမီ၏ အစွမ်းအာနုဘော်ကြောင့် အလိုလို တံခါးပွင့်သွားရပါသည်။

**မေး။** အပ္ပါဗာဓနှင့်အပ္ပါတင်္ကတို့၏ အထူးကို ဖော်ပြပါ။

**ဖြေ။** နှိပ်စက်ပြင်းစွာ မခံသာသော ဦးခေါင်းခဲနာစသော ရောဂါကြီး၏ မရှိခြင်းသည် အပ္ပါဗာဓမည်၏။ ဆင်းရဲငြိုငြင် အသက်ရှည်ဖွယ် ရောဂါငယ်၏ မရှိခြင်းသည် ''အပ္ပါတင်္က'' မည်၏။ ဤသို့ ထူးပါသည်။

**မေး။** ဓမ္မစက္ခုံ ဥဒပါဒိ၌ ဓမ္မစက္ခုအရ ဖော်ပြ၍ ယင်းဓမ္မစက္ခုဖြစ်ပုံအခြင်းအရာကိုလည်းပြခဲ့ပါ။

**ဖြေ။** ဓမ္မစက္ခုံ ဥဒပါဒိ၌ ဓမ္မစက္ခုအရ သောတာပတ္တိမဂ်ရ၏။

## ဓမ္မစက္ခုဖြစ်ပုံ အခြင်းအရာ

အလုံးစုံသော တေဘူမကသင်္ခါရ တရားအပေါင်းသည် ဖြစ်ခြင်းသဘောရှိ၏၊ ထိုဖြစ်ခြင်း သဘောရှိသော တေဘူမကသင်္ခါရတရားအားလုံးသည် ချုပ်ခြင်းသဘောရှိ၏။

http://www.dhammadownload.com



**မေး။** တီသု က္လရိယာပထေသု အရကို အကြောင်းပြဖြေဆို၍ မယူရသော က္လရိယာပုတ်ကို အကြောင်းနှင့်တကွ ဖော်ပြပါ။

**ဖြေ။** တီသု က္လရိယာပထေသု အရ ရပ်ခြင်း၊ သွားခြင်း၊ ထိုင်ခြင်း၊ က္လရိယာပုတ်သုံးပါးကိုသာ ယူရ၏။ အကြောင်းကား ယင်းက္လရိယာပုတ်သုံးပါးတို့၌သာ ဆရာနှင့်တပည့်အတူတကွ စကားပြောသင့် ပြောထိုက်သည်၏အဖြစ်ကြောင့်တည်း။ လျောင်းခြင်း က္လရိယာပုတ်ကို မယူရပါ။ အကြောင်းကား အိပ်နေစေကာမူ အလေးပြုလောက်သော ဆရာသမားတို့၏ မျက်မှောက်၌ အလေးပြုတတ်သော တပည့်တို့သည် စကားပြောဖို့ကို မဆိုထားဘိ အိပ်နေသော ဆရာ၏အနီး၌ တပည့်က အိပ်မှုကိုပင် မပြုအပ်၊ မပြုထိုက်သောကြောင့်တည်း။

**မေး။** ဗန္ဓုပါဒါပစ္စာ ဟူသော စကားကို ပြောဆိုရာ၌ အမ္ဗဋ္ဌလုလင်၏ အယူကို အဋ္ဌကထာလာသည့်အတိုင်း ဖော်ပြပါ။

**ဖြေ။** ပုဏ္ဏားတို့သည် ဗြဟ္မာ၏ခံတွင်းမှ ထွက်လာကုန်၏၊ မင်းမျိုးတို့သည် ဗြဟ္မာ၏ရင်မှ ထွက်လာကုန်၏။ ဝေဿလူမျိုးတို့သည် ဗြဟ္မာ၏ချက်မှ ထွက်လာကုန်၏။ သုဒ္ဒလူမျိုးတို့သည် ဗြဟ္မာ၏ ပုဆစ်ဒူးဝန်းမှ ထွက်လာကုန်၏။ ရဟန်းတို့သည် ဗြဟ္မာ၏ ခြေဖမိုးမှ ထွက်လာကုန်၏။ တင့်တယ်စွာသွားတတ်သော က္လာဘဟု ဆိုအပ်သော ဆင်သည် မိမိအလိုမဖြစ်ရဘဲ သူတစ်ပါးအလိုအားဖြင့် ဖြစ်ရသကဲ့သို့ ဤသမဏတို့သည်လည်း ပုဏ္ဏားတို့၏ စကားကို နားထောင်ရသော သုဒ္ဒမျိုးများဖြစ်၍ မိမိအလိုမဖြစ်ရဘဲ ပုဏ္ဏားတို့ အလိုအားဖြင့်သာ ဖြစ်ကြရ၏။ ထိုသို့ ဆင်၏ ပယောဂနှင့်တူစွာ ပင်ပင်ပန်းပန်း လုပ်ရခြင်း ဟူသော ပယောဂရှိသောကြောင့် သမဏကို ''က္လာဘ'' ဟု ဆိုရပါသည်။

**အမှာ။** တဿ ကိရ အယံ လဒ္ဓိ – ဗြဟ္မဏာ ဗြဟ္မုနော မုခတော နိက္ခန္တာ၊ ခတ္တိယာ ဥရတော၊ ဝေဿာ နာဘိတော၊ သုဒ္ဒါ ဇာဏုတော၊ သမဏာ ပိဋ္ဌိ– ပါဒတောတိ (ဌ၊ ၂၂၇) မြန်မာပြန် ဖြေလည်းရနိုင်သည်။

အတ္ထိကဝတော ၌ **အတ္ထိက** အရ ရည်ရွယ်ချက်ကိစ္စရှိသော စိတ်ကို ရ၏။

http://www.dhammadownload.com



''အတ္တိကဝါ'' အရ ကိစ္စရှိသောစိတ်ရှိသော အမ္ဗဋ္ဌလုလင် ရ၏။ ဤသို့ အသဿတ္ထိအနက် နှစ်ချက်ရှိရာ၌ ဇာတ်တူ အသဿတ္ထိပစ္စည်းနှစ်ထပ် မသက်ရ၊ ဣကနှင့် ဝန္တုကဲ့သို့၊ ဇာတ်မတူသော အသဿတ္ထိပစ္စည်းကိုကား သဒ္ဒါကျမ်းတို့၌ သက်ခွင့်ပြုသည်။

**မေး။** ''မုဏ္ဍကာ သမဏကာ'' စကားကို ပြောဆိုခြင်း အကြောင်းကို ရေးခဲ့ပါ။

**ဖြေ။** မာနကို အခြေခံ၍ မိမိကိုယ်ကို ချီးမြှောက်လျက်ငင်း၊ ရဟန်းတော်များကို နှိမ့်ချလျက်ငင်း ''မုဏ္ဍကာ၊ သမဏကာ''စသော စကားကို ပြောဆိုခြင်း ဖြစ်ပါသည်။

**မေး။** အတ္တနော ပမာဏံ န ဇာနာတိ ၌ ဥပမာသုံးချက်ကို ဖော်ပြပါ။

**ဖြေ။** (၁) လျှံသောအဆိပ်ရှိသော မြွေကို ကိုင်သောယောကျ်ား၊

(၂) မီးပုံကို ရင်ခွင်ပိုက်သော ယောကျ်ား၊

(၃) မုန်ယစ်သောဆင်ကို နှာမောင်း၌ သုံးသပ် (ကိုင်တွယ်)သော ယောကျ်ား ကဲ့သို့တည်း။

**မေး။** ''ကိမည့တြ အဝုသိတတ္တာ''ဟု ဆိုရခြင်းအကြောင်းကို ရေးခဲ့ပါ။

**ဖြေ။** ဗာဟုသစ္စမည်သည်ကို ကိုယ်နှုတ်စိတ်တို့၏ ငြိမ်သက်ခြင်းတိုင်အောင်သော အကျိုးငှာသော အလိုရှိထိုက်၏။ အမ္ဗဋ္ဌအား ထိုငြိမ်သက်မှုမရှိ (ကြွစောင်းစောင်း ဖြစ်နေ) သောကြောင့် အဝုသိတဝါ၊ အသိက္ခိတ၊ အပ္ပဿုတ ဟူ၍ သိအပ်၏။ ဤသို့လည်း အတ္တာပတ္တိနည်းအားဖြင့် အကြောင်းကို ထင်ရှားပြလိုသောကြောင့် ''ကိမည့တြ အဝုသိတတ္တာ'' ဟု ဆိုပါသည်။

**မေး။** ဒေါသံ ဥဂ္ဂိလေတွာ ၏ အဓိပ္ပါယ်ကို ဖော်ပြပါ။

**ဖြေ။** ဒါသံ ဥဂ္ဂိလေတွာ ဟူသည် ဆီကို သောက်စေခြင်းဖြင့် ပျော့လာသော လေ သည်းခြေ သလိပ် ဟူသော အပြစ်ကို အန်ထွက်အောင် ပြုခြင်းဖြစ်ပါသည်။

**မေး။** ဂေါတ္တနှင့်ကုလပဒေသတို့၏ အထူးကို ရေးခဲ့ပါ။

**ဖြေ။** ဂေါတ္တဟူသည် ထိုအနွယ်အဆက်၌ အစဆုံးယောကျ်ားကိုစွဲ၍ ရအပ်သော အမည်တည်း။

ကုလပဒေသ ဟူသည်ကား ထိုအနွယ်၌ ထင်ရှားသော ယောကျ်ားကို အကြောင်း ပြု၍ဖြစ်သော အမျိုးတည်း။ ဥပမာအားဖြင့် အဒိတိနတ်သမီး၏ သားဖြစ်သော

http://www.dhammadownload.com



ယောက်ျားကို စွဲ၍ ဘုရားရှင်၏ အနွယ်ကို ''အာဒိစ္စဂေါတ္တ'' ဟုဆိုရသကဲ့သို့ငှင်း၊ သိကြားမင်း၏ မဃလုလင်ဘဝ၌ ထင်ရှားသောကြောင့် ထိုမဃလုလင်ကို အစွဲပြု၍ ထိုအမျိုးကို ''မာဃဝကုလ'' ဟုခေါ်ရသကဲ့သို့ငှင်းတည်း။

**မေး။** မာနနိယသိတံ ကော်ယေုတ္တံ–၌ ပြသော (သိစေအပ်သော) အဓိပ္ပါယ်ကို ဖော်ပြပါ။

**ဖြေ။** မာနနိယသိတံ ကောဝယေုတ္တံ–၌ ပကတူပနိဿယ အာရမ္မဏပစ္စည်းတို့၏ အစွမ်းဖြင့် နိဿိတအဖြစ်ကို သိစေသည်၊ သဟဇာတစသည်တို့၏ အစွမ်းဖြင့် မသိအပ်ပါ။ မာနသည် ဒေါသအား ပကတူပနိဿယ အာရမ္မဏပစ္စည်းတို့၏ အစွမ်းဖြင့် ကျေးဇူးပြုပါသည်။ သဟဇာတစသော ပစ္စယသတ္တိဖြင့် ကျေးဇူးမပြုပါ။

**မေး။** အဘိသိက်သွန်းအပ်သော မင်းသည် အမ္ဗဋ္ဌရောက်လာချိန်ဝယ် တစ်ယောက်သာရှိထိုက်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် ''ရာဇာနော'' ဟု ဗဟုဝုစ်ဖြင့် ဖွင့်ဆိုရပါသနည်း။

**ဖြေ။** သာကီဝင်မင်းမျိုးတွင် အကြီးဆုံးလည်းဖြစ်၊ စွမ်းရည်သတ္တလည်းရှိသော တစ်ယောက်သည် အဘိသိက်ခံပြီးနောက် ''မင်းအဖြစ်မည်သည် ကိစ္စလည်းများ၏၊ ကြောင့်ကြဗျာပါရလည်း များ၏'' ဟု နှလုံးသွင်းကာ ငြီးငွေ့လာ၏။ ထိုအခါ မိမိအောက် အခြားတစ်ယောက်အား လွှဲအပ်တတ်၏။ ဤသို့လွှဲအပ်သဖြင့် ထိုသူသည် အဘိသိက် ခံရပြန်၏။ ဤနည်းအားဖြင့် အသက်မသေသေးဘဲ အထက်မင်းထီးနန်းအလွှဲခံရသော အဘိသိတ္တမင်းတွေ တစ်ချိန်တည်း၌ အများရှိနိုင်သောကြောင့် ''အဘိသိတ္တရာဇာနော'' ဟု ဖွင့်ဆိုရပါသည်။

**(တစ်နည်း)** မိမိဆိုင်ရာ ရာထူးဝယ် အဘိသိက်သွန်းအပ်သော မင်းတွေ များသောကြောင့် ''အဘိသိတ္တရာဇာနော'' ဟု ဖွင့်ဆိုရပါသည်။

**မေး။** ဖရုသဝစနသမုဒါစာရေနဟုငှင်း၊ ဖရုသဝစနသမုဒါစာရေ ဟုငှင်း ပါဌ်နှစ်ထွေရှိရာ သင့်ရာပါဌ်ကို ယုတ္တိပြဆုံးဖြတ်ပါ။

**ဖြေ။ ဖရုသဝစနသမုဒါစာရေ + ဖရုသဝစနသမုဒါစာရေန ပါဌ် အဆုံးအဖြတ်**

ဖရုသဝစနသမုဒါစာရေ ဟု ရှိလျှင် ''ကိမည္တြ အဝသိတတ္တာ''တိ ဣဒံ ကာရဏံ–သည်။ တေသ၊ ဤအမ္ဗဋ္ဌအား။ ဖရုသဝစနသမုဒါစာရေ၊ ကြမ်းတမ်းသော စကားကို ပြောဆိုခြင်း၌။ ကာရဏံ၊ အကြောင်းတည်းဟု အနက်

http://www.dhammadownload.com



ယောဇနာသည်။ ဖရုသဝစနသမုဒါစာရေန ဟုရှိရာ၌ ''ကိမည္ဟကြ အဝုသိတတ္တာ'' တိ ကဒ္ဒံ ကာရဏံ–သည်။ တေသုအား။ ဖရုသဝစနသမုဒါစာရေန၊ ကြမ်းတမ်းသော စကားကို ပြောဆိုခြင်းအားဖြင့် (ဝါ) ပြောဆိုခြင်း၏ အစွမ်းဖြင့်။ ဝုတ္တံ၊ ဆိုအပ်သော။ ကာရဏံ–အကြောင်းပေတည်းဟု ပေးရသည်။ ဤသို့ အတ္ထယုတ္တိရှိသောကြောင့် နှစ်ပါးလုံး သင့်ပါသည်။ ထိုတွင် ဖရုသဝစနသမုဒါစာရေ–ဟု ရှိသောပါဠိသည်သာ ပါဠိအရှိအတိုင်း ယောဇနာအပ်သောကြောင့် ယုတ္တတရဖြစ်ပါသည်။

**မေး။** တေသံ နိဝါသော (ပ) ရုက္ခသဒ္ဒေန အင်္ဂါတိ ဝုစ္စတိ (ဋ္ဌ၊ ၂၄၉) ၌ ရုက္ခသဒ္ဒေနဖြင့် ပြအပ်သော အဓိပ္ပါယ်ကို ပြခဲ့ပါ။

**ဖြေ။** ရုက္ခသဒ္ဒေန ပါဌ်ဖြင့် အင်္ဂသုသဒ္ဒါသည် နိဿိတဋ္ဌာနီဖြစ်သော မင်းသားတို့၌ ယှဉ်အပ်သော ဗဟုဝုစ်ဝိဘတ်ကို (ဝါ) များသည်၏အဖြစ်ကို နိဿယဋ္ဌာနဖြစ်သော ဇနပုဒ်၌ တင်စားထားသော (ဋ္ဌာနျူပစာ) သဒ္ဒါပင်တည်းဟူသော အဓိပ္ပါယ်ကို ပြပါသည်။

ကေစိဆရာတို့ အလိုအားဖြင့် အင်္ဂသုဟူသော သဒ္ဒါသည် နိဿိတဋ္ဌာနီ ဖြစ်သော မင်းသားတို့၏ အင်္ဂဟူသော အမည်ကို နိဿယဋ္ဌာနဖြစ်သော ဇနပုဒ်၌ တင်စားသော (ဋ္ဌာနျူပစာ) သဒ္ဒါပင်တည်းဟူသော အဓိပ္ပါယ်ကို ပြပါသည်။

**မေး။** သောပိ (အမ္ဗဋ္ဌော) အတ္တနော ကုလဝံသံ ဇာနာတိ–၌ အမ္ဗဋ္ဌသည် မိမိ၏ အမျိုး အနွယ်ကို ဟုတ်မှန်တိုင်းဝန်ခံပုံ, သိပုံကို ရှင်းလင်းဖြေဆိုခဲ့ပါ။

**ဖြေ။** ကဏှာယနရသေ့မှစ၍ အစဉ်အဆက်လာသော အမ္ဗဋ္ဌအမျိုးအနွယ်ကို တစ်ဆင့် ကြားခြင်းအစွမ်းဖြင့် သိကြပါသည်။ မှန်၏။ အမျိုးနှင့်စပ်၍ မာန်ရှိသူတို့သည် များသောအားဖြင့် အခြားသူတို့၏ အမျိုးမြတ်ပုံ နိမ့်ပုံကို အမှန်အတိုင်း ဆောင်ယူ ခဲ့ကြပါသည်။ မိမိ၏အမျိုးအနွယ်ကိုလည်း သိကြပါသည်။ အမ္ဗဋ္ဌလည်း ထို့အတူ ပင်ဖြစ်ပါသည်။ (နောက်၌ မြတ်စွာဘုရား မေးအပ်သည်ဖြစ်၍ ဝဇိရပါဏိလက်နက်ကိုင် သိကြားမင်းကို ကြောက်ခြင်းကြောင့် မိမိ၏အမျိုးအနွယ်ကို ဟုတ်မှန်တိုင်း ဝန်ခံရ လေ၏။

**မေး။** အမ္ဗဋ္ဌလုလင်သည် မိမိကဏှာယနမည်ကြောင်းကို ဆိုရာ၌ တစ်ဦးတည်းပိုင် အမည်တည်းဖြစ်၍ ဆိုပါသလော၊ အသို့ဖြစ်၍ ဆိုပါသနည်း၊ ဝိနိစ္ဆယချခဲ့ပါ။

http://www.dhammadownload.com



ဖြေ။ အမ္ဗဋ္ဌလုလင်သည် မိမိကဏှာယနမည်ကြောင်းကို ပြဆိုရာ၌ တစ်ဦးတည်းပိုင် အမည်တည်းဖြစ်၍ ဆိုသည်ကား မဟုတ်ပါ။ ထိုကဏှာယနဟူသော အမည်သည် ကဏှရသေ့မှစ၍ အမျိုးအစဉ်အဆက်၏ အစွမ်းဖြင့် သက်ဆင်းလာသော အမည်ဖြစ် ရကား မျိုးနွယ်အစဉ်အဆက်၏အစွမ်းဖြင့် သက်ဆင်းလာသော အမည်ကို မိမိ (အမ္ဗဋ္ဌ) အပေါ်၌ တင်စားဆိုထားခြင်းသာ ဖြစ်ပါသည်။

မေး။ (ဃ) ဝါကျ၌ ဩက္ကာကမင်းခံတွင်း (သွား) အရပ်မှ မီးရှူးရောင်နှင့် တူသော အရောင်တလက်လက် ထွက်သည်ဟု ဆိုရာ ဘာကြောင့် ယင်းသို့ထွက်ရသည်ကို ဖြေဆိုပါ။

ဖြေ။ ထိုသို့ အရောင်ကိုထွက်စေနိုင်သော သဘောရှိသော ကုသိုလ်ကောင်းမှုကံကြောင့် သွားတို့၏ အရောင်တလက်လက်ထွက်ခြင်း ဖြစ်ပါသည်။

မေး။ အမ္ဗဋ္ဌကို ဒါသိပုတ္တောဟု နှိမ့်ချ၍ မိန့်တော်မူအပ်သော စကားသည် ဖရုသဝါစာ မဖြစ်ပါသလော။ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ အမ္ဗဋ္ဌသည် မာနဖြင့် ခက်ထန်နေသူတည်း။ သူ၏မျိုးရိုးဇာတ်ကို ထင်ရှားအောင် မပြလျှင် မာနလျှော့မည်မဟုတ်၊ မာနမလျှော့လျှင် ရတနာသုံးပါးကို အထင်သေး လိမ့်မည်၊ မာနလျှော့လျှင်ကား ရတနာသုံးပါးကို အထင်မသေးဘဲ ဆည်းကပ် လိမ့်မည်။ ဤသို့ သူ၏အကျိုးကို မျှော်၍ ''ဒါသိပုတ္တော''ဟု မိန့်တော်မူရကား ''ဖရုသဝါစာ'' မဖြစ်ပါ။

မေး။ အဘယ့်ကြောင့် ကပိလပုဏ္ဏားဟု ခေါ်ပါသနည်း။

ဖြေ။ ကပိလသဒ္ဒါသည် အညိုအဝါရောင် နှစ်မျိုးရောသော ကြောင်သော အဆင်းကို ဟော၏။ ထိုအဆင်းရှိသောကြောင့် ''ကပိလပုဏ္ဏား''ဟု ခေါ်ပါသည်။

မေး။ အဘယ်အတတ်ကို ဘုမ္မဇာလအတတ်ဟု ခေါ်ပါသနည်း ဖြေဆိုခဲ့ပါ။

ဖြေ။ ဘူမိယံ ပဝတ္တံ ဘုမ္မံ၊ မြေ၌ ဖြစ်သော ဂုဏ်နှင့်အပြစ်ကို ပြသောအတတ်၊ ဘုမ္မံ ဇာလေတိ ဇောတေတီတိ ဘုမ္မဇာလာ၊ မြေ၌ဖြစ်သော ဂုဏ်အပြစ်ကို ထင်ရှားပြ တတ်သော အတတ်။ (တစ်နည်း) ဇလတိ (ဇောတေတိ ပါကဋ္ဌံ ဘဝတိ) တောယာတိ ဇာလာ၊ ဘုမ္မဿ ဇာလာ ဘုမ္မဇာလာ၊ မြေ၌ဖြစ်သော ဂုဏ်အပြစ်ကို ထွန်းပြ ကြောင်းအတတ်ကို ''ဘုမ္မဇာလ အတတ်'' ဟု ခေါ်ပါသည်။

http://www.dhammadownload.com



**မေး**။ မဿု ဒါဌိကံ–၌ မဿုနှင့်ဒါဌိကတို့၏ အထူးကို ရေးခဲ့ပါ။

**ဖြေ**။ မေးစေ့၌ ပေါက်သော အမွေးအမျှင်များသည် ''မဿု'' မည်၏။ အထက်နှုတ်ခမ်း၏ နံပါးနှစ်ဖက်တို့၌ ပေါက်သော အမွေးအမျှင်များသည် ''ဒါဌိက''မည်၏။ ဤသို့ ထူးပါသည်။

**မေး**။ သာကီဝင်မင်းမျိုးတို့၏ အစဦးဆုံးဖြစ်ပေါ်ရာနေ့နှင့် အစဦးဆုံးဖြစ်သော ပုဂ္ဂိုလ်တို့ကို ဖော်ပြခဲ့ပါ။

**ဖြေ**။ သကျာ ဝတ ဘော ကုမာရာ ၊ပရမသကျာ ဝတ ဘော ကုမာရာဟူ၍ ဩက္ကာကမင်းကြီး ဥဒါန်းကျူးရင့်လိုက်သောနေ့မှ အစပြုကာ သာကီဝင်မျိုး မင်းနွယ်ဖြစ်ပေါ်လာသည်။ သာကီဝင်မင်းတို့၏ အစဦးဆုံးဖြစ်သူကား ဩက္ကာကမင်းကြီး ဖြစ်သည်။

**မေး**။ အတ္တနာ ဗဒ္ဓံ ပုဋကံ အတ္တနာဝ မောစေတုံ–၌ ဆိုလိုချက်အဓိပ္ပါယ်ကို ဖော်ပြပါ။

**ဖြေ**။ မဆွေးနွေးမီက ဦးခေါင်းကို မြှောက်ခြင်းငှာ မစွမ်းနိုင်သောကြောင့်ငှင်း၊ ဇာတ်ကို သိနိုင်ခဲ့သောကြောင့်ငှင်း တရားတွေ့မှုကို ပြုနိုင်ခဲသောကြောင့်ငှင်း သကျတို့၌ ဣဗ္ဘဝါဒကို ကျစေခြင်းကြောင့် မိမိအပေါ်၌ ဒါသိပုတ္တဝါဒ ကျရောက်လာရကား ထိုဒါသိပုတ္တ ဟူသော အထုပ်ကို မိမိကိုယ်တိုင် ဒါသိပုတ္တ မဟုတ်ကြောင်းပြ၍ ဖြေပါစေတော့ဟု ဆိုလိုပါသည်။

**မေး**။ သဟေတုကော သကာရဏော–၌ ဟေတုနှင့်ကာရဏတို့၏ တူပုံ ထူးပုံကို ရေးခဲ့ပါ။

**ဖြေ**။ ဟေတုနှင့်ကာရဏသည် အကြောင်းဟော သဒ္ဒါချည်းဖြစ်သောကြောင့် ပရိယာယ်အဖြစ် တူကြပါသည်။

**ထူးပုံ**။ ဇနကအကြောင်းသည် ''ဟေတု''မည်၏
ဥပတ္ထမ္ဘကအကြောင်းသည် ကာရဏမည်၏။ ဤသို့ ထူးပါသည်။

## မန္တေ ပရိဝတ္တေတေ

ဤမန္တန်ကား လက်ရုံးတောင့်တင်းနေအောင် ပြုကြောင်းဖြစ်သော မူလမန္တန်၏ သတ္တကို ဖြေကြောင်း မန္တန်တည်း။ မှန်၏၊ သူတစ်ပါးကို နှိပ်စက်ကြောင်း မန္တန်ဟူသမျှ၌ အဖြေမန္တန်လည်း ရှိမြဲတည်း။ (ဋီသစ်)

http://www.dhammadownload.com



## ဝိတရံ အဒါသိ

သမီးတော်ကို သူတစ်ပါးက ကျွန်၏မယားဟု မစွပ်စွဲနိုင်ဖို့ရန် ကဏ္ဍကို တော်လှန်ရ (ကျွန်အဖြစ်မှ လွတ်စေရ) ၏။ ထိုသို့လွတ်စေပြီး သမီးတော်နှင့် လက်ထပ်ပြီးသောအခါ ထိုက်တန်သော ရာထူး၌ ထားရသည်။

မေး။ အဘယ်သို့ အလှူမျိုးကို သဒ္ဓ မည်ပါသနည်း။

ဖြေ။ အခြားအကျိုးမဖက် သက်သက် ဝေဒကျမ်းအားလျော်စွာ သေလွန်သော မိဘ ဆွေမျိုးတို့ အကျိုးရလိမ့်မည် ဟူသော ယုံကြည်ချက်ဖြင့် ပြုသော အလှူသည် ''သဒ္ဓ'' မည်၏။

မေး။ ထာလိပါကမည်ပုံကို ရေးခဲ့ပါ။

ဖြေ။ မင်္ဂလာကိစ္စ၊ နက္ခတ်ပွဲ၊ ဘုရားပွဲစသည် ပြုလုပ်ရာဝယ် အိုးကြီးအိုးငယ်ဖြင့် ချက်အပ်သော ထမင်းသည် ''ထာလိပါက'' မည်၏။

မေး။ ယညု = (ယဇ်ပူဇော်ခြင်း) ဟု ခေါ်ပုံကို ရေးခဲ့ပါ။

ဖြေ။ မိမိပြုမိသော မကောင်းမှုကို စောင့်ရှောက်ခြင်း (ကုစားခြင်း) စသော အကျိုး ရှိလိမ့် မည်ဟု ရည်ရွယ်၍ မီးနတ်ကို ပူဇော်မှုစသည်ကို ''ယည-(ယဇ်ပူဇော်ခြင်း) ဟု ခေါ်၏။

မေး။ ပါဟုနကမည်ပုံကို ရေးခဲ့ပါ။

ဖြေ။ ဧည့်သည်တို့အတွက် ပြုအပ်သောထမင်းသည် (တစ်နည်း) လက်ဆောင်ပေး အပ်သော ထမင်းသည် ''ပါဟုနက'' မည်၏။ ပ (ပဌမံ) အာ (အာနေတွာ) ဟူယတေတိ ပါဟုနံ။

မေး။ ကထံ အဋ္ဌဝိဓာတိ တာပသာ ၌ ရသေ့ရှစ်ဦးတို့၏ သရုပ်ကို ရေတွက်ပြပါ။

ဖြေ။ (၁) သပုတ္တဘရိယ တာပသ၊ (၂) ဥဉ္ဆာစရိယတာပသ၊
(၃) အနဂ္ဂိပက္ကိကတာပသ၊ (၄) သမပါက တာပသ၊
(၅) အသ္မမုဋ္ဌိကတာပသ၊ (၆) ဒန္တဝက္ကလိက တာပသ၊
(၇) ပဝတ္တဖလဘောဇန၊ (၈) ပဏ္ဍုပလာသိက တာပသတို့တည်း။

မေး။ အဋ္ဌပိ သမာပတ္တိယော စရဏန္တိ နိယျာတိတာ ဟု ဆိုရခြင်းအကြောင်းကို ရေးခဲ့ပါ။

ဖြေ။ ရူပါဝစရစတုတ္ထစျာန်ကို ညွှန်ပြခြင်းဖြင့်ပင် အရူပါဝစရစျာန်တို့ကိုလည်း ညွှန်ပြ အပ်သည်၏အဖြစ်သို့ ရောက်သောကြောင့် ------- ဟု ဆိုရပါသည်။

http://www.dhammadownload.com



မေး။ အရဏီ ကမဏ္ဍာစာလုသုတမရာဒယော–၌ အာဒိအရကို ဖော်ပြပါ။

ဖြေ။ အာဒိဖြင့် အရင်းအဖျားနှစ်ဘက်လုံး၌ သုံးခွစီရှိသော တောင်ဝှေးစသည်တို့ကို ယူရပါသည်။

မေး။ ခီဏာသဝသာမဏေပုဂ္ဂိုလ်၏ ပုထုဇဉ်ရဟန်း၏ အလုပ်အကျွေး ပရိစာရက ဖြစ်ရခြင်းအကြောင်းကို ရေးခဲ့ပါ။

ဖြေ။ အသိန်းမက များလှစွာသော သံဝရဝိနည်းတို့ကို ကျင့်သုံးဆောက်တည်ခြင်း၏ အစွမ်းဖြင့် ရဟန်းအဖြစ်၏ သာမဏေအဖြစ်ထက် ထူးကဲမြင့်မြတ်သည်၏အဖြစ်ကြောင့် ရဟန္တာသာမဏေသည် ပုထုဇဉ်ရဟန်း၏ အလုပ်အကျွေး ပရိစာရက ဖြစ်ရပါသည်။

မေး။ ခတ္တဝိဇ္ဇာယာ–၌ ခတ္တဝိဇ္ဇာသရုပ်ကို ရေတွက်ပြ၍ တိရောဒုဿေန–၌ ဒုဿအရ အထောက်ပြ၍ ဖြေဆိုပါ။

ဖြေ။ အိပ်ရာမြေကြန်ကို သိကြောင်းဖြစ်သော အင်္ဂေယျကျမ်း (အဗ္ဗေယျကျမ်း) မာသုရက္ခကျမ်း၊ ရာဇသတ်ကျမ်းအစရှိသော နီတိကျမ်းကို ယူရ၏။

ဒုဿအရ တင်းတိမ်ကန့်လန့်ကာကို ယူရ၏။

သာဝကောား တသ္မာ သာဏိပါကာရဿ အန္တော ဌတွာ တည်း။

မေး။ ဒိဗ္ဗေန စက္ခုနာ ပါဝစနေန–တို့၌ အသီးသီး အရကောက်ကို တိကျစွာ ရှင်းလင်း ကောက်ပြ၍ သံဝဏ္ဏနာ အနိယမစကား၌ ဣသိအရကိုလည်း ဖော်ပြပါ။

ဖြေ။ ဒိဗ္ဗေန စက္ခုနာ၌ ဒိဗ္ဗစက္ခုအဘိညာဉ်သည် ပစ္စုပ္ပန်ရူပါရုံကိုသာ အာရုံပြုနိုင်၏ (အတိတ်အာရုံများကို အာရုံမပြုနိုင်)။ ထို့ကြောင့် ဒိဗ္ဗေန စက္ခုနာ အရ ဒိဗ္ဗစက္ခု သာမက ဒိဗ္ဗစက္ခု ဟူသော ပရိကမ်ရှိသော ယထာကမ္မူပဂဉာဏ်ကိုငင်း၊ ဒိဗ္ဗစက္ခုနှင့် မြင်တတ်ပုံချင်းတူသော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကိုငင်း ယူရမည်။ မှန်၏ ထိုမန္တန်ကို ပြုကြသော ရှေးရသေ့တို့သည် ဒိဗ္ဗစက္ခုဖြင့် သတ္တဝါတို့ကို မြင်ပြီးသော အခါ မည်သည့်ကံကြောင့် ဤသို့ ဖြစ်ရပါလိမ့်မည်နည်း''ဟု စဉ်းစားကြ၏။ ထိုအခါ ယထာကမ္မူပဂဉာဏ်ဖြင့် ထိုသတ္တတ္တတို့၏ ရှေးကပြုအပ်ခဲ့သောကံကို သိကြရ၏။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် ရှေးရှေးကမ္ဘာတို့၌ ရသေ့ပြဟ္မာတို့၏ ဒေဝမန္တန် စီရင်ခဲ့ပုံကိုလည်း မြင်ကြရသည်။ (ဘာဋီ၊ ၄၃၆၊ ဋီသစ်၊ ၂၇၃)

http://www.dhammadownload.com



ပါဝစနေန အရ ကဿပဘုရားရှင် ဟောကြားတော်မူသော ဝဋ္ဋနိဿိတ ပါဠိတော် စကားများကို ယူရ၏။ အကြောင်းကား ကဿပဘုရားရှင်ဟောတော်မူခဲ့သော ဝဋ္ဋနိဿိတ ပါဠိတော်များနှင့် မဆန့်ကျင်ဘဲ ညီညွတ်နီးနှောမိအောင် ဗေဒင်ကျမ်းများကို ရေးသားခဲ့သောကြောင့်ဌင်း၊ ဝိဝဋ္ဋနိဿိတ ပါဠိတော်စကား အနက်အဓိပ္ပါယ်ကို အဌကထာစသော (ဗေဒင်ကျမ်းပြု) ရသေ့များ မျက်မှောက် ထင်ထင် မသိမြင်နိုင်ကြသောကြောင့် ဌင်းတည်း။ (ဋီသစ်၊ ၂၊ ၂၇၃)

ဣသိဟု ဆိုခြင်းကား နိဒဿနမျှသာတည်း။ ထို့ကြောင့် ရသေ့ကိုလည်းကောင်း ရဟန်းဖြစ်ရန် ကျင့်နေသူကိုလည်းကောင်း ဣသိအရ ယူရမည်။

**မေး။** သပုတ္တဘရိယတာပသနှင့် ဉဉ္ဆာစရိယတို့၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

**ဖြေ။** ကေဏိယမည်သော ရသေ့ကဲ့သို့ ဥစ္စာကို ကောင်စွာတည်တံ့စေ၍ နေကြကုန်သော ရသေ့တို့သည် ''သပုတ္တဘရိယတာပသ (သားမယားနှင့်တကွဖြစ်သော ရသေ့) မည်၏။ သားမယားနှင့်တကွ ဖြစ်သည်၏အဖြစ်မည်သည် (သားမယား ရှိသူ၏အဖြစ် မည်သည်) ရသေ့ရဟန်းအား မသင့်ဟု ကြံစည်၍ ရိတ်ရာ, နယ်ရာ ဌာနတို့၌ ကောက်စပါး၊ ပဲနောက်၊ ပဲကြီး၊ နှမ်းအစရှိသည်တို့ကို စုရုံး၍ (အလျှုခံသော အားဖြင့် စုရုံး၍) ချက်၍ သုံးဆောင်ကြသော ရသေ့တို့သည် ''ဉဉ္ဆာစရိယ တာပသ=ကောက်ပဲတို့ကို ရှာမှီးခြင်းဟူသော အသက်မွေးဝမ်းကြောင်းအကျင့်ရှိသော ရသေ့တို့မည်ကုန်၏။

**မေး။** အနဂ္ဂိပက္ကိကတာပသနှင့် သမပါကတာပသတို့၏ အဓိပ္ပါယ်ထူးခြားပုံကို ရေးခဲ့ပါ။

**ဖြေ။** ကောက်ပဲနယ်ရာတလင်းတစ်ခုဖြင့် ကောက်ပဲနယ်ရာ တလင်းတစ်ခုသို့ လှည့်လည် သွားလာ၍ ကောက်ပဲကို ဆောင်ယူပြီးလျှင် ထောင်းထု၍ သုံးဆောင်ရခြင်းမည်သည် ရသေ့ရဟန်းအား မသင့်ဟု ကြံစည်၍ ရွာ, နိဂုံးတို့၌ ဆန်ဆွမ်းကို ခံယူ၍ ချက်ပြုတ်၍ သုံးဆောင်ကြသော ရသေ့တို့သည် ''အနဂ္ဂိပက္ကိကတာပသ = မီးဖြင့် ချက်အပ်သော ဆွမ်းဖြင့် အသက်မွေးသူများ မဟုတ်သူတို့မည်၏။

ရသေ့ရဟန်းအား ကိုယ်တိုင်ချက်ချင်းဖြင့် အဘယ်မှာ သင့်တော်အံ့နည်းဟု ကြံ၍ ရွာတွင်းသို့ ဝင်ကာ ချက်အပ်ပြီးသော ထမင်းကို ခံယူကုန်သော ရသေ့တို့သည် ''သမပါကတာပသ = (အသာမံပါက) ကိုယ်တိုင်ချက်ခြင်းမရှိသော ရသေ့တို့မည်၏။

http://www.dhammadownload.com



မေး။ အသွမုဋ္ဌိကတာပသနှင့် ဒန္တဝက္ကလိကတာပသတို့၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ နေ့စဉ်နေ့တိုင်း ဆွမ်းကို ရှာမှီးရခြင်းမည်သည် ရသေ့ရဟန်းအား ဆင်းရဲ၏ဟု ကြံ၍ လက်ဆုပ်ပမာဏရှိသော ကျောက်ဖြင့်ဖေး (ဖွေး)ပင် အစရှိကုန်သော သစ်ပင်တို့၏ အခွံအခေါက်ကို ထုရိုက်၍ ခဲစားကြကုန်သော ရသေ့တို့သည် ''အသွမုဋ္ဌိက (အယမုဋ္ဌိကာတာပသ) လက်ဆုပ်ပမာဏရှိသော သံကဲ့သို့ မာသောကျောက်ဖြင့် အသက်မွေးသော ရသေ့တို့ မည်၏။

ကျောက်ဖြင့် ကောက်စပါးကို ထောင်းထု၍ လှည့်လည်ရခြင်းမည်သည် ဆင်းရဲ၏ ဟုကြံ၍ သွားတို့ဖြင့် ထုတ်နှုတ်၍ ခဲစားကုန်သော ရသေ့တို့သည် ဒန္တဝက္ကလိကတာပသ=သွားတို့ဖြင့် ထုတ်နှုတ်အပ်သော အခွံအခေါက်ဖြင့် အသက်မွေးကြသောရသေ့'' တို့မည်၏။

မေး။ ပဝတ္တဖလဘောဇနနှင့်ပဏ္ဏုပလာသိကတာပသတို့၏ အဓိပ္ပါယ်ထူးခြားပုံကို ရေးခဲ့ပါ။

ဖြေ။ သွားတို့ဖြင့် နှုတ်ယူအပ်သော သစ်ခွံသစ်ခေါက်ကို စားကြသောရသေ့များအတွက် ဆင်းရဲ၏ဟု ကြံစည်၍ ခဲဒုတ်အစရှိသည်တို့ဖြင့် ပုတ်ခတ်၍ ကျစေအပ်ကုန်သော သစ်သီးတို့ကို သုံးဆောင်ကြသော ရသေ့တို့သည် ပဝတ္တဖလဘောဇန, တာပသ=ဖြစ်စေအပ်သော သစ်သီးဟူသော အစာရှိသော ရသေ့တို့မည်၏။

ခဲ, ဒုတ်တို့ဖြင့် ကျစေ၍ သုံးဆောင်ရခြင်းမည်သည် ရသေ့များအား မလျောက်ပတ်ဟု ကြံ၍ အလိုလိုကြွေကျကုန်သော အပွင့်၊ အသီး၊ အဉ၊ သစ်ရွက် အစရှိသည်တို့ကို ခဲစားကုန်၊ မျှတကြကုန်သော ရသေ့တို့သည် ''ပဏ္ဏုပလာသိက တာပသ=ဖျော့တော့ ဝင်းဝါသော သစ်ရွက်တို့ဖြင့် အသက်မွေးကြသော ရသေ့ တို့မည်၏။ ဤသို့ထူးခြားပါသည်။

မေး။ သတ္တုဿဒံ, သတိဏကဋ္ဌောဒကံ, သဓညံ, ရာဇဘောဂ္ဂံ, ရာဇဒါယံ ပါဠိတို့ဖြင့် ပြအပ်သော အဓိပ္ပါယ်အသီးသီးကို ဖြေဆိုခဲ့ပါ။

ဖြေ။ ၁။ သတ္တုဿဒံ ပါဠိဖြင့် ထိုမြို့၌ မွေးမြူထားအပ်သော ဆင်မြင်း၊ ဥဒေါင်းစသော တိရစ္ဆာန်သတ္တဝါ လူသတ္တဝါတို့ဖြင့် ပေါများသည်၏အဖြစ်ကို ပြပါသည်။

http://www.dhammadownload.com



၂။ သတိဏာကဋ္ဌောဒကံ ဖြင့် ဆင်, မြင်းစသော သတ္တဝါတို့၏ အစာဖြစ်သောမြက်၊ အိမ်မိုးဖို့ရာမြက်၊ သစ်သား၊ ရေဟူသော အသုံးအဆောင်ပြည့်စုံပုံကို ပြပါသည်။

၃။ သဓညံ-ဖြင့် လူတို့၏ စားသောက်ဖွယ်ရာဖြစ်သော ကောက်ပဲသီးနှံပြည့်စုံပုံကို ပြပါသည်။

၄။ ရာဇဘောဂ္ဂ-ဖြင့် မင်း၏အထံမှ ရအပ်သော စည်းစိမ်ဖြစ်ကြောင်းကို ပြသည်။

၅။ ရာဇဒါယံ-ဖြင့် သားစဉ်မြေးဆက် ဆက်၍ သုံးစွဲနိုင်အောင် အမွေစား၊ အမွေခံ အဖြစ်ဖြင့် ပေးအပ်ကြောင်းကို ပြပါသည်။

**မေး။** ကျွန်းကြီး (၄) ကျွန်းကို ဖော်ပြပါ။

**ဖြေ။** (၁) ပုဗ္ဗဝိဒေဟ၊ (၂) ဇမ္ဗူဒိပ၊
(၃) အပရဂေါယာန၊ (၄) ဥတ္တရကုရုကျွန်းတို့ ဖြစ်ပါသည်။

**မေး။** စကြဝတေးမင်း၏ ရတနာ (၇) ပါးကို ဖော်ပြ၍ ယင်းရတနာဖြင့် စကြဝတေးမင်း အတွက် အကျိုးပြီးစီးပုံကိုလည်း ဖော်ပြပါ။

**ဖြေ။** (၁) မဏိရတနာ၊ (၂) ဣတ္ထိရတနာ၊ (၃) ဂဟပတိရတနာ၊
(၄) ဟတ္ထိရတနာ၊ (၅) အဿရတနာ၊
(၆) ပရိဏာယက (သားကြီးရတနာ) (၇) စကြာရတနာတို့ဖြစ်ပါ သည်။

စကြာရတနာဖြင့် = မအောင်အပ်သော ရန်သူကို အောင်ခြင်းငှာ စွမ်းနိုင်၏။
ဆင်, မြင်းရတနာဖြင့် = နံနက်ပိုင်းမှာ ပုဗ္ဗဝိဒေဟစသော ကျွန်းကြီးလေးကျွန်းကို လှည့်လည်၍ ပြန်လာနိုင်စွမ်းရှိ၏။
ပတ္တမြားရတနာဖြင့် = တစ်ယူဇနာအတွင်း အရောင်အလင်းကို ရနိုင်စွမ်းရှိ၏။
မိဖုရားရတနာဖြင့် = စိတ်ကြည်နူးခြင်းကို ရစေနိုင်၏။
သူကြွယ်ရတနာဖြင့် = ပစ္စည်းများကို အလိုရှိတိုင်းရနိုင်၏။
သားကြီးရတနာဖြင့် = တိုင်းပြည် (နိုင်ငံ)ကို စောင့်ရှောက်ခြင်းကိစ္စရှိ၏။
ဤသို့ အစွမ်းသတ္တိရှိပါသည်။

**မေး။** အာစရိယနှင့်ပါစရိယတို့၏ အထူးကို ရေးခဲ့ပါ။

**ဖြေ။** အာစာရ, သမာစာရနှစ်မျိုးကို သင်ကြားပေးသောဆရာသည် ''အာစရိယ''မည်၏။ ထိုဆရာတို့၏ဆရာသည် ''ပါစရိယ''မည်၏။ ဤသို့ ထူးပါသည်။

http://www.dhammadownload.com



**မေး။** ပုဏ္ဏားတို့သည် ဗြဟ္မာကြီးခံတွင်း, ခြေဖမိုးမှ ထွက်လာသည်ဟု ဆိုသောစကား ဟုတ်,မဟုတ်အကြောင်း ယုတ္တိသွင်း၍ စိစစ်ခဲ့ပါ။

**ဖြေ။** လူအားလုံးတို့သည် ခတ္တိယစသည်မကွဲပြားမီသာ ဥပပါတ်ပဋိသန္ဓေနေကြသည်။ ထိုနောက်တွင် မိခင်၏ ပဿာဝမဂ်မှ ချဉ်းမွေးဖွားကြသည်။ သူတို့ကို အထင်ကြီးအောင် ဗြဟ္မာမင်းခံတွင်းမှ ပုဏ္ဏားမျိုးများ ထွက်ခဲ့ကြသည်ဟု ဆိုခြင်းသည် - ပုဏ္ဏေးမ၏ပဿာဝမဂ်ကိုပင် ဗြဟ္မာမင်းကြီး၏ ခံတွင်းအဖြစ်ဆိုရာ ရောက်သောကြောင့် မသင့်ပါ။

**မေး။** ကုတ္တဝါလဒအဓိပ္ပါယ်ကို ရေးခဲ့ပါ။

**ဖြေ။** ပြုပြင်အပ်သော အမွေးရှိခြင်းဟူသည် မုချအားဖြင့် မြင်းမတို့၌သာ ရှိသည်။ သို့သော် အမွေးဖြတ်ထားပြီးသော မြင်းမတို့ဖြင့် ရထားတို့ကို ကအပ်ကုန်သောကြောင့် သဟစရဏနည်း ဌာနျူပစာရအားဖြင့် ရထားတို့ကို ''ကုတ္တဝါလာ''ဟု ဆိုသည်။

**မှတ်ချက်။** [ကုတ္တဝါလေဟိ-ပြုပြင်အပ်ပြီးသော အမွေးရှိကုန်သော။ ဝဠဝါရထေဟိ- မြင်းမသည်က ယှဉ်အပ်သော ရထားတို့ဖြင့်။ ဝါ-မြင်းရထားတို့ဖြင့်- ဟု အနက်ပေးပါ။

**မေး။** ပေါက္ခရသာတိဿ နိဝေသနံ-၌ ''နိဝေသနအဓိပ္ပါယ်''ကို ရေးခဲ့ပါ။

**ဖြေ။** ပုဏ္ဏားကြီးသည် ဘုရားထံသို့ လာစဉ်ကပင် ခဲဖွယ်, ဘောဇဉ်တို့ကို စီစဉ်ပြီးဖြစ်၍ ယာဉ်၌ တပ်ထားခဲ့သောကြောင့် ''နိဋ္ဌိတံ ဘတ္တံ''ဟု ချက်ခြင်းလျှောက်ထားနိုင်သည်ကို ထောက်၍ နိဝေသနအရ ပုဏ္ဏား၏ မြို့တွင်းက အိမ်ကိုမယူဘဲ ခေတ္တ တည်းခိုရာ နေရာကိုသာ ဤ၌ နိဝေသနဟု ဆိုခြင်းဖြစ်ပါသည်။

**မေး။** ပေါက္ခရသာဒီနှင့်ပေါက္ခရသာတိတို့၏ အထူးကို ရေးခဲ့ပါ။

**ဖြေ။** ပဒုမ္မာကြာပန်းဖြူနှင့် တူသောအဆင်းရှိသောကြောင့် ပုဏ္ဏားကို ပေါက္ခရသာဒီဟု ခေါ်ပါသည်။ ပဒုမ္မာကြာဖြူပန်း၌ ကိန်း၍ ဖြစ်သောကြောင့် ပုဏ္ဏားကို ပေါက္ခရသာတိဟု ခေါ်ပါသည်။ အရအားဖြင့် ပုဏ္ဏားဒြဗ်ကိုသာ ရသည် မကွဲပြား၊ သဒ္ဒါ အနေအထား အနည်းငယ် ကွဲပြားခြင်းသာ ထူးပါသည်။

http://www.dhammadownload.com



**မေး။** ဥက္ကာသု ဓလမာနာသု ဠိတာ ဥက္ကဋ္ဌာ ဟူသော အဖွင့်အလိုအားဖြင့် ဥက္ကဋ္ဌာ ၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

**ဖြေ။** ထိုမြို့စ၍ တည်ထောင်သောအခါ၌ ညဉ့်ကာလဝယ် ကောင်းသောနက္ခတ် အချိန်အခါသည် ဖြစ်၏။ ထိုခဏကောင်းကို လွန်မသွားစေလိုသောကြောင့် မီးရှူးမီးတိုင်တို့ကို ထွန်းလျက် မြို့နေရာကို ယူကြသည်ဖြစ်သောကြောင့် ၎င်းကို အစွဲပြု၍ ''ဥက္ကဋ္ဌာ'' မြို့ဟု ခေါ်ပါသည်။

**မေး။** ပသေနဒီ၏အဓိပ္ပါယ်ကို ရေးသားဖြေဆိုခဲ့ပါ။

**ဖြေ။** ရှေ့ရှုတက်လာသော တစ်ဘက်သောစစ်သည်တို့ကို အောင်နိုင်သော မင်းဖြစ်သောကြောင့် ပသေနဒီဟု ခေါ်ပါသည်။ (တစ်နည်း) ပွဲတော်တည်သောအခါ စားသောက်ဖွယ်တွေ များသောကြောင့် ရှေးတည့်တည့်၌ထား၍ မဖြစ်ဘဲ ဘေးနှစ်ဘက်၌လည်းထား၍ ပေးအပ်ရာမင်းဖြစ်သောကြောင့် ပသေနဒီမည်၏။

## ပါဠိဝိနိစ္ဆယ

ဝီရင်္ဂရူပါ+ဝီရင်္ဂရူပါ+ဓိတင်္ဂရူပါသုံးချက် – ဝီရဿ အင်္ဂံ တဿ ရူပမိဝ ရူပံ ယေသံ တေ ဝီရင်္ဂရူပါ။ (သီ–ဋီသစ် ၂၃၉) က္လဝ စေဝ အညတ္ထ စ ကတ္ထစိ ''ဓိတင်္ဂရူပါ''တိ ပါဠော ဒိဿတိ။ (သီဋီသစ်၊ ၂၄၀) ကတ္ထစိ ပန ''ဝီရင်္ဂ''န္တိ ပါဠောဝ ဒိဿော။ ယထာ ရုစ္စတိ။ တထာ ဂဟေတဗ္ဗံ။ (သီဋီသစ်၊ ၂၄၀) ကို ထောက်၍ သုံးပါဠ်လုံးသင့်ပါသည်။

**မေး။** သောပိ တာယ လက္ခဏေသု ဟုရင်း၊ သောပိ တာယ အာစရိယကတာယ လက္ခဏေသုဟုရင်း (ဋ္ဌ၊ ၂၂၄) ပါဠ်နှစ်ထွေရှိရာ သင့်ရာပါဠ်ကို အကြောင်းပြဆုံးဖြတ်ပါ။

**ဖြေ။** တာယာတိ တာယ ယထာဝုတ္တာယ သမုတ္တေဇနေယာတိ အာစရိယေန ဝုတ္တံ။ အဝုနာ ပန ပေါတ္ထကေသု ''တာယ အာစရိယကထာယာ''တိ ပါဠော ဒိဿတိ။ အတ္ထတော စေသ အဝိရုဒ္ဓေါယေဝ။ (သီဋီသစ်၊ ၂၄၆) ကို ထောက်၍ သောပိ တာယ လက္ခဏေသု–ပါဠ်နှင့် သောပိ တာယ အာစရိယကထာယ လက္ခဏေသု ပါဠ်တို့သည် အနက်အားဖြင့် မဆန့်ကျင့်သောကြောင့် နှစ်ပါဠ်သင့်ပါသည်။

**မေး။** ဥတ္တမေန ပရိသုဒ္ဓေန (ဋ္ဌ၊ ၂၅၁) ၌ ဥတ္တမေန+ဥတ္တမာယနှစ်ပါဠ်တွင် မည်သည့်ပါဠ်သင့်ကြောင်းကို အကြောင်းပြဆုံးဖြတ်ပါ။

http://www.dhammadownload.com



ဖြေ။ ဥတ္တမေန + ဥတ္တမာယနှစ်ပါဌ်တွင် ဥတ္တမေနပါဌ်သာသင့်သည်။
ဝိသေသန+တစ်ခုမျှနှင့်၊ ဝိသေသျများစွာ ရှိကြပါမူ၊ ဝိသေသနမှာ တူမြဲရာသည်။
ဦးစွာ ဝိသေသျလိင်၊ ဝုစ်တည်း။
ဝိသေသနတစ်ပါး ဝိသေသ်များလည်း၊ ရှေးဖျား ဝိသေသျ၊ ဂုဏဝိသေ၊ ဤနှစ်ထွေ တူစေလိင်ဝုစ်မှန် ဟူသောနိယံနှင့်အညီ ဝိသေသျများစွာရှိရာ၌ ဝိသေသနပုဒ်သည် ရှေးဦးအစ၌ တည်သော ဝိသေသျပုဒ်နှင့်သာ လိင်+ဝုစ် တူရမည်ဖြစ်သောကြောင့်
ဥတ္တမေနဟု ရှိသောပါဌ်သာ သင့်သည်။

**အမှာ**။ အနက်ပေးရာ၌ကား ဥတ္တမေန၊ မြတ်သော။ ပရိသုဒ္ဓေန၊ သော။ ဝဏ္ဏေန စေဝ၊ နှင့်လည်းကောင်း၊ (ပရမာယ၊ မြတ်သော။ သရီရသဏ္ဌာနသမ္ပတ္တိယာတိပိ ယောဇေတဗ္ဗံ။ အတ္ထဝသော ဟိ လိင်္ဂဝိဘတ္တိဝိပရိဏာမော။

မေး။ ယုတ္တတ္တဋ္ဌာနေသု–၌ ယုတ္တဋ္ဌာနများ (ယုတ္တဋ္ဌာနသရုပ်) ကို ဖော်ပြပါ။
ဖြေ။ သင့်လျော်သောလည်ပင်း၊ သင့်လျော်သော ဦးခေါင်း၊ သင့်လျော်သော မြီးဆံဖျား အစရှိသော အရပ်တို့ ဖြစ်ပါသည်။

မေး။ ဥပကာရိကာဟု ဆိုရခြင်းအကြောင်းကို ရေးခဲ့ပါ။
ဖြေ။ ကတာသုဓာကမ္မဋ္ဌာနကို မြို့၏အနီး၌ ပြုအပ်သောကြောင့်၎င်း၊ လျော်သော ကျေးဇူးကို ပြုတတ်သောကြောင့်၎င်း ''ဥပကာရိကာ''ဟု ဆိုရပါသည်။
မေး။ ''န သင်္ကောတိ''ဟု ဆိုထားရခြင်းအကြောင်းကို ရေးခဲ့ပါ။
ဖြေ။ ထိုင်ခြင်း လျောင်းခြင်း ဣရိယာပုထ်နှစ်ပါး၌ ကိုယ်အင်္ဂါတို့သည် တွန့်နေ (ကွေးနေ) ရကား အချို့လက္ခဏာတော်များကို အကုန်အစင် အထင်အရှားမမြင်ရသောကြောင့် ''န သင်္ကောတိ'' ဟု ဆိုပါသည်။
မေး။ သင်္ကောတိဟု ဆိုထားရခြင်းအကြောင်းကို ရေးခဲ့ပါ။
ဖြေ။ ရပ်ခြင်း၊ စင်္ကြံသွားခြင်း ဣရိယာပုထ်နှစ်ပါး၌ လက္ခဏာများကို အကုန်အစင် ထင်ထင်ရှားရှား တွေ့မြင်ရသောကြောင့် ''သင်္ကောတိ'' ဟု ဆိုပါသည်။
မေး။ ဝတ္တိကောသ ခေါ်ပုံနှင့် ကောသောဟိတ ခေါ်ပုံတို့ကို ရေးခဲ့ပါ။
ဖြေ။ နွားလားဥသဘ ဂန္ဓဆင်မင်းတို့၌ ချက်၏ အောက်နားဝယ် အင်္ဂါဇာတ်ကို ဖုံးထားသော အိတ်တစ်မျိုး ရှိ၏။ ထိုအိတ်ကိုပင် ''ဝတ္တိကောသ'' ဟုခေါ်သည်။

http://www.dhammadownload.com



ထိုအိတ်သည် ဖုံးထားအပ်သော ဘုရားရှင်၏ အင်္ဂါဇာတ်တော်ကို ''ကောသောဟိတ'' ဟု ခေါ်ပါသည်။ မှန်၏။ ထိုအင်္ဂါဇာတ်သည် ဖွားမြင်သည်မှစ၍ အိတ်နှင့်တကွပါလာ၏။ သာမန်လူတို့ကဲ့သို့ တိုးလို့တန်းလန်းမဟုတ်၊ ကိုယ်ရှိမှ အပြင်ဘက်သို့ ထွက်ပေါ်လာသည်။

## ဘုရားရှင်၏အင်္ဂါတော်သည် အကောပိန (လျှို့ဝှက်စရာမဟုတ်အင်္ဂါ) ဖြစ်ရပုံ

ဘုရားရှင်၏ အင်္ဂါတော်သည် အပအတွင်း အညစ်အကြေးတို့ဖြင့် မညစ်ပေသောကြောင့်၎င်း၊ ကြာမြင့်စွာကာလ၌ ဆည်းပူးအပ်ခဲ့သော ဗြဟ္မစရိယဟူသော ကောင်းမှုထူးရှိသောကြောင့်၎င်း၊ ကောင်းစွာတည်သော ပုံသဏ္ဌာန်၏ လှပပြည့်စုံခြင်းကြောင့်၎င်း ကောပိနပင်ဖြစ်သော်လည်း အကောပိန (လျှို့ဝှက်စရာမဟုတ်သော အင်္ဂါ) ဖြစ်ရပေသည်။

**မေး။** ကခ်တိ၊ ဝိစိကိစ္ဆတိ၊ နာဓိမုစ္စတိ–ပါဌ်တို့ဖြင့် ပြအပ်သော ကင်္ခါ၊ ဝိစိကိစ္ဆာ၊ အနဓိမုစ္စနတာတို့၏ အထူးကို ရေးပြီးလျှင် လူအများအရှက်တကွဲပြုအပ်ရာ ဝတ္ထုဂုယှကို အမ္ဗဋ္ဌလုလင်အား မြတ်စွာဘုရားပြတော်မူရာ၌ အဆုံးအဖြတ်ကို ပြဆိုခဲ့ပါ။

**ဖြေ။** နည်းသော တွေးတောယုံမှားခြင်းသည် ''ကင်္ခါ'' မည်၏။
အလယ်အလတ်ဖြစ်သော တွေးတောယုံမှားမှုသည် ''ဝိစိကိစ္ဆာ'' မည်၏။
အားကြီးသော တွေးတောယုံမှားခြင်းသည် ''အနဓိမုစ္စနတာ''မည်၏။
ဤသို့ အခိုက်အတန့်အားဖြင့် ထူးပါသည်။

ဝတ္ထုဂုယှကို အမ္ဗဋ္ဌအား ပြတော်မူရာ၌ မြတ်စွာဘုရားသည် လျှို့ဝှက်အပ်သော အင်္ဂါဇာတ်အစစ်ကို ပြတော်မူသည်ကားမဟုတ်။ တန်ခိုးဖန်ဆင်းတော်မူ၍ သင်းပိုင်ဝတ်သော ခါးပန်းကြိုးပန်းသော သင်္ကန်းတော်အတွင်းမှ အင်္ဂါဇာတ်၏ အရိပ်အရောင်အတုကလေးမျှကိုသာ ပြတော်မူခြင်း ဖြစ်ပါသည်။

**မေး။** ဘုရားရှင်က အမ္ဗဋ္ဌအား မိမိ၏လျှာတော်ကို အဘယ်သို့ ပြပါသနည်း။ ထိုသို့ပြခြင်းဖြင့် အဘယ်သို့သော အကျိုးကို မျှော်ကိုးပါသနည်း။ အသီးသီးဖြေဆိုပါ။

http://www.dhammadownload.com



ဖြေ။ ဘုရားရှင်သည် လျှာတော်ကိုထုတ်၍ နားနှစ်ဘက် နှစ်ခေါင်း နှစ်ပေါက် နဖူးပြင်တို့ကို သုံးသပ်ပါသည်။ နားနှစ်ဘက်ကို သုံးသပ်ခြင်းမှာ ရှည်သောလျှာရှိကြောင်းပြရန်၊ နှာခေါင်းနှစ်ပေါက်ကို သုံးသပ်ခြင်းမှာ ပါးလွှာကြောင်းပြရန်၊ နဖူးပြင်ကို သုံးသပ်ခြင်းမှာ ကျယ်ပြန့်ကြောင်းကို ပြရန်ဖြစ်ပါသည်။

မေး။ ဘုရားရှင်သည် အမ္ဗဋ္ဌလုလင်အား လျှာတော်နှင့် ပတ်သက်၍ သုံးသပ်ပြတော်မူပုံကို အဋ္ဌကထာလာအတိုင်း ပေါ်လွင်အောင် ရေးပါ။ (စိုး၊ ၆၂–ခု)

ဖြေ။ (၁) ဘုရားရှင်သည် အမ္ဗဋ္ဌလုလင်အား ကထိန်ချုပ် (ခက်မာ) သော အပ်ကဲ့သို့ ပြုလုပ်သည်၏အစွမ်းဖြင့် လျှာတော်၏ နူးညံ့သည်၏အဖြစ်ကို ပြခြင်း၊

(၂) နားတွင်းတော် နှစ်ဖက်ကို သုံးသပ်သည်၏အစွမ်းဖြင့် လျှာတော်၏ ရှည်လျားသည်၏အဖြစ်ကို ပြခြင်း။

(၃) နှာခေါင်းတော် နှစ်ဖက်ကို သုံးသပ်သည်၏အစွမ်းဖြင့် လျှာတော်၏ (သေးသွယ်) ပါးသည်၏အဖြစ်ကို ပြခြင်း၊

(၄) နဖူးတော်ကို လွှမ်း (ဖုံးအုပ်) သည်၏အစွမ်းဖြင့် လျှာတော်၏ ကျယ်ပြန့်သည်၏အဖြစ်ကို ပြခြင်းတို့ဖြင့် လျှာတော်ကို သုံးသပ်ပြတော်မူပါသည်။ [ဋ္ဌ၊ ၂၄၆]

မေး။ သမ္ဗဝါရေသီတိ သုဒ္ဓ ပဝါရေသိ၊ ''အလံ အလန္တိ ဟတ္ထသညာယ (ဋ္ဌ၊ ၂၄၈) ဝယ်ရရှိနိုင်သော နယပူစာရအဓိပ္ပါယ်ကို အကြောင်းသွင်း၍ ရှင်းပြပါ။

ဖြေ။ **ဟတ္ထသညာယ၌ နယူပစာရအဓိပ္ပါယ်**

ဟတ္ထသညာယ၌ လက်အမှတ်အသားကိုသာ အဦးမူ၍ ဆိုထားခြင်းမှာ ကေဒေသူပစာ၊ ပဓာန၊ ဥပလက္ခဏာ၊ နိဒဿနနည်းများကို ရည်ညွှန်း၍ ဆိုထားခြင်း ဖြစ်သည်။ **အကြောင်းကား** ''တော်ပြီ တန်ပြီ'' ဟု ပယ်မြစ်ခြင်းသည် လက်အမှတ်ဖြင့်သာ မဟုတ်၊ တစ်ပါးသောအရာ၌ မုခဝိကာရ=မျက်နှာဖောက်ပြန်ခြင်း၊ ဝစီဘေဒ=နှုတ်မြွက်ခြင်းဖြင့်လည်း ပယ်မြစ်မှုကို ဟောတော်မူအပ်သည်၏အဖြစ်ကြောင့်၎င်း၊ တစ်ပြိုင်နက်သော ခဏ၌ပင် (လက်အမှတ်ဖြင့် ပယ်မြစ်မှု၊ မုခဝိကာရ၊ မျက်နှာဖောက်ပြန်၍ (ဝါ) ဦးခေါင်းလှုပ်ရမ်း၍ ပယ်မြစ်မှု ဝစီဘေဒ–နှုတ်မြွက်၍ ပယ်မြစ်မှုဟူသော) ပယ်မြစ်မှုအလုံးစုံကိုလည်း ရအပ်၊ ရနိုင်သောကြောင့်၎င်းတည်း။

http://www.dhammadownload.com



**မေး။** ဓမ္မစက္ကုန္တြေတ္တ သောတာပတ္တိမဂ္ဂေါ် အဓိပ္ပေတော (ဋ၊ ၂၄၈) ၌ ဓမ္မစက္က၊ အရ ရနိုင်သမျှတို့ကို ဖော်ပြပါ။

**ဖြေ။** ဓမ္မစက္ကအရ – ဗြဟ္မာယုသုတ်၌ အောက်မဂ်သုံးပါးဖြစ်သည်။

စူဠရာဟုလောဝါဒသုတ်၌ အာသဝက္ခယဉာဏ်ဖြစ်သည်။

ဤအမ္ဗဋ္ဌသုတ်၌ သောတာပတ္တိမဂ်ဉာဏ်ဖြစ်သည်။

ကိစ္စဝသေနဥ်ကိစ္စအရ – အသမ္မောဟ ပဋိဝေဓကိစ္စကို ယူရ၏။

## အဥ္ဈေသံ အသာဓာရဏာ ဟု ဆိုရခြင်းအကြောင်း

လောကုတ္တရာတရားကိုရခြင်း၌ သူတစ်ပါးတို့၏ ညွှန်ပြခြင်းမှ ကင်းသောကြောင့်၎င်း၊ တစ်ပါးတည်းသာ လောက၌ ရှေးဦးစွာ အနုတ္တရသမ္မာသမ္ဗောဓိကို ထိုးထွင်း၍ သိသောကြောင့်၎င်း "အဥ္ဈေသံ အသာဓာရဏာ" ဟု ဆိုရပါသည်။

**အမ္ဗဋ္ဌသုတ်ဆိုင်ရာ အဓိပ္ပါယ်ပြီး၏။**

*******

## အမ္ဗဋ္ဌသုတ်ဆိုင်ရာ လေ့ကျင့်ခန်းပုစ္ဆာ

❖ ရာဇပုဒ်အဖွင့်လာ အစ္ဆရိယဓမ္မလေးပါး, သင်္ဂဟဝတ္ထုလေးပါးကို အသီးသီးဖြေဆိုပါ။

❖ မြတ်စွာဘုရား၏ ဆွေတော်မျိုးတော်တို့နေရာဖြစ်သော မြို့တော်ကို "ကောသလနဂရ" ဟု၎င်း၊ ဇမ္ဗုဒီပထနဂရဟု၎င်း အဘယ့်ကြောင့် အမည်နှစ်မျိုးဖြင့် ခေါ်ဆိုရပါသနည်း။ ဖြေဆိုခဲ့ပါ။

❖ ဣမေဝ ဝယ် ဝေသဒ္ဒါ၏ နိဝတ္တေတဗ္ဗနှင့် ဇာတိပြာဟ္မဏာန်ဖြင့် သိစေအပ်သော အဓိပ္ပါယ်ကိုလည်း ဖော်ပြခဲ့ပါ။

❖ ဣတိဟာသပဉ္စမာနံ–၌ ပဉ္စမဟူသော သချာ၏ သချေယျကို ထုတ်ပြ၍ တိဏ္ဏံ ဝေဒါနံ ဝယ် အာထဗ္ဗဏဝေဒကို မယူရခြင်း၏ အကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။

❖ စာရိကံ စရမာနော ဝါကျ၌ စာရိကာ၏ မူလဘောဒကို အဓိပ္ပါယ်နှင့်တကွ ဖြေဆို၍ စာရိကာစရဏာ၏ အရင်းခံအကြောင်းကိုလည်း ထုတ်ပြပါ။

http://www.dhammadownload.com



❖ ဩက္ကာကမင်းကြီးမှစ၍ သာကီဝင်မင်းမျိုးဖြစ်ပေါ်လာပုံ ရာဇဝင်အစဉ်အဆက်ကို လိုရင်းတိုရှင်း အနှစ်ချုပ်ကာ ဖြေဆိုခဲ့ပါ။

❖ စတူပဟိ အစ္ဆရိယဓမ္မေပဟိ အရ အစ္ဆရိယဓမ္မလေးမျိုးကို ထုတ်ပြ၍၊ စကြဝတေးမင်း၏ ရတနာခုနစ်မျိုးတို့တွင် (က) စက္ကရတနာ၊ (ခ) အဿရတနာ၊

(ဂ) ပရိဏာယကရတနာ တို့ဖြင့် စကြာဝတေးမင်းအတွက် အသီးသီး အဘယ်အကျိုးပြီးစီးသည်ကိုလည်း ဖြေဆိုပါ။

## အမ္ဗဋ္ဌသုတ်ဆိုင်ရာ လေ့ကျင့်ခန်းပုစ္ဆာပြီး၏။

******

## သောဏဒဏ္ဍသုတ်ဆိုင်ရာ အဓိပ္ပါယ်

**မေး။** ရှုဋ္ဌီသဒ္ဒေနဖြင့် ပြသော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

**ဖြေ။** ရှုဋ္ဌီသဒ္ဒေန ပါဌ်ဖြင့် အင်္ဂေသု သဒ္ဒါသည် နိဿိတဌာနီဖြစ်သော မင်းသားတို့၌ ယှဉ်အပ်သော ဗဟုဝုစ်ဝိဘတ်ကို (ဝါ) များသည်၏အဖြစ်ကို နိဿယဌာနဖြစ်သော ဇနပုဒ်၌ တင်စားထားသော ဌာနျူပစာသဒ္ဒါပင်တည်း ဟူသော အဓိပ္ပါယ်ကို ပြပါသည်။

ကေစိဆရာတို့အလိုအားဖြင့် အင်္ဂေသု ဟူသော သဒ္ဒါသည် နိဿိတဌာနီဖြစ်သော မင်းသားတို့၏ အင်္ဂဟူသော အမည်ကို နိဿယဌာနဖြစ်သော ဇနပုဒ်၌ တင်စားသော ဌာနျူပစာသဒ္ဒါပင်တည်းဟူသော အဓိပ္ပါယ်ကို ပြပါသည်။

**မှတ်ချက်။** ။''ကောသလေသု၊ မာဂဓေသု'' တို့၌လည်း နည်းတူသာတည်း။

**မေး။** သောဏဒဏ္ဍပုဏ္ဏား၏ ဥပနိဿယရှိပုံကို မြတ်စွာဘုရား အဘယ်သို့ မြင်တော်မူပါသနည်း။

**ဖြေ။** ငါသည် သောဏဒဏ္ဍပုဏ္ဏားရှိရာအရပ်သို့ ကြွသွားသည်ရှိသော် ပုဏ္ဏား၏အနီးနေတပည့်တို့သည် (၁၂)ပါးကုန်သော အခြင်းအရာတို့ဖြင့် ပုဏ္ဏား၏ဂုဏ်ကျေးဇူးကို ပြောဆို၍ ငါ၏အထံတော်သို့ မေးလာကုန်လိမ့်မည် မဟုတ်ပါ။ ပုဏ္ဏားသည်ကား

http://www.dhammadownload.com



တပည့်တို့၏ အယူဝါဒကို ပယ်ဖျက်၍ (၂၉) ပါးကုန်သော အခြင်းအရာတို့ဖြင့် ငါဘုရား၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းပြောဆို၍ ငါဘုရားအထံတော်သို့ ချဉ်းကပ်ပြီးလျှင် ပြဿနာကိုမေးလိမ့်မည်။ ပုဏ္ဏားသည် ပြဿနာကိုဖြေသည်၏အဆုံး၌ (ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတည်းဟူသော) ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်လိမ့်မည့်အကြောင်း ဥပနိဿယရှိတော်မူပုံကို ဘုရားရှင်မြင်တော်မူပါသည်။ မယိ တတ္ထ ဂတော ။ပ။ သရဏံ ဂမိဿတိ။ (ဌ၊ ၂၄၉) ကို မြန်မာပြန်ရုံသာ။

မေး။ ဣစာပိ ၌ ပိသဒ္ဒါ၏ အဓိပ္ပါယ်ကို ရှင်းလင်းဖြေဆိုခဲ့ပါ။

ဖြေ။ ဣစာပိ ၌ ပိသဒ္ဒါကား ဝုတ္တသမုစ္စည်းခေါ် သမ္ပိဏ္ဍနတ္ထဖြစ်သည်။ ယင်းပိသဒ္ဒါဖြင့် အတုရိတစာရိကာ၊ နိဗဒ္ဓစာရိကာ နှစ်မျိုးကို အမ္ဗဋ္ဌသုတ်၌သာ လိုအပ်သည် မဟုတ်သေး၊ ဤသောဏဒဏ္ဍသုတ်၌လည်း ယင်းစာရိကာနှစ်မျိုးကိုပင် လိုအပ်၏ဟု ပေါင်းဆည်းပါသည်။

မေး။ စမ္ပာမြို့အမည်ရပုံကို ဖော်ပြပါ။

ဖြေ။ မြို့တည်ထောင်ဖန်ဆင်းစဉ်အခါက စကားပင်များ အလွန်များပြားစွာရှိနေသည့် နေရာဌာနဖြစ်သောကြောင့် ယင်းနေရာ၌ တည်သည့်မြို့ကို စမ္ပာမြို့ဟူ၍ ခေါ်ပါသည်။ ဌာနီစကားပင်တို့၏ စမ္ပာဟူသောအမည်ကို ဌာနဖြစ်သော မြို့၌ တင်စား၍ ဌာနျူပစာအားဖြင့် မြို့နာမည်မှည့်ကြပါသည်။

မေး။ စကားပန်း (၅) မျိုးသရုပ်တို့ကို ဖော်ပြပါ။

ဖြေ။ စကားပန်းသည် စကားပွင့်ညို၊ စကားစိမ်း၊ စကားနီ၊ စကားဖြူ၊ စကားဝါဟု (၅) မျိုးရှိ၏။ (တစ်နည်း) အသောကပန်းညို၊ မဟာလေ့ကား၊ ပင်လယ်ကသစ်၊ သင်းခွေပန်း၊ လင်းလွန်း (၄ပန်း)။

မေး။ ''သီလဝါ'' စသော သုံးပုဒ်ကို ဆိုရခြင်းအကြောင်းကို ရေးပါ။

ဖြေ။ သီလဝါ စသော သုံးပုဒ်ကို ငါးပါးသီလမျှကိုသာ ရည်ရွယ်၍ ပြောဆိုကြပါသည်။ အကြောင်းကား ထိုပုဏ္ဏားတို့မှာ ငါးပါးသီလထက်လွန်သော သီလမရှိသောကြောင့်ရင်း၊ အခြားသီလများကို မသိသောကြောင့်ရင်းတည်း။

မေး။ တိုင်းပြည်တစ်ခု၌ ရဋ္ဌနှင့်ဇနပုဒ် ခွဲခြားပြခဲ့ပါ။

http://www.dhammadownload.com



ဖြေ။ မင်းတစ်ပါး၏ တိုင်းပြည်ဖြစ်သော ကာသိတိုင်း၊ ကောသလတိုင်းစသည်ကဲ့သို့ ဇနပုဒ်အများ စုပေါင်းထားသော ဌာနကို ''ရဋ္ဌ'' ဟု ခေါ်ပါသည်။ မင်းတစ်ပါး၏ တိုင်းပြည်၌ တစ်ခုတစ်ခုအစိတ်ဖြစ်သော ဥတ္တရပထ၊ ဒက္ခိဏာပထစသော ဇနပုဒ်ငယ် ပြည်နယ် ခရိုင်တစ်ခုကို ''ဇနပုဒ်'' ဟု ခေါ်ပါသည်။

မေး။ ရာဟုအသူရိန်၏ အရပ်အမြင့်၊ လက်ဖဝါး၊ ခြေဖဝါးစသည်တို့၏ ပမာဏကို အဋ္ဌကထာလာအတိုင်း ပြည့်စုံစွာ ထုတ်ပြပါ။

ဖြေ။

| | | | |
|---|---|---|---|
| (က) | အရပ်အမြင့် | ၄၈၀၀ | = ယူဇနာ၊ |
| (ခ) | လက်မောင်းနှစ်ခုတို့၏အကြား | ၁၂၀၀ | = ယူဇနာ၊ |
| (ဂ) | ကိုယ်လုံးအလယ်ပမာဏ | ၆၀၀ | = ယူဇနာ၊ |
| (ဃ) | လက်ဖဝါး၊ ခြေဖဝါးအပြန့်အကျယ် | ၃၀၀ | = ယူဇနာ၊ |
| (င) | လက်ဆစ် ခြေဆစ် | ၅၀ | = ယူဇနာ။ |
| (စ) | မျက်ခုံးနှစ်ဘက်တို့၏ကြား | ၅၀ | = ယူဇနာ။ |
| (ဆ) | ခံတွင်းပါးစပ် အကျယ် | ၂၀၀ | = ယူဇနာ။ |
| (ဇ) | ခံတွင်းပါးစပ် အစောက် | ၃၀၀ | = ယူဇနာ။ |
| (ဈ) | ခံတွင်းပါးစပ် အဝန်းအဝိုင်း | ၃၀၀ | = ယူဇနာ။ |
| (ည) | လည်ပင်း | ၃၀၀ | = ယူဇနာ။ |
| (ဋ) | နဖူးပြင် | ၃၀၀ | = ယူဇနာ။ |
| (ဌ) | ဦးခေါင်း | ၉၀၀ | = ယူဇနာ။ |

## သောဏဒဏ္ဍောဥဂ္ဂတပြဟ္မဏော

## (သောဏဒဏ္ဍပုဏ္ဏားဌ် ထင်ရှားသော သမ္ပတ္တိများ)

၁။ မြတ်သောအမျိုး၌ မွေးဖွားခြင်းဟူသော အဘိဇနသမ္ပတ္တိ။

၂။ စည်းစိမ်ဥစ္စာ၏ ပြည့်စုံခြင်းဟူသော ဝိတ္တသမ္ပတ္တိ။

၃။ ဝေဒကျမ်း တတ်ခြင်း၏ ပြည့်စုံခြင်းဟူသော ဝိဇ္ဇာသမ္ပတ္တိ။

## ဒုဿီလပုဂ္ဂိုလ်၌ ပညာမရှိခြင်းအကြောင်း

ကောင်းစွာ အာရုံ၌ ထားအပ်သော သမာဓိ မရှိသောကြောင့်။

http://www.dhammadownload.com



## ထိုင်းမှိုင်းသူအား သီလ မရှိခြင်းအကြောင်း

သီလအထူးထူး အပြားပြားကိုလည်းကောင်း၊ သီလ စင်ကြယ်ခြင်း၏ နည်းလမ်း ဥပါယ်ကိုလည်း မသိခြင်းကြောင့်။

## သေဋ္ဌန–ကို သုဝဏ္ဏဝဏ္ဏောနပဟု ဖွင့်ဆိုရခြင်းအကြောင်း

အဆင်းအားလုံးတို့တွင် ရွှေအဆင်းသည်သာ အသာဆုံး အမြတ်ဆုံး ဖြစ်၏။ ဘုရားရှင်နှင့် စကြာဝတေးမင်းတို့သည် ရွှေအဆင်းရှိကြ၏။ ထို့ကြောင့် ဖွင့်ဆိုရသည်။

## သောဏဒဏ္ဍပုဏ္ဏား၏ ခန္ဓာကိုယ်ဝယ် မသေးငယ် ကြီးကျယ်ထယ်ဝါသော ကြည့်ရှုစရာအရပ် ရှိ၏ဟု ဆိုထားခြင်းအကြောင်း

သောဏဒဏ္ဍပုဏ္ဏားသည် အရပ်အမောင်း လုံးရပ်သဏ္ဌာန်နှင့် ပြည့်စုံခြင်းကြောင့်၎င်း၊ အစိတ်စိတ်သော ကိုယ်အင်္ဂါကြီးငယ်၏ ပြည့်ဖြိုးခြင်းကြောင်၎င်း ဆိုထားသည်။

မေး။ ပါဠိတော်၌ ဥဘတောဟုသာဆိုလျှင် လိုအပ်သောအနက် ပြီးပြည့်စုံနေသည် ဖြစ်ပါလျက် မာတိတော စ ပိတိတော စ ပုဒ်တို့ကို ထည့်သွင်း ပြောဆိုကြခြင်း အကြောင်းကို ကျနစွာ ဖြေဆိုပါ။

ဖြေ။ ဥဘတော သုဇာတောဟုသာ ဆိုလျှင် မည်သည့်နှစ်ဘို့မှန်း မသိနိုင်၊ သုဇာတသဒ္ဒါကလည်း ''သုဇာတော စာရုဒဿနော'' စသော ပါဠိရပ်တို့၌ အရပ်အမောင်း၏ ကောင်းခြင်းကို၎င်း၊ ထို့ကြောင့် မိဘက်၊ ဖဘက် နှစ်ယောက်ကို ဥဘတောဟု သိစေလိုသောကြောင့်၎င်း၊ အမျိုးဇာတ်အားဖြင့် သုဇာတဖြစ်ကြောင်းကို ထင်ရှားစေလိုသောကြောင့်၎င်း မာတိတော စ ပိတိတော စ ဟု ထည့်၍ ပြောဆိုကြသည်။ (ဋီ၊ သစ်၊ ၂/၂၈၃)။

မေး။ မာတိတော စ ပိတိတော စ သုဇာတော–မိဘနှစ်ဘက်လုံးမှ ကောင်းမြတ်သော အမျိုးဇာတ်ရှိသူဟူသော ရှေးစကားနှင့်၊ ယာဝသတ္တမာ ပိဟာမဟယုဂါ သံသုဒ္ဓဂဟဏိကော–အဘိုးမျိုး ခုနစ်ဆက်တိုင်အောင် အဖဘက်မှ စင်ကြယ်သေ အမိဝမ်းရှိသူဟူသော နောက်စကားတို့၏ ရှေ့+နောက် မညီညွတ်ဖြစ်နေမှုကို ညီညွတ်အောင် အဋ္ဌကထာအလိုကျ ဖြေဆိုပါ။

http://www.dhammadownload.com



## ကုဟကတာယပါဠိဖြင့် ပြအပ်သော အဓိပ္ပါယ်

ကုဟကတာယ ဖြင့် သောဏဒဏ္ဍပဏ္ဍားတ၏ ပယောဂသမတ္ထမရှိခြင်း၊ ချို့ယွင်းခြင်းကို ပြပါသည်။

**မေး။** ပဌမော ဝါ ဒုတိယော ဝါဟု ဆိုခြင်း၌ (က) ရှေးဝါဒနှင့် (ခ) ပေါရာဏဝါဒတို့၏ ထူးခြားပုံကို ရေးပါ။

**ဖြေ။** (က) ရှေးဝါဒ၌ ယဇ်ကို ပေးသော ပုဂ္ဂိုလ်၏ အစွမ်းဖြင့် ဆိုသည်။

(ခ) ပေါရာဏဝါဒ၌ ယဇ်ကို ခံယူသော ပုဂ္ဂိုလ်၏အစွမ်းဖြင့် ပဌမော ဝါ ဒုတိယော ဝါ ဟု ဆိုသည်။

**မေး။** သမဏော ခလုဘော ဂေါတမော သဃီ ဂဏီ ဂဏာစရိယော–၌ သဃီ၊ ဂဏီ တို့၏ အထူးကို ဖော်ပြပါ။

**ဖြေ။** ဆုံးမအပ်သော ဝေနေယျသတ္တဝါအပေါင်း ရှိသောကြောင့်၎င်း၊ မိမိ ကိုယ်တိုင် ဖြစ်စေအပ်သော အရိယာပုဂ္ဂိုလ်အပေါင်း ရှိသောကြောင့်၎င်း မြတ်စွာဘုရားသည် သဃီ မည်၏။

မိမိကိုယ်တိုင် ဖြစ်စေအပ်သော (သယံဥပ္ပါဒိတကဲ့သို့ ရှုအပ်သော သဘောရှိသော) အရိယာပုဂ္ဂိုလ်အပေါင်းဟူသော ဂိုဏ်းရှိသောကြောင့် မြတ်စွာဘုရားသည် ဂဏီ မည်ပါသည်။ ဤသို့ ထူးသည်။ (သီ၊ ဋ္ဌ၊ ၂၅၆။ ဋီ၊ သစ်၊ ၂၉၃။)

**မေး။** ပံသုပိသာစကာဒယော–၌ အာဒိဖြင့် ယူရမည့် ဂဟေတဗ္ဗတ္ထ–ကို ဖော်ပြ၍ ယတ္ထ ကိရ ဘဂဝါ ပဋိဝသတိ–၌ ကိရသဒ္ဒါဖြင့် ပြဆိုအပ်သော ဒဿနတ္ထကိုလည်း ဖြေဆိုပါ။

**ဖြေ။** အာဒိဖြင့် ဘူတ (ဘုတ် ပြိတ္တာ တစ္ဆေ) ရက္ခသ (ရက္ခိုသ်ဘီးလူး) စသည်တို့ကို ယူရသည်။ ကိရသဒ္ဒါဖြင့် မနှစ်သက်ခြင်း အရုစိအနက်ကို ဟောသည်။ ထိုသဒ္ဒါဖြင့် မြတ်စွာဘုရား သီတင်းသုံးနေတော်မူရာ အရပ်၌ နတ်တို့၏ အာနုဘော်ကြောင့် လူတို့အား ဘေးရန်မရှိသည် မဟုတ်၊ စင်စစ်သော်ကား မြတ်စွာဘုရား၏ အာနုဘော် ကြောင့် လူတို့အား ဘေးရန်မရှိခြင်းဟူသော အဓိပ္ပါယ်ကို ပြသည်။

**သောဏဒဏ္ဍသုတ်ဆိုင်ရာအဓိပ္ပာယ်ပြီး၏။**

*****

http://www.dhammadownload.com



## ကုဋ္ဌဒန္တသုတ်ဆိုင်ရာအမိပ္ပါယ်

**မေး။** မြတ်စွာဘုရားလောင်း ဖွားတော်မူသောအခါ ပေါ်ပေါက်လာသော ရွှေအိုးလေးလုံးတို့၏ အမည်၊ ပမာဏ၊ သတ္တိထူးကို ဖော်ပြပါ။

**ဖြေ။** (၁) သင်္ခမည်သော ရွှေအိုး တစ်ဂါဝုတ် ရှိသည်။

(၂) ဧလမည်သော ရွှေအိုး ယူဇနာဝက် ရှိသည်။

(၃) ဥပ္ပလမည်သော ရွှေအိုး သုံးဂါဝုတ် ရှိသည်။

(၄) ပုဏ္ဍရီကမည်သော ရွှေအိုး တစ်ယူဇနာ ရှိသည်။

### ရွှေအိုးတို့၏ သတ္တိထူး

ထိုရွှေအိုးတို့၌ ယူတိုင်းယူတိုင်းသော အရပ်သည် ဥစ္စာဖြင့် ပကတိအတိုင်း ပြန်ပြည့်သည်။ (သီ၊ ဋ္ဌ၊ ၂၅၃)

**မေး။** သဗ္ဗာပုရိမပစ္ဆိမကထာ–၌ အဘယ်စကားသည် ပုရိမကထာ၊ အဘယ်စကားသည် ပစ္ဆိမကထာမည်ပါသနည်း၊ ကျနစွာ ဖြေဆိုပါ။

**ဖြေ။** အစမှ စ၍ သောဏဒဏ္ဍပုဏ္ဏား၏ အဖြေဆုံးသည့်တိုင်အောင်သော စကားသည် ပုရိမကထာ မည်၏။ မြတ်စွာဘုရား၏ သီလ, ပညာကို ဖြေဆိုသော စကားသည် ပစ္ဆိမကထာ မည်၏။ (သီ၊ ဋီ၊ သစ်)

**မေး။** ပဉ္စသီလကို အပေါင်းခံယူနည်း၊ အစိတ်ခံယူနည်းတို့ကို ဖော်ပြ၍ အပေါင်းခံယူခြင်းနှင့် အစိတ်ခံယူခြင်းတို့၏ ထူးခြားပုံကိုလည်း ရေးခဲ့ပါ။

**ဖြေ။** အပေါင်းခံယူနည်းကား ပဉ္စင်္ဂသမန္နာဂတံ သီလံ သမာဒိယာမိဟု ဆို၍ သီလ ယူခြင်းတည်း။

အစိတ်ခံယူနည်းကား– ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ (ပ) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိဟု ယခုခေတ် ခံယူကြခြင်းသည် အစိတ်ခံယူနည်းတည်း။

ထူးခြားပုံကား ငါးပါးသော သိက္ခာပုဒ်တို့ ဆိုခဲ့ပြီးသောနည်းအတိုင်း အပေါင်းခံယူသော ပုဂ္ဂိုလ်အား တစ်ပါးပါးပျက်လျှင် အလုံးစုံသော သိက္ခာပုဒ်တို့ ပျက်ပါသည်။ အစိတ်ခံယူသော ပုဂ္ဂိုလ်အား လွန်ကျူးသော သိက္ခာပုဒ်သာ ပျက်ပါသည်။

http://www.dhammadownload.com



**မှတ်ချက်။** အပေါင်းခံယူသော် တစ်ပါးပျက်လျှင် အလုံးစုံပျက်၏ဟု ဆိုရာ၌ ပဋိဂ်ကိ မဖြစ်သောကြောင့် ပျက်သည်ဟု ဆိုသည်။ သို့သော် တစ်ပါးလွန်ကျူးလျှင် တစ်ပါးအတွက်သာ ကမ္မပထ ဖြစ်၏။ ဤအပေါင်း အစိတ်ခံနည်းကား လူတို့အတွက်သာ ရည်ရွယ်သည်။ သာမဏေတို့အတွက်ကား အပေါင်းပင်ဖြစ်စေ၊ အစိတ်ပင်ဖြစ်စေ တစ်ပါးပျက်က အလုံးစုံပင် ပျက်သည်။

**မေး။** ငါးပါးသီလကို ဒါနဟု ဆိုသင့် မဆိုသင့် အကြောင်းနှင့်တကွဆုံးဖြတ်ပါ။ (စိုး၊ ၄၇–ခု)

**မေး။** ''ငါးပါးသီလဆိုတာ ဒါနတစ်မျိုးပါပဲ'' ဟု တစ်စုံ တစ်ယောက်က တင်ပြပြောဆိုလာခဲ့သော် ထိုအဆိုကို အသင် ထောက်ခံမည်လော၊ ကန့်ကွက်မည်လော အကြောင်းပြလျက် ဖြေဆိုခဲ့ပါ။ (စိုး၊ ၅၆–ခု)

**ဖြေ။** ဒါနဟု ဆိုသင့်သည်။ အကြောင်းကား သီလ၏ ဘေးမရှိခြင်းကို ပေးတတ်သောကြောင့်လည်းကောင်း၊ အကြွင်းမရှိသော သတ္တဝါအပေါင်းကို စောင့်ရှောက်တတ်သောကြောင့်လည်းကောင်းတည်း။ (သီ၊ ဋီ၊ ၃၃၄။ သီ၊ ဋီ၊ သစ်၊ ၂/၃၂)

ပုဗ္ဗဘာဂီ ပါဠ်ဖြင့် ဓမ္မာနုဂ္ဂဟကို ခွင့်ပြုခြင်းဖြင့် ယိတဗ္ဗာသယ ရှိသည်၏ အဖြစ်ကို ပြပါသည်။

သဗ္ဗေပိ ပုဗ္ဗပုရိသာ ယာဝ သတ္တမာ ပုရိသော (အဋ္ဌကထာ) ယာဝ သတ္တမာ ပိတာ မဟယုဂါ (ပါဠိတော်) ပုဒ်တို့၌ ပုရိသသဒ္ဒါ ပိတ မဟာသဒ္ဒါတို့ကို ဥက္ကဋ္ဌနိဒ္ဒေသအားဖြင့် ဆိုထားခြင်း ဖြစ်သည်။ ဥက္ကဋ္ဌပဓာနဖြစ်သော ယောကျ်ားကို ဆိုသဖြင့် အပဓာနဖြစ်သော မိန်းမကိုလည်း (ကေဒေသူ၊ ဥပလက္ခဏာ၊ နိဒဿန၊ ပဓာနနည်း၊ ဥက္ကဋ္ဌနည်းဖြင့်) ယူပြီးဖြစ်ရကား မာတိတော စ ပိတော စ သုဇာတော ဟူသော ရှေးစကားနှင့် ယာဝ သတ္တမာ ပိတာမဟယုဂါ ဟူသော နောက်စကားတို့ မဆန့်ကျင်ပါ။ အချင်းချင်း ညီညွတ်နေကြပါသည်။

သံသုဒ္ဓဂဟဏီ–၌ သံသုဒ္ဓဟူသည် အခြားယောကျ်ားတို့ သွားလာမှု မရှိခြင်းပင်တည်း။

ယင်းပါဠ်ဖြင့် မာတိတော စ ပိတော အရ မွေးစားသော မိဘမဟုတ်၊ အမိရင်း အဘရင်း ဖြစ်ကြောင်းကို ပြသည်။

http://www.dhammadownload.com



## ကိစ္စနှင့် ကရဏီယအထူး

အကြောင်းမညီညွတ်သော် မပြုခြင်းငှာလည်းသင့်သော အမှုမျိုးသည် ကိစ္စ မည်၏။ မချွတ် ပြုအပ် ပြုသင့် ပြုထိုက်သော အမှုမျိုးသည် ကရဏီယ မည်၏။

မေး။ သော ဘောတော ရညောတိ ဣဒံ ကရဏာတ္တေ သာမိဝစနံ။ (ဋ္ဌ၊ ၂၆၇) လာ ကရဏာတ္တေ သာမိဝစနံ–၌ ကရဏာတ္တေ–အရကို အကြောင်းပြ ဖြေ၍ ကရဏာတ္တေဟု ဆိုရခြင်းအကြောင်းကိုလည်း ရှင်းပြပါ။

ဖြေ။ သော ဘောတော ရညော ဟူသော သဒ္ဒါသည် ဝိပ္ပဋိသာရော န ကရဏီယော–၌ ကရဏီယသဒ္ဒါကို ငဲ့နေသောကြောင့် ကရဏာတ္တ–အရ အဝုတ္တကတ္တား အနက်ကို သာ ယူရမည်။ ကရိဏ်းအနက်ကို မယူရ။ တတိယာဝိဘတ်များသည် များသော အားဖြင့် ကရိဏ်းအနက်ကို ဟောရိုးထုံးစံ ရှိ၍ ယေဘုယျနည်းအားဖြင့် ကရဏာတ္တေ ဟု ဆိုထားခြင်း ဖြစ်သည်။ (ဋ္ဌိ၊ သစ်၊ ဒု၊ ၃၁၀)

မေး။ ပဥ္စသီလထက် သရဏာဂမနက အဘယ့်ကြောင့် မဟာနိသံသ မဟပ္ဖလ ဖြစ်သည်ကို ဝိနိစ္ဆယ ချခဲ့ပါ။

ဖြေ။ ပဥ္စသီလသည် ဘုရားရှင်တို့ ပွင့်တော်မူရာအခါမှ တစ်ပါးသောအခါ၌လည်း ထိုပဥ္စ သီလကို ပညာရှိတို့ ဆောက်တည်ကြ၏။ ကေန်အားဖြင့် အရဟတ္တဖိုလ်၏ အကြောင်းလည်း မဖြစ်၊ သရဏဂုံကား ဘုရားရှင်တို့ ပွင့်တော်မူရာအခါ၌သာ ရှိ၏။ ဘုရားရှင်တို့ ပွင့်တော်မူခြင်းလျှင် အကြောင်းရင်း ရှိသည်။ ကေန်အားဖြင့် အရဟတ္တဖိုလ်ဝိမုတ္တိ၏ အကြောင်းလည်း ဖြစ်သည်။ ထို့ကြောင့် ပဥ္စသီလထက် အရဏဂုံက မဟာနိသံသ မဟပ္ဖလ ဖြစ်သည်။ (ဋ္ဌိ၊ သစ်၊ ၃၂၅)

### ကူဋဒန္တသုတ်ဆိုင်ရာအဓိပ္ပါယ်ပြီး၏။

*******

## မဟာလိသုတ်ဆိုင်ရာအဓိပ္ပါယ်

မေး။ သုနက္ခတ္တရဟန်း ဒိဗ္ဗသောတဉာဏ် မရခြင်းအကြောင်းကို ရေးပါ။

ဖြေ။ သုနက္ခတ္တရဟန်းသည် ရှေးအတိတ်ဘဝတုန်းက သီလဝန္တရဟန်းတစ်ပါးကို နားရွက်၌ ပုတ်ခတ်၍ နားပင်းအောင် ပြုလုပ်ခဲ့ဖူးသောကြောင့် ဤဘဝ၌ ပရိကမ်ကို ပြုသော်လည်း ဒိဗ္ဗသောတအဘိညာဉ်ကို မရထိုက်ပါ။

http://www.dhammadownload.com



**သာဓက**။ အယဥ္စ အတီတေ ကေ သီလဝန္တံ့ ဘိက္ခုံ ကဏ္ဍာသ္ကက္ခလိယံ ပဟာရိတွာ ဗဓိရမကာသိ၊ တသ္မာ ပရိကမ္မံ ကရောန္တောပိ အဘာဗ္ဗော ဒိဗ္ဗသောတာဓိဂမာယ။

**မေး**။ သောတာပန္နော ဟောတီတိ မဂ္ဂသောတံ အာပန္နော။ (၄–၂၇၉) ၌ မဂ္ဂသဒ္ဒါ ထည့်၍ ဝိသေသနပြုရခြင်းအကြောင်းကို ရေး၍ သောတအမည်ရခြင်းအကြောင်း ကိုလည်း ဖြေဆိုခဲ့ပါ။

**ဖြေ**။ ဤ၌ သောတသဒ္ဒါသည် နားဟူသောအနက်ကို မဟော၊ မဂ်ဟူသော အနက်ကို ဟော၏ဟု သိစေလို၍ မဂ္ဂသောတံဟု မဂ္ဂသဒ္ဒါထည့်၍ ဝိသေသနပြုသည်။ မှန်၏။ မဂ်တရားသည် ဆန့်ကျင်ဖက် ကိလေသာတို့ကို ပယ်တတ်သောကြောင့် "ပဋိပက္ခ ဓမ္မေ သဝတိ ပေလတိ–ပယ်တတ်၏ ဣတိ သောတော" ဟူသော ဝစနတ္ထနှင့်အညီ သောတ အမည်ရနိုင်၏။

## သမ္ဗောဓိပရာယဏော

သမ္ဗုဇ္ဈိဿတီတိ သမ္ဗောဓိ–ဆက်၍ သီလတ္တံ့သော မဂ်သုံးပါး၊ (တစ်နည်း) သမ္ဗုဇ္ဈတီတိ သမ္ဗောဓိ ဟု ပြု၍ မဂ်လေးပါးလုံးရနိုင်သော်လည်း သောတာပတ္တိမဂ်ကို ရပြီးဖြစ်သောကြောင့် ပါရိသေသနည်းအားဖြင့် အထက်မဂ်သုံးပါးကိုသာ ယူရသည်။

**မေး**။ ဩဠဒ္ဓ ဟု နာမည်တွင်ပုံကို ရေးခဲ့ပါ။

**ဖြေ**။ ထိုလိစ္ဆဝီမင်း၏ အထက်နှုတ်ခမ်းသည် အဖျားဘက်က အလျားလိုက်ဖြတ်ထား အပ်သကဲ့သို့ ဖြစ်ရကား တစ်ဝက်သာရှိ၏။ အထက်အလယ်သွားလေးချောင်းနှင့် ဘေးအစွယ်နှစ်ချောင်းတို့ကို အထက်နှုတ်ခမ်းဖြင့် မဖုံးနိုင်၊ ထိုသို့ အထက်နှုတ်ခမ်း အတွက် တစ်ဝက်သာရှိသောကြောင့် အဍ္ဎော်ဌဟု ဆိုလျက် အဍ္ဎဟူသော ဝိသေသန ကို နောက်ချ၍ ဩဠဒ္ဓဟု နာမည်တွင်သည်။ အဍ္ဎော် ဩဋ္ဌော ယဿာတိ ဩဋ္ဌဒ္ဓေါ ဟု ဝစနတ္ထပြု။

## မဟာလိသုတ်ဆိုင်ရာ အခိပ္ပါယ်ပြီး၏

*:*:*:*:*:*:*

http://www.dhammadownload.com



## ဇာလိယသုတ်ဆိုင်ရာအဓိပ္ပါယ်

မေး။ ယောသကသူဌေး၏ အသံကောင်းကြောင်းကောင်းမှုများကို ဖော်ပြပါ။

ဖြေ။ ရှေးဘဝက ဆွမ်းစားချိန်၌ ခွေးသံပြုခြင်း၊ ပစ္စေကဗုဒ္ဓါအား ဘေးမရှိအောင် အခြားတောတောင်တို့ကို ဟိန်းခြင်းသည် ကောင်းမှုတစ်မျိုးတည်း။ ထိုကောင်းမှုကြောင့် အသံကျယ်သော ယောသကနတ်သား, ယောသကသူဌေး ဖြစ်ရပေသည်။

မေး။ ယောသကသူဌေး၏ စကားသံကျယ်ပြန့်ပုံကို ရေးသားခဲ့ပါ။

ဖြေ။ ယောသကနတ်သား၏ စကားသံသည် နားရင်းကပ်ပြောလျှင် (၁၆) ယူဇနာ ပြန့်နှံ့၏။ ပကတိစကားပြောသံကား ယူဇနာတစ်သောင်းရှိသော နတ်ပြည်တစ်ခုလုံး ပြန့်နှံ့၏။

ဇာလိယသုတ်ဆိုင်ရာ အဓိပ္ပာယ်ပြီး၏။

******

## မဟာသီဟနာဒသုတ်ဆိုင်ရာအဓိပ္ပါယ်

### သာဝဇ္ဇာတိ သဒေါသာ (၅-၂၉၀)

သ+အဝဇ္ဇဟုခွဲ၊ ဝဇ္ဇသဒ္ဒါသည် အပြစ်အနက်ကို ဟောသကဲ့သို့ တဗ္ဘော အနက်၌ ဖြစ်သော အသဒ္ဒါနှင့်တကွ အဝဇ္ဇသဒ္ဒါသည်လည်း အပြစ်ကို ဟော၏။ သဟ အဝဇ္ဇေနယေ ဝတ္တန္တီတိ သာဝဇ္ဇာဟု ဝိဂ္ဂဟပြုသောအခါ အပြစ်နှင့်တကွ ဖြစ်သော အကုသိုလ်ကို ရ၏။

### ပဥ္စဝိဓံ သီလံ

ငါးပါးသီလသည် မျက်မှောက်ဘဝ၌ဖြစ်သော စီးပွား၊ တမလွန်ဘဝ၌ ဖြစ်သော စီးပွားကို ပြီးစေနိုင်သောကြောင့် အလေးဂရုပြုထိုက်သော ဂရုဓမ္မသီလ ဖြစ်ရကား မည်သူကမျှ မကောင်းဟု မပြော။

### ပဥ္စဝိဓံ ဝေရံ

ပါဏာတိပါတစသော မကောင်းမှုငါးမျိုးသည် ငါးပါးသီလ၏ ဆန့်ကျင်ဖက် ရန်သူသဖွယ်ဖြစ်သောကြောင့်၎င်း၊ လောက၌ သတ္တဝါတို့မှာ ဘေးရန်ဖြစ်သော

http://www.dhammadownload.com



ကြောင့်၎င်း၊ ဝေရ (ရန်) မည်၏။ ထို့ကြောင့်ပင် ထိုဝေရ (၅)မျိုးကို မည်သူကမျှ အကောင်းဟု မပြောချေ။

မေး။ ကေစိဆရာတို့က ထုသောဒက ဟူသည် လောဏသောဝီရကဆေးရည်ပင် တည်းဟု ဖွင့်ဆိုကြရာ ထိုကေစိဆရာတို့စကား သင့်/မသင့် ဝိနိစ္ဆယချခဲ့ပါ။

ဖြေ။ ကေစိဆရာတို့က ''ထုသောဒက ဟူသည် လောဏသောဝီရက ဆေးရည်ပင် တည်း''ဟု ဖွင့်ဆိုကြသော်လည်း ထိုကေစိဆရာတို့ဆိုသော စကားသည် မသင့်ပါ။

အကြောင်းကား သဗ္ဗသသမ္ဘာရေဟိ ကတံ (အလုံးစုံ ကောက်အဆောက်အဦး တို့ဖြင့် ပြုအပ်၏။) ဟု အဋ္ဌကထာ၌ ဆိုအပ်သည်၏အဖြစ်ကြောင့်တည်း။ မှန်၏၊ လောဏသောဝီရက ဆေးရည်ကို အလုံးစုံသော ငါး၊ အမဲ၊ အပွင့်၊ အသီး အစရှိ ကုန်သော အဆောက်အဦတို့ဖြင့် ပြုအပ်၏။

သုရာပါနမေဝ-၌ သုရာအရ မူးယစ်စေခြင်းလက္ခဏာအားဖြင့် တူသော လက္ခဏာဟာရအားဖြင့်၎င်း၊ ကေသေသနည်းဖြင့်၎င်း မေရယကိုလည်း ယူရမည်။

မေး။ မဟာသီဟနာဒ၏ ''အနုတ္တရ'' ဖြစ်ရခြင်းအကြောင်းကို ဖြေဆိုခဲ့ပါ။

ဖြေ။ အခြားသော ပုဂ္ဂိုလ်များနှင့် မဆက်ဆံသောကြောင့်၎င်း၊ အနည်းသာစာရဏ အနက်ဟူသော အရာရှိသောကြောင့် (အနည်းသာစာရဏ အနက်ကို အကြောင်းပြု၍ မိန့်မြွက်တော်မူအပ်သောကြောင့်) ၎င်း မဟာသီဟနာဒသည် ''အနုတ္တရ'' ဖြစ်ရ ပါသည်။

မေး။ ကုလပုတ္တာတိ အာစာရကုလပုတ္တာ၊ (၄-၂၉၉) ယသတ္ထာယ ကုလပုတ္တာ-၌ ကုလပုတ္တအရကို ဖော်ပြပါ။

ဖြေ။ ကုလပုတ္တအရ သမ္ဘဒေဝ ဟူသော သဒ္ဒန္တရိက်ကြောင့် အာစာရကုလပုတ္တကို ယူရမည်။

မေး။ အာစာရကုလပုတ္တာ ဟု ဖွင့်ရခြင်းအကြောင်းကို ရေးခဲ့ပါ။

ဖြေ။ အမျိုးကောင်းသော ဇာတိကုလပုတ္တပင်ဖြစ်သော်လည်း အကျင့်မကောင်းလျှင် အရဟတ္တဖိုလ်တရားထူး မရနိုင်သောကြောင့် အမျိုးကောင်းသည်ဖြစ်စေ၊ မကောင်း သည်ဖြစ်စေ အကျင့်ကောင်းသည်သာ ပဓာနဖြစ်ရကား ''အာစာရကုလပုတ္တာ''ဟု ဖွင့်သည်။ (အကျင့်နှင့်ပြည့်စုံသော ဇာတိကုလပုတ္တတို့လည်း ပါဝင်သည်ဟုမှတ်ပါ)

http://www.dhammadownload.com



**မေး။** မဟာသီဟနာဒသုတ်၌ သီဟနာဒပေါင်း မည်မျှပါဝင်သည်ကို သချ်ာမျှ ဖော်ပြ၍ မဇ္ဈိမနိကာယ်ပါ မဟာသီဟနာဒသုတ်နှင့် ဒီဃနိကာယ်လာ ဤမဟာသီဟနာဒ သုတ်တို့ အမည်ရပုံ ထူးခြားဟန်ကိုလည်း ဖြေဆိုပါ။

**ဖြေ။** မဟာသီဟနာဒသုတ်၌ သီဟနာဒပေါင်း တစ်ရာ့တစ်ဆယ် ပါဝင်သည်။ (၄-၂၉၇)။ မဇ္ဈိမနိကာယ်၌ သီဟနာဒသုတ်ကား စူဠသီဟနာဒသုတ်ကို ထောက်၍ ''မဟာသီဟ နာဒ''ဟု ခေါ်ပါသည်။ ဤသုတ်ကို သီဟနာဒ အရေအတွက်များသောကြောင့် ''မဟာသီဟနာဒသုတ်''ဟု ခေါ်ပါသည်။

**မေး။** ဤသုတ်ကို အဘယ့်ကြောင့် ''မဟာသီဟနာဒ''သုတ်ဟု ခေါ်ပါသနည်း။ မဇ္ဈိမ နိကာယ်လာ မဟာသီဟနာဒသုတ်နှင့် အဘယ်သို့ ခြားနားပါသနည်း။ ဤသုတ်၌ သီဟနာဒပေါင်း အဘယ်မျှပါဝင်သနည်း။ အပေါင်းသချ်ာမျှကိုသာ ဖော်ပြပါ။

**ဖြေ။** မြတ်သောကျူးရင့်ခြင်း သေဋ္ဌနာဒ, ခြင်္သေ့မင်း၏ ဟုန်းရင့်ခြင်းကဲ့သို့သော ကြုံးရင့် ခြင်း သီဟနာဒ, များသည်၏အဖြစ်ကြောင့် ဤသုတ်ကို မဟာသီဟနာဒသုတ်ဟု ခေါ်ပါသည်။

မဇ္ဈိမနိကာယ်၌ မဟာသီဟနာဒသုတ်ကား စူဠသီဟနာဒသုတ်ကို ထောက်၍ မဟာသီဟနာဒဟု ခေါ်ပါသည်။ ဤသုတ်ကား သီဟနာဒအရေအတွက် များသော ကြောင့် မဟာသီဟနာဒသုတ်ဟု ခေါ်ပါသည်။ ဤသို့ခြားနားကြ၏။ ဤသုတ်၌ သီဟနာဒ (၁၁၀) ပါဝင်သည်။

**မေး။** ဂါမပ္ပဝေသနာဒီနိ အဋ္ဌဝတ္ထာနိ-၌ အဋ္ဌတ္တာသရုပ်ကို ပြည့်စုံစွာဖော်ပြပါ။

**ဖြေ။**
(၁) အလွန်စောသောအခါ၌ ရွာသို့ မဝင်ခြင်း၊
(၂) အပျိုကြီးဂေဟာ၊ ပြည့်တန်ဆာ၊ လင်ကွာမုဆိုးမ၊ ဘိက္ခုနီ၊ ပဏ္ဍက၊ ဟူသော အဂေါစရဋ္ဌာနတို့၌ မကျက်စားရခြင်း၊
(၃) သီတင်းသုံးဖော်တို့၏ ပြုဖွယ်ကိစ္စများ၌ ကျွမ်းကျင်နားလည်ကာ မပျင်းမရိ လုပ်ရခြင်း၊
(၄) ဥဒ္ဒေသ ပရိပုစ္ဆာ စသည်တို့၌ ထက်သန်သော ဆန္ဒရှိရခြင်း၊
(၅) တိတ္ထိတို့၏ အပြစ်ကို ပြောရာ၌ နှစ်သက်ခြင်း၊
(၆) ရတနာသုံးပါး၏ အပြစ်ကိုပြောရာ၌ မနှစ်သက်ခြင်း၊

http://www.dhammadownload.com



(၇) တိတ္ထိတို့၏ဂုဏ်ကို ပြောရာ၌ မနှစ်သက်ခြင်း။
(၈) ရတနာသုံးပါးတို့၏ဂုဏ်ကို ပြောရာ၌ နှစ်သက်ခြင်းတို့ဖြစ်ပါသည်။

**မဟာသီဟနာဒသုတ်ဆိုင်ရာအဓိပ္ပါယ်ပြီး၏**

*******

## ပေါဋ္ဌပါဒသုတ်ဆိုင်ရာအဓိပ္ပာယ်

**မေး။** ဤသုတ်လာ ယန္နူနသဒ္ဒါနှင့် တစ်ပါးသော သုတ်တို့၌ လာသော ယန္နူနသဒ္ဒါတို့၏ အနက်ထူးခြားပုံကို ရေးခဲ့ပါ။

**ဖြေ။** ဤအဋ္ဌကထာအလို ယန္နူနသဒ္ဒါသည် တစ်ပါးသောသုတ်များ၌ သံသယတ္ထဇောတက နိပါတ်တည်း။ ဤသုတ်၌ကား သံသယပတိရူပကတ္ထနိပါတ်သာတည်း။

ဋီကာများ၌ကား ပရိကပ္ပနေဝါယ် နိပါတော ဟု ဆို၏။ ပရိကပ္ပတ္ထဇောတက နိပါတ်ပုဒ်ဟူလို။ (ပခုက္ကူ၊ ၅၆၂)

**မေး။** သံသယော နာမ နတ္ထိ ဟု ဆိုရခြင်းအကြောင်းကို ရေးခဲ့ပါ။

**ဖြေ။** ယန္နူနသဒ္ဒါသည် သံသယကို ပြသော နိပါတ်ဟု ဆိုရိုးရှိသော်လည်း ဘုရားရှင်မှာ ဗောဓိပင်ရင်း၌ပင် ထိုဝိစိကိစ္ဆာဟူသော သံသယကို ပယ်ပြီးဖြစ်သောကြောင့် ''သံသယော နာမ နတ္ထိ''ဟု ဆိုပါသည်။

ပရိဝိတက္ကပုဗ္ဗဘာဂ အနက်သာ ရနိုင်၏။ (တစ်နည်း) ပရိကပ္ပအနက်ဟော နိပါတ်ပုဒ်ဟု အဋ္ဌကထာနည်းမှ တစ်နည်း ဋီကာကြံသေး၏။

**မေး။** စိရဿံ ခေါ ဘန္တေ ဟူသောစကားကို ဘုရားရှင်ရှေးက ကြွတော်မူဖူး၍ လျှောက်ထားခြင်းဖြစ်ပါသလော။

**ဖြေ။** စိရဿံ ခေါ ဘန္တေ ဟူသော စကားကို ဘုရားရှင်သည် ပရိဗိုဇ်တို့နေရာသို့ ကြွတော်မမူဖူး၊ မကြွဖူးသော်လည်း လူတို့၏ အဘယ်အရပ်သို့ သွားကုန်အံ့နည်း။ အဘယ်အရပ်မှ လာကုန်သနည်း။ လမ်းခရီးမှားကုန်၏။ ဤသို့ အစရှိသော ချစ်ဖွယ်စကားကို ဆိုသောအားဖြင့် လျှောက်ထားခြင်းဖြစ်ပါသည်။

**မေး။** ဘုရားရှင်၏ ကထာသည် အဘယ်ကြောင့် နှစ်ပါးပြားရသနည်း။

http://www.dhammadownload.com



ဖြေ။ ဝေနေယျတို့က သမ္မုတိကထာဖြင့် စ၍ ဟောအပ်မှ သိနိုင်မည့်ပုဂ္ဂိုလ်၊ ပရမတ္ထကထာဖြင့် စ၍ ဟောအပ်မှ သိနိုင်မည့်ပုဂ္ဂိုလ်ဟု ပုဂ္ဂိုလ်နှစ်မျိုးပြားသောကြောင့် ဘုရားရှင်တို့၏ ကထာလည်း နှစ်မျိုးပြားရပါသည်။

မေး။ ဥစ္စာကုလီနတာ ပါဠ်ဖြင့် ပြသော ဒသနတ္ထအဓိပ္ပါယ်ကို ဖြေဆိုပါ။

ဖြေ။ ဥစ္စာကုလီနတာယ ပါဠ်ဖြင့် သာသနာ၌ မကြည်ညိုကုန်သော သူတို့သည် အမျိုးကို ရိုသေလေးစားသောအားဖြင့် မြတ်စွာဘုရား၌ အရိုအသေ ပြုကြသည်ဟု ပြသည်။

မေး။ လောကိယာနံ ပါဠ်ဖြင့် ပြအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ လောကိယာနံ ဟူသော ဝိသေသနပုဒ်ဖြင့် ဤအာကိဉ္စညာယတနသမာပတ်၏ လောကုတ္တရာ သမာပတ်တို့ထက် မမြတ်ကြောင်းကိုပြပါသည်။

မေး။ ကိစ္စကာရကသမာပတ္တီနံ ပါဠ်ဖြင့် ပြအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ကိစ္စကာရကသမာပတ္တီနံ ဟူသော ဝိသေသနပုဒ်ဖြင့် အကိစ္စကာရကဖြစ်သော နေဝသညာနာသညာယတနသမာပတ်ထက် မမြတ်ဟု ပြသည်။

**ပေါဋ္ဌပါဒသုတ်ဆိုင်ရာ အဓိပ္ပါယ်ပြီး၏။**

*****

## သုဘသုတ်ဆိုင်ရာအဓိပ္ပါယ်

မေး။ တောဒေယျပုတ္တ၏နာမည်ရင်းနှင့် ယင်းနာမည်ရခြင်း၏ အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ တောဒေယျပုတ္တ၏နာမည်ရင်းမှာ သုဘလုလင်ဖြစ်သည်။
လက်ခြေစသော အင်္ဂါကြီးငယ်၊ ရုပ်ရည်အဆင်း လှပတင့်တယ်သောကြောင့် ''သုဘ'' ဟူသော အမည်ကို ရရှိပါသည်။

မေး။ အဘယ်ကာလကို ရည်ရွယ်၍ ''မာသမတ္တေ'' ဟု ဆိုရပါသနည်း။

ဖြေ။ ကဆုန်လပြည့်မှ (ပရိနိဗ္ဗာန်စံတော်မူရာနေ့မှ) အထက်နယုန်လပြည့်တိုင်အောင် ကာလကို ရည်ရွယ်၍ ''မာသမတ္တေ'' ဟု ဆိုပါသည်။

မေး။ ရှေး၌ ''လောဘကြောင့် ခွေးဖြစ်သည်ဟု ဆိုခဲ့ပြီ၊ ယခု ''ဘောဘော''ဟု ပြောမှုကြောင့် ခွေးဖြစ်သည် ဟု ဆိုပြန်ရာ ရှေ့နောက်မဆန့်ကျင်ပါသလော၊ ရှင်းလင်းပြခဲ့ပါ

http://www.dhammadownload.com



ဖြေ။ ထိုကံနှစ်မျိုးစလုံးပင် ခွေးဖြစ်ဖို့ရန် ဆက်ဆံသောအကြောင်းဖြစ်သောကြောင့် မဆန့်ကျင်ပါ။ မှန်၏၊ ကံသည် ဝိပါကဖလဟူသော အကျိုးအရင်းကို ပေးသောကံ၊ အာနိသံသဖလေ ဟူသော အကျိုးဆက်ကို ပေးသောကံဟု နှစ်မျိုးရှိ၏။ ပဋိသန္ဓေဝိပါက်အကျိုးကို ပေးရာ၌ ကံတစ်မျိုးကသာ ပေးသော်လည်း ပဝတ္တိဝိပါက်နှင့်တကွ အာနိသံသ အကျိုးကို ပေးရာ၌ကား ကံအမျိုးမျိုးက ပေးနိုင်၏။ ထို့ကြောင့် ခွေးဖြစ်ရာ၌ လောဘပြဌာန်းသောကံ၊ ဘောဘောဟု ဘုရားကို လွှမ်းမိုး၍ ပြောဆိုကြောင်းကံ၊ ထိုကံနှစ်မျိုး စလုံးနှင့်ပင် ဆိုင်သည်ဟု မှတ်ယူရမည်။ ထို့ကြောင့် ရှေ့တစ်မျိုး၊ နောက်တစ်မျိုး မိန့်တော်မူသည် ဟု မမှတ်ရပါ။

**အာနေတွာ ဒီပေတဗ္ဗာနိ**

သမာပတ်ရှစ်ပါးတို့၌ (၄)ပါးသော စိတ်ကို ဆုံးမခြင်းနှင့်ကင်း၍ လောကီအဘိညာဉ်တို့ မပြည့်စုံနိုင်သောကြောင့် အဘိညာဉ်ကို ဟောလျှင် နာနန္တရိကနည်းအားဖြင့် အရူပစျာန်ကိုလည်း ဟောပြီးဖြစ်ပါသည်။

**သုဘသုတ်ဆိုင်ရာအဓိပ္ပါယ် ပြီး၏။**

******

## ကေဝဋ္ဋသုတ်ဆိုင်ရာအဓိပ္ပါယ်

**မေး။** အဘယ်ကြောင့် ကေဝဋ္ဋ မည်ပါသနည်း။

**ဖြေ။** တံငါသည်တို့သည် စောင့်ရှောက်အပ်သောကြောင့် ''ကေဝဋ္ဋ ''ဟု အမည်ရ၏။ (တစ်နည်း) တံငါသည်တို့၏ အထံ၌ ကြီးပွားရသောကြောင့် ''ကေဝဋ္ဋ'' အမည်ရသည်ဟုလည်း ကေစိဆရာတို့က ဆိုကြပါသည်။

**မေး။** ဂန္ဓာရီနှစ်မျိုးကို အဓိပ္ပါယ်နှင့်တကွ ရေးခဲ့ပါ။

**ဖြေ။** သုံးနှစ်အတွင်းက သေခဲ့သော သတ္တဝါတို့ ဖြစ်ရာဌာနကို သိသောအတတ်သည် ''စူဠဂန္ဓာရီ''မည်၏။ ထိုကဲ့သို့ သိသည့်အပြင် မန္တန်ကို စုပ်၍ ဣဒ္ဓိဝိဓအဘိညာဉ်၏ ဆိုင်ရာတန်ခိုးကို မျက်လှည့်ပြသကဲ့သို့ ပြနိုင်သော အတတ်သည် ''မဟာဂန္ဓာရီ'' မည်၏။

http://www.dhammadownload.com



မေး။ သဒ္ဓေါ်ဟူ၍၎င်း၊ ပသန္နောဟူ၍၎င်း ဆိုထားရခြင်းအကြောင်းကို ရေးပါ။

ဖြေ။ ပုထုဇဉ်တို့၏သန္တာန်၌ ဖြစ်သော ပေါထုဇ္ဇနိကသဒ္ဓါနှင့် (တစ်နည်း) ကံ, ကံ၏အကျိုးကို ယုံကြည်ခြင်းနှင့် ပြည့်စုံသောကြောင့် ''သဒ္ဓေါ''ဟုဇ၎င်း၊ ရတနာသုံးပါး၌ အထူးကြည်ညိုသောကြောင့် ''ပသန္နော''ဟု၎င်း ဆိုပါသည်။

မေး။ ကာယေန ဝသံ ဝတ္တေန္တော–၌ ကိုယ်ဖြင့် အလိုသို့ လိုက်စေနိုင်ခြင်း ဟူသည် အဘယ်နည်း။

ဖြေ။ နတ်ပြည်၊ ဗြဟ္မာ့ပြည်ဝယ် သွားလိုရာအရပ်သို့ ရောက်အောင် သွားနိုင်ခြင်းပင် ဖြစ်ပါသည်။

မေး။ ဤကေဝဋ္ဋသုတ်၌ (က) သံသရာမှ ထွက်မြောက်ကြောင်းအကျင့်၊ (ခ) သံသရာမှ မထွက်မြောက်ကြောင်းအကျင့်၊ (ဂ) ပါဠိဟာရိယကြောင့် ရအပ်သောအပြစ်များကို ဖော်ပြပါ။

ဖြေ။ (က) အနုသာသနီပါဋိဟာရိယ ဖြစ်သည်။

(ခ) ဣဒ္ဓိပါဋိဟာရိယ၊ အာဒေသနာပါဋိဟာရိယတို့ဖြစ်ပါသည်။

(ဂ) ဣဒ္ဓိပါဋိဟာရိယ၏အပြစ်ကို ပါဠိတော်စာပိုဒ် (၄၈၄) ၌၎င်း၊ အာဒေသနာပါဋိဟာရိယ၏အပြစ်ကို ပါဠိတော်စာပိုဒ် (၃၈၅) ၌၎င်းရှုပါ။

မေး။ ဝိညာဏံအနိဒဿနံ နီရောဓေန–၌ ဝိညာဏအရကို ဖော်ပြခဲ့ပါ။

ဖြေ။ ဝိညာဏံအနိဒဿနံ နီရောဓေန–၌ ဝိညာဏအရ စရိမကဝိညာဏ်နှင့် အဘိသင်္ခါရဝိညာဏ်ကို ယူရမည်။

မေး။ စရိမကဝိညာဏ်နှင့်အဘိသင်္ခါရဝိညာဏ်တို့၏ အထူးကို ရေးခဲ့ပါ ။

ဖြေ။ စရိမကဝိညာဏ်ဟူသည် ရဟန္တာတို့၏ စုတိစိတ်တည်း။
အဘိသင်္ခါရဝိညာဏ် ဟူသည် ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္စာဘိသင်္ခါရနှင့် ယှဉ်သောစိတ်တည်း။ ဤသို့ ထူးပါသည်။

## အဓိပ္ပါယ်

ဆန္နံ့ ဒေဝလောကာနန္တိ နိဒ္ဒဿနဝစနမေတံ၊ ဗြဟ္မလောကသာမိပိ ဒိဗ္ဗဂ္ဗဘာဝေါ လဗ္ဘတေဝ ဒိဗ္ဗဝိဟာရဟေတုကတ္တာ။ (၄–၃၂၈။ ဋီသစ်)

မေး။ ဥလ္လုမ္ပတု ဘဝံ ဂေါတမော ဗြာဟ္မဏံ ပဇံ–ပါဌ်ဖြင့် ဆိုလိုရင်းအဓိပ္ပါယ်ကို ရေးခဲ့ပါ။

http://www.dhammadownload.com



ဖြေ။ အရှင်ဂေါတမသည် ပုဏ္ဏားကလေးကို အပါယ်ရောက်ကြောင်းလမ်းမှ ထုတ်ဆောင်၍ ပြဟ္မာ့ပြည်ရောက်ကြောင်းလမ်း၌ တည်စေတော်မူပါဟု အဓိပ္ပါယ်ဆိုလိုရင်း ဖြစ်ပါသည်။

**မေး။** နောက်တစ်ဖန်ထပ်၍ သရဏဂုံဆောက်တည်ရခြင်းအကြောင်းကို ရေးခဲ့ပါ။

ဖြေ။ နောက်တစ်ဖန်ထပ်၍ သရဏဂုံဆောက်တည်ခြင်းသည်
သာ၍ခိုင်မြဲ၏။ အကျိုးလည်း ပို၍များ၏။ ထို့ကြောင့် ဒုတိယသရဏဂုံ ဆောက်တည် ရခြင်း ဖြစ်ပါသည်။

**မေး။** ကာမဂုဏာ–၌ ဂုဏသဒ္ဒါ၏ ဤ၌ ရထိုက်သော ဗန္ဓနအနက်ကိုသာ မပြဘဲ အခြားသော ဟောနိုင်သမျှအနက်တို့ကို ထုတ်ပြခြင်းသည် အဘယ်အကျိုးရှိအံ့နည်း။

ဖြေ။ ပဋလ စသော အနက်များ၏ ဤနေရာ၌ မဖြစ်သင့်သောကြောင့် ပါရိသေသ နယ (ကောဋ္ဌာသအနက်နှင့်တကွ) ''ဗန္ဓန–အနက်သာ သင့်၏'' ဟု ပြခြင်းအကျိုးငှါ ဤအတ္ထုဒ္ဓါရကို ထုတ်ပြရပါသည်။ အတ္ထုဒ္ဓါရလာသမျှ၌ ဤနည်းချည်းသာတည်း ဟုမှတ်ပါ။

**ကေဝဋ္ဋဆိုင်ရာအဓိပ္ပါယ်ပြီး၏။**

******

## တေဝိဇ္ဇသုတ်ဆိုင်ရာအဓိပ္ပါယ်

**မေး။** ယံ ပမာဏကတံ ကမ္မံ၌ ပမာဏကတံ၊ အပ္ပမာဏကတံ တို့၏အရကို ဖော်ပြပါ။

ဖြေ။ ပမာဏကတံအရ ကာမာဝစရကံကို ယူရမည်။
အပ္ပမာဏကတံ အရ ရူပါဝစရကံ၊ အရူပါဝစရကံကို ယူရ၏။

**တေဝိဇ္ဇသုတ်ဆိုင်ရာ အဓိပ္ပါယ်ပြီး၏။**

******

http://www.dhammadownload.com



## သုတ္တန် (၁) ဆိုင်ရာခေတ်လေ့လာနည်းပို့ချချက်

**မေး။** မဟာသီလ၌ ပါဝင်သော အတတ်ပညာတို့ကို ဖော်ပြ၍ မျက်မှောက်ခေတ် အတတ်ပညာများနှင့် နှိုင်းယှဉ်ဝေဖန်သုံးသပ်ပြပါ။

**ဖြေ။** လောကတွင် နေထိုင်ကြကုန်သော ရဟန်း ရှင် လူ မည်သူမဆို လူတော်လူကောင်း ဖြစ်စေရန် သီလ၊ သမာဓိ, ပညာ သုံးပါးနှင့်ပြည့်စုံရန် လိုအပ်လှပေသည်။ ထိုတွင် ပညာသမုဒ္ဒရာကား ကျယ်ပြောလှပါ၏။ သုံးမကုန်ယူမခန်းသော ရတနာတစ်ပါး လည်း ဖြစ်၏။ ပညာအရာ၌ မတတ်သင့်သော ပညာကား မရှိ၊ မပြုလုပ်သင့်သော အတတ်ပညာသာ ရှိ၏။ လောကတွင် ရှိကြကုန်သော ပုဂ္ဂိုလ်များသည် အသက် မွေးမှုဆိုင်ရာ အတတ်ပညာ သန့်ရှင်းစင်ကြယ်ရေးမှာ အထူးလိုအပ်သော ကိစ္စရပ် တစ်ခု ဖြစ်ပါသည်။ မြတ်ဗုဒ္ဓသည် အတတ်ပညာများဆိုင်ရာနှင့် ပတ်သက်၍ သုတ္တန္တပိဋက ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ္ဂ ဗြဟ္မဇာလသုတ်တော် မဟာသီလအခန်း၌ ဤကဲ့သို့ အကျယ်ဟောတော်မူထားပါသည်။ ၎င်းတို့မှာ ကိုယ်အင်္ဂါကျမ်း၊ နိမိတ်ကျမ်း၊ ဥပါဒ်ကျမ်း၊ အိပ်မက်ကျမ်း၊ လက္ခဏာကျမ်း၊ ကြွက်ခံကျမ်း အစရှိသော အတတ်ပညာများဖြင့် အသက်မွေးခြင်း၊

အင်္ဂဝိဇ္ဇာအတတ်၊ ရာဇသတ်ကျမ်းအတတ်၊ တစ္ဆေမြေဖုတ်အတတ်၊ မန္တန် အတတ်ပညာတို့ဖြင့် အသက်မွေးခြင်း၊ မဏိလက္ခဏာကျမ်း၊ ဝတ္ထလက္ခဏာကျမ်း၊ ဣတ္ထိ ပုရိသလက္ခဏာကျမ်း အတတ်စသည်တို့ဖြင့် အသက်မွေးခြင်း၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ဆိတ်၊ သိုး၊ ကြက်၊ ဝက်၊ ငုံး၊ ဖွတ်၊ လိပ်၊ သမင်စသော တိရစ္ဆာန်အတတ် များဖြင့် အသက်မွေးခြင်း၊ အဘယ်မင်းသည် စစ်တိုက်ထွက်လိမ့်မည်၊ စစ်ပွဲပြန်လာ လိမ့်မည်၊ စစ်ရှုံးလိမ့်မည်၊ စစ်နိုင်လိမ့်မည် စသည်ဖြင့် နိုင်ငံရေး ဗေဒင်ဟောခြင်း။ လပေ့ါတ်ဖမ်း လိမ့်မည်၊ နေကြတ်လိမ့်မည်၊ နက္ခတ်ကြတ်လိမ့်မည်၊ မြေငလျင် လှုပ်လိမ့်မည် စသည်ဖြင့် လောကဆိုင်ရာအတတ် ဟောခြင်း။

မိုးကောင်းလိမ့်မည်၊ မိုးခေါင်လိမ့်မည်၊ ဝတ်မွတ်ခေါင်းပါးလိမ့်မည်၊ သာယာဝ ပြောလိမ့် မည်စသည် ဟောပြောခြင်း၊ ထိမ်းမြားမင်္ဂလာပြုလုပ်ပေးခြင်း၊ ကြွေးချ၊ ကြွေးသိမ်းခြင်း၌ အခါတော်ပေးခြင်း၊ လင်မြဲ၊ မယားမြဲ၊ လင်ကွဲ၊ မယားကွဲများ ပြုလုပ်ပေးခြင်း။

http://www.dhammadownload.com



နတ်ကို ပူဇော်ပသခြင်း၊ ဖုတ်တစ္ဆေဝင်, ထွက်အောင်ပြုလုပ်ခြင်း၊ ယောကျ်ားကို ပဏ္ဍုက်၊ ပဏ္ဍုက်ကို ယောကျ်ား ဖြစ်အောင်ပြုလုပ်ခြင်း၊ မီးပူဇော်ခြင်း၊ ဆေးမျိုးစုံ ပေးခြင်း စသော အတတ်ပညာများ ဖြစ်ပါသည်။

အထက်ပါ ပညာရပ်များသည် မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့ခြင်းဖြစ်ပေသည်။ ဗုဒ္ဓခေတ် အတတ်ပညာနှင့် မျက်မှောက်ခေတ် အတတ်ပညာများကို နှိုင်းယှဉ် ကြည့်လျှင် ဗုဒ္ဓခေတ်က ပိုမိုများပြားကြောင်းကို တွေ့ရပေသည်။ ယခုအခါ၌မူ လကမ္ဘာကို သွားရောက်နိုင်သည့် သိပ္ပံဆိုင်ရာအတတ်များ၊ နျူကလီးယား အနုမြူ စသော သိပ္ပံပညာများ ကမ္ဘာအရပ်ရပ်တို့၏ အဖြစ်အပျက်အားလုံးကို သိမြင်နိုင်သည့် တယ်လီဗီးရှင်း၊ အသံဖြင့် ဆက်သွယ်နိုင်သည့် တယ်လီဖုန်းစသည် သိပ္ပံပညာများ ဆေးပညာဆိုင်ရာ သုတေသီ ပုဂ္ဂိုလ်များကလည်း မိန်းမကို ယောကျ်ား, ယောကျ်ား ကို မိန်းမဖြစ်စေရန် ခွဲစိတ်ကုသနိုင်သည့် ပညာရပ်များ ပေါ်ပေါက်လျက်ရှိပေသည်။

မည်သို့ဆိုစေ ယောကျ်ားမိန်းမအသွင် ပြောင်းသောပညာရပ်များသည် ဗုဒ္ဓ လက်ထက်ကပင် ပေါ်ပေါက်ခဲ့ပေသည်။ စက်ပစ္စည်းကြီးယာ အနုအကြမ်းတို့ဖြင့် တွက်ချက်ဟောနိုင်သော ပညာများကား ဗုဒ္ဓလက်ထက်ကပင် ပေါ်ပေါက်ခဲ့သည့် အတွက်ကြောင့် အံ့သြဖွယ်ရာ မရှိပေ။ ထိုသို့ အံ့ဖွယ်ရာကောင်းသော ပညာများ ရှိပင်ရှိငြား ဟောထားသော်လည်း ထိုအတတ်ပညာ ရပ်တို့ကို အားပေးချီးမွမ်းမှု မပြုခဲ့ပေ။ ထိုအတတ်တို့သည်ကား မိစ္ဆာဇီဝ ဟုဆိုအပ်သော မှားယွင်းမှုပညာများသာ ဖြစ်သည်ဟု ကဲ့ရဲ့တော်မူခဲ့သည်။

ထို့ကြောင့် ဤအတတ်ပညာတို့ကို သဒ္ဓါတရားဖြင့် လူတို့က လှူဒါန်းသည့် ခဲဖွယ်ဘောဇဉ်တို့ကို သုံးဆောင်၍ အိမ်ရာမထောင် ရဟန်းဘောင်၌ နေကုန်သော သမဏဗြာဟ္မဏတို့သည် ကိလေသာကုန်ခန်း ရဟန္တာဖြစ်၍ နိဗ္ဗာန်နန်းသို့ ရောက် နိုင်ရန် ပယ်စွန့်၍ မပြုလုပ်သင့်ကြောင်း ဝေဖန်သုံးသပ်အပ်ပါသည်။

**မေး။** ဗြဟ္မဇာလသုတ်တော်လာ သီလသုံးမျိုးကို ခွဲခြားဖြေဆို၍ ဤသီလသုံးမျိုးကို ဖြည့်ကျင့်ရုံမျှဖြင့် မြတ်စွာဘုရားအလိုတော်ကျ ဖြစ်နိုင်/မဖြစ်နိုင် ရှင်းလင်းတင်ပြခဲ့ပါ။

**ဖြေ။** ဗြဟ္မဇာလသုတ်တော်တွင် သီလသုံးမျိုးရှိပါသည်။ ထိုသီလသုံးမျိုးမှာ –

၁။ ကာယကံသုံးပါး၊ ဝစီကံလေးပါးမှ ရှောင်ကြဉ်ခြင်း၊ မျိုးစေ့နှင့် သစ်ပင်တို့ကို ဖျက်ဆီးခြင်း နေလွဲညစာ စားခြင်း၊ ကခြင်း၊ ဆိုခြင်း တီးမှုတ်ခြင်းတို့မှ

http://www.dhammadownload.com



ရှောင်ကြဉ်ခြင်း၊ ရွှေငွေ သားစိမ်း ငါးစိမ်း မိန်းမအို မိန်းမပျို ကျွန်ယောက်ျား၊ ကျွန်မိန်းမ၊ သိုး၊ ဆိတ်စသည်တို့ကို ခံယူခြင်းမှ ရှောင်ကြဉ်ခြင်း ဟူသော စူဠသီလ။

၂။ လူတို့က သဒ္ဓါတရားဖြင့် လှူအပ်သောဆွမ်းကို စားပြီး မျိုးစေ့ငါးပါးနှင့် သစ်ပင်တို့ကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ခြင်း၊ ပြဇာတ်ကွက်စိပ် ပြောဟောခြင်း၊ လက်ခုပ်တီးခြင်း၊ ရှစ်ကွက် ကျားကစားခြင်း၊ ဆယ်ကွက်ကျား ကစားခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊ ရှည်သော အခြေရှိသော ညောင်စောင်း၊ အင်းပျဉ် စသည်တို့ကို သုံးဆောင်ခံစားခြင်းတို့မှ ရှောင်ကြဉ်ခြင်း ဟူသော မဇ္ဈိမသီလ။

၃။ လူတို့က သဒ္ဓါတရားဖြင့် လှူအပ်သော ဆွမ်းကိုစားပြီး လူတို့၏ ကြန်အင်လက္ခဏာကို ဖတ်ကြားခြင်း၊ နိမိတ်ကောင်းခြင်း၊ ဥက္ကာပျံခြင်း၏ အကျိုးအပြစ် ဟောကြားခြင်း၊ ပတ္တမြားလက္ခဏာကို ဟောပြောခြင်း၊ ဖုတ်သွင်းခြင်း အစရှိသော တိရစ္ဆာန် ဝိဇ္ဇာအတတ်တို့မှ ရှောင်ကြဉ်ခြင်းဟူသော မဟာသီလ ဟူ၍ သီလသုံးမျိုးရှိသည်။

ဤသီလသုံးမျိုးကို ဖြည့်ကျင့်ရုံမျှဖြင့် မြတ်စွာဘုရား၏ အလိုတော်ကျ ကျင့်ကြံနေသောပုဂ္ဂိုလ် မဖြစ်နိုင်သေးပါ။ အဘယ်ကြောင့်ဆိုသော် မြတ်စွာဘုရားသည် သီလ သမာဓိ ပညာဟု ဟောတော်မူသောကြောင့် သီလသုံးပါးကို ဖြည့်ကျင့်ရုံမျှဖြင့် ''သီလနှင့်ပြည့်စုံသူ''ဟူ၍သာ ခေါ်ဆိုထိုက်ပါသေးသည်။ မြတ်စွာဘုရား၏ အလိုတော်ကျ ကျင့်ကြံနေသည့်ပုဂ္ဂိုလ်ကား မဖြစ်နိုင်သေးပါ။

ထို့ကြောင့် မြတ်စွာဘုရား၏ အလိုတော်ကျ ကျင့်ကြံအားထုတ်လိုသော ရဟန်းသည် မိမိ၏သန္တာန်၌ သီလနှင့်လည်းပြည့်စုံ၊ သတိသမ္ပဇဉ်နှင့်လည်း အမြဲ ယှဉ်၍ ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်ပြီးလျှင် သမထကမ္မဋ္ဌာန်းလေးဆယ်တို့တွင် မိမိနှစ်သက်ရာ ကမ္မဋ္ဌာန်းတစ်ပါးပါးကို ယူအပ်၏။ ကမ္မဋ္ဌာန်းသို့ ရှေးရှု၍ သတိကို ဖြစ်စေအပ်၏။ ထိုကမ္မဋ္ဌာန်းသို့ ရှေးရှု၍ သတိကိုဖြစ်စေသော ရဟန်း၏စိတ်သည် အဘိဇ္ဈာ ဗျာပါဒတို့မှလည်း ကင်းစင်၏။ ထိနမိဒ္ဓစသော နီဝရဏတို့မှလည်း ကင်းစင်၏။ နီဝရဏတို့မှ ကင်းလတ်သော်....

http://www.dhammadownload.com



ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တို့သို့ ဆိုက်ရောက်လေ၏။ ဤသို့ ဈာန်အဆင့်ဆင့်ကို ရရှိခြင်းသည် မြတ်စွာဘုရား၏ အလိုတော်ကျ မြတ်စွာဘုရား ချီးမွမ်းတော်မူအပ်သော သမာဓိ၏ ပြည့်စုံခြင်းပင် ဖြစ်ပါသည်။ ဈာန်အဆင့်ဆင့်ကို ရရှိ၍ တည်ကြည်သော စိတ်ရှိသော ရဟန်းသည် ဖြူစင်နူးညံ့ကြံ့ခိုင်သောစိတ်ကို မိမိအလိုရှိရာသို့ ရှေးရှုညွှတ်စေခဲ့သော် ရုပ်နာမ်နှစ်ပါးကို ခွဲခြား၍ သိမြင်နိုင်သော ဝိပဿနာဉာဏ်၊ တန်ခိုးစွမ်းအင် အမျိုးမျိုးကို ပြီးမြောက်စေနိုင်သော အဘိညာဉ်တို့နှင့်တကွ အာသဝေါတရားတို့ကို ကုန်ခန်းစေနိုင်သော အာသဝက္ခယဉာဏ်၊ အရဟတ္တမဂ်ဉာဏ်၊ အရဟတ္တဖိုလ်ဉာဏ်တိုင်အောင် ပေါက်မြောက်သိမြင်လေတော့သည်။ ဤကား မြတ်စွာဘုရား ချီးမွမ်းတော်မူအပ်သော ပညာ၏ ပြည့်စုံခြင်းပင်ဖြစ်ပါသည်။

ဤကဲ့သို့ မှန်မြတ်သော သီလသမာဓိပညာတို့ဖြင့် ပြည့်စုံအောင် ကျင့်ကြံအားထုတ်မှုသာလျှင် မြတ်ဗုဒ္ဓ၏အလိုတော်ကျဖြစ်သော ကျင့်ကြံခြင်းမျိုးဖြစ်ပေသည်။ ဤကဲ့သို့ ကျင့်ကြံသော ပုဂ္ဂိုလ်မျိုးသည်လည်း မြတ်ဗုဒ္ဓ၏ အလိုတော်ကျဖြစ်သော ပုဂ္ဂိုလ်မျိုးပင် ဖြစ်ပါတော့သည်။

**မေး။** ချီးမွမ်းမှု၊ ကဲ့ရဲ့ရှုတ်ချမှုများ ပြုလုပ်လာခဲ့သော် မည်သို့သဘောထား ပြုမူဆောင်ရွက်သင့်ကြောင်းကို ဗြဟ္မဇာလသုတ်ကို သာဓကပြု၍ ရေးသားဖြေဆိုခဲ့ပါ။

**ဖြေ။** အခါတစ်ပါး၌ ဘုရားရှင်သည် ရဟန်းငါးရာတို့နှင့်အတူ ရာဇဂြိုဟ်မြို့နှင့် နာလန္ဒာအကြားသို့ ခရီးရှည် ကြွသွားတော်မူ၏။ ထိုအချိန်တွင် သုပ္ပိယပရိဗိုဇ်သည် တပည့်ဖြစ်သော ဗြဟ္မဒတ်လုလင်နှင့်အတူ ထိုခရီးကိုပင် သွားကြလေ၏။ ထိုသို့ခရီးသွားစဉ် သုပ္ပိယပရိဗိုဇ်သည် အကြောင်းအမျိုးမျိုးတို့ဖြင့် ရတနာမြတ်သုံးပါး၏ ကျေးဇူးမဲ့ကို ပြောဆို၏။ တပည့်ဗြဟ္မဒတ္တလုလင်ကမူ များစွာသော အကြောင်းအမျိုးမျိုးဖြင့် ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူးကို ပြောဆိုလေသည်။ ဤသို့ဖြင့် ဆရာနှင့် တပည့်နှစ်ဦးတို့သည် တစ်ဦးနှင့်တစ်ဦး ဆန့်ကျင်ဘက်စကားကို ပြောဆိုကြကုန်လျက် ဘုရားရှင်နှင့် ရဟန်းသံဃာတို့၏ နောက်မှ လိုက်လာကြပြီဖြစ်သည်။

ဘုရားရှင်သည် အမ္ဗလဋ္ဌိကဥယျာဉ်၌ရှိသော မင်းတဲ၌ တစ်ညဉ့်တာ နားတော်မူ၏။ ထိုအခါ သုပ္ပိယပရိဗိုဇ်နှင့်ဗြဟ္မဒတ်လုလင်တို့သည်လည်း ထိုဥယျာဉ်၌ပင်

http://www.dhammadownload.com



တစ်ညတာ နားနေကြပါသည်။ ထိုသို့နားနေစဉ်လည်း ဆရာတပည့်နှစ်ဦးတို့သည် တစ်ဦးနှင့်တစ်ဦး ဆန့်ကျင်ဘက်စကားကိုသာ ပြောဆိုနေကြသည်။ ထိုည၌လွန်သောအခါ ရဟန်းတို့သည် နံနက်စောစော အိပ်ရာမှ ထတော်မူကြ၍ တန်ဆောင်းဝန်း၌ စည်းဝေးကြပြီး ဤသို့ ပြောဆိုကြလေသည်။ ငါ့ရှင်တို့ အံ့ဖွယ်ကောင်းလှပါပေ၏။

မြတ်စွာဘုရားသည် သတ္တဝါတို့၏ အတွင်းသဘော အမျိုးမျိုးရှိပုံကို ကောင်းစွာ သိတော်မူပါပေ၏။ သုပ္ပိယပရိဗိုဇ်နှင့် ဗြဟ္မဒတ္တလုလင်ဟူသော ဆရာတပည့်နှစ်ဦးတို့တွင် ဆရာသုပ္ပိယပရိဗိုဇ်သည် ရတနာမြတ်သုံးပါး၏ ကျေးဇူးမဲ့ကို ပြောဆိုသော်လည်း တပည့်ဗြဟ္မဒတ္တလုလင်ကမူ ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူးကို ပြောဆိုလေ၏'' ဟူ၍ ပြောဆိုနေကြလေသည်။

ထိုအချိန်တွင် ဘုရားရှင်သည် ထိုရဟန်းတို့ ပြောဆိုနေကြသော စကားကို ကြားသိတော်မူသည်ဖြစ်၍ တန်ဆောင်းဝန်းသို့ ကြွတော်မူလာပြီး ရဟန်းတို့၊ သင်တို့သည် အဘယ်စကားတို့ဖြင့် စုဝေး၍နေထိုင်ကြသနည်း၊ သင်တို့၏ မပြီးဆုံးသေးသော စကားသည် အဘယ်ပါနည်း''ဟု မေးမြန်းတော်မူ၏။ ထိုအခါ ရဟန်းတို့ ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူးမဲ့ကို သူတစ်ပါးတို့က ပြောဆိုကြပါမူ သင်တို့သည် စိတ်ဆိုးခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ မနှစ်သက်ခြင်း၊ မကျေနပ်ခြင်းတို့ကို မပြုအပ်ပေ၊ သင်တို့စိတ်ဆိုး၍ ရန်ငြိုးဖွဲ့နေကြလျှင် သင်တို့၌သာ ဈာန်မဂ်ဖိုလ်၏ အန္တရာယ်သာ ဖြစ်ဖွယ်ရှိပါ၏။ ထို့ပြင် သူတစ်ပါးတို့၏ ပြောဆိုအပ်သော စကားဆို စကားကောင်းကိုလည်း ခွဲခြားသိမြင်ကြတော့မည် မဟုတ်၊ ရတနာမြတ်သုံးပါး၏ ကျေးဇူးမဲ့ကို သူတစ်ပါးတို့ပြောဆိုခဲ့သော် မဟုတ်မမှန်သောအချက်ကို မဟုတ်မမှန်ကြောင်း ပြန်လည်ဖြေရှင်းခြင်းကိုသာ ပြုအပ်ပါပေ၏။ ရဟန်းတို့ ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူးကို သူတစ်ပါးတို့ ပြောဆိုခဲ့သော် သင်တို့သည် ''ဝမ်းမြောက်ခြင်း၊ နှစ်သက်ခြင်း၊ စိတ်တက်ကြွခြင်းကို မပြုအပ်ပေ'' ဝမ်းမြောက်ဝမ်းသာ စိတ်တက်ကြွနေကြပါမူ သင်တို့၏ ဈာန်မဂ်ဖိုလ်၏ အန္တရာယ်သာဖြစ်ဖွယ် ရှိပါ၏၊ ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူးကို သူတစ်ပါးတို့ ပြောဆိုခဲ့သော် သင်တို့သည် ဟုတ်မှန်သော အချက်ကို ဟုတ်မှန်ပေ၏ဟူ၍ ဝန်ခံအပ်ပေ၏''ဟု ဟောတော်မူ၏။

http://www.dhammadownload.com



ဤလူ့ဘုံလောကကြီးတွင် ချီးမွမ်းမှု ကဲ့ရဲ့မှုများဖြင့် အမြဲထာဝရ တွေ့ကြုံနေကြရပါ၏။ မတွေ့မကြုံလို၍ ရှောင်ကွင်းပါသော်လည်း ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းလောကဓံ၏ စက်ကွင်းမှ မလွတ်နိုင်ကြပါ၊ ထိုကဲ့သို့ ချီးမွမ်းကဲ့ရဲ့ခြင်းကြောင့် မိမိတို့ဘဝသည် တိုးတက်ပြောင်းလဲစေနိုင်သကဲ့သို့ ဖျက်ဆီးခြင်းလည်းဖြစ်နိုင်ပါသည်။ ထို့ကြောင့် ၎င်းကဲ့သို့ ချီးမွမ်းမှုကဲ့ရဲ့မှုနှင့် ကြုံဆုံခဲ့ရသော် ဗြဟ္မဇာလသုတ်တော်တွင် မြတ်ဗုဒ္ဓဟောကြား ဆုံးမတော်မူခဲ့သည့် နည်းလမ်းကောင်းကို အတုယူ၍ ဟုတ်မှန်သည်ကို ဟုတ်မှန်ကြောင်း ဝန်ခံပြီးလျှင် ဝမ်းမြောက်ဝမ်းသာခြင်း အလွန်အကဲမဖြစ်စေရန် မိမိတို့၏ စိတ်နေသဘောထားကို ထိန်းချုပ်ရပေမည်၊ မဟုတ်မမှန်လျှင်လည်း မဟုတ်မမှန်ကြောင်းရှင်းပြ၍ မိမိတို့၏ စိတ်ဓာတ်များ မထိခိုက် မနိမ့်ကျစေရန် ထိန်းချုပ်ရပေမည်။

ထို့ကြောင့် ရတနာမြတ်သုံးပါးနှင့် ပတ်သက်ရာ၌ဖြစ်စေ မိမိတစ်ဦး တစ်ယောက်နှင့် ပတ်သက်ရာ၌ ဖြစ်စေ ချီးမွမ်းမှု၊ ကဲ့ရဲ့မှုများ ပြုလုပ်လာခဲ့သောအထက်ပါနည်းလမ်းများ ကဲ့သို့ ပြုမူဆောင်ရွက်သင့် လိုက်နာကျင့်ကြံသင့်ကြပါသည်။

**အထူးမှတ်ချက်** ။ ။''လောကဓံတရား ၈-ပါးနှင့် တွေ့ကြုံခဲ့သော်မည်ကဲ့သို့ ပြုမူဆောင်ရွက် သင့်ပါသနည်း''ဟု မေးလာခဲ့သော် အထက်ပါအတိုင်း နည်းမှီ၍ ရေးပါလေ။

**မေး။** ဗြဟ္မဇာလသုတ်တော်ကို ဟောတော်မူခြင်းအကြောင်းကို ရေးသား ဖြေဆိုပါ။

**ဖြေ** မြတ်စွာဘုရားသည် ရဟန်းငါးရာနှင့်အတူ ရာဇဂြိုဟ်မြို့နှင့် နာလန္ဒာမြို့အကြား ဒေသစာရီကြွတော်မူ၏။ ထိုအခါ သုပ္ပိယပရိဗိုဇ်နှင့် တပည့် ဗြဟ္မဒတ်လုလင်တို့သည်လည်း မြတ်စွာဘုရားနှင့် ရဟန်းငါးရာတို့၏ နောက်မှအတူ လိုက်ပါလာသည်။ ထိုသို့ လိုက်ပါလာခြင်းသည်ပင်လျှင် ဗြဟ္မဇာလသုတ်တော်ကို ဟောတော်မူရခြင်း၏ ရှေးဦးအစ ပထမနိဒါန်း ဖြစ်ပါသည်။

ရှေးဦးအစ ပထမနိဒါနဖြစ်ကြောင်းမှာ ထိုဆရာ တပည့်နှစ်ယောက်တို့တွင် ဆရာသုပ္ပိယပရိဗိုဇ်သည် များစွာသောအကြောင်းဖြင့် ရတနာသုံးပါး၏ ကျေးဇူးမဲ့ကဲ့ရဲ့စကားကို ပြောဆို၏။ တပည့်ဖြစ်သူ ဗြဟ္မဒတ်လုလင်သည်ကား များစွာသော

http://www.dhammadownload.com



အကြောင်းဖြင့် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆို၏။ ထိုသို့ပြောဆိုကြခြင်းသည် ဗြဟ္မဇာလသုတ်တော်ကို ဟောတော်မူရခြင်း၏ ရှေးဦးအစ ပထမ နိဒါနတည်း။

ထိုဆရာတပည့်နှစ်ယောက် ပြောဆိုကြသည့်ကို ရဟန်းတော်များကြားသိ၍ အမ္ဗလဋ္ဌိကာသရက်ဉယျာဉ်၌ တစ်ညအိပ်လျက် နံနက်မိုးသောက်အလင်း ရောက်သောအခါ ဇရပ်တစ်ဆောင်၌ စုဝေးကြ၏။ စုဝေးပြီးချိန်၌ ဘုရားရှင်၏သတ္တဝါတို့ မတူကွဲပြား အထူးထူးသော သဘောထားရှိ ကြပုံကိုသိတော်မူသော နာနာဓိမုတ္တိကတဉာဏ်နှင့် ပြည့်စုံတော်မူပုံ၊ သုပ္ပိယပရိဗိုဇ်နှင့် ဗြဟ္မဒတ္တလုလင်တို့ တစ်ဦးနှင့်တစ်ဦး ဆန့်ကျင်ပြီး ရတနာသုံးပါး၏ ဂုဏ်ကို ကဲ့ရဲ့ပြောဆိုချီးမွမ်း ပြောဆိုပုံ အကြောင်းတို့ကို ပြောဆိုကြကုန်၏။

သုပ္ပိယပရိဗိုဇ်သည် ဆရာဖြစ်သော်လည်း မာန်မာန၏လွှမ်းမိုးခြင်းကို ခံရသဖြင့် အသိမှန်အမြင်မှန်ကို မသိနိုင် မမြင်နိုင်ဘဲ အသိမှား အမြင်မှား ရတနာသုံးပါးနှင့် စပ်လျဉ်း၍ ကဲ့ရဲ့စကားကို ပြောဆိုခဲ့၏။ ဗြဟ္မဒတ္တလုလင်သည် တပည့်ဖြစ်သော်လည်း ဆရာဖြစ်သူ သုပ္ပိယပရိဗိုဇ် ပြောဆိုသကဲ့သို့ မပြောဆိုပေ၊ မှန်ကန်သော အသိဉာဏ်မှန်ကန်သော အမြင်တို့ဖြင့် ရတနာသုံးပါး၏ဂုဏ်ကို မှန်မှန်ကန်ကန် ပြောဆိုချီးမွမ်းခဲ့၏။

မှန်ကန်သော အသိဉာဏ် မှန်ကန်သော အတွေးအခေါ် မှန်ကန်သောအမြင် မရှိဘူးဆိုလျှင် ပြည့်စုံသူတစ်ယောက် မဖြစ်နိုင်ဟူသော စကားသည် ဆရာဖြစ်သူ သုပ္ပိယပရိဗိုဇ်နှင့် တပည့်ဖြစ်သူ ဗြဟ္မဒတ္တလုလင်တို့ ပြောဆိုကြသောစကားကို သုံးသပ်ကြည့်လျှင် မှန်ကန်ကြောင်း ထင်ရှားပါသည်။ ''ထို့ကြောင့် ဆရာသုပ္ပိယပရိဗိုဇ်နှင့်တပည့် ဗြဟ္မဒတ္တလုလင်တို့ ရတနာသုံးပါးနှင့် စပ်လျဉ်း၍ ကဲ့ရဲ့မှု၊ ချီးမွမ်းမှု၊ ထိုကဲ့ရဲ့မှု ချီးမွမ်းမှုအပေါ် ရဟန်းတို့ စုဝေးပြောဆိုမှုဟူသော အကြောင်းတရား၊ ဘုရားရှင်၏ဂုဏ်ကို စူဠသီလ၊ မဇ္ဈိမသီလ၊ မဟာသီလ ဟူသော သီလသုံးမျိုးဖြင့် ချီးမွမ်းနိုင်ခြင်းအကြောင်းတရား၊ မှန်ကန်သော အသိဉာဏ်၊ မှန်ကန်သော အတွေးအခေါ် မှန်ကန်သောအမြင် အယူအဆတို့ကို သိမြင်နိုင်ရန် ပုဗ္ဗန္တာနုဒိဋ္ဌိ (၁၈)ပါးနှင့် အပရန္တာနုဒိဋ္ဌိ (၄၄) ပါးဟူသော မိစ္ဆာဒိဋ္ဌိ (၆၂) မျိုးရှိကြောင်းတို့ကို သိစေလို၍

http://www.dhammadownload.com



သတ္တဝါတို့အား မဟာကရုဏာဉာဏ်ပြဋ္ဌာန်းလျက် မြတ်စွာဘုရားသည် ဗြဟ္မဇာလ သုတ်ကို ဟောတော်မူခြင်းဖြစ်ပါသည်။

**မေး။** လောက၌ ''ဖန်ဆင်းရှင်ဝါဒ''ဖြစ်ပေါ်လာပုံကို ဆွေးနွေးတင်ပြခဲ့ပါ။

**ဖြေ။** မြတ်စွာဘုရားသည် (၆၂) ပါးသော မိစ္ဆာအယူဝါဒများကို မိမိ၏ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီတော်များကို ဆည်းပူးဖြည့်ကျင့်၍ ရရှိတော်မူလာသော သဗ္ဗညုတဉာဏ်တော်၏အစွမ်းဖြင့် ထိုးထွင်းကာ သိတော်မူသည့်အတိုင်း ထုတ်ဖော် ဟောကြားတော်မူခဲ့၏။ ဖန်ဆင်းရှင်ဝါဒသည် ယခုမှသာ ခေတ်စား လာသည်မဟုတ်၊ ကမ္ဘာဦးအစကပင် ခေတ်စားခဲ့သည့် ဝါဒတစ်ခု ဖြစ်ပါသည်။ ထိုဖန်ဆင်းရှင်ဝါဒ ဖြစ်ပေါ်လာရခြင်း၏အကြောင်းကို မြတ်ဗုဒ္ဓကိုယ်တိုင် ဗြဟ္မဇာလ သုတ်၌ အောက်ပါအတိုင်း ဟောကြားတော်မူခဲ့ပါသည်။

ကမ္ဘာကြီးသည် မီး ရေ လေဟူသော အကြောင်းတို့ကြောင့် ပျက်စီးသော အခါ သတ္တဝါတို့သည် အာဘဿရာဘုံ၌ ဖြစ်ကြရ၏။ ထိုဘုံ၌ ပီတိဖြင့်သာ အာဟာရကိစ္စ ပြီးမြောက်ရ၏။ လောကကြီးပျက်စီးရာမှ ပြန်လည်ဖြစ်ပေါ်လာသော ပထမဈာန်ဘုံ၌ ဗြဟ္မာကြီးတစ်ဦး ရောက်ရှိခဲ့၏။ ဗြဟ္မာကြီးသည် တစ်ယောက်တည်း နေရသဖြင့် ပျင်းရိငြီးငွေ့လာသောအခါ အခြားသတ္တဝါတစ်ဦးသည် ထိုဘုံသို့ ရောက်ရှိ လာ၏။ ဗြဟ္မာကြီးသည် ငါ၏တောင့်တခြင်းကြောင့် ရောက်ရှိလာသော သတ္တဝါထက် ငါသည် အဆင်းမှစ၍ အရာအားလုံး သာလွန်၏။ ထို့ကြောင့် ငါသည် ဖန်ဆင်းရှင် ဖြစ်၏။ ငါ့ကို မည်သူကမှ မလွှမ်းမိုးနိုင်ဟု ယူဆထင်မြင်လေ၏။

နောက်ရောက်လာသော ဗြဟ္မာတို့သည်လည်း ငါတို့သည် ဗြဟ္မာကြီးဖန်ဆင်း မှသာ ဤဘုံသို့ရောက်လာကြသည်ဟု ထင်မှတ်ကြကုန်၏။ ဤသို့အားဖြင့် ဗြဟ္မာ့ပြည် မှသည် လူ့ပြည်သို့တိုင် ဖန်ဆင်းရှင်ဝါဒသည် ဖြစ်ပေါ် လွှမ်းမိုးလာခဲ့ရပါသည်။

**မှတ်ချက်။** ''ဖန်ဆင်းရှင်ဝါဒခေါ် ဣဿရိယနိမ္မာနဝါဒသည် မိစ္ဆာအယူ (၆၂) ပါးတို့တွင် ဧကစ္စသဿတ ပဌမဝါဒဖြစ်ကြောင်းကို အရှင်သိပါလေ။

**မေး။** အမ္ဗဋ္ဌသုတ်ကို (က) ဟောကြားရာအရပ်၊ (ခ) ပုဂ္ဂိုလ်၊ (ဂ) နာကြားသည့်ပုဂ္ဂိုလ်၊ (ဃ) ဟောကြားရခြင်းအကြောင်း၊ (င) ပါဝင်သောအကြောင်းတရားတို့ကို အသီးသီး ရေးခဲ့ပါ။

http://www.dhammadownload.com



ဖြေ။ (က) ကောသလတိုင်း ကူဋဒန္တလပုဏ္ဏား ရွာအနီး ကူဋဒန္တလတောအရပ်၊
(ခ) ဘုရားရှင်၊
(ဂ) အမ္ဗဋ္ဌလုလင်နှင့်အဖော်များ၊ ပေါက္ခရသာတိပုဏ္ဏားနှင့်ပရိသတ်များ၊
(ဃ) ဝိဇ္ဇာစရဏပြဿနာကို ဖြေရှင်းတော်မူလိုသောကြောင့်၊
(င) အမျိုးလေးပါးတွင် မည်သည့်အမျိုးမြတ်ကြောင်း၊ ဝိဇ္ဇာစရဏဗေဒကျမ်း ပြုရသေ့များနှင့် သာသနာဖျက်စီးခြင်းအကြောင်းတရားများ ပါဝင်ပါသည်။

၁။ အဇာတသတ်သည် တိတ္ထိဆရာကြီး (၆) ဦးအနက် သဉ္စယ၏ အယူဝါဒကို အထင်သေးဆုံး၊ အမြင်ကပ်ဆုံးဖြစ်သည်။ သူ၏အယူဝါဒကား အမရဝိက္ခေပ= ရှောင်လွှဲ၍ ဖြေသော အယူဝါဒတည်း။ (သီပါ၊ ၅၅)

၂။ **မြတ်စွာဘုရား၏ တရားတော်များ ကောင်းခြင်းဂုဏ်**
အစ၌ ကောင်းခြင်း၊ အပြစ်မရှိခြင်း (အာဒိကလျာဏံ)
အလယ်၌ ကောင်းခြင်း၊ အပြစ်မရှိခြင်း (မဇ္ဈေကလျာဏံ)
အဆုံး၌ ကောင်းခြင်း အပြစ်မရှိခြင်း (ပရိယောသနကလျာဏံ)
အနက်နှင့်ပြည့်စုံခြင်း၊ သဒ္ဒါနှင့် ပြည့်စုံခြင်း၊ အလုံးစုံပြည့်စုံသော တရားကို ဟောခြင်း၊ မယုတ်မလွန်ဟောခြင်း၊ ညစ်ညူးခြင်းမရှိခြင်း၊ မြတ်သော အကျင့်ကို ပြခြင်း တို့တည်း။

၃။ **ဂါထာ၌ ကောင်းခြင်းဂုဏ် (၃) မျိုး**
ဂါထာတွင် ၁။ ပဌမပါဒကောင်းခြင်း (အာဒိကလျာဏ)။
၂။ အလယ်နှစ်ပါဒကောင်းခြင်း (မဇ္ဈေကလျာဏ)။
၃။ အဆုံးပါဒကောင်းခြင်း (ပရိယောသနကလျာဏ) (သီ၊ ဌ၊ ၁၅၉)

**သာသနာ၏ ကောင်းခြင်းဂုဏ်(၃)မျိုး**
၁။ သီလ၊ သမာဓိ၊ ဝိပဿနာတို့သည် အစကောင်းခြင်း။
၂။ အရိယမဂ်သည် အလယ်ကောင်းခြင်း။
၃။ အရိယာဖိုလ်၊ နိဗ္ဗာန်တို့သည် အဆုံးကောင်းခြင်း။ (သီ၊ ဌ၊ ၁၅၉)

http://www.dhammadownload.com



၅။ **တရားဟောကောင်းဖြစ်လိုသော ပုဂ္ဂိုလ်သည်**

၁။ အစ၌ သီလကို ပြရမည်။

၂။ အလယ်၌ မဂ်ကို ပြရမည်။

၃။ အဆုံး၌ နိဗ္ဗာန်ကို ပြရမည်။ (သီ၊ ဌ၊ ၁၅၉)

၆။ **ရဟန်းပြုခြင်း၏ အောက်ထစ်ဆုံးအကျိုးနှင့် အမြင့်ဆုံးအကျိုး**

ရဟန်းပြုခြင်းအကျိုးကား အနိမ့်ဆုံး အစေခံတစ်ယောက်သည် အကယ်၍ ရဟန်းပြုအံ့။ ထိုအစေခံဘဝမှ ရဟန်းအဖြစ်သို့ ရောက်သောရဟန်းကို အရှင်သခင်သည် ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ ပစ္စည်းလေးပါးဖြင့် လှူဒါန်းထောက်ပံ့ခြင်း ပြုရသည်။ ဤကား ရဟန်းပြုခြင်း၏ အောက်ထစ်ဆုံး အကျိုးတည်း။

အကယ်၍ သူကြွယ်တစ်ယောက်သည် မြတ်စွာဘုရား၏ တရားတော်ကို နာယူရှာ ရဟန်းဝတ်ပြီး သီလကို ဆောက်တည်၊ ဣန္ဒြေကို စောင့်ထိန်း၊ သတိပဋ္ဌာန်တရားကို အားထုတ်လျက် ပစ္စည်းလေးပါး၌ ရောင့်ရဲ၏။ ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်၍ နီဝရဏတရားတို့မှ စိတ်ကို စင်ကြယ်အောင် အားထုတ်၏။ ထိုသို့ အားထုတ်သောအခါ ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်သို့ ဆိုက်ရောက်၏။

ထိုရဟန်းသည် ဖြူစင်နူးညံ့တည်တံ့သော စိတ်ဖြစ်ပေါ်လာ၍ မိမိစိတ်ကို ဝိပဿနာအလို့ငှာ ရှေးရှုညွတ်စေပြီး အားထုတ်သောအခါ မနောမယိဒ္ဓိဉာဏ်၊ ဣဒ္ဓိဝိဓဉာဏ်မှ အာသဝက္ခယဉာဏ်တိုင်အောင် ရရှိခဲ့၏။ ဤအာသဝက္ခယဉာဏ်ကို ရရှိခြင်းသည် အမြင့်ဆုံး အသာဆုံးအကျိုးတည်း။ ထို့ထက်သာသော အကျိုးကား မရှိတော့ချေ။ (သီ၊ ပါ၊ ၅၇)

၇။ **သရဏဂုံတည်ခြင်းအကျိုး**

သရဏဂုံတည်သော ပုဂ္ဂိုလ်သည် သစ္စာလေးပါးကို သိမြင်၍ ဒုက္ခခပ်သိမ်းတို့၏ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ရ၏။ (တနည်း) အကျိုးရင်းအားဖြင့် ဖိုလ်လေးပါးတရား၊ အကျိုးဆက်အားဖြင့် ဒုက္ခခပ်သိမ်းတို့၏ ကုန်ငြိမ်းရာနိဗ္ဗာန်တရားဖြစ်သည်။ ဤကား လောကုတ္တရာ သရဏဂုံတည်ခြင်း၏ အကျိုးတည်း။

http://www.dhammadownload.com



သရဏဂုံတည်သော ပုဂ္ဂိုလ်သည် ကောင်းရာသုဂတိဘဝသို့ ရောက်ရခြင်း၊ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံရခြင်း၊ အပါယ်ဒုဂ္ဂတိဘဝသို့ မကျရောက်ရဘဲ နတ်ပြည်သို့ ရောက်ရခြင်း၊ နတ်ပြည်သို့ ရောက်သောအခါ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ အခြွေအရံများခြင်း၊ အစိုးရခြင်းနှင့် အဆင်း၊ အသံ၊ အနံ့၊ အရသာ အတွေ့အထိ ဤဆယ်ပါးတို့မှာ အခြားသရဏဂုဏ်မတည်သော နတ်များထက် သာလွန်ခြင်းတို့ကို ရရှိခံစားနိုင်သည်။ ဤကား လောကီသရဏဂုံတည်ခြင်း၏ အကျိုးတည်း။ (သီ၊ ၄၊ ၂၀၈)

၈။ **ရုပ်နာမ်ကွဲပုံကိုဥပမာအားဖြင့်ပြရသော်**

ရဟန်းသည် ဖြူစင်နူးညံ့ တည်တံ့သော စိတ်ဖြစ်ပေါ်လာ၍ မိမိစိတ်ကို ဝိပဿနာဉာဏ်အလို့ငှာ ရှေးရှုညွတ်စေသောအခါ ''ငါ၏ကိုယ်သည် ရုပ်ရှိ၏ ၊ မဟာဘုတ်လေးပါး အစုအဝေး ဖြစ်၏။ မိဘတို့မှ ပေါက်ဖွား၏။ ထမင်းမုန့်တို့ဖြင့် ကြီးပွား၏။ မမြဲခြင်း၊ ပွတ်သတ်ဆုတ်နယ်ပေးရခြင်း၊ ပြိုကွဲပျက်စီးခြင်းသဘောရှိ၏။ ငါ၏ဝိညာဉ်သည်လည်း ဤကိုယ်၌ မှီတွယ်ဆက်စပ်နေ၏ ဟူ၍ သိမြင်လာ၏။ ဥပမာအားဖြင့် မျက်စိကောင်းသူသည် အရည်အသွေးကောင်းမွန်၍ ကြည်လင်သော ကျောက်မျက်ရတနာ၌ ချည်ကြိုးတစ်ချောင်းကို တပ်ထားပြီး လက်ဝါးပြင်၌ တင်၍ ကြည့်သော် ဤကား ကျောက်မျက်ရတနာတည်း၊ ဤကား ချည်ကြိုးတည်းဟူ၍ ခွဲခြားသိမြင်သကဲ့သို့ ရုပ်နာမ်ကိုလည်း ခွဲခြား၍ သိပေသည်။ (သီ၊ ပါ၊ ၇၂ )

၉။ **နီဝရဏ (၅) ပါးနှင့် ဥပမာ**

ကာမစ္ဆန္ဒနီဝရဏသည် ကြွေးနှင့်တူ၏။ ယောကျ်ားတစ်ယောက်သည် သူတစ်ပါးတို့၏ ကြွေးကိုယူ၍ မိမိတို့၏ ဘဝကို ပျက်စီးစေ၏။ ကြွေးအရှင်တို့သည် ကြွေးတင်သော ယောကျ်ားအား ''ငါ၏ အကြွေးကို ပေးလော''ဟု ဆိုသော်၎င်း၊ ကြမ်းကြုတ်သော စကားကို ဆိုသော်၎င်း၊ ချည်နှောင်ပြီး ညှင်းဆဲရိုက်နှက်သော်၎င်း၊ ထိုယောကျ်ားသည် အကြွေးရှင်အား မည်သို့မျှလုပ်ခြင်းငှာ မစွမ်းနိုင်။ သည်းခံရ၏။ ဤသို့ သည်းခံခြင်းသည် ကြွေးရှိသောကြောင့် ဖြစ်၏။ ထိုအတူ ရဟန်းသည် အာရုံ၌ ကာမဂုဏ်ကို အလိုရှိသဖြင့် တပ်နှစ်သက်ပြီး လိုချင်တပ်မက်သောတဏှာဖြင့် ထိုအာရုံကို ယူ၏။ ရဟန်းအား ထိုအာရုံ (ဝတ္ထု) က ကြမ်းကြုတ်သော စကားကို

http://www.dhammadownload.com



ဆိုခြင်း၊ နှောင်ဖွဲ့ခြင်း၊ ညှင်းဆဲခြင်းကို ပြုသော်လည်း သည်းခံရ၏။ ထိုသို့သည်းခံရခြင်းသည် တပ်နှစ်သက်သော အာရုံကို ယူထားသောကြောင့်တည်း။

ဗျာပါဒနီဝရဏသည် ရောဂါနှင့်တူ၏။ သည်းခြေရောဂါဖြင့် မကျန်းမမာသော ယောကျ်ားသည် ပျားသကာအစရှိသော အာဟာရတို့ကို ပေးကြသော်လည်း မကျန်းမမာသောကြောင့် ထိုအာဟာရတို့၏ အရသာကို "ခါးတယ်၊ ခါးတယ်"ဟု ဆိုကာ ထွေးပစ်သကဲ့သို့ ထို့အတူ ဒေါသစိတ်ရှိသော ရဟန်းသည် အကျိုးစီးပွားကို လိုလားကြသော ဆရာဥပဇ္ဈာယ်တို့က အနည်းအကျဉ်းမျှ ဆုံးမသော်လည်း မနာယူပေ။ ဤပုဂ္ဂိုလ်တွေဟာ ငါ့ကို အဓမ္မနှိပ်စက်ကြတယ်ဟု ပြောဆိုကာ လူထွက်၏။ ရောဂါနှိပ်စက်ခံရ၍ မကျန်းမမာသော ယောကျ်ားသည် ပျားသကာ စသော အာဟာရများ၏ အရသာကို မရသကဲ့သို့ ရဟန်းသည် ကောဓဖြင့် မကျန်းမာခြင်းကြောင့် ဈာန်ချမ်းသာ စသော သာသနာတော်၏ အရသာကို မရပေ။

**ထိနမိဒ္ဓနီဝရဏသည် အချုပ်ထောင်နှင့်တူ၏။**

နက္ခတ်ပွဲသဘင်နေ့မှာ အချုပ်ထောင်၌ အချုပ်ခံရသော ယောကျ်ားသည် နက္ခတ်ပွဲ သဘင်၏ အစ , အလယ်, အဆုံးကို မမြင်လိုက်ရသကဲ့သို့ ထိုယောကျ်ားသည် ဒုတိယနေ့၌ အချုပ်ထောင်မှ လွတ်သော် "မနေ့က နက္ခတ်ပွဲ သဘင်ဟာ မြတ်နိုးစရာကောင်းတယ်၊ ကပုံ၊ ဆိုပုံတွေကလည်း နှစ်သက်မြတ်နိုးစရာ ကောင်းတယ်" စသည်ဖြင့် အခြားသူတို့က ဆိုသော စကားကို ကြားသော်လည်း နက္ခတ်ပွဲသဘင်ကို မခံစားရ၍ မပြောနိုင်၊ ခပ်ငိုင်ငိုင်နေခဲ့ရသည်။ ထိုအတူထိနမိဒ္ဓ လွှမ်းမိုးခံရသော ရဟန်းသည် နည်းမျိုးစုံဖြင့် ဆန်းကြယ်စွာ ဟောကြားအပ်သော တရားကို ကြားနာရသော်လည်း ထိုတရား၏ အစ, အလယ်, အဆုံးကို မသိလိုက်ရ။ တရားပွဲပြီးဆုံးသောအခါ "သြော်– တရားတော်ဟာ ကောင်းပါပေ။ အကြောင်းပြပုံ၊ ဥပမာပေးပုံတို့ကလည်း ကောင်းပါပေ" စသည်ဖြင့် တရားတော်၏ဂုဏ်ကို ပြောဆိုသော စကားကို ကြားနာရသော်လည်း ပြန်လည်၍ မပြောနိုင်၊ ခပ်ငိုင်ငိုင်သာ နေခဲ့ရသည်။

**ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏသည် ကျွန်နှင့်တူ၏။**

နက္ခတ်ပွဲသဘင်ကို ကစားရသော်လည်း ကျွန်သည် အဆောတလျင် ပြုလုပ်ရသော ကိစ္စရှိ၍ ထိုအလုပ်ကိစ္စရှိရာသို့ အလျင်အမြန် သွားပါ၊ အကယ်၍ မသွားလျှင်

http://www.dhammadownload.com



သင်၏ လက်, ခြေ, နားရွက်, နှာခေါင်းတို့ကို ဖြတ်မည်ဆိုခဲ့သော် လျင်မြန်စွာ သွားရ၍ နက္ခတ်ပွဲသဘင်၏ အစ, အလယ်, အဆုံးကို သူတစ်ပါးနှင့် စပ်သောကြောင့် ခံစားခွင့် မရသကဲ့သို့၊ ထိုအတူ ဝိနည်းအဆုံးအဖြတ်ကို မသိသောရဟန်းသည် ကင်းဆိတ်ခြင်းအကျိုးငှာ တောသို့ ဝင်သွားသော်လည်း အောက်ထစ်ဆုံးအားဖြင့် အပ်သော အသားကို မအပ်သောအသား ဟု အမှတ်သညာဖြစ်လာသော် ကင်းဆိတ်ခြင်း (ကမ္မဋ္ဌာန်း) ချမ်းသာကို ဥဒ္ဒစ္စကုက္ကုစ္စ လွှမ်းမိုးသောကြောင့် ခံစားခွင့် မရခဲ့ပေ။

## ဝိစိကိစ္ဆာနီဝရဏသည် အဝွန့်ရှည်သော ခရီးခဲနှင့် တူ၏။

အဝွန့်ရှည်သော ခရီးခဲသို့သွားသော ယောကျ်ားသည် ခိုးသူတို့ လုတို့ကို လုရာပုတ်ခတ်ရိုက်နှက်ရာ အရပ်များကို တွေ့၍ သစ်ခက်လှုပ်သံ ဒုတ်ချောင်းကျသံ, ငှက်ပျံသံ ကြားသော် ''သူခိုးတို့လာကြပြီ'' ဟု ကြောက်ရွံ့ခြင်းသည် ဖြစ်၏။ သွားလည်း သွား, ရပ်လည်းရပ် ပြန်လည်းပြန်၏။ ရောက်လာပြီးသော အရပ်ထက် မရောက်သေးသော အရပ်ရပ်က များစွာကျန်သေး၏။ ထိုယောကျ်ားသည် ဆင်းရဲပင်ပန်းသဖြင့် ဘေးမရှိရာအရပ်သို့ ရောက်, မရောက် ပြောမရသကဲ့သို့၊ ထို့အတူ ရဟန်းသည် ရှစ်ပါးသော ဆရာတို့၌ တွေးတောယုံမှားခြင်း ဖြစ်၏။ ဘုရားအစစ် ဟုတ်လေသလော၊ မဟုတ် လေသလော စသည်ဖြင့် တွေးတောယုံမှားလျက် သဒ္ဓါတရားဖြင့် ဆုံးဖြတ်ယူခြင်းငှာ မတတ်နိုင်။ ထို့ကြောင့် ရဟန်းသည် မဂ်, ဖိုလ်သို့ မရောက်ပေ။

ဤအတူ ကန္တာရခရီးခဲ၌ ''သူခိုးတို့သည် ရှိကြလေသလော၊ မရှိကြလေသလော'' ဟု အဖန်တလဲလဲ တွေးတောယုံမှားခြင်း၊ မဆုံးဖြတ်နိုင်ခြင်း၊ စိတ်တုန်လှုပ်ခြင်းကို ဖြစ်စေလျက် ဘေးမရှိရာအရပ်သို့ ရောက်ခြင်းငှာ အန္တရာယ်ကို ပြုသကဲ့သို့ ဝိစိကိစ္ဆာသည် လည်း ဘုရားအစစ် ဟုတ်လေသလော၊ မဟုတ်လေသလောဟု အဖန်တလဲလဲတွေးတော ယုံမှားခြင်း၊ မဆုံးဖြတ်နိုင်ခြင်း၊ စိတ်တုန်လှုပ်ခြင်းကို ဖြစ်စေလျက် အရိယာတို့၏ ဘုရားအစစ်ဟုတ်လေသလော၊ မဟုတ်လေသလောဟု အဖန်တလဲလဲ တွေးတောယုံမှားခြင်း မဆုံးဖြတ်နိုင်ခြင်း စိတ်တုန်လှုပ်ခြင်းကို ဖြစ်စေလျက် အရိယာနယ်မြေသို့ ရောက်ခြင်းငှာ အန္တရာယ်ကို ပြု၏။ (သီ၊ ၄၊ ၁၉၀ )

http://www.dhammadownload.com



၁၀။ ၁။ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို ကောင်းကောင်းမသိခြင်း၊ လုံးဝမသိခြင်း၊ ကိုးကွယ်ရမှန်း မသိခြင်း။

၂။ ရတနာသုံးပါးအပေါ်၌ အစစ်အမှန်ဟုတ်ပါ့မလားဟု ယုံမှားသံသယဖြစ်ခြင်း။

၃။ ရတနာသုံးပါးအပေါ်အမြင်မှားခြင်း၊ ဂုဏ်တော်တို့ကို မဟုတ်ဟု မြင်ခြင်း၊ ရတနာသုံးပါး ကိုးကွယ်ခြင်းသည် အလကားဟု အယူမှားခြင်း မိစ္ဆာဒိဋ္ဌိ အယူရှိခြင်း။

၄။ ရတနာသုံးပါးကို မယုံကြည်၊ မလေးစား၊ မမြတ်နိုးခြင်း၊ ရှိခိုးမှု စသည်တို့ မပြုခြင်းတို့ ဖြစ်သည်။ (သီ ၊ ၅ ၊ ၂၀၉)

၁၁။ ဘုရားတရားဟောကြား၍ တရားသဘောပေါက်သွားသော ပုဂ္ဂိုလ်တို့ခံစားရသည်မှာ မှောက်ထားသည့်အိုးကို လှန်သကဲ့သို့၎င်း၊ ဖုံးထားသောပစ္စည်း ဖွင့်လိုက်ဘိသကဲ့သို့၎င်း၊ မျက်စိလည် လမ်းမှားနေသူအား လမ်းမှန်ကို ပြဘိသကဲ့သို့၎င်း၊ မှောင်မိုက် နေချိန်တွင်ဆီမီးကို ထွန်းညှိလိုက်သကဲ့သို့၎င်း ခံစားရပါသည်။(သီ၊ ၅၊ ၈၁)

၁၂။ **မြတ်စွာဘုရားသည် ကျွတ်ထိုက်သော ပုဂ္ဂိုလ်တို့အတွက် ဒေသစာရီကြွတော်မူသော ခရီးနှင့် အဝေးဆုံးခရီး**

မြတ်စွာဘုရားသည် ကျွတ်ထိုက်သော ပုဂ္ဂိုလ်တို့အတွက် အဆောတလျင် ကြွတော်မူခဲ့သည်။ ဤသို့ ကြွခြင်းသည် တုရိတာစာရိက မည်၏။

၁။ အရှင်မဟာကဿပအတွက် သုံးဂါဝုတ်ခရီး ကြွတော်မူသည်။

၂။ အာဠာဝကဘီလူးအတွက် ယူဇနာ (၃၀)ခရီး ကြွတော်မူသည်။

၃။ အင်္ဂုလိမာလအတွက် ယူဇနာ (၃၀) ။ ။

၄။ ပုက္ကုသာတိမင်းအတွက် ယူဇနာ (၄၅) ။ ။

၅။ မဟာကပ္ပိနမင်းအတွက် ယူဇနာ (၁၂၀) ။ ။

၆။ ခဒိရဝနိယအတွက် ယူဇနာ (၇၀၀) ။ ။

၇။ တိဿသာမဏေအတွက် သုံးဂါဝုတ်အလွန်ရှိသောယူဇနာ (၁၂၀) ကြွတော်မူ၏။ အဝေးဆုံးခရီးကား ခဒိရဝနိယအတွက်ကြွတော်မူသော ယူဇနာ(၇၀၀) ခရီးဖြစ်ပါသည်။

http://www.dhammadownload.com



**မှတ်ချက်။** ။ဓနိယသဿတွေ့ရသ သတ္တယောဇနသတာနိ အဂမာသိ။ ဓမ္မ သေနာပတိနော သတံ။ (သီ၊ ၄၊၂၁၃) ၌ ဘာသာဋီကာဆရာတော်နှင့် နေရင်း ဆရာတော်တို့သည် သတ္တယောဇနသတံကို 'ယူဇနာခုနှစ်ရာရှိသော ခရီးတို့ကို ဟူ၍၎င်း၊ တိဂါဝုတာဓိကံ ဝီသယောဇနသတံကို ' သုံးဂါဝုတ် အလွန်ရှိသော ယူဇနာ (၁၂၀) ရှိသော ခရီးသို့ဟူ၍၎င်း၊ အနက်ပေးထား၏။ ထို့ကြောင့် မြတ်စွာ ဘုရားသည် ဓနိယအတွက် ကြွတော်မူသော ယူဇနာ(၇၀၀) ခရီးသည်သာ အဝေးဆုံး ဖြစ်သည်။

၁၃။ **ဈာန်တစ်ပါးတွင် ပါဝင်သော ဦးဆောင်ပရမတ္ထတရားနှင့်ဈာန်ချမ်းသာ။**

ပထမဈာန်တွင် ဝိတက် ဝိစာရ တရားတို့သည် ဦးဆောင်ပါဝင်ကုန်၏။ ရဟန်းသည် ကာမဂုဏ် အကုသိုလ်တို့မှ ကင်းဆိတ်၍ ကြံစည်ခြင်း သုံးသပ်ခြင်း တို့ဖြင့် စိုစွတ်နေ၏။ ဤသို့ဖြစ်ခြင်းသည် ပထမဈာန်ချမ်းသာဟု ခေါ်၏။ ဥပမာ ရေချိုးပေးသူသည် ကြေးခွက်၌ ရေချိုးကသယ်မှုန့်တို့ကို ရေဖျန်းပြီး အခဲဖြစ်အောင် ပြုလုပ်၏။ ထိုရေချိုးကသယ်မှုန့်ခဲ သည်အစေး ဖြစ်၍ ယိုမကျတော့သကဲ့သို့တည်း။

ဒုတိယဈာန်တွင် ပီတိသုခတို့သည် ဦးဆောင်ပါဝင်ကုန်၏။ ရဟန်းသည် ကြောင့်ကြစိုက်မှုမှ လွတ်ပြီး သမာဓိရှိရှိမှတ်သား ရသည့်အတွက် ဝိတက် ဝိစာရမရှိတော့ဘဲ သူ၏ခန္ဓာကိုယ်မှာ ပီတိသုခတို့သည် စိုစွတ်နေ၏။ ဤသို့ ဖြစ်နေခြင်းသည်ပင် ဒုတိယဈာန် ချမ်းသာဟု ခေါ်၏။ ဥပမာ နက်၍ စိမ့်ရေ စမ်းရေရှိသော ရေအိုင်ကြီးတစ်ခု၌ အရပ် လေးမျက်နှာမှ ရေဝင်ရန် ရေဝင်ပေါက် မရှိပေ။ အားလုံးလုံ၏၊ မိုးသည်လည်း သည်းထန်စွာ ရွာသွန်းခြင်း မရှိပေ။ သို့သော် ထိုရေအိုင်မှ အေးမြသော ရေသည် စိမ့်ထွက်၍ ထိုရေအိုင်ကို အေးမြစိုစွတ်စေ သကဲ့သို့တည်း။

တတိယဈာန်တွင် သုခ ဧကဂ္ဂတာတို့သည် ဦးဆောင်ပါဝင်ကုန်၏။ ရဟန်း သည် ဝိတက်ဝိစာရ ပီတိတို့ကို အလိုမရှိတော့ဘဲ သတိသမ္ပဇဉ်နှင့်ပြည့်စုံ၍ လျစ်လျူ ရှုလျက် ချမ်းသာကိုခံစား၏။ သူ၏ကိုယ်မှာ ပီတိသုခတို့သည် စိုစွတ်နေ၏။ ဤသို့ ဖြစ်ခြင်းကို တတိယဈာန်ချမ်းသာဟု ခေါ်၏။ ဥပမာ– ကြာအမျိုးပေါင်းစုံလှသော ကြာတော၌ ကြာအချို့သည် ရေ၌ ပေါက်ကာကြီးထွားလာကြ၏။ ရေအပေါ်သို့

http://www.dhammadownload.com



မပေါ်ဘဲ ရေထဲ၌သာ ဖွံ့ဖြိုးကြ၏။ ထိုကြာတို့သည် ရေထဲ၌ နေရသဖြင့် အဖျား အရင်းတိုင်အောင် အေးမြသော ရေဖြင့် စိုစွတ်နေသကဲ့သို့တည်း။

စတုတ္ထဈာန်တွင် ဥပေက္ခာသည် ဦးဆောင်ပါဝင်၏။ ရဟန်းသည် အရာ အားလုံး၌ ချမ်းသာဆင်းရဲမှုမရှိဘဲ ဥပေက္ခာကြောင့်ဖြစ်သည့် သတိ၏ စင်ကြယ် ခြင်းဖြင့် နေ၏။ သူ၏ကိုယ်မှာ သန့်ရှင်းဖြူစင်သောစိတ်ဖြင့် ပျံ့နှံ့စေ၍ နေ၏။ ဤသို့ဖြစ်ခြင်းကို စတုတ္ထဈာန် ချမ်းသာဟုခေါ်၏။ ဥပမာ- ယောကျာ်း တစ်ယောက်သည် ဖြူစင်သော အဝတ်ဖြင့် ဦးခေါင်းနှင့်အတူ တစ်ကိုယ်လုံးခြုံ၍ ထိုင်နေခဲ့သော် ထိုယောကျာ်းတစ်ကိုယ်လုံး၌ ဖြူစင်သော အဝတ်ဖြင့် ကိုယ်ငွေ့မပျံ့နှံ့ သောနေရာ မရှိသကဲ့သို့တည်း။ (သီ၊ ပါ၊ ၆၉၊ ၇၀၊ ၁၊)

## ၁၄။ ''ဝေံ မေ သုတံ'' ဆိုသဖြင့်ရလာသော တန်ဖိုးကား

'' ဝေံ မေ သုတံ'' ဟူသော စကားကို ဆိုသော ရှင်တော်ဂေါတမ၏ တပည့်သာဝက အရှင်အာနန္ဒာသည် ပရိယတ်သာသနာတော်၌ မယုံကြည်ခြင်းကို ပယ်ဖျောက်၏။ သဒ္ဓါတရားကို တိုးပွားစေ၏။ ဤသို့ တန်ဖိုးကြီး လှပါသည်။ (သီ၊ ၄၊ ၃၂)

## ၁၅။ ဘုရားရှင်တို့၏တရားဟောပုံအစီအစဉ်များ

ဒါနကထာ သီလကထာ သဂ္ဂကထာကို ရှေးဦးစွာ ဟောတော်မူ၏။ ထို့နောက် ကာမဂုဏ်တို့၏အပြစ်၊ ကာမဂုဏ်တို့၏ယုတ်နိမ့်ပုံ၊ ညစ်ညူးပုံတို့ကို ဟောတော်မူ၏။ ထို့နောက် ကာမဂုဏ်မှ ထွက်မြောက်ခြင်း၏ အကျိုးတို့ကို ဟောကြားတော်မူ၏။ (သီ၊ ပါ၊ ၁၀၂ )

## ၁၆။ အကိရိယဝါဒ

ဤဝါဒကို ထူထောင်သူကား ပုရဏကဿပဖြစ်သည်။ သူ၏ဝါဒကား ကုသိုလ်မရှိ၊ အကုသိုလ်မရှိ၊ အကြောင်းကို ပယ်သော လူမိုက်ကြိုက်ဝါဒဖြစ်သည်။ သူ၏ဝါဒသည် ဗုဒ္ဓ၏ ကမ္မဝါဒနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်၏။ ဂိုဏ်းဆရာကြီး (၆) ဦးတွင် သူသည် ဝါအရင့်ဆုံး ဂိုဏ်းဆရာကြီးဖြစ်သည်။ သူသည် ဂိုဏ်းဆရာကြီးမဖြစ်မီက အစေခံတစ်ဦး ဖြစ်ဖူးသည်။ (သီ ၊ ပါ ၊ ၄၈ )

http://www.dhammadownload.com



၁၇။ **အဟေတုကဝါဒ**

ဤဝါဒကို ထူထောင်သူကား မက္ခလိဂေါသာလဖြစ်သည်။ သူ၏ဝါဒကား အကြောင်းအကျိုးကို ပယ်သောဝါဒ ဖြစ်သည်။ ဗုဒ္ဓသည် မက္ခလိဂေါသာလကို ဤသို့ ပြောဖူး၏။ ''သာသနာတော်ကို အကြီးမားဆုံးအန္တရာယ်ပြုနိုင်သူမှာ မက္ခလိဂေါသာလသာတည်း'' ဟု မိန့်တော်မူ၏။ ဗုဒ္ဓအမြင်တွင် မက္ခလိဂေါသာလနှင့် သူ၏တပည့်များသည် အယုတ်ဆုံးဟု ဆိုရမည်။ သူသည်လည်း ဂိုဏ်းဆရာကြီး မဖြစ်မီက အစေခံတစ်ဦးဖြစ်ဖူးသည်။ (သီ၊ ပါ၊ ၅၀)

၁၈။ **နတ္ထိဝါဒ**

ဤဝါဒကို ထူထောင်သူကား အဇိတကေသကမ္ဗလဖြစ်သည်။ သူ၏ဝါဒကား အကျိုးကို ပယ်သောဝါဒ ဖြစ်သည်။ သူသည်လည်း ဂိုဏ်းဆရာကြီးမဖြစ်မီက အစေခံတစ်ဦး ဖြစ်ဖူးသည်။ (သီ၊ ပါ၊ ၅၁)

၁၉။ **နိဂဏ္ဌနာဋပုတ္တ**

နိဂဏ္ဌနာဋပုတ္တသည် ဗုဒ္ဓထက်အသက်အနည်းငယ်ကြီး၏။ ဗုဒ္ဓကဲ့သို့ ခတ္တိယမျိုးဖြစ်၍ ဝေသာလီမြို့၌ မွေးဖွား၏။ အရွယ်ရောက်သော် တောထွက်၍ တရားကျင့်ကြံ အားထုတ်ပြီးလျှင် ဘုရားအဖြစ်သို့ ရောက်သည် ဆို၏။ သူသည် မိုးရာသီမှ ဝေသာလီ, သာဝတ္ထိနှင့် ရာဇဂြိုဟ်မြို့များတွင် သီတင်းသုံး၍ အခြားကာလများ၌ တစ်နေရာမှ တစ်နေရာသို့ လှည့်လည်သွားကာ တရားဟောပြ၏။ သို့ဖြင့် ကောသလ၊ မဂဓ၊ ဝိဒေဟနှင့် အင်္ဂတိုင်းများတွင် နှစ်ပေါင်း (၃၀)တိုင်အောင် လှည့်လည်ဟောပြောပြီးနောက် ပါဝါမြို့တွင် ပျံလွန်တော်မူသည်ဟုဆို၏။

သူ့ဝါဒ၏အလိုအားဖြင့် လူသတ္တဝါတို့၏ သံသရာဝဋ်ဆင်းရဲဒုက္ခသည် နာမ်ဝိညာဏ်နှင့်ရုပ်တရားတို့ ပေါင်းစပ်နေမှုကြောင့် ဖြစ်သည်။ နာမ်သည် ရုပ်တရား၏ ရစ်ပတ်နှောင်ဖွဲ့ခြင်းကို ခံနေရသောကြောင့် သံသရာ၌ တဝဲလည်လည် သွားလာကူးပြောင်းနေရ၏။ ရုပ်တရား၏ အနှောင်အဖွဲ့မှ လွတ်မြောက်ရန် ကမ္မအသစ်ကို မဖြစ်စေဘဲ ကမ္မအဟောင်းကို ဖျက်ဆီးပစ်ရန် အရေးကြီး၏။ သို့ဖြစ်၍ ဂိုဏ်းရဟန်းတို့သည် မိမိတို့ကိုယ်ကို မသနားမညှာတာဘဲ ညှင်းပန်းနှိပ်စက်မှသာလျှင် ရှေးဘဝ

http://www.dhammadownload.com



များစွာက ပြုလုပ်စုဆောင်းလာခဲ့သော ကမ္မသတ္တိအစိုင်အခဲသည် ပျက်သုဉ်းလိမ့်မည်ဟု ယုံကြည်ကြ၏။

သူသည်အဇာတသတ်မင်းအား သူ၏တရားကို ဤသို့ရှင်းလင်းဖော်ထုတ်၏။ ''မင်းကြီး ဤလောက၌ နိဂဏ္ဌသည် လေးမျိုးသော စောင့်စည်းခြင်းဖြင့် စောင့်စည်း၏။ မင်းကြီးနိဂဏ္ဌသည် လေးမျိုးသော စောင့်စည်းခြင်းဖြင့် အဘယ်သို့ စောင့်စည်းသနည်း''ဟူမူ မင်းကြီး ဤလောက၌ နိဂဏ္ဌသည် အလုံးစုံသော ရေအေးကို တားမြစ်၏။ မကောင်းမှုကို အလုံးစုံတားမြစ်၏။ မကောင်းမှုကို အလုံးစုံ တားမြစ်ခြင်းဖြင့် ပယ်ခွါပြီးဖြစ်၏။ မကောင်းမှုကို အလုံးစုံ တားမြစ်ခြင်းဖြင့် လွတ်မြောက်ရာကို တွေ့ပြီးဖြစ်၏။ မင်းကြီး ဤလေးမျိုးသော စောင့်စည်းခြင်းဖြင့် စောင့်စည်းပြီးသော ဤနိဂဏ္ဌနာဋ္ဌပုတ္တကို အထွတ်အထိပ်သို့ ရောက်သောစိတ်ရှိသူ တည်ကြည်သော စိတ်ရှိသူ'' ဟု ဆိုအပ်၏။ (သီ၊ ပါ၊ ၅၃)

## အဇာတသတ်သည် မိမိအပြစ်ကိုသိ၍ ဘုရားအား လျှောက်ကြားရာ၌ ဘုရားရှင်က ချီးကျူးပုံနှင့် အဇာတသတ်၏ အနာဂတ်အရေး

အဇာတသတ်မင်းက ဘုရားရှင်ကို လျှောက်ထားသည်မှာ ''အရှင်ဘုရား မိုက်သည့်အလျောက်၊ တွေဝေသည့်အလျောက်၊ မလိမ္မာသည့်အလျောက်၊ တပည့်တော်ကို ကျူးကျော် စော်ကားပြစ်မှားမှုက အပြစ်သင့် ရောက်ခဲ့ပါပြီ။ တရားရှင်ဖြစ်သော ဓမ္မရာဇ်ခေါင်ဖျား ဘခမည်းတော်ဘုရားကို အာဏာမက်သဖြင့် အသက်သေအောင်သတ်မိခဲ့သော တပည့်တော်၏အပြစ်ကို နောက်သို့ မပြုမလုပ် ထိန်းချုပ်စောင့်စည်းမှုအတွက် အပြစ်တစ်ခုဟု ရှုမှတ် အသိအမှတ်ပြုတော်မူပါဘုရား''ဟု လျှောက်ထား၏။

ထိုအခါဘုရားရှင်က ''မင်းကြီးမိုက်သည့်အလျောက်၊ တွေဝေသည့်အလျောက်၊ မလိမ္မာသည့်အလျောက် သင်မင်းကြီးကို ကျူးကျော်စော်ကား ပြစ်မှုများက အပြစ်သင့် ရောက်ခဲ့လေပြီ။ သင်မင်းကြီးသည် တရားရှင်ဖြစ်သော ဓမ္မရာဇ်ခေါင်ဖျား ဘခမည်းတော် ဘုရားကို အသေသတ်မိခဲ့လေပြီ။ ဤသို့ သတ်မိသဖြင့် သင့်ရောက်သော အပြစ်ကို အပြစ်ဟု ရှုမြင်၍ တရားနှင့်အလျော် သင်မင်းကြီး

http://www.dhammadownload.com



ကုစားခဲ့ပြီ။ ဤသို့ သင်မင်းကြီး၏ အပြစ်ကို အပြစ်ဟု ဝန်ချကန်တော့မှုကို ငါတို့က အသိအမှတ်ပြု၏။ မင်းကြီး သူတော်မြတ်မှန်သမျှ၏ ယဉ်ကျေးမှုနယ်ပယ်တွင် အပြစ်ကို အပြစ်ဟု အမှန်အတိုင်း ရှုမြင်၍ တရားနှင့်အလျော် ကုစားခြင်း၊ နောင်တစ်ဖန် မပြုမလုပ် ထိန်းချုပ်စောင့်စည်းခြင်းကား ပစ္စုပ္ပန်တမလွန် နှစ်တန်အကျိုး တိုးပွားစည်ပင်ကြောင်း ကောင်းလေစွ၊ ကောင်းလေစွ''ဟု မိန့်ဆိုချီးကျူး ပြောဟောခဲ့လေသည်။ (သီ၊ ပါ၊ ၈၀)

အဇာတသတ်သည် မြတ်စွာဘုရား ဟောတော်မူသော သာမညဖလသုတ်ကို ကြားနာပြီးသည့်အဆုံး၌ သောတာပန်ဖြစ်နိုင်သော်လည်း လူမိုက်ကြီးဒေဝဒတ်နှင့် ပေါင်း၍ အဖကို သတ်ခဲ့သောကြောင့် သောတာပန်မဖြစ်နိုင်တော့ပေ။ အဇာတသတ်သည် သာမညဖလသုတ်တော်ကို ကြားနာပြီး ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်လာ သူတစ်ယောက် ဖြစ်ခဲ့သည်။ သာသနာတော်ကိုလည်း ချီးမြှောက်ထောက်ပံ့ခဲ့သည်။ ပုထုဇဉ်တို့၏ သဒ္ဓါတရားများတွင် အဇာတသတ်မင်း၏ သဒ္ဓါတရားသည် အသာလွန် ဆုံးဖြစ်သည်။ သူ၏ သဒ္ဓါတရားကို မှီသူတစ်ယောက်မျှ မရှိပေ။ သူသည် အဖကို သတ်ခဲ့သောကြောင့် လောဟကုမ္ဘီငရဲ၌ အနှစ်ခြောက်သောင်း ကျခံရမည်။ ဤသာမညဖလသုတ်တော်ကို ကြားနာရခြင်းကြောင့် ထိုငရဲမှ လွတ်မြောက်ကာ ပါရမီဖြည့်ဆည်း၍ ဝိဇိတာဝီမည်သော ပစ္စေကဗုဒ္ဓါဖြစ်ပြီး ပရိနိဗ္ဗာန်ပြုလတံ့။ (သီ၊ ဌ၊ ၂၁၂)

## ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ရပုံကို ဥပမာဖြင့် ပြရသော်

စတုတ္ထဈာန်ကို ရပြီးသော ရဟန်းသည် စိတ်တည်ကြည်စင်ကြယ်လျက် ရှိ၏။ ထိုသို့ စင်ကြယ်သောကြောင့် ပြိုးပြိုးပြက်ပြက် အရောင်ထွက်သကဲ့သို့ ဖြူစင်နေ၏။ ရာဂဒေါသစသော ကိလေသာအညစ်အကြေး မရှိ။ ထိုကဲ့သို့ အညစ်အကြေး မရှိသောကြောင့် ထိုထိုကောင်းသောအမှုကို ပြုရာဝယ် ခံနိုင်ရည်ရှိ၏။ (ဝါ) လွန်စွာ ငြိမ်းအေး၏။ ထိုသို့ခံနိုင်ရည်ရှိ၍ ငြိမ်းအေးသောကြောင့် နူးညံ့ခိုင်ခံ့စိတ်တည်တံ့လာ၏။ ခိုင်ခံ့တည်တံ့လာသောကြောင့် တုန်လှုပ်ချောက်ချား ပျက်ပြားခြင်းမရှိတော့ပေ။ ဤမျှလောက် စိတ်အခြေအနေ ကောင်းမွန်နေသောအခါ စတုတ္ထဈာန်ရပြီးသော ထိုရဟန်းသည် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြစ်ပေါ်လာဖို့ရာ စိတ်ကို ပုဗ္ဗေနိဝါသာ

http://www.dhammadownload.com



နုဿတိဉာဏ်သို့ ရှေ့ရှု ဆောင်ပြန်၏။ ထိုသို့ အားထုတ်သော ရဟန်းသည် အမျိုးမျိုး အဖုံဖုံဖြစ်သော ရှေးခန္ဓာအစဉ်ကို အဆက်မပြတ် အောက်မေ့နိုင် မှတ်မိနိုင်လေသည်။

ဥပမာအားဖြင့် ဆိုရသော် ယောကျ်ားတစ်ယောက်သည် မိမိ၏ ရွာမှတခြား တစ်ရွာသို့ သွားရာ၏။ ထိုအခြားတစ်ရွာမှလည်း အခြားတစ်ရွာသို့ တစ်ဖန်သွားပြန်၏။ ထိုယောကျ်ားသည် ထိုအခြားတစ်ရွာမှ မိမိရွာသို့သာ တန်းတန်းမတ်မတ် ပြန်လာ ကြ၏။

ထိုယောကျ်ားသည် ပြန်ရောက်ပြီးနောက် မိမိသွားခဲ့သော ခရီးစဉ်ကိုပြန်၍ စဉ်းစားသောအခါ ဤသို့ ပေါ်လာ၏။ "ငါသည် မိမိရွာမှ မည်သည့်ရွာသို့ သွားခဲ့၏။ ထိုရွာ၌ ဤသို့ ရပ်နေခဲ့၏။ ဤသို့ ထိုင်နေခဲ့၏။ ဤသို့ စကားပြောခဲ့၏။ ဤသို့ တိတ်ဆိတ် နေခဲ့၏။ ထိုရွာမှ တစ်ဖန်အခြား မည်သည့်ရွာသို့ သွားခဲ့၏။ ထိုရွာ၌လည်း ဤသို့ရပ်ခဲ့၊ ထိုင်ခဲ့၊ စကားပြောခဲ့၊ တိတ်တိတ်နေခဲ့၏။ ထိုရွာမှ မိမိရွာပြန်ခဲ့သည်" ဤသို့ မှတ်မိရာ၏။ ထို့အတူ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ကို ရပြီးသော ရဟန်းသည်လည်း မိမိ၏ရှေးဘဝတို့၌ တွေ့ကြုံခံစားခဲ့ရသမျှ အဖြစ်အပျက် အားလုံးကို ပြန်၍ အောက်မေ့မှတ်မိနိုင်လေသည်။ (သီ၊ ပါ၊ ရ၆။ ၄၊၂၀၀)

### အမျိုးလေးပါး (ခတ္တိယ၊ ဗြာဟ္မဏ) စတင်ဖြစ်ပေါ်လာပုံနှင့် ခတ္တိယမျိုးမြင့်မြတ်ပုံ

သာကီဝင်မင်းသားတို့သည် ဥက္ကာကမင်းကို အဘိုးအရာ၌ ထားကြ၏။ ဥက္ကာကမင်းသည် တစ်ခါက မိမိချစ်မြတ်နိုးသော မိဖုယား၏ သားတော်အား မင်းအဖြစ်ကို ပေးလိုသဖြင့် သားတော်ကြီးလေးယောက်တို့ကို တိုင်းပြည်မှ နှင်ထုတ် ခဲ့၏။ ထိုသားတော်ကြီးများသည် ဟိမဝန္တာတောစပ်ရှိ ကျွန်းတောကြီးတစ်ခု၌ နေထိုင်ကြသည်။ အမျိုးပျက်မည်စိုးသဖြင့် မိမိတို့နှမတော်များနှင့် အိမ်ထောင်ပြု ကြသည်။ ထိုအကြောင်းကို ခမည်းတော် ဥက္ကာကမင်းကြီး ကြားသိလျှင် "ငါ့သား တော်တို့သည် မိမိအမျိုးကို စောင့်ထိန်းရန် စွမ်းနိုင်ကြပါပေကုန်စွ"ဟူ၍ ဝမ်းမြောက် စကားကို မြွက်ဆို၏။ ထိုစကားကို အစွဲပြု၍ သာကီဝင်မင်းမျိုးတို့သည် "သကျ"ဟူ၍ ထင်ရှားလာကြခြင်းဖြစ်သည်။

http://www.dhammadownload.com



**မေး။** ဗုဒ္ဓမတိုင်မီနှင့် ဗုဒ္ဓလက်ထက်ဘာသာရေး အယူဝါဒ အခြေအနေကို တင်ပြပါ။

**ဖြေ။** အိန္ဒိယပြည်တွင် ဘီစီ (၆) ရာစုနှစ်လောက်က သကျသာကီဝင်အမျိုးအနွယ်မှ ဆင်းသက်လာသော မင်းသားတစ်ပါးကို အကြောင်းပြု၍ ဗုဒ္ဓအယူဝါဒ ပေါ်ပေါက်ခဲ့၏။ ၎င်းမတိုင်မီ အိန္ဒိယပြည်တွင် ဗြာဟ္မဏအယူဝါဒသည် အမြစ်တွယ်ပြီး ဖြစ်နေပါသည်။ ယင်းနှင့်ပတ်သက်၍ အိန္ဒိယပြည်တွင် ဗုဒ္ဓမပွင့်မီ အခြေအနေနှင့် ဗုဒ္ဓပွင့်တော်မူပြီး အခြေအနေတို့ကို အကဲခတ်ရန် လိုပေသည်။ အကြောင်းမှာ ဗုဒ္ဓဝါဒသည် ဗြာဟ္မဏနှင့် ဗြာဟ္မဏမဟုတ်သူတို့ အကြားမှာ ပေါ်ပေါက်လာသောကြောင့် ဖြစ်ပေသည်။

ရှေးခေတ် ဗြာဟ္မဏများ၏ အကြောင်းအရင်းများကို သုတ္တနိပါတကျမ်းတွင် တွေ့ရှိရသည်။ ၎င်းတို့သည် ရသေ့များဖြစ်ပြီး ဓမ္မတေးများကို ဖွဲ့ဆိုရာ၌ ပဓာနကျသူများ ဖြစ်ကြောင်း၊ အင်္ဂီရသရသေ့အနွယ်နှင့် အာထဗ္ဗ, ဗဟုအမျိုးအနွယ်၌ ပါဝင်ကြောင်း၊ အနောက်တိုင်းပညာရှင်တို့က ယင်းတို့ကို'' အင်ဒိုအာရိယန်ဘုန်းကြီးများ''ဟု သတ်မှတ်ကြောင်း၊ လူနှင့်နတ်တို့အကြား ဆောင်ရွက်ပေးသူများဖြစ်၊ တစ်နည်းဆိုရမူ လူတစ်ပိုင်း နတ်တစ်ပိုင်းဟု ခေါ်နိုင်ကြောင်း၊ သူတို့သည် မိမိကိုယ်ကို ထိန်းချုပ်မှုနှင့် ယဇ်ပူဇော်မှုကို ပြုလုပ်ကြောင်း၊ ပျားရည်နှင့်သာ ပူဇော်ကြောင်း သိရသည်။

ယဇ်ပူဇော်မှုကို ရိဂ်ဝေဒ ခေါ် ကုရုဝါဒ ပြုစုမပြီးမီ ဗြဟ္မန် အဓွရ္ယု, ဟောတ္တ ဘုန်းကြီးများက အခကြေးငွေ ယူကာ ပြုလုပ်ပေးကြောင်း၊ ရိဂ်ဝေဒ ပေါ်လာချိန်၌ ယဇ်ပူဇော်မှုသည် တစ်စတစ်စကျယ်ပြန့်လာပြီး အခကြေးငွေများကို ပိုမိုများလာသောကြောင့် ရိဂ်ဝေဒ ပေါ်ပေါက်စဉ်က ယဇ်ပူဇော်မှု ဝတ္ထုပစ္စည်းမှာ ဆန်, ထောပတ်များ, အိမ်ယာနေရာ အဝတ်အစားများသာ ဖြစ်ကြသည်။ နောက်ပိုင်းတွင် တိရစ္ဆာန်များသည် ယဇ်ပူဇော်မှုဆိုင်ရာ သားကောင်များအဖြစ် ပြောင်းလဲလာကြသည်။ သုတ်တော်တစ်ခုတွင် ဗုဒ္ဓကဂျူကို ယဇ်ပူဇော်ရာ အကောင်းဆုံးပစ္စည်း ဖြစ်ကြောင်း အကြံပေးထားသည်ကို တွေ့ရသည်။

အာရညကခေတ်တွင် ယဇ်ပူဇော်မှုထက် တောထဲသို့ ဝင်ရောက်ကာ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းခြင်းနှင့် ဝေဒဆိုင်ရာ ဂါထာမန္တရားများကို ရွတ်ဆို ကျင့်ကြံ

http://www.dhammadownload.com



နေထိုင်ခြင်းက များလာ၏။ ဝိနည်းပိဋကတွင် ဥရုဝေဠကဿပသည် ဗုဒ္ဓဘာသာဝင်မဖြစ်မီ ကြီးစွာသော ယဇ်ပူဇော်မှု (အဂ္ဂိဟုတံ မဟာယညံ) ကို ပြုလုပ်ခဲ့ကြောင်း တွေ့ရသည်။

သံယုတ္တနိကာယတွင် ပသေနဒီကောသလမင်းကြီးက နွား၊ ဆိတ်၊ သိုးများစွာဖြင့် ယဇ်ပူဇော်ခဲ့ကြောင်း၊ ဒီဃနိကာယ်တွင်လည်း မဟာသာလပုဏ္ဏားသည် ဗိမ္ဗိသာရမင်း၏ အထောက်အပံ့ဖြင့် အထက်ပါကဲ့သို့ ယဇ်ပူဇော်ခဲ့ကြောင်း၊ သုဘသုတ်တော်တွင် ဗြာဟ္မဏများသည် တရား ၅-ပါးကို စောင့်ထိန်းကြရာ ယင်းတို့မှာ (၁) တစ္စ-မှန်ကန်မှု၊ (၂) တပ-တပအကျင့်၊ (၃) ဗြဟ္မစရိယ-မြတ်သောအကျင့်၊ (၄) အဇ္ဈေန-လေ့လာသင်ကြားမှု (၅) စာဂ-စွန့်ကြဲမှုတို့ဖြစ်ကြောင်း၊ မဟာဂေါဝိန္ဒသုတ်အရ ဗြာဟ္မဏတို့၏ ပန်းတိုင်မှာ ဗြဟ္မာပြည်သို့ ရောက်ရှိရန်ဖြစ်ကြောင်း ယင်းသို့ ရောက်ရှိရန် ယဇ်ပူဇော်ခြင်း၊ တပအကျင့်ကို ကျင့်သုံးခြင်းတို့ ပြုလုပ်ရကြောင်း သိရလေသည်။

ယဇ်ပူဇော်ခြင်းနှင့်အတူ နတ်များကို ရှိခိုးပူဇော်ကြသော အလေ့အထများရှိနေကြောင်း သိရ၍၊ ၎င်းနတ်တို့မှာ ဣန္ဒ, ဝရုဏနှင့် စတုလောကပါလနတ် (၄)ပါးတို့အပြင် ထင်ရှားသော မြစ်များဖြစ်သည့် ဂင်္ဂါ, ဖဂ္ဂု, ဗာဟုကာ, သရဿတီ မြစ်ထဲဆင်း၍ ငုပ်လျှိုးရေချိုးခြင်းဖြင့် သန့်ရှင်းစင်ကြယ်သည်ဟု ယူဆကြသူများ ရှိနေကြပြန်သည်။

ယင်းအကြောင်းအရာတို့အနက် ဗုဒ္ဓ၏ တရားဟောပြောမှုကြောင့် ဒန္တပုဏ္ဏား, ဥရုဝေဠကဿပ, ပသေနဒီကောသလစသော ပုဂ္ဂိုလ်များသည် ၎င်းတို့ပြုလုပ်ခဲ့သော ယဇ်ပူဇော်ပွဲများအတွက် နောင်အခါ တရားရရှိကာ ဗုဒ္ဓထံမှောက် ဥပါသကာအဖြစ် ခံယူကြသူများ ဖြစ်လာကြကြောင်း သိရှိရလေသည်။

အထက်ဖော်ပြပါ နိကာယ်များတွင် တွေ့ရသောအချက်ကို ထောက်၍ ဝေဒနှင့်ပတ်သက်သော ဘာသာရေးနှင့် ဗြာဟ္မဏတို့နှင့်ပတ်သက်သော ယဇ်ပူဇော်မှုနှစ်ခုလုံးပင် ဗုဒ္ဓဘာသာ ထင်ရှားပေါ်ပေါက်မလာမီနှင့် ပေါ်ပေါက်လာသောအချိန်တွင် ၎င်းတို့သည် ထင်ရှားလာခဲ့ကြောင်း တွေ့ရှိနိုင်ပါတော့သည်။

http://www.dhammadownload.com



**မေး။** ဒိဋ္ဌဓမ္မ နိဗ္ဗာန်ဝါဒ ခေါ် မျက်မှောက်လောကီ နိဗ္ဗာန်ဝါဒ၏ ယူဆပုံများကို ဖော်ပြပါ။

**ဖြေ။** ၁။ ထင်ရှားသော သတ္တဝါ၏ အမြတ်ဆုံး မျက်မှောက်လောကီ နိဗ္ဗာန်ကို ၅-မျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏။ ဤအတ္တသည် ကာမဂုဏ် ၅-ပါးတို့ဖြင့် ကုံလုံပြည့်စုံစွာ ပျော်ရွှင်ခံစားရ၏။ မျက်မှောက်လောကီ နိဗ္ဗာန်သို့ ရောက်၏။ ဤမျှဖြင့် ဤအတ္တသည် အမြတ်ဆုံးဟု ဆိုလေ့ရှိ၏။

၂။ ကာမဂုဏ်ငါးပါးတို့ဖြင့် ကုံလုံပြည့်စုံစွာ ခံစားရသော်လည်း အမြတ်ဆုံး လောကီ မျက်မှောက်နိဗ္ဗာန်သို့ မရောက်သေး၊ အဘယ့်ကြောင့်ဆိုသော် ကာမဂုဏ်တို့သည် မမြဲ၊ ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း၊ ပြင်းစွာပူပန်ခြင်း ဖြစ်ကုန်၏။ ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း ကြောင့်ဖြစ်သော နှစ်သက်ခြင်း ပီတိ၊ ချမ်းသာခြင်းသုခရှိသော ပဌမစျာန်သို့ ဤအတ္တသည် ရောက်၍နေ၏။ ဤမျှဖြင့် ဤအတ္တသည် အမြတ်ဆုံး မျက်မှောက် လောကီနိဗ္ဗာန်သို့ ရောက်နေ၏ဟု ဆိုလေ့ရှိ၏။

၃။ ဤပဌမစျာန်၌ ဝိတက်၊ ဝိစာရရှိသောကြောင့် ထိုစျာန်၌ ကြမ်းတမ်း၏။ ယင်းတို့ငြိမ်းအေးခြင်းကြောင့် စိတ်ကြည်ခြင်း သမာဓိကို ပွားစေတတ်သော ဝိတက် ဝိစာရ မရှိသော တည်ကြည်သော သမာဓိကြောင့်ဖြစ်သော ပီတိသုခရှိသော ဒုတိယ စျာန်သို့ ရောက်၍နေ၏။

၄။ ထိုဒုတိယစျာန်၌ ပီတိဟူသော စိတ်တက်ကြွခြင်းရှိသောကြောင့် ထိုစျာန်ကို ကြမ်းတမ်း၏ဟု ဆိုရ၏။ ဤအတ္တသည် ပီတိကို မတပ်မက်ခြင်းကြောင့် သတိ သမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှု၍နေ၏။ သုခကိုလည်း စျာန်တို့ဖြင့် စံစား၏။ ထိုတတိယ စျာန်ကြောင့် ထိုသူကို လျစ်လျူရှုသူ၊ သတိရှိသူ၊ ချမ်းသာစွာ နေလေ့ ရှိသူဟု ပြောကြားကုန်၏။

၅။ ထိုတတိယစျာန်သို့ အတ္တသည် ရောက်၍ နေ၏။ ထိုတတိယစျာန်၌ ချမ်းသာ ဟု နှလုံးသွင်းခြင်းရှိသောကြောင့် ထိုစျာန်ကို ကြမ်းတမ်း၏ဟု ဆိုအပ်၏။ ထိုအတ္တ သည် ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်၎င်း၊ လျစ်လျူရှုခြင်းကြောင့်၎င်း ဖြစ်သည်။ သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထစျာန်သို့ ရောက်၍နေရာ ဤမျှဖြင့် ဤအတ္တ သည် အမြတ်ဆုံး မျက်မှောက် နိဗ္ဗာန်သို့ ရောက်နေ၏ဟု ဆိုလေ့ရှိ၏။

http://www.dhammadownload.com



**မေး။** တင်းတိမ်ရောင့်ရဲခြင်းကို အရာရာတိုင်း၌ ကျင့်သုံးအပ်ပါသလော၊ မည်သို့သော အရာတို့၌ ကျင့်သုံးပါသနည်း။

**ဖြေ။** (၁) ယထာလာဘသန္တောသ = ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ရတာနှင့် ရောင့်ရဲခြင်း၊ နောက်ထပ်ရသည်ကို လည်း မလိုလားခြင်း၊ အဆင်သင့်ရသည်ကို လည်း ပေးဝေခြင်း။

(၂) ယထာဗလသန္တောသ = မိမိမှာ ရောဂါကြောင့်ဖြစ်စေ၊ အို၍ဖြစ်စေ၊ အားနည်းနေသဖြင့် ထူသောအဝတ်သင်္ကန်းကို မဝတ်နိုင်၍ ပါးသော အဝတ်သင်္ကန်းကိုသာ ဝတ်နိုင်သောကြောင့် အထူရလျှင် အပါးနှင့်လဲလှယ်သုံးစွဲခြင်း။

(၃) ယထာသာရုပ္ပသန္တောသ = အကောင်းရလျှင် ထိုအကောင်းကို ဆရာတော်များနှင့်ဂိလာနစသူတို့အား လှူ၍ မိမိမှာ တော်ရုံလျော်ရုံနှင့် ရောင့်ရဲခြင်း ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်ဆေးတို့ဖြင့် ရောင့်ရဲခြင်း။

ပစ္စည်းလေးပါးတို့၌ ရောင့်ရဲကြပါ။ တရား၌ မရောင့်ရဲကြကုန်လင့်ဟု သန္တောသ သုံးပါးကို ပြဆိုထားသောကြောင့် အရာရာတိုင်း၌ ရောင့်ရဲမှုကို မကျင့်သုံးအပ်ပါ။

**မေး။** ဒိဋ္ဌိ (၆၂) ပါးတို့ကို ပုဗ္ဗန္တာနုဒိဋ္ဌိ/ အပရန္တာနုဒိဋ္ဌိအားဖြင့် ခွဲခြားပြခဲ့ပါ။

**ဖြေ။ ပုဗ္ဗန္တာနုဒိဋ္ဌိ ၁၈ မျိုး**

၁။ သဿတဒိဋ္ဌိ ၄-မျိုး၊

၂။ ဧကစ္စသဿတဒိဋ္ဌိ ၄-မျိုး၊

၃။ အန္တာနန္တဒိဋ္ဌိ ၄-မျိုး၊

၄။ အမရာဝိက္ခေပဒိဋ္ဌိ ၄-မျိုး၊

၅။ အဓိစ္စသမုပ္ပ (အကြောင်းမဲ့ဝါဒ) နှစ်မျိုးအားဖြင့် (၁၈) မျိုးဖြစ်ပါသည်။

http://www.dhammadownload.com



အပရန္တာနုဒိဋ္ဌိ ၄၄ မျိုး

၁။ ဥဒ္ဓမာဃာတနိက သညီဝါဒ – သေပြီးနောက်သညာရှိအယူ ၁၆–မျိုး၊

၂။ ဥဒ္ဓမာဃာတနိက အသညီဝါဒ ၈–မျိုး၊

၃။ ဥဒ္ဓမာဃာတနိက နေဝသညီနာသညီဝါဒ ၈–မျိုး၊

၄။ ဥစ္ဆေဒဝါဒ ၇–မျိုး၊

၅။ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ၅–မျိုးအားဖြင့် ၄၄ –မျိုး ဖြစ်သည်။

မေး။ သာမညဖလသုတ်တော်ကို မည်သည့်အတွက်ကြောင့် ဟောကြားရခြင်းကို ဖော်ပြ၍ မျက်မှောက်ဘဝ၌ ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ရကျိုးကိုလည်း ဖော်ပြပါ။

ဖြေ။ ရှေးဦးစွာ မျက်မှောက်ဘဝ၌ ရအပ်သော ရဟန်းဖြစ်ရကျိုး –

(၁) ကျွန်အမှုလုပ်က မင်းကြီး၏ ဘဝကိုအားကျ၍ ကောင်းမှုပြုရန် ရဟန်းဝတ်ပြီး ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို စောင့်စည်း၍ ရောင့်ရဲတင်းတိမ်ကာ ဆိတ်ငြိမ်ရာ၌ မွေ့လျော်နေပါက မင်းကြီးသည် ထိုရဟန်းကို အမှုအစေအပါးပြုလုပ်ရန် ပြန်ခေါ်ခွင့် မရတော့ဘဲ ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုပြုခြင်း၊ နေရာထိုင်ခင်းပေးခြင်းဖြင့် ဖိတ်ကြားခြင်း၊ ပစ္စည်းလေးပါးတို့ဖြင့် ဖိတ်ကြားခြင်း၊ တရားသဖြင့် စောင့်ရှောက်ခြင်း၊ ဘေးရန်ကို ကာမြစ်ပေးခြင်း၊ လုံခြုံအောင် စီမံခြင်းများကို ပြုလုပ်ပေးရပါမည်။ ဤကား ပထမမျက်မြင်လက်တွေ့ ရဟန်းပြု ရကျိုးဖြစ်ပေသည်။

(၂) အခွန်ထမ်းလယ်သမားက မင်းကြီး၏ဘဝကို အားကျ၍ ကောင်းမှုပြုရန် ရဟန်းဝတ်သွားပြီး ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို စောင့်စည်း၍ ရောင့်ရဲတင်းတိမ်ကာ ဆိတ်ငြိမ်ရာ၌ မွေ့လျော်နေပါလျှင် မင်းကြီးက အခွန်အထမ်း လယ်သမားဖြစ်စေရန် ထိုရဟန်းကို ပြန်ခေါ်ခွင့်မရတော့ဘဲ ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုပြုခြင်း (ပ) ပြုလုပ်ပေး ရပါမည်။ ဤကား ဒုတိယမျက်မြင်လက်တွေ့ ရဟန်းပြုကျိုးဖြစ်ပေသည်။

မေး။ သာသနာတော်၌ သစ်သီးသစ်ဥတို့ကို စား၍ ရသေ့ပြုလုပ်ခြင်းသည် သာသနာကို ဖျက်ဆီးရာရောက် မရောက် ကျိုးကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

ဖြေ။ အတုမဲ့ ဝိဇ္ဇာစရဏ၏ ပြည့်စုံခြင်း၌ ပျက်စီးကြောင်းလေးပါးတို့ ရှိကြသည်။ ထိုပျက်စီးကြောင်း ၄–ပါးတို့မှာ –

http://www.dhammadownload.com



(၁) ဤလောက၌ အချို့သော ရဟန်းပုဏ္ဏားတို့သည် ဤအတုမဲ့ ဝိဇ္ဇာစရဏ၏ ပြည့်စုံခြင်းကို မမိနိုင်သည်ဖြစ်၍ အထူးထူးသော ရသေ့ပရိက္ခရာတို့ဖြင့် ထမ်းပိုးကို ထမ်း၍ အလိုလိုကြွေကျသော သစ်သီးကို စားသောက် နေထိုင်မည်ဟု တောအုပ်ကြီးသို့ ဝင်၏။ ဤသစ်သီးစား ရသေ့ပြုလုပ်ခြင်းသည် ပထမပျက်စီးကြောင်း ဖြစ်၏။

(၂) ထိုမှတစ်ပါး ဤလောက၌ အချို့သော ရဟန်းပုဏ္ဏားတို့သည် အတုမဲ့ ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်းနှင့် သစ်သီးစား ရသေ့အကျင့်မျိုးကို မမိနိုင်သဖြင့် သစ်သီးသစ်ဉ၊ သစ်ဖုတို့ကို စားသောက် နေထိုင်မည်ဟု ပေါက်တူးခြင်းတောင်းတို့ကို ယူ၍ တောနက်ကြီးသို့ ဝင်၏။ ဤသစ်ဉသစ်ဖုစား ရသေ့ပြုလုပ်ခြင်းသည်လည်း အတုမဲ့ ဝိဇ္ဇာစရဏနှင့် ပြည့်စုံသူ၏ ဒုတိယပျက်စီးကြောင်း ဖြစ်၏။

(၃) ထိုမှတစ်ပါး ဤလောက၌ အချို့သော ရဟန်းပုဏ္ဏားတို့သည် အတုမဲ့ဝိဇ္ဇာ စရဏနှင့် ပြည့်စုံခြင်း၊ သစ်သီးစား ရသေ့အဖြစ်နှင့် သစ်ဉသစ်ဖု စားရသေ့ အဖြစ်ကိုလည်း မမိနိုင်သဖြင့် ရွာနိဂုံး၏အနီး၌ မီးတင်းကုပ်ကို ဆောက်လုပ်ပြီးလျှင် မီးကို လုပ်ကျွေး၍ နေထိုင်၏။ ဤမီးကို လုပ်ကျွေးသော ရသေ့ပြုလုပ်ခြင်း သည်လည်း အတုမဲ့ ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်း၏ တတိယပျက်စီးကြောင်း ဖြစ်သည်။

(၄) ထိုမှတစ်ပါး ဤလောက၌ အချို့သော ရဟန်းပုဏ္ဏားတို့သည် အတုမဲ့ ဝိဇ္ဇာစရဏနှင့် မီးလုပ်ကျွေးသော ရသေ့အဖြစ်ကိုလည်း မမိနိုင်သဖြင့် လမ်းလေးခွ၌ တံခါးလေးဘက်ရှိ အိမ်ကို ဆောက်လုပ်၍ ဤအရပ် –၄ မျက်နှာမှ လာသောရဟန်း၊ ပုဏ္ဏားတို့ကို အစွမ်းရှိသမျှ ရေသောက်ပါ။ အပန်းဖြေပါစေသည်ဖြင့် ပူဇော်မည်ဟု နေထိုင်၏။ ဤလမ်းလေးခွ၌ အိမ်ဆောက်၍ လာသမျှကို လောကွတ် (လောကဝတ်) လုပ်သော ရသေ့ပြုခြင်းသည်လည်း အတုမဲ့ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်း၏ စတုတ္ထ ပျက်စီးကြောင်းဖြစ်သည်။

**သုတ္တန် (၁) ဆိုင်ရာခေတ်ပေ့လာနည်းပို့ချချက်ပြီး၏။**

**သီလက္ခန်အစိပ္ပာယ်အဖြေစုံ ပြီး၏။**

□□□□□

http://www.dhammadownload.com

# ကြော်ငြာ (၁)

## ရွှေမြိုင်အရှင်ပဏ္ဍိတာဘိဝံသ–၏
## ပထမပြန်စာမေးပွဲအတွက် ထုတ်ဝေပြီးသောစာအုပ်များ

(၁) ကဒ်ါအဖြေစုံ (ပထမငယ်တန်းအတွက်)
(၂) ကဒ်ါအဖြေစုံ (ပထမလတ်တန်းအတွက်)
(၃) ကဒ်ါအဖြေစုံ (ပထမကြီးတန်းအတွက်)
(၄) ပါတိမောက်အဖြေစုံ (ငယ်,လတ်,ကြီးတန်းအတွက်)
(၅) ဒွေမာတိကာပါဠိအနက်တေး၊ ပါတိမောက်ကျမ်းရင်းအဓိပ္ပာယ်
(၆) ဓမ္မပဒဖြေနည်းလမ်းညွှန် (ပထမငယ်တန်းအတွက်)
(၇) ဓမ္မပဒအဖြေစုံ (ပထမလတ်တန်းအတွက်)
(၈) ဓမ္မပဒအဖြေစုံ (ပထမကြီးတန်းအတွက်)

## ဓမ္မာစရိယစာချတန်းအတွက် ထုတ်ဝေပြီးသောစာအုပ်များ

(၁) နိရုတ္တိအဖြေစုံ (ဒုတိယနေ့)အတွက်
(၂) သီလက္ခန်အဓိပ္ပာယ်အဖြေစုံ (ဒုတိယနေ့)အတွက်
(၃) သီလက္ခန်စည်းမျဉ်းအဖြေစုံ (ဒုတိယနေ့)အတွက်
(၄) သီလက္ခန်ဝိဂ္ဂဟအဖြေစုံ (ဒုတိယနေ့)အတွက်
(၅) သီလက္ခန်ပုစ္ဆာအဖြေစုံ (ပထမနေ့)အတွက်
(၆) သီလက္ခန်ပုစ္ဆာအဖြေစုံ (ဒုတိယနေ့)အတွက်
(၇) သီလက္ခန်ပုစ္ဆာပေါင်းချုပ် (ပထမနေ့၊ ဒုတိယနေ့)အတွက်
(၈) ပါရာဇိကဏ်ပုစ္ဆာအဖြေစုံ (ပထမနေ့အတွက်)
(၉) ပါရာဇိကဏ်ပုစ္ဆာအဖြေစုံ (ဒုတိယနေ့အတွက်)
(၁၀) ပါရာဇိကဏ်ပုစ္ဆာပေါင်းချုပ် (ပထမနေ့၊ ဒုတိယနေ့အတွက်)
(၁၁) အဋ္ဌသာလိနီပုစ္ဆာအဖြေစုံ (ပထမနေ့အတွက်)
(၁၂) အဋ္ဌသာလိနီပုစ္ဆာအဖြေစုံ (ဒုတိယနေ့အတွက်)
(၁၃) အဋ္ဌသာလိနီပုစ္ဆာပေါင်းချုပ် (ပထမနေ့၊ ဒုတိယနေ့အတွက်)
(၁၄) အထူးထုတ်လက္ခဏာဒီပကတုက္ကအဖြေစုံ (ဒုတိယနေ့အတွက်)

http://www.dhammadownload.com

# ကြော်ငြာ (၂)

(၁၅) အိတ်ဆောင်လက္ခဏာဒီစတုက္ကအဖြေစုံ (ဒုတိယနေ့အတွက်)

(၁၆) အိတ်ဆောင်နိရုတ္တိအဖြေစုံ (ဒုတိယနေ့အတွက်)

(၁၇) ဂန္ထာဘရဏအဖြေစုံ ❖ (သထုံမြို့ သုဝဏ္ဏဘူမိစာမေးပွဲ - ပထမအဆင့်)

❖ တောင်ကြီးမြို့ ရှမ်းပြည်နယ်လုံးဆိုင်ရာ ဝိနယာနုဂ္ဂဟစာမေးပွဲ (ဆဋ္ဌမအဆင့်)

❖ မော်လမြိုင်မြို့ ပရိယတ္တိသဒ္ဓမ္မပါလ အသင်းစာမေးပွဲ (တတိယအဆင့်)

❖ ပိဋကတ်အခြေခံနှင့် ဓမ္မာစရိယတန်းအားလုံး အထောက်အကူ ပြုသည့်စာအုပ်။

ဟောရေးပြောရေးအတွက်

(၁၈) ဒေသနာပန်းကုံးဂါထာပေါင်းချုပ် (ပထမတွဲ)

(၁၉) ရွှေမြိုင်ရှင်ကျင့်ဝတ် အဖြေစုံ (အခြေပြုမူလတန်း)

## မကြာမီဆက်လက်ထွက်ပေါ်လာမည့်စာအုပ်များ

(၁) ဒေသနာပန်းကုံးဂါထာပေါင်းချုပ် (ဒုတိယတွဲ)

(၂) ဒေသနာပန်းကုံးဂါထာပေါင်းချုပ် (တတိယတွဲ)

(၃) ဒေသနာပန်းကုံးတရားပေါင်းချုပ် (ပထမတွဲ)

(၄) ဒေသနာပန်းကုံးတရားပေါင်းချုပ် (ဒုတိယတွဲ)

(၅) ဒေသနာပန်းကုံးတရားပေါင်းချုပ် (တတိယတွဲ)

(၆) ရူပသိဒ္ဓိအဖြေစုံ (ပထမငယ်တန်းအတွက်)

(၇) ရူပသိဒ္ဓိအဖြေစုံ (ပထမလတ်တန်းအတွက်)

(၈) ရူပသိဒ္ဓိအဖြေစုံ (ပထမကြီးတန်းအတွက်)

(၉) ဋီကာကျော်အဖြေစုံ (ပထမငယ်တန်းအတွက်)

(၁၀) ဋီကာကျော်အဖြေစုံ (ပထမလတ်တန်းအတွက်)

(၁၁) ဋီကာကျော်အဖြေစုံ (ပထမကြီးတန်းအတွက်)

(၁၂) ဆန်းအဖြေစုံ (ဆိုင်ရာစာမေးပွဲများအတွက်) အထူးထုတ်

(၁၃) အလင်္ကာအဖြေစုံ (ဆိုင်ရာစာမေးပွဲများအတွက်) အထူးထုတ်

(၁၄) အဘိဓမ္မာပုစ္ဆာအဖြေစုံ (ပထမဆင့်အတွက်) အထူးထုတ်

(၁၅) အဘိဓမ္မာပုစ္ဆာအဖြေစုံ (ဒုတိယဆင့်အတွက်) အထူးထုတ်

(၁၆) အဘိဓမ္မာပုစ္ဆာအဖြေစုံ (တတိယဆင့်အတွက်) အထူးထုတ်

http://www.dhammadownload.com

# ကြော်ငြာ (၃)

(၁၇) သင်္ဂြိုဟ်အဖြေစုံ (အတန်းစုံအတွက်) အထူးထုတ်
(၁၈) ကစ္စည်းသဒ္ဒါကြီးပါဠိ(အနက်တေး) နောက်ဆက်တွဲကဏ္ဍ
(၁၉) ဒွေမာတိကာပါဠိ(အနက်တေး) နောက်ဆက်တွဲကဏ္ဍ
(၂၀) အဘိဓမ္မတ္ထသင်္ဂဟပါဠိ(အနက်တေး)နောက်ဆက်တွဲကဏ္ဍ
(၂၁) သတိပဋ္ဌာန်အဖြေစုံ (သုဝဏ္ဏဘူမိစာမေးပွဲ ပထမဆင့်နှင့် ဆိုင်ရာစာမေးပွဲများအတွက်) အထူးထုတ်
(၂၂) သီလက္ခန်ဝါကျအဖြေစုံ (ပ+ဒု+တ) ၃-အုပ်
(၂၃) ပါရာဇိကကဏ္ဍပါဠိ (အနက်တေး)
(၂၄) သီလက္ခန္ဓဝဂ္ဂပါဠိ (အနက်တေး)
(၂၅) ဓမ္မသင်္ဂဏီပါဠိ (အနက်တေး)

✣ စာသင်သားအများစု၊ အသုံးပြုများဆုံး နိဿယဖြင့် အနက်ကို လက်ရေးဖြင့်ထည့်တေး၍ ပါဠိကို ဆဋ္ဌမူစာမျက်နှာအတိုင်း ထားသည်။

(၂၆) ပါရာဇိကကဏ္ဍအဋ္ဌကထာ (အနက်တေး)
(၂၇) သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ (အနက်တေး)
(၂၈) အဋ္ဌသာလိနီအဋ္ဌကထာ (အနက်တေး)

✣ ဆဋ္ဌစာမျက်နှာတူ ဘာသာဋီကာမူနှင့် လက်ရေးဖြင့်ထည့်တေး၍ သဗ္ဗနာမ်ပုဒ်၊ နိပါတ်ပုဒ်၊ သမ္ဗန်ပုဒ်အစွဲတို့ကို အခြားနိဿယများဖြင့် ဖြည့်စွက်ထားပါသည်။

(၂၉) ပါဠိဂုဏ်ထူးပုစ္ဆာအဖြေစုံ (ပါစိတျာဒိအတွက်) (ပ+ဒု နေ့)
(၃၀) ပါဠိဂုဏ်ထူးပုစ္ဆာအဖြေစုံ (သုတ်မဟာဝါအတွက်) (ပ+ဒု နေ့)
(၃၁) ပါဠိဂုဏ်ထူးပုစ္ဆာအဖြေစုံ (ဝိဘင်္ဂါဒိအတွက်) (ပ+ဒု နေ့)

## ရရှိနိုင်သောဌာနများ

(၁) ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက်
ဓမ္မာလင်္ကာရကျောင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
တဆင့်ဖုန်း - ၅၅၅၄၂၂

(၂) ရွှေတိဂုံဘုရားတောင်ဘက်မုခ် ပိဋကတ်စာအုပ်ဆိုင်များနှင့် အမြို့မြို့အနယ်နယ်စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။